# အမိန့်အာဏာဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်း

## ကရင်ပြည်နယ်အတွင်းရှိ ထိန်းချုပ်မှုနှင့်ဆင်းရဲကျပ်တည်းမှု၏ နိုင်ငံရေးရှုပ်ထွေးမှုများ



KHRG Karen Human Rights Group

Documenting the voices of villagers in rural Burma

# အမိန့်အာဏာဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်း

## ကရင်ပြည်နယ်အတွင်းရှိ ထိန်းချုပ်မှုနှင့် ဆင်းရဲကျပ်တည်းမှု၏ နိုင်ငံရေးရှုပ်ထွေးမှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၀၇

**အမိန့်အာဏာဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်း**
**ကရင်ပြည်နယ်အတွင်း ပြည်သူများဆင်းရဲကျပ်တည်းရခြင်းနှင့် စစ်အစိုးရ၏ဖိနှိပ်ထိန်းချုပ်ထားခြင်း**

ကရင်လူ့အခွင့်အရေးအဖွဲ့မှရေးသားပုံနှိပ်ထုတ်ဝေပါသည်။
KHRG # 2007-01/ April 2007, July 2008 တွင်ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဤအစီရင်ခံစာကို (Foundation Open Society Institute) အဖွဲ့၏ ထောက်ပံ့မှုဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချီပါသည်။

**ရှေ့မျက်နှာဖုံးဓာတ်ပုံ။** ။ ပုံတွင် နအဖ ခြေမြန်တပ်ရင်း အမှတ် (၄၃၉)မှ ဒုတပ်ရင်းမှူးဇော်ထွန်း ထုတ်ပြန်ထားသည့် အမိန့်ကြေငြာစာများမှ တစ်ခုကိုတွေ့မြင်ရပါမည်။ ထိုအမိန့်ကြေငြာစာများကို၂၀၀၆ခုနှစ် ဧပြီလတွင် ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများရှိ ရွာသားများမြင်သာသောနေရာများတွင် ကပ်ထားပါသည်။ အမိန့်ကြေငြာစာတွင် ရွာသားများသည် ၄င်းတို့၏ နေအိမ်များကို ၃ရက်အတွင်း ဖြိုဖျက်ရမည်ဖြစ်ပြီး ပလောလော်ဘလယ် ရွှေ့ပြောင်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြရမည်ဟုပါရှိပါသည်။ ၃ ရက်အတွင်း မိမိတို့နေအိမ်များကို ဖြိုဖျက်ခြင်းမရှိပါက စစ်သားများမှ လာရောက်ဖျက်ဆီးမီးရှို့ပါမည်။

**နောက်ကျောဖုံးဓာတ်ပုံ။** ။ ဇန်နဝါရီလ ၂၀၀၆ခုနှစ်တွင် အမှတ် (၄၄)ခြေမြန်တပ်မလက်အောက်ခံလေးကေအခြေစိုက်စစ်စခန်းမှ တပ်ရင်းမှူး ဇော်မင်းထွန်း၏ အမိန့်အရ ဘီးလင်းမြို့နယ် သထုံခရိုင်ရှိလေးကေနှင့် ဂေါ်ဖိုးဖလယ် ရွာများမှ ရွာသားများသည် ကျိုက်ကော်မှ ဖာပွန်ခရိုင် ကတိုင်းဒီသို့ ဆက်သွယ်ထားသောလမ်းကို ပြုပြင်ဖောက်လုပ်နေကြပါသည်။ ယခုရွာသားများ ဖောက်လုပ်လျက်ရှိသောလမ်းပိုင်းသည် လေးကေနှင့် ဂေါ်ဖိုးဖလယ်အကြားရှိ ဒုံသမိချောင်းကို ဖြတ်ကျော်ပြီးဖောက်လုပ်ရပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)ကို ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး (KHRG)သည် မြန်မာပြည်တစ်လွှားရှိ ကျေးရွာများ နှင့်မြို့နယ်များရှိလူထု၏တိုက်ရိုက်သက်သေခံပြောဆိုချက်များကို မှတ်တမ်းတင်စုဆောင်းပြီး အစီရင်ခံစာထုတ်ပြန်ပါသည်။ ဓာတ်ပုံများနှင့် အခြားအထောက်အထားများကိုလည်း အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြထားပါသည်။ (KHRG) သည် သီးခြားလွတ်လပ်စွာတည်ထောင်ထားသောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ခြင်းမရှိပါ။ (KHRG)အဖွဲ့၏လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုလျှင် အင်တာနက်စာမျက်နှာ www.khrg.org တွင်ကြည့်ရှုနိုင်ပါသည်။ သို့မဟုတ် (KHRG) မှထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက Email ဖြင့်ဆက်သွယ်တောင်းခံနိုင်ပါသည်။ Email လိပ်စာမှာ khrg@khrg.org ဖြစ်ပါသည်။

ဤအစီရင်ခံစာကို (KHRG) မှထုတ်ဝေပါသည်။ © KHRG 2007 ဤအစီရင်ခံစာသည် (KHRG) ၏ မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ဘဲ အများအကျိုးအတွက်သတင်းမီဒီယာများတွင် ဖော်ပြလိုလျှင်ထုတ်ယူပုံနှိပ်ဖြန့်ဝေနိုင်ပါသည်။ သို့သော် စီးပွားရေးအရပုံနှိပ်ထုတ်ဝေလိုပါက (KHRG) ၏ခွင့်ပြုချက်ရယူရန်လိုအပ်ပေသည်။

ဤစာအုပ်သည်ရောင်းရန်မဟုတ်ပါ။

## ကောက်နှုတ်ချက်

ယနေ့လက်ရှိ မြန်မာနိုင်ငံကို အုပ်ချုပ်နေသောနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ) အစိုးရသည် ပြည်တွင်းထောက်ခံမှုရှိရန်နှင့် နိုင်ငံတကာမှ ၎င်းတို့ ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခြင်း ရရှိနိုင်ရန်အတွက် ၎င်းတို့သည် စစ်တပ်အကူအညီဖြင့် တိုင်းပြည်တစ်လွှားတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အမျိုးမျိုးကို လုပ်ဆောင်လျှက်ရှိကြောင်း အစဉ်မပြတ်ထုတ်ဖော်ပြောဆိုလေ့ရှိပါသည်။ ၎င်းတို့ လုပ်ဆောင် လျှက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများမှထောက်ခံကြောင်းနှင့် ဒေသခံပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းကြောင်း ပြောဆိုလေ့ရှိပါသည်။ သို့သော် ကရင်ပြည်နယ်ကျေးရွာများရှိ ရွာသူရွာသားများမှာမူ စစ်အစိုးရ၏ ပြောဆိုချက်များသည် မမှန်ကန်ကြောင်း တစ်ညီတစ်ညွတ်တည်း ငြင်းဆန်ကြပါသည်။ ထို့အပြင် နအဖအစိုးရသည် စစ်တပ်၏အခန်းကဏ္ဍကို တိုးချဲ့နိုင်ရန်နှင့် ပြည်သူလူထုများ၏ ဘဝကိုဘက်ပေါင်းစုံမှ ထိန်းချုပ်နိုင်ရန် စနစ်တကျလုပ်ဆောင်လျှက်ရှိကြောင်းကို အထက်ပါရွာသူရွာသားများမှ ပြောဆိုကြပါသည်။ နအဖအစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိသည်ဟု အကြောင်းပြပြီး ကရင်ပြည်နယ် တွင် စစ်တပ်နှင့်ဆိုင်သော အခြေခံအဆောက်အအုံများ၊ စစ်တပ်မှဦးစီးသောလုပ်ငန်းများကိုသာ လုပ်ဆောင် လျှက်ရှိပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် ပြည်သူလူထုများ၏ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် ကူးသန်း ရောင်းဝယ်ခွင့်များကို ထိန်းချုပ်ထားသကဲ့သို့ ဖြစ်စေပြီး စစ်တပ်မှပြည်သူများအပေါ် ငွေကြေး ၊ စားနပ်ရိက္ခာ ၊ အထောက်အပံ့ပစ္စည်းများနှင့် လုပ်အားများကို ပိုမိုပြီးအမြတ်ထုတ်တောင်းခံနိုင်ပါသည်။ ထို့ကြောင့် ပြည်သူ လူထုများ၏ ဆင်းရဲကျပ်တည်းမှုကို ပိုမိုဆိုးဝါးစေပြီး အာဟာရချို့တဲ့မှုများနှင့် လူမှုဘဝကဏ္ဍအမျိုးမျိုးကို ထိခိုက် နစ်နာစေပါသည်။ နအဖ အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဟု အမည်ခံထားသောလုပ်ငန်းစဉ်များသည် ကရင် ပြည်နယ်ကျေးလက်ဒေသရှိ ရွာသူရွာသားများအတွက် ဆိုးကျိုးများသက်ရောက်စေသဖြင့် ၎င်းရွာသူရွာသားများ သည် စစ်တပ်မှ ၎င်းတို့၏ဘဝကို ထိန်းချုပ်နိုင်ရန် လုပ်ဆောင်မှုများကို တွန်းလှန်လျှက်ရှိပါသည်။ ဤနည်းဖြင့် အဆိုပါ ရွာသူရွာသားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ဆန္ဒရှိသည့်အတိုင်း မည်ကဲ့သို့ လုပ် ဆောင်ရမည်ကို ကိုယ်တိုင်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် လုပ်ဆောင်လျှက်ရှိပါသည်။ ကရင်ပြည်နယ်ရှိ ဒေသခံ ပြည်သူများနှင့် ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုပေါင်း ၉၀ကျော် ၊ နအဖ အစိုးရ၏အမိန့်ကြေငြာစာများ၊ နအ ဖအစိုးရ၏ သတင်းမီဒီယာများမှတရားဝင်ပြောဆိုချက်များ ၊ နိုင်ငံတကာသတင်းမီဒီယာများမှ အချက်အလက် များ ၊ နိုင်ငံတကာထောက်ပံ့ရေးအေဂျင်စီများ၏ အစီရင်ခံစာများနှင့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ လေ့လာတွေ့ ရှိချက်များအရ ဤအစီရင်ခံစာတွင်တွေ့ရှိရသည်မှာ နအဖ အစိုးရ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် ပြည်သူများအတွက် ချမ်းသာကြွယ်ဝမှု မဖြစ်ပေါ်စေဘဲ စစ်အစိုးရ၏ ၎င်းတို့ လုပ်ငန်းများကို ကာကွယ်နိုင်ရန် ထုတ်ဖော်ပြောဆိုချက်များနှင့် ဆန့်ကျင်စွာပင် စစ်တပ်မှပြည်သူများ၏ ဘဝကိုပိုမိုထိန်းချုပ်လာနိုင်ခြင်း ၊ ရွာသူရွာ သားများ၏ရပိုင်ခွင့်များကို ထိခိုက်စေခြင်းနှင့် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်ပေါ်စေပါသည်။

## မာတိကာ


၁။ **နိဒါန်းနှင့် အရေးပါသောအချက်အလက်များအကျဉ်းချုပ်** ------------- ၁

မှတ်ချက် ------------------------------------------------ ၇

အစီရင်ခံစာတွင် ပါဝင်သောအတိုကောက်ဝေါဟာရများ -------------- ၈

**မြေပုံများ**

မြေပုံ ၁။ ကရင်ပြည်နယ် ------------------------------ ၉

မြေပုံ ၂။ မြန်မာနိုင်ငံ ------------------------------ ၁၀

၂။ **နောက်ခံသမိုင်းကြောင်း** ------------------------------------- ၁၁

၃။ **ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ၎င်းနှင့်ဆက်စပ်နေသော အလွဲသုံးစားမှုများ** ----------- ၁၈

လမ်းများဖောက်လုပ်ခြင်း ------------------------------------- ၁၈

ရေကာတာများတည်ဆောက်ခြင်း -------------------------------- ၃၆

စိုက်ပျိုးရေးစီမံကိန်းများ --------------------------------------- ၄၅

နှစ်ရှည်ပင်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးနှင့်ဆက်နွယ်သောစီးပွားရေး ----- ၆၄

စံပြကျေးရွာများ ------------------------------------------ ၇၂

ပညာရေးကဏ္ဍ ------------------------------------------ ၈၉

ကျန်းမာရေးကဏ္ဍ ------------------------------------------ ၁၀၃

စစ်အစိုးရ၏ လူမှုရေးအဖွဲ့အစည်းများ -------------------------- ၁၂၂

ဒီကေဘီအေ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ -------------------- ၁၃၃

၄။ **နိုင်ငံတကာ တရားဥပဒေများ** -------------------------------- ၁၃၉

၅။ **နိဂုံး** ------------------------------------------------------ ၁၄၅

# ၁။ နိဒါန်းနှင့်အရေးပါသောအချက်အလက်များအကျဉ်းချုပ်

*" တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံရှိဒေ သများအားလုံးနီးပါးသည် အေးချမ်းတည်ငြိမ်လျက်ရှိပြီး ၄င်းဒေသများတွင် ရှေးယခင်ကမရှိခဲ့သောဖွံ့ဖြိုး တိုးတက်မှုများရရှိလျှက်ရှိ ပါသည်။"*

**-နအဖ သတင်းမီဒီယာများမှ ပြောဆိုချက် (ဇွန်လ ၂၀၀၆)[၁]**

*" ကျွန်တော်တို့သည် ရှေးဘိုးဘွားဘီဘင်များ နေထိုင်ခဲ့သည့်အတိုင်းနေထိုင်ရပါက နေ့စဉ်ဘဝရှင်သန်နိုင် ရန်အတွက် စိုးရိမ်ပူပန်ရန်မလိုအပ်ပေ။ သို့သော် နအဖ စစ်တပ်များသည် ကျွန်တော်တို့နေထိုင်ရာဒေသ များသို့ရောက်ရှိလာကြပြီး စခန်းချနေထိုင်ကြပြီးပြဿနာမျိုးစုံ ဖန်တီးကြသောကြောင့် ရွာသူရွာသားများသည် အခက်အခဲများစွာဖြင့်ရင်ဆိုင်ကြရပါသည်။"*

**-စော---(ကျား ၊၄၄ )၊---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)**

မြန်မာနိုင်ငံကို လက်ရှိအုပ်ချုပ်နေသောစစ်အစိုးရသည် ပြည်တွင်းနှင့်နိုင်ငံတကာမှ ဒီမိုကရေစီရေး တောင်းဆိုမှုများ၊ လူ့အခွင့်အရေးတောင်းဆိုမှုများနှင့် ပြည်သူများအုပ်ချုပ်သော အစိုးရလက်ဝယ်သို့ အာဏာပြန် လည်ပေးအပ်ရေးစသည့် တောင်းဆိုမှုများနှင့် ရင်ဆိုင်လာရသောအခါ ၄င်းတို့တိုင်းပြည်ကိုအုပ်ချုပ်ရခြင်းသည် တိုင်းပြည်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၄င်းတို့မှ ဆက်လက်အုပ်ချုပ်ရန်လိုအပ်ကြောင်း ပြောဆိုဖြေရှင်းလေ့ရှိပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၄င်းတို့၏ အမည်နာမအတိုင်းပင် ၄င်းတို့သည် ပြည်သူများစွာအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိသည်ဟု အကြောင်းပြလျှက် တရားဝင်အစိုးရအနေဖြင့် ရပ်တည်လျှက်ရှိပါသည်။ ပိုမိုတိကျစွာတင်ပြရမည် ဆိုလျှင် စစ်အစိုးရ၏ အတုအယောင် တရားဝင်အစိုးရသည် ၄င်းတို့ပြောဆိုလေ့ရှိသော အချက်နှစ်ချက်အပေါ်တွင် အဓိက မူတည်နေပါသည်။ ၄င်း အချက်နှစ်ချက်မှာ ၁) စစ်တပ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် မြန်မာပြည်သူများ၏ ဘဝကိုတိုးတက်ကောင်းမွန်စေသည်နှင့် ၂) စစ်တပ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ဒေသခံပြည်သူများမှ အားပေးထောက်ခံလျှက်ရှိသည်ဟူသည့်အချက်များပင် ဖြစ်ပါသည်။ ထို့အပြင် ဥပမာအားဖြင့် နအဖအစိုးရသည် အောက်ပါအတိုင်း အခိုင်အမာပြောဆိုလေ့ရှိပါသည်။ "မြန်မာနိုင်ငံတစ်ဝှမ်းတွင် ကရင်လူမျိုး ၃. ၅သန်းအပါအဝင် လူဦးရေ ၅၄ သန်းတို့သည် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲ နေထိုင်လျှက်ရှိပြီး အစိုးရ၏ဆောင်ရွက်ပေးမှုများကြောင့် ၄င်းပြည်သူများသည် လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပျော်ရွှင်စွာနေထိုင်လျှက်ရှိပါသည်။"[၂] သို့သော် လွန်ခဲ့သော ၁၅နှစ်အတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့နှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုပေါင်း ထောင်ပေါင်းများစွာအရ မြန်မာနိုင်ငံအရှေ့ဘက်ခြမ်းကရင်ပြည်နယ်ဒေသများတွင် နေထိုင်ကြသောရွာသူရွာသားများမှာမူ စစ်အစိုးရ၏ ပြောဆိုချက်များသည် မမှန်ကန်ကြောင်း အမြဲပင်ငြင်းဆန်လေ့ရှိပါသည်။ နအဖ စစ်အစိုးရ၏

[၁] 'နအဖ သတင်းစာရှင်းလင်းပွဲ။ အစိုးရ၏ ဖွံ့ ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ဆောင်မှုများ၏ အကျိုးဆက်ကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဒေသအများအပြားရှိ ပြည်သူများသည် အေးချမ်းတည်ငြိမ်စွာနေထိုင်ရပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသီးအပွင့်ကို ခံစားရလျှက် ရှိပါသည်။ ဇွန်လ ၁၁ရက် ၂၀၀၆ ။ အင်တာနက်စာမျက်နှာ www.myanmar.com/pressconference/index.html မှ ဖေဖော်ဝါရီလ ၇ရက် ၂၀၀၇ခုနှစ်တွင် ရယူထားပါသည်။

[၂] အထက်ပါအတိုင်း။

ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် ဒေသခံပြည်သူများအတွက် အကျိုးမရှိစေသည်သာမက ၄င်းတို့ ၏ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဒေသခံပြည်သူများအပေါ် အမြတ်ထုတ်အနိုင်ကျင့်သော သဘောသဘာဝရှိပြီး စစ်တပ်ကိုသာ ဗဟိုပြုသောဒေသခံပြည်သူများ ၏အသံကို လျစ်လျူရှုသော လုပ်ငန်းများသာလမ်း သစ်များဖောက်လုပ်ခြင်းဖြင့် နအဖ စစ်တပ်များသည် ကရင်ပြည်နယ်ကျေးလက်များသို့ ဆက်လက်ရောက်ရှိနိုင်ပြီး စစ်အစိုးရ၏ တိုက်ခိုက်မှုကို ထွက်ပြေးတိမ်းရှောင်နေသူ ပြည်သူများအား စစ်အစိုးရမှ လိုက်လံပစ်ခတ် အနှောက်အယှက်ပေးနိုင်ပါသည်။ ဤ နည်းဖြင့် စစ်အစိုးရ၏ လမ်းသစ်များဖောက်လုပ်ခြင်းနှင့် ပြည်သူများအားနှောက်ယှက်ခြင်း သံသရာသည် မဆုံးနိုင်တော့ပေ။ နအဖ အစိုးရ၏စိုက်ပျိုးရေး စီမံကိန်းများဖြစ်သော ရွာသူရွာသားများအား အတင်းအဓမ္မနှမ်းစပါး စိုက်ပျိုးစေခြင်း ၊ ကြက်ဆူပင်များ စိုက်ပျိုးစေခြင်းနှင့် နအဖ စစ်တပ်များသို့ တာဝန်ကျေစပါးများ ပေးသွင်းစေခြင်း ၊ စစ်တပ်အတွက် သို့မဟုတ် ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်း များအတွက် ရွာသူရွာသားများ ပိုင်ဆိုင်သောမြေယာများကို အတင်းအဓမ္မသိမ်းယူခြင်း၊ စစ်တပ် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း စသည်တို့သည် ရွာသူရွာသားများ၏ဘဝကို များစွာ ထိခိုက်နစ်နာစေပြီး ဆင်းရဲကျပ်တည်းမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန်ရေကာတာကြီးများတည်ဆောက်ရန်အတွက် ဆည်များဆောက် လုပ်မည့်နေရာများမှ ဒေသခံများကို လျော်ကြေးငွေမပေးဆောင်ပဲ အခြားနေရာဒေသများသို့ အတင်း အဓမ္မပြောင်းရွှေ့စေခြင်း၊ ရွာများကိုဖျက်ဆီးခြင်း ၊ သစ်တောများကို ရေဖုံးလွှမ်းစေခြင်းနှင့် မြစ်ချောင်းကို အမှီပြုကြသော တိရစ္ဆာန်များကို ပြုန်းတီး ပျက်စီးစေခြင်း စသည့်အချက်များသည် ဒေသခံ ပြည်သူများ ၏ဘဝကို ထိခိုက်နစ်နာစေပြီး ထိုမြေနေရာများကိုလည်း ရှေးယခင်ကတည်းရှိခဲ့သည့် မူရင်းမြေများအဖြစ် ပြန်လည်လုပ်ယူ၍ မရရှိနိုင်တော့ပေ။ နအဖ အစိုးရသည် 'စံပြ ကျေးရွာ'များကို တည်ဆောက်ခြင်းဖြင့် ရွာသူရွာသားများကို ၄င်းတို့ ရွှေ့ပြောင်းစေလိုသော နေရာများသို့ အတင်းအဓမ္မရွှေ့ပြောင်းစေနိုင်ပြီး စစ်သားများသည် အဆိုပါ ရွာသားများထံမှ လုပ်အားများ ၊ ငွေကြေးများ ၊ စားနပ်ရိက္ခာနှင့် အခြားသော အထောက်အပံ့များကို အလွယ်တကူတောင်းခံရယူနိုင်ပါသည်။ ပြည်သူများထံ မှ သိမ်းယူထားသော မြေနေရာများတွင် တည်ဆောက်ထားသော အခြား 'စံပြကျေးရွာ' များကိုမူ စစ်အခြေစိုက်စ ခန်းသစ်များ အတွက် အသုံးပြုပြီး စစ်သားများနှင့် မိသားစုဝင်များကိုနေထိုင်စေပါသည်။ ရွာသူ၊ရွာသားများထံမှ အတင်းအဓမ္မတောင်းခံထားသောငွေကြေးများနှင့် ရွာသူရွာသားများ၏ လုပ်အားကိုအသုံးပြုပြီး တည်ဆောက်ထားသောကျောင်းများ၊ ဆေးပေးခန်းများသည်လည်း နိုင်ငံတော်၏အထောက်အပံ့ပေးမှု မရှိသော ကြောင့် ၄င်းဆေးခန်းနှင့် ကျောင်းများသည် ကောင်းမွန်စွာ မလည်ပတ်နိုင်ဘဲ အသုံးအဆောင် ပစ္စည်းများလည်း ပြည့်စုံလုံလောက်စွာ မရှိပေ။ ရွာသူရွာသားများအတွက် ပိုမို၍ ဆိုးရွားစေသော အချက်မှာ အစိုးရကို တော်လှန်တိုက်ခိုက်နေသော တောတွင်းအတိုက်အခံအဖွဲ့အစည်းများထံ ဆေးဝါးအထောက် အပံ့ပစ္စည်းများ ရောက်ရှိသွားနိုင်သည်ဟု အကြောင်းပြ၍ နအဖ စစ်သားများသည် ရွာသူ၊ရွာသားများ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများမရရှိနိုင်ရန် တားဆီးပိတ်ပင်ထားသည့် အချက်ပင်ဖြစ်သည်။ နအဖ ထိန်းချုပ်နယ်မြေများတွင် နေထိုင်ကြသော ရွာသူ၊ ရွာသားများအရေအတွက်အားလုံးကို အတင်းအဓမ္မ မှတ်ပုံတင်စေခြင်းဖြင့် လူဦးရေမည်၍မည် မျှထံမှ အနိုင်ကျင့် အမြတ်ထုတ်ရမည်ကို သိရှိနိုင်ပါသည်။ ထို့အပြင် အတင်းအဓမ္မလုပ်အားပေးစေ ခိုင်းခြင်းနှင့် နအဖ၏ အရံတပ်ဖွဲ့များဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ အတင်းအဓမ္မဝင်ရောက်စေပါသည်။ နောက်ဆုံးအနေဖြင့် နအဖသည် ကရင်ပြည်နယ် အချို့ဒေသများတွင် ၄င်း၏မဟာမိတ်တပ်ဖွဲ့ ဖြစ်သော ဒီကေဘီအေအဖွဲ့ကို အသုံးပြုပြီး နအဖစစ်တပ်၏ လုံခြုံရေးနှင့် နအဖ၏ ဖွံ့ဖြိုးရေးစီ မံကိန်းများကို အကောင်အထည်ဖော်နိုင်ပါသည်။ ဤနည်းဖြင့် စစ်အစိုးရသည် ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝရေး ဟူသည့် ခေါင်းစဉ်များအောက်တွင် ကရင်လူထုများအား ဖိနှိပ်အုပ်ချုပ်ခြင်းကို ဖုံးကွယ်ထားနိုင်ခဲ့ပါသည်။ နအဖစစ်တပ်မှ အရာရှိကြီးများနှင့် နအဖ မဟာမိတ်အဖွဲ့များမှ အထက်အရာရှိကြီးများသည် ဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းများကို အကြောင်းပြပြီး ကျေးရွာပြည်သူများထံမှ ငွေကြေးလုပ်အားနှင့် အသုံးအ ဆောင်ပစ္စည်း အများအပြားကို တောင်းခံရယူ ကြပါသည်။ ထို့နောက် စစ်ဗိုလ်များသည် အဆိုပါ ငွေကြေးများကို မြို့ပြဒေသများတွင် နေထိုင်သော မိသားစုဝင်များထံသို့ ပြန်လည်ပေးပို့ပြီး ၄င်း၏ မိသားစုဝင်များသည် ၄င်းတို့နေထိုင်ရာ မြို့များတွင် စီးပွားရေးလုပ်ငန်းငယ်လေးများကို စတင်လုပ်

ကိုင်နိုင်ပါသည်။ ဤနည်းဖြင့် နအဖ စစ်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများသည် ၄င်းတို့ပြော ဆိုချက်နှင့် ဆန့်ကျင်စွာပင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရမည့်အစား မြို့ပြဒေသများ ကို ဖွံ့ဖြိုးတိုးတက် စေပါသည်။

နအဖ စစ်အစိုးရသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အမည်ခံကာ မြန်မာနိုင်ငံ ကျေးလက်ဒေ သများတွင် စနစ်တကျ အလွဲသုံးစား ပြုလုပ်မှုများကို ကျူးလွန်လျှက်ရှိသော် လည်း နိုင်ငံတကာအစိုး ရများ ၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) သည် စစ်အစိုးရနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအတွက် ရံပုံငွေများနှင့် အကူအညီ အထောက်အပံ့များစွာကို ပေးပို့ကြရန် စိတ်အား ထက်သန်လျှက်ရှိကြပါသည်။ အဆိုပါ အဖွဲ့အစည်းများမှ ပြောဆိုအကြောင်းပြသည်မှာ မြန်မာပြည်သူများသည် ဆင်းရဲကျပ်တည်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် လူသားများကျင့်ဝတ်အရ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ၊ ပညာရေး ဆိုင်ရာအကူအညီများ ၊ အသက်မွေးဝမ်းကြောင်း သို့မဟုတ် အခြေခံအဆောက်အအုံများ နှင့်ဆိုင်သော အကူအညီများကို အရေးတကြီးပေးပို့ ကူညီသင့်ပါသည်။ အထက်ပါ အကူအညီများကို မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေများကို မကြည့်ရှုဘဲကူညီသင့်ပါသည်။ အထက်ပါအ ဖွဲ့အစည်းများ၏ရှု ထောင့်ဖြင့် ကြည့်ပါက မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး အကျပ်အတည်းများသည် ယခု လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် မသက်ဆိုင်ဘဲ မြန်မာနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းသည် အခြားဆင်းရဲ သော နိုင်ငံများကဲ့သို့ တတိယကမ္ဘာ၏ ဆင်းရဲကျပ်တည်းမှုကြောင့်သာဖြစ်သည်ဟု တွေ့မြင်ရပါမည်။ ဤနည်းဖြင့် နိုင်ငံ၏ ဆင်းရဲကျပ်တည်းမှုနှင့် မဖွံ့ဖြိုးမှုများကို နိုင်ငံရေးနှင့်မသက်ဆိုင်သောလူသားချင်းစာနာမှုဆိုင်ရာ အကူအ ညီများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တိုးတက်ကောင်း မွန်အောင် ပြုလုပ်နိုင်ပါသည်။

အထက်ပါအတိုင်း ပြောဆိုသူများကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် တက်ကြွလှုပ်ရှားသူ များမှ ဝေဖန်ပြောဆိုရန် အကြောင်းဖြစ်ပေါ်လာပါသည်။ လူ့အခွင့်အရေး နှင့် ဒီမိုကရေစီရေးအတွက် တက်ကြွလှုပ်ရှား သူများမှာမူ အထောက်အပံ့ပေးရာတွင် နိုင်ငံရေးအခြေအနေကို ကြည့်ရှုရန်လိုအပ် သည်။ သို့မဟုတ် ထောက်ပံ့ ရေးအကူအညီများပေးရာတွင် ရှင်းလင်းမြင်သာနိုင်သည့် အနေအထားနှင့် တာဝန်ယူမှုရှိရမည်ဟု ယူဆကြပါ သည်။ မြန်မာနိုင်ငံသို့ အကူအညီ အထာက်အပံ့ပေးလိုသော သူများမှာမူ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ရေးလှုပ် ရှားသူများ ပြောဆိုသည့်အတိုင်းလုပ်ဆောင်မည်ဆိုပါက အကူအညီလိုအပ်နေသော မြန်မာပြည်သူများထံသို့ အကူအညီများမရောက်ရှိနိုင်ခြင်း ၊ အကူအညီအထောက်အပံ့များကို အကြောင်းပြုပြီး မြန်မာနိုင်ငံရေး ပြောင်းလဲ ရန်လုပ်ဆောင်လိုခြင်း စသည့် အခက်အခဲများကို တွေ့ကြုံရမည်ဖြစ်ပြီး မြန်မာပြည် သူများ၏ ဆင်းရဲကျပ်တည်း မှုနှင့် အခက်အခဲ များကို ပိုမိုဆိုးရွား၍ ပိုမိုကြာမြင့်စေပါမည်ဟု တုန့်ပြန်ပြောဆိုကြပါသည်။ ပြည်သူပြည်သားများ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များရရှိရေးသည် မည်သည့်နိုင်ငံရေး အခြေအနေနှင့်မျှ မသက်ဆိုင်ရ ပါ။ သို့မဟုတ် ပြည်သူများအကူအညီအထောက်အပံ့ရရှိရေးသည် သိသာထင်ရှားမြင်သာမှု ရှိစေရမည်နှင့် တာဝန်ယူမှုရှိရမည်ဟူသည့် အချက်များထက်ပိုမို၍ အဓိကကျပါသည်။ အထက်ပါအငြင်းပွားပြောဆိုမှု၏ အဓိကကျသောအချက်သည် လူသားချင်းစာနာမှုနှင့် နိုင်ငံရေးနယ်ပယ်များအကြား သိသာထင်ရှားစွာခွဲခြားသတ် မှတ်ခြင်းပင်ဖြစ်ပါသည်။

ဤနည်းဖြင့် နိုင်ငံတကာ ကူညီထောက်ပံ့ရေး အေဂျင်စီများသည် နအဖ စစ်အစိုးရမှတဆင့် မြန်မာနိုင်ငံ အတွက် အကူအညီပေးခြင်းကို ကန့်ကွက်ပြောဆိုသူများအား တစ် ကိုယ်ကောင်းဆန်သောသူများဟု သတ်မှတ်ပြီး ထိုသူ များကို စစ်အစိုးရ ပြုတ်ကျရေးအတွက် မြန်မာပြည်သူများရရှိမည့် အကူအညီများကို စတေးပစ်မည့် သူများဟုလည်း စွပ်စွဲပြောဆိုပါသည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တစ်ခုဖြစ်သော International Crisis Group မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော မြန် မာနိုင်ငံသို့ ပေးအပ်သော လူသားချင်းစာနာမှုဆိုင်ရာ လေ့လာဆန်းစစ်မှု အစီရင်ခံစာတွင် မြန်မာနိုင်ငံ အတွက် နိုင်ငံတကာမှ အကူအညီ

ပေးခြင်းကို ကန့်ကွက်ဝေဖန်သူများသည် “တိုင်းပြည်၏ ဆင်းရဲကျပ် တည်းမှုကို စစ်အစိုးရမှတဆင့် အကူအညီပေးခြင်းသည် အရာမရောက်ကြောင်း သို့မဟုတ် စစ်အစိုးရ ပြောင်းလဲရန်အတွက်ထားရှိသော ဦးတည်ချက်များကိုလည်း ထိခိုက်စေနိုင်ကြောင်း ယုံကြည်ယူဆထား ကြပါသည်”[၃] ဟု ရေးသားတင်ပြထားပါသည်။ နိုင်ငံရေးနှင့်ဆက်နွယ်သောအကူအညီပေးမှုများအ ပေါ်ဝေဖန်ချက်များနှင့် ပက်သက်၍ အထက်ပါ အစီရင်ခံစာကို ရေးသားသူများမှ ဥရောပကော်မရှင် အဖွဲ့၏ ပြောဆိုချက်ဖြစ်သော “အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကိုမည်သည့်အကြောင်းအချက်များအပေါ်တွင်မျှ အမှီမပြုဘဲဆက်လက်လုပ်ဆောင်နိုင်ရမည်”[၄] ဟူသော အချက်ကို ကိုးကားတင်ပြ ရေးသားထားပါသည်။ လူအများမှ ပြောဆိုငြင်းခုံကြသော အဓိကအချက်မှာ မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလိုအပ်သည့်အ လျှောက် အကူအညီများကို မည်သည့်အကြောင်းအချက်များကိုမျှ မကြည့်ရှုဘဲပေးပို့ကူညီကြမည်လော၊ သို့မဟုတ် အထောက်အပံ့ အကူအညီများကို စစ်အစိုးရ ပြောင်းလဲရေးအတွက် လက်နက်သဖွယ်အသုံးပြုကြမည်လော ဟူသောအချက်ပင် ဖြစ်ပါသည်။

အထက်ပါ ပြောဆိုငြင်းခုံချက်များ၏ ကောင်းကျိုးနှင့် ဆိုးကျိုးနှစ်ခုတည်းကိုဘဲ ကြည့်ရှုမည်ဆိုပါက အကူအညီပေးရာတွင် ထင်သာမြင်သာရှိရမည်၊ တာဝန်ယူမှုရှိရမည် စသည့် အချက်များ (သို့မဟုတ်) ဒေသခံပြည်သူများ၏ လက်တွေ့ခံစားနေရသောပြောဆိုချက်များ စသည့်အချက်များကို လျစ်လျူရှုသ ကဲ့သို့ ဖြစ်ပေမည်။ အကူအညီအထောက်အပံ့များပေးပို့ကူညီခြင်းဖြင့် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအကျိုးဆက်များအပေါ် တာဝန်ယူလက်ခံမှုကိုလည်း လျစ်လျူရှုသကဲ့သို့ ဖြစ်ပေမည်။ ထို့အပြင် နိုင်ငံရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကောင်အထည်ဖော် လုပ်ဆောင်မှုများအကြားပတ်သက်ဆက် နွယ်မှုကို ပေါ်လွင်ထင်ရှားစေရန် ပြုလုပ်ခြင်းသည် ပေးပို့မည့် အကူအညီများကို နိုင်ငံရေး အမြတ်ထုတ် ရန်အတွက် အသုံးပြုခြင်း မဟုတ်ပါ။ နိုင်ငံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ရေးစသည့် အချက်နှစ်ချက်သည် အငြင်းပွားဖွယ်မရှိ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြောင်းကို တင်ပြခြင်းသာဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ တစ်ပါတီ အုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့် နိုင်ငံတွင်လက်ရှိအုပ်စိုးနေသော စစ်အစိုးရသည် ပြည်သူလူထု၏ ဘဝကိုဘက်ပေါင်းစုံမှ ထိန်းချုပ်အုပ်စိုးလျှက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မည်သည့်ကိစ္စမဆို နိုင်ငံရေးနှင့် ဆက်စပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစစ်အစိုးရသည် အုပ်ချုပ်မှုအာဏာကို လုံးဝချုပ်ကိုင်ထားခြင်းကြောင့် ဖြစ်ပါသည်။ နအဖ စစ်အစိုးရကိုယ်တိုင်သည် ပြည်သူလူထု၏ ဘဝဘက်ပေါင်းစုံကို ခြိမ်းခြောက်ခြင်း အသုံးပြု၍လည်းကောင်း၊ အခွင့်အရေးပေးခြင်းဖြင့် လည်းကောင်း စစ်အုပ်ချုပ်ရေး သက်ဆိုးရှည်စေရန် ပြည်သူများကို ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် အုပ်ချုပ်လျှက်ရှိပါသည်။ ထို့ကြောင့် စစ်အုပ်ချုပ်ရေးစနစ်ကိုထောက်ခံမည်လော သို့မဟုတ် သဘောတူညီမည်လော သို့တည်းမဟုတ် စစ်အုပ်ချုပ်ရေး စနစ်ကိုသဘောမတူဘဲ တွန်းလှန်ကြမည်လောဟူသည့် ဆုံးဖြတ်ချက်ကို ပြတ်သားစွာချမှတ်ရန်လိုအပ်ပါသည်။ ကြားနေသူအဖြစ် ရပ်တည်နိုင်ရန်မဖြစ်နိုင်ပေ။ စစ်အစိုးရမှ အတင်းအဓမ္မပြောင်းရွှေ့နေရာချထားသော ယာယီရွှေ့ပြောင်းကျေးရွာရှိ လူထုထံစားနပ်ရိက္ခာပေးပို့ကူညီပါက ထိုရွှေ့ပြောင်းကျေးရွာများသည် ရေရှည်အကျဉ်းစခန်းအဖြစ် ပြောင်းလဲသွားစေနိုင်ပါသည်။ လမ်းတံတားကူညီ ဖောက်လုပ်ပေးခြင်းဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို အထောက်အကူဖြစ်စေသည် သာမက စစ်အုပ်ချုပ်ရေးအ

[၃] "Myanmar: New Threats to Humanitarian Aid," International Crisis Group, December 8th 2006.

[၄] အမြဲပုံမှန်အားဖြင့် (ICS) ဥရောပကော်မရှင်နှင့် ဗြိတိန်နိုင်ငံအစိုးရ စသည်တို့သည် ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ပြီး ကရင်ပြည်နယ်တွင်းရှိ ပြည်တွင်းရွှေ့ပြောင်း နေထိုင်သူများထံ လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရန်အစဉ်အမြဲ ငြင်းဆန်လေ့ရှိခဲ့ပါသည်။ သို့မဟုတ် ထိုပြည် တွင်းရွှေ့ပြောင်းနေထိုင်သူများကို မည်ကဲ့သို့သောအကြောင်းများကြောင့် အကူအညီအထောက်အပံ့ပေးရမည် ဟူသော အကြောင်းပြချက်ကို အမြဲတောင်းဆိုလေ့ရှိပါသည်။ အဓိကအားဖြင့် ၄င်းအဖွဲ့အစည်းများက အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်နေထိုင်ခြင်း မရှိသူများကို နိုင်ငံရေးရှုထောင့်အရ အထောက်အပံ့မပေးသင့်ကြောင်း ပြောလေ့ရှိပါသည်။ သို့သော် သိပ်မကြာမြင့်မှီ အချိန်ကမှပင် ဗြိတိန်နိုင်ငံအစိုးရသည် ၄င်း၏ နိုင်ငံတကာဖွံ့ ဖြိုးရေး ဌာနမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ပြီး အကူအညီပေးရန်ရံပုံငွေ အနည်းငယ်ထုတ်ပေးခဲ့ပါသည်။ ဤကဲ့သို့ ထုတ်ပေးခြင်းသည် နယ်စပ်ဖြတ်ကျော် အကူအညီပေး ရေးအပေါ် ငြင်းဆန်ခဲ့သော ၄င်းတို့၏ မူဝါဒအပေါ် ရေရှည်ဝေဖန်ခြင်းများကို တုန့်ပြန်ရန်အတွက် ဖြစ်ပါသည်။

တွက် လက်နက်အဖြစ် အသုံးပြုနိုင်ပါသည်။ စိုက်ပျိုးရေးစီမံကိန်းများဖြင့်လည်း စစ်အစိုးရသည် စိုက်ပျိုးထုတ်လုပ်မှုများကို ထိန်းချုပ်စောင့်ကြည့်နိုင်ပါသည်။

နအဖ စစ်အစိုးရသည် နိုင်ငံတကာမှ ထောက်ပံ့ပေးသော ရံပုံငွေများစွာဖြင့် အကောင်အထည်ဖော် လုပ်ဆောင်သော စီမံကိန်းများကို ၎င်းတို့၏ နိုင်ငံရေးလမ်းစဉ် တိုးချဲ့ရန် အတွက် အသုံးချခဲ့သောကြောင့် ကရင်ပြည်နယ်ဒေသများရှိ ရွာသူရွာသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ထိခိုက်နစ်နာစေသည်။ ဥပမာအားဖြင့် ယူနီဆက် (UNICEF) ၊ ယူအန်ဒီပီ (UNDP) ၊ ယူအန်အေ့စ် (UNAIDS) ၊ ကဲလ် (CARE) နှင့် Médecins du Monde စသည့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့သို့ ရံပုံငွေများ ထောက်ပံ့ပေးနေပါသည်။ မြန်မာနိုင်ငံ မိခင်နှင့်က လေးစောင့်ရှောက်ရေးအဖွဲ့သည် စစ်အစိုးရမှ ထိန်းချုပ်ထားသောစစ်တပ်၏ အရံအင်အားဖြစ်ပြီး စစ်တပ်၏ ပြည်သူအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတွင်လည်းပါဝင်ပက်သက်သော အဖွဲ့အ စည်းတစ်ခု ဖြစ်ပါသည်။ ဥပမာ အားဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့သည် ကျေးရွာများရှိ အမျိုးသမီးများကို အဖွဲ့ဝင်အဖြစ် အတင်းအကျပ် ဝင်ရောက်စေပါသည်။ တစ်မိသားစု လျှင် တစ်ယောက်မဝင်မနေရ ဝင်ရောက်ရန် ခွဲတမ်းချပြီးအသင်းဝင် ခွင့်လျှောက်လွှာအတွက် ငွေကြေး ကောက်ခံပါသည်။ အချို့ဒေသများရှိ ရွာသားများသည် ယူနီဆက်အကူအညီ အထောက်အပံ့ဖြင့် အခမဲ့ရရှိသောပိုလီယိုကာကွယ်ဆေးထိုးနှံခွင့်ရရှိရန် အမျိုးသမီးရေးရာ အဖွဲ့သို့ အသင်းဝင် အဖြစ်ဝင်ရောက်ပါမှ ထိုးနှံခွင့် ရရှိမည်ဟု ထင်မြင်ယူဆကြပါသည်။ အမျိုးသမီးရေးရာ အဖွဲ့သည်လည်း နအဖ၏ အရံအင်အားစု တစ်ခုပင်ဖြစ်ပြီး အမျိုးသမီးများကို ၎င်းတို့ အဖွဲ့အတွင်းသို့ အတင်းအကျပ် ဝင်ရောက်စေပြီး အသင်းဝင်ကြေးများကိုလည်း ကောက်ခံပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) သည် လည်း ၎င်းတို့၏ စိုက်ပျိုးရေးစီမံကိန်းများကို နအဖအစိုးရမှ မည်ကဲ့သို့ အကောင်အထည်ဖော်သည်ကို ဂရုမစိုက်ဘဲ နအဖ အစိုးရကို 'ဆီထွက်သီးနှံစိုက်ပျိုးရန်'အတွက် အမေရိကန် ဒေါ်လာ ၁၄ သန်း ပေးအပ်ခဲ့ပါသည်။ ဥပမာ အားဖြင့် စစ်အစိုးရသည် (FAO) ရံပုံငွေကို အသုံးပြုပြီး တိုင်းပြည်တစ်ဝှမ်းတွင် ပြည်သူများကို ကြက်ဆူပင် နှင့် ခြံစည်းရိုးကြက်ဆူ[၅] များမစိုက်မနေရ စိုက်ပျိုးစေ ပါသည်။ ထိုသို့ စိုက်ပျိုးစေရာတွင် နအဖသည် ပြည်သူ များကို အတင်းအဓမ္မလုပ်အားပေးစေခိုင်းပြီး အနိုင်ကျင့်အမြတ်ထုတ်သည်သာမက ထိုအပင်များမှ ဇီဝလောင်စာ ထုတ်ယူပြီး စစ်တပ်အတွက် အသုံးပြုရန် ရည်ရွယ်ပါသည်။ ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကောင်စီ (UNESCAP) မှ နအဖအစိုးရအား 'အာရှလမ်းမကြီး'တိုးချဲ့ဖောက်လုပ်ရန်အတွက် အကူအညီ အထောက်အပံ့ပေးခဲ့ပါသည်။ အာရှလမ်းမကြီးသည် တိုင်းပြည်တစ်ခုနှင့်တစ်ခုကုန်းလမ်းဖြင့် ဆက် သွယ်နိုင်ရန်အတွက်ဖြစ်ပါသည်။ သို့သော် နအဖ အစိုးရသည် ကရင်ပြည်နယ်အတွင်း အာရှလမ်း မကြီး ဖောက် လုပ်ရာတွင် ဒေသခံရွာသူရွာသားများ၏ မြေယာများကို အတင်းအဓမ္မသိမ်းယူပြီး ရွာသူရွာ သားများကို လည်း အတင်းအဓမ္မလုပ်အားပေးစေခိုင်းပါသည်။ နအဖ အစိုးရသည် ထိုသို့ဒေသခံ ရွာသူရွာသားများ၏ မြေယာကို သိမ်းယူရာနှင့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းရာတွင် ရွာသူရွာသားများအား လျော်ကြေးငွေလုံးဝမပေးဆောင် ပါ။ ဤသည်တို့သည် နိုင်ငံတကာကူညီထောက်ပံ့ရေးအေဂျင်စီများအကူအညီဖြင့် နအဖမှ အကောင်အထည်ဖော် နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင်ဖြစ်ပေါ်နေသော ပြည်သူများအပေါ် အလွဲသုံးစားပြုမှုများအချို့ပင် ဖြစ်ပါသည်။ အထက်ပါ ကဲ့သို့သော နအဖ၏ အလွဲသုံးစားပြုမှုများသည် နိုင်ငံတစ်ဝှမ်းများစွာ ဖြစ်ပေါ်နိုင်ပါ သည်။ သို့သော် နအဖအစိုးရ၏ ကန့်သတ်ပိတ်ပင်မှုများကြောင့် နိုင်ငံတကာအေဂျင်စီများသည် ၎င်းတို့ပါဝင် ပက်သက်နေသော နအဖ ချုပ်ကိုင်ထားသောဖွံ့ဖြိုးရေးလုပ်ငန်းများကို ထင်သာမြင်သာစွာမတွေ့ မြင်နိုင်ပေ။

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နအဖမှ ပြုလုပ်အကောင်အထည်ဖော်သည်ဖြစ်စေ ပြင်ပအေဂျင်စီများ၏ အကူအညီဖြင့် အကောင်အထည်ဖော်သည်ဖြစ်စေ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်

[၅] နအဖစစ်အစိုးရသည် ၎င်းတို့ထုတ်ဝေသောသတင်းမီဒီယာများတွင် ဆီထွက်သီးနှံစိုက်ပျိုးရေး စီမံကိန်းနှင့်ပက်သက်၍'ကြက်ဆူပင်၊ ခြံစည်းရိုးကြက်ဆူပင်' နှင့် 'ဆီထွက်သီးနှံ' ဟူသောစကားလုံးများကိုလိုအပ်သလို အစားထိုးအသုံးပြုပါသည်။ အမှန်တွင်မူ 'ကြက်ဆူပင်' နှင့် 'ခြံစည်းရိုးကြက်ဆူ'တို့သည် ဆီထွက်သီးနှံများ ဖြစ်ကြသော်လည်း သီးခြားမျိုးကွဲသောအပင်များဖြစ်ကြပါသည်။

လုံးဝခွဲခြား၍ မရရှိပါ။ ကုလသမဂ္ဂ အကူအညီပေးရေး အေဂျင်စီများ ၊ နိုင်ငံရပ်ခြား အစိုးရများနှင့် အပြည်ပြည် ဆိုင်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်နေကြသောလုပ်ငန်းများ၏ အကျိုးအ ဖြစ်ကို တာဝန်ယူကြမည်ဆိုလျှင် တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံတွင် ၎င်းတို့၏ လုပ်ဆောင်မှုတိုင်းသည် နိုင်ငံရေးနှင့် ဆက်စပ်နေသည်ကို အသိအမှတ်ပြုကြရမည် ဖြစ်ပေသည်။ ဤနည်းဖြင့် နိုင်ငံရေးနှင့် ဆက်စပ်နေ သော မည်သည့်အကူအညီပေးရေး လုပ်ငန်းများမဆို အကျိုးမရှိကြောင်း တင်ပြလိုခြင်း မဟုတ်ပါ။ သို့သော် နိုင်ငံရေး အနေအထားကို မကြည့်ရှု လက်မခံဘဲ ဆောင်ရွက်လုပ်ကိုင်နေသော အကူအညီပေးရေး လုပ်ငန်းများ သည် ပြည်သူများအတွက် အကျိုးမရှိနိုင်ပါ။ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့ မှ အတွေ့အကြုံ ရင့်ကျက်သော ခေါင်းဆောင်များသည် မြန်မာနိုင်ငံကို ဆက်လက် အကူအညီပေးပါက မစဉ်းစားမဆင်ခြင်တတ်သော သူများသာ ဖြစ်ပြီး စစ်အစိုးရကျူးလွန်သောရာဇဝတ်မှုကို မသိကျိုးကျွံပြုသောသူများသာဖြစ်ပေမည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံအရေးအတွက် ရွေးချယ်ဆောင်ရွက်ရန်မှာ ခက်ခဲလှပေသည်။ တစ်ဘက်မှကြည့် မည်ဆိုလျှင် မြန်မာနိုင်ငံသားများသည် လူသားချင်းစာနာမှုဆိုင် ရာ အကူအညီများရရှိသင့်ပေသည်။ အခြားတစ် ဘက်မှ ကြည့်မည်ဆိုလျှင်လည်း နအဖ အစိုးရမှ အကောင်အထည်ဖော်လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ လွန်စွာများပြားနေပြီး ပြည်သူများ၏ဘဝကို ထိခိုက်စေနိုင်သည်သာမက ပြည်သူများ၏ ကျန်းမာရေး အခြေအနေကိုလည်း ပိုမိုဆိုးရွားစေပါသည်။ ထို့ပြင်မက ပြည်သူများ မိမိတို့ကိုယ်တိုင် လူမှုရေးနှင့်စီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန် အတားအဆီးဖြစ်စေပါသည်။ ထို့နည်းတူ နအဖ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပြင်ပအကူအညီပေးရေး အေဂျင်စီများရည်မှန်းထားချက်နှင့် ဆန့်ကျင်စွာပင် ပြည်သူ များအတွက် အကျိုးသက်ရောက်မှု မရှိပါ။

အမှန်စင်စစ်ပင် နိုင်ငံတကာ အကူအညီများသည် မြန်မာနိုင်ငံ၏ ဆိုးရွားနေသောပြည်သူများ၏ အကျပ်အတည်း ဆင်းရဲဒုက္ခကို ဖြေရှင်းပေးနိုင်ရန်လိုအပ်လျှက်ရှိပါသည်။ မည်သို့ပင်ဆိုစေ နိုင်ငံရပ်ခြားအကူအညီပေးရေး အဖွဲ့ များသည်၎င်းတို့ အကူအညီပေးလိုသောပြည်သူလူထုအတွက် အကူအညီပေးရေးလုပ်ငန်းများသည် အန္တရာယ် ဖြစ်ပေါ်စေပြီး ပြည်သူတို့ကိုယ်တိုင် မိမိဘဝတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ချက်များကို ထိခိုက်နစ်နာ စေသောလုပ်ငန်းများဖြစ်ပါက မြန်မာနိုင်ငံအား မည်သို့ပင် ဖြစ်စေ အကူအညီပေးရမည်ဟူသော ငြင်းခုံပြောဆို ချက်သည် တရားမျှတမှုရှိမည်မဟုတ်ပေ။ နိုင်ငံတကာမှ အကူအညီများသည် ဒေသခံပြည်သူများအတွက်အကျိုး ဖြစ်ထွန်းကြောင်း သေချာစေနိုင်ရန်အတွက်မြန်မာနိုင်ငံကို အကူအညီပေးရာ၌တောင်းဆိုချက်များ ရရှိထားရန် လိုအပ်ပါသည်။ သို့သော် အကူအညီပေးရေးကို စစ်အစိုးရပြောင်းလဲရေးအတွက် လက်နက်အဖြစ်အသုံးပြုရန် မဟုတ်ပေ။[၆] နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများနှင့် အခြားသောအကူအညီများကို မြန်မာနိုင်ငံ အတွက်ပေးအပ်လိုပါက အကူအညီပေးရာတွင် ထင်သာမြင်သာရှိရမည်နှင့် အကူအညီများသည် ပြည်သူလူထု အတွက်ဖြစ်စေရမည် စသည့်အချက်များနှင့် ကိုက်ညီသင့်ပါသည်။ ထို့အပြင် အကူအညီပေးရေး စီမံကိန်းများ သည် ဒေသခံပြည်သူများ၏ အခွင့်အရေးကို မထိခိုက်နိုင်ကြောင်း သေချာစေရပါမည်။ လူ့အခွင့်အရေး အဖွဲ့အ စည်းများအား ‘အကူအညီပေးရေးကို ဆန့်ကျင်သောသူများ’ ဟု သတ်မှတ်လိုသော အချို့သော နိုင်ငံတကာ အေဂျင်စီများသည် အထက်ပါအရေးကြီးသော အကြောင်းအချက်များကို ရှောင်လွှဲလိုကြသောကြောင့် ဖြစ်ပေမည်။ နအဖ စစ်အစိုးရမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ကိုင်နေသော နည်းလမ်းများသည် အထက်ပါအချက်များ နှင့် ကိုက်ညီမှု မရှိနိုင်သော်လည်း အထက်ပါ အကြောင်းအချက်များသည် လွန်စွာအရေးပါ ပါသည်။ အထက်ပါ အကြောင်းအချက်များကို မဖြည့်ဆီးနိုင်ပါက နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့များသည် ၎င်းတို့ ရည်ရွယ်သတ်မှတ်ထားသော အောင်မြင်မှုကို မရရှိနိုင်ပေ။ ထို့အပြင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆင်းရဲကျပ်တည်းမှုနှင့် လိုအပ်ချက်များကို ပိုမိုဆိုးရွားလာစေနိုင်ပါသည်။

[၆] In fact, there are no organisations anywhere to KHRG's knowledge who insist on regime change as a condition for humanitarian aid in Burma, as the ICG's Brussels-based consultants erroneously imagined in their report.

# မှတ်ချက်

ဤအစီရင်ခံစာကို အဓိကအားဖြင့် နိုဝင်ဘာလ ၂၀၀၅ ခုနှစ်မှ ဒီဇင်ဘာလ ၂၀၀၆ ခုနှစ်အတွင်း ကရင်ပြည်နယ်တွင် ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုပေါင်း ၉၀ကျော်မှ ဒေသခံ ရွာသူရွာသားများ၏ ကိုယ်တွေ့ပြောဆိုချက်များကို အခြေခံပြီး ရေးသားထားခြင်းဖြစ်ပါသည်။ အချို့ကိစ္စရပ်များတွင် ၂၀၀၅ ခုနှစ် မတိုင်မှီက ကရင်လူ့အခွင့်အရေးအဖွဲ့မှ ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများသည် ယခုလက်ရှိအခြေအနေနှင့် အကျုံးဝင်ဆဲဖြစ်သောကြောင့် အဆိုပါ တွေ့ဆုံမေးမြန်းမှုများကိုလည်း ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ ဤအစီရင်ခံစာ ရေးသားနိုင်ရန် လက်တွေ့ကွင်းဆင်းလေ့လာမှုများစွာ ပြုလုပ်ထားခြင်းကြောင့် အရည်အသွေးပြည့်မှီသော အစီရင်ခံစာဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းမှုပေါင်းမြောက်များစွာကို ပြုလုပ်ထားခြင်းကြောင့် ရွာသူ၊ရွာသားများ ၎င်းတို့ခံစားရသော အလွဲသုံးစားမှုများကို ကိုယ်တိုင် ပြောဆိုနိုင်ခွင့်ရှိပြီးခံစားရသော အလွဲသုံးစားမှုများသည် ၎င်းတို့၏ ဘဝအပေါ် မည်ကဲ့သို့ ဆိုးကျိုးများသက်ရောက်သည်နှင့် ၎င်းတို့မှ မည်ကဲ့သို့ တုန့်ပြန် ခုခံကြသည်ကို ပြောဆို သက်သေခံနိုင်ပါသည်။ စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ရန် အတင်းအကျပ်စေခိုင်းခြင်းခံရသောရွာသူ၊ရွာသားများ၏ ပြောဆိုချက်များအရ 'ဖွံ့ဖြိုးတိုးတက်ရေး' ဟူသည့် စကားစု၏ အဓိပ္ပါယ်သည် စစ်အစိုးရမှ ထုတ်ပြန်သော သတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲများမှ ပြောဆိုချက်များနှင့် လုံးဝဆန့်ကျင်ဘက်ပင် ဖြစ်ပါသည်။ ဤ အစီရင်ခံစာတွင် အခြားသင့်လျှော်သော သတင်းအချက်အလက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ပညာရှင်များမှ ရေးသားသောဆောင်းပါးများ၊ သတင်းမီဒီယာများမှ ဆောင်းပါးများ ၊ အစိုးရများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အစီရင်ခံစာများမှ သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင် ပါဝင်သော နေရာဒေသများကို ပူးတွဲပါမြေပုံများတွင် ဖော်ပြထားပါသည်။ ခရိုင်ဒေသများ ၊ မြို့နယ်များ ၊ ရွာများနှင့် မြစ်ချောင်းများတွင် ကရင်ဘာသာစကားဖြင့် မှည့်ခေါ်ထားသောအမည်များနှင့် မြန်မာဘာသာဖြင့် မှည့်ခေါ်ထားသောအမည်များဟူ၍ နှစ်မျိုးလုံးရှိပါသည်။ ဤအစီရင်ခံစာတွင် သုံးစွဲဖော်ပြထားသောနေရာ ဒေသများ၏ အမည်များကို တသမတ်တည်းရှိရန် ကြိုးစားဖော်ပြထားပြီး ဒေသခံများမှ ခေါ်ဝေါ်သော အမည်များကို အဓိကထား အသုံးပြုပါသည်။ ခရိုင်ဒေသများ၏ အမည်ကို မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော်လည်း ထိုခရိုင်များ၏ နယ်နိမိတ်များကိုမူ နအဖမှ သတ်မှတ်ထားသည့်အတိုင်း မဖော်ပြထားဘဲ ဒေသခံကရင်လူမျိုးများနှင့် ကရင်အမျိုးသား အစည်းအရုံးမှ သတ်မှတ်ထားသည့်အတိုင်း ဖော်ပြထားပါသည်။ နအဖ အစိုးရ၏ သတ်မှတ်ချက်အရ ညောင်လေးပင်ခရိုင် အနောက်ခြမ်းနှင့် တောင်ငူခရိုင်တို့သည် ပဲခူးတိုင်း အရှေ့ဘက်ခြမ်းတွင် ပါဝင်ပါသည်။ သထုံခရိုင် အနောက်ခြမ်းနှင့် ဒူးပလာယာခရိုင်တို့သည် မွန်ပြည်နယ်၏ အစိတ်အပိုင်းဖြစ်ပါသည်။

## အစီရင်ခံစာတွင်ပါဝင်သော အတိုကောက်ဝေါဟာရများ

| | |
|---|---|
| BSPP | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) |
| DFID | ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဌာန |
| DKBA | တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့ (ဒီကေဘီအေ) |
| ECHO | ဥရောပသမဂ္ဂ လူသားချင်းစာနာမှု အထောက်အကူပေးရေးရုံး |
| FAO | ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KPF | ကရင်ငြိမ်းချမ်းရေးအဖွဲ့ |
| MMCWA | မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ |
| MSF | ဆေးဝါးနှင့်ပက်သက်၍အကူအညီပေးသော အစိုးရမဟုတ်သည့်အဖွဲ့အစည်း (Médecins Sans Frontiére) |
| MWAF | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ |
| OPEC | ရေနံထုတ်လုပ် တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ |
| SLORC | နဝတ |
| SPDC | နအဖ |
| TPDC | မအဖ |
| TBA | ကလေးမွေးဖွားပေးသူ (အရပ်လက်သည်) |
| UNAIDS | ကုလသမဂ္ဂ အိတ်ဂျအိုင်ဗီ/အေအိုင်ဒီအက်(စ) ရောဂါနှင့်ပက်သက်၍ အကူအညီပေးသောအဖွဲ့ |
| UNDP | ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစီမံကိန်း |
| UNESCAP | ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကောင်စီ |
| UNICEF | ကုလသမဂ္ဂ ကလေးသူငယ်များဆိုင်ရာ ရံပုံငွေအဖွဲ့ |
| USDA | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ |
| VPDC | ရအဖ |
| WHO | ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

# Karen Districts




©Karen Human Rights Group (KHRG), 2006

# Burma




© Karen Human Rights Group (KHRG), 2005

**Scale: 1 to 800,000**

## ၂။ နောက်ခံသမိုင်းကြောင်း

ကမ္ဘာတစ်ဝှမ်း သတ်မှတ်ထားသော စီးပွားရေးနှင့်လူမှုရေး စံနှုန်းများအရ မြန်မာနိုင်ငံသည် ဆိုးရွားခက်ခဲသော အခြေအနေနှင့် ရင်ဆိုင်နေရသော နိုင်ငံ ဖြစ်ပါသည်။ မြန်မာ နိုင်ငံတွင် ပြည်သူအများမှ ဆင်းရဲကျပ်တည်းမှု ကြုံတွေ့နေရခြင်း ၊ အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုများ နိမ့်ကျမှုနှင့် နည်းပါးမှုများကြောင့် ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံအား 'ဆင်းရဲကျပ်တည်းသော အခြေအနေ' နှင့် ရင်ဆိုင်နေရသော နိုင်ငံဟုသတ်မှတ်ပါသည်။ ထို့အပြင် ဟေတီနှင့် လိုင်ဘေးရီးယားစသောအခြားသော ၉ နိုင်ငံများနည်းတူ မြန်မာနိုင်ငံကို 'ဝင်ငွေအနည်းဆုံး' နိုင်ငံဟု သတ်မှတ်ထားပါသည်။[၇] အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ (IMF) ၏ အဆိုအရ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် အတွင်း လူတစ်ဦးချင်း၏ ပြည်တွင်းထုတ်ကုန်ပမာဏ (GDP) သည် အမေရိကန် ဒေါ်လာ၂၃၀ ဖြစ်ပါသည်။ ဤကိန်းဂဏန်းသည် နအဖမှ ထောက်ပံ့တင်ပြထားသော စာရင်းများအပေါ် အခြေခံထားခြင်းကြောင့် ကိန်းဂဏန်း အမှန်ထက်ပို၍ များပြားနိုင်ပါသည်။[၈] မြန်မာနိုင်ငံတွင် မကြာသေးမီက သတ်မှတ်ချက် အရ လူတစ်ဦး၏ ပျှမ်းမျှသက်တမ်းသည် ၅၆ နှစ် ခန့် ဖြစ်ပါသည်။[၉] ဥရောပကော်မရှင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးရုံး (ECHO) ၏ အဆိုအရ "မြန်မာစစ်အစိုးရသည် ပြည်သူတစ်ဦးချင်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုသော အသုံးစရိတ်မှာ ကမ္ဘာပေါ်တွင် အနည်းဆုံးဖြစ်ပြီး ကျေးလက်နေလူဦးရေ၏ ၃၄% တို့သည် သန့်ရှင်းသော သောက်သုံးရေကို မရရှိကြပါ။ ၄၃% တို့သည် သန့်ရှင်းသော မိလ္လာစနစ်ကို အသုံးမပြုနိုင်ကြပါ။"[၁၀] ဗြိတိန် နိုင်ငံတကာ ဖွံ့ဖြိုးတိုး တက်မှုဌါန (DFID) ၏ ခန့်မှန်းချက်အရ မြန်မာအစိုးရသည် ပညာရေးကဏ္ဍအတွက် ပြည်တွင်းထုတ်ကုန် ပမာဏ (GDP) ၏ ၀.၃%ကိုသာ အသုံးပြုပါသည်။[၁၁] ထို့အပြင် ၁၉၈၇ မှစ၍ စစ်အစိုးရမှ လျှောက်ထားတင်ပြသည့်အတိုင်း မြန်မာနိုင်ငံကို 'စီးပွားရေးဖွံ့ဖြိုးမှု အနည်းဆုံး' နိုင်ငံဟု နိုင်ငံတကာမှ သတ်မှတ်ထားပါသည်။[၁၂] မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်ပြီး တိုင်းပြည်တစ်လွှား ပြည်သူများဆင်းရဲကျပ်တည်းစွာနေထိုင်နေကြရသော်လည်း စစ်အစိုးရသည် တိုင်းပြည်အသုံးစရိတ် အားလုံး၏ ထက်ဝက်ကို စစ်တပ်အတွက် အသုံးပြုခြင်း မူဝါဒကို ဆက်လက်ကျင့်သုံးလျှက်ရှိပါသည်။[၁၃] အထက်ပါ အကြောင်းအရာများ၏ ဆိုးကျိုးများကြောင့် ပညာရှင်တစ်ဦးမှ "ခေတ်သစ်မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဖွံ့ဖြိုးတိုးတက်မှု အခက်အခဲများနှင့် ရင်ဆိုင်နေရသော အဓိက နိုင်ငံ"တစ်ခု ဖြစ်သည်ဟု ပြောဆိုဝေဖန်ထားပါသည်။[၁၄] မြန်မာ နိုင်ငံတွင် စီးပွားရေး မတည်ငြိမ်မှု ၊ တိုင်းပြည်အခြေခံ အဆောက်အအုံများမပြည့်စုံမှု ၊ အစိုးရ တရားဝင်သတ်မှတ်ထားသော ငွေလဲနှုန်းနှင့် ဈေးကွက် ငွေလဲနှုန်း မတန် တဆ ကွာခြားမှုနှင့် ပညာတတ်နည်းပါးမှု စသည့်အချက်များ ဖြစ်ပေါ်နေသော်လည်း နိုင်ငံခြား ရင်းနှီးမြုပ်နှံသူများနှင့် နိုင်ငံရပ်ခြား အစိုးရများသည် မြန်မာနိုင်ငံတွင် ငွေကြေးရင်းနှီးလုပ်ကိုင်ကြရန် စိတ်အားထက်သန်ကြပါသည်။ ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေး နှစ်အတွင်း မြန်မာနိုင်ငံတွင် နိုင်

---

[၇] *Engaging with Fragile States: An IEG Review of World Bank Support to Low-Income Countries Under Stress*, The World Bank, 2006.

[၈] *World Economic Outlook Database*, International Monetary Fund, September 2006.

[၉] "Burma/Myanmar: A silent crisis," ECHO, November 22nd 2005. Accessed at http://ec.europa.eu/echo/field/myanmar/index_en.htm on March 1st 2007.

[၁၀] Ibid.

[၁၁] "Country Profiles: Burma," UK Department for International Development, October 4th 2005. Accessed at www.dfid.gov.uk/countries/asia/burma.asp on March 1st 2007.

[၁၂] Booth, Anne. 2003. "The Burma Development Disaster in Comparative historical perspective," *SOAS Bulletin of Burma Research* 1(1):1-23. pp.13

[၁၃] "134 MPs Demand Total Oil Withdraw From Burma," The Burma Campaign UK, July 14th 2005. Accessed at www.burmacampaign.org.uk/pm/more.php?id=175_0_1_0_M on March 1st 2007.

[၁၄] Booth, Anne. 2003. "The Burma Development Disaster in Comparative Historical Perspective," *SOAS Bulletin of Burma Research* 1(1):1-23.pp.1

ငံခြားရင်းနှီးမြှုပ်နှံမှု ငွေပမာဏမှာ အမေရိကန် ဒေါ်လာ ၆. ဝ၆၅ ဘီလီယံ ရှိပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်ထုတ်လုပ်နိုင်သောအခန်းကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံကြခြင်းဖြစ်ပါသည်။[၁၅]

ထို့ကြောင့် ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် စီးပွားရေးပြုလုပ်ရန် တခါးဖွင့်ဝါဒကို စတင်ကျင့်သုံးသည်မှစ၍ ယခုအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၃. ၉၁၇ ဘီလီယံအထိရှိပါသည်။[၁၆] သို့သော်လည်း စီးပွားရေး သုတေသီတစ်ဦး၏ ပြောဆိုချက်အရ မြန်မာနိုင်ငံသည် နိုင်ငံခြားဝင်ငွေများစွာဖြင့် ဘဏ္ဍာငွေများ ရရှိနေသော်လည်း ကျယ်ပြန့်လာသော စစ်တပ် အသုံးစားရိတ်အတွက် လုံလောက်မှုမရှိပေ။[၁၇] ထိုအကျိုးဆက်များကြောင့် စစ်အစိုးရမှ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ၁၂. ၂% ရှိသည်ဟု ပြောဆိုချက်များကို အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) မှ ချီးမွမ်းပြောဆိုခြင်း မရှိပါ။[၁၈] ထို့အပြင် ၂၀၀၆ ခုနှစ် တွင် ငွေကြေးဖောင်းပွမှု ၂၄. ၉% တိုးလာပါသည်။[၁၉] ထို့အပြင် ဤငွေကြေးဖောင်းပွမှုသည် ဆက်လက်ဖြစ်ပေါ် နိုင်ပါသည်။[၂၀] မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်နေသော်လည်း စစ်အစိုးရသည် တရားဝင်ငွေလဲနှုန်းကို အမေရိကန် တစ်ဒေါ်လာ ၅. ၈ ကျပ် နှုန်းဖြင့်သာ မပြောင်းမလဲ ခိုင်မာစွာ သတ်မှတ် ထားပါသည်။[၂၁] အစိုးရ၏ သတ်မှတ်နှုန်းသည် အပြင်ဈေးကွက်ပေါက်နှုန်းဖြစ်သော တစ်ဒေါ်လာ ၁၃၀၀ ကျပ်နှုန်းဖြင့် အလွန်ပင်ဆန့်ကျင်လျှက် ရှိပါသည်။[၂၂]

အထက်ပါ ကိန်းဂဏန်းများကို ကြည့်ရှုပါ က စစ်အစိုးရသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို မှားယွင်းစွာ စီမံခန့်ခွဲနေခြင်း ၊ ပြည်သူလူထု ဘဝတိုးတက်ကောင်းမွန်ရေးကိုဂရုမပြုခြင်းနှင့် စစ်တပ်အတွက်မူ အသုံးစရိတ်ကို တိုးချဲ့ပြီးအသုံးပြုခြင်းစသည့်အချက်များကို လှစ်လျူရှုပြီးလွန်ခဲ့သော ၁၉ နှစ်မှစ၍ စစ်အစိုးရသည် ပြည်ပရင်းနှီးမြှုပ် နှံမှုမှ အခွန်ငွေများ ပိုမိုကောက်ခံရရှိရန်သာ လုပ်ဆောင်လျှက် ရှိပါသည်။ ထို့အပြင် စစ်အစိုးရသည် ၎င်းတို့၏ နိုင်ငံရေး ၊ စစ်ရေးနှင့် စီးပွားရေး မူဝါဒများသည် တိုင်းပြည် အတွက် သင့်လျှော်သောကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေကြောင်း ပြသလျှက် ရှိပါသည်။ စစ်အစိုးရ၏ မူဝါဒများသည် ၁၉၈၈ မတိုင်မှီ ဆိုရှယ်လစ်လမ်း စဥ်မှ ခွဲထွက်လာသော မူဝါဒများပင် ဖြစ်ပါသည်။ အမှန်စင်စစ်ပင် စစ်အစိုးရမှ "မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလိုက်ပြီး အစိုးရ၏ ကြိုးစားအား ထုတ်မှုကြောင့် ရှေးယခင်ကမရရှိခဲ့သောဖွံ့ဖြိုးတိုးတက်မှုကို ရရှိနေကြောင်း" အမြဲထုတ်ဖော် ပြောဆိုလေ့ရှိပါသည်။[၂၃] ယခုလက်ရှိ နအဖ စစ်အစိုးရ၏ မူဝါဒများသည် ၁၉၈၈ ခုနှစ် မတိုင်မှီက အုပ်ချုပ်ခဲ့ သော အစိုးရ၏ မူဝါဒများနှင့် လုံးဝကွဲပြားမှုမရှိဘဲ စစ်အစိုးရများ၏ မူဝါဒဖြစ်သောပြည်သူလူထုအပေါ် အမြတ်ထုတ်ရေး မူဝါဒများနှင့် အနည်းငယ်သာ ကွဲပြားလျှက် ရှိပါ

[၁၅] "Myanmar foreign investment in 2005-06 registers highest in 18 years," *Xinhua*, October 15th 2006. Accessed at http://english.people.com.cn/200610/15/eng20061015 311899.html on March 1st 2007. Note that this increased investment undermines the argument often put forward that "sanctions haven't worked" to reform the regime; it could more accurately be argued that "increased investment hasn't worked."

[၁၆] "Vietnam to invest in Myanmar's special economic zone," *Xinhua*, February 1st 2007. Accessed at www.burmanet.org/news/2007/02/01/xinhua-general-news-service-vietnam-to-invest-in-myanmars-special-economic-zone/ on February 2nd 2007.

[၁၇] *Asian Development Outlook 2005*, Asian Development Bank, 2005

[၁၈] "Cambodia, Laos, Burma prone to fail, says World Bank," Asia Pulse, January 8th 2007. Accessed at www.burmanet.org/news/2007/01/08/asia-pulse-cambodia-laos-burma-prone-to-fail-says-world-bank on February 7th 2007.

[၁၉] *World Economic Outlook Database*, International Monertary Fund, September 2006.

[၂၀] *Asian Development Outlook 2005,* Asian Development Bank, 2005

[၂၁] "The Economic Outlook," *The Irrawaddy*, January 19th 2007. Accessed at www.irrawaddy.org/aviewer.asp?a=597=&z=109 on January 19th 2007.

[၂၂] *The irrawaddy*, January 19th 2007 . Accessed at www.irrawaddy.org on January 19th 2007.

[၂၃] "The danger posed to democratic revolution," *The Myanmar Times and Business Review*, February 21st - 27th 2005. Accessed at www.myanmar.com/myanmartimes/MyanmarTimes13-255/n016.htm on January 19th 2007.

သည်။ ယခုလက်ရှိ နအဖ စစ်အစိုးရ၏မူဝါဒတွင် မြေယာများကို နိုင်ငံတော်ကသာတရားဝင်ပိုင်ဆိုင်မှုရှိပါသည်။ ကုန်စည် ကူးသန်း ရောင်းဝယ်ခြင်းများကိုလည်း အစိုးရမှ ပင် ဆက်လက်ထိန်းချုပ်ထားပြီး လယ်သမားများကိုလည်း မည်သည့်အချိန်တွင် မည်သည့်သီးနှံများကို စိုက်ပျိုးရမည်ကို အစိုးရမှ ပင် ထိန်းချုပ်ထားပါသည်။ ထို့အပြင် ပြည်သူလူထု၏ ၁၀ ၊ လုပ်ရှားမှုတိုင်းကို စစ်အစိုးရမှ ထိန်းချုပ်ထားပါသည်။

## မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်

ဒုတိယကမ္ဘာစစ်တွင် မြန်မာနိုင်ငံသည် စစ်ကြောင့် ပျက်စီးဆုံးရှုံးမှုဒဏ် ခံခဲ့ရသော်လည်း ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သော မြန်မာနိုင်ငံကို အာရှတိုက်၏ ထမင်း အိုးဟု နိုင်ငံအများမှ အသိအမှတ်ပြုခဲ့ပါသည်။

ထို့ကြောင့် ပြည်တွင်း ၊ ပြည်ပ ဝေဖန်သူများမှ မြန်မာနိုင်ငံအားလွတ်လပ်ရေးရရှိပြီး မကြာမှီ စစ်မဖြစ်မှီက အတော်အသင့် မြင့်မားသော လူနေမှုအဆင့်အတန်းအတိုင်း ပြန် လည်ရရှိလာမည်ဟု ဝေဖန်သုံးသပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတပေါကြွယ်ဝမှု ၊ စီးပွားရေးကောင်းမွန်မှုနှင့် ဗြိတိသျှကိုလိုနီ၏ ဂုတ်သွေးစုပ်အမြတ်ထုတ်မှုများ မရှိတော့သောကြောင့် ဝေဖန်သုံးသပ်သူများက “မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရပြီးသည်နှင့် တစ်ပြိုင်နက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်”ဟု ထင်မြင်ခဲ့ကြပါသည်။[၂၄] ထို့အပြင် မြန်မာနိုင်ငံတွင် ပညာတတ်များပေါများသောကြောင့် လွတ်လပ်ရေးရရှိပြီးနောက်တွင် မြန်မာနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ပြောဆိုဝေဖန်ကြပါသည်။ လွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သော ဦးနု မှ များမကြာမှီတွင် မြန်မာနိုင်ငံ၌ မိသားစုတိုင်းသည် ကိုယ်ပိုင်ကား များ ပိုင်ဆိုင်နိုင်ကြမည်ဟု ၁၉၅၂ ခုနှစ်တွင် ပြောဆိုခဲ့ပါသည်။[၂၅]

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံသည် စီးပွားရေး အခွင့်အလမ်းကောင်းများစွာ ရှိနေသော်လည်း ထိုစဉ်က အစိုးရကိုမူ ဗမာလူမျိုးများမှအပ ကျန်တိုင်းရင်းသားများမှ ကြိုက်နှစ်သက်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် အစိုးရ၏ နိုင်ငံတော်ပြန်လည် တည်ဆောက်ရေးကို တိုင်းရင်းသားများမှ ချက်ချင်းပင် စတင်တော်လှန်ခဲ့ကြပါသည်။ ထိုစဉ်က အစိုးရသည် ဗမာ လူမျိုးများသာ ကြီးစိုးရန်နှင့် ဗဟိုမှချုပ်ကိုင်ရန်လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသား များသည် လက်နက်စွဲကိုင်ပြီး အစိုးရကို တော်လှန်ခဲ့ကြပါသည်။ ကရင်လူမျိုးများသည်လည်း ၁၉၄၉ မှ စတင်ပြီး အစိုးရကို တော်လှန်ခဲ့သည်မှာ ယနေ့အထိပင် ကေအန်ယူ အဖွဲ့အစည်းအနေဖြင့် အစိုးရကို တော်လှန်လျှက်ရှိပါသည်။ တိုင်းရင်းသားများမှ ပုန်ကန်တော်လှန်လာခြင်း ၊ ကွန်မြူနစ်များမှလည်း ထကြွပုန်ကန်လာခြင်း စသည်တို့ကို အကြောင်းပြ၍ နေဝင်းခေါင်းဆောင်သော စစ်တပ်သည် ဦးနု အစိုးရထံမှ ၁၉၅၈ ခုနှစ်တွင် တစ်ကြိမ် ၊ ထို့နောက် ၁၉၆၂ ခုနှစ်တွင် တစ်ကြိမ် အာဏာသိမ်းယူ ခဲ့ပါသည်။ အာဏာသိမ်းယူမှု နှစ်ကြိမ်လုံးတွင် စစ်တပ်မှ တိုင်းပြည် လွတ်လပ်ရေးရပြီးကတည်းက ကျင့်သုံးခဲ့သောပါလီမန် အုပ်ချုပ်ရေးစနစ်ကို ကြိုက်နှစ်သက်ခြင်းမရှိကြောင်း ရှင်းလင်းစွာပြောဆိုခဲ့ပါသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းယူပြီး နောက်တွင် တော်လှန်ရေးကောင်စီ အစိုးရသည် မြန်မာ့နည်း ၊ မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်အမည်ဖြင့် ထုတ်ဝေသောစာအုပ်စာတမ်းများတွင် ဤကဲ့သို့ ထုတ်ဖော် ပြောဆိုခဲ့ပါသည်။ “လူအများအပေါ် ဂုတ်သွေးစုပ်အမြတ်ထုတ်ပြီး ချမ်းသာကြွယ်ဝနေသော အရင်းရှင်

[၂၄] Stifel, Laurence D. 1972, “Burmese Socialism: Economic Problems of the First Decade,” *Pacific Affairs* 45(1):60-74. pp.60

[၂၅] Walinsky, Louis J. 1963. “Economic Development in Burma 1951-1960,” *American Economic Review* 53(4):780-781. pp.780

စီးပွားရေးစနစ် တည်ရှိနေသရွေ့ လူအများသည် လူမှုရေးအခက်အခဲ များမှ လွတ်မြောက်နိုင်မည်ဟု မယုံကြည်ပါ။ ”[၂၆] တော်လှန်ရေးကောင်စီ အစိုးရသည် အထက်ပါအတိုင်း ဝါဒဖြန့် ပြောဆိုခဲ့သည်သာမက ၄င်းတို့၏ နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကြောင့် လူအချင်းချင်း ဂုတ်သွေးစုပ်အမြတ်ထုတ်မှု မရှိတော့ကြောင်း လိမ်ညာပြောဆိုခဲ့ပါသည်။

တိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေး စနစ်များနှင့်ဆန့်ကျင်စွာပင် စစ်အစိုးရသစ်သည် (နောက်ပိုင်းတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ၊ မဆလ ဟု အမည်ပြောင်းလဲ ခဲ့သည်) ဗဟိုမှ လုံးဝချုပ်ကိုင်သောစီးပွားရေး ၊ နိုင်ငံရေးစနစ်ကိုကျင့်သုံးခဲ့ပါသည်။ နိုင်ငံခြားပိုင် စီးပွားရေး လုပ်ငန်းစဉ်များစွာကို ပြည်သူပိုင် ပြုလုပ်ခဲ့ပြီး တံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့ပါသည်။ နေဝင်း အစိုးရသည် နိုင်ငံခြားသို့တင်ပို့ရန် ထုတ်လုပ်သောကုန်ပစ္စည်းများထုတ်လုပ်ခြင်းကို အားမပေးဘဲ ၄င်းတို့၏ရည်မှန်းချက် ပန်းတိုင်အတိုင်း ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်စေပါသည်။[၂၇] နေဝင်း အစိုးရသည် တိုင်းပြည်ဖူလုံရေးအတွက် လုပ်ဆောင်ရာတွင် နောင်တွင် ပညာရှင်များမှ ခေါ်ဝေါ်သတ်မှတ်ခဲ့သော “စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အမြတ်ထုတ်ခြင်းမူဝါဒ” ကို ကျင့်သုံးခဲ့ပါသည်။ ထိုမူဝါဒများတွင် “လယ်ယာထွက် သီးနှံများကို အစိုးရထံ ပေးသွင်းစေခြင်း ၊ မည်သည့်သီးနှံ စိုက်ပျိုးရမည်ကို အစိုးရမှ စီစဉ်ပေးခြင်းနှင့် လယ်ယာမြေများကို နိုင်ငံပိုင်ဖြစ်စေခြင်း” စသည်တို့ပါဝင်ပါသည်။[၂၈] ဤနည်းဖြင့် စစ်အစိုးရသည် ၄င်းတို့၏ စစ်အုပ်ချုပ်ရေးကို ခိုင်မာတည်တံ့စေရန် ၁၉၆၀ အစောပိုင်းမှပင် တိုင်းပြည်ထုတ်ကုန် (GDP) ၏ ၄၀% ဖြစ်သော ၊ သမိုင်းတစ် လျှောက် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်ခဲ့ပါသည်။[၂၉]

နေဝင်းအစိုးရ၏ ဖွံ့ဖြိုးရေးစီမံကိန်းများသည် စစ်တပ်အာဏာ ခိုင်မြဲရေးအတွက်သာ အဓိကထားသောကြောင့် ရေတိုကိုသာကြည့်မြင်ပြီး ရေရှည်အတွက် ထည့်သွင်းမစဉ်း စားခြင်း ၊ သေချာစွာ စဉ်းစားလုပ်ဆောင်မှု မရှိခြင်းနှင့် ဒေသခံပြည်သူများ၏ ပြောဆိုချက် အခက်အခဲများကို မကြည့်ရှုဘဲ အထက် စစ်ဗိုလ်ချုပ်များစေခိုင်းသည့်အတိုင်း လက်အောက်ငယ်သားများမှ ဆောင်ရွက်ခြင်းစသည့် အချက်များကို ဖြစ်ပေါ်စေပါသည်။ ဤ အကျိုးအပြစ်များကြောင့် မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများစွာ ရှိရာမှ အဆင်းရဲဆုံး တိုင်းပြည်အဆင့်သို့ ကျရောက်သွားရပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် နိုင်ငံ စီးပွားရေး ဆက်လက်ရှင်သန်နိုင်ရန် တရုတ်၊ ဘင်္ဂလားဒေ့ရှ် နှင့် ထိုင်း စသည့် နိုင်ငံများနှင့် ဆက်သွယ်ရောင်းဝယ်သော တရားမဝင်စီးပွားရေးဈေးကွက်တွင်သာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။[၃၀]

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မရှိခြင်းနှင့် ပြည်သူများဆင်းရဲကျပ်တည်းမှု များပြားလာခြင်းကြောင့် ၁၉၈၈ ခုနှစ်တွင် မြန်မာပြည်တစ်ဝှမ်း လူထုအုံကြွမှု ပေါ်ပေါက်ခဲ့ပါသည်။ ဤ လူထုအုံကြွမှုကြောင့် နေဝင်း၏ စစ်အစိုးရပြုတ်ကျပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ (နဝတ) အမည်ခံ စစ်အစိုးရအသစ် အာဏာရရှိလာသည်။ နဝတ သည် ယခင် နိုင်ငံကိုအုပ်ချုပ်ခဲ့သော မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ၏ နိုင်ငံတည်ဆောက်ရေး

---

[၂၆] *The Burmese Way to Socialism*, Revolutionary Council, April 28th 1962. Accessed at www.ibiblio.org/obl/docs/The_Burmese_Way_to_Socialism.htm on October 11th 2006.

[၂၇] Booth, Anne. 2003. “The Burma Development Disaster in Comparative Historical Perspective,” *SOAS Bulletin of Burma Research* 1(1):1-23. pp.5

[၂၈] Fujita and Ikuku, “Agricultural Policies and Development of Myanmar’s Agricultural Sector: An Overview”, *IDE Discussion Paper*, No.63, July 2006. pp.4

[၂၉] Booth, Anne. 2003. “The Burma Development Disaster in Comparative Historical Perspective,” *SOAS Bulletin of Burma Research* 1(1):1-23. pp.5

[၃၀] Khin Maung Kyi, *Economic Development of Burma: A vision and strategy*, Singapore University Press, 2000. pp.12

လမ်းစဉ်များနှင့် ကွဲပြားသည်ဟု ထင်မြင်ရသော စီးပွားရေး စနစ်ကို ကျင့်သုံးလာပါသည်။ ဆိုရှယ်လစ်ဝါဒများကို စွန့်လွှတ်ပြီး နဝတ သည် လွတ်လပ်စွာ စီးပွားရေး လုပ်ကိုင်ခွင့်စနစ်ကို ကျင့်သုံးပြီး နိုင်ငံ တည်ဆောက်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများကိုလည်း ပြန်လည် ဖွင့်လှစ်ပေးခဲ့ပါသည်။[၃၁] နဝတ အစိုးရမှ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံတွင် အခြားတိုင်းပြည်များမှ စီးပွားရေး လုပ်ငန်းများ လာရောက်လုပ်ကိုင်နိုင်ရန် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြုပ်နှံနိုင်သော (FDI) ဥပဒေကို တရားဝင် ပြဋ္ဌါန်းခဲ့ပါသည်။[၃၂] နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြုပ်နှံနိုင်သော (FDI) ဥပဒေအရ နိုင်ငံခြားမှ ရင်းနှီးမြုပ်နှံလိုသူများသည် ကုန်ထုတ်လုပ်ငန်းတွင် အနည်းဆုံး ဒေါ်လာ ၅၀၀၀၀၀ နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အနည်းဆုံး ဒေါ်လာ ၃၀၀၀၀၀ ဖြင့် ရင်းနှီးမြုပ်နှံနိုင်ကြောင်း မြန်မာရင်းနှီးမြုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။[၃၃]

နဝတ နှင့် ၁၉၉၇ ခုနှစ် နောက်ပိုင်းတွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သော နအဖ စစ်အစိုးရများ လက်ထက်တွင် နေဝင်းအစိုးရ နှင့် နှိုင်းယှဉ်လျှင် စီးပွားရေး မူဝါဒများ ပြောင်းလဲလာဟန် ရှိသော်လည်း မဆလ မှ ကျင့်သုံးခဲ့သော ပြည်သူများအပေါ် စီးပွားရေးအမြတ်ထုတ်မှုများကိုမူ နဝတ နှင့် နအဖ အစိုးရများကဆက်လက်ကျင့်သုံးကြပါသည်။ စစ်အစိုးရသည် ပြည်သူများမှ သက်ဦးဆံပိုင် စစ်အုပ်ချုပ်ရေးစနစ်အပေါ် ထောက်ခံအားပေးသော လူမှုအဖွဲ့အစည်းကို တည်ထောင်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ထို့အပြင် 'ဈေးကွက်စီးပွားရေး စနစ်အရ လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ပိုင်ခွင့်' နှင့် ဆန့်ကျင်စွာပင် စီးပွားရေး လုပ်ပိုင်ခွင့်များသည် တရားဝင်လမ်းကြောင်းများအရ ဖြစ်စေ နားလည်မှု များအရ ဖြစ်စေ စစ်အစိုးရ၏ ဆွေမျိုးများနှင့် ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်သူများသာ စီးပွားရေး လုပ်ငန်းများကို လုပ်ပိုင်ခွင့် ရရှိပေသည်။ စစ်အစိုးရအတွက် အကျိုးအမြတ် ရှိစေမည့် စီးပွားရေးလုပ်ငန်းကြီးများကိုမူ နိုင်ငံတော်မှ 'လိုင်စင်များ'ချပေးခြင်း သို့မဟုတ် စစ်အစိုးရနှင့် ဖက်စပ်လုပ်ကိုင်စေပါသည်။ သာမန်ပြည်သူများ၏ အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် မရှိမဖြစ် သီးနှံများစိုက်ပျိုးခြင်များကိုမူ စစ်အစိုးရမှ အလွန်ပင် တင်းကျပ် ချုပ်ကိုင်ထားပါသည်။[၃၄] မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံရှိ စီးပွားရေး လုပ် ငန်းများသည် စစ်အုပ်ချုပ်မှုစနစ်တစ်ခုလုံးကို အထောက်အကူပြုရန် ပြည်သူများအပေါ် ဂုတ်သွေးစုပ် အမြတ်ထုတ်ခြင်းသာ ဖြစ်ပါသည်။ ထို့အပြင် စစ်ဗိုလ်များအတွက် အကျိုးအမြတ် ရရှိစေရန်သာ ရည်ရွယ်ပါသည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း စစ်တပ်မှ အမိန့်အာဏာဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ အခက်အခဲ နှင့် လိုအပ်ချက်များကို လှစ်လျူရှုထားပါသည်။ ထို့အပြင် စီးပွားရေးအကျိုးအမြတ်အားလုံးကို စစ်တပ်မှ အရာရှိများကသာချုပ်ကိုင်ထားပါသည်။ သို့မဟုတ် စီးပွားရေးလုပ်ငန်းများသည် စစ်အရာရှိများ အတွက်သာ အထောက်အကူဖြစ်စေပါသည်။

နအဖ စစ်အစိုးရသည် စီးပွားရေးလုပ်ငန်းကြီးများကို မိမိတို့နှင့် ရင်းနှီးသူများကိုသာလုပ်ကိုင်ခွင့်ပေးခြင်းနှင့် ပြည်သူများအပေါ် အမြတ်ထုတ်ခြင်းတို့ကြောင့် မိမိတို့ကို ပြည်သူများမှ ကြိုက်နှစ်သက်မှုမရှိကြောင်း သတိပြုလာမိပါသည်။ စစ်အစိုးရသည် ဒီမိုကရေစီ နည်းအရ ရွေးကောက်တက်မြောက်ခံရခြင်း မဟုတ်သောကြောင့် စစ်အစိုးရသည် တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်နိုင်ရန် မိမိတို့အုပ်ချုပ်မှုအောက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိကြောင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်း ထုတ်ဖော်ပြောကြားလေ့ရှိပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပက်သက်၍ စစ်အစိုးရမှ တိုင်းပြည်ပြိုကွဲရန် တော်လှန်ပုန်ကန်သူများနှင့် လက်နက်ကိုင်

[၃၁] Steinberg, David I. 1990. "International Rivalries in Burma: The Rise of Economic Competition," *Asian survey* 30(6):587-601. pp.587

[၃၂] "Myanmar foreign investment in 2005-06 registers highest in 18 years," Xinhua, October 15th 2006. Accessed at_http://english.people.com.cn/200610/15/eng20061015_311899.html on February 7th 2007.

[၃၃] "Thai investment in dam project would nearly double FDI," *The Myanmar Times and Business Review*, September 11th -17th 2006. Accessed at www.myanmar.com/myanmartimes/MyanmarTimes17-333/n005.htm on January 30th 2007.

[၃၄] Nancy Hudson-Rodd and Myo Nyunt. April 2001. "control of Land and Life in Burma," Tenure Brief No. 3:1-8. Land Tenure Center, University of Wisconsin-Madison. Accessed at http://agecon.lib.umn.edu/cgi-bin/pdf_view.pl?paperid=2580&ftype=.pdf on March 1st 2007.

အကြမ်းဖက်လှုပ်ရှားသူများကို ပြစ်တင်ဝေဖန် ရှုတ်ချပါသည်။ ၎င်းတို့ နေ့စဉ်ထုတ်ဝေသော သတင်းစာများ၌ တိုင်းပြည်တစ်ဝှမ်းတွင် စစ်တပ်မှဆောင်ရွက်နေသော ဖွံ့ဖြိုးရေးစီမံကိန်းများ အကြောင်းကို နေ့စဉ် ဖော်ပြလေ့ရှိပါသည်။ ထို့ကြောင့် စစ်အစိုးရသည် ပြည်တွင်းနှင့် နိုင်ငံတကာကို ၎င်းတို့၏ လုပ်ဆောင်မှုများကြောင့် မြန်မာပြည်သူပြည်သားများအားလုံး အကျိုးခံစားနေရကြောင်း ပြောဆိုသော်လည်း အမှန်စင်စစ်တွင်မူ ၎င်းတို့၏ ပြောဆိုချက်နှင့် ဆန့်ကျင်စွာပင် စစ်အစိုးရသည် မြန်မာပြည်သူများအပေါ် ဂုတ်သွေးစုပ်အမြတ်ထုတ်လျှက်ရှိပါသည်။

နအဖ အစိုးရမှ နယ်စပ်ဒေသများဟု သတ်မှတ်ထားသော တိုင်းရင်းသား လူမျိုးစုများနေထိုင်ကြသော ကျေးလက်ဒေသများတွင် စစ်တပ်၏ အစီအစဉ်ဖြင့် လမ်းများဖောက် လုပ်ခြင်း ၊ ကျောင်းများ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းနှင့် ပြည်သူများအား စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံ လုပ်ကိုင်ရန် ဆောင်ရွက်လျှက်ရှိသော်လည်း ၎င်းတို့၏ လုပ်ဆောင်မှုများတွင် ပြည်သူလူထုကို အတင်းအကျပ် (ရံဖန်ရံခါ အကြမ်းဖက်နည်းဖြင့်) ခိုင်းစေခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေပါသည်။ ဤကဲ့သို့ နအဖ အစိုးရ၏ လုပ်ဆောင်မှုများသည် ဒေသခံရွာသူရွာသားများမှ စစ်တပ်၏ ဖိနှိပ်မှုများအပေါ် ခုခံတွန်းလှန်နိုင်မှုကို လျှော့နည်းစေပြီး ရွာသူ့ရွာသားများမှ ၎င်းတို့၏ ရပိုင်ခွင့်များ ကိုလည်း မတောင်းဆိုဝံ့ပါ။ ဗမာလူမျိုးများမရှိဘဲ တိုင်းရင်းသားများသာ နေထိုင်ကြသော ကျေးလက်ဒေသများနှင့် ပက်သက်၍ နအဖ စစ်အစိုးရ၏ မမှန်မကန်ပြောဆိုမှုများကို အမြဲလိုလို ကြားနာရပါမည်။ အောက်ပါပြောဆိုချက်တွင်လည်းတွေ့မြင်နိုင်ပါသည်။

> ***"တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ဆက်ခံရယူသည့် အချိန်မှစ၍ပင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် တိုးမြင့်လုပ်ဆောင်လျှက်ရှိပြီး အောင်မြင်မှုများလည်းရရှိနေပါသည်။ ထို့ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများမလုပ်ဆောင်မီအချိန်နှင့် နှိုင်းယှဉ်လျှင် ယခုအချိန်တွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများအလွန်ပင် တိုးတက်ကောင်းမွန်လာကြောင်းတွေ့မြင်ရပါမည်။"***
>
> **- ဗိုလ်မှူးကြီး သိန်းညွန့် ၊ နအဖ အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌါန (ဧပြီလ ၂၀၀၆)**[၅]

မြန်မာနိုင်ငံတွင် မဆလ ၊ နဝတ သို့မဟုတ် နအဖ စစ်အစိုးရများမှ အကောင်အထည်ဖော်လုပ်ကိုင်နေသော ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒသည် စစ်အုပ်ချုပ်ရေးကို အထောက် အကူဖြစ်စေရန် နှင့် ပြည်သူလူထု မငြိမ်မသက်မှု လျှော့နည်းစေရန် စသည့် အချက်နှစ်ချက်ကို အဓိကအခြေခံထားပါသည်။ နိုင်ငံတော်အဆင့်မှ တရားဝင် ထုတ်ပြန်သော အမိန့်အာဏာဖြင့်သော်လည်းကောင်း ဒေသခံအာဏာပိုင်များမှ မလုပ်မနေရ ထုတ်ပြန်သော အမိန့်အာဏာဖြင့်သော်လည်းကောင်း အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသော အထက်ပါ စစ်အစိုးရ၏ မူဝါဒများသည် ဒေသခံလူထုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို ထည့်သွင်းမစဉ်းစားဘဲ လှစ်လျူရှုထားပါသည်။ ထို အကျိုးအပြစ်များကြောင့် သဘာဝ ပတ်ဝန်းကျင် ၊ ယဉ်ကျေးမှု ၊ လူမှုရေးနှင့် ဘဝရှင်သန်နေထိုင်မှု အခက်အခဲများကို ဖြစ်ပေါ်စေပါသည်။ နအဖ အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ သည် ပြည်သူများအတွက် အကျိုးမရှိစေကြောင်း ပြည်သူလူထုမှ သိရှိလာသကဲ့သို့ပင် စစ်ဗိုလ်များသည် ပြည်သူလူထုမှအမိန့်နာခံ လုပ်ဆောင်ရန် အလွဲသုံးစားပြုမှုများကိုကျူးလွန်လျှက်ရှိပါသည်။

[၅] နအဖ၏ ၄/၂၀၀၆ သတင်းစာရှင်းလင်းပွဲမှ အမေးအဖြေများ။ ဧပြီလ ၂၇ ရက် ၂၀၀၆ Accessed at www.myanmar.com/pressconference/ index.html on February 7th 2007.

အထူးသဖြင့် စစ်အစိုးရမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျူးလွန်လေ့ရှိသော အလွဲသုံးစားမှုများမှာ ပြည်သူလူထုပိုင်ဆိုင်သော မြေယာများ ကို လျော်ကြေးငွေမပေးဆောင်ဘဲ အတင်းအကျပ် သိမ်းယူခြင်း ၊ လူထုပိုင်ဆိုင်သောပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း ၊ အတင်းအကျပ် နေရာ ရွှေ့ပြောင်းနေထိုင် စေခြင်း ၊ အတင်းအဓမ္မ အခွန်ငွေများ ကောက်ခံခြင်းနှင့် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း စသည်တို့ ဖြစ်ပါသည်။ ထို့အပြင် အခြားသောအကြမ်းဖက် အလွဲသုံးစားမှုများကို လည်း နအဖမှ ပြုလုပ်လေ့ရှိပါသည်။ ကရင်ပြည်နယ်ရှိ ကျေးရွာများတွင် နေထိုင်သော ပြည်သူများသည် စစ်တပ်၏ ဖမ်းဆီးနှိပ်စက်မှု ၊ အမျိုးသမီးများ အပေါ် မတရားပြု ကျင့်မှု ၊ သတ်ဖြတ်မှုနှင့် မြေမြုပ်မိုင်းများ၏ အန္တရာယ် စသည်တို့နှင့် အစဉ်အမြဲ ရင်ဆိုင်နေ ရပါသည်။ စစ်သားများသည် သာမန်ပြည်သူလူထုမှ အကြမ်းမဖက်ဘဲ ခုခံတွန်း လှန်မှုများအပေါ် တုန့်ပြန်ရန်နှင့် ၄င်းတို့နှင့် ပူးပေါင်းမှုမရှိခြင်း စသည့်အချက်များကြောင့် မြေမြုပ်မိုင်းများကို အသုံးပြုပါသည်။ စစ်အစိုးရသည် ၄င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို အကောင်အထည်ဖော်ရန် အထက်ပါ အလွဲသုံးစားပြုမှုများကို မဖြစ်မနေ အသုံးပြုလျက် ရှိပါသည်။ စစ်အစိုးရ၏ မူဝါဒများသည် စစ်တပ်၏ ဖိနှိပ်အုပ်ချုပ်မှု အောက်တွင် အသက်ရှင်နေ ထိုင်နိုင်ရန် ကြိုးပမ်းနေကြသောပြည်သူများအပေါ် ထိန်းချုပ်နိုင်ရန်ရည်ရွယ်ထားပါသည်။

## ၃။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသောအလွဲသုံးစားမှုများ

### လမ်းများဖောက်လုပ်ခြင်း

***"ကျေးလက်ဒေသများရှိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ကျေးလက်ရှိပြည်သူများနှင့် ဘဝတိုးတက် မြင့်မားလာပေမည်။"***

**-နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (အောက်တိုဘာ ၂၀၀၆)[၃၆]**

***"ဤကားလမ်းသည် ကျွန်တော်တို့အတွက်အကျိုးမရှိပါ။ ဤလမ်းဖောက်လုပ်ရန် ရွာသူ၊ရွာသားများ၏ စိုက် ခင်းများနှင့် သီးနှံများ ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ ကားလမ်း ဖောက်လုပ်ရန် လမ်းနှင့်မလွတ်ကင်းသော သီးပင်များနှင့် သစ်ပင်များကို အတင်းအကျပ်ခုတ်လှဲစေပါသည်။ အချို့သစ်ပင်နှင့် ဥယျာဉ်ခြံမြေရှိ သီး ပင်၊ စားပင်များကို ရွာသူ၊ ရွာသားများကိုယ်တိုင် စစ်တပ်၏ အတင်းအဓမ္မစေခိုင်းမှုကြောင့် ခုတ်လှဲခဲ့ရပါသည်။ အချို့သစ်ပင်များကို နအဖ စစ်သားများ ကိုယ်တိုင်ခုတ်လှဲကြပါသည်။"***

**-စော---(ကျား ၊ ၂၆ ) ၊ ---ရွာ ၊ တောင်ငူခရိုင် (၂၀၀၆)**

နအဖ အစိုးရ၏ သတင်းစာရှင်းလင်းပွဲနှင့် နအဖမှ ထုတ်ပြန်သော စာနယ်ဇင်းများတွင် ကျေးလက်ဒေသ များအတွက် လမ်းများဖောက်လုပ်ခြင်းကို အလေးပေးပြောကြား လေ့ရှိပါသည်။ လမ်းများဖောက်လုပ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ 'လူနေမှုဘဝ မြင့်မားလာနိုင်ပြီး' 'နိုင်ငံတော်ကိုလည်း ဖွံ့ဖြိုးတိုးတက်' စေကြောင်း နအဖမှ ပြောဆိုလေ့ရှိပါသည်။ နအဖ ပြောဆိုလိုသည်မှာ ကျေးလက်ဒေသများတွင် လမ်းများတိုးချဲ့ဖောက် လုပ်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူနေမှု အဆင့်အတန်းကို မြင့်မားလာစေ မည် ဟူ၍ ဖြစ်ပါသည်။ The New Light of Myanmar သတင်းစာတွင် ရေးသားဖော်ပြခဲ့သော ဇန်နဝါရီလ ၂၀၀၇ ခုနှစ်တွင် ဗိုလ်ချုပ် မှူးကြီးသန်းရွှေ၏ အောက်ပါပြောဆိုချက်များကို ဥပမာအဖြစ် တွေ့ မြင်နိုင်ပါသည်။

***" တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ မှ နေ့စဉ် နှင့်အမျှ စီးပွားရေးနှင့် လူမှုရေး အခြေခံ အဆောက်အအုံများကို လျင်မြန်စွာတည်ဆောက်လျက်ရှိပါသည်။ ကျေးရွာတစ်ရွာနှင့် အခြားကျေးရွာ တစ်ရွာအကြားလမ်းများ ဖောက်လုပ်ခြင်း ၊ အဝေးပြေးကားလမ်းမများဖောက်လုပ်ခြင်း ၊ မြစ်ချောင်းများကို ဖြတ်ကျော်ပြီး တံတားများ ဖောက်လုပ်ခြင်း ၊ မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း ၊ သင်္ဘောဆိပ်ကမ်းများ ပိုမိုကောင်းမွန်စေရန် တိုးချဲ့လုပ်ဆောင်ခြင်း နှင့် လေဆိပ်များကို အဆင့်အတန်း ပိုမို မြင့်မားလာစေရန် တိုးချဲ့ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို အစိုးရမှ လုပ်ကိုင်လျှက်ရှိပါသည်။ ဤသို့ဖြင့် အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် လုပ်ဆောင်သည်သာမက ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားများအကြား ချစ်ကြည် ရင်းနှီးမှုတည်ဆောက်နိုင်ရန်အတွက် တိုင်းပြည်၏ လူမှုရေးအခြေခံအဆောက်အအုံများကို တည်ဆောက် နေခြင်း ဖြစ်ပါသည်။"***[၃၇]

[၃၆] Quoted in "Development of a country depends in progress  of rural areas, and development of urban areas are underpinned by economic infrastructres in rural areas Senior General Than Shwe attends Meeting No 1/2006 of Central Committee  for Develoment of Border Areas and National Races," *The New Light of Myanmar*, October 4th 2006.

[၃၇] Than Shwe, "Powerful countries interferring [sic] in internal affairs of others Young generation are duty-bound to safeguard independence and sovereignty," *New Light of Myanmar*, January 4th 2007.

အစိုးရမှ ဤကဲ့သို့ လမ်းများတိုးချဲ့ ဖောက်လုပ်ခြင်းကြောင့် ကူးသန်းရောင်းဝယ်မှု တိုးတက်လာခြင်း ၊ ခရီးသွားလာမှု လွယ်ကူလာခြင်း နှင့် ဆက်သွယ်ရေး ပိုမိုကောင်းမွန် လာခြင်း စသည့် အကျိုးကျေးဇူးများကို ဒေသခံ ပြည်သူများမှ ခံစားရရှိကြရမည်ဖြစ်သော်လည်း ဒေသခံပြည်သူများကမူ အကျိုးကျေးဇူး ခံစားရကြောင်း ပြောဆိုခြင်းမရှိ ပါ။ သို့သော် ကရင်ပြည်နယ် ကျေးလက်ဒေသများရှိ ပြည်သူများမှ နအဖနှင့် ဒီကေဘီအေ တပ်ဖွဲ့များ၏ စနစ်တကျ အလွဲသုံးစားမှုများကိုသာ ပြောဆိုကြပါသည်။ လမ်းများ ဖောက်လုပ်ရေး စီမံကိန်းများကြောင့် နအဖနှင့် ဒီကေဘီအေတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ ဘဝကို ပိုမိုချုပ်ကိုင်လာနိုင်ပြီး ပြည်သူများမှ အလွဲသုံးစားမှုများကို ရှောင်လွှဲနိုင်ရန်နှင့် ခုခံတွန်းလှန်နိုင်ရန် လုပ်ဆောက်မှုများအပေါ် စစ်တပ်မှ ၎င်းတို့၏ဘဝနှင့် မြေယာများကို ထိန်းချုပ်ထားမှုများပြားလာခြင်းက အနှောက်အယှက်အတားအဆီးဖြစ်စေပါသည်။

## လမ်းများဖောက်လုပ်ခြင်းကြောင့် ပြည်သူများခံရသော တိုက်ရိုက်အလွဲသုံးစားမှုများ

> *"ပြည်တွင်းဒေသများနှင့် နယ်စပ်ဒေသများကို ဆက်သွယ်နိုင်ရန် အချို့အရေးပါသောနေရာများတွင် ရာသီမ ရွေး အသုံးပြုနိုင်သောလမ်းများကို ဖောက်လုပ်လျှက်ရှိသည်။ ထို့ကြောင့် ပြည်တွင်းနှင့် နယ်စပ်ဒေသများအ ကြား ကူးသန်းရောင်းဝယ်မှု ပိုမိုများပြားလာပြီး ကျေးလက်ဒေသများသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်း ကြောင်း ပေါ်သို့ရောက်ရှိနေပါသည်။"*

*-နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (အောက်တိုဘာ ၂၀၀၆)*[၃၈]

> *" ဒီဇင်ဘာလ ၂၀၀၅ ခုနှစ်တွင် နအဖ အမှတ်(၄၄) ခြေမြန်တပ်မမှ တပ်မမှူး ဇော်မင်းထွန်းသည် လ--- ရွာသားများကို လမ်းပြုပြင်ရန် စေခိုင်းခဲ့ပါသည်။ ဤလမ်းသည် ကျိုက်ကော်မှ ယောရှမ်းရွာအထိ ရှည်လျားပါသည်။ ရွာသားများမှ ဤလမ်းကို နှစ်စဉ် ပြုပြင်ရပါသည်။ ယခု နှစ်တွင် လ---ရွာသားများကို လ ---ရွာမှ န--- ရွာ အထိ ရှည်လျားသော လမ်းပိုင်းကိုပြုပြင်ရန် ၎င်းစစ်တပ်မှ စေခိုင်းခဲ့ပါသည်။ ဤ လမ်းပိုင်းကို ပြုပြင်ရန် အချိန် ၄ ရက် ကြာမြင့် ခဲ့ပါသည်။ နေ့စဉ် ရွာသား ၄၀ ဦးတို့သည် ဤလမ်းပိုင်းပြုပြင် ရန် လုပ်ဆောင်ခဲ့ရပါသည်။ ရွာသားများသည် နအဖအတွက် လမ်းများ ဖောက်လုပ်ရသော် လည်း နအဖမှ စားနပ်ရိက္ခာ မထုတ်ပေးသောကြောင့် ရွာသားများ မိမိရိက္ခာ မိမိစားသောက်ပြီး လမ်းပြုပြင်ခဲ့ရပါသည်။ နအဖမှ ရွာသားများကို ငွေကြေးထောက်ပံ့မှုလည်း မပေးခဲ့ပါ။"*

*-စော ---( ကျား ၊ ၄၂ ) ၊---ရွာ ၊ သထုံ ( ဇန်နဝါရီ ၂၀၀၆)*

နအဖ၏ လမ်းဖောက်လုပ်ရေး စီမံကိန်း၏ ဆိုးကျိုးကို ပထမဦးစွာ ခံစားရသောသူများမှာ စစ်တပ်၏ ထိန်းချုပ်မှု အောက်တွင် နေထိုင်ကြသော အနီးဝန်းကျင်မှ ရွာသူ၊ ရွာသားများ ဖြစ်ပါသည်။ အဆိုပါ ရွာသူရွာသား များသည် စစ်တပ်အတွက် ပေါ်တာထမ်းပေးရခြင်း ၊ စစ်သားများမှ ကျေးလက်ဒေသများသို့ ပိုမို သွားလာလှုပ်ရှားနိုင် ရန်အတွက် လမ်းပြနှင့်ဆက်သားများအဖြစ် ဆောင်ရွက်ပေးရခြင်း ၊ လမ်းသစ်များဖောက် လုပ်နိုင်ရန် ဆောင်ရွက် ပေးရခြင်းနှင့် စစ်စခန်းအသစ်များဆောက်လုပ်ပေးရခြင်း စသည်တို့ကို လုပ်ဆောင်ရပါသည်။ ထို့အပြင် ဒေသခံ ရွာသားများသည် စစ်သားများအတွက် စားနပ်ရိက္ခာနှင့် အထောက်အပံ့ပစ္စည်းများကို ပေးဆောင်ရပါသည်။

---

[၃၈] "Development of a country depends on progress of rural areas, and development of urban areas are underpinned by economic infrastructures in rural areas Senior General Than Shwe attends Meeting No 1/2006 of Central Committee for Development of Border Areas and National Races," *The New Light of Myanmar*, October 4th 2006.

ထိုကဲ့သို့ ပေးဆောင်ခြင်းများအတွက် ငွေကြေးရရှိခြင်းမရှိဘဲ တောင်းဆိုမှုများကို မပေးဆောင်ပါက စစ်သားများ၏ ခြိမ်းခြောက်မှုကိုခံကြရပါသည်။ လမ်းသစ်များဖောက်လုပ်ရန် နှင့် စစ်အခြေစိုက် စခန်းသစ်များဆောက်လုပ်ရန် စစ်တပ်များသည် ရွာသားများပိုင်ဆိုင်သောမြေယာများကို အတင်းအဓမ္မသိမ်းယူပါသည်။ ဖောက်လုပ်ပြီးသော လမ်းများလုံခြုံရေးနှင့် လတ်တလော သိမ်းယူပြီးသော မြေယာများကို ကာကွယ်ရန်အတွက် လမ်းတစ်လျှောက် စစ်စခန်းသစ်များဆောက်လုပ်ရခြင်းဖြစ်ကြောင်း စစ်တပ်မှ အကြောင်းပြပါသည်။ ရံဖန်ရံခါ ဆိုသလို လမ်းများ ဖောက်လုပ်ရန် ဘူဒိုဇာစက်ကြီးများ ရောက်ရှိလာသည့်တိုင် ရွာသားများသည် မိမိတို့ ပိုင်ဆိုင်သောမြေယာများ သိမ်းယူခြင်းခံရမည်ကို မသိရှိကြပါ။ သိမ်းယူခြင်းခံရသော မြေယာများအတွက် လျော်ကြေးငွေများကို ရွာသားများ မှ မရရှိသည်သာမက စစ်တပ်မှထုတ်ပြန်သော အမိန့်အာဏာအတွက် တရားမျှတမှုရှိရန် ရွာသားများမှာ မည်သို့မျှ မလုပ်ဆောင်နိုင်ပေ။

နအဖ စစ်အစိုးရမှ ကရင်ပြည်နယ်တစ်လွှား လမ်းပေါင်းများစွာ တိုးချဲ့ဖောက်လုပ်လျက်ရှိသော်လည်း ဖာပွန်ခရိုင် တွင် စစ်တပ်မှ လမ်းဖောက်လုပ်ပြီးနောက် ဖြစ်ပေါ်လာ သော ပျက်စီးမှု အကျိုးအပြစ်ကို ထင်းရှားစွာ တွေ့မြင်ကြရ ပါမည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ စ၍ အမှတ် ၄၃၄ ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး ထွန်းထွန်းဦး ဦးဆောင်၍ သံလွင်မြစ်သို့ စီးဝင်ရန် တောက်ဘက်သို့ စီးဆင်းလာသော ယွန်းစလင်း မြစ်ကြောင်းတစ်လျှောက် ဖာပွန်မြို့ မှ ကမမောင်းသို့ သွားရာကားလမ်းကို ပြန်လည်ပြုပြင် ခဲ့ကြပါသည်။ ၎င်းကားလမ်းဖောက်လုပ်ရာတွင် ဦးစွာပထမ လမ်းမျက်နှာပြင် ညီညာစေရန် ကျောက်တုံးများခင်းပြီး နောက်မှ ကတ္တရာ လောင်းပါသည်။ လမ်းခင်းရန် ကျောက် တုံးများ ကောက်ယူစုဆောင်းရာတွင် စစ်သားများသည် ရွာသားများ မိမိလယ်မြေသို့ ရေသွင်းရန် ပြုလုပ်ထားသော ရေသွင်းမြောင်းများမှ ကျောက်တုံးများကို ကောက်ယူသုံးစွဲခြင်းကြောင့် ရေသွင်းမြောင်းများပျက်စီးရပါသည်။ ထို့အပြင် ထိုဒေသ တစ်ခုလုံးရှိ စိုက်ခင်းများကို ရေပေးဝေနေသော ဘီးလင်းမြစ် ရေကာတာမှ ကျောက်တုံး တစ်ချို့တစ်ဝက်ကိုလည်း ဖြုတ်ယူကြပါသည်။ ထို့နောက် စစ်သားများသည်လမ်းခင်းရန် ထိုကျောက်တုံးများကို သယ်ယူခြင်းမပြုမှီ ရွာသားများ၏ လယ်ကွက်များပေါ်တွင် စုပုံထားရှိပါသည်။

ရွာသားတစ်ဦးမှ ပြောဆိုတင်ပြထားသည်မှာ "လွန်ခဲ့သောနှစ်များတွင် စစ်သားများသည် ကျောက်တုံးများကို ကျွန်တော်တို့၏ လယ်ကွင်းများတွင်စုပုံထားရှိပါသည်။ ထို့နောက် စုပုံထားသောကျောက်တုံးများအားလုံးကို လမ်းခင်းရန် သယ်ဆောင်ခြင်းမပြုကြပါ။ ထို့ကြောင့် ကျွန်တော်တို့သည် သီးနှံစိုက်ပျိုးရန်အတွက် လယ်ထွန်နိုင်ရန် ၎င်းကျောက်တုံးများကို ပြန်လည်ဖယ်ရှားပစ်ရပါသည်။ ဤကဲ့သို့ ကျောက်တုံးများကိုဖယ်ရှားခြင်းမပြုပါက လယ်ကွင်းများကို စိုက်ပျိုးရန်အတွက် အသုံးမပြုနိုင်ပါ။ ယခုအချိန်တွင် ကျွန်တော်တို့၏ ရေသွင်းစိုက်ပျိုးနိုင်သော လယ်ယာမြေများ ပျက်စီးဆုံးရှုံးရမည်ကို စိုးရိမ်လျှက်ရှိပါသည်။ ကျွန်တော်တို့၏ လယ်မြေများ ပျက်စီးပါက စစ်သား များမှ ပြန်လည်ပြုပြင်ပေးမည် မဟုတ်ပါ။" စစ်အစိုးရသည် လမ်းဖောက်လုပ်ရန် မတောနှင့် ကူးဆိပ် ဒေသများရှိ ရွာသားများပိုင်ဆိုင်သော လယ်ကွင်းများကို ဖြတ်ပြီး မြေ များကို ဘူဒိုဇာ စက်ကြီးများဖြင့် ထိုးထုတ် ရှင်းလင်းပစ်ပါသည်။ စစ်အစိုးရသည် လမ်းများဖောက်လုပ်ရန် ဖာပွန် ၊ ကမမောင်း ကားလမ်းတစ်လျှောက်ရှိ ရွာသူ၊ရွာသား များ၏ လယ်ကွင်းများကို ဖျက်ဆီးခြင်း ၊ စိုက်ပျိုးရေး ရေသွင်းမြောင်းများနှင့် ရေကာတာများကို

ဖျက်ဆီးခြင်း စသည့် ၄င်းတို့၏ လုပ်ဆောင်မှုများကြောင့် ရွာသူ၊ရွာသား များအတွက် စားနပ်ရိက္ခာ မလုံလောက်မှု ဖြစ်ပေါ်စေမည်ကို သေချာစွာ သိရှိပါသည်။[၃၉]



**မတ်လ ၁၅ ရက် ၂၀၀၅ ခုနှစ်တွင် နအဖ စစ်အစိုးရ၏ စောမြင့်သောင်း ခေါင်းဆောင်သောအမှတ် (၃၄၁ ) ခြေမြန်တပ်ရင်းမှ စစ်သားများသည် မတော-ကူးဆိပ်ဒေသရှိ ဖာပွန်-ကမမောင်း ကားလမ်းပိုင်းကို ပြုပြင်ရန် လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ပါသည်။ စစ်သားများသည် မြစ်ကမ်းဘေးမှ ကျောက်တုံးများ ၊ ရွာသူရွာ သားများ၏ စိုက်ပျိုးရေး ရေသွင်းမြောင်းများမှ ကျောက်တုံးများ ၊ ဆည်မြောင်းရေကာတာမှ ကျောက်တုံးများ ကိုကောက်ယူပြီး လမ်းခင်းရန်အသုံးပြုသောကြောင့် လယ်ကွင်းများစွာအတွက် ရေသွင်းစိုက်ပျိုးရေးစနစ် များကို ပျက်စီးစေပါသည်။ ထို့နောက် စစ်သားများသည် အထက်ပါဓာတ်ပုံတွင် တွေ့မြင်ရသည့်အတိုင်း ကောက်ယူထားသော ကျောက်တုံးများကို ကော်ကလားရွာ အနီးရှိ ရွာသူ၊ရွာသား များ၏ လယ်ကွင်းများအလယ်တွင် စုပုံထားပါသည်။ အထက်ပါဓာတ်ပုံကို ရိုက်ကူးချိန်သည် ၂၀၀၅ ခုနှစ် ဇွန်လ ဖြစ်ပြီးမိုးရာသီသို့ စတင် ရောက်ရှိလာပြီ ဖြစ်သောကြောင့် စပါးစိုက်ပျိုးရန်အချိန် ဖြစ်ပါသည်။ သို့သော် စစ်သားများသည် လယ်ကွင်းများတွင်စုပုံထားသော ကျောက်တုံးများကို လာရောက်သယ်ယူခြင်းမပြုပါ။ ရွာသားများသည် မိမိတို့လယ်မြေတွင် သီးနှံစိုက်ပျိုးနိုင်ရန် ကျောက်တုံးများကို ဖယ်ရှားကြရမည်ဖြစ်သော်လည်း စစ်သားများ ပြန်လာပြီး ၄င်းတို့ ကောက်ယူစုပုံထားသောကျောက်တုံးများကို မတွေ့ရှိပါက ရွာသားများအပြစ်ပေးခံရမည်ကို စိုးရိမ်ကြောက်ရွံ့ကြသောကြောင့်ရွာသားများသည် အခြေအနေအကျဉ်းအကျပ်နှင့်ကြုံတွေ့နေရပါသည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့)**

စစ်တပ်မှ ကားလမ်းဖောက်လုပ်ရန် ဘူဒိုဇာ စက်ကြီးများ ရောက်ရှိလာသောအခါ စစ်တပ်သည် ရွာသူ၊ရွာသား များ၏ စိုက်ခင်းများ ၊ ရေသွင်းမြောင်းများ ၊ ဥယျာဉ်ခြံမြေများ၊ ရွာများနှင့် ကျွဲ ၊ နွား စားကျက်များ စသည်ဖြင့် ဂရုစိုက် ရှောင်ကျဉ်ခြင်းမရှိဘဲ လမ်းနှင့်မလွတ်ကင်းသောမြေနေရာမှန်သမျှကို ဘူဒိုဇာ စက်များဖြင့် ဖျက်ဆီးပစ်ပါသည်။ ရွာသူ၊ရွာသားများသည် လမ်းဖောက်လုပ်ရန် ချုံနွယ်သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ပေးရခြင်း၊ လမ်း

[၃၉] ဖာပွန်–ကမမောင်းကားလမ်းတည်ဆောက်ခြင်းနှင့်ပက်သက် ၍ပိုမိုသိရှိလိုပါကမေလ ၂၀၀၅ခုနှစ်တွင်ကရင်လူ့အခွင့်အရေးအဖွဲ့မှထုတ်ပြန်သော Papun District: Forced Labour, looting and Road Construction in SPDC- Controlled Areas အစီရင်ခံစာတွင်ဖတ်ရှုနိုင်ပါသည်။

ဘေးရေမြောင်းများကို ဖောက်လုပ်ပေးရခြင်း၊ ကျောက်တုံးများကို လူအားဖြင့်ထုခွဲပြီး လမ်းခင်းပေးခြင်းဖြင့် ဘူဒိုဇာအတွက် လောင်စာဆီများကို စစ်ဗိုလ်များက ကိုယ်ကျိုးအတွက်ရောင်းစားခြင်း စသည့်အလွဲသုံးစား မှုများလည်း ဖြစ်ပေါ်လေ့ရှိပါသည်။ သို့မဟုတ် ရွာလူကြီးများကို စစ်ဗိုလ်များမှ မိမိရွာသားများကို လူလုပ်အားဖြင့် လမ်းဖောက်စေမည်လော၊ ဘူဒိုဇာ ငှါးရမ်းပြီး လောင်စာဆီအတွက် ငွေကြေး ပေးမည်လော ဟူ၍ ရွေးချယ်ရန် နည်းလမ်းနှစ်ခု ပေးပါသည်။ အချို့ လမ်းများဖောက်လုပ်ရာတွင် ဘူဒိုဇာ စက်ကြီးများ လုံးဝအသုံးမပြုဘဲ လူ့လုပ်အားဖြင့်သာ ဖောက်လုပ်ရပါသည်။ စစ်သားများသည် အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ပါမကျန် ရွာသူရွာသားများအားလုံးကို တစ်ချိန်က ၄င်းတို့ပိုင်ဆိုင်ခဲ့သော မြေယာ များပေါ်တွင် လမ်းများဖောက် လုပ်စေခြင်းနှင့် ၄င်းတို့လယ်ကွင်းများသို့ ရေသွင်းရန် ပြုလုပ်ထားသောဆည်မြောင်း၊ ရေသွင်းမြောင်းများမှ ကျောက်တုံးများကိုယူဆောင်ပြီး လမ်းခင်းစေပါသည်။

***"စပါးစိုက်ပျိုးနိုင်သော လယ်ကွက်သုံးဆယ် ထပ်မံ ပျက်စီးရန် ရှိနေပါသည်။ ၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်တွင် စစ်တပ်၏ လမ်းတည်ဆောက်ရေး လုပ်ငန်း များကြောင့် ကျွန်တော်တို့၏ လယ်ကွက်အချို့ ပျက်စီးခဲ့ရပါသည်။ အချို့ ပျက်စီးသွားသော လယ်ကွက်များကို ပြန်လည်၍ အသုံးမပြု နိုင်တော့ပေ။ အချို့ လယ်ကွက်များကိုမူ ပြန်လည် ပြင်ဆင်ခဲ့ရပါသည်။ အချို့ ရွာသားများသည် မိမိတို့၏ ပျက်စီးသွားသော လယ်ကွက်များကို ပြန်လည်ပြုပြင်ရန်အတွက် အလုပ်သမား ငှါးရမ်းစားရိတ် မရှိသောကြောင့် မိမိပိုင် အိမ်မွေးတိရစ္ဆာန်များကို ရောင်းချခဲ့ရပါသည်။"***

**-စော---(ကျား)၊---ရွာ၊ ဖာပွန်ခရိုင် (ဒီဇင်ဘာ ၂၀၀၅)**

***"အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားပေး[၄၀] (အတင်းအဓမ္မ စေခိုင်းစေခြင်း) ပိုမိုလုပ်ကိုင် ကြပါသည်။ ဥပမာအားဖြင့် လမ်း ဘေးချုံနွယ်များ ရှင်းလင်းပေးခြင်း၊ အင်ဖက်များ၊ ငှက်ပျောသီးများ သို့မဟုတ် အုန်းသီးများကို သယ်ယူပေးရခြင်း စသည်တို့ကို လုပ်ကိုင်ကြပါသည်။ သို့သော် ပိုမိုကြမ်း တမ်းသော အလုပ်များကို အမျိုးသားများက လုပ်ဆောင်ရပါသည်။ စစ်တပ်မှ စေခိုင်းသောအလုပ်မှန်သမျှ လုပ်ဆောင် ပေးရပါသည်။"***

**-နော်--- (မ၊ ၃၅) ၊ ---ရွာ၊ ဖာပွန်ခရိုင် (မတ်လ ၂၀၀၆)**

နအဖ အစိုးရသည် ၁၉၉၉ ခုနှစ်တွင် အတင်းအဓမ္မစေခိုင်းမှုကို တရားဝင်ပိတ်ပင်တားမြစ်သော အမိန့်ကြေငြာ စာ အမှတ် ၁/၉၉ ကို ထုတ်ပြန်ခဲ့သော်လည်း စစ်တပ်ဖွဲ့ များသည် လမ်းများဖောက်လုပ်ရန် ရွာသူရွာသားများကို အတင်းအဓမ္မလုပ်အားပေးစေခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင်လည်း အမိန့် ကြေငြာစာ အမှတ် ၁/၉၉ ကို ထပ်မံတိုး ချဲ့သောဥပဒေနှစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ထို ဥပဒေများအရ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းသောသူ မည်သူကိုမဆို ရာဇဝတ်မှု ကျူးလွန်သူဟု သတ်မှတ်ပါသည်။[၄၁] ကရင်ပြည်နယ်ရှိ ကျေးရွာများနှင့် ကျေးရွာအုပ်စု သူကြီးများသည် ၄င်းအမိန့်ကြေငြာစာ မိတ္တူများကို လက်ခံရရှိ ခဲ့ကြပါသည်။ သို့သော် ရွာသူရွာသားများ အတင်းအဓမ္မစေခိုင်းခြင်း ခံရသောအခါ ရွာသူကြီးများက ဒေသခံစစ်ဗိုလ်များကို ၄င်းအမိန့်ကြေငြာစာ မိတ္တူကို သွားရောက်ပြသပြီး အတင်းအဓမ္မစေခိုင်းခြင်းသည် ဥပဒေ ချိုးဖောက် ကြောင်း ပြောဆိုတင်ပြ ပါသည်။ သို့သော်

[၄၀] 'လုပ်အားပေး' ဟူသော မြန်မာစကားလုံး၏ မူရင်းအဓိပ္ပါယ်မှာ ဘုရား၊ ကျောင်း၊ ကန်များနှင့် ကျေးရွာ အဆောက်အဦးများတည်ဆောက်ရန် မိမိစေတနာဖြင့် မိမိဆန္ဒ အလျှောက်ပါဝင်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ နအဖ အစိုးရမှာမူ ပြည်သူများအား အခကြေးငွေမပေးဘဲ အတင်းအဓမ္မစေခိုင်းခြင်းတွင် လုပ်အားပေးဟူသောစကားလုံးကိုအ သုံးပြုပါသည်။ ထို့ကြောင့် ရွာသူရွာသားအတွက် လုပ်အားပေးဟူသောအသုံးအနှုန်းသည် အတင်းအဓမ္မစေခိုင်းခြင်းဟုပင် အဓိပ္ပါယ်သက်ရောက်ပါသည်။

[၄၁] *Forced Labour Orders Since the Ban* (Karen Human Rights Groups, February 2002), Appendix B.

စစ်ဗိုလ်များမှ ရွာသူကြီးများအား “ဤအမိန့် ကြေငြာစာကို ငါတို့အားလာမပြပါနှင့်။ ဤအရာများနှင့် ပက်သက်၍ ငါတို့ဘာမျှ မသိပါ။ ငါတို့ရဲ့ အထက်အရာရှိကြီးများကို သွားပြကြပါ”[၄၂] ဟု ပြန်လည် ပြောဆိုပါသည်။ ကျေးရွာသူကြီးများသည် မြို့များတွင် အခြေစိုက်နေထိုင်သော စစ်တပ် အထက်အရာရှိကြီးများကို ထပ်မံတိုင်ကြားလျှင်လည်း အခြေအနေပို၍ ထူးခြားလာမည်မဟုတ်ဟု ထင်မြင်ကြသောကြောင့် ထပ်မံတိုင်ကြားခြင်း မပြုကြပါ။ သို့မဟုတ် ရွာသူကြီး များမှ အထက်အရာရှိကြီးများကို ထပ်မံတိုင်ကြားလျှင် ဒေသခံ စစ်ဗိုလ်များသည် ၎င်းတို့ကို အနှောက်အယှက် ပြန်ပေးမည်ကို စိုးရိမ်ကြ၍ မတိုင်ကြားကြပါ။ ရွာသူကြီးများ သည် အထက်အရာရှိကြီးများကို ထပ်မံတိုင်ကြားမှု မပြုခြင်းသည် မှန်ကန်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် စစ်အစိုးရသည် ၂၀၀၀ ခုနှစ်မှ စ၍ အတင်း အဓမ္မစေခိုင်းသူများကို ဥပဒေအရအရေးယူမည်ဟု  အမိန့်ထုတ်ပြန်ခဲ့သော်လည်း ယခုအချိန်အထိ မြန်မာနိုင်ငံတစ်ဝှမ်း မည်သည့်စစ်အရာရှိကိုမျှ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းကြောင့် ရုံးတင်စစ်ဆေး အပြစ်ပေးခြင်း မရှိပါ။[၄၃]

ထို့ကြောင့် လမ်းများဖောက်လုပ်ရန်အတွက် ပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းသည် အတားအဆီးမရှိ ဆက်လက်ဖြစ်ပွားလျှက် ရှိပါသည်။ ထို့အပြင် လုပ်အားပေးစေခိုင်းခံရသော ရွာသူ၊ရွာသားများသည် လုပ်အားပေးနေစဉ် စားသောက်ရန် စားနပ်ရိက္ခာ ရေများနှင့် လိုအပ်သော ပေါက်တူး၊ ဂေါ်ပြား စသော ပစ္စည်း ကိရိယာများကိုလည်း ကိုယ်တိုင် ယူဆောင်လာရပါသည်။

> ***“လွန်ခဲ့သော ဧပြီလ ၂၀၀၆ ခုနှစ်တွင် ကျွန်မတို့ ရွာသူ၊ရွာသားများသည် ကော့ကရိတ်မှ သေးပန်းအထိ လမ်းဖောက်လုပ်ခဲ့ရပါသည်။ ရွာရှိအိမ်တိုင်းသွားရောက်လုပ်အားပေးရပါသည်။ ကျွန်မတို့သည် သဲ၊ ကျောက်တုံးနှင့် မြေကြီးများကိုသယ်ယူပြီး လမ်းပေါ်ရှိချိုင့်ခွက်များကိုဖို့ခဲ့ရပါသည်။ ဤကဲ့သို့ လုပ် အားပေးရက်ပေါင်းများစွာ လုပ်ဆောင်ခဲ့ရပါသည်။ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌ မှ အမိန့်ပေးစေခိုင်းခဲ့ခြင်း ဖြစ်ပါသည်။ ဤ သို့ လုပ်ဆောင်ပေးခြင်းဖြင့် မည်သည့် အဖိုးအခမျှ မရှိပါ။ အစားအသောက်များလည်း ထောက်ပံ့ခြင်းမရှိပါ။ ကော့ကရိတ်မြို့ အနီးဝန်းကျင်ရှိ ရွာများအားလုံး သည် လမ်းဖောက်လုပ်ရန် လုပ်အားပေးခဲ့ရပါသည်။”***
>
> **-ဒေါ်---(မ၊ ၄၅) ၊---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

အထက်ပါကဲ့သို့ လုပ်အားပေးလုပ်ဆောင်ရာတွင် ရွာသူ၊ရွာသားများသည် မြေမြှုပ်မိုင်း အန္တရာယ်နှင့် စစ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သော အစိုးရကို တွန်းလှန် တိုက်ခိုက်နေသောအဖွဲ့အစည်းများ၏ တိုက်ခိုက်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ အမှန်စင်စစ်ပင် စစ်တပ်သည် ၎င်းတို့၏ စစ်ကားကြီးများနှင့် လမ်းဖောက်ရာတွင် အသုံးပြုသောစက်ယန္တရားများကို ချုံခို တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် ပြည်သူများကို သက်ရှိ ဒိုင်းများအဖြစ် အသုံးပြုပါသည်။ သို့မဟုတ် ပြည်သူများကို မြေမြှုပ် မိုင်းများ ရှင်းလင်းရန် ၎င်းတို့ရှေ့မှနေ၍ လမ်းလျှောက်

[၄၂] *Eastern Pa’an District: Forced Labour, Food Security and the Consolidation of Control*, (Karen Human Rights Groups, May 2004).

[၄၃] မြန်မာနိုင်ငံတွင်စစ်အစိုးရမှအတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့်ပတ်သက်၍အစိုးရအရာရှိများကိုရုံးတင်စစ်ဆေးခဲ့သောအမှု၁၀ခုသို့မဟုတ် ၂၀ ခုခန့်ရှိခဲ့ပါသည်။ သို့သော် အတင်းအဓမ္မလုပ်အားပေးရန်စေခိုင်းမှုအများဆုံးပြုလုပ်နေသော စစ်တပ်အရာရှိများကိုမူတရားစွဲဆိုခဲ့ခြင်းမရှိပါ။ မတ်လ ၂၀၀၇ ခုနှစ်တွင် နအဖ စစ်အစိုးရသည ‘ILO မှ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုရှိ၊ မရှိစောင့်ကြည့်ရန်နှင့် ပြည်သူများမ ’ ILO သို့တိုင်ကြားနိုင်ကြောင်းသဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း ILO ဝန်ထမ်းများကိုလွတ်လပ်စွာလုပ်ဆောင်ခွင့်မပေးခြင်းနှင့်တိုင်ကြားမည့်ပြည်သူများ၏လုံခြုံရေးကိုအကာအကွယ်ပေးမှုမရှိခြင်းတို့ကြောင့်လက်တွေ့တွင် ILO၏လုပ်ငန်းစဉ်များကိုကရင်ပြည်နယ်ဒေသများတွင်အကောင်အထည်ဖော်ဆောင်နိုင်ခြင်းမရှိပေ။

အလုပ်လုပ်စေပါသည်။ ဤသည်ကို သက်ရှိလူသားများ အသုံးပြု၍ မြေမြှုပ်မိုင်းများ ရှင်းလင်းခြင်းလုပ်ငန်းဟု ခေါ်ဆိုပါသည်။

*"၂၀၀၃ နှင့် ၂၀၀၄ ခုနှစ် စစ်သားများ လမ်းဖောက်လုပ်စဉ်က ကေအန်ယူ စစ်သားများမှ ၎င်းတို့ကိုတိုက်ခိုက်ခြင်းမပြုခဲ့ပါ။ သို့သော် စစ် သားများသည် ချုံခို တိုက်ခိုက်ခြင်းမှ ကာကွယ်နိုင်ရန် ရွာသူ၊ရွာသားများကို လမ်းဘေးရှိ ချုံနွယ်များကို ခုတ်ထွင် ရှင်းလင်းစေခဲ့ပါသည်။ ထို့ နည်းတူ ရွာသူ၊ရွာသား ၃၊ ၄ ဦးတို့သည် ဘူဒိုဇာ စက်များနှင့် နေ့စဉ်လိုက်ပါ လုပ်အားပေးရပါသည်။ ကျွန်တော်တို့တွင် အနားယူရန် အချိန် မရရှိသည် သာမက မည်သည့်အဖိုးအခမျှ လည်း မရရှိပါ။ ရွာသူ၊ရွာသား အချို့တို့၏ စပါးခင်းများနှင့် ရေသွင်းမြောင်းများ ပျက်စီးခဲ့ရသော်လည်း စစ်တပ်မှ ပြန်လည်ပြင်ဆင်ပေးခြင်း မရှိပါ။ ရွာသားများကိုယ်တိုင် အပျက်အစီးများကို ပြန်လည်ပြုပြင်ခဲ့ရပါသည်။"*

-စော--- (ကျား)၊ ရွာသူကြီး ၊ ---ရွာ၊ ဖာပွန်ခရိုင် (ဇန်နဝါရီ ၂၀၀၆)

*"နအဖ ခြေမြန်တပ်မ ၆၆ မှ တပ်မမှူး မောင်မောင်အေးသည် မော်ဖားဒဲ ရွာမှ ရွာသားများ တစ်အိမ်လျှင် တစ်ယောက်ကျစီ ဘူဒိုဇာများနှင့် လိုက်ပါရန်အမိန့်ပေးခဲ့ပါသည်။ ရွာသားသုံးဦးသည် ဘူဒိုဇာပေါ်တွင် စီးနင်းလိုက်ပါရပြီး၊ ရွာသား ငါးဦးစီတို့သည် ဘူဒိုဇာ၏ ဘေးဘယ်ညာနှစ်ဘက်မှ လိုက်ပါလမ်းလျှောက်ရပါသည်။ ကျန်သော ရွာသားများသည် ဘူဒိုဇာ ရှေ့မှ လည်းကောင်း အနောက်မှ လည်းကောင်း လိုက်ပါလမ်းလျှောက်ရပါသည်။ နအဖ စစ်တပ်သည် ဝါသိုးခို ကျေးရွာ အနီးတွင် စစ်စခန်းအသစ်ကို လာရောက်ဆောက်လုပ်ပြီး ရွာသူ၊ရွာသားများ ပိုင်ဆိုင်သောမြေ ငါးဧကကို သိမ်းယူခဲ့ပါသည်။"*

-ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ ၊ တောင်ငူခရိုင် (ဖေဖော်ဝါရီ ၂၀၀၇)



**ဖေဖော်ဝါရီ ၂၀၀၆ ခုနှစ်တွင် ရိုက်ကူးထားသော အထက်ပါဓာတ်ပုံတွင် တွေ့မြင်ရသည်မှာ စစ်တပ်၏ အတင်းအကျပ်ခိုင်းစေမှုကြောင့် ရွာသူ၊ရွာသားများမှ ဖောက်လုပ်ခဲ့သော ကျိုက်ကော်-ကမမောင်း လမ်း၏အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။ ရွာသူ၊ရွာသားများသည် သထုံခရိုင်မှ ဖာပွန်ခရိုင် တောင်ပိုင်းအထိ ဖောက်လုပ်ခဲ့ရပါသည်။ ဤလမ်းပိုင်းသည် တခေါ်တိုး နှင့် မယ်ဘူးရွာအကြားရှိ လမ်းပိုင်းဖြစ်ပါသည်။ အောက်ပါပုံတွင် ရွာသူ၊ရွာသားများမှ လမ်းဘေးတစ်လျှောက် ရေစီးရန် မြောင်းများဖောက်လုပ် တူးဖော်နေပုံကို တွေ့မြင်ရပါမည်။ နအဖ စစ်တပ်နှင့် သတ်မှတ်ထားသော အချိန်အတွင်းပြီးစီးနိုင်ရန် ယောကျ်ား၊ မိန်းမနှင့် ကလေးများပါမကျန် အတင်းအဓမ္မလုပ်အားပေးလုပ်ကိုင်နေကြရပါသည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့ )**



*"ခြောက်သွေ့သော ရာသီသို့ရောက်ရှိလျှင် ရွာသူ၊ရွာသားများသည် ကယားပြည်နယ် မော်ချီးသို့ သွားရာကားလမ်းဘေးနှစ်ဘက်ရှိ ချုံနွယ်များကို ရှင်း လင်းရန် နအဖမှ အတင်းအဓမ္မ စေခိုင်းပါသည်။ ခြောက်သွေ့သောရာသီတွင် နအဖ စစ်တပ်များသည် ကျေးရွာများရှိ ရွာသားများ (တစ်အိမ်လျှင် တစ် ယောက်ကျစီ) ကို ၄င်းအထက်ပါ ကားလမ်းရှင်းလင်းရန် ခေါ်ယူစေခိုင်းပါသည်။ သို့သော် ခလယ်လာ ကျေးရွာသည် ရွာကြီးတစ်ရွာ ဖြစ်သောကြောင့် နအဖ စစ်တပ်မှ ၄င်းတို့ အလိုရှိသည့် လူဦးရေအတိုင်း ခေါ်ယူစေခိုင်းပါသည်။ ခလယ်လာ ကျေးရွာတွင် တစ်ကြိမ်လျှင် အနည်းဆုံး လူဦးရေ ၃၀-၄၀ ခန့် လုပ်အားပေးလုပ်ကိုင်ရန် စေခိုင်းခံရပါသည်။ ကျောင်းပိတ်ရက် ကျွန်တော်ရွာသို့ ပြန်လာရာတွင် ကြားသိရသည်မှာ ရွာသူ၊ရွာသားများသည် နအဖ စစ်တပ်၏ စေခိုင်းချက်အရ ကားလမ်းရှင်းလင်းနေစဉ် နအဖ စစ်တပ်မှ ထောင်ထားသောမြေမြှုပ်မိုင်းကို တက်နင်းမိခဲ့ကြပါသည်။ ဤကားလမ်းကို ရှင်းလင်းရန် ရက်သတ္တပတ်များစွာကြာမြင့်ပါသည်။ ရွာသူ၊ရွာသားများသည် လမ်းရှင်းလင်းရန်သွားရာတွင် ကိုယ်ပိုင် စားနပ်ရိက္ခာများကို ယူဆောင်စားသောက်ရပါသည်။ မည်သည့် အခကြေးငွေမျှ မရရှိပါ။"*

-စော--- (ကျား ၊ ၁၇) ၊---ရွာ ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)

ကားလမ်းဘေးတစ်လျှောက် နေထိုင်သော ရွာသူ၊ရွာသားများသည် ကားလမ်းဖောက်လုပ်ရာတွင် လုပ်အားပေးလုပ်ကိုင်ရသည် သာမက ၎င်းကားလမ်းများကို နှစ်စဉ် ပြုပြင်ထိန်းသိမ်း ရပါသည်။ မိုးရေတိုက်စားသော လမ်းပိုင်းများကိုလည်း ပြန်လည်တည်ဆောက်ပေးရပါသည်။ ကားလမ်းတစ်လျှောက် ပေါက်ရောက်နေသော ချုံနွယ်ပိတ်ပေါင်းများကိုလည်း ချုံခိုတိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန်အမြဲပင် ရှင်းလင်းခုတ်ထွင်ပေးရပါသည်။ ဤကဲ့သို့ ကားလမ်းဘေးရှိ ချုံနွယ်များကို ရှင်းလင်းထားခြင်း ကြောင့် နအဖရန်မှ ထွက်ပြေးရန်ကြိုးစားသော မိသားစုများနှင့် ရွာသူ၊ရွာသားများသည် ကားလမ်းများကို ဖြတ်ကျော် ထွက်ပြေးရာ၌ စစ်သားများမှ အလွယ်တကူမြင်နိုင်ပါသည်။

> ***"အမှတ် ၁၀၄ ခြေမြန်တပ်ရင်းမှ တပ်ရင်းမှ-းအေးအောင် ခေါင်းဆောင်သောတပ်ရင်းသည် တာဖေါစစ်အခြေစိုက်စခန်းသို့ လာရောက်အခြေချနေထိုင်ပါသည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ၎င်းတပ်ရင်းမှ စစ်သားများသည် ---ရွာရှိ ရွာသားများကို လမ်းရှင်းလင်းရန် စေခိုင်းပါသည်။ ၎င်း စစ်တပ်သည် တစ်နှစ်လျှင် သုံးကြိမ် ရွာသားများကို လမ်းရှင်းလင်းစေပါသည်။ တစ်ကြိမ် ရှင်းလင်းလျှင် သုံးရက် ခန့်ကြာမြင့်ပါသည်။"***
>
> **နော် ---(မ ၊ ၄၆)၊ ရွာလူကြီး ၊ ---ရွာ၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**


ဒီဇင်ဘာလ ၂၀၀၅ ခုနှစ်တွင် သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း လမ်းဖောက်လုပ်ရန်အတွက် ဒေသခံ ပြည်သူများ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းခံခဲ့ရပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူမှ ၎င်း၏တွေ့ရှိချက်များကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြထားပါသည်။

***"နအဖ စစ်အစိုးရ၏ တပ်မ (၄၄) မှ တပ်မမှူး ဇော်မင်းထွန်းသည် ဘီးလင်းမြို့နယ် အတွင်းရှိ ရွာသူ၊ရွာသားများကို ၎င်းတို့အတွက် လမ်းဖောက်လုပ်ရန် အမိန့်ပေးစေခိုင်း ခဲ့ပါသည်။ ဤလမ်းသည် ကျိုက်ကော်သိမ် ဆိပ်မှ ရှမ်းရွာအထိ ရှည်လျားပါသည်။ ရွာသူ၊ရွာသားများသည် ဤလမ်းကို နှစ်စဉ် ပြုပြင်ရပါသည်။ ယခု နှစ်တွင် နအဖ စစ်တပ်သည် ဘီးလင်းမြို့နယ်ရှိ ရွာသူ၊ရွာသားများကို ဘီးလင်းမှနော့ဂေါ်ကလိုး အထိ ရှည်သောလမ်းပိုင်းကို ပြုပြင်စေပါသည်။ လယ်ကလိုး ရွာသားများမှာမူ နော့ဂေါ်ကလိုး မှ သိုးလူအထိ ဆက်လက်ပြုပြင်ရပါသည်။ အခြားရွာသားများမှာမူ ကျန်သောလမ်းပိုင်းများကို ပြုပြင်ရပါသည်။ ဘီးလင်းမြို့နယ်ရှိ ရွာ သူ၊ရွာသားများအတွက် နော့ ဂေါ်ကလိုးအထိ လမ်းပြုပြင်တည်ဆောက်ရန် ၄ ရက် ကြာမြင့်ပါသည်။ ၁ ရက်လျှင် ရွာသား ၄၀ ယောက် လမ်းပြုပြင်ရပါသည်။ နအဖသည် လမ်းဖောက်လုပ်ပြုပြင်သော ရွာသူ၊ ရွာသားများကို စားနပ်ရိက္ခာထောက်ပံ့ခြင်းမရှိပါ။ ငွေကြေးလည်းပေးဆောင်ခြင်းမရှိပါ။ ရွာသူ၊ ရွာသားများသည် လမ်းပြုပြင်ချိန်တွင် ကိုယ်ပိုင်စားနပ်ရိက္ခာကိုယူဆောင်ပြီးစား သောက်ရပါသည်။"***

နအဖ စစ်အစိုးရသည် က ရင်ပြည်နယ်တစ်လွှား ကားလမ်းများ ဖောက်လုပ်လျက်ရှိ သော်လည်း၎င်းတို့၏အဓိကကျသောလုပ်ငန်းစဉ်တစ်ခု မှာ ဖားအံနှင့် သထုံခရိုင်များကိုဖြတ်ကျော်ပြီး အာရှအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရန်ဖြစ်ပါသည်။ နအဖစစ် အစိုးရသည် ကုလသမဂ္ဂအာရှ၊ ပစိဖိတ်ဆိုင်ရာ စီးပွားရေး နှင့် လူမှုရေးကောင်စီ (UNES CAP) နှင့် ပူးပေါင်းပြီး အာရှတိုက်အ တွင်းရှိ အခြားသောနိုင်ငံ ၃၁ နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဆက်သွယ်နိုင်ရန် ကီလိုမီတာ ၁၄၀ ၄၇၉ ရှည်လျားသော အာရှ အဝေးပြေးလမ်း မကြီး၏ အစိတ်အပိုင်းတစ် ခုကို ဖောက်လုပ်လျက်ရှိပါသည်။[၄၄] ဤအာရှလမ်းမကြီး ဖောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံတွင်းရှိ လမ်းပိုင်းကို

[၄၄] Asian Highway, United Nations Economic and Social Commission for Asia and the Pacific. Accessed at www. Unescap.org/ttdw/Publications/TIS_pubs/pub_2303/intro%20ah.pdf on January 5th 2007.

ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်မြို့ဖြစ်သောမြဝတီမြို့ သို့ဝင်ရောက်ပြီး သထုံခရိုင်ကို ကျော်ဖြတ်ကာအနောက်မြောက်ဘက်မုတ္တမ ပင်လယ်ကွေ့တစ်လျှောက်ဖြတ်ကျော်၍ ရန်ကုန်မြို့ သို့ရောက်ရှိရန် ရည်ရွယ်ထားပါသည်။ သထုံခရိုင်တွင် နအဖ စစ်အစိုးရသည် ၄င်းတို့၏ မဟာမိတ်ဖြစ်သော ဒီကေဘီအေကိုအသုံးချလျက် ဒေသခံပြည်သူများကို ထိန်းချုပ်ကွပ်ကဲစေပြီး အာရှလမ်းမကြီးစီမံကိန်း အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိပါသည်။ အာရှလမ်းမကြီးကို ဖောက်လုပ်ရာတွင် ဒီကေဘီအေတပ်ဖွဲ့သည် ဒေသခံပြည်သူများပိုင်ဆိုင်သောမြေကွက် များစွာ ကို သိမ်းပိုက်ပြီး ၄င်းပြည်သူများကိုပင် ချုံ့နွယ်များခုတ်ထွင်ရှင်းလင်းရန်၊ လမ်းဖောက်လုပ်ရန်နှင့် လမ်းဘေးတစ်လျှောက်ရေနုတ်မြောင်းများဖောက်လုပ်ရန် ဒီကေဘီအေမှ အတင်းအကျပ် စေခိုင်းပါသည်။ ထိုကဲ့သို့ လုပ်ကိုင်ပေးခြင်းဖြင့် ရွာသူ၊ ရွာသားများမှာ မည်သည့် အရာမျှ မရရှိပါ။




**မြန်မာနိုင်ငံအတွင်း မြေပုံပါလမ်းကြောင်းအတိုင်း ဖောက်လုပ်ရန်ရည်ရွယ်ထားသော နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံဆက်သွယ်မည့် အာရှလမ်းမကြီး၏ မြေပုံဖြစ်ပါသည်။ အဆိုပါအာရှလမ်းမကြီးကို နအဖ အစိုးရမှ ယူနက်စကတ် (UNESCAP) အကူ အညီဖြင့် ဖောက်လုပ်လျက်ရှိပါသည်။ *[ရည်ညွှန်း။ UNES CAP]***



အထက်ပါပုံတွင် မြင်တွေ့ရသည်မှာ ၂၀၀၆ ခုနှစ် နှောင်းပိုင်းတွင် ဖောက်လုပ်ခဲ့သောအာရှအဝေးပြေး လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော သထုံခရိုင်အတွင်း ဖြတ်ကျော် ဖောက်လုပ်ထားသော တောလမ်းကြမ်း ဖြစ်ပါသည်။ ဤလမ်းပိုင်းသည် ဘီးလင်းကျိုးရွာနေ အသက် ၆၀ နှစ်ရှိ ဦး --- ပိုင်လယ်မြေများကို ဖြတ်ကျော်ပြီး ဖောက်လုပ်ထားခြင်း ဖြစ်ပါသည်။ သို့သော် ဦး --- မှာမူ ၎င်း၏ ဆုံးရှုံးသွားသောလယ်မြေများအတွက် လျော်ကြေးငွေများ လုံးဝမရရှိပါ။ ဒေသခံရွာသူ၊ရွာသားများသည် အဆိုပါလမ်းဖောက်လုပ်ရန်နှင့် လမ်းဘေး နှစ်ဘက်ရှိ ရေနုတ်မြောင်းများဖောက်လုပ်ရန်အတွက် အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့။ ဓာတ်ပုံပေါ်ရှိ နေ့စွဲသည် ဓာတ်ပုံရိုက်စဉ်က မှားယွင်းစွာချိန်ကိုက်မိခဲ့ခြင်းဖြစ်ပါသည်။

*“၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၀ရက် နေ့ မှစ၍ ဒီကေဘီအေ တပ်မဟာ (၃၃၃) ၏ တပ်မဟာမှူး မောင်ကြီးသည် နိုမကွီး နှင့် အနီးဝန်းကျင်ရှိ ရွာများမှ ရွာသူ၊ ရွာသားများကို ဝူးဘိုးတော မှ နိုမကွီး ထိ လမ်းဖောက်လုပ်ရန် စေခိုင်းခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် စစ်သားများသည် ရွာသူ၊ရွာသားများကို လမ်းဖောက် လုပ်ရန် စေခိုင်းခဲ့သော်လည်း ထိုအချိန်က စပါးရိတ်သိမ်းချိန် ဖြစ်သဖြင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့ မှ စ၍ လမ်းဖောက်လုပ်စေခဲ့ပါသည်။ ဤတစ်ကြိမ်တွင် ကျေးရွာတိုင်းမှ ရွာသားများကို လုပ်အားပေး စေခိုင်းခဲ့ပါ သည်။ အမှန်အားဖြင့် နအဖသည် လမ်းဖောက်လုပ်ရန် ဒီကေဘီအေကို ကျပ်ငွေ ၁၀ သိန်း ပေးအပ်ခဲ့ပါသည်။ သို့သော် ဒီကေဘီအေသည် ရွာသားများကို မည်သည့် ငွေကြေးမျှ မပေးဆောင်ဘဲ အခမဲ့ လမ်းဖောက်လုပ်စေခဲ့ပါသည်။ ဒီကေဘီအေသည် လမ်းဖောက်လုပ်ရန်လည်း ပေါက်တူး၊ ဂေါ်ပြား စသည့် ပစ္စည်းကိရိယာများထုတ်ပေးခဲ့ခြင်း မရှိပါ။ ရွာသားများသည် မိမိကိုယ်ပိုင် ပေါက်တူး၊ ဂေါ်ပြားများကို အသုံးပြုပြီး မိမိကိုယ်ပိုင် စားနပ်ရိက္ခာကို စားသောက်ပြီး လမ်းဖောက်လုပ်ခဲ့ရပါသည်။ ဒီကေဘီအေမှ ၎င်းတို့သည် အဝေးပြေးလမ်းမ ဖောက်လုပ် ရန်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ဤလမ်းကို ဖောက်လုပ်သည်မှာ ၅ လ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ရွာသားများသည် အနည်းငယ်သာ ဖောက်လုပ်ပြီးစီး ခဲ့ပါသည်။”*

-စော ---(ကျား၊ ၅၀)၊ ရွာသူကြီး ၊ ---ရွာ၊ သထုံ ခရိုင် (ဇန်နဝါရီ ၂၀၀၆)

## ကရင်ပြည်နယ် ကျေးလက်တောရွာရှိ ကားလမ်းများနှင့် စစ်တပ်၏ ထိန်းချုပ်မှု

***"ယခုလက်ရှိ ကျွန်မတို့ ရင်ဆိုင်နေရသော ပြဿနာသည် စားနပ်ရိက္ခာ ပြဿနာဖြစ်ပါသည်။ နအဖ စစ်သားများသည် ကားလမ်းများကိုပိတ်ဆို့ထားပြီး ကျွန်မတို့ကိုလည်း မြို့ပေါ်သို့တက်ရောက်ပြီး စားနပ်ရိက္ခာဝယ်ယူရန် ခွင့်မပြုပေ။ ရွာပြင်ပသို့ပင် ထွက်ခွာခွင့် မပြုပေ။ ဤ ကဲ့သို့ ဆက်လက်ပိတ်ပင်ပါကလာမည့် ရှေ့နှစ်တွင် ကျွန်မတို့သည် စားနပ်ရိက္ခာပြဿနာနှင့် ကြုံတွေ့ရပါမည်။"***

**-နော် ---(မ၊ ၄၃)၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)**

နအဖ စစ်အစိုးရသည် ကရင်ပြည်နယ်တွင်း လမ်းသစ်များဖောက်လုပ်တည်ဆောက်ရာတွင် ဒေသခံပြည်သူများ၏ လုပ်အားကို အလွဲသုံးစားပြုလုပ်သကဲ့သို့ လမ်းသစ်များ ဖောက်လုပ်ခြင်းကြောင့် ဒီကေဘီအေနှင့် နအဖ တပ်ဖွဲ့များသည် မူလက ၎င်းတို့ ထိန်းချုပ်နိုင်မှုမရှိသော ကျေးလက်တောရွာများသို့ ရောက်ရှိကျူးကျော်လာနိုင်ပါသည်။ လမ်းသစ်များဖောက်လုပ်ပြီးသည့်နောက် လမ်းတစ်လျှောက် စစ်အခြေစိုက်စခန်းသစ်များကိုပါ ဆောက်လုပ်လာပါသည်။ ထို့ကြောင့် လမ်းသစ်များ၊ စစ်စခန်းသစ်များသည် တစ်ခုကိုတစ်ခု အပြန်အလှန် အထောက်အကူဖြစ်စေပါသည်။ လမ်းသစ်များကို စခန်းသစ်များသို့ စစ်သည်များနှင့် ရိက္ခာများ ပို့ဆောင်ရန် အသုံးပြုပါသည်။ ထို့နောက် စခန်းသစ်များရှိ စစ်သားများသည် ဖောက်လုပ်ပြီးလမ်းများ လုံခြုံရေးအတွက် တာဝန်ယူစောင့်ကြပ်ပြီး ရှေ့ဆက် လမ်းသစ်များကို ဆက်လက်ဖောက်လုပ်ပါသည်။ စစ်စခန်း သစ်များအားလုံးကို စစ်အစိုးရသည် ဗဟိုမှ နေ၍ ထိန်းချုပ်ထားပါသည်။ ထို့ကြောင့် စစ်စခန်းများမှ ဒေသခံ ပြည်သူများအပေါ် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ ဂုတ်သွေးစုပ် အမြတ်ထုတ်ခြင်း၊ မြေယာများကိုသိမ်းယူခြင်းနှင့် ၎င်းဒေသများမှ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်း စသည့် လုပ်ရပ်များအတွက်လည်း စစ်အစိုးရ၌ ပင်တာဝန်ရှိပါသည်။ လတ်တလော အခြေအနေတွင် ဒေသခံ ရွာသူရွာသားများသည် လမ်းသစ်များတစ်လျှောက် ၂ ကီလိုမီတာ အကွာတွင် တစ်ခုခန့်ရှိသော စစ်တပ် စစ်ဆေးရေးဂိတ်များကို ရှောင်လွဲပြီးမသွားနိုင်ပါ။ ၎င်းစစ်တပ်စစ်ဆေးရေးဂိတ်များတွင် ခရီးသွားခွင့်ထောက်ခံစာများကို စစ်ဆေးခြင်း၊ ခရီးသွားပြည်သူများ ထံငွေကြေးများတောင်းခံခြင်းနှင့် တစ်ခါတစ်ရံတွင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းရန် ခရီးသွားများကို ဖမ်းဆီးထိန်းချုပ်ထားခြင်း စသည်တို့ကို စစ်သားများမှ ပြုလုပ်လေ့ ရှိပါ သည်။

နအဖ စစ်အစိုးရသည် တိုးချဲ့ဖောက်လုပ်ထားသော ကားလမ်းသစ်များတစ်လျှောက်ရှိ ၎င်းတို့၏ စစ်စခန်းများကို အသုံးပြုပြီး စစ်အုပ်ချုပ်ရေးအောက်မှ ထွက်ပြေးပုန်းရှောင်ရန် ကြိုးစားသောပြည်သူများကို ပိုမို၍ ထိန်းချုပ်လာနိုင်ပါသည်။ ထို့အပြင် တောတွင်းပုန်းခိုရာနေရာများတွင် ပုန်းအောင်းနေကြသူများကို စစ်သားများမှ ပစ်ခတ်တိုက်ခိုက်ပြီး ၎င်းပုန်းအောင်းနေသူများကို နအဖ ထိန်းချုပ်ထားသောကျေးရွာများ သို့မဟုတ် ကားလမ်းဘေးတစ်လျှောက်ရှိ ရွှေ့ပြောင်းရွာများသို့ ရွှေ့ပြောင်းနေထိုင်စေပါသည်။ ဤအခြေအနေများတွင် ဒေသခံပြည်သူများသည် စစ်တပ်ထိန်းချုပ်မှုအောက်တွင်နေထိုင်ပါက ပို၍အမြတ်ထုတ်အနိုင်ကျင့်ခြင်းကို ခံရမည်ကို သိရှိသောကြောင့် တောပိုနက်သောနေရာ သို့မဟုတ် နယ်စပ်ကို ဦးတည်ပြီး ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ကြပါသည်။

***"ယခု ဖောက်လုပ်ပြီးစီးသော ကားလမ်းနှစ်ခုသည် ကျွန်တော်တို့အတွက် မည်သို့မည်ပုံအကျိုးပြုမည်ကို မသိရှိသော်လည်း ဤလမ်းနှစ်ခုအတွက် ကျွန်တော်တို့သည် ဒုက္ခများစွာနှင့် ရင်ဆိုင်ကြုံတွေ့ ကြရပါသည်။ ကျွန်တော်တို့သည် ရွာတွင်လည်း နေထိုင်၍မရသကဲ့သို့ ခရီးလွတ်လပ်စွာ သို့မဟုတ် အေးချမ်းစွာသွားလာ၍ မရကြပေ။ ပုံမှန်အတိုင်းပင် နအဖသည် စစ်ကားကြီးများကို ထပ်မံပို့ဆောင်ပြီး လမ်းများကို ဆက်လက် ဖောက်လုပ်ပါမည်။"***


***-စော ---(ကျား၊ ၂၃)၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)***

ရွာသူ၊ရွာသားများသည် လမ်းများဖောက်လုပ်ရန် အတင်းအဓမ္မ စေခိုင်းခြင်းများမှ ရှောင်လွဲနိုင်ရန်ထွက်ပြေး ပုန်းအောင်းခြင်း နည်းလမ်းကို အသုံးပြုရပါသည်။ နအဖ စစ် တပ်၏လှည့်ကင်းများ ရွာများသို့ ချဉ်းကပ်လာပါက ရွာသားများသည် အနီးပတ်ဝန်းကျင်ရှိ တောများသို့ ထွက်ပြေးပုန်းအောင်းခြင်းဖြင့် စစ်အစိုးရမှ ၄င်းတို့အတွက် လိုအပ်သော အလုပ်သမားများကို မရရှိနိုင်ပေ။ ထို့ကြောင့် နအဖ စစ်ဗိုလ်များသည် ကျေးရွာလူကြီးများမှ တစ်ဆင့် ရွာသားများကို အတင်းအဓမ္မလုပ်အားပေးရန် ဆင့်ခေါ်ပါသည်။ ရွာလူကြီးများသည် ရံဖန်ရန်ခါ ဆိုသလို ပင် တောင်းခံသောလူဦးရေ လျှော့ချပေးရန် နအဖ စစ်ဗိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ရပါသည်။ ရွာရှိ လူဦးရေအ ပေါ်လိုက်၍ သို့မဟုတ် ရွာသားများ အခြားလုပ်ကိုင်ရန် အလုပ်ရှိကြောင်း ပြောဆို၍ စစ်တပ်မှ တောင်းဆိုသော လူဦးရေလျှော့ချပေးရန် ညှိနှိုင်းရပါသည်။ နအဖ စစ်တပ်မှ တောင်းဆို သော လုပ်အားပေးလုပ်ငန်းများအတွက် အလုပ်အနည်းငယ်သာ လုပ်ဆောင်နိုင်သောရွာသားများကို သွားရောက်လုပ်ကိုင်စေခြင်း၊ လုပ်ငန်းများကို ကောင်း မွန်စွာမလုပ်ဆောင်ခြင်းနှင့် လုပ်အားပေးလုပ်ငန်းများကိုအချိန်အနည်းငယ်သာလုပ်ဆောင်ရရန်ရသမျှ အခွင့်အ ရေးများကို အသုံးပြုချခြင်းစသည့် နည်းလမ်းများကိုအသုံးပြုပြီး နအဖ စစ်တပ်၏ တောင်းဆိုမှုများကို ရှောင်လွဲ နိုင်ရန် ကြိုးစားကြံစည်ကြပါသည်။ စစ်တပ်၏ တောင်းဆိုမှုများကို လျှော့ချပေးရန် ညှိနှိုင်း၍မရပါကလည်း ကောင်း၊ တောင်းဆိုမှုများကိုရှောင်လွဲနိုင်ရန် အခြားသောနည်းလမ်းများကို အသုံးမပြုနိုင်ပါကလည်းကောင်း ရွာသူ၊ရွာသားများသည် စစ်တပ်၏ရန်မှ ရှောင်လွဲနိုင်ရန် နအဖ အာဏာပိုင်များ မရောက်ရှိနိုင်သော တောတွင်း ပုန်းအောင်းရာ နေရာဒေသများတွင် သွားရောက်နေထိုင် ပုန်းခိုကြပါသည်။

ဤကဲ့သို့ လမ်းသစ်များဖောက်လုပ်ခြင်းဖြင့် ဒေသရှိ သဘာဝအရင်းအမြစ်များကို အလွယ်တကူအမြတ်ထုတ်နိုင် ခြင်း၊ သစ်များကို ခုတ်ယူရောင်းချခြင်းနှင့် ဆည်မြောင်းတာ တမံများ ဆောက်လုပ်ခြင်း စသည်တို့ကို လုပ်ဆောင် နိုင်ပြီး စစ်တပ်၏ စီးပွားရေးလုပ်ငန်းများကို ပိုမိုကောင်းမွန် စေပါသည်။ ဒေသခံ ပြည်သူများအတွက်မူ ထည့်သွင်း စဉ်းစားခြင်း မရှိသည်သာမက လျော်ကြေးငွေများကိုလည်း ပေးဆောင်ခြင်းမရှိပါ။ စစ်ဗိုလ်များသည်လည်း ဒေသခံပြည်သူများထံမှ သိမ်းယူထားသောမြေများကို မတရားသောနည်းဖြင့် စီးပွားရေး လုပ်ကိုင်နေသောသူများ ထံသို့ ဥယျာဉ်ခြံစိုက်ခြင်းများ အဖြစ် ပြန်လည်ရောင်း ချပါသည်။ သို့မဟုတ် ၄င်းဥယျာဉ်ခြံ မြေများကို စစ်တပ်၏ စီးပွားရေးလုပ်ငန်းအဖြစ် ဆက်လက်လုပ် ကိုင်ပြီးမူရင်းပိုင်ရှင် ဒေသခံများကို ၄င်းတို့ ပိုင်ဆိုင်ခဲ့ သောမြေယာများပေါ်တွင် အလုပ်လုပ်ကိုင်ရန် အ တင်းအဓမ္မစေခိုင်းပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်း ဖြင့် ပြည်သူများအပေါ် စစ်တပ်မှ ထိန်းချုပ်မှုအားကို ပိုမိုကောင်းမွန်စေပြီး ပြည်သူများ၏ စားဝတ်နေရေးကို ထိခိုက်နစ်နာစေပါသည်။ သို့မဟုတ် ပြည်သူများမှ စစ်တပ်၏ ဖိနှိပ်မှုကို ပြန်လည်တွန်းလှန်နိုင်ရန်

အင်အားလျော့နည်းစေပါသည်။ နအဖ စစ်အစိုးရ သည် လမ်းသစ်များဖောက်လုပ်ခြင်း၊ စစ်စခန်းသစ်များ ဖွင့်လှစ်ခြင်း စသည် တို့ကို လုပ်ဆောင်ခြင်းဖြင့် ယခင် က နအဖ ထိန်းချုပ်မှုအောက်တွင် နေထိုင်ခြင်းမရှိသော ပြည်သူများကိုတိုက်ခိုက်ပြီး နယ်မြေများကို နအဖ ထိန်းချုပ်မှုအောက်သို့ရောက်ရှိရန် လုပ်ဆောင် လျှက်ငှင်းတို့၏ လုပ်ငန်းကို အဆက်မပြတ်လည် ပတ် စေပါသည်။

၂၀၀၆ ခုနှစ်မှစ၍ ဖာပွန်ခရိုင် အနေ့ရှခြမ်းတွင် နအဖ စစ်အစိုးရသည် လမ်းသစ်များဖောက်လုပ်ခြင်း၊ စစ်စခန်းများ တည်ဆောက်ခြင်းဖြင့် ယခင်က နအဖ ထိန်းချုပ်နယ်မြေ ပြင်ပတွင် ရှိခဲ့သော ဒေသများကို ထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ အဘယ်ကြောင့် ဆိုသော် နအဖ စစ်အစိုးရသည် ထိုင်းနိုင်ငံနှင့် ပူးပေါင်း၍ အထက်ပါဒေသများရှိ သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ဝဲကြီးနှင့် ဒါးဂွင်ဆည်များကို တည်ဆောက်ရန်လုံခြုံရေး ရယူနိုင်ရန်အတွက်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ လတွင် အမှတ်(၈) ခြေလျင် တပ်ရင်းသည် ဖာပွန်အခြေစိုက်ဗျူဟာမှူး၏ အမိန့်အရ ကေါ်ပုပ် မှ သံလွင်မြစ်တစ်လျှောက်ရေကာတာများ တည်ဆောက်ရာနေရာများသို့ ဆက်သွယ်မည့် လမ်းသစ်သုံးခုကို စတင်ဖောက်လုပ်ရန် စီစဉ်ခဲ့ပါသည်။ လမ်းသစ် ပထမတစ်ခု မှာ မြောက်ဘက်သို့ သွားသော မူလကပန်းတိုင်အထိ ဖောက်လုပ်ပြီးစီးသောလမ်းကို ဝဲကြီး ရေကာတာသို့ရောက်ရှိရန် ကျောက်ညှပ်အထိ တိုးချဲ့ဖောက်လုပ်ခြင်းဖြစ်ပါသည်။ ဒုတိယ လမ်း တစ်ခုမှာ အနောက်မြောက်သို့ ဦးတည်ပြီး သံလွင်မြစ်ကမ်းဘေးရှိ နအဖ စစ်စခန်းများတည်ရှိရာ ဒါးဂွင် ရေကာတာသို့ သွားနိုင်မည့်လမ်းဖြစ်ပါသည်။ တတိယလမ်းမှာ အနောက်တောင်ဘက်သို့ ဦးတည်ပြီး ဖောထာရွာကို ဖြတ်ကျော်ကာ သံလွင်မြစ်ကမ်းဘေးရှိ နအဖ၏ မော်မိုကျိုး စစ်စခန်းသို့ ရောက်ရှိနိုင်ရန် ဖောက်လုပ်ထားသော လမ်းဖြစ်ပါသည်။ အမှတ် ၈ ခြေလျင်တပ်ရင်း မှအရာရှိသည် ခေါ့်ပူစစ်အခြေစိုက်စခန်းတွင် ဖေါထာ၊ အိုးဂေါ် နှင့် ထိုမိုဘွာဒဲ ရွာသူကြီးများနှင့် တွေ့ဆိုကာ လမ်းသစ် ၃ လမ်းဖောက်လုပ်မည့်အကြောင်းပြောဆိုခဲ့ပါသည်။ ထိုအချိန်တွင် ရွာလူကြီးတစ်ဦးမှ ဤကဲ့သို့




**ဝဲကြီးနှင့် ဒါးဂွင်ရေကာတာစီမံကိန်းများအတွက် အထောက်အ ကူဖြစ်စေရန် နအဖ စစ်အစိုးရသည် ဖာပွန်ခရိုင်အနေ့ရှဘက် ခြမ်း တွင် လမ်းသစ်များကို ဖောက်လုပ်လျှက်ရှိသည်ကိုအထက်ပါမြေပုံတွင် တွေ့ရှိရပါမည်။ နအဖအစိုးရမှ ဖောက်လုပ်သောလမ်းသစ်များသည်ဒေသခံ ရွာသူ၊ရွာသားများ ၏ လယ်ယာစိုက်ခင်းများ ကို ရှောင်လွှဲ၍ ဖောက်လုပ်ခြင်းမရှိပါ။ (မြေပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့ )**

ပြန်လည်ပြောဆိုခဲ့ပါသည်။ "ဗိုလ်ကြီးတို့ လမ်းဖောက်ပါက ကျွန်တော် တို့၏ စပါးစိုက်ခင်းနှင့် အခြားသောသီးနှံစိုက်ခင်းများ ပျက်စီးရပါမည်။" အဆိုပါ ဗိုလ်ကြီးမှ ပြန်ဖြေဆိုခဲ့သည်မှာ "ခင်ဗျားတို့ရဲ့ စပါးစိုက်ခင်းနှင့် ဥယျာဥ်ခြံမြေ ပျက်စီးမှာကျွန်တော်မသိဘူး။ ဒီအမိန့်က အထက်ကလာတဲ့ အ မိန့်ဖြစ်တယ်။ ဤစီမံကိန်း အ တွက် အခြားတိုင်းပြည် ၃ ခုလည်း ပါဝင်လုပ် ဆောင်နေတယ်။" စစ်ဗိုလ်သည် "အခြားတိုင်းပြည် ၃ ခုလည်းပါဝင်လုပ်ဆောင်နေတယ်။" ဟု ပြောဆိုရာတွင် မည်သည့် တိုင်းပြည်များဖြစ်သည် ကို တိကျစွာမပြောဆိုခဲ့ပါ။ သို့သော် ၎င်းပြောလိုသော တိုင်းပြည် ၃ ခုမှာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံ များဖြစ်နိုင်ပေသည်။[၅၅]




**သစ်ကားကြီးသည်သစ်ကားများစွာထဲမှ ဒေသခံရွာသားများအခေါ် 'ဌေးကုမ္ပဏီ'ပိုင် သစ်ကားတစ်စင်းဖြစ်ပါသည်။ ၎င်းကုမ္ပဏီသည် နအဖ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖာပွန်ခရိုင်၊ဒွဲလိုမြို့နယ်၊ လော်ခေါ်ထီး ကျေးရွာအုပ်စု ဒေသများတွင် သစ်ထုတ်လုပ်ငန်း လုပ်ကိုင်လျှက် ရှိပါသည်။ ဌေးကုမ္ပဏီသည်အထက်ပါဒေသမှ မဟုတ်ပါ။ သစ်ထုတ်လုပ်ငန်းများနှင့်ပက်သက်၍လည်း ဒေသခံများကို မည်သို့မျှ ပြောဆိုဆွေးနွေးခြင်းမရှိ သကဲ့သို့ ဒေသခံပြည်သူများသည်လည်း သစ်ထုတ်လုပ်ငန်းကြောင့် မည်သည့်အကျိုးကျေးဇူးမျှမရရှိပါ။ သစ်ကုမ္ပဏီများသည် သစ်များကိုခုတ်ယူပြီး၊ ထိုဒေသများမှ ထုတ်ယူသွားကာ အခြားနေရာဒေသများတွင်ရောင်းချပါသည်။ ယာဘက်တွင် တွေ့မြင်ရသောပုံတွင် ကုမ္ပဏီများမှ လောခေါ်ထီး ကျေးရွာအုပ်စုတွင် အထိန်းအကွပ်မဲ့စွာ စိတ်ကြိုက်သစ်ထုတ်လုပ် ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးရသည်ကိုတွေ့မြင်ရပါမည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့ )**

နအဖ စစ်အစိုးရ၏ လမ်းသစ်များဖောက်လုပ်ရခြင်း ရည်ရွယ်ချက်သည် ကျေးရွာ တစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် ဟုဆိုသော်လည်း ဒေသခံရွာသူရွာသားများကို ကားလမ်းများပေါ်တွင် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်တားမြစ်ထားခြင်းကြောင့် အပြောနှင့်အလုပ် မညီညွတ်ပါ။ စစ်သားများသည် ရွာသူရွာသားများကို ရွှေ့ပြောင်းကျေးရွာများ အတွင်းတွင် နေထိုင်ရန် ကန့်သတ်ပိတ်ပင် ထားပါသည်။ ၎င်းရွှေ့ပြောင်းကျေးရွာများသည် သီးနှံများစိုက်ပျိုး၍မရသောမြေရိုင်းများ ပေါ်တွင် တည်ထားသောအကျဉ်းစခန်းသာ ဖြစ်ပါသည်။ ထို့အပြင် ၎င်းရွှေ့ပြောင်းကျေးရွာများသည် နအဖ စစ်တပ်မှ အသစ်ဖောက်လုပ်လျှက်ရှိသော ကားလမ်းများတစ်လျှောက်တွင် ထားရှိခြင်းဖြစ်ပြီး ရွှေ့ပြောင်းကျေးရွာတွင် နေထိုင်သူများကို ခြံစည်းရိုးခတ်စေပြီး ခြံစည်းရိုးအတွင်း၌သာ နေထိုင်စေပါသည်။ ဤ ရွှေ့ပြောင်းကျေးရွာများမှထွက်ခွာ၍ ခရီးသွားလိုပါက ဒေသခံနအဖ သို့မဟုတ် ဒီကေဘီအေ စစ်အရာရှိများမှ ထုတ်ပေးသော ခရီးသွားလာခွင့်လက်မှတ်ရရှိရန် လိုအပ်ပါသည်။ ဤခရီးသွားခွင့် လက်မှတ်များကိုရရှိရန် ရွာသူရွာသားများသည် ဒေသခံအာဏာပိုင်များကို ငွေကြေး မပေးမနေရ ပေးဆောင်ရပါသည်။

[၅၅] ပိုမိုသိရှိလိုပါကအောက်ပါအစီရင်ခံစာတွင် ဖတ်ရှုနိုင်ပါသည်။ *SPDC road construction plans creating problems for civilians,* (Karen Human Rights Groups, January 2006)

*"ယိုကလား ကျေးရွာသို့ သွားရာလမ်းတွင် ငွေကြေးကောက်ခံသော စစ်တပ်ဂိတ်များတည်ရှိပါသည်။ ၎င်းဂိတ်များသည် ထာဖေါ၊ ပန္တယ်ကလား၊ လေကေနှင့် ယိုကလား ကျေးရွာများတွင်တည်ရှိပါသည်။ နအဖ စစ်သားများသည် ရွာသူ/ရွာသားများထံမှ အခွန်ငွေ ကောက်ခံခြင်းမရှိ ပါ။ ကားမောင်းသူများထံမှ ကောက်ခံပါသည်။ ခရီးသွားလာခွင့်လက်မှတ် မရှိသောခရီးသည်များသည် ဒုက္ခများစွာတွေ့ကြုံရပါမည်။ ခရီးသွား လာခွင့် လက်မှတ်ရရှိရန် ငွေကျပ် ၂၀၀ ပေးဆောင်ရပါမည်။ ကျွန်မတို့သည် ကိုယ်ပိုင်လုပ်ငန်းများကို လွတ် လပ်စွာ လုပ်ကိုင်ခွင့်မရရှိ သကဲ့သို့ ခရီးသွားရာတွင်လည်း စစ်သားများကို ကြောက်ရွံ့ရပါသည်။"*

-နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)



**အထက်ပါ ဓာတ်ပုံတွင် ပလောလော်ဘလယ် ရွှေ့ပြောင်းကျေးရွာကို ခြံစည်းရိုးများ ကာရံလျှက် တွေ့ရှိရပါသည်။ နအဖ စစ်တပ်သည် ၎င်းရွှေ့ပြောင်းကျေးရွာများတွင် နေထိုင်ကြရသော ရွာသားများကို ခြံစည်းရိုးခတ်ရန် အတင်းအဓမ္မ စေခိုင်းပါသည်။ အထက်ပါကဲ့သို့ ခြံစည်းရိုး ကာရန်ထားခြင်းဖြင့် စစ်သားများသည် ပြည်သူလူထု၏ သွားလာလှုပ်ရှားမှုကို အလွယ်တကူ ထိန်းချုပ်နိုင်ပြီး ရွာသားများကို စစ်သားများမှ နေထိုင်စေလိုသောနေရာတွင်းတွင် နေထိုင်ရန်ထိန်းသိမ်း ထားနိုင်ပါသည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့ ။ ဓာတ်ပုံပေါ်ရှိ နေ့စွဲသည် ဓာတ်ပုံရိုက်ကူးစဉ်က မှားယွင်းစွာ ချိန်ကိုက်ခဲ့မိခြင်း ဖြစ်ပါသည်။)**

ရွာသူ၊ရွာသားများသည် စစ်အရာရှိများမှ ထုတ်ပေးသော ခရီးသွားခွင့်လက်မှတ်များတွင် ပါရှိသော ခွင့်ပြုရက် အနည်းငယ်အတွင်းတွင် ၎င်းတို့ စိုက်ပျိုးခဲ့သော စိုက်ခင်းများသို့ ပြန်သွားပြီးသီးနှံများကို ကြည့်ရှုပြုစုခြင်း သို့မဟုတ် ရိတ်သိမ်းခြင်းများကို ပြုလုပ်နိုင်ပါမည်။ သို့သော် စစ်သားများသည် ရွာသူ၊ရွာသားများ၏ စိုက်ခင်းများ၊ ရွာများနှင့် လမ်းများတွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းဖြင့် ရွာသားများ ပြန်လည်သွားရောက်ခြင်း မပြုနိုင်ရန် တားဆီးထား ပါသည်။ အချို့ဒေသများတွင်မူ နအဖနှင့် ဒီကေဘီအေ စစ်သားများသည် ရွာသားများကို မှတ်ပုံတင် ရှိသည်ဖြစ် စေ၊ ခရီးသွားခွင့်လက်မှတ်ပါရှိသည်ဖြစ်စေ ဂရုစိုက်ခြင်းမရှိဘဲ ရွာသားများကိုတွေ့ရာနေရာတွင် ပစ်ခတ်ခြင်း

မူဝါဒကို ကျင့်သုံးလျှက်ရှိပါသည်။ နအဖ စစ်အစိုးရ၏ ခရီးသွားလာခွင့် ပိတ်ပင်ကန့်သတ်မှုများကြောင့် ရွာသူ၊ ရွာသားများသည် မိမိတို့၏ စိုက်ပျိုးသီးနှံများကို ရံဖန်ရံခါသာ ပြုစု စောင့်ရှောက်နိုင်ပါသည်။ ထို့ကြောင့် စိုက်ခင်းများရှိသီးနှံများသည် တိရစ္ဆာန်များ၊ ပိုးမွှားများ၏ ဖျက်ဆီးစားသောက်မှု သို့မဟုတ် မြက်ပင်များဖုံးလွှမ်းမှု အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

*"ရွာသူ၊ရွာသားများသည် မိမိတို့ စားဝတ်နေရေးအတွက် လုပ်ဆောင်ရာတွင် အခက်အခဲ၊ ပြဿနာများစွာနှင့် ရင်ဆိုင်နေရပါသည်။ ဤကဲ့သို့ အခက်အခဲ၊ ပြဿနာများနှင့် ရင်ဆိုင်နေရခြင်းသည် နအဖ စစ်အစိုးရကြောင့် ဖြစ်ပါသည်။ စစ်သားများသည် ရွာသူ၊ရွာသားများကို ၄င်းတို့ ပိုင်ဆိုင်သော စိုက်ခင်းများ တွင် ညအိပ်ခွင့် မပြုပေ။ ထို့အပြင် ရွာသားများသည် စိုက်ခင်းများသို့ သွားလာရန်အတွက် ခွင့်ပြုချက်ရယူရန် လို အပ်ပါသည်။ ရွာသားများသည် နေရာ ဒေသ တစ်ခုခုသို့ သွားရောက်လိုပါက စစ်တပ်ကို အကြောင်းကြား ရပါသည်။ ပိုးမွှားများသည် စပါးပင် များကို ဖျက်ဆီးလျှက်ရှိကြသော်လည်း နအဖ စစ်သားများ စိုက်ခင်းနှင့် လမ်းများတွင် မိုင်းများမြုပ်နှံထားခြင်းကြောင့် ရွာသားများသည် မိမိ တို့၏ စိုက်ပျိုးသီးနှံများကို သွားရောက်ကြည့်ရှုနိုင်ခြင်း မရှိပေ။"*

-စော ---(ကျား၊ ၂၂) ၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)

*"ယခုနှစ်တွင် နအဖစစ်သားများသည် ကျွန်တော်တို့ရွာသို့ လာရောက်ခြင်းမရှိသော်လည်း ဒေးလိုမြစ်နား အထိရောက်ရှိလာကြပါသည်။ စစ်သားများသည် မိုင်းများထောင်ထားခြင်းနှင့်တံတားများကို ဖျက်ဆီးထား ခြင်းကြောင့် ရွာသားများသည် မြစ်တစ်ဘက်ကမ်းသို့ ဖြတ်ကျော်ပြီး စားနပ်ရိက္ခာများရောင်းဝယ်ခြင်းမပြု နိုင်ပေ။"*

-စော ---(ကျား၊ ၅၈) ၊ ---ရွာ၊ တောင်ငူခရိုင် (ဇန်နဝါရီ ၂၀၀၆)



**ခြောက်သွေ့ရာသီတွင် ကားများသွားလာနိုင်သော အနောက်ဒူးပလာယာခရိုင် ကြာအင်းဆိပ်ကြီးနှင့် ကျုံဒိုးအကြားရှိ ကားလမ်းကို ဇွန်လ ၂၀၀၆ ခုနှစ်တွင် တွေ့မြင်ရပုံ ဖြစ်ပါသည်။ ရွာသူရွာသားများသည် ဤလမ်းကို အသုံးပြုရာတွင် လမ်းတစ်လျှောက်ရှိ နအဖနှင့် ဒီကေဘီအေ ဂိတ်များတွင် ငွေကြေးများကို ပေးဆောင်ရပါသည်။ အထူးသဖြင့် ကုန်ပစ္စည်းများ တင်ဆောင်လာသောကားများ သို့မဟုတ် လှည်းများသည် ဂိတ်များတွင် ငွေကြေးများစွာပေးဆောင်ရခြင်းကြောင့် ၄င်းဒေသရှိ ကုန်စည်ရောင်းဝယ် မှုကို ထိခိုက်စေပါသည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့ )**

နအဖ စစ်အစိုးရသည် ၄င်းတို့ ထိန်းချုပ်နိုင်သည်ဟု ယုံကြည်စိတ်ချသောဒေသများတွင် ရွာသူ၊ရွာသားများကို အကန့်အသတ်နှင့် သွားလာလှုပ်ရှား ကုန်စည်သယ်ယူခွင့်ပြုပါ သည်။ သို့သော် လမ်းတစ်လျှောက်တွင် နအဖနှင့် ဒီကေဘီအေ စစ်သားများသည် အကောက်ခွန် ဂိတ်များကို ပုံမှန်ထားရှိပြီး အစားအသောက်နှင့် အခြားသော ကုန်ပစ္စည်းများ သယ်ဆောင်သူများအပေါ် မပေးမနေရ မတရား ငွေကြေးကောက်ခံပါသည်။ ထို့ကြောင့် ရွာသူ၊ရွာသားများ၏ အခြေခံ စားဝတ်နေရေးအတွက် အတားအဆီးဖြစ်စေပြီး နအဖ အစိုးရမှ ရွာသူ၊ရွာသားများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေသည်ဟုဆိုသော်လည်း ရွာသူ၊ရွာသားများ၏ နေထိုင်မှုအခြေအနေများကိုများစွာ ထိခိုက်နစ်နာစေပါသည်။ ကားလမ်းများနှင့်မြစ်ကူးတံတားများတွင် ဂိတ်များထားရှိပြီး ဂိတ်များကို ဖြတ်ကျော်သွားလာနိုင်ရန်အတွက် ငွေကြေးပေးဆောင်ရပါသည်။ ရောင်းဝယ်ဖောက်ကား နိုင်သောကုန်ပစ္စည်းပမာဏကို သယ်ဆောင်ပါက ငွေကြေးများစွာပေးဆောင်ရပါသည်။ အချို့ဒေသများတွင် ကားလမ်းများကို လုံးဝပိတ်ဆို့ထားခြင်းဖြင့် ပြည်သူလူထု များ သွားလာခွင့်ကို ပိတ်ပင်ထားပါသည်။ ထို့ကြောင့် ပြည်သူများသည် ဆေးဝါးများ၊ စားနပ်ရိက္ခာများနှင့် အခြားသော အသုံးအဆောင် ပစ္စည်းများဝယ်ယူရရှိနိုင်ရန် အခက်အခဲဖြစ်စေပါသည်။ ကားလမ်းတစ်လျှောက် ဂိတ်များတွင် ကုန်စည်များအပေါ် မတရား အခွန်ငွေများ ကောက်ခံခြင်းကြောင့် မြို့များတွင်ကုန်ပစ္စည်းဝယ်ယူပြီး ရွာများသို့ ပြန်လည်ရောင်းချသူများအတွက် အကျိုးအမြတ်အနည်းငယ်သာရရှိစေသောကြောင့် ကျေးလက်ဒေသ၏ စီးပွားရေးကို ထိခိုက်နစ်နာစေပါသည်။ နအဖ စစ်အစိုးရ သည် ကရင်ပြည်နယ်ကျေးလက်ဒေသများတွင် လမ်းများဖောက်လုပ်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ပြောဆိုနေသော်လည်း လမ်းများဖောက်လုပ်ခြင်းဖြင့် ကျေးလက်ဒေသသို့ နအဖ စစ်တပ်များကျူးကျော် ရောက်ရှိလာနိုင်ရန် လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ ရွာသူ၊ရွာသားများအတွက် မည်သည့် အကျိုးကျေးဇူးမျှမရရှိဘဲ စစ်တပ်၏ ခေါင်းပုံဖြတ်ခြင်း၊ ကန့်သတ်ပိတ်ပင်ခြင်းနှင့် အလွဲသုံးစားပြုခြင်း ဆိုးကျိုးများသာရရှိစေပါသည်။

***"နအဖ စစ်သားများ ကျွန်မတို့ကို ဖမ်းဆီးမည်ကို ကြောက်ရွံ့ကြပါသည်။ ကျွန်မတို့သည် အစဉ်အမြဲပင် လျှင်လျှင်မြန်မြန် သွားလာလှုပ်ရှား ရပါသည်။ ကျွန်မတို့သည် နအဖ စစ်သားများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ကို ကြောက်ရွံ့ကြသောကြောင့် ခြံထွက် ဖာလာများကိုရောင်းချပြီး လျှင်မြန်စွာ အိမ်သို့ ပြန်လာကြပါသည်။ ယခုနှစ် ၂၀၀၆ ခုနှစ်တွင် နအဖ စစ်အစိုးရသည် ကားလမ်းကို ပိတ်ထားခဲ့ခြင်းကြောင့် ကျွန်မတို့ ရွာသားများသည် ဆန်၊ ငါးပိနှင့် ဆီ ကဲ့သို့ သော စားသောက်ကုန်များကို ဝယ်ယူရရှိနိုင်ရန် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ နအဖ စစ် တပ်သည် ကားလမ်းကို ဂေါ်သေးဒဲရွာမှ တောင်ငူမြို့ အထိ ပိတ်ဆို့ထား ခဲ့ပါသည်။ ထို့ကြောင့် ကားများသည် ဆန်နှင့် ငါးပိ စသော အခြေခံ စားကုန်များကို သယ်ဆောင်နိုင်ခြင်း မရှိပါ။"***

**-နော် ---(မ၊ ၃၅) ၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

***"ကျွန်တော်တို့သည် မုဒုံမြို့ သို့ သွားရောက်ပြီး ကုန်ပစ္စည်းများ ဝယ်ယူရပါသည်။ မုဒုံမြို့သို့သွားရာ ကားလမ်းတစ်လျှောက်တွင် နအဖ စစ် တပ်၏ ဂိတ် ၄ ဂိတ်၊ ဒီကေဘီအေ ဂိတ် ၁ ဂိတ်နှင့် ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့၏ ဂိတ် ၁ ဂိတ် ရှိပါသည်။ မုဒုံမြို့ မှ ကျွန်တော်တို့ ရွာသို့သွားရာလမ်းတွင် ဂိတ်ကြေး ၁၅၀၀၀***

*ခန့်ပေးဆောင်ရပါသည်။ မီးသွေး သို့မဟုတ် ရာဘာ တင်ဆောင်သောကုန်ကားများမှာမူ အနည်းဆုံး ဂိတ်ကြေး ၅၀၀၀၀ ကျပ် ပေးဆောင်ရ ပါသည်။”*

**-စော ---(ကျား၊ ၅၈) ၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

*“ကျွန်တော်တို့သည် ဆန်နှင့် အခြား စားသောက်ကုန်များကို ကြာအင်းဆိပ်ကြီးမှ ဝယ်ယူရပါသည်။ ဆန် တစ်တင်းလျှင် ၅၀၀၀ ကျပ် ပေးရပါသည်။ ကားခမှာ ဆန် တစ်တင်းလျှင် ၂၀၀ ကျပ် ဖြစ်ပါသည်။ ကားလမ်းတစ်လျှောက်တွင် နအဖ စစ်တပ်များသည် ဂိတ်များထား ရှိသောကြောင့် စစ်ဆေးရေး ဂိတ်တိုင်းတွင် ဆန်တစ်အိတ် အတွက် ကျပ်ငွေ ၁၀၀ မှ ၂၀၀ အထိ ပေးဆောင်ရပါသည်။”*

**-ဦး ---(ကျား၊ ၆၁) ၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

## ရေကာတာများတည်ဆောက်ခြင်း

*“ဟတ်ကြီး ရေအားလျှပ်စစ် စီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားသည် ပမာဏများပြားသောကြောင့် ဟတ်ကြီးရေကာတာကို လျင်လျင် မြန်မြန်ဖြင့် အပြီးသပ်တည်ဆောက်နိုင်ရန် ကြိုးစားလုပ်ဆောင်လျှက် ရှိပါသည်။ ဤစီမံကိန်းသည် မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးစွဲမှု ပမာဏ၏ ထက်ဝက်ကို ထုတ်လုပ်ပေးနိုင် မည်ဖြစ်၍ ဤဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်းကို ဒီဇင်ဘာလ ၂၀၀၈ ခုနှစ်တွင် အပြီးသပ်တည်ဆောက် နိုင်ရန် ပစ်မှတ်ထား လုပ်ဆောင်လျှက် ရှိပါသည်။”*

**-နအဖ စစ်အစိုးရ၏ အရာရှိ၊ အမှတ်(၁) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌါန (စက်တက်ဘာ ၂၀၀၆)[၄၆]**

*“နအဖ စစ်အစိုးရသည် ဆည်မြောင်း၊ ရေကာတာများ တည်ဆောက်မည်ကို ကျွန်တော်တို့ကြားသိရသော် လည်း ၄င်းတို့ လုပ်ရပ်အတွက် ကျွန်တော်တို့ မှ သဘောတူညီမှုမရှိပေ။ ကျွန်တော်တို့ ခေါင်းဆောင်များ သည် ဘုရားသခင်မှ ကျွန်တော်တို့ ဆုတောင်းချက်များအား မစသနားရန် ဘုရားသခင်ထံ ကြိုးစား ပြီး ဆုတောင်းစေပါသည်။ နအဖ စစ်အစိုးရမှ ဆည်မြောင်း၊ ရေကာတာများ ဆောက်လုပ်ခြင်း မပြုနိုင်ရန် ကျွန်တော်တို့အားလုံးမှ မျှော်လင့်လျှက် ရှိပါသည်။ နအဖ စစ်အစိုးရမှ ဆည်မြောင်း၊ ရေကာတာများကို ဆောက်လုပ်ဖြစ်ပါက ကျွန်တော်တို့သည် ပြဿနာများစွာနှင့် ရင်ဆိုင်ကြုံတွေ့ ရပါမည်။ နအဖ စစ်အစိုးရမှ ရွာသူ၊ရွာသားများအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခြင်းဖြင့် အကူအညီပေးလိုပါသည်ဟု ပြောကြား ပါသည်။ တာတမံ ဆောက်လုပ်ခြင်း အောင်မြင်ပါက ရွာသူ၊ရွာသားများအတွက် လိုအပ်သော လျှပ်စစ် ဓာတ်အားကို ပေးဝေပေးပါမည်ဟု နအဖ စစ်တပ်မှ ပြောကြားပါသည်။ သို့သော် စစ်တပ်သည် ၄င်းတို့ပြော ဆိုသည့် စကားအတိုင်း လုပ် ဆောင်မည်ဟု ကျွန်တော်မယုံကြည်ပါ။ နအဖ စစ်အစိုးရထံမှလည်း မည်သည့် အရာမျှ ကျွန်တော်တို့ ရယူလိုခြင်းမရှိပါ။”*

**-စော ---(ကျား၊ ၁၉) ၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

ယခုလတ်တလော နှစ်များအတွင်း ဒေသခံ အဖွဲ့အစည်းများနှင့် ဒေသတွင်း တက်ကြွလှုပ်ရှားသူများအဖွဲ့ တို့သည် နအဖ စစ်အစိုးရမှ တည်ဆောက်ရန် ကြိုးစားနေသော ရေအားလျှပ်စစ် စီမံကိန်းအတွက် တာတမံကြီး ၄ ခု ဖြစ်သော ရှမ်းပြည်တောင်ပိုင်းရှိ တာစန်း ရေကာတာ၊ ကရင်ပြည်နယ် အရှေ့ဘက်ခြမ်းရှိ ဝဲကြီး၊ ဒါးဂွင်နှင့် ဟက်ကြီး စသည့် ရေကာတာများ ဆောက်လုပ်ပါက ဒေသခံပြည်သူများ ကြုံတွေ့လာရမည့် သဘာဝပတ်ဝန်း

[၄၆] “Hutgyi power moves downstream to raise output,” *The Myanmar Times and Business Review,* September 18th -22th 2006. Accessed at www.myanmar.com/myanmartimes/MyanmarTimes17-334/b003.htm on January 30th 2007.

ကျင်၊ လူမှုရေးနှင့် စားဝတ်နေရေးအတွက်ဆိုးကျိုးများကို နိုင်ငံတကာမှ သိရှိလာနိုင်ရန် လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ အထက်ပါရေကာတာကြီး ၄ခုကို သံလွင်မြစ်တစ်လျှောက် တည်ဆောက်ရန်စီစဉ်ထားကြပါသည်။[၆၇] အထက်ပါ တာတမံကြီး ၄ ခုတွင် ကရင်ပြည်နယ် ဖာပွန်ခရိုင် အရှေ့ဘက်ခြမ်းတွင် တည်ဆောက်မည့် ဟတ်ကြီးဆည်ကို ပထမဦးစွာ တည်ဆောက်ရန် စီမံကိန်းရေးဆွဲ ခဲ့ပါ သည်။ ရေကာတာတည်ဆောက်ရန် နေရာကိုရှင်းလင်းပြင်ဆင်ပြီး ရေကာတာကို ၂၀၀၆ ခုနှစ် နှောင်းပိုင်းမှ ၂၀၀၇ ခုနှစ် အစောပိုင်းများတွင် စတင်ဆောက်လုပ်ရန် စီစဉ်ခဲ့ ကြပါသည်။[၆၈] ဤစီမံကိန်းကို မြန်မာရေအားလျှပ်စစ် ထုတ်လုပ်ရေးဌာန၊ ထိုင်းနိုင်ငံ လျှပ်စစ်ထုတ်လုပ်ရေးဌာန (EGAT) နှင့် တရုတ်နိုင်ငံ စီနို ရေအားလျှပ်စစ်ကော်ပို ရေးရှင်း စသည့် အဖွဲ့များပူးပေါင်းကာ တည်ဆောက်ရန် သဘောတူညီခဲ့ကြပါသည်။ ၎င်းဟတ်ကြီး ရေကာတာကို အမှန်တကယ် အကောင်အထည်ဖော်တည်ဆောက်သည့် အဖွဲ့ မှာ ထိုင်းနိုင်ငံ စွမ်းအင်ကုမ္ပဏီ တစ်ခုဖြစ်သော MDX PLc ဖြစ်ပါသည်။ ဤရေကာတာဆောက်လုပ်ပြီးပါက လျှပ်စစ်ဓာတ်အား မီကာဝပ် ၁၁၀၀ မှ ၁၅၀၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၈၅% ကိုမူ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည် ဖြစ်ပါသည်။[၆၉] ဤရေကာတာ တည်ဆောက်ပြီး လျှံကျလာမည့်ရေများကို ရေထုတ်မြောင်း များမှ တစ်ဆင့် ထိုင်းနိုင်ငံ အနောက်ဘက် တပ်(ခ) ခရိုင်ရှိ ဘူမိပိုး ရေလှောင်ကန်သို့ လွှဲပြောင်းပေးပို့မည် ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာ့ရင်းနှီးမြုပ်နှံမှု ကော်မရှင် ၏ ထုတ်ပြန်ချက်အရ သံလွင်မြစ် ရေအားလျှပ်စစ် စီမံကိန်းများအတွက် ထိုင်းနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုသည် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီး မြုပ်နှံသောငွေကြေးပမာဏကို ထက်ဝက်နီးပါး တိုးတက်စေခဲ့ပြီး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၃. ၈ ဘီလီယံ ဖြစ်ပါသည်။[၇၀]

ဝဲကြီးနှင့် ဒါးဂွင် ရေကာတာကြီးများကိုမူ ဟတ်ကြီး ရေကာတာမှ မြောက်ဘက် ပိုကျသော ထိုင်း၊မြန်မာ နယ်စပ် ဖာပွန်ခရိုင်အရှေ့ခြမ်းရှိ သံလွင်မြစ်တစ်လျှောက်တွင် ဆောက်လုပ်ရန်စီမံခဲ့ကြပါသည်။ ဝဲကြီး ရေကာတာတည်ဆောက်ပြီးပါက မြေဧရိယာ ၉၆၀ စတုရန်း ကီလိုမီတာ ရေလွှမ်းမိုးမည်ဖြစ်ပြီး ၎င်း ၉၆၀ စတုရန်းကီလိုမီတာတွင် ၉၃၀ စတုရန်း ကီလိုမီတာသည် ကရင်ပြည်နယ် အတွင်းတွင် ဖြစ်ပါသည်။ ဒါးဂွင် ရေကာတာမှာမူ မြေဧရိယာ ၅ စတုရန်း ကီလိုမီတာကို ရေလွှမ်းမိုးစေနိုင်ပြီး ၎င်း ဆည် တည်ဆောက်ရာနေရာမှ သံလွင်မြစ်အထက်ပိုင်း ၃၅ ကီလိုမီတာ အထိ သံလွင်မြစ်ရေကို မြင့်တက်စေမည် ဖြစ်ပါသည်။[၇၀] ကရင်ပြည်နယ်အတွင်းတည်ဆောက်မည့် ဟတ်ကြီး၊ ဝဲကြီး နှင့် ဒါးဂွင် ရေကာတာ တည်ဆောက်ရေး စီမံကိန်းများသည် လူသိများသော်လည်း အခြားလူသိနည်းသော ရေကာတာ စီမံကိန်းများကိုလည်း နအဖ သည် လုပ်ဆောင်လျှက်ရှိပါသည်။ ဥပမာအားဖြင့် တောင်ငူခရိုင်တွင် ပက်လက်ဝနှင့် ထန်းတပင် မြို့နယ် ထုံးဘိုရွာ အကြား သောက်ရေခပ်ချောင်း (ဒေးလိုချောင်း) တွင် သောက်ရေခပ်ဆည်ကို တည်ဆောက်ရန် မြေနေရာ တိုင်းထွာရာတွင် နိုင်ငံရပ်ခြားမှ အင်ဂျင်နီယာများ ပါဝင်လုပ်ဆောင်ခဲ့ပါသည်။ ထို့နည်းတူ နိုဝင်ဘာလ ၂၀၀၅ မှ စ၍ ထိုဒေသများတွင် စစ်တပ်အင်အားတိုးချဲ့ ပြီး ဒေသခံပြည်သူများကိုလည်း စစ်တပ်မှ တိုက်ခိုက်ခဲ့ပါသည်။ တောင်ငူခရိုင်တွင်ရှိသော သောက်ရေခပ်ဆည်၊ ဖာပွန်ခရိုင်တွင်ရှိ သော ဟတ်ကြီး၊ ဝဲကြီးနှင့် ဒါးဂွင် ရေကာတာများအားလုံးသည် နအဖ ထိုးစစ်ဆင်နေသော ကရင်ပြည်နယ် မြောက်ဘက်ခြမ်းတွင်

[၆၇] See *The Salween Under Threat: Damning the longest Free River in Southeast Asia*, Salween Watch, October 2004 *and Damning at Gunpoint: Burma army atrocities pave the way for Salween Dams in Karen State*, Karen Rivers Watch, November 2004.

[၆၈] "Hutgyi power plant moves downstream to raise output," *The Myanmar Times and Business Review*, September 18th - 22th 2006. Accessed at www.myanmar.com/myanmartimes/MyanmarTimes17-334/b003.htm on January 30th 2007.

[၆၉] "Govt goodbye gas for hydropower," *The Myanmar Times and Business Review*, July 10th –16th 2006.

[၇၀] "Thai investment in dam project would nearly double FDI," *The Myanmar Times and Business Review*, September 11th -17th 2006. Accessed at www.myanmar.com/myanmartimes/MyanmarTimes17-334/b003.htm on January 30th 2007.

[၇၀] "Recent Dam and Water Diversion Plans," Salween Watch. Accessed at www.salweenwatch.org/dam_site.html on January 12th 2006.

တည်ရှိကြပါသည်။ ၂၀၀၅ ခုနှစ် နှောင်း ပိုင်းမှ စတင်သော ဒေသခံ ရွာသူရွာသားများ အပေါ် ပြုလုပ်သော နအဖ စစ်ဆင်ရေးများနှင့် တိုက်ရိုက်ဆက်နွယ်နေသည်ဟု မဆိုနိုင်သော်လည်း အထက်ပါ ဆည်များ ဆောက်လုပ်ခြင်းဖြင့် စစ်တပ်သည် ကရင်ပြည်နယ် ဒေသများသို့ တပ်များတိုးချဲ့ ချထားနိုင်ခြင်း၊ ကရင်ပြည်နယ်အတွင်း ဒေသခံ ပြည်သူများပိုင်သော မြေနေရာများကို ပိုမို ခြေကုတ်ရယူနိုင်ရန် လမ်းသစ်များ ဖောက်လုပ်ခြင်း စသည်တို့ကို လုပ်ဆောင်လျက် ရှိပါသည်။ နအဖသည် ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ဒေသခံ ပြည်သူများ၏ ဘဝကိုဖွံ့ဖြိုးစေမည်ဟုလည်း ပြောဆိုပါသည်။

## ယနေ့ ထိုနေရာသည် ရေများဖြင့် ပြည့်နေပါသည်

နအဖ စစ်အစိုးရ၏ ပြောဆိုချက်ဖြစ်သော ရေကာတာများသည် ဒေသခံ ရွာသားများအတွက် အကျိုးကျေးဇူး ရရှိစေမည်ဟူသော အချက်မှန်ကန်မှု ရှိ၊ မရှိကို တာတမံ များ ဆောက်လုပ်ပြီးစီးခဲ့သောဒေသများတွင် နေထိုင်သောရွာသားများ၏ အတွေ့အကြုံများကို ကြည့်ရှုပြီး ဆုံးဖြတ်နိုင်ပါသည်။ ဥပမာအားဖြင့် တောင်ငူခရိုင် ပသိဆည်ဆောက်လုပ်မှုကြောင့် နေရာရွှေ့ပြောင်းနေထိုင်ခဲ့ရ သောရွာသားတစ်ဦး၏ ၁၉၉၆ ခုနှစ်တွင် ကရင်လူ့အခွင့်အရေးအဖွဲ့အား ပြောပြခဲ့ပုံကို အောက်တွင်တွေ့မြင်ရပါမည်။ *"ကျွန်တော်ရွာတွင် နေထိုင်စဉ်က ရွာသားများသည် ဆိပ်ဖူးတောင်ကျေးရွာသို့ တစ်ပတ်ကြာသွားရောက်ပြီးပသိဆည် ဆောက် လုပ်ရေးအတွက် လုပ်အားပေးရန်စေခိုင်းခြင်းခံခဲ့ရပါသည်။ ၎င်းဆည်၏ အနီးဝန်းကျင်ရွာများတွင် နေထိုင်သူများသည် အခြားနေရာဒေသများသို့ ရွှေ့ပြောင်းနေထိုင်ရန် စေခိုင်းခံခဲ့ရပါသည်။ ရွာသားများသည် မြေကြီးကိုတူးဆွပြီး မြေဘောင်ဖို့ ရပါသည်။ လုပ်ကိုင်ရသောအလုပ်မှာ လုပ်ငန်း ခွင်ပေါ်တွင် မူတည်ပါသည်။ မိသားစုတစ်စုသည် သတ်မှတ်ထားသော အပိုင်း အကန့်တစ်ခု ပြီးစီးသည်အထိလုပ်ဆောင်ရပါသည်။ အလုပ်မပြီးမခြင်း ရွာသားများသည် မိမိတို့အိမ်သို့ပြန်၍မရပါ။ ကျေးရွာ များသည် အလှည့်ကျသွားရောက်ပြီး လုပ်အားပေးလုပ်ဆောင်ရပါသည်။ ဥပမာအားဖြင့် ရွာတစ်ရွာသည် လုပ်အားပေးသွား ရောက်ရပါသည်။ ထို့ နောက် အခြားတစ်ရွာသည် လုပ်အားပေးသွားရပါသည်။ ဒုတိယရွာ လုပ်အားပေးသွားပြီးပါက ပထမ တစ်ရွာသည် လုပ်အားပေးပြန်သွားရပါသည်။ ဒေသခံရွာသားများ ပြောဆိုချက်အရ ၎င်းတို့သည် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် လုပ်အားပေးသွားရောက်ရပါသည်။ ရွာသူရွာသားများ သည် ဆည်မြောင်း၊ တာတမံဆောက်လုပ်ရေး စီမံကိန်းများအတွက်သာ လုပ်အားပေးလုပ်ကိုင်ရခြင်း မဟုတ်ပါ။ စစ်စခန်းများအတွက်လည်း လုပ်အားပေးလုပ်ဆောင်ရ သည်သာမက ဝါးများနှင့် အခြားအထောက်အပံ့ပစ္စည်းများကိုလည်း ပို့ဆောင်ပေးရပါသည်။ ငွေကြေးများလည်း ပေးဆောင်ရ ပါသည်။ စစ်သားများသည် ဆည်တည်ဆောက်ရန် လုံခြုံရေးအတွက်ဆည်နားသို့လာရောက်ပြီး စခန်းချနေထိုင်ကြခြင်းဖြစ်ပါ သည်။ ယခုတည်ဆောက်သောဆည်သည် အရွယ်အစားအတော် အတန်ကြီးမားပါသည်။ ဤဆည်သည် ပသိချောင်းပေါ်တွင် တည်ဆောက်ထားပါသည်။ ပသိချောင်းသည် သောင်ရင်း မြစ်ထက် အရွယ်ငယ်ပါသည်။ ကျွန်တော့်အထင်အရ စစ်အစိုးရသည် လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရန် ရည်ရွယ်ပါသည်။ သို့သော် ထုတ်လုပ်ရရှိမည့် လျှပ်စစ်ဓာတ်အားကို မည်သည့်အ တွက် သုံးစွဲမည်ကို ကျွန်တော်မသိပါ။ မှတ်ချက်။ နောင်တွင် နအဖ စစ်တပ်သည် ထိုဒေသတွင် လေ့ကျင့်ရေး သင်တန်းကျောင်း တစ်ခုဖွင့်လှစ်ခဲ့ပြီး ၎င်းဒေသမှ ထုတ်လုပ်သော လျှပ်စစ်စွမ်းအားကို သင်တန်းကျောင်းအတွက်အသုံးပြုခဲ့ပါသည်။ ဒေသခံ ပြည်သူများမှာမူ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်မရရှိပါ။' စစ်အစိုးသည် ဤပသိဆည်ကို လွန်ခဲ့သော ၂ နှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ယခုထိတိုင် ဆောက်လုပ်ဆဲ ဖြစ်ပါသည်။ ဤဆည်တည်ဆောက်ရေးသည် ၁၉၉၆ ခုနှစ်တွင် ပြီးစီးရမည်ဖြစ်ပါသည်။ ပသိချောင်း ကို ပိတ်ဆို့ကာ တာတမံတည်ဆောက်ထားပြီး အောက်ပိုင်းတွင် ရေထုတ်မြောင်းကိုလည်း တည်ဆောက်ထားပါသည်။ ရေကာတာ အထက်တွင်ရှိသော နေရာဒေသများသည် ရေလွှမ်းမိုးခံရသောကြောင့် ဒေသ ခံရွာတစ်ရွာသည် နေရာရွှေ့ပြောင်းခဲ့ရပါသည်။ ၎င်းရွာ၏ အမည်မှာ ရွာကြီးဖြစ်ပါသည်။ ကရင်လူမျိုးများနေထိုင်သော ရွာဖြစ်ပါသည်။ ယခုအခါ ထိုဒေသသည် ရေများဖြင့် ဖုံးလွှမ်းနေပါသည်။ ရွာသားများသည် လယ်ယာမြေနှင့် ရာဘာစိုက်ခင်းများဆုံးရှုံးခဲ့ရပါသည်။ ရွာသားများသည် ဤကိစ္စနှင့် ပက်သက်၍ မည်သည့်အရာမျှ လုပ်ဆောင်နိုင် ခြင်းမရှိခဲ့ပါ။ ပသိဆည် တည်ဆောက်ခြင်းကြောင့် နေရာရွှေ့ပြောင်းခဲ့ရပြီး လျော်ကြေးငွေများလည်း လုံးဝမရရှိခဲ့ပါ။ ရွာသားများသည် ပျားစခန်းရွာသို့ ပြောင်းရွှေ့နေထိုင်ရန် စေခိုင်းခံခဲ့ရပါသည်။ ရွာသားများသည် ပျားစခန်းရွာသို့ ရွှေ့ပြောင်းပြီးအိမ်များ ပြန်လည် တည်ဆောက်ကြရပါသည်။ အစိုးရသည် ၎င်းရွာသားများ အတွက် မြေနေရာများ စီစဉ်ပေးခဲ့ခြင်း မရှိပါ။ ရွာသားများသည် မိမိကိုယ်ပိုင် အစီအစဉ်ဖြင့်သာ မြေနေရာများကို ရှာဖွေခဲ့ရပါသည်။ ရွာကြီး ရွာသားများသည် ယမန်နှစ်က စတင်ပြီးပြောင်းရွှေ့ရန်စေခိုင်းခံခဲ့ရပါသည်။ ထို့အပြင် ပသိဆည်နှင့် များစွာ*

*ဝေးကွာသော သူဌေးကုန်းရွာကို လည်းပြောင်းရွှေ့ရန် နအဖ စစ်တပ်မှအမိန့်ပေးခဲ့ပါသည်။ ထို့ကြောင့် ထိုဒေသတွင် ရွာပေါင်း နှစ်ရွာနေရာရွှေ့ပြောင်းခဲ့ရပါသည်။ လူဦးရေ မည်မျှပြောင်းရွှေ့ခံခဲ့ရသည်ကို ဘုရားသခင်သိရှိပါသည်။ အမှန်အားဖြင့် သူဌေး ကုန်းရွာသည် ပသိဆည်နှင့် အလွန်ဝေးကွာသဖြင့် ရေလွှမ်းမိုးခြင်းမရှိနိုင်ပါ။ ၎င်းရွာသည် ပသိဆည်၏ တောင်ဘက် ၈ မိုင် အကွာတွင် တည်ရှိပြီး ချောင်းနှင့်လည်းဝေးကွာပါသည်။ သို့သော် ကျွန်တော့်အမြင်အရ ထိုဒေသတစ်ခုလုံးသည် စစ်တပ်ဇရိယာ ဖြစ်လာသောကြောင့် ရွာသားများသည် နေရာရွှေ့ပြောင်းပေးရပါသည်။ ပသိဆည် လုံခြုံရေးအတွက် ရွာသားများကို ရွှေ့ပြောင်း စေခြင်းဖြစ်ပါသည်။ လုံခြုံရေးအတွက် စစ်တပ်အင်အားကိုလည်းထပ်မံတိုးချဲ့ထားပါသည်။”*

-စော ---(ကျား၊ ၂၉)၊ တောင်ငူခရိုင် (ဇွန်လ ၁၉၉၆)

ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်းကြောင့် ဆိုးကျိုးများဖြစ်ပေါ်လာရခြင်း နောက်ထပ် ဥပမာ တစ်ခုမှာ ယခု လတ်တလောတွင် ဆောက်လုပ်ပြီးစီးခဲ့သော ညောင်လေးပင်ခရိုင် ၊ ဆောထိမြို့နယ်ရှိ မောလိုမြစ်တွင် တည်ဆောက်ထားသော ကျောက်တံခါး ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်း ဖြစ်ပါသည်။ ဤကျောက်တံခါး ဆည်တည်ဆောက်ရေးသည် ဇန်နဝါရီလ ၂၀၀၇ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ တည်ဆောက်ဆဲကာလတွင် ဆည်တည်ဆောက်ရာ ဒေသအတွင်း နအဖ၏ စစ်တပ်များဖြစ်သော အမှတ် (၅၇) ခြေလျင်တပ်ရင်း၊ အမှတ် (၃၄၉)၊ (၃၅၀)၊ (၅၈၉) နှင့် (၅၉၈) ခြေမြန်တပ်ရင်းတို့သည် နယ်မြေ လုံခြုံရေးအတွက် တာဝန်ယူပါသည်။ ထို တပ်ရင်းများသည် ကင်းလှည့်ခြင်း၊ ဒေသခံ ပြည်သူများကို အတင်းအကျပ် နေရာရွှေ့ပြောင်းစေခြင်းနှင့် ပြည်သူများကို ဆောက်လုပ်ရေးလုပ်ငန်းခွင် အနီးသို့ လာရောက် ခြင်း မပြုနိုင်ရန် တားမြစ်ခြင်း စသည်တို့ကို လုပ်ဆောင်ပါသည်။ အထူးသဖြင့် နအဖ စစ်အစိုးရသည် ဆည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်လုပ် ဆောင်နေသော အင်ဂျင်နီယာများကို ဒေသခံရွာသားများမှ လာရောက်ပြီး ကြည့်ရှုလေ့လာမည်ကို စိုးရိမ်သော ကြောင့်လုံခြုံရေးကို တင်းကျပ်ထားပါသည်။ အထက်ပါ ဒေသတွင် သတင်းရယူနေသော ကရင်လူ့အခွင့်အ ရေးအဖွဲ့မှ ကွင်းဆင်းလေ့လာသူ၏ ပြောပြချက်အရ နအဖ အစိုးရသည် အထက်ပါဆည်ကို ဆောက်လုပ်ရာတွင် တရုတ်နှင့် ကိုးရီးယား အကူအညီကိုရယူပါသည်။ ထို့ကြောင့် ၎င်းဆည်ဆောက်လုပ်ရာတွင် တရုတ်နှင့် ကိုးရီးယား နိုင်ငံမှ အင်ဂျင်နီယာများ ပါဝင်နိုင်သောကြောင့် ၎င်း တရုတ်နှင့် ကိုးရီးယား အင်ဂျင်နီယာ များကို ရွာသားများမှ တွေ့မြင်ခြင်းမရှိရန် နအဖမှဖုံးကွယ်ထားပါသည်။ ၂၀၀၆ ခုနှစ် ကုန်ပိုင်းတွင် ဆည်တည်ဆောက်မှုပြီးစီး တော့မည့် အချိန်တွင် ဟေလိုမြစ်ရေမျက်နှာပြင် မြင့်တက်လာခဲ့ပါသည်။ ၂၀၀၇ ခုနှစ် အစပိုင်းတွင် တနေဖား၊ ကျောက်တံခါ၊ တနေထာ၊ ထီးကေထာနှင့် ဝေါရေး ကျေးရွာများသည် ရေလွှမ်းမိုးခြင်း ခံရသော ကြောင့် ရွာသား များသည် ကုန်းမြေမြင့် ဒေသများသို့ ထွက်ပြေးပုန်းရှောင်ရပါသည်။ ထိုသို့ ထွက်ပြေးရခြင်းကြောင့် ရေလွှမ်း မိုးခံရသော ၎င်းတို့၏ ဒညင်းခြံ၊ အုန်းခြံ၊ ဆေး ရွက်ကြီးစိုက်ခင်း၊ ဌက်ပျောခြံနှင့် ကွမ်းသီးခြံများကို စွန့်ပစ်ခဲ့ ရပါသည်။ မေ-ဇွန် လများတွင် မိုးစတင် ရွာသွန်းလာသောအခါ ရွာမြို့၊ လိကျိုး၊ အင်းကနဲ၊ ယိုဒါ၊ တယိုဘော၊ တနေဖား၊ ဝေါကူး၊ ထီးကထာနှင့် ရွှေကျင်မြို့များပါ ရေလွှမ်းမိုးမှု အန္တရယ်နှင့်ရင်ဆိုင်ရနိုင်ပါသည်။ ဒေသခံ ရွာသားအချို့သည် ကုန်းမြေမြင့်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ကြသကဲ့သို့ အချို့တို့သည် ရေလွှမ်းမိုးခံ ရနိုင်သော ရွှေကျင်မြို့သို့ ထွက်ပြေးတိမ်းရှောင်ကြပါသည်။ ဒေသခံရွာသားများကို စစ်အစိုးရမှ လျော်ကြေးငွေ ပေးဆောင်ခြင်း မရှိသကဲ့သို့ မြေယာများကိုလည်း အစားထိုးပြန်မပေးပါ။

စစ်အစိုးရမှာမူ ၎င်းတို့ ဆည်မြောင်းတာတမံ ဆောက်လုပ်ခြင်းသည် နိုင်ငံတွင်း လျှပ်စစ်ဓာတ်အား ဖူလုံရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖြစ်သည်ဟုပြောဆိုပါသည်။ ဤသို့ ဖြင့် စစ်အစိုးရသည် နိုင်ငံတစ်ဝှမ်းတွင်

ဆည်မြောင်းတာတမံများကို လျင်မြန်စွာ တိုးချဲ့ဆောက်လုပ်ပါသည်။ နိုင်ငံတော် အစိုးရသည် တိုင်းပြည်တွင် ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ဆောင်ခြင်းဖြင့် ပြည်တွင်းတွင် လိုအပ်နေသော လျှပ်စစ်စွမ်းအားရရှိနိုင် သကဲ့သို့ ပြည်ပသို့လည်း လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရောင်းချနိုင်မည်ဟု ဂုဏ်ယူဝါကြွားပြောဆိုလေ့ရှိပါသည်။ နအဖ စစ်အစိုးရ၏ ရေအားလျှပ်စစ်စီမံကိန်းများကို ထောက်ခံပြောဆိုသူများကလည်း ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ဘဏ်မှ ခန့်မှန်းတွက်ချက်မှုဖြစ်သော မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် မီဂါဝပ် ၁၀၈၀၀၀ ခန့် ရှိသည်ဟူသော အချက်ကို ပြောဆိုထောက်ပြလေ့ ရှိပါသည်။[၅၂] နအဖ စစ်အစိုးရ၏ ရည်ရွယ်ချက် ကိုမူ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သော သတင်းစာတွင် အောက်ပါအတိုင်း တွေ့ ရှိရပါမည်။

> ***"ယခုလက်ရှိတွင် အစိုးရသည် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကို ပိုမို ဦးစားပေးလုပ်ဆောင်ပါမည်။ ရေအားလျှပ်စစ်မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား သည် နိုင်ငံတွင်း သုံးစွဲသော လျှပ်စစ်ဓာတ်အား၏ ၃၈% ဖြစ်ပါသည်။ သို့သော် အစိုးရသည် ၂၀၃၀ ခုနှစ်တွင် နိုင်ငံမှ သုံးစွဲသော လျှပ်စစ်ဓာတ်အား ၁၀၀% ကို ရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံများမှ ထုတ်လုပ်နိုင်မည်ဟုမျှော်လင့်ပါသည်။ ရေအားဖြင့်လျှပ်စစ် ထုတ်လုပ်ခြင်းသည် ငွေကြေးကုန်ကျမှုအရလည်း အကျိုးရှိစေမည့်နည်းလမ်းဖြစ်ပေသည်။"***

**-နအဖ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌါနမှ အရာရှိ၏ ပြောဆိုချက် (ဇွန်လ ၂၀၀၆)[၅၃]**

## ဆည်မြောင်းတာတမံ ဆောက်လုပ်ရာတွင် အလွဲသုံးစားပြုခြင်း

> ***"နအဖ စစ်အစိုးရမှ ဆည်မြောင်းတာတမံ တည်ဆောက်မည်ကို ကျွန်တော်တို့ ကြားသိခဲ့ရပါသည်။ လွန်ခဲ့သော တစ်နှစ်၊ နှစ်နှစ်အတွင်း ဆည်တည်ဆောက် ရန် စီစဉ်ခဲ့ပါသည်။ နအဖ မှ ဒေးလိုမြစ်တွင် ဆည်တည်ဆောက်ရန် စီစဉ်ခဲ့ပါသည်။ ယခုအခါတွင် ၄င်းဆည် အနီးဝန်းကျင်တွင် တည်ရှိသော ရွာများသည် ပျက်စီးလျက်ရှိပါသည်။ ရွာသားများသည်လည်း ယခု ကျွန်တော်တို့ တောတွင်း ထွက်ပြေးပုန်းအောင်းရ သကဲ့သို့ ပုန်းရှောင်ရပါသည်။ ကျွန်တော့်အမြင်အရ ဤဆည်သည် ရွာသားများအတွက် အသုံးဝင်မည် မဟုတ်သကဲ့သို့ အကျိုးရှိစေမည်လည်း မဟုတ်ပါ။ ဤဆည်သည် ရွာသားများအတွက် ပြဿနာများသာ ဖန်တီးပေးပါမည်။"***

**-စော ---(ကျား၊ ၄၄) ၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

ဆည်မြောင်းတာတမံ တည်ဆောက်ရေးနှင့်ပက်သက်၍ နအဖ၏ ရည်ရွယ်ချက်များသည်အကျိုးရှိသည်၊ မရှိ သည်ဟူသော အချက်ကို ထည့်သွင်းမစဉ်းစားဘဲ ဆည် စီမံကိန်း အနီးဝန်းကျင်တွင် နေထိုင်သောရွာသားများ အပေါ် နအဖ စစ်သားများ၏ အလွဲသုံးစားပြုလုပ်မှုများကို ကြည့်ခြင်းဖြင့် ၄င်းဆည်စီမံကိန်းတွင် နိုင်ငံရပ်ခြားမှ ပါဝင်ကူညီခြင်းမရှိရန် တားဆီးသင့်ပါသည်။ အခြားသော စစ်အခြေခံ အဆောက်အဦးများ တည်ဆောက်သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ရာတွင် နအဖ စစ်အစိုးရသည် ပြည်သူများပိုင်ဆိုင်သော မြေများစွာကို သိမ်းပိုက်ခြင်း၊ ဒေသခံပြည်သူများစွာကို အတင်းအကျပ် နေရာရွှေ့ပြောင်းစေခြင်းနှင့် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း စသည့် အလွဲသုံးစားမှုများကို ကျူးလွန်ပါသည်။ ဆည်မြောင်းတည်ဆောက်မှုကြောင့် ဖြစ်ပေါ်လာသောရေလွှမ်းမိုးမှုများသည် ဒေသခံပြည်သူများ ၏ ဘဝကို ထိခိုက်နစ်နာစေသည် သာမက အနာဂတ်

---

[၅၂] "Govt goodbyes gas for hydropower," *The Myanmar Times and Business Review*, July 10th – 16th. Accessed at http://www.myanmar.com/myanmartimes/MyanmarTimes17-324/b001.htm on January 30th 2007.

[၅၃] အထက်ပါအတိုင်း။

တွင်လည်းဒေသခံများသည် ၎င်းတို့၏ မူရင်းဒေသများသို့ ပြန်လည်နေထိုင်နိုင်ခြင်း ရှိမည်မဟုတ်ပါ။ အနေ့ရှေတောင် အာရှတွင် အတားအဆီးမဲ့ လွတ်လပ်စွာ သဘာဝအတိုင်း စီးဆင်းနေသော နောက်ဆုံးလက်ကျန် မြစ်တစ်စင်း ဖြစ်သောသံလွင်မြစ်တွင် ဆည်မြောင်းတာတမံ တည်ဆောက်ပါကဒေသတွင်း ဂေဟစနစ်ကို ပျက်စီးစေမည် ဖြစ်ပြီး မြစ်အောက်ပိုင်းတွင် နေထိုင်ကြသော သံလွင်မြစ်ကို အမှီပြုပြီး ရှင်သန်နေထိုင်ကြရ သူများအတွက်လည်း ထိခိုက် နစ်နာမှုကို ဖြစ်ပေါ်စေပါမည်။

***"တောင်ငူခရိုင် တပ်မဟာ (၂) နယ်မြေတွင် နအဖမှ ဆည်မြောင်းတာတမံများစတင်တည်ဆောက် လျှက်ရှိကြောင်း ကျွန်တော်တို့ ကြားသိရပါသည်။ ဆည် တည်ဆောက်ရာ အနီးတွင် နေထိုင်သော ဒေသခံရွာသူ၊ရွာသားများသည် အခြားနေရာများသို့ ရွှေ့ပြောင်းနေထိုင်ရပါသည်။ ၎င်းရွာ သားများ၏ သီးနှံစိုက် ခင်းများလည်း ဖျက်ဆီးခံရပါသည်။ သို့သော် နအဖသည် ရွာသားများကို မည်သည့် လျှော်ကြေးမျှမပေးပါ။ ဤဆည်ဆောက်လုပ်ခြင်းသည် ဒေသခံ ရွာသား များအတွက် အကျိုးရှိစေမည်ဟု ကျွန်တော်မထင်ပါ။ နအဖသည် ရွှေ့ပြောင်းရသောရွာသားများကိုလည်း မည်သို့မျှ အကူအညီမပေးပါ။"***

**-စော --- (ကျား၊ ၃၅)၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

***"လတ်တလော ကြားသိရသော သတင်းအရ နအဖ စစ်အစိုးရသည် ဖားကေးရွာ၊ ခလေးဘယ်လေးဒေသ ကေးလောမြစ်ပေါ်တွင် ရေကာတာတည်ဆောက်ရန် စီစဉ်နေပါသည်။ ၎င်းရေကာတာတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်က နအဖ စစ်သားများသည် ၎င်းတို့၏ မိသားစုများကို ဘောကထာတွင် နေ ထိုင်စေပါမည်။ ဤဆည်ကို တည်ဆောက်ပါက နေရာဒေသများစွာ ရေလွှမ်းမိုးနိုင်သောကြောင့် ဒေသခံ ရွာသူ၊ရွာသားများ အခက်အခဲများစွာနှင့် ကြုံတွေ့ရ ပါမည်။ ထို့အပြင် ကွမ်းသီးခြံများနှင့် ဒူးရင်း ခြံများကိုပါ ရေလွှမ်းမိုးနိုင်ပါသည်။"***

**-စော ---(ကျား၊ ၅၀)၊ ---ရွာ၊ ညောင်လေးပင်ခရိုင် (နိုဝင်ဘာ ၂၀၀၅)**

***"နအဖသည် ဆည်တည်ဆောက်ရန် ၎င်းတို့၏ ထုံးစံအတိုင်းပင် ရွာသားများကို အကူအညီ တောင်းခံမည်ဟု ကျွန်တော်ထင်ပါသည်။ ကားလမ်းဖောက်လုပ်ရာတွင်လည်း ရွာသားများကို အတင်းအဓမ္မဖောက်လုပ်စေပါသည်။ ရွာသူ၊ရွာသားများ၏ အင်အားနှင့် လုပ်ဆောင်မှုကြောင့်သာ ကားလမ်းများ ဖောက်လုပ် ပြီးစီးခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယခု တစ်ကြိမ်တွင်လည်း နအဖသည် ရွာသူ၊ရွာသားများကို အတင်းအဓမ္မ အကူအညီတောင်းခံမည်ဟု ကျွန်တော်ထင်ပါသည်။ နအဖ စစ်သားများသည် ရွာသားများကို ခေါ်ယူစေခိုင်းသောအခါ ငွေကြေးပေးဆောင်ခြင်း မရှိသည်သာမက ရွာသားများကို ဆူပူအော်ဟစ် ကြိမ်းမောင်းပါသည်။ ရွာသားများကို ဒီလိုခုတ်ပါ၊ ဒီလိုတူးပါ ဟူ၍ အော်ဟစ် အမိန့်ပေးပါ သည်။ ရွာသားများကို အတင်းအဓမ္မစေခိုင်းသော်လည်း စားနပ်ရိက္ခာမပေးပါ။ လုပ်အားပေးလုပ်ရာတွင် လိုအပ်သည့်အရာများ အားလုံးကို ရွာသားများမှလုပ်ဆောင်ပေးရမည်ဟု နအဖ စစ်သားများကပြောပါသည်။ လိုအပ်သောပစ္စည်းကိရိယာနှင့် စားနပ်ရိက္ခာများကို ရွာသားများ ကိုယ်တိုင်ယူဆောင်လာရပါသည်။"***

**-စော ---(ကျား၊ ၂၂)၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)**

နအဖ စစ်အစိုးရသည် ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် ဒေသခံပြည်သူများ၏ မြေယာများကို သိမ်းယူခြင်း၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းစသည့် အချက်များကို ကျူးလွန်သည်သာမက ဆည်တည်ဆောက်ရေးကို အကူအညီပေးရန် စစ်တပ်သည် နယ်မြေစိုးမိုးရေးကို တိုးချဲ့လုပ်ဆောင်ရာတွင် လူ့အခွင့်အရေး

များကိုချိုးဖောက်လျှက်ရှိပါသည်။ ဖာပွန်နှင့် တောင်ငူခရိုင်ဒေသများတွင် ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ရန် နအဖ စစ်တပ်များသည် လုံခြုံရေးအတွက် နယ်မြေရှင်းလင်းရာတွင် သာမန်ပြည်သူများနေထိုင်ရာ ရွာများကို တိုက်ခိုက်ခြင်း၊ အိမ်နှင့် အခြား အဆောက်အဦးများကို ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေခြင်း၊ ပြည်သူများသွားလာ ရာ နေရာများတွင် မြေမြုပ်မိုင်းများ ထောင်ထားခြင်းနှင့် တွေ့ရာနေရာတွင် ပစ်ခတ်မည်ဟူ သောအမိန့်ကို ထုတ်ပြန်ထားခြင်းစသည့်အချက်များကို လုပ်ဆောင်လျှက်ရှိပါသည်။[၁၄] သံလွင်မြစ် ရေကာတာ များတည်ဆောက်ခြင်းကို ဆက်လက်လုပ်ကိုင်ပါက နောက်ထပ်ထောင်ပေါင်းများစွာသော ရွာသားများကို မူရင်းဒေသများမှ ထွက်ခွာရန် လုပ်ဆောင်သကဲ့သို့ပင် ဖြစ်ပါသည်။ ၄င်းရွာသားများသည် ရေလွှမ်းမိုးခြင်း အကြောင်းတစ်ခု တည်းကြောင့် မိမိတို့ရွာများမှ စွန့်ခွာရသည်မဟုတ်ဘဲ ရေကာတာလုံခြုံရေး တာ ဝန်ယူရသော စစ်သားများ၏ အဓမ္မစေခိုင်းမှု၊ အမျိုးသမီးများအပေါ် မတရားပြုကျင့်မှုနှင့် အခြားသော အလွဲသုံးစားပြုမှုများကြောင့် နေရပ်ရင်းမှ စွန့်ခွာထွက်ပြေးရပါသည်။ ကေအန်အယ်(လ)အေ တပ်ဖွဲ့များသည်လည်း နအဖ မှ ရေကာတာများဆောက် လုပ်ခြင်းမပြုနိုင်ရန် တားဆီးပိတ်ပင်မည် ဖြစ်သောကြောင့် နအဖ စစ်တပ်နှင့် ကေအန် အယ်(လ)အေ အကြား တိုက်ပွဲအရှိန် ပိုမိုမြင့်မားလာပေမည်။

> ***"နအဖ စစ်အစိုးရသည် တောကြမ်းနှင့် လေးပေါ် နေရာဒေသများတွင် ဆည်တည်ဆောက်ပါမည်။ ကျွန်တော်တို့ ရွာမှ ၄င်းဒေသများသို့ တစ်ရက်ခွဲခန့် လမ်း လျှောက်သွားနိုင်ပါသည်။ ၄င်းဆည်ကို လုံခြုံရေး တာဝန်ယူထားသော စစ်သား ၄၀၀ ရှိပြီး ၄င်းစစ်သားများသည် အမှတ် (၆၆) ခြေမြန်တပ်မမှ ဖြစ်ပါသည်။ ကျွန်တော့်အထင်အရ ဤ ဆည်သည် ကျွန်တော်တို့ နေထိုင်ရာ နေရာကို ရေလွှမ်းမိုးစေနိုင်သဖြင့် ကျွန်တော်တို့အတွက် အကျိုးမရှိနိုင်ပါ။ နအဖ စစ်အစိုးရ ၏ ပြောပုံအရ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိပါက မြန်မာပြည်တွင်းတွင်သုံးစွဲပြီး ထိုင်းနှင့် တရုတ်နိုင်ငံသို့လည်း တင်ပို့ရောင်းချပါမည်။ ဤဆည်ကို အ ဖွဲ့ ၃ဖွဲ့ မှ တည်ဆောက်ပါမည်။ ၄င်းတို့မှာ နအဖ၊ ထိုင်းနှင့် ဂျပန် တို့ ဖြစ်ပါသည်။ နအဖသည် ဆည်တည် ဆောက်ရန် ငွေကြေးမရှိသော်လည်း ဆည်လုံ ခြုံရေးအတွက် စစ်တပ်အင်အားပံ့ပိုးကူညီနိုင်သည်ဟု ပြောပါ သည်။ ၄င်းတို့ မှ ဤဆည်ကို တည်ဆောက်ပါက ကျွန်တော်တို့ ကျေးရွာများ ပျက်စီးပါမည်။ ကျွန်တော် တို့သည် အခြားနေရာသို့ ပြောင်းရွှေ့ရမည်ဖြစ်သော်လည်းပြောင်းရွှေ့နေထိုင်ရန် အခြားနေရာမရှိပါ။ ထို့ ကြောင့် ရေလွှမ်းမိုးခံရပြီးသေဆုံးရပါမည်။ ကျွန်တော့်အနေဖြင့် နအဖ စစ်အစိုးရအား ဤဆည်ကို မတည် ဆောက်စေလိုပါ။"***

**-စော --- (ကျား၊ ၃၄)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဧပြီလ ၂၀၀၆)**

## ရေကာတာများနှင့် စစ်တပ်၏ထိန်းချုပ်မှု

> ***"နအဖ စစ်အစိုးရသည် သံလွင်မြစ်ပေါ်တွင် ရေကာတာများတည်ဆောက်မည်ကို ကျွန်ုပ်တို့ကြားသိရပါ သည်။ ကျွန်တော့်အတွက်မူ ဤ ရေကာတာ တည်ဆောက်မှုသည် ရွာသားများအတွက် အကျိုးရှိ မည်ဟု မမြင်ပါ။ နအဖ စစ်အစိုးရ၏ ရေကာတာဆောက်လုပ်ရခြင်း ရည်ရွယ်ချက်သည် ရွာသူ၊ရွာသားများကို ဒုက္ခပေးရန်နှင့် ကေအန်ယူကို အပြတ်ချေမှုန်းရန် ဖြစ်ပါသည်။"***

**-စော ---(ကျား၊ ၄၀)၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

---

[၁၄] ပိုမိုသိရှိလိုပါက *Papun Update: SPDC attacks on villages continue,* (Karen Human Rights Group, October 2006) *SPDC Attacks on Villages in Nyaunglebin and Papun Districts and the Civilian Response,* (Karen Human Rights Group, September 2006). တွင် ဖတ်ရှုနိုင်ပါသည်။

နအဖ စစ်အစိုးရသည် ရေအားလျှပ်စစ်ထုတ်လုပ်ရန် ရေကာတာအသစ်တစ်ခု ဆောက်လုပ်ပြီးတိုင်း ရေကာတာလုံခြုံရေးအတွက် ၎င်းနေရာဒေသ တစ်ဝိုက်ကို ထိန်းချုပ် ထားသောကြောင့် ရေကာတာသည်လည်းကာကွယ်ရန်လိုအပ်သောအခြေခံအဆောက်အအုံ တစ်ခုဖြစ်လာပါသည်။ စစ်တပ်သည် ရေကာတာများနှင့် ကားလမ်းများလုံခြုံရေးအတွက် တာဝန်ယူရာတွင် အနီးပတ်ဝန်းကျင်ရှိ သာမန် ပြည်သူများကို စစ်အစိုးရထိန်းချုပ်ထားသောရွှေ့ပြောင်းကျေးရွာများသို့ အတင်းအကျပ်သွားရောက်နေထိုင်စေပါသည်။ ရွာများမှ ထွက်ခွာလာပြီး ရွှေ့ပြောင်းရွာများတွင် နေထိုင်ကြသူများကို စစ်တပ်မှ သွားလာရောင်းဝယ်ခွင့်ကို ပိတ်ပင်ကန့်သတ်ထားပါသည်။ ထို့အပြင် ငွေကြေးနှင့် စားနပ်ရိက္ခာများကို မတရားတောင်းခံခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းစသည့် အလွဲသုံးစားမှုများကိုလည်း စစ်တပ်မှကျူးလွန်ပါသည်။ ဤကဲ့သို့ ဖြစ်ပေါ်ရခြင်းသည် ကရင်ပြည်နယ်တစ်လွှား စစ်တပ်များတိုးချဲ့ချထားခြင်းနှင့် ကင်းစခန်းများကို တိုးချဲ့လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဤနည်းဖြင့် စစ်တပ်၏ထိန်းချုပ်မှုများပြားလာ ခြင်းကြောင့် ပြည်သူများ၏ နေ့စဉ် စားဝတ်နေရေးကို ထိခိုက်စေပြီး ဆင်းရဲကျပ်တည်းမှုကိုတိုးပွားလာစေပါသည်။ ပြည်သူများသည် အထက်ပါဆိုးရွားသော အခြေအနေများကို ရင်ဆိုင်နေကြရ သော်လည်း နအဖ စစ်အစိုးရမှာမူ ဒေသခံရွာသားများကို အောက်ပါအတိုင်း ကတိပေး ပြောကြားပါသည်။ "ရွာသားများသည် တာတမံဆောက်လုပ်ရေးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ပါက လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက်လည်း အကျိုးရှိပေမည်။" သို့သော် ပြီးခဲ့သော အဖြစ်အပျက်များကို ပြန်ကြည့် မည်ဆိုလျှင် နအဖ စစ်အစိုးရသည် တိုင်းပြည်မှ ထွက်ရှိသမျှ စွမ်းအင် အရင်းအမြစ်များကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချလေ့ရှိပြီး ကျန်ရှိသော စွမ်းအင်များကို စစ် တပ်အတွက်သာ အဓိကထား အသုံးပြုသောကြောင့် ပြည်သူများမှာမူ လျှပ်စစ်မီးရေရှည်ပြတ်တောက်မှုဒဏ်ကို ခံစားရပါသည်။ ကရင်ပြည်နယ် ကျေးရွာဒေသများတွင်မူ လျှပ်စစ်မီး လုံးဝမရရှိပါ။

> ***"ရေကာတာများတည်ဆောက်ရန် နအဖ စစ်အစိုးရသည် ရွာသားများကို မေးမြန်းခြင်း၊ အကြောင်းကြားခြင်း မရှိပါ။ ရွာသားများ၏ သဘောထားကိုလည်း မေးမြန်းခြင်း မရှိပါ။ ရွာသားများကို အကြောင်းမကြားဘဲ ရေကာတာတည်ဆောက်ရန် နေရာကို အထက်မှ အမိန့်ပေးသည့် အတိုင်း လာရောက်ကြည့်ရှု ပါသည်။ ၎င်းတို့ကို အထက်အရာရှိများမှ အမိန့်ပေးသောကြောင့် တာတမံ လာရောက်တည်ဆောက်ရကြောင်းကို ရွာသားများအားပြောပါသည်။"***

**-စော ---(ကျား၊ ၂၂)၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)**


ဥပမာအားဖြင့် ၂၀၀၆ ခုနှစ် အစောပိုင်းများတွင် တောင်ငူခရိုင် အနောက်ခြမ်း ဒေးလိုချောင်းပေါ်တွင် တည်ဆောက်ခဲ့သော ရေကာတာကို ကြည့်ခြင်းဖြင့် ဆည်တည်ဆောက်ရာတွင် ကျူးလွန်သော နအဖ၏ အလွဲသုံးစားမှုများကို တွေ့မြင်ရပါမည်။ ဤရေကာတာသည် သေးငယ်သော ရေကာတာဖြစ်သော်လည်း နအဖ စစ်အစိုးရသည် လုံခြုံရေးအတွက် စစ်သားများစွာကို ၎င်းဒေသသို့ပို့ဆောင်ပါသည်။ ရွာသားများသည် အတင်းအဓမ္မရွှေ့ပြောင်းခံခဲ့ရပါသည်။ ထို့အပြင် ၂၀၀၆ ခုနှစ် အစောပိုင်းမှ စ၍ ရေကာတာလုံခြုံရေးအတွက် ကျေးရွာများသည် တစ်အိမ်လျှင်တစ်ယောက် အလှည့်ကျ သွားရောက်ပြီး ကင်းစောင့်ရပါသည်။ မိသားစုတွင် ကင်းစောင့်ရန်အတွက် လူမရှိပါက တစ်ရက်အတွက် ဒဏ်ငွေ ၁၀၀၀ကျပ် ပေးဆောင်ရပါသည်။ အထက်ပါ ကျေးရွာများမှ စော---သည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းသို့ ရောက်ရှိလာပြီး လ အနည်းငယ် ကြာသောအခါ ကရင်လူ့အခွင့်အရေးအဖွဲ့အား ပြောပြသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။"၂၀၀၅ ဒီဇင်ဘာမှစ၍ အတင်းအကျပ်

ပေါ်တာထမ်းစေခြင်းသည် လျော့မသွားဘဲပို၍များလာပါသည်။ နအဖ စစ်တပ်သည် ကျွန်တော်တို့ ရွာမှနေ့စဉ် လူ ၅ ယောက်တောင်းပါသည်။ ကျွန်တော်တို့ ရွာသာမက အခြားရွာများမှလည်း နေ့စဉ်လူ ၅ ယောက် လုပ်အား ပေးသွားရောက်လုပ်ကိုင် ရပါသည်။" စော---၏ သူငယ်ချင်း ဖြစ်သူ စော---ကလည်း ကရင်လူ့ အခွင့်အရေးအဖွဲ့အား အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။ "ခြေလျင်တပ်ရင်း အမှတ် (၄၈) မှ နအဖ စစ်သားများသည် နေရာအနှံ့ စစ်စခန်းများ တည်ဆောက်ရန် လုပ်ဆောင်လျှက်ရှိပါသည်။ စစ်သားများသည် ရွာသားများကို ၄င်းတို့အတွက် ဝါးများစွာ ခုတ်စေခဲ့ပါသည်။ တစ်ခါတစ်ရံ ဝါးအလုံး ၁၀၀ တောင်းခံပြီး၊ တစ်ခါတစ်ရံတွင် ဝါးအလုံး ၂၀၀ တောင်းခံပါသည်။ ထို့အပြင် အင်ဖက်များနှင့် သစ်များ ကိုလည်း စစ်တပ်အတွက် ပေးဆောင်ရပါသည်။ ထို့အပြင် စစ်စခန်းများအတွက် ဆက်သားအဖြစ် ဆောင်ရွက်ရပါသည်။ လူငါးယောက်သည် စစ်သားများအတွက် နေ့စဉ် ၁၀ ခေါက်မှ ၂၀ ခေါက်အထိ ရေထမ်းပေးရပါသည်။"[၅၅]

နအဖသည် အချို့ ရေကာတာများ (သံလွင်မြစ်ပေါ်ရှိ ဟတ်ကြီး၊ ဒါးဂွင်နှင့် ဝဲကြီး)ကို နိုင်ငံရေး အကျိုးအမြတ်အတွက် အသုံးပြုရန်ရည်ရွယ်ပြီး တည်ဆောက်ခြင်းဖြစ်ပါသည်။ ဤရေကာတာသုံးခုကို တည်ဆောက်ဖြစ်ပါက ၄င်းတို့၏ ရေလျောင်ကန်များသည် သံလွင်မြစ်တစ်လျှောက် ကီလိုမီတာ ၂၀၀ အထိ နေရာယူသွားမည်ဖြစ်ပြီး ကုန်းတွင်း ပင်လယ်ငယ်တစ်ခုအဖြစ် ရောက်ရှိသွားပါမည်။ ၄င်းကီလိုမီတာ ၂၀၀ တွင် ၁၅၀ သည် ထိုင်း-မြန်မာနယ်စပ် တစ်လျှောက်တွင်တည်ရှိပါသည်။ အထက်ပါကဲ့သို့ ရေဖုံးလွှမ်းသွားမည့် ကီလိုမီတာ ၁၅၀ အကွာအဝေးရှိသည့် ထိုင်း-မြန်မာ နယ်စပ် တစ်လျှောက်သည် လက်ရှိ ကရင်ပြည်နယ်မြောက်ပိုင်းမှ ဒုက္ခသည်များ ထိုင်းနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်သည့် နေရာများဖြစ်ပါသည်။ ထို့အပြင် ဤနေရာဒေသများသည် ကရင်ပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းနေရာ ရွှေ့ပြောင်းနေထိုင်ရသူများထံ အကူအညီ၊ အထောက်အပံ့များပေးပို့ရာလမ်းကြောင်းဖြစ်ပါသည်။ ကေအန်ယူ၊ ကေအန်အယ်(လ)အေ အတွက်လည်း အဓိက ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရာလမ်းကြောင်းဖြစ်ပါသည်။

အထက်ပါကဲ့သို့ သံလွင်မြစ်ပေါ်တွင် ရေကာတာများတည်ဆောက်ခြင်းဖြင့် ဒုက္ခသည်များ ထွက်ပြေးခြင်းကို ကာကွယ်နိုင်ပြီး ထိုင်းနိုင်ငံမှ တစ်ဆင့် ပြည်တွင်းရွှေ့ပြောင်းနေ ထိုင်သူများထံ ကယ်ဆယ်ရေး အထောက်အပံ့ ပေးပို့ရာလမ်းကြောင်းကိုလည်း ဖြတ်တောက်နိုင်ပါသည်။ ထို့အပြင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကို အကာအကွယ်ပေး ပြီး ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ယူ ဝေငှနေသော ကေအန်အယ်(လ)အေ တပ်ဖွဲ့များ၏ ထောက်ပံ့ရေးလမ်းကြောင်းများကိုလည်း ဖြတ်တောက်နိုင်ပါသည်။ ကရင် ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သောရွာသားများသည် နအဖ စစ်အစိုးရအတွက် ထောင်ချောက်ထဲတွင် ပိတ်မိနေသော ကြွက်များဖြစ်လာပြီး၊ ထိုင်းနိုင်ငံအနေဖြင့်လည်း နောက်ထပ် ရောက်ရှိလာမည့် ဒုက္ခသည်များကို လက်ခံရန်မလိုခြင်း အကျိုးကျေးဇူးကို ခံစားရပေမည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် ရောက်ရှိပြီးသော ဒုက္ခသည်များသည်လည်း အမိမြေနှင့် လုံးဝပြတ်တောက်သွားပါမည်။

[၅၅] *ပိုမိုသိရှိလိုပါက Toungoo District: Update on the dam on the Day Loh river*, (Karen Human Rights Group, May 2006) တွင် ဖတ်ရှုလိုပါသည်။




**အထက်ပါမြေပုံတွင် ဟတ်ကြီး၊ ဝဲကြီးနှင့် ဒါးဂွင် ရေကာတာများတည်ဆောက်ဖြစ်ပါက ရေလွှမ်းမိုးခံရမည့်နေရာ ဒေသများခန့်မှန်းချက်ကို တွေ့မြင်ရပါမည်။ ဤရေကန်သစ်ကြီးများသည် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ဖြတ်သန်းသွားလာခြင်းကို ထိရောက်စွာပိတ်ဆို့နိုင်ပါသည်။ အထူးသဖြင့် နအဖ စစ်အစိုးရသည် ဤရေပြင်များပေါ်တွင် စစ်ရေယာဉ်ငယ်များဖြင့် ကင်းလှည့်စောင့်ကြပ်ပါက နယ်စပ်ကို ဖြတ်ကူးရန်ပို၍ပင်မလွယ်ကူပေ။ (မြေပုံ။ ကရင်လူ့အခွင့်အရေးအဖွဲ့ )**

## စိုက်ပျိုးရေးစီမံကိန်းများ

> ***“ထို့အပြင် အစိုးရသည် ကျေးလက်နေပြည်သူများအား စိုက်ပျိုးရေးလုပ်ကိုင်ခြင်းကို အားပေးခြင်းပြုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများပါ လုပ်ကိုင်ရန်အားပေးသင့်ပေသည်။”***
>
> **-နအဖ စစ်ခေါင်းဆောင် ဗိုလ်မှူးကြီးသန်းရွှေ (အောက်တိုဘာ ၂၀၀၆)[၅၆]**

---

[၅၆] Quoted in “Development of a country depends on progress of rural areas, and development of urban areas are underpinned by economic infrastructures in rural areas Senior General Than Shwe attends Meeting No 1/2006 of Central Committee for Development of Border Areas and National Races,” *The New Light of Myanmar,* October 4th 2006.

***"ဇန်နဝါရီ ၁၄ ရက် ၂၀၀၆ ခုနှစ်တွင် စစ်အစိုးရ ခေါင်းဆောင်များသည် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကြက်ဆူပင် အကောင်းဆုံး စိုက်ပျိုးနိုင်သူအတွက် ဂုဏ်ပြုပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအခမ်းအနားကို ရုပ်မြင်သံကြား ရိုက်ကူးခဲ့ပြီး တစ်ပြည်လုံးသို့ ထုတ်လွှင့်ခဲ့ပါသည်။ ဤသို့ဖြင့် ကြက်ဆူပင် စိုက်ပျိုးရေးကို ပြည်သူများမှ ထောက်ခံသည့်အနေဖြင့် အခမ်းအနားသို့ တက်ရောက်အားပေးကြောင်း တစ်ပြည်လုံးသို့ ဝါဒ ဖြန့်ပါသည်။ အမှန်အားဖြင့်မူ စစ်အစိုးရသည် ကျေးရွာဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို အခမ်းအနား မပျက်မကွက်တက်ရောက်ရန် အမိန့်ထုတ်ထားခြင်းဖြစ်ပါသည်။"***

**-ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

စစ်အစိုးရ၏ စိုက်ပျိုးရေးနှင့်ပက်သက်၍ ချမှတ်ထားသော မူဝါဒများသည် တိုင်းပြည် ဖွံ့ ဖြိုးတိုးတက်ရေးအတွက် အခြေခံ အုတ်မြစ်ဖြစ်သည်ကို နအဖ ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်များမှ အစဉ်မပြတ် ပြောဆိုဂုဏ်တင်လေ့ ရှိပါသည်။ လယ်သမားများ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ တိုင်းပြည်တစ်ခုလုံး အနေဖြင့်လည်းကောင်း စိုက်ပျိုးမြေများကို တိုးချဲ့ ခြင်း၊ နည်းပညာများကို အသုံးပြုခြင်း၊ မျိုးကောင်းသော ပျိုးပင်များကို အသုံးပြုခြင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝ ဓာတ်မြေသြဇာများကို အသုံးပြုခြင်း စသည်တို့ ကြောင့် သီးနှံ အထွက်တိုးပြီး အကျိုးကျေးဇူး ရရှိပါသည်။ အထက်ပါ အကြောင်းအချက်များလုပ်ဆောင်ရာတွင် နအဖ အစိုးရ၏ နိုင်ငံတော် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ အပေါ်တွင်မူတည်ပြီး လယ်သမားများသည် အစိုးရ ချမှတ်ထားသောမူဝါဒကို လိုက်နာကျင့်သုံးရပါသည်။ နအဖ ၏ ရည်ရွယ်ချက်များသည် အပေါ်ယံအားဖြင့် ကြည့်မြင်လျှင် နိုင်ငံတော်နှင့် ပြည်တွင်းရှိ ဒေသများအသီးသီး ဖွံ့ ဖြိုးတိုးတက်ရန်အတွက်ဖြစ်သည်ဟု ထင်မှတ်နိုင်ပါသည်။ ဤသို့ဖြင့် နအဖ စစ်အစိုးရသည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ တိုင်းပြည်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် အကူအညီပေးသော ငွေကြေးနှင့် နည်းပညာ အထောက်အပံ့များကို ချုပ်ကိုင်ထားနိုင်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ရည်ရွယ်ချက်မှာ "ကျေးရွာအဆင့်" တွင် ဖွံ့ ဖြိုးရန်လုပ်ဆောင် ပြီး ကျေးလက်ဒေသများကို အခြေခံသော "စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် နှင့် ဈေးကွက်တင် ရောင်းချနိုင်ရန်" ဖြစ်ပါသည်။[၅၇] ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် ရေနံ တင်ပို့ ရောင်း ချသော နိုင်ငံများအဖွဲ့ မှပေးသော ရံပုံငွေကို အသုံးပြုပြီး၂၀၀၆ ခုနှစ်တွင် "ဆီထွက်သီးနှံ စိုက်ပျိုးရေးစီမံကိန်း"ကိုလည်း စတင်ဆောင်ရွက်ခဲ့ပါသည်။[၅၈] နိုင်ငံတကာမှ အကူအညီများစွာ ပေးနေသော်လည်း လက်ရှိသုသေတနပြု လေ့လာချက်များအရ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးစီမံကိန်းများသည် နအဖမှ ထုတ်ဖော်ပြောဆိုချက်များနှင့် ဆန့်ကျင်စွာအောက်ပါအတိုင်းဖြစ်ပေါ်နေသည်ကိုတွေ့ မြင်ရပါမည်။

***"နအဖ စစ်အစိုးရမှ ချမှတ်သော မူဝါဒ အစစ်အမှန်များ၏ရည်ရွယ်ချက်တွင် အောက်ပါ အချက်နှစ်ချက် ပါဝင်နိုင်ပါသည်။ ပထမအချက်မှာ ပြည်သူများမှ ၎င်းတို့အပေါ် ဆူပူတော်လှန်မှုကို ရှောင်လွှဲနိုင်ရန်နှင့် ဒုတိယအချက်မှာ စစ်အုပ်ချုပ်ရေးရေရှည်တည်တံ့ရန် ဖြစ်ပါသည်။ အထက်ပါ အဓိကရည်ရွယ်ချက် နှစ်ခု ကြောင့် စစ်အစိုးရသည် ၎င်းတို့၏ စိုက်ပျိုးရေး မူဝါဒများကို အောက်ပါရည်ရွယ်ချက် အခွဲနှစ်ချက်ဖြင့် ကိုက်ညီရန် လုပ်ဆောင်ရပါသည်။ ပထမ တစ် ချက်မှာ ပြည်သူများ မဖြစ်မနေ ဝယ်ယူစားသောက်ရသော စားသောက်ကုန်များကို ချိုသာသောဈေးနှုန်းတွင် တည်ငြိမ်မှုရှိစေရန်ဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ***

[၅၇] "FAO projects in the country ," Food and Agricultural Organisation for the United Nations. Accessed at www.fao.org/countryprofiles/index.asp?lang=en&subj=7&iso3=MMR on March 6th 2007.

[၅၈] အထက်ပါအတိုင်း။

***ပြည်တွင်း စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသောကုန်ကြမ်းများကို မှီခိုရသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ရေးလုပ်ငန်းများကို အစိုးရပိုင်လုပ်ငန်းများအဖြစ်သာထားရှိနိုင်ရန် ဖြစ်ပါသည်။"***[၅၉]

လက်တွေ့တွင်မူ နအဖ အရာရှိများသည် ကရင်ပြည်နယ်ကျေးရွာများတွင် နေထိုင်ကြသောပြည်သူများထံမှ ဆန်နှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များကို အတင်းအဓမ္မအမြတ်ထုတ်တောင်းခံပြီး စစ်တပ် သို့မဟုတ် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးသောကြောင့် နအဖ၏ အထက်ပါ ရည်ရွယ်ချက်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ၁၉၉၁ ခုနှစ် နဝတမှ ထုတ်ပြန်သော အမိန့်အရ လယ်သမားများသည် စစ်တပ်မှ သတ်မှတ်ထားသော တာဝန်ကျေစပါးကို မရောင်းချနိုင်ပါက ဒေသခံအာဏာပိုင်များအနေဖြင့် ၄င်းလယ်သမားများကို အခြားသီးနှံနှင့် ရာသီပေါ်သီးနှံများကို စိုက်ပျိုးခွင့်မပေးရပါ။[၆၀] ကမ္ဘာ့ဘဏ်၏ ဝေဖန်ပြောဆိုမှုကြောင့် နအဖ စစ်အစိုးရသည် ၂၀၀၃ ခုနှစ်တွင် တာဝန်ကျေစပါး ပေးသွင်းရောင်းချရခြင်း မူဝါဒကို ဖျက်သိမ်းခဲ့ပါသည်။ သို့သော် လယ်သမားများ၏ စိုက်ပျိုးသီးနှံများကို စစ်တပ်အရာရှိ များနှင့် ဒေသခံ အာဏာပိုင်များက အခါအခွင့် သင့်သလို သိမ်းယူခြင်းသည် ဆက်လက် ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် ပြည်တွင်းငွေကြေးဖောင်း ပွမှုနှင့် အတူ ကုန်စျေး နှုန်းများ အဆမတန် မြင့်တက်လာခြင်းကြောင့် ပြည်သူများ ဝယ်ယူစားသောက်ရမည့် အခြေခံ စားသောက်ကုန်များ၏ ပမာဏသည် လျှော့နည်းသွားပါသည်။ တစ်နှစ်ပြီးတစ် နှစ် တိုးချဲ့လာခဲ့သော စစ်တပ်သည် လယ်သမားများထံမှ ဆန်၊ စပါးကို ပို၍ သိမ်းယူလာသည် သာမက နအဖ စစ်အစိုးရသည် နိုင်ငံခြားငွေရရှိနိုင်ရန် နှင့် စီးပွားရေးတည်ငြိမ်မှုရှိကြောင်း ပြသနိုင်ရန် ဆန်ကိုပြည်ပသို့ ပိုမိုတင်းပို့နိုင်ရန် လုပ်ဆောင်လျက်ရှိပါသည်။ ၂၀၀၆ ခုနှစ်တွင် ပြည်တွင်း ဆန်စျေးနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၃၀% ထိုးတက်သွားပါသည်။[၆၁] စစ်အစိုးရ၏ စိုက်ပျိုးရေးမူဝါဒများကြောင့် ကုန်စျေးနှုန်းများ ထိုးတက်လာခြင်းဖြစ်သော်လည်း နအဖမှာမူ ဆန်စျေးတက်ခြင်းသည် ကိုယ် ကျိုးသာကြည့်သော ဆန်ကုန်သည်များကြောင့် ဖြစ်သည်ဟု ပြစ်တင်ဝေဖန်ပါသည်။

> ***"တိုင်းပြည်တွင် လိုအပ်သောဆန်၊ စပါးသည် ဖူလုံမှုရှိကြောင်း ပြည်သူများမှ သိရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဆန်စျေးသည် မူလအတိုင်းသာရှိပြီး တည်ငြိမ်နေပါသည်။ ဆန်ကုန်သည်များသည် ၄င်းတို့အမြတ်ရရှိရေး ကိုသာရှေးရှုပြီး ဆန်စျေးနှုန်းတက်ရန်ပြုလုပ်ပါက ပြည်သူများအကျိုးအတွက် ၄င်းဆန်ကုန်သည်များကိုထိ ရောက်စွာ အရေးယူရပါမည်။"***

**-ဗိုလ်မှူးချုပ်ကျော်ဆန်း ၊ ပြန်ကြားရေးဝန်ကြီးဌာန (ဩဂုတ် ၂၀၀၆)**[၆၂]

တိုင်းပြည်တွင် ဆန်၊ စပါး ပြတ်လပ်ရခြင်းအကြောင်းဖြစ်သော စစ်တပ်မှ လယ်သမားများ၏ သီးနှံကိုသိမ်းယူခြင်း နှင့် ပြည်ပသို့ တင်ပို့ခြင်းစသည်တို့ကို လျှော့ချရမည့်အစား နအဖသည် ဆန်ပိုမိုထုတ်လုပ်ရန် လယ်သမားများကို အတင်းအကျပ်တိုက်တွန်းပါသည်။ ထို့နောက် စစ်တပ်နောက်ခံထားသောအစိုးရအဖွဲ့အစည်းများသည် ကျေး

[၅၉] Fujita and Ikuku, "Agricultural Policies and Development of Myanmar's Agricultural Sector: An Overview", *IDE Discussion Paper,* No.63, July 2006. p.21

[၆၀] Nancy Hudson-Rodd and Myo Nyunt. April 2001. "control of Land and Life in Burma," *Tenure Brief* No. 3:1-8. Land Tenure Center, University of Wisconsin-Madison. Accessed at http://agecon.lib.umn.edu/cgi-bin/pdf_view.pl?paperid=2580&ftype=.pdf on March 1st 2007.

[၆၁] "Roundup: Myanmar takes Measures to bring down commodity prices," *People's Daily Online,* August 30th 2006. Accessed at http://english.peopledaily.com.cn/200608/30/eng20060830_298141.html on January 23rd 2007.

[၆၂] "Campaign to end poppy cultivation concerns only with nation as it must be launched with internal strength," *Press Conference*, August 16th 2006. Accessed at www.myanmar.com/pressconference/index.html on March 1st 2007.

လက်ဒေသမှ ထွက်ရှိသော ပိုလျှံသောဆန်များကို သိမ်းယူပြီး မြို့ပြဒေသရှိအစိုးရမှ ဖွင့်လှစ်ထားသော "လျှော့ဈေးဖြင့် ရောင်းချသောဆိုင်' များတွင်ရောင်းချပါသည်။ ဆန်ဈေးတက်ရခြင်းသည်လည်း ဆန်ဝယ်ယူသိုလှောင်ထားသောကုန်သည်များသည် ဈေးကွက်၌ ဆန်ပြတ်လှပ်ဟန် ပြုလုပ်ထားပြီးနောက်မှ ဆန်ဈေးတက်ရန်" ပြုလုပ်ခြင်းကြောင့် ဖြစ်သည်ဟု နအဖ စွပ်စွဲပြောဆိုပါသည်။[၆၃] နအဖ အရာရှိများသည် လယ်သမားများ၏ ဆန်များကိုအမြတ်ထုတ်သိမ်းယူရာတွင် "အဓိကကျသော ပြည်တွင်းစိုက် ပျိုးရေးစနစ် သုံးခု"ကို အသုံးပြုပါသည်။ ၄င်းတို့မှာ လယ်သမားများထံမှ စိုက်ပျိုးသီးနှံများကို သိမ်းယူခြင်း သို့မဟုတ် အခွန်ကောက်ခံခြင်း၊ လယ်သမားများကို အစိုးရမှ စိုက်ပျိုးစေလိုသော သီးနှံများကိုသာ စိုက်ပျိုးစေခြင်းနှင့် လယ်ယာမြေများကို နိုင်ငံတော်ပိုင် ပြုလုပ်ခြင်း" စသည်တို့ ဖြစ်ပါသည်။[၆၄] လယ်သမားများထံမှ စိုက်ပျိုးသီးနှံများ ကို သိမ်းယူခြင်း သို့မဟုတ် အခွန်ကောက်ခံခြင်း ဆိုသည်မှာ လယ်သမားများသည် မိမိတို့ ပိုင်ဆိုင်သော လယ်မြေဧကအလိုက် စစ် တပ်သို့ တာဝန်ကျေစပါးပေးသွင်းရပါသည်။ သိပ်မကြာသေးမီကစစ်သားများသည် လယ်သမားများကို တာဝန်ကျေစပါး အစား ငွေကြေးကိုပေးဆောင်စေပါသည်။ လယ်သမားများသည် ငွေကြေးကို ပေးဆောင်ရသည်ဖြစ်စေ၊ စပါး ပေးဆောင်ရသည်ဖြစ်စေ ၄င်းတို့ပေးဆောင်ရသော ပမာဏသည် ရွာကို ဖြတ်သန်းသွားသော စစ်တပ်ခွဲများမှတောင်းခံသော ပမာဏထက်များပြားပါသည်။ ထို့အပြင် ဒေသခံ စစ်စခန်းများအတွက် အတင်းအဓမ္မတောင်းခံသော ပမာဏ၊ စည်းဝေးပွဲများ၊ ဆန္ဒခံယူပွဲများ၊ သင်တန်း များနှင့် ပွဲတော်များအတွက် အတင်းအဓမ္မတောင်းခံသော ပမာဏထက်လည်း ပိုမိုများပြားပါသည်။ ၁၉၉၈ မှ စ၍ ‌ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ရသော စစ်တပ်ခွဲများသည် မိမိတို့ တာဝန်ကျရာဒေသတွင် မိမိတို့စားဝတ်နေရေး လိုအပ်ချက်များကိုကိုယ်တိုင် ဖြေရှင်းရန် ညွှန်ကြားခံခဲ့ရပါသည်။ ထို အကျိုးဆက်ကြောင့် စစ်သားများသည် ရွာသူ၊ရွာသားများထံမှ စားနပ်ရိက္ခာအတင်းအဓမ္မတောင်းခံခြင်းကို ပိုမိုပြုလုပ်လာခဲ့ပြီး ရွာသားများ၏ လယ်ယာမြေများကို သိမ်းပိုက်ကာရွာသား များကို စစ်တပ်အတွက် ပြန်လည်ထွန်ယက်စိုက်ပျိုးရန် အတင်းအဓမ္မစေခိုင်းပါသည်။

> ***"နအဖ စစ်အစိုးရသည် ကျွန်မတို့ ပိုင်ဆိုင်သောမြေ၊ ဥယျာဉ်ခြံ နှင့် စိုက်ခင်းများအတွက် အခွန်ငွေကောက်ခံပါသည်။ ၄င်းတို့ တောင်းခံသောငွေကို စစ်ဆင်ရေးဗျူဟာရှိရာ ကြာအင်းဆိပ်ကြီးသို့ ပို့ဆောင်ပေး ရပါသည်။ ယခုနှစ်အတွက် ကောက်ယူစုဆောင်း ရရှိသောငွေမှာ ၆၀၀၀ ကျပ် ဖြစ်ပါသည်။ ဤငွေကို နှစ်စဉ်ကောက်ခံပါသည်။ ဩဂုတ်လ ၂၀၀၄ ခုနှစ်တွင် ဆိပ်ကြီးမှ နအဖ အရာရှိတစ်ဦးသည် ကားလမ်းဘေးရှိ ရွာသားများပိုင်ဆိုင်သော စိုက်ခင်းများအား လုံးကို တိုင်းတာစေပြီး စိုက်ခင်းပိုင်ရှင်များက ၄င်းအား ၅၀၀၀ ကျပ် ပေးဆောင်ရပါသည်။"***

**-နော် ---(မ၊ ၃၄)၊ ရွာသူကြီး ၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

[၆၃] "Rice traders accused of hording," *The Myanmar Times*, August 14-20 2006. Accessed at www.myanmar.com/myanmartimes/MyanmarTimes17-329/b003.htm on January 9th 2007.

[၆၄] Fujita and Ikuku. July 2006. "Agricultural Policies and Development of Myanmar's Agricultural Sector: An Overview", *IDE Discussion Paper*, No.63, July 2006. p.4



**အထက်ပါ ပုံတွင် ဖာပွန်ခရိုင်၊ ဒွဲလို မြို့နယ်တွင် နေထိုင်သော စော ---နှင့် ဇနီးတို့ကို ၄င်းတို့ပိုင်ဆိုင်သော ဆန်စက်နှင့် အတူတွေ့ရှိရပါမည်။ ဇန်နဝါရီလ ၁၈ ရက် ၂၀၀၆ ခုနှစ်တွင် ဝါးမူ အခြေစိုက် အမှတ် ၃၄၉ မြေမြန်တပ်ရင်းမှ တပ်ရင်းမှူးပီတာသည် ကျေးရွာတိုင်းရှိ ဆန်စက်ပိုင်ရှင်များကို ဆန် ၂ တင်း ကျစီ အခမဲ့ပေးဆောင်ရန် တောင်းခံခဲ့ပါသည်။ ပုံတွင် တွေ့မြင်ရသည်မှာ စော ---နှင့် ဇနီး တို့သည် ဝါးမူ စစ်စခန်းသို့ ပေးဆောင်ရန် ဆန်များကို ကြိတ်ခွဲနေပုံဖြစ်ပါသည်။ ဒေသခံ ကျေးရွာများမှ ရွာသား များသည် နအဖစစ်ဗိုလ် ပီတာ တောင်းခံသကဲ့သို့ အတင်းအဓမ္မ တောင်းခံမှုများကို မကြာခဏခံရကြောင်း ပြောပြခဲ့ရပါသည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့ )**

နအဖ စစ်အစိုးရသည် လယ်သမားများထံမှ စိုက်ပျိုးသီးနှံများအတွက် အခွန်ငွေ ပိုမိုတောင်းခံနိုင်ရန် လယ်သမားများကို နည်းလမ်းများစွာဖြင့်သီးနှံများစွာစိုက်ပျိုးစေပါသည်။ လယ်သမားများကို နွေစပါးအတင်းအကျပ်စိုက်ပျိုးစေပါသည်။ (နှစ်သီးစား စိုက်ပျိုးရေးစနစ်ဟုလည်း ခေါ်ဆိုပါသည်)။ လယ်သမားများကို အခြားသီးနှံအမျိုးအစားများ အတင်းအဓမ္မစိုက်ပျိုးစေသည် သာမက ဓာတ်မြေဩဇာများ၊ လက်တွန်း လယ်ထွန်စက်များနှင့် အခြား စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာများကို အတင်းအကျပ်ဝယ်ယူစေပါသည်။ ဒေသခံ နအဖစစ်အရာရှိများသည် ၄င်းတို့၏ စိုက်ပျိုးရေးစနစ်များကို အကောင်အထည်ဖော်နိုင်ရန် ရွာသူကြီးများမှ တစ်ဆင့်အမိန့်ပေးညွှန်ကြားပါသည်။ ရွာသူကြီးများသည် နအဖ စစ်ဗိုလ်များမှ နအဖ၏ စိုက်ပျိုးရေး စီမံကိန်းများကို သိရှိနိုင်ရန် စစ်ဗိုလ်များမှ စည်းဝေးခေါ်ယူကာ အသိပေးအကြောင်းကြားပါသည်။ အထက်ပါ အစည်းအဝေးတွင် နအဖအရာရှိများနှင့် ကျေးရွာသူကြီးများသည် ဒေသခံ ရွာသားများ၏ စိုက်ပျိုးရေးနည်းစနစ် ပိုမိုကောင်းမွန်အောင်မည်ကဲ့သို့ ပြုလုပ်မည် ကို အပြန်အလှန် ဆွေးနွေးကြခြင်းမဟုတ်ဘဲ ရွာသားများမှ မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို နအဖ စစ်ဗိုလ်များမှ တစ်ဖက်သတ်ပြောပြသွားပါသည်။ ရွာသူ၊ရွာသားများထံမှ မည်ကဲ့သို့ တုန့်ပြန်ပြောဆိုမည်ကိုလည်း နအဖ စစ်ဗိုလ်များမှ ဂရုပြုခြင်း မရှိပါ။ နအဖ စစ်အစိုးရ၏ စိုက်ပျိုးရေး စီမံကိန်းများသည် ပြည်သူများအပေါ် အမြတ်ထုတ်အနိုင်ကျင့်ခြင်းများကို ဖြစ်ပေါ်စေသည်သာမကစိုက်ပျိုးရေးရှုထောင့်မှ ကြည့်လျှင်လည်း အောင်မြင်မှုမရရှိပေ။ စစ်အစိုးရ၏ အရာရှိများသည် ဒေသခံစိုက်ခင်းများတွင် စိုက်ပျိုးပုံ

အခြေအနေကို သိရှိခြင်းမရှိဘဲ သီးနှံအထွက်တိုးရန်သာ အဓိကထားလုပ်ဆောင်လိုပါသည်။ သို့သော် ရေမြေသဘာဝပတ်ဝန်းကျင်ကြောင့် ၎င်းတို့၏ စီမံကိန်းများ မအောင် မြင်ပါ။ လယ်သမားများသည် နအဖ အစိုးရမှ ချမှတ်ထားသော စိုက်ပျိုးရေး မူဝါဒများသည် မှန်ကန်မှုမရှိကြောင်း သိရှိကြသော်လည်း အမှန်ကို ဖော်ပြရန် အခွင့်အရေးမရရှိပါ။ စစ်တပ်မှ အကြမ်းဖက် ဖိနှိပ်မှုများကြောင့် ရွာသူ၊ရွာသားများသည် စစ်အစိုးရ၏ တောင်းဆိုမှုများကို ငြင်းဆန်နိုင်ရန် အခွင့်အရေး နည်းပါးသော်လည်း နအဖ၏ စီမံကိန်းများသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ရွာသူ၊ရွာသားများမှ နားလည်သိရှိပါသည်။

> ***"နအဖ စစ်အစိုးရမှ ပြုလုပ်သော အစည်းအဝေးပွဲများကို တက်ရောက်သည့်အကြိမ်တိုင်း ကုန်ကျစရိတ်များကို မိမိကိုယ်တိုင် ကျခံရပါသည်။ နအဖမှ ကျွန် တော်တို့ကို မည်သည့်အရာမျှ မပေးပါ။ ရွာသားများထံမှသာ ငွေကောက်ခံရပါသည်။ နအဖမှ ပြုလုပ်သော အစည်းအဝေးများသည် ကျွန်တော်တို့ ရွာသား များအတွက် အကျိုးမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ စိုက်ပျိုးရေးစီမံကိန်းများသည် ရွာသားများအတွက် အကျိုးမပြုပါ။ ရွာသားများသည် နအဖ စစ်အစိုးရ၏ စီမံချက်အတိုင်း လုပ်ဆောင်ရန် မလွယ်ကူပါ။ ဥပမာအားဖြင့် ကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်းသည် ပြည်သူများအတွက် အကျိုးမရှိသလိုအောင်မြင်ခြင်းလည်းမရှိပါ။ နအဖ စစ်အစိုးရသည် ရွာသားများကို စပါးမျိုးအသစ်များဖြစ်သော ရှင်သွေးလှ၊ မနောထွန်း၊ မနောသုခနှင့် ရွှေမြန်မာ စသည် တို့ကို စမ်းသပ်စိုက်ပျိုးစေပါသည်။ ၎င်းစပါးမျိုးသစ်များကို ကျွန်တော်တို့ယခင်က လုံးဝစိုက်ပျိုးခဲ့ခြင်းမရှိသောကြောင့် ကျွန်တော်တို့သည် စမ်းသပ်စိုက်ပျိုး ရန် မဝံ့မရဲ ဖြစ်မိပါသည်။ ရွာသူကြီးများအားလုံး စည်းဝေးတိုင်ပင်ကြသည်မှာ နအဖ စစ်အစိုးရသည် လက်နက်ကိုင် အဖွဲ့အ စည်းကြီးတစ်ခုဖြစ်သောကြောင့် ကျွန်တော်တို့သည် အရာရာကို သတိနှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။"***
>
> -ကို ---(ကျား၊ ၄၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)

ရွာသူကြီးများသည် နအဖ စစ်အစိုးရမှ ပြုလုပ်သော စည်းဝေးပွဲများကို မိမိတို့ကိုယ်ပိုင်စားစရိတ်ဖြင့် တက်ရောက်ရပြီး ကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်ရန်လည်း အချိန် ဆုံးရှုံးရသည် သာမက ဒေသခံအာဏာပိုင်များသည် ရွာသူ၊ရွာသားများကို မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး ပစ္စည်းကိရိယာများစသည်တို့ကို အတင်းအကျပ် ဝယ်ယူစေပါသည်။ ထို့အပြင် စစ်အစိုးရမှ စမ်းသပ်စိုက်ပျိုးစေသော သီးနှံများမအောင်မြင်လျှင်သော်လည်းကောင်း၊ အခြားစိုက်ပျိုးရေးစီမံကိန်းများ မအောင်မြင်လျှင်သော်လည်းကောင်း ရွာသားများသာဆုံးရှုံးရပါသည်။

## နှစ်သီးစားသီးနှံ

> ***"ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီသည် ကျွန်တော်တို့အားနှစ်သီးစားသီးနှံ အဖြစ် နွေစပါးကိုပါစိုက်ပျိုးစေပါသည်။ စိုက်ပျိုးစေသော စပါးမျိုးမှာ ရှင်သွေးလှ ဖြစ်ပါသည်။ ရွာတိုင်း၊ရွာတိုင်း စိုက်ပျိုးရပါသည်။ ကျွန်တော်တို့အတွက် အကြီးမားဆုံးသော ပြဿနာမှာ နွေရာသီတွင် ရေမရရှိခြင်း ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ရွာသည် အထက်ပါ စပါးမျိုးစေ့ဖြစ်သော ရှင်သွေးလှ စပါးမျိုးစေ့ကို တစ်တင်းလျှင် ကျပ် ၂၈၀၀ နှုန်းဖြင့် စပါးမျိုးစေ့ ၃ တင်း ဝယ်ယူရပါသည်။ ကျွန်တော်တို့သည် အထက်ပါ စပါးမျိုးစေ့များကို ဝယ်ယူရသော်လည်း ကျွန်တော်တို့လယ်များတွင် ရေမရရှိသောကြောင့် မစိုက်ပျိုးနိုင်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် တံခွန်တိုင် ကျေးရွာသို့ သွားရောက်ပြီး စိုက်ပျိုးရပါသည်။ ကျွန်တော် အထက်ပါ စပါးကို စိုက်ပျိုးသည်မှာ ၆ ရက်၊ ၇ ရက် ခန့်သာ ရှိပါသေးသည်။ ကျွန်တော်အထင်အရ အထက်ပါကဲ့သို့ စိုက်ပျိုးရခြင်းသည် ကျွန်တော်တို့အတွက် အကျိုးမရှိပါ။ ရွာသားများသည်လည်း မစိုက်ပျိုး လိုပါ။ သို့သော်***

***ရအဖမှ ရွာသားများကို အတင်းအကျပ် စိုက်ပျိုးစေပါသည်။ ရွာသားများသည် မပျက်မကွက် စိုက်ပျိုးရပါသည်။ ကျွန်တော်တို့ မစိုက်ပျိုးခဲ့ သော်လည်း မည်ကဲ့သို့ အရေးယူ ခံရမည်ကို မသိရှိပါ။"***

**-စော ---(ကျား၊ ၄၃)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

ကရင်ပြည်နယ် နအဖ ထိန်းချုပ်မှုရှိသော နယ်မြေများတွင် နအဖ စစ်အစိုးရသည် နှစ်သီးစားစပါးကို အတင်းအကျပ် စိုက်ပျိုးစေပါသည်။ ဤ အစီအစဉ်များကြောင့် ရွာ သားများသည် ၎င်းတို့ ပုံမှန်စိုက်ပျိုးနေသော မိုးစပါးကို ဇွန်လ မှ အောက်တိုဘာ အထိ စိုက်ပျိုးရပြီး နိုဝင်ဘာလတွင် မိုးစပါး ရိတ်သိမ်းရပါသည်။ မိုးစပါး ရိတ်သိမ်းပြီးနောက်တွင် နွေစပါး စိုက်ပျိုးရန် ခြောက်သွေ့သောရာသီတွင် လယ်ကိုထွန်ယက်စိုက်ပျိုးရပါသည်။ နွေစပါး စိုက်ပျိုးရာတွင် အချိန်များစွာမရရှိသောကြောင့် အချိန်တိုအတွင်း ရိတ်သိမ်းနိုင်သော စပါးမျိုးစေ့များကို လိုအပ်ပါသည်။ ထို့အပြင် မိုးမရွာသောကြောင့် ရေသွင်းစိုက်ပျိုးရန် လိုအပ်ပါသည်။ ရွာသားများသည် နွေစပါးကို မစိုက်ပျိုးလိုပါ။ အဘယ်ကြောင့်ဆိုသော် နွေစပါး စိုက်ပျိုးခြင်းသည် မအောင်မြင်သောကြောင့် ဖြစ်ပါသည်။ သို့မဟုတ် ရေလုံလောက်စွာ မရရှိ၍ သီးနှံ ထွက်နှုန်းမကောင်းပါ။ မည်သို့ပင်ဆိုစေ ဒေသခံ နအဖအာဏာပိုင်များသည် ရွာသားများအား စပါးမျိုးစေ့မျိုးစုံကို ပေါက်ဈေးထက်ပိုများသော ဈေးနှုန်းဖြင့် အတင်းအကျပ် ဝယ်ယူစေပါသည်။ ရွာသားများဝယ်ယူရသော စပါးမျိုးစေ့ပမာဏသည် ၎င်းတို့၏ လယ်မြေများတွင် စိုက်ပျိုးနိုင်သည်ထက်များပြားပါသည်။ အာဏာပိုင်များကမူ ရွာသားများကို နေရာလွတ်မှန်သမျှ ဥပမာအားဖြင့် လမ်းဘေးတစ်လျှောက်တွင်ပါ စိုက်ပျိုးစေပါသည်။ နွေစပါးစိုက်ပျိုးရာတွင် ရေမရရှိသောကြောင့် သီးနှံများမဖြစ်ထွန်းပေ။ ထို့ကြောင့် စစ်တပ်မှ နွေစပါးအတွက် အခွန်ငွေ သို့မဟုတ် တာဝန်ကျေစပါး ပေးသွင်းစေသောအခါ ရွာသူရွာသားများမှာ စပါးမပေးသွင်းနိုင်ဘဲ မိမိတို့ အခြားနေရာမှ ရှာဖွေ၍ရသော ငွေကြေးကိုပေးဆောင်ရပါသည်။ ဒူးပလာယာခရိုင်မှ ရွာသားတစ်ဦးသည် အောက်ပါအတိုင်းပြောပြခဲ့ပါသည်။ "နွေရာသီတွင် စပါးကိုစိုက်ပျိုးရခြင်းထက် ကျွန်တော်တို့၏ ဦးခေါင်းများအားလုံးပေါ် သို့ မိုးကြိုးပစ်ချခြင်းကပို၍ကောင်းပေမည်။"

***"မအဖ ဥက္ကဋ္ဌသည် နိုဝင်ဘာလ ၃၀ရက် ၂၀၀၅ ခုနှစ်တွင် ရွာသူကြီးထံသို့ ရွာသားများအားလုံး နွေစပါး စိုက်ပျိုးရန် စာဖြင့်ရေးသား အကြောင်းကြားခဲ့ပါသည်။ မအဖမှ ကျွန်တော်တို့ ရွာအား စပါးမျိုးစေ့ ၃၀ တင်းပေးပါသည်။ သို့သော် ကျွန်တော်တို့မှ တစ်တင်းလျှင် ၂၈၀၀ ကျပ်နှုန်းဖြင့် ငွေပြန်ပေးရပါသည်။ မအဖသည် ရွာသားများကို နွေရာသီတွင် စပါးစိုက်ပျိုးစေပါသည်။ နွေရာသီတွင် ရေ ရရှိရန် မလွယ်ကူသောကြောင့် ရွာသားများအတွက် စပါးစိုက်ပျိုး ရန် အခက်အခဲဖြစ်စေပါသည်။ ရွာသားများသည် မအဖမှပေးသော စပါးမျိုးစေ့များအတွက် ငွေ မပေးဆောင်ရသေးသော်လည်း စိုက်ပျိုးပြီးပါက ငွေ ပေး ဆောင်ရပါမည်။ နွေစပါးစိုက်ပျိုးခြင်း မအောင်မြင်ပါကလည်း မျိုးစေ့အတွက် ငွေကြေးပေးဆောင်ရပါမည်။ ယခင်နှစ်ကလည်း မအဖသည် ကျွန်တော်တို့ပိုင်ဆိုင်သော လယ်မြေ ၄ ဧကပေါ်တွင် နွေစပါးစိုက်ပျိုးစေခဲ့ပါသည်။ သို့သော် အောင်မြင်မှုမရရှိပါ။ စပါးတစ်ပုံး[၆၅]ပင် မထွက်ရှိခဲ့ပါ။ မအဖသည် ရွာသားများ ရာဘာစိုက်ပျိုးတတ်စေရန်လည်း ရာဘာပင်ကို စိုက်ပျိုးစေပါသည်။"***

**-ဦး ---(ကျား၊ ၅၆)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

***"နအဖ စစ်အစိုးရသည် ကျေးရွာများကို နွေစပါး အတင်းအကျပ် စိုက်ပျိုးစေပါသည်။ နွေရာသီတွင် ရေလုံလောက်စွာ မရရှိသကဲ့သို့ ကျွန်တော်တို့ရွာသည် လည်းမြစ်နှင့် ဝေးကွာသောကြောင့် နွေစပါးမစိုက်ပျိုးရန်***

[၆၅] တစ်ပုံးဟူသော အချိန်အတွယ်သည် ၁၆ကီလိုဂရမ် သို့မဟုတ် ၃၅ ပေါင်ဟူသော အလေးချိန်နှင့် ညီမျှပါသည်။

*ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပါသည်။ အစည်းအဝေးများတွင် နွေစပါးစိုက်ပျိုးခြင်းနှင့် ပက်သက်၍ဒေသခံ အာဏာပိုင်များမှ ပြောဆိုရှင်းပြပါသည်။ သို့သော် ကျွန်တော်တို့သည် စိတ်ဝင်စားမှုမရှိသောကြောင့် မည်သို့မျှ တုန့်ပြန်ပြောဆိုခြင်း မရှိပါ။ ၎င်းတို့မှ ကျွန်တော်တို့အား ချမ်းသာစေလိုသောကြောင့် နွေစပါးစိုက်ပျိုးရန် အကြံပေးပြီး အတင်းအကျပ် စိုက်ပျိုးစေပါသည်။ သို့သော် နွေစပါး စိုက်ပျိုးရန် ရေလုံ လောက်မှုမရှိကြောင်းနှင့် အကျိုးဖြစ်ထွန်းမှု မရှိကြောင်းကို ရွာသားများမှ သိရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် နွေစပါးကို မစိုက်ပျိုးပါ။ ၎င်းတို့ စိုက်ပျိုးစေသော မျိုးစပါးမှာ ရှင်သွေးလှ ဖြစ်ပါသည်။ ၎င်းတို့ ပြောသည်မှာ စိုက်ပျိုးပြီး ၃ လ ကြာလျှင် ရိတ်သိမ်းနိုင်မည် ဖြစ်ပါသည်။ ၎င်းတို့မှ မျိုးစပါး ပေးပြီး ကျွန်တော်တို့က တစ်တင်းအတွက် ငွေကျပ် နှစ်ထောင်ပြန်ပေးရပါသည်။"*

-ဦး --- (ကျား၊ ၅၆)၊ ဥက္ကဋ္ဌ၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)

*" ဒီဇင်ဘာလ ၂၀၀၅ ခုနှစ်တွင် နအဖ စစ်အစိုးရသည် ကျွန်တော်တို့ ရွာနှင့် အနီးဝန်းကျင်ရှိ ရွာပေါင်းကိုးရွာကို နွေစပါးစိုက်ပျိုးစေခဲ့ပါသည်။ နအဖ အာဏာပိုင်များသည် ကျွန်တော်တို့ကို ကြာအင်းဆိပ်ကြီးတွင် ပြုလုပ်သောအစည်းအဝေးကို တက်ရောက်ရန်စာရေးအကြောင်းကြားခဲ့ပါသည်။ အစည်းအဝေးတွင် နအဖ အစိုးရ၏ စိုက်ပျိုးရေးဌာနမှ ရွာသားများကို နွေစပါးစိုက်ပျိုးရန်ပြောဆိုခဲ့ပါသည်။ မျိုးစပါးကို တစ်တင်းလျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူစေပြီးစိုက်ပျိုးစေပါသည်။ ရွာတစ်ရွာလျှင် လယ်မြေဧက ၁၅ ဧက နှုန်းဖြင့် နွေစပါး စိုက်ပျိုးရပါသည်။ သို့သော် နွေရာသီတွင် ရေလုံလောက်စွာမရရှိသောကြောင့် ကျွန်တော်တို့သည် နွေစပါး ကို စတင်စိုက်ပျိုးခြင်းမရှိသေးပါ။ နွေစပါးစိုက်ပျိုးခြင်းသည် အကျိုးအမြတ် ရရှိမည်မဟုတ်ကြောင်း ကျွန်တော် တို့မှသိ ရှိသောကြောင့် နွေစပါး မစိုက်ပျိုးလိုပါ။ ထို့အပြင် ရင်းနှီးမြုပ်နှံငွေပါ ဆုံးရှုံးနိုင်ပါသည်။ ကျွန်တော်တို့က နွေစပါးစိုက်ပျိုးခြင်းသည် ရွာသားများအတွက် အ ကျိုးမရှိကြောင်းနှင့် ရင်းနှီးမြုပ်နှံငွေပါ ဆုံးရှုံးနိုင်ကြောင်းကို နအဖ အာဏာပိုင်များအား ပြောပြ သော်လည်း ၎င်းတို့သည် အတင်းအဓမ္မ စိုက်ပျိုးစေပါ သည်။"*

-ကို ---(ကျား၊ ၃၃)၊ ဥက္ကဋ္ဌ၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)

*"နအဖ စစ်အစိုးရသည် အမိန့် ကြေငြာစာ ၁/ ၉၉ နှင့် ၂၀၀၀ ခုနှစ်တွင် ထုတ်ပြန်သောနောက်ဆက်တွဲ အမိန့်ကိုဖားအံမြို့မှနေ၍ ပေးပို့ခဲ့ပါသည်။ ထို အမိန့်ကြေငြာစာများတွင် အစိုးရသည် အတင်းအဓမ္မ လုပ်အား ပေးစေခိုင်းခြင်းများကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။ ကျွန်မတို့ ရွာသူကြီးသည် စစ် ဆင်ရေးမှူးကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။ "ဗိုလ်ကြီးတို့ ခေါင်းဆောင်များသည် ရွာသားများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုများ ဆက်လက်၍ မပြုလုပ်တော့ကြောင်း ပြောခဲ့ပါသည်။" သို့သော် ယခုအချိန်အထိ ရွာသားများကို ၎င်းတို့ဆန္ဒနှင့် ဆန့်ကျင်စွာ နွေစပါး၊ နှမ်းနှင့် ရာဘာပင်များကို အတင်းအဓမ္မစိုက်ပျိုး စေပါသည်။ ဤကဲ့သို့ အတင်းအဓမ္မစိုက်ပျိုးစေခြင်းသည် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် အတူတူ ပင် ဖြစ်ပါသလား ဟု ရွာလူကြီးသည် စစ်ဆင်ရေးမှူးအားမေးမြန်းခဲ့ပါသည်။ ထိုအခါ စစ်ကြောင်းမှူးက ၎င်းတို့သည် ရွာသားများကို အတင်းအဓမ္မစေခိုင်းခြင်းမဟုတ်ကြောင်းနှင့် ၎င်းတို့သည် တိုင်းပြည်ဖွံ့ ဖြိုးရေး အတွက် လုပ်ဆောင်နေကြောင်း ပြန်ပြောခဲ့ပါသည်။ အချို့ ရွာလူကြီးများက နွေစပါးစိုက်ပျိုးစေခြင်းသည် ရွာသူ၊ရွာသားများ၏ အလုပ်အကိုင်ကို ထိခိုက်စေသည်ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။"*

-နော် ---(မ၊ ၃၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)

## ကြက်ဆူပင်စိုက်ပျိုးခြင်း

၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်ခဲ့သော နအဖ စစ်အစိုးရ၏ စိုက်ပျိုးရေးစီမံကိန်းများမှာ လယ်သမားများအပေါ် အခွန်ငွေများကောက်ခံခြင်းနှင့် အပြိုင်ဖြစ်သော ကြက်ဆူပင် အတင်းအဓမ္မစိုက်ပျိုးစေခြင်းဖြစ်ပါသည်။ ကြက်ဆူ ပင်ဆိုသည်မှာ ဆီထွက်သီးနှံဖြစ်ပြီး နအဖ စစ်အစိုးရသည် ၎င်းကြက်ဆူသီးကို ဓာတ်ဆီ၊ ဒီဇယ်ဆီ အစားဇီဝ

လောင်စာအဖြစ်အသုံးပြုနိုင်ကြောင်း တိုင်းပြည်ကို ကြေငြာထားပါသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် စစ်တပ်အနေဖြင့် နိုင်ငံခြားမှ တင်သွင်းသော လောင်စာဆီများအပေါ် မှီခိုရခြင်း နည်းပါးသွားစေရန် နအဖ သည် ကြက်ဆူပင် စိုက်ပျိုးခြင်းသည် အမျိုးသားရေးတာဝန် တစ်ရပ်ဖြစ်သည်ဟု အမိန့်ထုတ်ပြန်ကာ ပြည်သူများကို ကြက်ဆူပင် စိုက်ပျိုးစေခဲ့ပါသည်။[၆၆] နအဖ၏ စက်မှု၊ လက်မှု ကုန်ထုတ်လုပ်ငန်း ဝန်ကြီးဖြစ်သော ဦးအောင်သင်းသည် ဇန်နဝါရီလ ၁၇ ရက် ၂၀၀၆ ခုနှစ်တွင် အောက်ပါအတိုင်း မိန့်ခွန်း ပြောကြားခဲ့ပါသည်။ "မြေတစ်ဧက (၀. ၂၀၅ ဟတ်တာ)တွင် ကြက်ဆူပင် ၁၂၀၀ ပင် စိုက်ပျိုးခြင်းဖြင့် ဇီဝ ဒီဇယ်ဆီ ၁၀၀ ဂါလံ (၄၅၄. ၆ လီတာ) အထိ ထုတ်လုပ်ရရှိနိုင်ပါမည်။အစိုးရအနေဖြင့် မြေ ဟတ်တာ ၈၀၀၀ တွင် ကြက်ဆူပင်ပေါက် ၅ သန်းကျော် စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိပါသည်။"[၆၇]

ဒီဇင်ဘာလ ၂၀၀၅ ခုနှစ်တွင် စစ်အစိုးရသည် မြန်မာနိုင်ငံရှိ စစ်တိုင်း ၉ ခုတွင် ၁ခု လျှင် ဧက ၅၀၀၀ ရှိမြေကို ကြက်ဆူပင် စိုက်ပျိုးရန်အတွက် သိမ်းယူမည်ဟု ကြေငြာ ခဲ့ပါသည်။[၆၈] နအဖ စစ်အစိုးရ၏ ဒုတိယ ဗိုလ်မှူးကြီး မြင့်ဆွေသည် ၂၀၀၆ ခုနှစ် အစောပိုင်းတွင် အောက်ပါအတိုင်း ပြောဆိုခဲ့ပါသည်။ "ဇီဝလောင်ဇာသည် စက်မှုလုပ်ငန်းတွင်အသုံးပြုနေသော ဒီဇယ်၊ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့များအစား အသုံးပြုနိုင်သောကြောင့် အရေးပါသောအရာ ဖြစ်ပါသည်။"[၆၉] နအဖ စစ်အစိုးရ၏ အထက်ပါအတိုင်း ပြောဆိုမှုများသည် ရွာသူ၊ရွာသားများကို ကြက်ဆူပင် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကိုနားလည်ရန် ပြောပြစည်းရုံးခြင်းဖြစ်ပြီး ပြည်သူများသည် အစိုးရမှကြက် ဆူပင် စိုက်ပျိုးရန်စေခိုင်းခြင်းကို လိုက်နာရန်ဝါဒဖြန့်ခြင်းဖြစ်ပါသည်။

> ***"နအဖ စစ်အစိုးရသည် ကြက်ဆူပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ကျွန်မတို့အား ပြောပြပါသည်။ ကြက်ဆူပင်စိုက်ပျိုးပြီး ကြက်ဆူသီးရရှိလာပြီး ၄င်း ကြက်ဆူသီးများကိုစက်ဖြင့်ကြိတ်ပါက မော်တော်ယာဉ်များတွင် သုံးရန် ဒီဇယ်ဆီကို ရရှိပါမည်။ လာမည့် အနာဂတ်တွင် မြန်မာနိုင်ငံတွင် ဒီဇယ်ဆီ ထုတ်လုပ်နိုင်ခြင်း မရှိတော့သောကြောင့် ကြက်ဆူပင်ကို စတင်စိုက်ပျိုးရန် လိုအပ်လာပါသည်။"***
>
> **-ဒေါ်--- (မ၊ ၅၃)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

> ***"နအဖ စစ်သားများသည် ကြက်ဆူပင်စိုက်ရန် ကျွန်တော်တို့အားစေခိုင်းပါသည်။ ကြက်ဆူသီးရရှိပါက ဒီဇယ် သို့မဟုတ် ရေနံဆီ အဖြစ်ပြုလုပ်ရရှိနိုင်ပါသည်ဟုလည်း ပြောပါသည်။"***
>
> **-ဦး ---(ကျား၊ ၅၀)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဧပြီ ၂၀၀၆)**

> ***"နအဖ အာဏာပိုင်များသည် ကျွန်တော်တို့အား ကြက်ဆူပင်စိုက်ပျိုးပြီး ကြက်ဆူသီးရရှိပါက မိမိတို့ စိတ်ကြိုက်ရောင်းချနိုင်ကြောင်း သို့မဟုတ် အစိုးရထံရောင်းချနိုင်ကြောင်းပြောပါသည်။ ယခုအခါတွင် ကြက်ဆူစေ့ကို တစ်ပြည်လျှင် ၈၀၀၀[၇၀] ကျပ်နှုန်းဖြင့် ဝယ်ယူရမည်ဖြစ်ပြီး ကြက်ဆူသီးရရှိပါက တစ်ပြည်လျှင် ၅၀၀၀-၆၀၀၀ကျပ်အထိဖြင့်ပြန်လည်ရောင်းချနိုင်ပါမည်။ ၄င်းတို့မှ ဆက်လက်ပြောပြသည်မှာ ကြက်ဆူသီးကိုကြိတ်ပါကဒီဇယ်ဆီရရှိမည်ဖြစ်ပါသည်။ ဒီဇယ်ဆီရရှိပါက ကားများ၊ဆိုင်ကယ်များ၊ ထွန်စက်များနှင့် စက်လှေ***

---

[၆၆] "Information Sheet," Myanmar Information Committee, Match 9th 2006. Accessed at www.myanmar-information.net/infosheet/2006/060309.htm on March 18th 2007.

[၆၇] 'Myanmar eyes physic nut oil as fuel to help solve oil crisis', Xinhua news service (China), 18 January 2006.

[၆၈] 'Castor beans to be grown for biofuel', Myanmar Times, 9-15 January 2006.

[၆၉] "Castor beans to be grown for biofuel," *The Myanmar Times*, January 9th-15th 2006. Accessed.

[၇၀] ကရင်ပြည်နယ် ဒေသအများစုတွင် နအဖ စစ်အစိုးရသည် ကြက်ဆူပင် စိုက်ပျိုးရန် ပြည်သူများကို ကြက်ဆူစေ့ တစ်ပြည်လျှင် ၃၃၀၀ မှ ၃၅၀၀ကျပ်ဖြင့် ရောင်းချပေးပါသည်။ အထက်ပါ အခြေအနေတွင်မူ ဒေသခံအာဏာပိုင်များသည် မိမိတို့ကိုယ်ကျိုးအတွက် စျေးနှုန်းတင်ကာရောင်းချခြင်းဖြစ်နိုင်ပါသည်။

*များကို မောင်းနှင်ရန်အသုံးပြုနိုင်ပါမည်။ ထို့အပြင် ကြက်ဆူသီးကြိတ်ပြီး ကျန်ရှိသောအခွံကို မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း ဆက်လက်ပြောပြပါသည်။"*

**-ဦး ---(ကျား၊ ၅၅)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**



**အထက်ပါပုံသည် ဖားအံခရိုင်၊ တနေဆာမြို့နယ်တွင် နအဖမှ ရွာသူရွာသားများကို အတင်းအဓမ္မစိုက်ပျိုးရန် ကားလမ်းဘေးတွင် စုပုံထားသောကြက်ဆူပင်ပေါက်များပုံ ဖြစ်ပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့ )**

နအဖ စစ်အစိုးရသည် ကြက်ဆူပင် မှ ဇီဝလောင်စာ ထုတ်လုပ်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ်တစ်လွှား နအဖ ထိန်းချုပ်နယ်မြေရှိ ရွာသူရွာသားများကို ၎င်းတို့ မစိုက်ပျိုးဘူးသော ကြက်ဆူစေ့ကို ဝယ်ယူစေပြီး မြေလွတ်၊ မြေရိုင်းမကျန် စိုက်ပျိုးစေပါသည်။ ထို့အပြင် စိုက်ပျိုးနေကြသီးနှံအစားကြက်ဆူပင်ကို စိုက်ပျိုးစေပါသည်။ ကြက်ဆူပင် စိုက်ပျိုးရန် စေခိုင်းသော စည်းဝေးပွဲများကိုလည်း ရွာသူရွာသားများအား တက်ရောက်စေပြီး ဒေသခံအာဏာပိုင်များသည် ရွာသားများကိုကြက်ဆူစေ့ မဝယ်မနေရစနစ်ဖြင့် အတင်းအကျပ်ဝယ်ယူစေပါသည်။

*"နောက်ဆုံး ကျွန်တော်တက်ရောက်ခဲ့သောအစည်းအဝေးမှာ ၂၀၀၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သောအစည်းအဝေးဖြစ်ပါသည်။ ထိုအစည်းအဝေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရွာသားများအား ကြက်ဆူပင်နှင့် စပါးတင်း ၁၀၀ မပျက်မကွက် စိုက်ပျိုးရန် ညွှန်ကြားခဲ့ပါသည်။ စပါးမျိုးစေ့ ၁တင်း အတွက် ငွေ ၄၀၀၀ ကျပ် ပေးဆောင်ရပါသည်။ ကျွန်တော်တို့ ရွာနှင့် အနီးဝန်းကျင်ဒေသတွင် ကြက်ဆူပင် ဧက ၃၀၀ ကို စိုက်ပျိုးစေပါသည်။ ကျွန်တော်တို့ကို ကြက်ဆူမျိုးစေ့ ၆ ကီလိုပေးပြီး ၁ ကီလိုအတွက် ငွေ ၆၀၀၀ ကျပ် ပေးဆောင်ရပါသည်။ ကျွန်တော်တို့ ကျေးရွာအုပ်စုတွင် ရွာပေါင်း ၃ ရွာရှိပါသည်။ ကြက်ဆူမျိုးစေ့အတွက် ကျွန်တော်သည် ငွေကြေးမပေးဆောင်ရသေးပါ။ သို့သော် ယခုလအကုန်တွင် မပျက်မကွက် ပေးဆောင်ရပါမည်။ ကျွန်တော့်အနေဖြင့် ကြက်ဆူပင်စိုက်ပျိုးခြင်းသည် ရွာသားများအတွက် အကျိုးမရှိဟု ထက်မြင်ပါသည်။ ထို့အပြင် ပြဿနာများကို ပိုမိုတွေ့ ကြုံနိုင်ပါသည်။*

***ကြက်ဆူပင်ကို မပျက်မကွက် စိုက်ပျိုးရပါမည်။ ကြက်ဆူပင်ကို မစိုက်ပျိုးပါက ရဲများမှ ကျွန်တော်တို့ကို အမှုဆင်ပြီး ဖမ်းဆီးပါမည်။ နအဖ အာဏာပိုင်များမှ ပြောဆိုသည့်အတိုင်း ကြက်ဆူသီးမှ လောင်စာဆီ ရရှိမည် သို့မဟုတ် မရရှိမည်ကို ကျွန်တော် သေချာစွာမသိရှိပါ။"***

**-ကို ---(ကျား၊ ၃၇) ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

ရုံးတံဆိပ်
မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကော့ကရိတ်မြို့နယ်

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကော့ကရိတ်မြို့နယ်

<u>ကြေငြာချက်</u>

သက္ကရာဇ် ၁၃၆၈ နယုန်လဆန်း ၇ ရက်
ရက်စွဲ။ ၂ ရက် ဇွန်လ ၂၀၀၆ ခုနှစ်

အကြောင်းအရာ။ ။၂၀၀၆ခုနှစ်တွင် ကော့ကရိတ်မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၃၀၀၀၀ စိုက်ပျိုး ရန်။

၁။ ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်တွင် ၂၀၀၆ မှ ၂၀၀၈ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀၀၀ စိုက်ပျိုးရန်။ ၂၀၀၆ ခုနှစ် အကုန်တွင် အပင် ၃၀၀၀၀ စိုက်ပျိုးပြီးစီးရမည်။ ဒေသခံပြည်သူများ၊ စစ်တပ်ရင်း၊ တပ်ဖွဲ့များ၊အ စိုးရဝန်ထမ်းများ အားလုံးသည် ကြက်ဆူပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ် ရပ်အနေဖြင့် လုပ်ဆောင်ရပါမည်။

၂။ ကော့ကရိတ်မြို့နယ်တွင် နေထိုင်သူအားလုံးသည် ကြက်ဆူပင်စိုက်ပျိုးခြင်းကို မိမိကိုယ်ပိုင်တာဝန်အဖြစ် စိုက်ပျိုးလုပ်ဆောင်ရပါမည်။ သို့သော် လူအချို့တို့သည် ကြက်ဆူပင်များကို စိုက်ပျိုးခြင်းမရှိဘဲမျိုးစေ့များကို ပြင်ပသို့ထုတ်ရောင်း လျှက်ရှိကြောင်းသိရှိရပါသည်။ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းသည် ရွာသားများအကျိုးရှိစေရန်ဖြစ်ပြီး စက်သုံးဆီလိုအပ် ချက်ကိုဖြည့်ဆီးရန်လည်းဖြစ်ပါသည်။ ထို့အပြင် ကြက်ဆူသီးကိုအပိုဝင်ငွေရရှိရန်အတွက်ရောင်းချနိုင်ပါသည်။

၃။ ထို့ကြောင့် ပြည်သူများအားလုံးသည် ၂၀၀၆ ခုနှစ်အတွင်းကြက်ဆူပင် ၃၀၀၀၀ စိုက်ပျိုးရန်ရည်မှန်းချက် ထက်ကျော်လွန်ပြီး စိုက်ပျိုးနိုင်ရန်ကြိုးစားကြရပါမည်။ လူတိုင်း မိမိတို့စိုက်ပျိုးရမည့်အရေအတွက်ကိုစိုက်ပျိုးပါက ဤကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်းအောင်မြင်ပါမည်။

ထိုးမြဲလက်မှတ်
ဥက္ကဋ္ဌ
(ထွန်းဝင်း၊ ဗ/ ၂၉၄၈)

စာအမှတ်၊ ၅/၃-၁/ဥ၆
နေ့စွဲ ၊ ၂၊ ၆၊ ၂၀၀၆
ဖြန့်ဝေ။ ။
- ကော့ကရိတ်မြို့ရှိ ဌာနဆိုင်ရာရုံးများ
- ရက်ကွက်/ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအားလုံး (ရက်ကွက်/ကျေးရွာများတွင် ဤကြေငြာစာကို အသံချဲ့စက်ဖြင့်လှည့်လည်ကြေငြာရန်နှင့်ရုံးများတွင်ကပ်ထားပါရန်)

မိတ္တူကို။ ။
- ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကော့ကရိတ်မြို့
- ရုံးဖိုင်တွဲ

*"ကြက်ဆူပင်စိုက်ပျိုးရန် နအဖ စစ်အစိုးရမှ ကျွန်တော်တို့အား အမိန့်ပေး ညွှန်ကြားခဲ့ပါသည်။ ကျွန်တော်တို့တွင် အခြားလုပ်ကိုင်ရန် လုပ်ငန်းများစွာရှိသောကြောင့် ကြက်ဆူပင် မစိုက်ပျိုးလိုပါ။ ကြက်ဆူမျိုးစေ့အတွက် ၎င်းတို့အား တစ်ပြည်လျှင် ၃၃၀၀ ကျပ် ပေးဆောင်ရပါသည်။ ကျွန်တော်တို့ ရွာကို ကြက်ဆူမျိုးစေ့ ၁၄ ပြည် စိုက်ပျိုးရန် စေခိုင်းခဲ့ပါသည်။ နအဖ သည် ကျွန်တော်တို့ရွာအား ယခုနှစ် ၂၀၀၆ ခုနှစ်တွင် ၈၃ ဧက စိုက်ပျိုးစေပြီး ၂၀၀၇ ခုနှစ်တွင် ၁၆၆ ဧကနှင့် ၂၀၀၈ ခုနှစ်တွင် ၁၆၆ ဧက စိုက်ပျိုးစေပါမည်။ မိသားစုတစ်စုသည် ခြံစည်းရိုး ကြက်ဆူခြံပေါင်း ၂၀၀ နှစ်စဉ် စိုက်ပျိုးရမည်ဖြစ်ပြီး ၃ နှစ်အတွင်း ခြံစည်းရိုး ကြက်ဆူခြံ ၆၀၀ စိုက်ပျိုးရပါမည်။ ဤကြက်ဆူပင်များကို ကျွန်တော်တို့ ပိုင်ဆိုင်သောမြေပေါ်တွင် စိုက်ပျိုးရပါမည်။"*

**-ဦး ---(ကျား၊ ၃၈)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**



**မေလ ၁၄ ရက် ၂၀၀၆ ခုနှစ်တွင် ဖာပွန်ခရိုင် ၊ ဘူးသိုမြို့နယ်မှ ရွာသားများသည် ၂၀၀၆ ခုနှစ်အတွက် စပါးကို စိုက်ပျိုးနေကြပါသည်။ ရွာသားများသည် တစ်နေ့လျှင် ရွာသားတစ်ဦး၏ လယ်ကွက်တွင်အတူတကွ စုပေါင်းပြီး စိုက်ပျိုးကြပါသည်။ ဤသို့ဖြစ်နေစဉ် ရွာသားတစ်ဦးကျစီ၏ လယ်ကွက်များတွင် အလှည့်ကျစုပေါင်း စိုက်ပျိုးကြပါသည်။ ထိုသို့စိုက်ပျိုးနေစဉ် နအဖ အာဏာပိုင်များသည် ရွာသားများကို ကြက်ဆူစေ့များ အတင်းအဓမ္မဝယ်ယူစိုက်ပျိုးစေပါသည်။ ဤကဲ့သို့ ကြက်ဆူပင်များစိုက်ပျိုးရန် အမိန့်ထုတ်ပြန်ခဲ့ခြင်းကြောင့် ရွာသားများသည် မိမိတို့၏ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများကို မြန်မြန်ပြီးစီးရန်လုပ်ဆောင်ရပြီး ကြက်ဆူပင်များကို သွားရောက်စိုက်ပျိုးရပါသည်။ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမများ တစ်ယောက်မကျန် ရွာသားများအားလုံးသည် တစ်ဦးလျှင် ကြက်ဆူပင် ၁၀၀ စိုက်ပျိုးရပါသည်။ အထက်ပါပုံတွင် ရွာသားများသည် စပါးစိုက်ပျိုးပြီးနောက် ကြက်ဆူပင်စိုက်ပျိုးရန် စုရုံးနေကြပုံကို တွေ့မြင်ရပါမည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)**

*"ဇန်နဝါရီလ ၂၀၀၆ ခုနှစ်တွင် နအဖ ဒေသခံအာဏာပိုင်များသည် ရွာသားများအား ကြက်ဆူ ပင်စိုက်ပျိုးရန် အမိန့် ကြေငြာစာနှစ်စောင် ကျွန်တော်တို့ရွာသို့ ပေးပို့ခဲ့ပါသည်။ နအဖ ဒေသခံအာဏာ ပိုင်များသည် ရွာသားများအား ၎င်းတို့ထံမှ ကြက်ဆူမျိုးစေ့ အတင်းအဓမ္မဝယ်ယူစေပြီး စိုက်ပျိုးစေပါသည်။ နအဖ အာဏာပိုင်များသည် ကြာအင်းဆိပ်ကြီး အနီးဝန်းကျင်ရှိ ကျေးရွာများကို ကြက်ဆူပင်စိုက်ပျိုးရန်အတွက် မြေဧက ၁၂၀၀ ကို သီးသန့်ထားရှိစေပါ သည်။ ထို့အပြင် နှစ်စဉ် မြေဧက တိုးချဲ့ ၍ ကြက်ဆူပင်စိုက်ပျိုးစေပါသည်။*

*အထက်ပါ အမိန့်ကြေငြာစာ နှစ်စောင်သည် ကြာအင်းဆိပ်ကြီးရှိ မအဖ ဥက္ကဋ္ဌ နှင့် စိုက်ပျိုးရေးဝန်ကြီးဌာန မန်နေဂျာ ဦးလှရွှေ စသူတို့ထံမှ ပေးပို့ခြင်းဖြစ်ပါသည်။"*

**-ဦး ---(ကျား၊ ၅၆)၊ ရွာသူကြီး၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

ရွာသူ၊ရွာသားများသည် အခြား အရေးပါသော သီးနှံများစိုက်ပျိုးရန် မြေများလိုအပ်ကြောင်း ပြောဆိုသောအခါ နအဖနှင့် ဒီကေဘီအေ တပ်ဖွဲ့များကရွာသားများကို ကြက်ဆူပင်များအား ကားလမ်းဘေးတစ်လျှောက်နှင့် ခြံစည်းရိုးများအနေဖြင့် စိုက်ပျိုးစေပါသည်။ နအဖ စစ်အစိုးရသည် ရွာသူ၊ရွာသားများကို ကြက်ဆူပင်များ အတင်းအကျပ် စိုက်ပျိုးစေသော်လည်း စိုက်ပျိုးရမည့်နည်းပညာကိုမူ လုံလောက်စွာထောက်ပံ့ပေးခြင်းမရှိပါ။ ထို့အပြင် ကြက်ဆူသီးတွင် "ယနေ့ ကမ္ဘာပေါ်တွင် သဘာဝအတိုင်းတည်ရှိ၍ လူများကိုသေစေနိုင်သော" ရီစင်း ဆိုသော အဆိပ်ဓာတ်တစ်မျိုးပါရှိပါသည်။[၇၁] "ရီစင်း အဆိပ်သည် ဆိုင်ရာနိုက် အဆိပ်ထက်ပိုမိုပြင်းထန်ပြီး ၎င်းရီစင်း အဆိပ်ဓာတ် စစ်စစ် ၁ မီလီဂရမ်လျှင် လူကြီးတစ်ယောက်ကို သေဆုံးစေနိုင်ပါသည်။"[၇၂]

လူတစ်ယောက်သည် ကြက်ဆူသီး အစိမ်းတစ်လုံးကို ဝါးမျိုမိပါက နာရီ အနည်းငယ်အတွင်း ဗိုက်နာလာခြင်း၊ အော့အန်ခြင်း၊ ဝမ်းအလွန်အကျွံသွားခြင်း၊ သွေးဝမ်းသွားခြင်း စသည့် ရောဂါဝေဒနာများကို ခံစားလာရမည်ဖြစ်ပြီး နောက်ဆုံးတွင် သေဆုံးသွားနိုင်ပါသည်။ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အခြားဒေသများမှာ ရွာသားများ၏ ပြောပြချက် များအရ ၎င်းတို့၏ ကလေးများသည် ကြက်ဆူသီးတစ်လုံးကို ပါးစပ်တွင်း ထည့်မိရုံမျှဖြင့် ခေါင်းကိုက်၊ ခေါင်းမူးခြင်း ဝေဒနာများပြင်းထန်စွာခံစားခဲ့ရပါသည်။ ဤကဲ့သို့ အန္တရာယ်များတွေ့ကြုံနိုင်သောကြောင့် တိုင်းပြည်များစွာသည် ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် ပက်သက်၍တင်းကျပ်သော စည်းမျဉ်းများကို ထုတ်ပြန်ထားပါသည်။ နအဖ စစ်အစိုးရမှာမူ ကြက်ဆူပင်နှင့်ပက်သက်၍ မည်ကဲ့သို့ ဘေးအန္တရာယ်ကင်းစွာစိုက်ပျိုးရမည်ကို ပြည်သူလူထုအား အသိပေးပြောပြခြင်းမရှိပါ။ ထို့အပြင် မည်ကဲ့သို့ နည်းလမ်းမှန်ကန်စွာ စိုက်ပျိုးရမည်ကိုပင် ပြောပြခြင်း မရှိပါ။

*"ကြာအင်း ကျေးရွာအုပ်စု၏ ရအဖ ဥက္ကဋ္ဌ ဒေါ်သဲမေသည် ကြက်ဆူစေ့ ၂ ပြည်ကို ကျွန်မတို့ထံ ပေးပို့ခဲ့ပါသည်။ ထို့နောက် ကျွန်မတို့အား ၎င်းကြက်ဆူစေ့များကို စိုက်ပျိုးရန်ပြောကြားခဲ့ပြီး ၎င်းကြက်ဆူစေ့ ၂ ပြည်အတွက် ကျွန်မတို့ မှ ငွေကျပ် ၆၀၀၀ ပေးဆောင်ရပါမည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကြက်ဆူပင် မစိုက်ပျိုးလိုပါ။ မည်ကဲ့သို့ စိုက်ပျိုးရမည်ကိုလည်း မသိရှိပါ။ ကျွန်မအမြင်အရ ဤကြက်ဆူပင်များသည် ရွာသားများအတွက် အကျိုးရှိစေမည် မဟုတ်ပါ။ ရွာသားများသည် ကြက်ဆူစေ့များကိုလည်း အိမ်များတွင် မထားလိုပါ။ အိမ်တွင်ထားရှိပါက ကလေးငယ်များ ကောက်ယူဝါးစားမိမည်ကို စိုးရိမ်ကြရပါသည်။ ယခင်အပတ်တွင် ကလေးငယ်နှစ်ဦးသည် ကြက်ဆူစေ့အနည်းငယ်ကို စားမိသောကြောင့် သေလုမြောပါး အော့အန်၊ ဝမ်းသွားခဲ့ပါသည်။ ကျွန် မတို့သည် ဒေသခံစစ်တပ်တာဝန်ရှိ စစ်ဗိုလ်ထံသို့ ကြက်ဆူပင် မစိုက်ပျိုးဘဲနေ၍ ရနိုင်ပါသလားဟု သွားရောက်မေးမြန်းခဲ့ပါသည်။ ၎င်းစစ်ဗိုလ်မှ ဤကိစ္စ နှင့်ပက်သက်၍ မသိရှိကြောင်းနှင့် ၎င်း၏ အလုပ်လည်းမဟုတ်ကြောင်း ပြန်ပြောခဲ့ပါသည်။ ကျွန်မတို့သည် ကြက်ဆူပင်ကို မစိုက်ပျိုးလိုပါ။ ထို့ကြောင့် အာဏာပိုင်များမှ ငွေကြေးကောက်ခံပါက ကျွန်မတို့ပေးဆောင်ပါမည်။ ကြက်ဆူစေ့များကိုမူ လုံခြုံစိတ်ချရသောနေရာတွင် သိမ်းထားပါမည်။"*

**-ဒေါ် ---(မ၊ ၄၉)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီလ ၂၀၀၆)**

---

[၇၁] Mark A. Hostetler, "Toxicity, plants – castor bean and jequirity bean," June 26th 2003. Accessed at www.emedicine.com/PED/topic331.htm on December 22th,2006.

[၇၂] "Ricinus communis (Castor bean)," Cornell University, Department of Animal Science. Accessed at www.ansic.cornell.edu/plants/castorbean.html on December 22nd, 2006.

နအဖ စစ်အစိုးရသည် ပြည်သူများအပေါ် အမြတ်ထုတ်အနိုင်ကျင့်ပြီး ကရင်ပြည်နယ်တစ်လွှားတွင် ကြက်ဆူပင်များကို အတင်းအဓမ္မစိုက်ပျိုးစေပါသည်။ အမှန်စင်စစ် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ စိုက်ပျိုးရန်အတွက် ရံပုံငွေအမေရိကန်ဒေါ်လာ ၁၄ သန်းကို အပြည့်အဝ ထောက်ပံ့ပြီး ဖြစ်ပါသည်။ ၄င်း ဒေါ်လာ ၁၄ သန်းတွင် ၁၂သန်းသည် အိုပက် (OPEC) မှ ထောက်ပံ့ခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အဆိုအရမူ "ဤထောက်ပံ့ငွေများဖြင့် မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ ထွက်နှုန်းတိုးစေရန်နှင့် ကုန်ကြမ်းမှ ဆီထုတ်လုပ်ရေး လုပ်ငန်းစဉ်များကို တိုးတက်မှုရှိလာစေရန် လုပ်ဆောင်နိုင်မည်" ဖြစ်ပါသည်။ ထို့အပြင် "ဆီထုတ်လုပ်သန့်စင်သည့် စက်ရုံအသစ်နှစ်ခုတည်ဆောက်ရန် နှင့် တည်ရှိပြီးသားစက်ရုံများကို ပိုမိုကောင်းမွန်လာစေရန်လုပ်ဆောင်မှု" စသည်တို့အတွက် အဆိုပါ ရံပုံငွေကိုပင် သုံးစွဲမည်ဖြစ်ပါသည်။[၇၇] ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ပေးသောရံပုံငွေများသည် မြန်မာနိုင်ငံတွင် ချက်ပြုတ်စားသောက်နိုင်သော စားသုံးဆီ ထုတ်လုပ်ရန်ဖြစ်သော်လည်း စစ်အစိုးရမှာမူ စားသုံးဆီထုတ်လုပ်ရန်အတွက် ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းမရှိပါ။ တိုင်းပြည်တစ်ဝှမ်း ပြည်သူ များ ပြောပြချက်အရ စစ်အစိုးရသည် ပြည်သူများကို ကြက်ဆူပင်များသာ အတင်းအကျပ် စိုက်ပျိုးစေပါသည်။ စစ်အစိုးရကို ဆီထွက်သီးနှံ စိုက်ပျိုးရန် ပေးအပ်သော ရံပုံ ငွေ ဒေါ်လာ ၁၄ သန်းတွင် ကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းအတွက် ထောက်ပံ့ငွေ ပါဝင်နိုင်ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ မှ ထင်မြင်ယူဆပါသည်။ ဤကိစ္စနှင့် ပက် သက်၍ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် တိတိကျကျ ထုတ်ပြန်ပြောကြားခြင်း မရှိပါ။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက် ပျိုးရေးအဖွဲ့၏ ဘန်ကောက်အခြေစိုက် အာရှပစိဖိတ်ဒေသဆိုင်ရာ ရုံးမှ အကြံပေးပုဂ္ဂိုလ်အား ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် ပက်သက်၍ မေးမြန်းစုံစမ်းခဲ့ပါသည်။ "ကျွန်တော် သိရှိသမျှ ပြောပြရမည်ဆိုလျှင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် ကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်းများကို လုပ်ဆောင်ခြင်းမရှိပါ" ဟု အထက်ပါ အကြံပေးပုဂ္ဂိုလ်မှ ပြန်လည်ဖြေကြားခဲ့ပါသည်။

နအဖ စစ်အစိုးရသည် ပြည်သူများကို ကြက်ဆူပင် အတင်းအကျပ် စိုက်ပျိုးစေသည့် စီမံကိန်းများတွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မှ ထောက်ပံ့သော ရံ ပုံငွေများကို အသုံးပြုခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ စိုက်ပျိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ပြည်သူများအပေါ် အလွဲသုံးစားပြုမှုများကို စစ်အစိုးရမှ ကျူးလွန်လျက်ရှိပါသည်။ စစ်အစိုးရသည် သီးပင်၊ စားပင် စိုက်ပျိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်သူ များအပေါ် အလွဲသုံးစားပြုလုပ်လေ့ရှိသည့် နည်းတူ အခြားသီးနှံများနှင့် အပင်များစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ပြည်သူများကိုအလွဲသုံးစား ပြုလုပ်မည်ဖြစ်ပေသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယခုအစီရင်ခံစာတွင် ပါဝင်သော အချက်အလက်များ သည် အများပြည်သူသိရှိထားသော အချက်အလက်များထက် ပိုမိုစုံလင်များပြားသောကြောင့် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ဆီထွက်သီးနှံနှင့် အခြားသီးနှံများစိုက်ပျိုးရေးစီမံကိန်းများသည် မြန်မာပြည်သူများ၏ လူ့အခွင့်အရေးအပေါ်မည်ကဲ့သို့ ဆိုးကျိုးများသက်ရောက်စေသည်ကို သိရှိနိုင်ပါမည်။

[၇၇] "OPEC Fund to support development of Myanmar's edible oil sector," FAO Newsroom, November 9th 2006. Accessed at www.fao.org/newsroom/en/news/2006/1000437/index.html on March 7th 2007.

## ကုန်ပစ္စည်းများအတင်းအကျပ် ဝယ်ယူစေခြင်း

နအဖနှင့်ဒီကေဘီအေ အရာရှိများသည် ပြည်သူများကို ၎င်းတို့ရောင်းချလိုသော ကုန်ပစ္စည်းများကို အမြဲပင် အတင်းအကျပ် ဝယ်ယူစေပါသည်။ နအဖနှင့်ဒီကေဘီအေ အရာရှိများက ၎င်းတို့ ရောင်းချပေးသော ပစ္စည်းများ သည် တန်ဖိုးရှိသော ပစ္စည်းများဖြစ်ကြောင်း ပြောဆိုလေ့ ရှိပါသည်။ သို့သော် ဝယ်ယူရသည့် ရွာသူ၊ရွာသား များအတွက်မူ နအဖ အရာရှိများ ရောင်းချသော ကုန်ပစ္စည်းများသည် ဈေးနှုန်းမြင့်မားပြီး ၎င်းတို့အတွက် အသုံးမဝင်သော ပစ္စည်းများပင်ဖြစ်ကြောင်း ရွာသားများမှ ပြောပါသည်။ အချို့ အချိန်များတွင် ဒီကေဘီအေ အရာရှိများသည် ရွာသားများကို ဒီကေဘီအေ ဗိုလ်များနှင့် မိသားစုဝင်များ၏ ပုံပါသော ပြက္ခဒိန်များကို ဝယ်ယူစေပါသည်။ (သို့မဟုတ်) ၎င်း တို့စိတ်ကြိုက် ကူးယူထားသော သီချင်းများပါဝင်သော စီဒီ ဓာတ်ပြားများကို ရွာသားများအား ဝယ်ယူစေပါသည်။ ဤကဲ့သို့ စစ်အစိုးရသည် ပြည်သူများကို အတင်းအဓမ္မ ကုန်ပစ္စည်းများ ဝယ်ယူစေခြင်းသည် ၎င်းတို့ လုပ်ဆောင်နေသော တိုင်းပြည်ဖွံ့ ဖြိုးရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ် ပါသည်။ စစ်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုး တက်ရေးကို အကြောင်းပြုပြီး ကျေးရွာရှိ ရွာသူ၊ရွာသားများကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မျိုးစပါးများနှင့် ကြက်ဆူမျိုးစေ့များကိုဝယ်ယူစေသည် သာမက ဓာတ် မြေဩဇာနှင့် လယ်ထွန်စက်များကိုပါ ဝယ်ယူစေပါသည်။

နအဖ ထိန်းချုပ်ထားသော ကရင်ပြည်နယ် ကျေးလက်ဒေသရှိ ရွာသူ၊ရွာသားများသည် ဓာတ်မြေဩဇာကို နှစ်စဉ် မဝယ်မနေရ ဝယ်ယူကြရပါသည်။ ဒေသခံ အာဏာပိုင်များ သည် ဓာတ်မြေဩဇာများကို ဈေးနှုန်းသတ်မှတ်ပြီး ရွာတစ်ရွာလျှင် အိတ်အရေအတွက် မည်မျှဝယ်ယူရမည်ကိုပါ ခွဲတမ်းချကာ ရွာသားများမှ မပျက်မကွက် ဝယ်ယူ ကြရသည်။ ရွာသားများက ၎င်းတို့ ဒေသအာဏာပိုင်များထံမှ ဝယ်ယူရသော ဓာတ်မြေဩဇာများသည် အသုံး ဝင်ခြင်းမရှိပါ။ အပင်များကြီးထွားစေရန် သို့မဟုတ် သီးနှံအထွက်တိုးစေရန်အတွက် လုံးဝအထောက်အကူမပြုပါ။ ထို့ကြောင့် ဓာတ်မြေဩဇာ ဝယ်ယူရခြင်းသည် ရွာသားများအတွက် ရှိစုမဲ့စု ငွေကြေးကို လျော့နည်းစေပြီး အချိန် လည်း အလဟဿ ကုန်ဆုံးစေပါသည်။ စစ်အစိုးရသည် ၎င်းတို့ ရောင်းချသော ဓာတ်မြေဩဇာများသည် အတုများဖြစ်၍ အကျိုးမရှိခြင်းလော သို့မဟုတ် ၎င်းတို့ ရောင်းချသော ဓာတ်မြေဩဇာများသည် ဒေသခံလယ် မြေနှင့် သဘာဝဝန်းကျင်အတွက် ကိုက်ညီမှုမရှိ၍ အကျိုးမရှိခြင်းလော ဟူသည့်အချက်များကို ထည့်သွင်းစဉ်းစား ခြင်း မရှိရုံမျှမက ရွာသားများ၏ ပြောဆိုချက်များကိုလည်း လက်ခံခြင်းမရှိဘဲ ဓာတ်မြေဩဇာများကိုသာ ဆက် လက်၍ အတင်းအကျပ်ဝယ်ယူစေပါသည်။

> ***“မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီသည် ကျွန်မတို့အား ဓာတ်မြေဩဇာ ဝယ်ယူရန် စေခိုင်းခဲ့ပါသည်။ ကျွန်မတို့ရွာသည် ဓာတ်မြေဩဇာ ၁၄ အိတ် ဝယ်ယူရပါသည်။ တစ်အိတ်လျှင် ၇၀၀ ကျပ် ပေးဆောင်ရပါသည်။ မည်သူမျှ ဓာတ်မြေဩဇာ အသုံးမပြုလိုပါ။ ကျွန်မသည် ဝယ်ယူထား သော ဓာတ်မြေဩဇာကို အိမ်အောက်ရှိ ထင်းပုံပေါ်တွင်သာ စွန့်ပစ်ထားလိုက်ပါသည်။ ဤဓာတ်မြေဩ ဇာများသည် မည်သည့်အပင် အတွက်မျှ အသုံးဝင်ခြင်း မရှိပါ။ သို့သော် ရွာသားများသည် ဓာတ်မြေဩဇာ များကို မပျက်မကွက် ဝယ်ယူကြရပါသည်။”***

**-ဒေါ် ---(မ၊ ၄၅)၊ ----ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

ဖာပွန်ခရိုင်နှင့် ဒူးပလာယာခရိုင် မှ ရွာသားများသည် ဒေသခံ နအဖအာဏာပိုင်များထံမှ လယ်ထွန်စက် အပျက်များကို ဝယ်ယူခဲ့ကြရကြောင်း ပြောပြခဲ့ပါသည်။ ဤကဲ့သို့ အတင်းအကျပ် ရောင်းချခြင်းသည် ဒေသခံ စစ်ဗိုလ်များ၏ ကိုယ်ပိုင် အကျိုးစီးပွားနှင့် ဆက်စပ်နေပုံ ရှိပါသည်။ ၂၀၀၆ ခုနှစ်တွင် ဖားအံခရိုင် မြဝတီမြို့ အနီးဝန်းကျင်တွင် နေထိုင်ကြသောရွာသားများနှင့် နအဖ အရာရှိများ ပြုလုပ်သောအစည်းအဝေးတွင် လယ်ထွန်စက်များသည် ဖားအံမြို့ ရှိ ကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သော လယ်ထွန်စက်များ ဖြစ်ကြောင်းနှင့် ထို ကုမ္ပဏီသည် အဆိုပါ ထွန်စက်များကို အသုံးပြု၍ မရကြောင်းနှင့် ရောင်းချ၍မရကြောင်း အရာရှိများမှ ပြောပြခဲ့ပါသည်။ အစည်းအဝေးတွင် ပြသထားသောလယ်ထွန်စက်များသည် အပြင်ပန်းပုံသဏ္ဍာန်ကို ကြည့်ရှုရုံဖြင့် အဟောင်းများ ဖြစ်ကြောင်းနှင့် ပျက်စီးနေကြောင်းကို တွေ့ မြင်ရပါသည်။ သို့သော် ရွာသားများသည် အဆိုပါ ထွန်စက်များကို ဝယ်ယူခဲ့ရပါသည်။ ဤကဲ့သို့ ထွန်စက်များကို အတင်းအကျပ်ဝယ်ယူခဲ့ရသောရွာသားများသည် အိမ်သို့ ပြန်ယူလာပြီးနောက် စမ်းသပ်မောင်းနှင် သောအခါ ထွန်စက်များသည် ပျက်စီးနေကြောင်းနှင့် လုံးဝ အသုံးပြု၍ မရကြောင်းကို အံ့သြဖွယ်ရာမရှိ တွေ့ကြုံခဲ့ရပါသည်။ ထို့ကြောင့် ဤကဲ့သို့ အသုံးပြု၍မရသောထွန်စက်များကို ရွာများ၏လမ်းဘေးတွင် စွန့်ပစ်ထားရပြီး သံချေးများတက်နေသည်ကို တွေ့မြင်ရပါမည်။

> ***"၂၀၀၄ ခုနှစ်တွင် ဒေသခံ နအဖ အာဏာပိုင်များသည် ကျွန်တော်တို့အား ကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော် စိုက်ပျိုးရန် စေခိုင်းခဲ့ပါသည်။ လယ်ယာ ၁၆ လက်တွန်း လယ်ထွန်စက်[၂၄]များကိုလည်း ဝယ်ယူစေပါသည်။ ရွှေမြေဝဲ ဟူသည့် မြေဩဇာကိုလည်း ဝယ်ယူစေပါသည်။ ထို့အပြင် ရပ်ရွာ အေးချမ်းသာယာရေး အစီအစဉ်[၂၅] နှင့် ရွှေ့ပြောင်းနေထိုင်ခြင်း အစီအစဉ်[၂၆] များကို ရပ်ကွက်တိုင်းနှင့် ကျေးရွာတိုင်းကို ပေးထားသည့် ခွဲတမ်းအတိုင်း မပျက်မကွက် လုပ်ဆောင်ရပါသည်။ ရွာသူကြီးတစ်ဦး အနေဖြင့် ဤကိစ္စများကို လုပ်ဆောင်ရာတွင် အခက်အခဲများကြုံတွေ့ရပါသည်။ အဘယ်ကြောင့် ဆိုသော် ရွာသူ၊ရွာသားများထံမှ ငွေကြေးများကို ကောက်ခံရသောကြောင့် ဖြစ်ပါသည်။ လွန်ခဲ့သော ဧပြီလ ၂၀၀၄ ခုနှစ်တွင် ကျွန်တော်သည် ကျပ် ၇၈၀၀၀၀ တန်ဖိုးရှိသော လယ်ယာ ၁၆ လက်တွန်း လယ်ထွန်စက်ကို ကော့ကရိတ်မြို့တွင် ဝယ်ယူခဲ့ပါသည်။ ဤကဲ့သို့ ဝယ်ယူခဲ့ရခြင်းသည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီ၏ အစီအစဉ်ကြောင့် ဖြစ်ပါသည်။ ကျွန်တော်သည် အဆိုပါ လက်တွန်းလယ်ထွန်စက်ကို ဝယ်ယူပြီးနောက် ၎င်းထွန်စက်၏အင်ဂျင် မကောင်းသောကြောင့် အသုံးပြု၍ မရရှိပေ။ ထို့ကြောင့် ကျွန်တော်သည် ၎င်းထွန်စက် ရောင်းချပေးခဲ့သော စိုက်ပျိုးရေး အရာရှိထံ အကြောင်းကြားခဲ့ပါသည်။ သို့သော် ၎င်းအရာရှိမှ မည်သူမဆို ဤလက်တွန်းလယ်ထွန်စက်များကို သုံး၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေဝယ်ယူရမည်ဖြစ်သည်ဟု ပြန်လည်ပြောဆိုခဲ့ပါသည်။"***

**-ကို ---(ကျား၊ ၃၇)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

> ***"မြို့နယ် မအဖ ဥက္ကဋ္ဌသည် ကျွန်တော်တို့ ရွာသားများကို နှမ်းစပါးအတင်းအကျပ် စိုက်ပျိုးစေပြီး ၎င်းထံမှ လက်တွန်းလယ်ထွန်စက်ကိုလည်း အတင်းအကျပ် ဝယ်ယူစေခဲ့ပါသည်။ ရွာသားများသည် မဝယ်ယူလိုသော်လည်း ၎င်းတို့သည် အတင်းအကျပ်ဝယ်ယူစေသောကြောင့် ထွန်စက်ကို ၇၅၀၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ရပါသည်။ ဝယ်ယူပြီးသောအခါ မည်သူမျှ ၎င်းထွန်စက်ကို အသုံးမပြုသောကြောင့် ဘုန်းတော်ကြီးကျောင်းအောက်တွင်သာ သိမ်းထားရပါသည်။ အခြားကျေးရွာတစ်ခုမှ ရွာသားများက ကျွန်တော်တို့ ထွန်စက်ကို ပြန်လည်ဝယ်ယူလိုကြောင်း ပြောခဲ့သော်လည်း ၎င်းတို့ ထွန်စက်ကို ကိုယ်တိုင်လာရောက်***

[၂၄] ဤလက်တွန်းလယ်ထွန်စက်များသည် လက်ကိုင်ရှည်ပါရှိပြီး ဒီဇယ်စွမ်းအင်သုံးကာ မောင်းနှင်လယ်ထွန်ရခြင်းဖြစ်ပြီး အဓိက အားဖြင့် ရေသွင်းစိုက်ပျိုးသောလယ်များထွန်ရန်အတွက် အသုံးပြုနိုင်ပါသည်။ လယ်ထွန်သူသည် ထွန်စက်နောက်မှ လိုက်ပါ လမ်းလျှောက်ပြီး လယ်ထွန်ရပါသည်။

[၂၅] ရပ်ရွာအေးချမ်းသာယာရေး အစီအစဉ်များဆိုသည်မှာ ရွာသူရွာသားများသည် နအဖမှ တောင်းဆိုသောလုပ်အားပေး စေခိုင်း မှုများကို လုပ်ဆောင်ပေးရခြင်းဖြစ်ပါသည်။

[၂၆] ရွှေ့ပြောင်းနေထိုင်ခြင်း အစီအစဉ်ဆိုသည်မှာ မြို့များနှင့် ရွာများရှိပြည်သူများ၏ သွားလာလှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရန် လူတိုင်းနှင့် မိသားစုတိုင်းတို့သည် သက်ဆိုင်ရာရုံးများတွင် သန်း ကောင်စာရင်း မှတ်ပုံတင်ခြင်းကို လုပ်ဆောင်ရခြင်းဖြစ်ပါသည်။

*ကြည့်ရှုသောအခါ ထွန်စက် မကောင်းကြောင်း ပြောခဲ့ပါသည်။ ကျွန်တော်သည် အဆိုပါ ထွန်စက်ကို ၅၅၀၀၀၀ ကျပ်နှင့်ပင် ပြန်လည်ရောင်းချမည်ဆိုသော်လည်း ဝယ်ယူလိုသည့်သူ တစ်ဦးမျှမရှိပါ။ နအဖ အာဏာပိုင်များသည် ၎င်းတို့၏ စပါးမျိုးစေ့များကိုလည်း ရွာသားများအား အတင်းအကျပ် ဝယ်ယူ စိုက်ပျိုးစေပါသည်။ အချို့ရွာသားများသည် နအဖ အာဏာပိုင်များရောင်းချသော စပါးမျိုးကို ဝယ်ယူပြီး စမ်းသပ်စိုက်ပျိုးခဲ့သော်လည်း ယင်း စပါးပင်များသည် တစ်တောင် အတိုင်းအတာထိပင် မကြီးထွားလာပါ။ နအဖ အာဏာပိုင်များမှာမူ ၎င်းတို့၏ ညွှန်ကြားချက်များကို ရွာသားများ မလိုက်နာသောကြောင့် စပါးပင်များ ကြီးထွားမှုမရှိကြောင်း ပြန်လည် ပြောဆိုခဲ့ပါသည်။"*

**-ဦး ---(ကျား၊ ၆၁)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

## စိုက်ပျိုးရေးစီမံကိန်းများနှင့် စစ်တပ်၏ထိန်းချုပ်မှု

***"နအဖ စစ်သားများသည် ကျွန်တော်တို့ကို စားနပ်ရိက္ခာရရှိရန် ခက်ခဲအောင် ပြုလုပ်ထားခြင်းဖြင့် ကျွန်တော်တို့သည် ဆာလောင်မွတ်သိပ် ကြရပါသည်။ ထို့ကြောင့် ရွာသားမြောက်များစွာတို့သည် ရွာများမှ စွန့်ခွာထွက်ပြေးကြပြီး အချို့တို့သည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ပင် သွားရောက်ခိုလှုံကြပါသည်။"***

**-စော ---(ကျား၊ ၆၆)၊ ---ရွာ၊ တောင်ငူခရိုင် (မတ်လ ၂၀၀၆)**

နအဖ စစ်အစိုးရသည် ဆန့်ကျင်ဘက် ရည်ရွယ်ချက် နှစ်ခုဖြစ်သော ဒေသခံ စစ်တပ်များအတွက် အထောက်အပံ့ရရှိရန် ရွာသားများထံမှ စားနပ်ရိက္ခာများကို အမြတ်ထုတ် သိမ်းယူခြင်းနှင့် မြို့ ပြဒေသများတွင် ပြည်သူများ ဆူပူမှု မရှိစေရန် အခြေခံစားသောက်ကုန်များများကို စျေးနှုန်းမတက်ရန် ပြုလုပ်ထားခြင်း စသည့် အကြောင်းအချက်များသည် ကျေးလက်ဒေသများရှိ ပြည်သူများ၏ ဆင်းရဲကျပ်တည်းမှုကို ပိုမိုများပြားလာစေပြီး ကျေးလက်ဒေသများတွင် စားသောက်ကုန်စျေးနှုန်း အဆမတန် မြင့်မားလာစေပါ သည်။ ကျေးရွာများတွင် ရွာသားများထံမှ အခြေခံစားသောက်ကုန်နှင့် အိမ်မွေးတိရစ္ဆာန်များကို အမြတ်ထုတ် သိမ်းယူခြင်းများ ပြုလုပ်သည့်အပြင် လယ်ယာမြေများကို သိမ်းယူခြင်း၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းနှင့် နအဖ၏ အကျိုးမရှိသော စိုက်ပျိုးရေးစီမံကိန်းများသည် ရွာသူ၊ရွာသားများ၏ ဆင်းရဲကျပ်တည်းမှုကို ပိုမိုများပြားလာစေပါသည်။ ကျေးရွာများတွင် ဆင်းရဲကျပ်တည်းမှု ပိုမိုများပြားလာခြင်းသည် ရွာသားများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန် အခက်အခဲဖြစ်စေသည်သာမက စစ်တပ်၏ ဖိနှိပ်မှုကို တွန်းလှန်ရန်အတွက်လုပ်ဆောင်သောရွာသားများ၏ နည်းဗျူဟာများကိုလည်း ထိခိုက်စေပါသည်။ ကရင်ပြည်နယ် ကျေးရွာဒေသများရှိ လယ်ယာမြေ များသည် သဘာဝအတိုင်း မြေဆီမြေနှစ်များဖြင့် တည်ရှိခြင်း ဒေသခံရွာသားများသည်လည်း မိမိတို့ လယ်ယာမြေ သဘောသဘာဝကို သိရှိနားလည်ခြင်းနှင့် ရှေးဘိုးဘေးများ လက်ထက်ကတည်းက စ၍ လုပ်ကိုင်လာခဲ့သော စိုက်ပျိုးရေးနည်းပညာများကိုအသုံးပြု၍ စိုက်ပျိုးခြင်းစသည့် ကောင်းကျိုးများရှိသော်လည်း နအဖ စစ်အစိုးရ၏ မူဝါဒများသည် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေမှုကို အနှောက်အယှက်ဖြစ်စေပါသည်။ ထို့ကြောင့် ရွာသူ၊ရွာသားများစွာ တို့သည် စိုက်ပျိုးရေးလုပ်ငန်းများကို မလုပ်ကိုင်လိုကြတော့ပါ။ သို့သော်လည်း နအဖ အစိုးရသည် စစ်အုပ်ချုပ်ရေးဖြင့် ဆက်လက်အုပ်ချုပ်နိုင်ရန်အတွက် ၎င်းတို့၏ တိုင်းပြည်ဖွံ့ဖြိုးရေး မူဝါဒနှင့် နည်းဗျူဟာများကြောင့် တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းကို ပြည်တွင်းပြည်ပရှိ မြန်မာ့အရေးစောင့်ကြည့်နေသူများကို ထုတ်ဖော်ပြောဆိုလေ့ရှိပါသည်။

*"မအဖမှ ခေါ်ယူသော နောက်ဆုံးအကြိမ် အစည်းအဝေးကို ဇွန်လ ၁၅ ရက်နေ့တွင် တက်ရောက်ခဲ့ရပါသည်။ မအဖ ဥက္ကဋ္ဌ ဦးထွန်းဝင်းမှ "ကျွန်တော်အခု ပြောနေတာ ကျေးရွာများ ဖွံ့ ဖြိုးတိုးတက်ဖို့အတွက် ဖြစ်တယ်။ ကျွန်တော့်အတွက် မဟုတ်ပါဘူး" ဟု အစည်းအဝေးတွင် ပြောဆိုခဲ့ပါသည်။ ၎င်းမှ ဆက် လက်၍ "ကျွန်တော်တို့ ခင်ဗျားတို့ကို အခုလို အကြံပေးရခြင်းဟာ ခင်ဗျားတို့ စားနပ်ရိက္ခာ ဖူလုံဖို့အတွက် ဖြစ်တယ်။ ကြက်ဆူပင်နဲ့ ရာဘာစိုက်ခင်းများကို သေချာ ကြည့်ရှုပြုစုပြီး ခင်ဗျားတို့ရဲ့ မြေနေရာတွေကို အလွတ်မထားပါနဲ့။ ခင်ဗျားတို့ရဲ့ ရွာသားများကို ကြက်ဆူပင် စိုက်ခိုင်းပါ" ဟု ပြောဆိုခဲ့ပါသည်။*

**-ဦး ---(ကျား၊ ၅၅)၊ ရွာသူကြီး ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

နအဖ စစ်အစိုးရက ၎င်းတို့၏ စိုက်ပျိုးရေးစီမံကိန်းများသည် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်ရန်အတွက် အကျိုးရှိစေကြောင်း နိုင်ငံတ ကာကို ပြောဆိုပြသခြင်းဖြင့် နိုင်ငံတကာမှ အလှူရှင်များ၏ အကူအညီ အထောက်အပံ့ကိုရယူပြီး ကျေးလက်နေ ပြည်သူများအပေါ် ၎င်းတို့၏ အမြတ်ထုတ် အနိုင်ကျင့်ခြင်းကို ပိုမိုလုပ်ဆောင်နိုင်ပါသည်။ တစ်ချိန်တည်းတွင်  စစ်အစိုးရသည် ကျေးလက်ဒေသများတွင် ပြည်သူများအတွက် အခက်အခဲ ကြုံတွေ့ရခြင်းသည် ဒေသခံ အာဏာပိုင်များ၏ ဖိ နှိပ်ထိန်းချုပ် အုပ်ချုပ်မှုများကြောင့် မဟုတ်ပါဟု ငြင်းဆန်လျက် ရှိပါသည်။ မည်သို့ပင်ဆိုစေ ဒေသခံပြည်သူများသည် နအဖ၏ စိုက်ပျိုးရေးစီမံကိန်းများကို တက်နိုင်သမျှ နည်းမျိုးစုံဖြင့် လိုက်နာဆောင်ရွက်ခြင်း မပြုဘဲ တွန်းလှန်ကြပါသည်။ ကျေးရွာသူကြီးများသည်လည်း ၎င်းတို့ ရွာများ၏ လုပ်ဆောင်မှုစွမ်းအားကို လျှော့ချပြောဆိုကာ နအဖ ၏ တောင်းဆိုမှုများကို လျှော့ချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါသည်။ ရွာသားများသည်လည်း နအဖထံမှ အတင်းအဓမ္မ ဝယ်ယူရသော ပစ္စည်းများအတွက် ပေးဆောင်ရမည့် ငွေကြေးကို အချိန်ဆွဲပြီး ပေးဆောင်ခြင်း၊ အတင်းအကျပ် ဝယ်ယူခဲ့ရသော ကြက်ဆူစေ့နှင့်အခြားမျိုးစေ့များကို မစိုက်ပျိုးဘဲ စွန့်ပစ်ခြင်း သို့မဟုတ် ကြက်ဆူပင်များကို အ နည်းအကျဉ်းသာ စိုက်ပျိုးခြင်း စသည့် နည်းများဖြင့် နအဖ၏ တောင်းဆိုမှုများကို တွန်းလှန်လျှက်ရှိပါသည်။ အချို့ ရွာသားများသည် ဖြစ်နိုင်လျှင် နအဖ စစ်သားများရွာသို့ လာရောက်သည့်အခါ  ထွက်ပြေးတိမ်းရှောင် ကြပါသည်။ ကရင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ရွာများတွင် နအဖသည် ၎င်းတို့ အမိန့်နာခံရန် လုပ်ဆောင်နိုင်ခြင်းမရှိသောအခါ နအဖ စစ်တပ်သည် ရွာသားများကို အတင်းအကျပ် ရွှေ့ပြောင်းကျေးရွာများသို့ သွားရောက်နေထိုင်စေခြင်းနှင့် ကျေးရွာများကို မြေလှန် မီးရှို့ဖျက်ဆီးခြင်း မူဝါဒများကို ကျင့် သုံးပါသည်။ နအဖ စစ်တပ်များသည် ဤကဲ့သို့ လုပ်ဆောင်သောအခါ သူပုန်များကို တိုက်ခိုက်ရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောဆိုအကြောင်းပြသော်လည်း အမှန်စင်စစ် ၎င်းတို့သည် သာမန်ပြည်သူများအပေါ် အဓိက ပစ်မှတ်ထား၍ လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝ အသက်ရှင် သန်နိုင်ရေးနှင့် ၎င်းတို့၏ ကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုထိခိုက်စေပါသည်။ နအဖ စစ်အစိုးရတပ်ဖွဲ့ နှင့် ၎င်း၏ မဟာမိတ်ဖြစ်သော ဒီကေဘီအေတပ်ဖွဲ့များသည် ကရင်ပြည်နယ် ကျေးလက်ဒေသများတွင် ကုန် သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ ခြင်း၊ သီးနှံစိုက်ခင်းများကို မီးရှို့ ခြင်း၊ စားနပ်ရိက္ခာနှင့် စပါးကျီများကို မီးရှို့ဖျက်ဆီးခြင်း၊ စိုက်ခင်းများအတွင်းနှင့်ပတ်လည်တွင် မြေမြှုပ်မိုင်းများထောင်ထားခြင်း စသည်တို့ကို လုပ်ဆောင်နေသောကြောင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို များစွာထိခိုက်စေပြီး စိုက်ပျိုးသီးနှံများ ရောင်းချခြင်းသည်လည်း ၎င်းတို့အတွက်သာ အကျိုးအမြတ်ရရှိစေပါသည်။

*"ဒီကေဘီအေ တပ်ဖွဲ့ဝင်များသည် ကျွန်မတို့ ရွာသို့ စတင်ရောက်ရှိလာစဉ်က ရွာသားများကို အလွန်ပင် ခြိမ်းခြောက်ခဲ့ပါသည်။ ၎င်းတို့မှ "ဒီရွာမှာ ကေအန်ယူက ဖွက်ထားတဲ့ ဆန်တွေကို ထုတ်ယူလာခဲ့ပါ။ ခင်ဗျားတို့*

*မထုတ်ယူလာဘဲ ကျုပ်တို့ကိုယ်တိုင် အဲဒီဖွက်ထားတဲ့ ဆန်တွေကိုတွေ့ရင် ခင်ဗျား တို့ကို ထောင်ချပစ်မယ်။ ခင်ဗျားတို့ ဒုက္ခရောက်သွားမယ်" စသည်ဖြင့် ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။"*

**-နော် ---(မ၊၅၀)၊ ---ရွာ၊ ဘီးလင်းမြို့နယ် (ဇွန်လိုင်လ ၂၀၀၆)**

*"ကျွန်မတို့သည် ဇန်နဝါရီလ ၂၀၀၄ ခုနှစ်တွင် ကေအန်ယူနှင့် နအဖတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ နအဖသည် ကေအန်ယူနှင့် အပစ်အခတ် ရပ်စဲရေးအတွက် လုပ်ဆောင်လျှက်ရှိသော်လည်း ၎င်းတို့၏ စစ်သားများကို ကျွန်မတို့နေထိုင်ရာ ဒေသသို့ တိုး၍ ပို့ဆောင်ပါသည်။ ကျွန်မတို့ ကျေးရွာ အနီးဝန်းကျင်တွင် လှုပ်ရှားနေသော နအဖ စစ်သားများသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မပြုလုပ်မီ အ ချိန်ကထက်ပင် ပို၍ များပြားလာပါသည်။ ရွာအနီး ဝန်းကျင်သို့ ကင်းလှည့်ပြီး ရွာများကိုလည်း မီးရှို့ဖျက်ဆီးပါသည်။ ထို့ကြောင့် ရွာသားများသည် အသက် ရှင်ရပ်တည်နိုင်ရန် ဖာလာကို စိုက်ပျိုးရပါသည်။[၂၂] သို့သော် နအဖ စစ်သားများသည် ဖာလာ စိုက်ခင်းများကိုလည်း လာရောက်ဖျက်ဆီးပစ်ပါသည်။ နွေရာသီ သို့ရောက်တိုင်း နအဖ စစ်သားများ သည် ကျွန်မတို့ ဖာလာစိုက်ခင်းများကို လာရောက်မီးရှို့ဖျက်ဆီး ပါသည်။ ထို့ကြောင့် ကျွန်မတို့ သည် ဖာလာစိုက်ခင်းမှ မည်သည့် အကျိုးကျေးဇူးမျှ မရရှိပါ။"*

**-နော် ---(မ၊ ၅၂)၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

*" ယခုတစ်ကြိမ် ဒီအေဘီအေမှ လမ်းများကို ပိတ်ဆို့ထားခြင်းတွင် နအဖမှ ပါဝင်ခြင်းမရှိပေ။ လမ်းများကို ပိတ်ဆို့ရာတွင် ဥယျာဉ်ခြံသို့ သွားရာလမ်းများ၊ လယ်ကွင်းသို့ သွားရာလမ်းများ၊ ကွမ်းရွက်စိုက်ခင်းသို့ သွားရာလမ်းများနှင့် ဌက်ပျောပင်စိုက်ခင်းသို့ သွားရာလမ်းများတစ်လျှောက်တွင် မြေမြှုပ်မိုင်းများကို ထောင်ထားကြပါသည်။"*

**-နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇွန်လိုင် ၂၀၀၆)**

နအဖစစ်တပ် ထိန်းချုပ်နယ်မြေပြင်ပ ဒေသများရှိ ပြည်သူများအား စစ်တပ်မှ နှောက်ယှက်တိုက်ခိုက်ပြီး အိုးအိမ်များကို မီးရှို့ဖျက်ဆီးခြင်းသည် နအဖ စစ်တပ်၏ အစီအစဉ်ဖြစ်သောရွာသားများကို စစ်တပ်ထိန်းချုပ်သော နယ်မြေများရှိ ကျေးရွာများနှင့် ရွှေ့ပြောင်းကျေးရွာများသို့ အတင်းအကျပ်ပြောင်းရွှေ့နေထိုင်စေခြင်း၏ လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါသည်။ ရွာသားများကို စစ်တပ်ထိန်းချုပ်နိုင်သော နယ်မြေဒေသများသို့ ပြောင်းရွှေ့နေ ထိုင်စေခြင်းဖြင့် စစ်တပ်များသည် ရွာသားများထံမှ လုပ်အား၊ စားနပ်ရိက္ခာနှင့် အခြားသောအထောက်အပံ့များကို အလွယ်တကူ တောင်းခံနိုင်ပါသည်။ နအဖ စစ်အစိုးရသည် ကရင်ပြည်နယ်ရှိ ရွာသူ၊ရွာသားများ၏ ဘဝကို ဘက်ပေါင်းစုံမှ ချုပ်ကိုင်လိုခြင်းသည် စစ်အုပ်ချုပ်မှုကို ရွာသားများမှတွန်းလှန်ခြင်းမပြုနိုင်ရန် သို့မဟုတ် စစ်အုပ်ချုပ်ရေး ရေရှည်တည်တံ့ရန်အတွက် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ကို စစ်တပ်မှ ချုပ်ကိုင်နိုင်သော နေရာဒေသများတွင် စိုက်ပျိုးထုတ်ကုန်များစွာကို ဒေသခံ စစ်တပ်ရင်း၊ တပ်ဖွဲ့များအတွက် အသုံးပြုနိုင်ပြီး စစ်အုပ်ချုပ်ရေးအတွက် ကြီးမား သော အကျိုးအမြတ်များကို ရရှိစေပါသောကြောင့် စစ်တပ်အတွက် လွန်စွာ အထောက်အကူ ဖြစ်စေပါသည်။ ကရင်ပြည်နယ် တောင်ပေါ်ဒေသများတွင် နေထိုင်သောရွာသား များသည် မိမိတို့၏ စိုက်ပျိုးသီးနှံများအပေါ်၌သာ မှီခိုပြီး စစ်တပ်၏ထိန်းချုပ်မှုကိုရှောင်လွဲနိုင်သောကြောင့် နအဖ စစ်အစိုးရ အတွက် ၎င်းတို့၏ အုပ်ချုပ်ရေးကို ခြိမ်းခြောက် အန္တရာယ်ပြုနိုင်သည်ဟု ယူဆပါသည်။ ထို့ကြောင့် ၎င်းရွာသား များကို စစ်တပ်မှ ပစ်မှတ်ထားပြီး တိုက်ခိုက်ပါသည်။

[၂၂] ဖာလာပင်များသည် များသောအားဖြင့် တောတွင်းပုန်းခိုနေရသူများက စပါးစိုက်ပျိုး၍မရသောကြောင့် တောတောင်ထဲတွင် အလွယ်တကူစိုက်ပျိုးနိုင်သောအပင်မျိုးဖြစ်ပြီး အသီးများကိုရောင်းချနိုင်ပါသည်။

***"စစ်သားများသည် ရွာသားများ၏ အိမ်များသို့ ဝင်ရောက်ကာ ရှာဖွေမှုများ ပြုလုပ်ပါသည်။ စစ်သားများသည် ကျွန်မအိမ်သို့လာရောက်ပြီး စိုက်ပျိုးရေး အတွက် အသုံးပြုရန်ထားရှိသော ပစ္စည်းကိရိယာများဖြစ်သော ဆားခေတ်တိုင်းသည့် ပစ္စည်းကိရိယာများ၊ စူး၊ ဆောက် စသည့် ပစ္စည်းကိရိယာများကို သိမ်း ယူသွားပါသည်။ မည်သည့်ပစ္စည်း ကိရိယာမျှ ထားခဲ့ပေးခြင်းမရှိပါ။ ရွာရှိ ရွာသားတိုင်း၏ အိမ်များသို့ဝင်ရောက်ပြီး စပါးသိုလှောင်ထားသော ပုတ်များကို လည်း ဘေးမှနေ၍ ရိုက်ပုတ်စမ်းသပ် ကြည့်ကြပါ သည်။ ၎င်းတို့ စိတ်ကျေနပ်သည်အထိ ပုတ်များကို ရိုက်ပုတ်စမ်းသပ် ကြည့်ကြပါသည်။ ရွာသားများက ပုတ်များ ပျက်စီးမည်ဟုပြောသော်လည်း စစ်သားများသည် ဂရုမစိုက် နားမထောင်ပါ။"***

**-နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)**

## နှစ်ရှည်ပင်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးနှင့်ဆက်နွယ်နေသော စီးပွားရေး

နအဖ စစ်အစိုးရသည် လတ်တလောတွင် စိုက်ပျိုးပြီးသော မြေဧကများစွာကိုအကြောင်းပြပြီး ၎င်းတို့၏ တိုင်းပြည်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော မူဝါဒများ အောင်မြင်လျက်ရှိကြောင်းနှင့် စိုက်ပျိုးမြေများကို တိုးချဲ့နိုင်ကြောင်းပြောဆိုလေ့ရှိပါသည်။ ယခင်က စိုက်ပျိုးခြင်းမရှိခဲ့သော မြေလွတ်မြေရိုင်းများကိုလည်း စိုက်ပျိုးနိုင်သော မြေများအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး တိုင်းပြည်အတွက် အကျိုးရှိစေကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ နအဖ စစ်အစိုးရ တင်းကျပ်စွာ ထိန်းချုပ်ထားနိုင်သော ကရင်ပြည်နယ် တောင်ပိုင်းဒေသများတွင် လုပ်ဆောင်နေသော နအဖ စစ်အစိုးရ၏ စိုက်ပျိုးရေး အစီအစဉ်များမှာ ရာဘာပင်များကို အမြောက်အများ စိုက်ပျိုးခြင်းနှင့် ပြည်သူများထံ မှ သိမ်းယူထားသော မြေများတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၂၆ရက် ၂၀၀၇ ခုနှစ်တွင် နအဖအရာရှိများမှ ၎င်းတို့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ရာဘာထုတ်လုပ်ရေး နှစ်ဆတိုးမြင့်နိုင်ရန် ရာဘာစိုက်ပျိုးမြေကို ဟတ်တာ ၄၀၀၀၀၀ အထိတိုးချဲ့ စိုက်ပျိုးသွားမည်ဟု ထုတ်ပြန်ပြောဆိုခဲ့ပါသည်။[၃၈] ဤကဲ့သို့ ရာဘာစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် နအဖ စစ်အစိုးရသည် ပုဂ္ဂလိကပိုင် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင် ပါသည်။ ပုဂ္ဂလိကပိုင်ကုမ္ပဏီများက ရင်းနှီးမတည်ငွေ ထုတ်ပေးပြီး စစ်အစိုးရ၏ စိုက်ပျိုးရေးဝန်ကြီးဌာနသည် နည်းပညာနှင့် စိုက်ပျိုးမြေများရရှိစေရန် တာဝန်ယူဆောင်ရွက်ပါသည်။[၃၉] မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ခံအဖွဲ့ဖြစ်သောမြန်မာ့နှစ်ရှည်ပင် စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဖြစ်သော ဦးစိုးတင့်မှ အောက်ပါအတိုင်းပြောခဲ့ပါသည်။

***"၂၀၀၁ ခုနှစ်တွင် စတင် အကောင်အထည်ဖော် လုပ်ဆောင်သော အစိုးရ၏ နှစ် ၃၀ ဖွံ့ ဖြိုးရေးစီမံကိန်းသည် ရာဘာစိုက်ပျိုးမြေကို ဧက ၁. ၅သန်း အထိ တိုးချဲ့ရန် ရည်ရွယ်ပါသည်။ ရာဘာကို ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှ အဓိက စိုက်ပျိုးပြီး ကျွန်တော်တို့ ဌာနမှ စိုက်ပျိုးမြေရရှိရန်၊ မျိုးပင်များရရှိရန်နှင့် စိုက်ပျိုး ရေး နည်းပညာများကို ပံ့ပိုးကူညီပေးပါသည်။"***[၄၀]

[၃၈] "Burma to step up rubber cultivation in next fiscal," *Kaladan News*, February 27th 2007. Accessed at www.burmanet.org/news/2007/02/27/kaladan-news-burma-to-step-up-rubber-cultivation-in-next-fiscal on February 28th 2007.

[၃၉] "Rubber output expected to exceed 60,000 tonnes," *The Myanmar Times*, January 9th -15th 2006. Accessed at http://www.myanmar.com/myanmartimes/MyanmarTimes15-299/n017.htm on March 1st 2007.

[၄၀] အထက်ပါအတိုင်း။



***အထက်ပါပုံတွင် ဖားအံခရိုင် တနေဆာမြို့နယ်ရှိ နအဖ၏ ရာဘာစိုက်ခင်းကို တွေ့ မြင်ရပါမည်။ နအဖ စစ်အစိုးရသည် အမြဲပင်ဒေသခံရွာသူ/ရွာသားများကို ရာဘာစိုက်ခင်းများတွင် ပေါင်းများမြက်များရှင်းစေခြင်းနှင့်ကြီးထွားလာသော ရာဘာပင်ကိုင်းများကို ခုတ်စေခြင်းစသည်တို့ကို အခကြေးငွေမပေးဘဲအတင်းအဓမ္မစေခိုင်းပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)***

နအဖ စစ်အစိုးရသည် တိုင်းပြည်တွင် အကောင်အထည်ဖော်လုပ်ဆောင်နေသော စိုက်ပျိုးရေးလုပ်ငန်းများစွာကို ပြည်သူများက ကိုယ်ပိုင်လုပ်ငန်းများအဖြစ် လုပ်ကိုင်နေ ကြောင်း ပြောဆိုနေသော်လည်း အမှန်တကယ်တွင်မူ ထိုကဲ့သို့ မဟုတ်ပေ။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းကြီးများကို လုပ်ကိုင်လိုပါက စစ်တပ်နှင့် အဆက်အသွယ်ရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်ပိုင် ကော်ပိုရေးရှင်းလုပ်ငန်းများ၊ စစ်တပ်နှင့်ဖက်စပ်လုပ်သော လုပ်ငန်းများနှင့် စစ်အစိုးရမှ ကျော ထောက်နောက်ခံ ပြုထားသော စစ်တပ်အတွက် အကျိုးပြုသော ပုဂ္ဂလိကပိုင် လုပ်ငန်းများသာ ဖြစ်ကြပါသည်။ နအဖ စစ်အစိုးရသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှ စိုက်ပျိုး သော စိုက်ပျိုးရေးလုပ်ငန်းကြီးများကို အလွန် ကျောထောက်နောက်ခံပေးပြီး ၄င်းကုမ္ပဏီများကလည်း စစ်အစိုးရကို ငွေကြေးထောက်ပံ့မှုများကို ပြန်လည်ပေးဆောင်ပါ သည်။ အထူးသဖြင့် နအဖ စစ်အစိုးရသည် ၁၉၉၀ ခုနှစ် နောက်ပိုင်းမှ စ၍ ပုဂ္ဂလိကကုမ္ပဏီများကို စိုက်ပျိုးမြေများစွာ လုပ်ကိုင်ပိုင်ခွင့်ရရှိစေမည့် မူဝါဒလမ်းစဉ်များကို စတင်အသုံးပြုခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် အနည်းဆုံး ဧက ၅၀၀၀ ရှိသော စိုက်ပျိုးမြေအသစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုပါက အစိုးရမှ “နှစ် ၃၀ မြေငှါးဂရမ် ထုတ်ပေးခြင်း၊ စိုက်ပျိုးထွက်ရှိသော သီးနှံများ၏ ၅၀% ကို ပြည်တွင်းတွင် ရောင်းချခွင့်ပြုခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုမည့် စက်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများကိုပြည်ပမှ တင်သွင်းပါက အခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ လမ်းတံတား၊ ဆက်သွယ်ရေးနှင့် ရေတွင်းများစသည့် အခြေခံ အဆောက်အ

အုံများကို အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်းနှင့် အစိုးရဘဏ်များမှ ငွေချေး၄ါးခွင့်ပြုခြင်း”[၈၁] စသည့် အကူအညီများကို ထောက်ပံ့ပေးပါသည်။ ဤအကျိုး ဆက်များကြောင့် ပုဂ္ဂလိကပိုင် စိုက်ပျိုးရေး ကုမ္ပဏီများသည် စစ်အစိုးရ၏ ဦးစားပေးခြင်းကို ခံရပြီး ဒေသခံလယ်သမားများမှာမူ စစ်အစိုးရ၏ အမြတ်ထုတ် အနိုင်ကျင့်မှု များကို ခံရပါသည်။ စစ်အစိုးရသည် ၄င်းတို့ ရွေးချယ်ထားသော မြေနေရာများကို ရွာသူ၊ရွာသားများထံမှ လျော်ကြေးငွေ မပေးဘဲ သိမ်းယူခြင်း၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီများ အတွက် လမ်းများဖောက်လုပ်ရာတွင် ရွာသားများ၏ လုပ်အားကို အတင်းအဓမ္မ အသုံးပြုခြင်း၊ တိုင်းသူပြည်သားများထံမှ အနိုင်ကျင့် အမြတ်ထုတ်ပြီး ရရှိလာသော ငွေ ကြေးဖြင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများကို ထောက်ပံ့ခြင်း စသည်တို့ကို လုပ်ဆောင်လျက် ရှိပါသည်။ ထို့အပြင် ကရင်ပြည်နယ်တွင် နအဖနှင့် ဒီကေဘီအေ အရာရှိများသည် ရွာ သူ၊ရွာသား များထံမှ ငွေကြေးမပေးဆောင်ဘဲ သိမ်းယူထားသော မြေကွက်များပေါ်တွင် ကိုယ်ကျိုးအတွက် ကိုယ်ပိုင် ရာဘာ၊ သစ်သီး၊ ကြံ၊ အုန်းပင်နှင့် သီဟို ခြံများကို စိုက်ပျိုးခြင်း၊ ငါးမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ခြင်းနှင့် သဘာဝတိုင်းရင်းဆေးများ ထုတ်လုပ်နိုင်သောဆေးပင်နှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။ စစ်ဗိုလ်များသည် ၄င်းတို့ပိုင် စိုက်ခင်းများတွင် ရွာသူ၊ရွာသားများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း၊ စစ်ဗိုလ်များ၏ လက်အောက်ခံတပ်သားများကို အခမဲ့စေခိုင်းခြင်းနှင့် တစ်ခါတစ်ရံတွင် နေ့စားလုပ်သားများကို အခကြေးငွေဖြင့်စေခိုင်း၍ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။ စိုက်ခင်းများမှ ထွက်သောသီးနှံများနှင့် လယ်ယာလုပ်ငန်းမှ ရရှိသော ဆန် အချို့တို့ကို စစ်တပ်ရိက္ခာအတွက် ပေးသွင်းပြီး ကျန်ရှိသော စိုက်ပျိုးသီးနှံနှင့် ဆန်များကို ဈေးကွက်တွင် ရောင်းချပါသည်။ စိုက်ပျိုးသီး နှံရောင်းချရာမှ ရရှိသော အခွန်ငွေများကို တပ်ရင်းများတွင် ပြန်လည်ရင်းနှီးမြုပ်နှံနိုင်ပါသည်။ သို့မဟုတ် ဤ အခွန်ငွေများသည် ဒေသခံ စစ်ဗိုလ်များ၏ အိတ်ကပ်အတွင်းသို့ ရောက်ရှိသွားပါသည်။

## ရွာသားများပိုင်ဆိုင်သောမြေယာများကို သိမ်းယူခြင်း

မြေယာများကို ပြည်သူပိုင်ပြုလုပ်ခြင်းသည် မဆလ အုပ်ချုပ်သော ဆိုရှယ်လစ်ခေတ်မှစ၍ ပြုလုပ်လာခဲ့ခြင်းဖြစ်ပြီး ၁၉၈၈ ခုနှစ် စစ်အစိုးရ အာဏာသိမ်းပြီးနောက်တွင်လည်း ပြည်သူများပိုင်ဆိုင်သော မြေကွက်များကို အစိုးရမှ သိမ်းပိုက်ခြင်းကို ပိုမို ပြုလုပ်ခဲ့ပါသည်။[၈၂] နအဖ စစ်အစိုးရသည် ၄င်းတို့ ဆန္ဒရှိသည့်အတိုင်း ပြည်သူများပိုင်ဆိုင်သော လယ်ယာစိုက်ခင်းများကို လျော်ကြေးငွေများပေးဆောင်ခြင်းမရှိဘဲ အတင်းအဓမ္မသိမ်းယူခဲ့ပါသည်။ ၁၉၉၀ ခုနှစ် အစောပိုင်းကာလများမှ စ၍ နဝတ/နအဖ အစိုးရ သည် ကရင်ပြည်နယ်အတွင်း ၄င်းတို့ ထိန်းချုပ်သောနယ်မြေဒေသများကို တိုးချဲ့လိုသောကြောင့် ရွာသူ၊ရွာသားများပိုင်ဆိုင်သော မြေယာစိုက်ခင်းများကို အတင်းအဓမ္မသိမ်းယူခဲ့ပါသည်။ မြန်မာနိုင်ငံဥပဒေအရ နိုင်ငံတွင်းရှိ မြေ၊ ယာများအားလုံးကို တရားဝင်အားဖြင့် အစိုးရသာပိုင်ဆိုင်ပါသည်။ ဒေသခံလယ်သမားများသည် လယ်၊ ယာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ပိုင် ခွင့်ရှိသော်လည်း ၄င်းတို့၏ လယ်၊ ယာမြေများကို ကျေးရွာနှင့်မြို့နယ် နအဖ အာဏာပိုင်များက သိမ်းယူလိုက သိမ်းယူနိုင်ပါသည်။[၈၃] ကရင်ပြည်နယ်တွင် လယ်သမားများ လယ်၊ ယာမြေပိုင်ဆိုင်ခွင့်သည် ဒေသတွင်းရှိ ရိုးရာဓလေ့ဥပဒေအတိုင်းသာ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ နအဖ စစ်အစိုးရမှာမူ ကရင်ပြည်နယ်ရှိ ရွာသူ၊ရွာသားများသည် မြေယာပိုင်ဆိုင်ခွင့် တရားဝင် စာရွက်၊စာတမ်းများ လိုအပ်ကြောင်း ပြောဆိုပါသည်။ ၄င်း ရွာသားများ

---

[၈၁] Nancy Hudson-Rodd and Myo Nyunt. April 2001. “Control of Land and Life in Burma,” *Tenure Brief* No.3:1-8. Land Tenure Center, University of Wisconsin-Madison. Accessed at http://agecon.lib.umn.edu/cgi-bin/pdf_view.pl?paperid=2580&ftype=.pdf on March 1st 2007.

[၈၂] Fujita and Ikuku. July 2006. “Agricultural Policies and Development of Myanmar’s Agricultural Sector: An Overview”, *IDE Discussion Paper,* No.63, July 2006. pp.4

[၈၃] Nancy Hudson-Rodd and Myo Nyunt. April 2001. “Control of Land and Life in Burma,” *Tenure Brief* No.3:1-8. Land Tenure Center, University of Wisconsin-Madison. Accessed at http://agecon.lib.umn.edu/cgi-bin/pdf_view.pl?paperid=2580&ftype=.pdf on March 1st 2007.

သည် တရားဝင်စာရွက်စာတမ်းများ မပြသနိုင်သောအခါ ၎င်းတို့ ဘိုးဘွားများပေးအပ်ခဲ့သော အမွေအနှစ်ဖြစ်သော လယ်ယာမြေများကို နအဖနှင့် ဒီကေဘီအေတပ်ဖွဲ့များမှ သိမ်းယူကြပါသည်။

*"လွန်ခဲ့သော ၁၅ နှစ်က နဝတ စစ်အစိုးရသည် လမ်းများဖောက်လုပ်ရန်အတွက် ဖားထွန်းကျေးရွာရှိ ရွာသားများထံမှ ဥယျာဉ်ခြံမြေများကို သိမ်းယူခဲ့ပါ သည်။ မြေပိုင်ရှင်များမှာ အခါ၊ မောင်သိန်းထွန်း၊ ဖိုးတလေး၊ ကယားနှင့် ဖူးဒူး တို့ ဖြစ်ကြပါသည်။ နဝတ အာဏာပိုင်များသည် အထက်ပါရွာသားများထံမှ ဥယျာဉ်ခြံမြေများကိုသိမ်းယူခဲ့ပြီး တာလူးဝါးရှိ ငွေကြေးချမ်းသာသူများထံသို့ ပြန်လည်ရောင်းချခဲ့ပါသည်။ တစ်ဧကလျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် ပြန်လည် ရောင်းချခဲ့ပါသည်။ ၎င်းဥယျာဉ်ခြံမြေတွင် ရွာသားများသည် ကွမ်းသီးပင်နှင့် ဒူးရင်းပင်များကို စိုက်ပျိုးခဲ့ကြပါသည်။ အထက်ပါ ရွာသားများတွင် အချို့တို့သည် ခြံမြေဧက ၁၅ ဧက ဆုံးရှုံးခဲ့ရပြီး၊ အချို့တို့သည် ဧက ၂၀ နှင့် အချို့တို့သည် ဧက ၃၀ အသီးသီး ဆုံးရှုံးခဲ့ရပါသည်။ ၎င်းမြေပိုင်ရှင်များသည် မြေယာပိုင်ဆိုင်ကြောင်း မည်သည့်အထောက်အထားမျှ မပြသနိုင်သဖြင့် နဝတအရာရှိများမှ ၎င်းတို့ မြေများသည် နိုင်ငံတော်ပိုင် မြေများဖြစ်သည်ဟု ပြောဆိုခဲ့ပါ သည်။ ယခုလက်ရှိ အချိန်တွင်လည်း နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲမှု သဘောတူညီချက် ရယူထားသော မွန်ပြည်သစ်ပါတီသည် ရွာသားများပိုင် ဆိုင်သောမြေနေရာများကို သိမ်းယူလိုသောကြောင့် ရွာလူကြီးများနှင့် အမြဲပင် အငြင်းပွား ပြောဆိုလေ့ရှိပါသည်။ နအဖ အာဏာပိုင်များကလည်း မြေယာပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထား မပြသနိုင်သော သူများထံမှ မြေနေရာများကို သိမ်းယူမည်ဟုပြောပါသည်။"*

**-ကို---(ကျား၊ ၃၆)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာလ ၂၀၀၆)**

နအဖနှင့် ဒီကေဘီအေ တပ်ဖွဲ့များသည် အကြမ်းဖက်နည်းဖြင့် ရွာသားများ၏ မြေနေရာများကို သိမ်းယူရန် ကြိုးပမ်းကြသောအခါ အချို့ ရွာသားများသည် ၎င်းတို့ ပိုင်ဆိုင် သော မြေနေရာများ သိမ်းပိုက်ခြင်း မခံရစေရန် ဒေသခံ စစ်တပ်အရာရှိများထံ သွားရောက်အသနားခံ တင်ပြကြပါသည်။ ဤကဲ့သို့ တင်ပြခြင်းများကို စစ်ဗိုလ်များမှ လက်မခံဘဲ သို့မဟုတ် လှစ်လျူရှု ထားကြပါသည်။ စစ်ဗိုလ်များသည် ရွာသားများ၏တင်ပြချက်များကို လက်မခံပါ။ သို့မဟုတ် ၎င်းတို့နှင့် မသက်ဆိုင်ကြောင်း တုန့်ပြန်ပြောဆိုပါသည်။

*"နအဖ စစ်အစိုးရသည် ရွာသားများထံမှ မြေနေရာများနှင့် လယ်ကွက်များကို သိမ်းယူကြပါသည်။ ယခုနှစ် ၂၀၀၆ ခုနှစ်တွင် မြေပိုင်ရှင်များနှင့် ကျေးရွာသူ ကြီးများသည် ၎င်းတို့ ထံသို့ သွားရောက်ပြီး သိမ်းယူထားသော မြေနေရာများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ပါသည်။ သို့သော် နအဖ အာဏာပိုင်များ က ပြန်လည်မပေးနိုင်ကြောင်းပြောဆိုခဲ့ပါသည်။ သိမ်းယူခြင်းခံရသော ဥယျာဉ်ခြံပိုင်ရှင်များမှာ ဦး---၊ မောင်---နှင့် ဦး---တို့ ဖြစ်ကြပြီး လယ်ပိုင်ရှင်များမှာ ကို---၊ ဦး---၊ မောင် ---၊ ကို---နှင့် ဦး---တို့ ဖြစ်ကြပါသည်။ မြေပိုင်ရှင်များသည် ၎င်းတို့ပိုင်ဆိုင်ခဲ့သော မြေနေရာများတွင် ရာဘာ၊ကြံ၊နှမ်းနှင့် အခြားသောသီးနှံများကိုစိုက်ပျိုးခဲ့ကြပါသည်။ ယခုအချိန်တွင် နအဖသည် ၎င်းတို့သိမ်းယူခဲ့သောမြေနေရာ အချို့တွင်စပါးစိုက်ပျိုးထားပါသည်။ ရွာသားများသည် ၎င်းတို့အတွက်လယ်ထွန်ပေးရခြင်း၊ပျိုးကြဲပေးရခြင်း၊ စပါးစိုက်ပေးရခြင်းနှင့် စပါးရိတ်သိမ်းပေးရခြင်းစသည်တို့ကို လုပ်ဆောင်ကြရပါသည်။ ဤနေရာ အနီးဝန်းကျင်တွင် နေထိုင်သောရွာသားများအားလုံး နအဖ အာဏာပိုင်များအတွက် အထက်ပါအလုပ်များအားလုံး လုပ်ကိုင်ပေးရပါသည်။"*

**-ဦး --- (ကျား၊ ၆၁)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

နအဖနှင့် ဒီကေဘီအေ စစ်သားများ ရွာသားများထံမှ သိမ်းယူခဲ့သောမြေနေရာများကို စစ်တပ်၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုခြင်း၊ စစ်စခန်းများဆောက်လုပ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း သို့မဟုတ် ငွေကြေးချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များထံ ပြန်လည်ရောင်းချခြင်း စသည့် နည်းလမ်းများဖြင့် အသုံးပြုကြပါသည်။ ရွာသားများထံမှ သိမ်းယူထားသော မြေနေရာများကို ဒေသခံ စစ်တပ်များလက်ဝယ်တွင် ထားရှိပါက စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ပြီး ထွက်ရှိသောသီးနှံများကို စစ် သားများ စားသုံးရန်အတွက် ထားရှိပါသည်။ သို့မဟုတ်

စစ်တပ်ပိုင် ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲပစ်ပါသည်။ သိမ်းယူထားသော မြေအချို့ကို စစ်ဗိုလ်များက အမြတ်ရရှိရန်အတွက်ပြန်လည်ရောင်းချသောအခါ ရွာသားများသည် ငွေကြေးများစုဆောင်းပြီး ၎င်းတို့၏ သိမ်းပိုက်ခံမြေများကို ပြန်လည်ဝယ်ယူ ကြရပါသည်။

> ***" ဒီကေဘီအေ အထူးတပ်ရင်း အမှတ် (၉၀၆)မှ စစ်ကြောင်းမှူး အောင်စိုးဦးသည် နအဖ စစ်တပ်နှင့် ပူးပေါင်းကာ ရွာသားများ ပိုင်ဆိုင်သော မြေနေရာများ ကို သိမ်းယူခဲ့ပြီး ငါးဧကလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် အခြားသူများထံ ပြန်လည်ရောင်းချခဲ့ပါသည်။ ကျွန်တော်တို့ ရွာသားများသည် အထက်ပါ ဈေးနှုန်းဖြင့် မြေဧက ၂၀၀ ကို ပြန်လည်ဝယ်ယူခဲ့ပါသည်။ ထိုမြေများတွင် ရာဘာပင်စိုက်ပျိုးရန် စစ်သားများမှ ရွာသားများကို စေခိုင်းခဲ့ပါသည်။ ဒီကေဘီအေမှ ၎င်းတို့ မြေရောင်းချ၍ရသော ငွေကို သုံးပုံ ပုံပြီး တစ်ပုံကို နအဖ အားပေးမည်ဖြစ်ပြီး နောက်တစ်ပုံကို ကေအန်ယူအား ပေးပါမည်။ ကျန်ရှိသော တစ်ပုံကို ၎င်းတို့ အတွက် ထားရှိမည်ဟု ပြောဆိုခဲ့ပါသည်။ အခြားသော ကျေးရွာမှ ရွာသားများသည်လည်း ဒီကေဘီအေမှ ရောင်းချသော မြေနေရာများကို လာရောက်ဝယ်ယူ ကြပါသည်။ ၎င်းရွာသားများမှာ ကယ်ဘီဒဲ၊ နူးသေထူ၊ ဆာမူဒဲ၊ ဦးလှိုင် နှင့် အင့ေရှုဆာမူဒဲ ကျေးရွာများမှ ဖြစ်ကြပါသည်။ မွန်နှင့် မြန်မာလူမျိုးများသည်လည်း ဤမြေများကို လာရောက်ဝယ်ယူကြပါသည်။"***

**-စော ---(ကျား၊ ၄၃)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

လွန်ခဲ့သော နှစ်များအတွင်း နအဖ စစ်အစိုးရသည် ရွာသားများထံမှ မြေနေရာများကို သိမ်းယူခဲ့ခြင်းသည် ရာဘာစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့ရန်အတွက် ဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် ၎င်းတို့၏ နိုင်ငံခြားကုန်သွယ်ရေးနည်းဗျူဟာတွင် နိုင်ငံခြားသို့ ရာဘာ တိုးမြှင့်တင်ပို့ ရောင်းချခြင်းကို အဓိကထား လုပ်ဆောင်လိုပါသည်။ ထို့ကြောင့် နအဖသည် မြေနေရာ ဧကများစွာကို ရာဘာစိုက်ခင်းကြီးများအဖြစ် စုစည်းနိုင်ရန် လုပ်ဆောင်နေပါသည်။ ယခုလက်ရှိ မွန်နှင့် ကရင်ပြည်နယ်တောင်ပိုင်းတွင် စိုက်ပျိုးခဲ့သော ရာဘာစိုက်ခင်းများသည် စစ်တပ်နှင့် စစ်တပ်ပိုင် စီးပွားရေးစိုက်ခင်းများ ဖြစ်ကြပါသည်။ နအဖ ခွင့်ပြုချက်ဖြင့် ထုတ်ဝေသော သတင်းဂျာနယ်တွင် နအဖမှ အောက်ပါအတိုင်းထုတ်ပြန်ခဲ့ပါသည်။

> ***"မွန်ပြည်နယ်[၈၄]တွင် ရာဘာစိုက်ပျိုးနိုင်သော မြေဧကကို လေးနှစ်အတွင်း ၂၀၀၄ ခုနှစ်ကုန်အထိတွင် ဧက ၂၃၂၃၉ ကို တိုးချဲ့နိုင်ခဲ့ပါသည်ဟု အင်တာဗျူးဂျာနယ်တွင် ရေးသားဖော်ပြခဲ့ပါသည်။ မွန်ပြည်နယ် တစ်ခုလုံးတွင် ရာဘာစိုက်ခင်း ဧက ၂၂၉၆၄၀ အထိရှိပြီး ၂၀၀၁ ခုနှစ်တွင် ဧက ၂၀၂၄၁၀ စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။ ဂျာနယ်တွင် ရေးသားဖော်ပြချက်အရ မြန်မာနိုင်ငံ၏ ရာဘာပင် စိုက်ပျိုးရေးလုပ်ငန်းများ ၈% သည် နိုင်ငံတော်ပိုင်ဖြစ်ပြီး ကျန်ရှိသော ၉၂% သည် ပုဂ္ဂလိကပိုင် ဖြစ်ပါသည်။"[၈၅]***

လွန်ခဲ့သော ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် အထင်ကရ ဖြစ်ပွားခဲ့သော ကိစ္စတစ်ခုမှာ နအဖ စစ်အစိုးရသည် သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြေဧက ၅၀၀၀ ကို သိမ်းယူပြီး ဒေသခံများကို ထိုမြေများပေါ်မှ အတင်းအကျပ်နှင်ထုတ်ခဲ့ပါသည်။ ထို မြေဧက ၅၀၀၀ ပေါ်တွင် နအဖနှင့် ရန်ကုန်အခြေစိုက် ဟိုတယ်လုပ်ငန်းများကို လုပ်ကိုင်နေသော မက်(စ) မြန်မာကုမ္ပဏီတို့ ပူးပေါင်းပြီး ရာဘာပင်များ စိုက်ပျိုးရန် ဖြစ်ပါသည်။ နအဖ အထူးထောက်လှမ်းရေး အမှတ်(၄)မှ တပ်မ-း၊ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် မက်(စ)မြန်မာမှ တာဝန်ရှိသူများ

---

[၈၄] နအဖစစ်အစိုးရသတ်မှတ်ထားသောမွန်ပြည်နယ်မြောက်ပိုင်းနှင့်အရှေ့ပိုင်းဒေသများသည်ဒေသခံကရင်လူမျိုးများနှင့်ကေအန်ယူတို့၏သတ်မှတ်ချက်များအရမူ ကရင်ပြည်နယ်တွင်ပါရှိပါသည်။

[၈၅] "Rubber plantations," *The Myanmar Times and Business Review,* July 11-17, 2005. Accessed at www.myanmar.com/myanmartimes/MyanmarTimes14-274/media.htm on February 8th 2007.

သည် ဒီဇင်ဘာလ ၃ ရက် ၂၀၀၄ ခုနှစ်တွင် နအဖမှ သိမ်းယူထားသော အဆိုပါ ရာဘာစိုက်ပျိုးရန် မြေနေရာများကို လာရောက်ကြည့်ရှုခဲ့ ကြပါသည်။ ၄င်းတို့ လာရောက်ကြည့်ရှုပြီးနောက် သတင်းစာများတွင် အောက်ပါအတိုင်း ထုတ်ဖော်ရေးသားခဲ့ပါသည်။

> *"ဘီးလင်းမြို့နယ် ရွှေရောင်ပြ ကျေးရွာရှိ မြေဧက ၅၀၀၀ ပေါ်တွင် ရာဘာစိုက်ပျိုးရန်နှင့် ပတ်သက်၍ မက်(စ) မြန်မာကုမ္ပဏီ စည်းဝေးခန်းမတွင် ကုမ္ပဏီ ဥက္ကဋ္ဌ ဖြစ်သော ဦးဇော်ဇော်သည် ရာဘာစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒုတိယဗိုလ်မ-းကြီး မောင်ဘိုနှင့် အဖွဲ့အား ရှင်းလင်းတင်ပြခဲ့ပါသည်။ ဒုတိယဗိုလ်မ-းကြီး မောင်ဘိုမှ သက်ဆိုင်ရာ အရာရှိများအား နိုင်ငံတော်၊ ဒေသခံနယ်မြေနှင့် တိုင်းသူပြည်သားများ အကျိုးစီးပွားအတွက် ရာဘာစိုက်ပျိုးရေးကို တိုးချဲ့လုပ် ဆောင်ရန် မှာကြားခဲ့ပါသည်။ ထို့နောက် ၄င်းတို့သည် ရာဘာစိုက်ခင်းများကို ကားဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပါသည်။ မက်(စ)မြန်မာကုမ္ပဏီ၏ ရာဘာ ပင် စိုက်ပျိုးရေး စီမံကိန်းအရ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မြေဧက ၁၀၀၀ ပေါ်တွင် ရာဘာပင်များစိုက်ပျိုး ရန်ဖြစ်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၂၀၀၀ စိုက်ပျိုးမည် ဖြစ်ပါသည်။ ကျန်ဧက ၂၀၀၀ ကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးမည် ဖြစ်ပါသည်။"*[၈၆]



**အထက်ပါ ဓာတ်ပုံတွင် မြင်တွေ့ရသော စိုက်ပျိုးမြေများသည် သထုံမြို့နယ်အတွင်း နအဖ အစိုးရက ရွာသားများထံမှ သိမ်းယူခဲ့သော မြေနေရာများဖြစ်ပါသည်။ ဤစိုက်ပျိုး မြေများသည် ယခုအခါ နအဖနှင့် ရန်ကုန်အခြေစိုက် မက်(စ) မြန်မာကုမ္ပဏီတို့ ပူးပေါင်းပြီး ရာဘာပင် စိုက်ပျိုးရန် မြေဧက ၅၀၀၀ အတွက် နေရာဖယ်ပေးခဲ့ရပါသည်။ ရွာသားများသည် ၄င်းတို့ ပိုင်ဆိုင်သော မြေနေရာများသိမ်းပိုက်ခံခဲ့ရခြင်းအတွက်နှင့် စားဝတ်နေရေးထိခိုက်ခဲ့ရခြင်းများအတွက် မည်သည့်လျော်ကြေးငွေမျှ မရရှိခဲ့ပါ။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)**

## အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း

> *"ကျွန်တော်တို့ ရွာသည် တံခွန်တိုင် စစ်စခန်းအနီးတွင် တည်ရှိပါသည်။ ၄င်း စစ်စခန်း၏ တာဝန်ခံစစ်ဗိုလ်မှာဝင်းသော် ဖြစ်ပါသည်။ နိုဝင်ဘာလ ၂၀၀၅ ခုနှစ်တွင် အထက်ပါ စစ်စခန်းမှ စစ်သားများသည် ---ရွာနှင့်---ရွာများမှ ရွာသားများကို ၄င်းတို့အတွက် မြေကိုထွန်ယက်ပေးရန် စေခိုင်းခဲ့ပါသည်။ နအဖ စစ်အစိုးရမှ ၄င်းမြေတွင် ပဲပိစပ်စိုက်ပျိုးမည်ဟု ပြောဆိုခဲ့ပါသည်။"*

**-ဦး --- (ကျား၊ ၅၆)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

[၈၆] "Lt-Gen Maung Bo inspects development undertakings in Mon, Kayin States," *New Light of Myanmar*, May 9th 2005.

စစ်အစိုးရသည် ရွာသားများထံမှ စိုက်ပျိုးမြေများကို သိမ်းယူပြီးနောက်တွင် ၎င်းမြေကို ပိုင်ဆိုင်ခဲ့သောရွာသားများနှင့် အခြားဒေသခံ ရွာသားများကို သိမ်းယူထားသော မြေများပေါ်တွင် မကြာခဏ ဆိုသလို ထွန်ယက်စိုက်ပျိုးပေးရန် အတင်းအဓမ္မစေခိုင်းပါသည်။ ဥပမာအားဖြင့် သထုံခရိုင်တွင် နအဖ စစ်သားများသည် စစ်တပ်ပိုင် စိုက်ခင်းများတွင် ရွာသားများအား အုန်းပင်၊ နေကြာပင်၊ ယူကလစ်ပင်၊ သီဟိုပင်၊ ကျွန်းပင်နှင့် ရာဘာပင်များကို အတင်းအဓမ္မစိုက်ပျိုးစေပါသည်။ ဤကဲ့သို့ စေခိုင်းခြင်းအတွက် ရွာသားများကို မည်သည့် ငွေကြေးမျှမပေးဆောင်ပါ။ ၎င်းစိုက်ခင်းများမှ ရရှိလာသည့်အကျိုးအမြတ်များကိုမူ စစ်တပ်အတွက်သာအသုံးပြုပါသည်။ သို့မဟုတ် ဒေသခံစစ်တပ်များရှိ စစ်သားများကို ကျွေးမွေးရန်အတွက် အသုံးပြုပါသည်။ သို့မဟုတ် စစ်အစိုးရ အတွက် ဘဏ္ဍာငွေများအဖြစ်စုဆောင်းထားပါသည်။

*သို့*

*ဥက္ကဌ*

*------------------------ရွာ*

*အကြောင်းအရာ။ ။ လုပ်အားပေးဆောင်ရွက်ရန် (အတင်းအဓမ္မလုပ်အားပေး)*

*လူကြီးမင်း၏ကျေးရွာမှ ရွာသားများ တစ်အိမ်လျှင် တစ်ဦးကျစီသည် အမှတ် ၅၄၈ ခြေမြန်တပ်ရင်းသို့ ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် (၁၂-၁၁-၂၀၀၆) နေ့ နံနက် ၇း၀၀နာရီတွင် လာရောက်ပြီးစပါးရိတ်သိမ်းပေးရပါမည်။ စပါးရိတ်သိမ်းရန် လိုအပ်သောပစ္စည်းကိရိယာများကိုပါ ယူဆောင်လာကြရပါမည်။ အထက်ပါဖော်ပြခဲ့သည့်အတိုင်း တစ်အိမ်လျှင်လူတစ်ယောက်ကျစီမပျက်မကွက်လာရောက် လုပ်အားပေးလုပ်ကိုင်ကြရပါမည်။*

*တံဆိပ်တုံး ၊*
*အမှတ် (၅၄၈) ခြေမြန်တပ်ရင်း*
စစ်ဆင်ရေးကွပ်ကဲမှုရုံး
*စာအမှတ် --------------------*
*နေ့စွဲ ---------------------*

*နေရာ ။ နဘုံး*
*နေ့ စွဲ ။ ၁၀-၁၁-၂၀၀၆*

*ထိုးမြဲလက်မှတ်*
*ဗိုလ်ကြီး*
*တပ်ရင်းမှူး(ကိုယ်စား)*
*အမှတ် (၅၄၈) ခြေမြန်တပ်ရင်း*

***“ကျွန်မတို့ ရွာသားများသည် ကျောက်တောင်ပလောတွင် နှစ်စဉ် စပါးများကို ထွန်ယက်စိုက်ပျိုးရပါသည်။ ဤလယ်မြေများသည် နအဖက ရွာသားများထံမှ သိမ်းယူထားသောလယ်မြေများဖြစ်ပါသည်။ ယခုနှစ်အတွက် အချိန်မတန်သေးသောကြောင့် ကျွန်မတို့ ထွန်ယက်စိုက်ပျိုးရခြင်း မရှိသေးပါ။ စပါးစိုက်ပျိုးရန် အချိန်ကျရောက်ပါက ကျွန်မတို့ ရွာသားများသွားရောက်စိုက်ပျိုးရပါသည်။ ဤဒေသဝန်းကျင်ရှိ ရွာများအားလုံး မိမိတို့ခွဲတမ်းကျသည့်အတိုင်း လုပ်အားပေးလုပ်ဆောင်ရပါသည်။”***

***-ဒေါ် ---(မ၊ ၄၅)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)***

နအဖ စစ်အစိုးရသည် သထုံခရိုင်တွင် ရွာသားများထံမှ သိမ်းယူထားသော မြေဧက ၅၀၀၀ ပေါ်တွင် ကြံပင်များ စိုက်ပျိုးပါသည်။ အထက်ပါမြေနေရာများကို နအဖ စစ်အစိုးရမှ စတင်သိမ်းယူစဉ်တွင် စစ်သားများသည် ရွာသားများကို သစ်ပင်ခြုံနွယ်များ ခုတ်ထွင်ရှင်းလင်း စေပါသည်။ ရွာသားများသည် သစ်ငုတ်များကိုလည်း ဖယ်ရှားပေးရပြီးကြံပင်များ စိုက်ပျိုးပေးရပါသည်။ ထိုအချိန်မှစ၍ ရွာသားများသည် စစ်တပ်အတွက် နှစ်စဉ်ကြံပင်များ ခုတ်ပေးရပြီး ကြံရိုးမှသကြားထွက်ရှိသည်အထိ အခကြေးငွေမရရှိဘဲ လုပ်အားပေးလုပ်ဆောင်ရပါသည်။ ဒေသခံ စစ်တပ်များ၏ အခြားသောလုပ်ငန်းများမှာ ငါးမွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ငါးမွေးမြူရန်အတွက်လည်း ဒေသခံ ရွာ သားများထံမှ မြေနေရာများကို သိမ်းယူပြီး ၎င်းရွာသားများကို ငါးကန်တူးရန် အတင်းအဓမ္မစေခိုင်းပါသည်။ ငါးမွေးမြူရေး လုပ်ငန်းများသည်လည်း ဒေသခံစစ်ဗိုလ်များအတွက် အကျိုးအမြတ်ရရှိစေပါသည်။ အုတ်ဖုတ်လုပ်ငန်းများကိုလည်း စစ်တပ်မှ လုပ်ကိုင်ပါသည်။ စစ်တပ်သည် အုတ်ဖုတ်လုပ်ငန်းကို လုပ်ကိုင်ရာတွင် စစ်ဗိုလ်များမှ စစ်သားများကို အုတ်ဖို တည်ဆောက်စေပြီး အုတ်ဖုတ်ရန် မြေများကို တူးဖော်စေပါသည်။ လိုအပ်သောထင်းများကိုမူ ရွာသူရွာသားများထံမှတောင်းခံပါသည်။ ထို့နောက် စစ်သားများက အုတ်ဖုတ်ရပြီး ရရှိလာသောအုတ်များကို စစ်ဗိုလ်များကဈေးကွက်တွင်ရောင်းချပါသည်။

> သို့
>
> ဥက္ကဌ | တံဆိပ်တုံး | နေ့စွဲ ၊ ၂၁-၁၂-၀၅
>
> --------- ရွာ | အမှတ် (၂၈၄) ခြေမြန်တပ်ရင်း
>
> အုတ်ဖုတ်ရန်အတွက် လိုအပ်သော ထင်းများကို သယ်ပို့ပေးရန် ရွာရှိ နွားလှည်းများအားလုံးကို ၂၂-၁၂-၀၅ ရက် နေ့တွင် စုစည်းပြီး တပ်သို့ လာရောက်စေရမည်။ ---ရွာ မှ ဦး ---သည် ကျေးရွာဥက္ကဌနှင့်အတူ တပ်ရင်းမှူးကို ၂၂-၁၂-၀၅ ရက်နေ့တွင် လာရောက်တွေ့ဆုံရန်အကြောင်းကြားပါသည်။
>
> ထိုးမြဲလက်မှတ်
> ၂၁-၁၂-၀၅

## စစ်တပ်၏ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသခံများကို ထိန်းချုပ်မှု

နအဖနှင့် ၎င်း၏ မဟာမိတ် ဒီကေဘီအေ တပ်ဖွဲ့များသည် ကရင်ပြည်နယ်ရှိ ကျေးရွာများမှရွာသားများ ပိုင်ဆိုင်သောမြေနေရာများကို ပို၍ သိမ်းပိုက်လာသည်နှင့်အမျှ ရွာ သားများသည် ၎င်းတို့ စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆီးနိုင်စွမ်းမရှိတော့ပေ။ ဤအကြောင်းကြောင့် ရွာသားများသည် မိမိတို့ နေထိုင်ရာ နယ်မြေဒေသများကို စစ်တပ်မှ ထိန်းချုပ်ခြင်းနှင့် အလွဲသုံးစားမှုများပါဝင်သောဖွံ့ဖြိုးရေးစီမံ ကိန်းများကို တွန်းလှန်ရန်အတွက် အသုံးပြုသောနည်းဗျူဟာများကို ဆက်လက်အသုံးပြုရန်အတွက် အခက်အခဲ ဖြစ်ပေါ်စေပါသည်။ ရွာသားများသည် မိမိတို့ နေ့စဉ် စားဝတ်နေရေးကို ဖြည့်ဆီးနိုင်ရန် မိမိတို့ ပိုင်ဆိုင်သော မြေနေရာများကို ထိန်းချုပ်ထားနိုင်ရန်လိုအပ်သည့်အပြင် နအဖ စစ်သားများက ၎င်းတို့ကို အတင်းအဓမ္မရွှေ့ပြောင်းရန် စေခိုင်းခြင်းသည် ရွာသားများ၏ လူမှုဘဝကိုထိခိုက်စေပြီး ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရန်အတွက် ရွာသား

များသည် မိမိတို့ ဘိုးဘေးများပိုင်ဆိုင်ခဲ့သော မြေနေရာများကို ထိန်းချုပ်ထားနိုင်ရန် လိုအပ်ပါသည်။ ရွာသားများသည် မိမိတို့ ပိုင်ဆိုင်သောမြေနေရာများကို လက်လွှတ်ဆုံးရှုံးရပြီး မိမိတို့ ကိုယ်ပိုင်ယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းရန် အခက်အခဲ ကြုံတွေ့လာရသော်လည်း နအဖ စစ်တပ်များကမူ ရွာသားများ၏ စိုက်ပျိုးမြေများကို ပိုမို သိမ်းပိုက်လာနိုင်ပြီး ကရင်လူမျိုးများ နေထိုင်ရာ ဒေသများသို့ ဆက်လက်ကျူးကျော် ဝင်ရောက်လာနိုင်ပါသည်။ အထက်ပါ အကြောင်းအချက်များ သည် ရွာသားများကို ပိုမို ဆင်းရဲကျပ်တည်းလာစေပြီး ရွာသားများ၏ နေ့စဉ်စားဝတ်နေရေးကို ဖြည့်ဆည်းရန်၊ မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် စစ်တပ်၏အလွဲသုံးစားမှုများကို တွန်းလှန်ရန်အတွက် အသုံးပြုသော ကိုယ်ပိုင်နည်းဗျူဟာများကို ထိခိုက်စေပါသည်။ စစ်သားများသည် ရွာသားများကို အခကြေးငွေမပေးဘဲ စိုက်ပျိုးရေးလုပ် ငန်းများကို အတင်းအဓမ္မလုပ်ကိုင်စေခြင်းကြောင့် ရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား အလုပ်သမားများအဖြစ်နှင့် နေ့စဉ်ဝင်ငွေရရှိရန် လုပ်ကိုင်နိုင်ခြင်း မရှိပေ။ စစ်အစိုးရမှ ပြည်သူများပိုင်ဆိုင်သော မြေနေရာများနှင့် လယ်မြေများကို သိမ်းပိုက်ခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များနှင့် စစ်ဗိုလ်များအတွက် အကျိုးရှိစေသော်လည်း ဒေသခံပြည်သူများအတွက်မူ ဆင်းရဲကျပ်တည်းမှုကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးနှင့်ပညာရေး ကဏ္ဍများကိုပါ ထိခိုက်စေပါသည်။

> ***"ရွာသားများသည် ကိုယ်ပိုင်အလုပ်ကို လုပ်ကိုင်ရသည်သာမက စစ်တပ်မှ စေခိုင်းသော အဓမ္မလုပ်အားပေးလုပ်ငန်းများကို လုပ်ကိုင်ရသောကြောင့် စားနပ်ရိက္ခာပြဿနာများနှင့် ရင်ဆိုင်ရပါသည်။ ယခုအခါ ရွာသားများသည် ဒုက္ခမျိုးစုံကြုံတွေ့နေရပါသည်။ ရွာသားများသည် ကျွန်မထံသို့ မကြာခဏလာရောက်ပြီး ၎င်းတို့၏ အခက်အခဲများကို ပြောပြကြပါသည်။"***

**-ဒေါ် ---(မ၊ ၄၀)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

### စံပြကျေးရွာများ

> ***"အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍမျိုးစုံမှ ဆောက်ရွက်လျှက်ရှိသောကြောင့် တိုင်းပြည်တစ်ဝှမ်းရှိ ကျေးရွာများသည် စံပြကျေးရွာများဖြစ်လာပါသည်။"***

**-နအဖ သတင်းစာများတွင်ပါဝင်သောထုတ်ပြန်ကြေငြာချက် (ဇွန်လ ၂၀၀၆)**[၈၇]

နအဖ စစ်အစိုးရသည် တိုင်းသူပြည်သားများကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများကို စစ်အစိုးရမှ နေထိုင်စေလိုသောနေရာများ၌ နေထိုင်စေပါသည်။ ဤကဲ့သို့ ပြည်သူများကို ၎င်းတို့ နေထိုင်စေလိုသောနေရာများ၌ နေထိုင်စေသည့်အခါ အတင်းအဓမ္မရွှေ့ပြောင်းနေရာချထားခြင်းမူဝါဒကို နအဖသည်အသုံးပြုပါသည်။ စစ်အစိုးရသည် ၎င်း တို့၏ အတင်းအဓမ္မရွှေ့ပြောင်းနေရာချထားခြင်း လုပ်ငန်းများကို စံပြကျေးရွာများ တည်ထောင်ပေးခြင်းဟု အမည်ခံကာ လုပ်ဆောင်လျှက်ရှိပါသည်။ နအဖသည် စံပြကျေး ရွာများနှင့် ရွှေ့ပြောင်းကျေးရွာများကို အကြောင်းအမျိုးမျိုးကြောင့် တည်ထောင်ထားခြင်း ဖြစ်ပါသည်။ စံပြကျေးရွာဟူသော မူရင်းအသုံးအနှုန်းသည် ၁၉၈၈ ခုနှစ်တွင် စစ်တပ်များမှ ရခိုင်ပြည်နယ်မြောက်ဘက်ပိုင်းကို ဗမာယဉ်ကျေးမှု လွှမ်းမိုးနိုင်ရန် ဆောင်ရွက်စဉ်က

[၈၇] "Wanin, Wanlon village in Panglong region enjoy fruits of development, Model village set up in border area," *The New Light of Myanmar,* January 12th 2007. Accessed at http://www.myanmar.com/newspaper/nlm/news4.html on January 30th 2007.

အသုံးပြုခဲ့သောဟောဝါရ အသုံးအနှုန်းဖြစ်ပါသည်။[၈၈] စစ်အစိုးရသည် ဗမာယဉ်ကျေးမှု လွှမ်းမိုးနိုင်ရန် တိုင်းရင်းသားလူနည်းစု နေထိုင်သော နေရာဒေသများသို့ မြေပြန့်ဒေသမှ ဗမာတိုင်းရင်းသားများစွာကို ပို့ဆောင်ပြီး နေထိုင်စေပါသည်။ ကရင်ပြည်နယ်တွင် နအဖ စစ်အစိုးရမှ တည်ထောင်ပေးသော မြို့သစ်၊ ရွာသစ်များသည် စစ်အစိုးရထိန်းချုပ်နယ်မြေပြင်ပတွင် နေထိုင်သောရွာသားများ နေထိုင်ရန်အတွက် ဖြစ်ပါသည်။ ထိုရွာသားများကို စစ်အစိုးရသည် အတင်းအကျပ် မိမိတို့ရွာမှ ထွက်ခွာစေပြီး ၎င်းတို့ တည်ထောင်ထားသော ရွှေ့ပြောင်းရွာများသို့ ပြောင်းရွှေ့နေထိုင်စေပါ သည်။ ထို ရွှေ့ပြောင်းရွာများသည် ထိန်းသိမ်းရေး စခန်းများသာဖြစ်ပါသည်။ ထို့အပြင် ကရင်ပြည်နယ်တွင် စစ်တပ်သည် ရွာသားများထံမှ သိမ်းပိုက်ထားသောမြေနေရာများကို တပ်မြေအဖြစ် ပြောင်းလဲကာ စစ်ဗိုလ်၊ စစ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များကို နေထိုင်စေပါသည်။

**အတင်းအဓမ္မရွှေ့ပြောင်းနေရာချထားခြင်း**

ရွှေ့ပြောင်းကျေးရွာများ၊ စစ်စခန်းများ၊ စစ်သားများနှင့် မိသားစုဝင်များ နေထိုင်နိုင်ရန် တည်ထောင်ထားသော တပ်မြေများ စသည်တို့ကိုတည်ထောင်ခြင်းနှင့် ရွာသားများကို ရွှေ့ပြောင်းရွာများသို့ အတင်းအဓမ္မနေရာချထားခြင်းများသည် သူပုန်များကို တိုက်ခိုက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် စစ်အစိုးရ၏ အဓိကကျသော နည်းဗျူဟာများ ဖြစ်ပေသည်။ အစိုးရသည် "စံပြကျေးရွာများ"၊"စိုက်ပျိုးရေးဖွံ့ဖြိုးမှုလုပ်ငန်းများ"နှင့် "အကြမ်းဖက် သောင်းကျန်းသူများကို ချေမှုန်းခြင်း" စသည့် အသုံးအနှုန်းများကို အသုံးပြုလျှက် ဝါဒဖြန့် ပြောဆိုနေသော်လည်း ၎င်းအကြောင်းအချက်များ နောက်ကွယ်ရှိ ပြည်သူများအား အတင်းအဓမ္မ ရွှေ့ပြောင်းနေထိုင်စေခြင်းသည် စစ်အစိုးရ၏ မည်သည့်အခါမျှ မပြောင်းလဲသော ပြည်သူများအပေါ် ထိန်းချုပ်လိုသော လုပ်ငန်းများကို လုပ်ဆောင်နေခြင်းသာ ဖြစ်ပေသည်။ စစ်တပ်၏ ထိန်းချုပ်နယ်မြေပြင်ပ တွင် လုံးဝတည်ရှိနေသောကျေးရွာများသည် စစ်အုပ်ချုပ်ရေးနှင့် စစ်အာဏာရှင်စနစ်ကို တွန်းလှန်နေသောတော်လှန်ရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု စစ်အစိုးရမှယူဆပါသည်။ စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ကျေးရွာများကိုမူ စစ်သားများမှ အလွယ်တကူ အမြတ်ထုတ်နိုင်သောကြောင့် ဒေသခံစစ်တပ်နှင့် စစ်အုပ်ချုပ်ရေးစနစ် တစ်ခုလုံးအတွက် အထောက်အကူ ဖြစ်စေပါသည်။ ထို့ကြောင့် စစ်သားများ မရောက်ရှိနိုင်သော ဝေးလံသောဒေသများရှိ ကျေးရွာများကို စစ် တပ်၏ ထိန်းချုပ်မှုအောက်ရောက်ရှိနိုင်ရန် အတင်းအဓမ္မရွှေ့ပြောင်းစေပါသည်။ စစ်တပ်မှ ရွှေ့ပြောင်းနေထိုင်စေသောအရပ်သို့ မရွှေ့ပြောင်းဘဲ တောတွင်းသို့ပုန်းအောင်း ရွှေ့ပြောင်းနေထိုင်ကြသောရွာသားများကို စစ်အစိုးရက နိုင်ငံတော်ကို ပုန်ကန်သူဟု သတ်မှတ်ပြီး စစ်သားများက တွေ့ရာနေရာ၌ အစစ်အဆေးမရှိ ပစ်ခတ်သတ်ဖြတ်ကြပါသည်။

စစ်အစိုးရ၏ စစ်အုပ်ချုပ်ရေး မူဝါဒများကို အကောင်အထည်ဖော် လုပ်ဆောင်နေသော နအဖနှင့် ဒီကေဘီအေ စစ်သားများသည် စစ်တပ် ထိန်းချုပ်နယ်မြေ ပြင်ပတွင် နေထိုင်သော ရွာသားများကို အစိုးရမှ တည်ထောင်ထားသော ကားလမ်းဘေးတစ်လျှောက် သို့မဟုတ် စစ်အခြေစိုက်စခန်းများ အနီးဝန်းကျင်ရှိ မြို့သစ်၊ စံပြကျေးရွာနှင့် ရွှေ့ပြောင်းကျေးရွာများသို့ အတင်းအကျပ်  ပြောင်းရွှေ့ နေထိုင်စေပါသည်။ တစ်ချိန်တည်းတွင် အစိုးရပြောရေးဆိုခွင့်ရှိသူများက ရွာသားများကို အထက်ပါအတိုင်း ပြောင်းရွှေ့နေထိုင်စေခြင်းသည် ၎င်းတို့၏ အကျိုးစီးပွားအတွက်သာဖြစ်သည်ဟု ပြောဆိုကြပါသည်။ နအဖ၏ ဝန်ကြီးချုပ်ဟောင်း ခင်ညွန့်သည် နိုင်ငံတော်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေကြောင်း မြန်မာ့ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။"နိုင်ငံတော် အကြီးအ က ဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စံပြကျေးရွာ

၈၈ *Burmese Refugees in Bangladesh: still no durable solution,* Human Rights Watch, May 2000. Accessed at http://hrw.org/reports/2000/burma/burm005-02.htm on January 30th 2007.

များကို တည်ထောင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို ခေတ်မှီတိုးတက်သော နည်းစနစ်များနှင့်အညီ ဒေသခံလယ်သမားများနှင့် ပူးပေါင်းရင်းနှီးမြုပ်နှံကာ လုပ်ဆောင်သင့်ကြောင်း လမ်းညွှန်ချက် ချမှတ်ပေးခဲ့ပါသည်။"[၇၉] စစ်အစိုးရသည် ၄င်းတို့၏ စီမံကိန်းနှင့်ပတ်သက်၍ ရွာသူ၊ရွာ သားများနှင့် တိုင်ပင်ဆွေးနွေးပြောဆိုခြင်း မရှိပါ။ ရွာသူ၊ရွာသားများကလည်း စစ်အစိုးရ၏ လုပ်ဆောင်ချက်များကို အမြဲတစေ ဝေဖန်ရှုတ်ချလေ့ရှိပါသည်။

*"ဗမာ စစ်သားများသည် ကျွန်မတို့ ရွာကို လောမောသို့ ရွှေ့ပြောင်းစေပါသည်။ မတ်လမှ စ၍ ရွှေ့ပြောင်းရန် အမိန့်ထုတ်ခဲ့ပါသည်။ စစ်သားများက ရွာသား များသည် မိမိတို့၏ အိမ်များကို မိမိကိုယ်တိုင် ဖြိုဖျက်ရမည်ဟု ပြောခဲ့ပါသည်။ အစအဦးတွင် ကျွန်မတို့အတွက် ရွှေ့ပြောင်းခြင်းမပြုရရန် စစ်သားများကို ငွေကြေးပေးဆောင်ခဲ့ခြင်းကြောင့် ရွာတွင် ရက်အတော်ကြာနေထိုင်ခဲ့ရပါသည်။ သို့သော် နောက်ဆုံး၌ တင်ရင်းမှူးသည် ကျွန်မတို့ ရွာသို့ရောက်ရှိလာပြီး ကျွန်မတို့ကို ရွှေ့ပြောင်းရန်ပြောဆိုခဲ့ပါသည်။ တပ်ရင်းမှူးက ကျွန်မတို့ကို ရွှေ့ပြောင်းရန် အချိန် ၃ ရက် ပေးခဲ့ပါသည်။ ၃ ရက် အတွင်း ရွှေ့ပြောင်းခြင်းမရှိပါက ၄င်းတို့မှ ကျွန်မ တို့ရွာကို ရှင်းလင်းပစ်မည်ဟု ပြောခဲ့ပါသည်။ ရွာတွင် လူဆက်လက်နေထိုင်သည်ကို တွေ့ရှိပါက ပစ်ခတ် မည်ဖြစ်ပြီး အိမ်ကိုတွေ့ရှိပါက မီးရှို့မည် ဖြစ်ပါသည်။ ကျွန်မတို့ ရွှေ့ပြောင်းရမည့် နောက်ဆုံးနေ့သည် ဧပြီလ ၂၈ ရက်နေ့ဖြစ်ပြီး ထိုနေ့တွင် ရွာသားတစ်ယောက်မျှ ရွာတွင်မတွေ့လို ဟု ပြောဆိုခဲ့ပါသည်။ စစ်တပ်က ကျွန်မတို့ကို တာတူးနှင့် သူးကဘီး ရွာများကြားရှိ မြေပြင်ကျယ်သို့ အတင်းအကျပ်ပြောင်းရွှေ့ နေထိုင်စေပြီး ကျွန်မတို့ အိမ်များကို စုပေါင်းပြီး ခြံခတ်စေပါသည်။ ကျွန်မတို့သည် ထိုနေရာသို့ မရွှေ့ပြောင်း လိုပါ။ စစ်သားများက ကျွန်မတို့ အိမ်ကို ကျွန်မတို့ကိုယ်တိုင် ပြန်လည်ဖြိုဖျက်ရန်ပြောဆိုခဲ့ပါသည်။ ရွာသားများက ၄င်းတို့အမိန့်ကို မနာခံပါက အိမ်များကို မီးရှို့ဖျက်ဆီးမည်ဟု ၄င်းတို့က ပြောပါသည်။"*

-နော် ---(မ၊ ၃၉)၊ ---ရွာ၊ ညောင်လေးပင်ခရိုင် (ဧပြီလ ၂၀၀၆)



[၇၉] "Senior leader Khin Nyunt explains agricultural modernization," TV Myanmar, August 13th 1999. Accessed at www.ibiblio.org/obl/reg.burma/archives/199908/msg00577.html on February 8th 2007.

**(၄၃၉) ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဇော်ထွန်းကအမိန့်ထုတ်ပြန်ခဲ့ပါသည်။ ပလောလော်ပလဲသည် တာတူးနှင့် သူးကဘီး ကျေးရွာများအကြားရှိ အခြားသီးနှံများစိုက်ပျိုး၍မရသော လယ်ကွင်းပြင်ရှိ ဒေသဖြစ်ပါသည်။ ထိုအချိန်က နအဖ စစ်အစိုးရသည် အဆိုပါကျေးရွာများတွင် အမိန့်ကြေငြာစာများကို ဖြန့်ဝေပြီး လူအများမြင်သာသောနေရာတွင် ကပ်ထား ခဲ့ပါသည်။ ထိုအမိန့်ကြေငြာစာတွင် ရွာသားများသည် ၃ ရက် အတွင်း မိမိတို့ ပိုင်ဆိုင်သော အိမ်များကို ပြန်လည်ဖြိုဖျက် ဖြုတ်သိမ်းရမည်ဖြစ်ပြီး ကျန်ရှိ ပစ္စည်းများကို စစ်သားများမှတွေ့ရှိပါက မီးရှို့ဖျက်ဆီးမည် ဖြစ်ပါသည်။ အထက်ပါပုံတွင် ရွာသားများသည် နအဖ စစ်အစိုးရ ရွှေ့ပြောင်းရန်စေခိုင်းသောနေရာသို့ရွှေ့ပြောင်းနေထိုင်ရန်အတွက် မိမိတို့အိမ်များကို ပြန်လည် ဖြိုဖျက်၊ဖြုတ်သိမ်းနေကြပုံကို တွေ့မြင်ရပါမည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)**

ရွှေ့ပြောင်းကြရသည့် ရွာသားများအတွက် နအဖ စစ်တပ်မှ သတ်မှတ်ပေးထားသော မြေနေရာများသည် စပါးစိုက်ပျိုးရန်နှင့် အိမ်မွေးတိရစ္ဆာန်များ မွေးမြူရန်အတွက် သင့်လျှော်ခြင်း မရှိသကဲ့သို့ ကျယ်ဝန်းခြင်းလည်း မရှိပါ။ ဥပမာအားဖြင့် စစ်အစိုးရသည် ပလောလော်ဘလဲ ရွှေ့ပြောင်းကျေးရွာသို့ ရောက်ရှိလာသော လူသစ် မိသားစုများကို တစ်မိသားစုအတွက် မြေနေရာ ၁၅ မီတာ ပတ်လည် သို့မဟုတ် ပေ ၅၀ ပတ်လည်ကိုသာ ချပေးပါသည်။ ဤပေ ၅၀ ပတ်လည် မြေကွက်ပေါ်တွင် ရွာသားများသည် မိမိတို့နေထိုင်ရန်အိမ်ကို ဆောက်လုပ်ရ သောကြောင့် အိမ်မွေးတိရစ္ဆာန်နှင့် သီးနှံများစိုက်ပျိုးရန် မြေနေရာလွတ် မရှိတော့ပေ။ ထို့အပြင် စစ်သားများသည် ရွှေ့ပြောင်းကျေးရွာ များရှိ ရွာသားများကို ရွာပတ်လည်တွင် ခြံစည်းရိုးကာရံ စေပါသည်။ ထိုကဲ့သို့ ခြံစည်းရိုးကာ ရံခြင်းဖြင့် ရွာသားများ ဒေသခံစစ်တပ်ထံမှ ထောက်ခံစာမရယူဘဲ ရွာအပြင်ထွက်ခြင်းကို ကန့်သတ်ထားနိုင်မည် ဖြစ်ပါသည်။

နေ့စွဲ ၂၁-၈-၀၆

ရွာဟောင်း

ဥက္ကဋ္ဌ

အကြောင်းအရာ ။ ။ အစည်းအဝေးတက်ရောက်ပါရန်

၁။ လူကြီးမင်းသည် နံနက်ဖြန် နံနက် ၈းာ၀တွင် အမှတ် (၅၉၉) တပ်ရင်းသို့သွားရောက်ပြီး အစည်းအဝေးတက်ရောက်ရ မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂။ လူကြီးမင်းတို့ ကျေးရွာကို ခြံစည်းရိုး နှစ်ထပ် ကာရံထားရမည်ဖြစ်ပြီး အဝင်၊ အထွက် အပေါက်များတွင် ကင်းသမား ထားရှိရမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ

တပ်ကုန်း

ထိုးမြဲလက်မှတ်

ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

တပ်ကုန်း ကျေးရွာအုပ်စု၊ ကျောက်ကြီးမြို့နယ်

နအဖ မှ နေရာရွှေ့ပြောင်းနေထိုင်ရန် စေခိုင်းခံခဲ့ရသူများသည် ၎င်းတို့ ရွှေ့ပြောင်းနေထိုင်ရသော နေရာသစ်တွင် ထွန်ယက်စိုက်ပျိုးနိုင်သော မြေနေရာများရရှိနိုင်ရန် အရင်နေထိုင်လျှက်ရှိသောသူများသို့မဟုတ် ရွှေ့ပြောင်း ကျေးရွာများသို့စောပြီးရောက်ရှိနေသူများနှင့်ယှဉ်ပြိုင်ကြရပါသည်။ ရွှေ့ပြောင်းကျေးရွာများတွင် အစိုးရမှ ယင်လုံအိမ်သာများကိုလည်း တည်ဆောက်ပေးခြင်းမရှိပါ။ သောက်သုံးရေများကိုလည်း ဝေးကွာသောနေရာများ

တွင်သွားရောက် ခပ်ယူရပါသည်။ ဆေးဝါးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အကန့်အသတ်နှင့်သာရရှိပါသည်။ ထို့ကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သော အန္တရာယ်များနှင့် ကာကွယ်နိုင် သောရောဂါများကိုပင် မကာကွယ်နိုင်သော အခြေအနေများနှင့် ကြုံတွေ့နေရပါသည်။ ထို့အပြင် အတင်းအဓမ္မစေခိုင်းမှုများ၊ စားနပ်ရိက္ခာများနှင့် ငွေကြေးတောင်းခံမှုများစသည့် အလွဲသုံးစားပြုခံရမှုများကိုလည်း ရွှေ့ပြောင်းကျေးရွာတွင် နေထိုင်သူများသည်ခံစားရပါသည်။ ပညာရေးနှင့်ပတ်သက်၍လည်း အစိုးရ၏အကူအညီအထောက်အပံ့များ လုံးဝနီးပါး မရရှိပါ။ ရွှေ့ ပြောင်းကျေးရွာများတွင် တည်ထောင်ထားသော ကျောင်းများသည်လည်း ဒေသခံပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးဖြင့် တည်ဆောက်ထားခြင်းသာ ဖြစ်ပါသည်။ ရွှေ့ပြောင်း ကျေးရွာများတွင် အထက်ပါကဲ့သို့သောအခက်အခဲများနှင့် ရင်ဆိုင်နေကြရသော်လည်း စစ်တပ်ကမူ ၎င်းတို့ လူဦးရေလျှော့ချလိုသော နေရာဒေသများရှိ ပြည်သူများကို ရွှေ့ ပြောင်းနေထိုင်ရန် ရွာသူကြီးများထံ အမိန့် ကြေငြာစာများ ပေးပို့ခဲ့ပါသည်။

*"ယခုအခါ ရွှေ့ပြောင်းရွာတွင် ကျွန်တော်တို့သည် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရပါသည်။ အရိပ်ရသစ်ပင်များမရှိသောကြောင့် နေ့ခင်းဘက်တွင် အလွန် ပင် ပူလောင်အိုက်စပ်ပါသည်။ လွန်ခဲ့သော ရက်အနည်းငယ်က မိုးရွာသွန်းခဲ့သောကြောင့် နေရာအနှံ့ ရွံ့ဗွက်များဖြစ်ပေါ်ခဲ့ပါသည်။ နအဖ စစ်သားများသည် ရွှေ့ပြောင်းရွာရှိ အိမ်တစ်အိမ်မှ ငွေကျပ် ၁၀၀၀ ကောက်ခံမည်ဟု ကြားသိရပါသည်။ ကျွန်မတို့နေသော အပိုင်းတွင် ရွာ ၅ရွာ ရှိပါသည်။ ၎င်းတို့မှာပါတ လော၊ သောခို၊ ဂေါ်၊ သောဟီဖိုးဒဲနှင့် တီးဘောနော ရွာများဖြစ်ကြပါသည်။ ကလေးများစွာတို့သည် ဖျားနာကြပြီး ယမန်နေ့ညတွင် လူတစ်ဦး သေဆုံးခဲ့ပါသည်။ ထိုသေဆုံးခဲ့သူမှာ အသက် ၆၀ နှစ်ရှိ ဦးမြသော် ဖြစ်ပါသည်။"*

**-နော် --- (မ၊ ၃၉)၊ ---ရွာ၊ ညောင်လေးပင်ခရိုင် (ဧပြီလ ၂၀၀၆)**



**နအဖ စစ်သားများသည် ဧပြီလ ၂၀၀၆ ခုနှစ်တွင် ရွာသားများကို မိမိတို့ ရွာများမှ အတင်းအဓမ္မထွက်ခွာစေပြီး အထက်ပါပုံတွင် တွေ့ မြင်ရသည့် ညောင်လေးပင်ခရိုင်ရှိ စိုက်ပျိုးသီးနှံများ စိုက်ပျိုး၍မရသော ပလောလော်ဘလဲ ရွှေ့ပြောင်းရွာသို့ ရွှေ့ပြောင်းနေထိုင်စေပါသည်။ ပလောလော်ဘလဲ ရွှေ့ပြောင်းကျေးရွာတွင် နေထိုင်ရသော ရွာသား**

**များသည် ရေရှားပါးမှုပြဿနာ၊ သီးနှံစိုက်ပျိုး၍ရသော မြေနေရာမရှိခြင်းနှင့် လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်ခံရခြင်း စသည့် ပြဿနာများ ရင်ဆိုင်ရကြောင်းပြောဆိုကြပါသည်။ လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်ခံရသောကြောင့် ရွာသားများသည် မိမိတို့ပိုင်ဆိုင်ခဲ့သောလယ်မြေများသို့ ပြန်လည်ပြီးစပါးစိုက်ပျိုးခွင့်မရရှိပေ။ (ဓာတ်ပုံ။ ကရင်လူ့အခွင့်အရေး အဖွဲ့ )**

နအဖ အာဏာပိုင်များသည် ရွာသားများအတွက် ရွှေ့ပြောင်းမိန့်ကို ထုတ်ပြန်ရာတွင် တစ်ခါတစ်ရံ စည်းဝေးများတွင် ပါးစပ်ဖြင့်သာ အမိန့်ပေးခဲ့ပြီး တစ်ခါတစ်ရံတွင် ရွာသူ ကြီးများထံသို့ အမိန့်ကြေငြာစာကို ပေးပို့ပါသည်။ သို့မဟုတ် ကျေးရွာများရှိ သစ်ပင်များပေါ်တွင် အမိန့်ကြေငြာစာများကို ကပ်ထားပါသည်။ နအဖ စစ်သားများ ရွာသို့ရောက်ရှိလာလျှင် တောတွင်းသို့ ထွက်ပြေးပုန်းအောင်လေ့ရှိသော ရွာများတွင်မူ မည်သည့်အကြောင်းကြားမှုများမှ မရှိဘဲ ထိုရွာသားများကို နအဖမှ ပစ်ခတ်တိုက်ခိုက်ပါသည်။ ဖမ်းမိသောရွာ သားများကို ပစ်ခတ်ခြင်း သို့မဟုတ် ရွှေ့ပြောင်းရွာများသို့ အတင်းအဓမ္မ ရွှေ့ပြောင်းနေထိုင်စေပါသည်။ ရွှေ့ပြောင်းရမည့် အမိန့်ကြေငြာစာများတွင် နအဖ စစ်ဗိုလ်များသည် ၄င်းတို့ သတ်မှတ်ထားသောနောက်ဆုံးနေ့အထိ ရွှေ့ပြောင်းခြင်း မပြုလုပ်သူများကို အောက်ပါအတိုင်း ခြိမ်းခြောက်ထားပါသည်။ “ရွှေ့ပြောင်းရမည့်နောက်ဆုံး သတ်မှတ်ထားသောရက်နောက်ပိုင်းရွာတွင် ဆက်လက်နေထိုင်သူကို တွေ့ရှိပါက ၄င်းကို စစ်တပ်၏ရန်သူဟုသတ်မှတ်ပါ မည်။ ” အထက်ပါအတိုင်း နအဖ စစ်တပ်သည် ရွာသားများကို ခြိမ်းခြောက်ထားသော်လည်း ရွာသားများသည် ရွှေ့ပြောင်းရွာများတွင် ကြုံတွေ့ရမည့် နအဖ စစ်သားများ၏ အနိုင်ကျင့်အမြတ်ထုတ်မှု များကို သိရှိထားကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်ပါက မိမိပိုင်လယ်ယာမြေများနှင့် လွတ်လပ်ခွင့်များ ဆုံးရှုံးရမည်ကို နားလည်သဘောပေါက်သောကြောင့် ရွှေ့ပြောင်းခြင်း မပြုလုပ်ရရန် ဒေသခံ စစ်တပ်ထံ သွားရောက်ပြီး နည်းမျိုးစုံဖြင့် ညှိနှိုင်းခြင်းနှင့် ငွေကြေးများပေးဆောင်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ ဒေသခံ စစ်ဗိုလ်များနှင့် မရွှေ့ပြောင်းရရေးအတွက် ညှိနှိုင်းခြင်းပြုလုပ်၍ မရရှိပါက ရွာသားများသည် အနီးပတ်ဝန်းကျင်ရှိ တောတောင်များသို့ ထွက်ပြေးတိမ်းရှောင်ကြပါသည်။ အချို့တို့သည် ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများသို့ပင် ထွက်ပြေးတိမ်းရှောင်ကြပါသည်။

ရွာသားများသည် နအဖ စစ်တပ်မှ ထုတ်ပြန်ထားသော အမိန့်အတိုင်း ရွှေ့ပြောင်းနေထိုင်ခြင်း မပြုပါက စစ်သားများသည် ၄င်းတို့ ခြိမ်းခြောက်ထားသည့်အတိုင်း ကျေးရွာများသို့လာရောက်ပြီး လက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း၊ ကျေးရွာတွင်းသို့ဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ခြင်း၊ စပါးစိုက်ခင်းများကို ဖျက်ဆီးခြင်း၊ စပါးကျီးများနှင့် စားနပ်ရိက္ခာသိုလှောင်ရာပုံးများ၊ တောင်းများကို ဖျက်ဆီးခြင်းများ ပြုလုပ်ပြီးရွာသားများကို နအဖ ထိန်းချုပ်နယ်မြေများသို့ အတင်းအဓမ္မရွှေ့ပြောင်းနေထိုင်စေပါသည်။ စစ်သားများသည် အိမ်ပတ်လည်တွင်လည်းကောင်း၊ ဘုရားရှိခိုးကျောင်းများ၊ လယ်ကွင်းများနှင့် ရွာလမ်းများပေါ်တွင်လည်းကောင်း မြေမြှုပ်မိုင်းများ မြှုပ်နှံထားကြပါသည်။ နအဖ စစ်သားများသည် အထက်ပါအတိုင်း တိုက်ခိုက်မှုများ ပြုလုပ်သော်လည်း ရံဖန်ရံခါဆိုသလို ရွာသားများကို ဖမ်းမိခြင်း မရှိပါ။ သို့သော် စစ်သားများသည် ထိုဒေသ များတွင် ဆက်လက်ကင်းလှည့်ပြီး တွေ့ရာနေရာတွင် ပစ်ခတ်မည်ဟူသောအမိန့်ကို ထုတ်ပြန်ထားသောကြောင့် တောတွင်းပုန်းအောင်းတိမ်းရှောင်သူများသည် စစ်သားများမှတွေ့ရှိနိုင်သည့်အန္တရာယ်နှင့်ရင်ဆိုင်နေရပါသည်။

***"ကျွန်တော်တို့သည် နအဖ စစ်သားများကို ကြောက်ရွံ့ပြီး တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရသောကြောင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရပါသည်။ ကျွန်တော်တို့သည် နေ့အချိန်တွင် ရွာသို့ ပြန်သွားပြီး စားနပ်ရိက္ခာ ယူဆောင်ရန် မသွားဝံ့သောကြောင့် ညအချိန်၌သာရွာသို့ ပြန်သွားကြရပါသည်။ တောတွင်းပုန်းအောင်း ရာနေရာတွင် လူအများမနာမကျန်း ဖြစ်ကြပါသည်။ အထူးသဖြင့် ကလေးများသည်အစွယ်ရောက်ပြီး သူများကဲ့သို့ ခံနိုင်ရည်မရှိသောကြောင့် ပို၍ ဖျားနာကြပါသည်။ နအဖ စစ်သားများသည် ကျွန်တော်တို့ ရွာသားများကို ရှာဖွေတိုက်ခိုက်လျက်ရှိသောကြောင့် ရှေ့ဆက်ကျွန်တော်တို့ အတွက် ပိုမိုခက်ခဲလာပါသည်။ ကျွန်တော်တို့သည် တောင်ယာခင်းများကိုလည်း မီးမရှို့ရသေးပါ။ မိုးရွာလျှင် မီးရှို့၍မရတော့ပါ။ နအဖ စစ်သားများသည် ကျွန်တော်တို့ကို မည်သည့် အကူအညီမျှမပေးပါ။ ကျွန်တော်တို့ ရွာသို့လာရောက်ပြီး ဖမ်းဆီးခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းများသာ ပြုလုပ်ပါသည်။ စစ်သားများသည် ရွာသားများ သို့မဟုတ် ၎င်းတို့၏ ရန်သူများစသည်ဖြင့် မခွဲခြားဘဲတွေ့ရာနေရာတွင် အစစ်အဆေးမရှိ ပစ်ခတ်ပါသည်။ ကျွန်တော် တို့ ရွာသား များသည် စစ်သားများနှင့် ရင်ဆိုင်ခြင်းမပြုလိုသောကြောင့် စစ်သားများ ရွာသို့လာနေကြောင်း သတင်းရရှိ သည်နှင့် တောတွင်းသို့ ထွက်ပြေးပုန်းအောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်သားများသည် ကျွန်တော် တို့ကို တွေ့ မြင်သည်နှင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် ဖြစ်ပါသည်။"***

**-စော ---(ကျား၊ ၃၀)၊ ---ရွာ၊ ညောင်လေးပင်ခရိုင် (ဧပြီလ ၂၀၀၆)**

စစ်သားများသည် ရွာများကို ပစ်ခတ်တိုက်ခိုက်ပြီးနောက် ရွာသားများ လျှို့ဝှက်ပုန်းအောင်းထားသော စပါးကျီများ၊ လျှို့ဝှက်စိုက်ပျိုးထားသော စိုက်ခင်းများနှင့် ဥယျာဉ်ခြံ များကို ရှာဖွေ မီးရှို့ဖျက်ဆီးပါသည်။ ထို့အပြင် ရွာသားများ ခရီးသွားလာခွင့်နှင့် အနီးဝန်းကျင်ရှိ မြို့များနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်ကို ပိတ်ပင်ထားပါသည်။ စစ်အ စိုးရမှ အထက်ပါအတိုင်း လုပ်ဆောင်ခြင်းများသည် တောတွင်းပုန်းအောင်းနေထိုင်သူ ရွာသားများနှင့် စစ်တပ် ထိန်းချုပ်နယ်မြေ ပြင်ပတွင် နေထိုင်သူ ရွာသားများကို ရှင်သန်ရပ်တည်၍မရနိုင်ရန် ပြုလုပ်ခြင်းဖြစ်ပါသည်။ ရွာသားများအတွက် ရွေးချယ်ရမည့် လမ်းများမှာ တောတောင်တွင်း ဆက်လက် ပုန်းအောင်းမည်လော၊ နယ်စပ် ဖြတ်ကျော်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးမည်လော၊ သို့မဟုတ် မိမိတို့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဆုံးရှုံးခံပြီး စစ်အစိုးရ ထိန်းချုပ်နယ်မြေရှိ ကျေးရွာများနှင့် ရွှေ့ပြောင်းကျေးရွာများ သို့ ရွှေ့ပြောင်းနေထိုင်မည်လောဟူသော နည်းလမ်း များပင် ဖြစ်ပါသည်။

## စစ်တပ်မိသားစုအတွက် တည်ထောင်ပေးသောကျေးရွာများနှင့် မြေနေရာများသိမ်းယူခြင်း

ကရင်ပြည်နယ်တွင် ရွှေ့ပြောင်းကျေးရွာများအပြင် 'စံပြကျေးရွာများ' ဟူသော အသုံးအနှုန်းကိုလည်း အသုံးပြုပါ သည်။ စံပြကျေးရွာများမှာ စစ်တပ်မှ ရွာသားများပိုင်ဆိုင်သောမြေနေရာများကို သိမ်းယူပြီး စစ်စခန်းများဆောက် လုပ်ကာ စခန်း၏မျက်နှာချင်းဆိုင်ရှိ မြေကွက်များတွင် စစ်သားမိသားစုများနေထိုင်ရန်အတွက် ရွာများတည် ထောင်ပေးထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ခြေမြန်တပ်ရင်း အမှတ် ၅၄၇၊ ၅၄၈ နှင့် ၅၄၉ တို့သည် ဖားအံခရိုင် တနေဆာ ကျေးရွာတွင် နေထိုင်သော မြန်မာမွတ်ဆလင် ရွာသားများကို နေအိမ်များမှ ထွက်ခွာစေခဲ့ပါသည်။[၉၀] ဒေသခံ နအဖ အာဏာပိုင်များသည် အိမ်ခြေ ၂၀၀ ရှိသော တနေဆာရွာမှ မွတ်ဆလင် အသိုက်အဝန်းကို နိုဝင်ဘာလ စပါးရိတ်သိမ်းခြင်းပြီးနောက် ရွာမှ ထွက်ခွာရန် အမိန့်ပေးခဲ့ပါသည်။

[၉၀] ပိုမိုသိရှိလိုပါက *Forced Labour, Extortion, and Festivities: The SPDC and DKBA burden on villagers in Pa'an District,* (Karen Human Rights Group, December 2006). တွင် ဖတ်ရှုနိုင်ပါသည်။

ထိုရွာ၏ မြေနေရာကို စစ်တပ်မှ သိမ်းပိုက်ပြီး စစ်အခြေစိုက်စခန်း ဆောက်လုပ်ရန် စီစဉ်ပြီး စစ်အခြေစိုက်စခန်း ‌ရှေ့တွင် စစ်သားနှင့် မိသားစုများနေထိုင်ရန် အိမ်ရာများတည်ဆောက်ပေးပါမည်။

***"ဖားအံမှ နအဖ စစ်အစိုးရ ခေါင်းဆောင်များသည် ကျွန်တော်တို့ ရွာသို့ လာရောက်ပြီး ကျွန်တော်တို့ရွာ တိုးတက်ရန်နှင့် မြို့အဖြစ်တည်ဆောက်ပေးနိုင်ရန် ၎င်းတို့မှ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်းပြောဆို ခဲ့ပါသည်။ ကျွန်တော်တို့အတွက် အကြီးမားဆုံးသောပြဿနာတစ်ခုမှာ စစ်အစိုးရသည် ကျွန်တော်တို့ ပိုင်ဆိုင်သော မြေများပေါ်သို့ ကျူးကျော်ရောက်ရှိလာကာ တာကရယ်တွင် မြို့တည်ဆောက်မည်ဟု ပြောကြား လာပါသည်။ နအဖ အစိုးရက မြေနေရာများအားလုံးကို အစိုးရမှ ပိုင်ဆိုင်သည်ဟု ပြောပါသည်။ ပြည်သူများသည် မြေနေရာများကို ပိုင်ဆိုင်ခြင်းမရှိသောကြောင့် စစ်တပ်သည် ၎င်းတို့ ဆန္ဒရှိသည့်အတိုင်း ကျူးကျော်ဝင် ရောက်နိုင်ပါသည်။ ယခုအချိန်တွင် စစ်အစိုးရသည် ရွာသားများထံမှ လယ်ကွက်နှစ်ကွက်ကို သိမ်းယူခဲ့ပြီး ဖြစ်ပါသည်။ စစ်တပ်သည် ရွာသား များထံမှ မြေဧက ၁၀၀ သိမ်းယူရန် စီစဉ်နေပါသည်။ မြေနေရာများကို သိမ်းယူခြင်းခံရပါက ရွာသားများအတွက် အခက်အခဲများစွာ ကြုံတွေ့ ကြရပါမည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန် မြေနေရာများ မရှိတော့သောကြောင့် ဖြစ်ပါသည်။"***

**-ဘိုး ---(ကျား၊ ၆၃)၊ ---ရွာ၊ ဖားအံခရိုင် (နိုဝင်ဘာ ၂၀၀၅)**

***"၂၀၀၄ ခုနှစ်တွင် နအဖ ခြေမြန်တပ်ရင်း အမှတ် (၆၄၂)သည် ပနွယ်ပူ ကျေးရွာသား ကျွန်တော်တို့ထံမှ အထက်အမိန့်အရ လယ်ကွက် ၅-၆ ကွက်ကို သိမ်းယူခဲ့ပါသည်။ ထို့နောက် စစ်သားများသည် လယ်ကွက်ပိုင် ရှင်ကို အခြားကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်စေပါသည်။ ထိုသိမ်းယူခဲ့သော မြေကွက်များ ပေါ်တွင် စစ်စခန်း ဆောက်လုပ်ခဲ့ပါသည်။ စစ်သားများသည် ၎င်းတို့ ကိုယ်တိုင် အုတ်ဖုတ်ပြီး ၎င်းတို့ ကိုယ်တိုင်ပင် အဆောက်အ အုံများ ဆောက်လုပ်ခဲ့ပါ သည်။ ခြေမြန်တပ်ရင်း အမှတ် (၆၄၂)၏ တပ်ရင်းမှူးမှာ ခင်မောင်ဝင်း ဖြစ်ပါသည်။ စစ်တပ်မှ ဤကဲ့သို့ မြေများသိမ်းယူခြင်းကြောင့် ကျွန်တော်တို့ စိတ်ထိ ခိုက်ရသော်လည်း မည်သို့မျှ မတုန့်ပြန် နိုင်ပါ။ စစ်တပ်သည် ရွာသားများပိုင်ဆိုင်သောမြေကို သိမ်းယူလိုသောအခါ ထိုမြေပိုင်ရှင် ရွာသားကို ခေါ်ယူပြီး အ ကြောင်းအမျိုးမျိုးပြကာ ထိုမြေပိုင်ရှင်သည် မြေကို မပိုင်ဆိုင်တော့ကြောင်း ပြောဆိုပါသည်။ ထို့နောက် မြေပိုင်ရှင်သည် အောက်ပါ စာကြောင်းရေး သားထားသော စာအုပ်တွင် အတင်းအကျပ် လက်မှတ် ထိုးရပါသည်။"ကျွန်တော်သည် စစ်တပ်အတွက် ကျွန်တော်ပိုင်သော မြေနေရာကို ကြည်ဖြူစွာ ပေးအပ်ပါ သည်။"***

**-ဦး. ---(ကျား၊ ၅၀)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဧပြီ ၂၀၀၆)**

စစ်တပ်သည် ရွာသားများထံမှ သိမ်းယူထားသော မြေများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြား ဝယ်ယူလိုသူများထံသို့ ရောင်းချလေ့ရှိပါသည်။ ဤနည်းဖြင့် ဒေသခံ စစ်ဗိုလ်များနှင့် မြေတိုင်းအရာရှိများသည် မြန်မာနိုင်ငံ၏ ဥပဒေဖြစ်သော မြေနေရာများအားလုံးကို အစိုးရသာ တရားဝင်ပိုင်ဆိုင်သည် ဟူသည့် ဥပဒေကို အလွဲသုံးစားပြုလုပ်ကာ ရွာသားများ၏ မြေနေရာများကို သိမ်းယူကာအကျိုးအမြတ်အတွက် ပြန်လည် ရောင်းချ ပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို ဖွံ့ ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို လုပ်ဆောင်လျက်ရှိသည်ဟု အကြောင်းပြ လျက်ရှိပါသည်။ စစ်သားများ သို့မဟုတ် မြေတိုင်းစာရေးများသည် အများအားဖြင့် ကားလမ်းသစ်များ ဘေးတစ် လျှောက်ရှိမြေကွက်များကို အမှတ်အသားပြုလုပ်ကာပိုင်ရှင်ရွာသားများကို ၎င်းတို့မြေမဟုတ်တော့ကြောင်း ပြောပြီး ရွာသားများ၏ မြေနေရာများကို သိမ်းပိုက်ခဲ့ကြပါသည်။ ထို့နောက် ထိုမြေကွက်များကို အရွယ်အစားတူအကွက် များအဖြစ်ပြန်လည်သတ်မှတ်ပြီး ဝယ်ယူလိုသူများထံသို့ ပြန်လည်ရောင်းချပါသည်။ ထိုမြေကွက်များကို

ပြန်လည်ဝယ်ယူလိုသူများမှာ အများအားဖြင့် မြို့ပြဒေသများမှ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြပါသည်။ အချို့ရွာသားများသည် ၄င်းတို့ မူရင်းပိုင်ဆိုင်ခဲ့သော မြေနေရာများကို စစ်ဗိုလ်များမှ သတ်မှတ်ထားသောဈေးနှုန်းများဖြင့် ပြန်လည်ဝယ်ယူခွင့်ရရှိကြပါသည်။ လယ်သမားအများစုများမှာမူ ငွေကြေးမပြည့်စုံကြသောကြောင့် ၄င်းတို့၏ အသိမ်းပိုက်ခံလယ်မြေများကို ပြန်လည်မဝယ်ယူနိုင်ပါ။

***"စစ်တပ်သည် ရွာသူ/ရွာသားများ ပိုင်ဆိုင်သော မြေနေရာများကို သိမ်းပိုက်သောအခါ ရွာသူ/ရွာသားများသည် မြေကွက်များ ပြန်လည်ရရှိရန် အထက်သို့ တင်ပြတောင်းခံသော်လည်း မြေကွက်များကို ပြန်လည်ပေးအပ်ခြင်း မရှိပါ။ လျော်ကြေးငွေများကိုလည်းမပေးပါ။ အစအဦး၌ စစ်တပ်သည် ၄င်းတို့ သိမ်းပိုက်ခဲ့သော ရွာသားများ၏ လယ်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးခြင်း မပြုမီက ရွာသားများကို ထိုမြေနေရာအတွက် ငွေကျပ် ၈,၀၀၀,၀၀၀ ပေးမည်ဟု ပြောခဲ့ပါသည်။ အချို့ရွာသားများသည် ၄င်းတို့ လယ်ကွက်များအတွက် ၁၀၀,၀၀၀,၀၀၀ ကျပ် ရရှိမည်ဟု စစ်တပ်မှ ပြောဆိုခဲ့ပါသည်။ သို့သော် နောက်ဆုံး တွင် ၂-၃ နှစ်သာ ကုန်ဆုံးသွားသော်လည်း စစ်တပ်သည် ရွာသားများကို ငွေတစ်ကျပ်မျှ မပေးပါ။ ရွာသားများထံမှ သိမ်းယူသောမြေများပေါ်တွင် အဆောက်အဦးများဆောက်လုပ်ထားသည်မှာ မြို့တစ်မြို့ကဲ့သို့ပင်ဖြစ်နေပါသည်။ ထိုကဲ့သို့ အဆောက်အဦးများ ဆောက်လုပ်ခြင်းသည် စစ်သားများနှင့် မိသားစုဝင်များအတွက်သာဖြစ်ပါသည်။ ဤနေရာကို စစ်တပ်က ဘုရင့်နောင်တပ်မြို့ဟု ခေါ်ပါသည်။ အဆိုပါတပ်မြို့တွင် စစ်သားများ၏ ဇနီးများ၊ ကလေးငယ်များနေထိုင်ကြပြီး ရဟတ်ယာဉ် ဆင်းသက်ရန် လေယာဉ်ကွင်းနှင့် စစ်သင်တန်းကျောင်းလည်း တည်ရှိပါသည်။ ဤ စစ်သင်တန်းကျောင်းသည် တပ်ကြပ်နှင့် အရာရှိ သင်တန်းကျောင်းဖြစ်ပါသည်။ ထို့အပြင် ဘုရင့်နောင်တပ်မြို့တွင် လက်နက်တိုက်များလည်းထားရှိပြီး အုတ်နှင့်ဆောက်လုပ်ထားသော အဆောက်အဦးများစွာတည်ရှိပါသည်။ ဤနေရာသည် သံတောင်ကြီးမြို့၏အနီးတွင် တည်ရှိပါသည်။"***

**-စော ---(ကျား၊ ၂၂)၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)**

ဥပမာ တစ်ခုကို ပြရမည်ဆိုလျှင် စက်တင်ဘာလ ၂ရက် ၂၀၀၅ ခုနှစ်တွင် မွန်ပြည်နယ်တောင်ပိုင်း လမိုင်းမြို့နယ်မြေတိုင်းဦးစီးဌာနမှ ဦးနေဇော် ခေါင်းဆောင်သောအစိုးရဝန်ထမ်း ၃၀ ယောက်နှင့် ဝဲကလိ စစ်အခြေစိုက်စခန်းမှ တပ်ရင်းမှူးနှင့် ဒုတပ်ရင်းမှူးတို့သည် ဝဲကလိ ကျေးရွာလူကြီးနှင့်အတူ သံဖြူဇရပ်မြို့ အရှေ့တောင်ဘက်ရှိ ဝဲကလိ ကျေးရွာသို့ လာရောက်ခဲ့ပါသည်။ ၄င်းတို့အဖွဲ့သည် ရွာသားများပိုင်ဆိုင်သော မြေနေရာများကို တိုင်းထွာပြီးနောက် လျော်ကြေးငွေမပေးဆောင်ဘဲသိမ်းယူခဲ့ကြပါသည်။ ကရင်ပြည်နယ်တောင်ပိုင်း ကြာအင်းဆိပ်ကြီး အနောက်ဘက်ရှိ တံခွန်တိုင် ကျေးရွာမှ ရွာသားများပိုင်ဆိုင်သော မြေနေရာများကိုလည်း သိမ်းယူခဲ့ပါသည်။ ထိုနေ့တွင်ပင် ဦးနေဇော် ခေါင်းဆောင်သောနောက်ထပ်အခြားအဖွဲ့တစ်ဖွဲ့သည် ဝင်းယော်မြို့နယ်ရှိ အနံကွင်းကျေးရွာမှ ရွာသားများပိုင်ဆိုင်သောမြေဧက ၁၂၃ ဧက ကို သိမ်းယူခဲ့ပါ သည်။ စက်တင်ဘာလ ၈ရက် နေ့တွင် ၄င်းတို့အဖွဲ့သည် လမိုင်းမြို့ အနောက်မြောက်ဘက်ရှိ မယ်လမု ကျေးရွာရှိ ရွာသားများပိုင်ဆိုင်သောနောက်ထပ် မြေဧက ၁၂၃ ဧက ကို သိမ်းယူခဲ့ပြန်သည်။ ဤမြေကွက်များအားလုံးကို ဦးနေဇော်၊ ရအဖ ဥက္ကဋ္ဌများ (အချို့ ရအဖ ဥက္ကဋ္ဌများသည် ၄င်းတို့ရွာသားများ မြေနေရာ သိမ်းပိုက်ခံခဲ့ရခြင်းအတွက် ရွာသားများကို ငဲ့ညှာခြင်း မရှိပါ ) နှင့် စစ်ဗိုလ်များသည် ၄င်းတို့ ကိုယ်ကျိုးစီးပွားအတွက် စီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်လည်ရောင်းချပါသည်။ ၄င်းတို့ ပိုင်ဆိုင်သော မြေနေရာများ သိမ်းယူခြင်း မခံရရန် အနံကွင်းကျေးရွာမှ ရွာသားအချို့တို့သည် စုပေါင်းငွေစုပြီး ရရှိလာသော ငွေကျပ် ၃၃၅,၀၀၀ ကို မြေတိုင်း အရာရှိများနှင့် စစ်ဘက်အရာရှိအား လဒ်ထိုးရန်အတွက် ရအဖ ဥက္ကဋ္ဌ ဦးအောင်ထံပေးအပ်ခဲ့ပါသည်။ အချို့ ရွာများတွင် ရွာသားများသည် မိမိတို့ ပိုင်ဆိုင်သော လယ်ကွက်များ သိမ်းယူခြင်းမခံရရန် အတွက် မြေတိုင်းစာရေးများအား

လယ်တစ်ကွက်လျှင် ငွေကျပ် ၅၀၀၀ ပေးဆောင်ကြရပါသည်။ မြေတိုင်းစာရေးမှ ၎င်းတို့ရယူခဲ့သော ငွေကြေးအတွက် ပြေစာများထုတ်ပေးမည်ဟု ပြောဆိုခဲ့သော်လည်း ယခုအချိန်ထိ ထုတ်ပေးခဲ့ခြင်းမရှိပါ။

> ***"နအဖ စစ်အစိုးရသည် ရွာသားများထံမှ မြေနေရာများနှင့် လယ်ကွက်များကို သိမ်းယူကြပါသည်။ ယခုနှစ် ၂၀၀၆ ခုနှစ်တွင် မြေပိုင်ရှင်များနှင့် ကျေးရွာသူ ကြီးများသည် ၎င်းတို့ထံသို့ သွားရောက်ပြီး သိမ်းယူထားသော မြေနေရာများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ပါသည်။ သို့သော် နအဖ အာဏာပိုင်များက ပြန်လည် မပေးနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။ သိမ်းယူခြင်းခံရသော ဥယျာဉ်ခြံ ပိုင်ရှင်များမှာ ဦး ---၊ မောင် --- နှင့် ဦး---တို့ ဖြစ်ကြပြီး လယ်ပိုင်ရှင် များမှာ ကို---၊ ဦး---၊ မောင် ---၊ ကို ---နှင့် ဦး ---တို့ ဖြစ်ကြပါသည်။ မြေပိုင်ရှင်များသည် ၎င်းတို့ ပိုင်ဆိုင်ခဲ့သော မြေနေရာများတွင် ရာဘာ၊ ကြံ၊ နှမ်းနှင့် အခြားသော သီးနှံများကို စိုက်ပျိုးခဲ့ကြပါသည်။ ယခုအချိန်တွင် နအဖ သည် ၎င်းတို့သိမ်းယူခဲ့သော မြေနေရာအချို့တွင် စပါး စိုက်ပျိုးထားပါသည်။ ရွာသားများသည် ၎င်းတို့အတွက် လယ်ထွန်ပေးရခြင်း၊ ပျိုးကြဲပေးရခြင်း၊ စပါးစိုက် ပေးရခြင်းနှင့် စပါးရိတ်သိမ်းပေးရခြင်း စသည်တို့ကို လုပ်ဆောင်ကြရပါသည်။ ဤနေရာ အနီးဝန်းကျင်တွင် နေထိုင်သောရွာသားများအားလုံး နအဖ အာဏာပိုင်များအတွက် အထက်ပါအလုပ်များအားလုံး လုပ်ကိုင်ပေးရပါသည်။"***
>
> **-ဦး ---(ကျား၊ ၆၁)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

ကရင်ပြယ်နယ်မြောက်ပိုင်းတွင် နအဖ စစ်အစိုးရသည် ၎င်းတို့ ထိန်းချုပ်ရန် ခက်ခဲသောနယ်မြေများတွင် စံပြမြို့များတည်ဆောက်ရန် စီစဉ်လျက်ရှိသည်ဟု နအဖ အရာ ရှိများနှင့် ထွက်ပြေးလွတ်မြောက်လာသော ပေါ်တာများထံမှ ရွာသားများ ကြားသိကြရပါသည်။ ဤစံပြမြို့ ရွာများကို  တည်ဆောက်ရာတွင် နအဖ အစိုးရသည် မူလတည်ရှိပြီးသော တပ်မြို့များကို ဗဟိုထားပြီး အနီးဝန်းကျင်တွင်တည်ဆောက်ပါသည်။ တပ်မြို့ဘေးပတ်လည်တွင် နေထိုင်ကြသောရွာသားများသည် စစ်တပ်၏ အဓမ္မစေခိုင်းမှုများကို ရှောင်လွှဲနိုင်ရန် ၎င်းတို့ရွာများမှ ထွက်ပြေးကြပါသည်။ သို့သော် စစ်အစိုးရသည် တောတောင်များတွင်ပုန်းအောင်းနေသော ရွာသားများကို တပ်မြို့များအနီး တည်ထောင်ထားသောရွှေ့ပြောင်းရွာများသို့ အတင်းအကျပ် ပြန်လည်နေရာချထားနိုင်ရန် လုပ်ဆောင်လျက်ရှိပါသည်။ ဤသို့ဖြင့် စစ်သားများသည် ရွာသားများထံမှလုပ်အား၊ စားနပ်ရိက္ခာနှင့် အခြားသောအသုံးအဆောင် ပစ္စည်းများကို အလွယ်တကူအမြတ်ထုတ်နိုင်မည် ဖြစ်ပေသည်။ စစ်အစိုးရမှ တည်ထောင်ရန် စီစဉ်ထားသောမြို့သစ်နှစ်ခုမှာ  မူသဲနှင့် ဘွာဂေါ်တို့ဖြစ်ပါသည်။ ဤနေရာ နှစ်ခုလုံးတွင် စစ်အခြေစိုက်စခန်းများ တည်ရှိပြီး ကရင်ပြည်နယ်မြောက်ပိုင်း ကျောက်ကြီးမှ ဇော်ထာသို့သွားရာ လမ်းတစ်လျှောက်တွင်တည်ရှိပါသည်။ ထို့အပြင် ထိုနေရာအနီးဝန်းကျင်တွင် ဆန်စပါး ထွက်နှုန်းကောင်းသော လယ်ကွင်းများနှင့် ဝန်းရံလျက်ရှိပါသည်။

နအဖ စစ်အစိုးရသည် အခြားမြို့သစ်များကို တောင်ငူခရိုင်တောင်ပိုင်းရှိ ဘူဆာခီး စစ်အခြေစိုက်စခန်း ဘေးပတ်လည်တွင်လည်းကောင်း၊ ညောင်လေးပင်ခရိုင် မြောက်ပိုင်း ရှိ သပြေညွန့်တွင်လည်းကောင်း၊ ဖာပွန်မြို့တောင်ပိုင်းရှိ မတောတွင်လည်းကောင်းတည်ထောင်ရန် စီစဉ်ထားပါသည်။[၉၁] နအဖ စစ်အစိုးရသည် အထက်ပါအတိုင်း မြို့သစ်များတည်ထောင်ရန်လုပ်ဆောင်ခြင်းကို သာမန်ရွှေ့ပြောင်းရွာများတည်ထောင်ခြင်းထက်ပို၍ ရည်မှန်း

[၉၁] See SPDC *forces attack rice harvest to force villagers into 'new towns'*, (Karen Human Rights Group, November 2006).

ချက်ထားလုပ်ဆောင်ပါသည်။ အဘယ်ကြောင့်ဆိုသော် နအဖသည် ကရင်ပြည်နယ်တွင် မြို့သစ်များကို ထူထောင်ပြီး တပ်မအရွယ်အစားရှိ တပ်မြို့များကို ထူထောင်ရန် ရည်ရွယ်ထားပါသည်။ ဤကဲ့သို့ တပ်မြို့များ တည်ထောင်ခြင်းဖြင့် ပြည် သူလူထုများ၏ နေ့စဉ် လူမှုဘဝနှင့် ကူးသန်းရောင်းဝယ်ရေးများကို ထိန်းချုပ်ထားနိုင်ပြီး စစ်တပ်အာဏာကို တောင်တန်းဒေသများသို့ပါ ပြန့်နှံ့နိုင်ရန် လုပ်ဆောင်နိုင်ပါမည်။

## အတင်းအဓမ္မစေခိုင်းခြင်းနှင့် အတင်းအဓမ္မငွေကြေးတောင်းခံခြင်း

မိမိတို့ မူရင်းနေအိမ်များမှ နှင်ထုတ်ခြင်းခံရပြီး စစ်တပ်ထိန်းချုပ်သော ရွှေ့ပြောင်းကျေးရွာများတွင် နေထိုင်ရန် အတင်းအဓမ္မ စေခိုင်းခံရသော ရွာသားများသည် စစ်တပ်၏ အတင်းအဓမ္မ ငွေတောင်းခံမှုနှင့် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုများအောက်တွင် မိမိတို့ စားဝတ်နေရေးအတွက် ခက်ခဲစွာရုန်းကန်လှုပ်ရှားရပါသည်။ ထို့အပြင် ရွှေ့ပြောင်းကျေးရွာအသစ်များတွင်လည်း အခြား အခက်အခဲများစွာတည်ရှိနေပါသည်။ ရွာသားများ ရွှေ့ပြောင်းကျေးရွာများသို့ ရောက်ရှိလာသည်နှင့် အခြားသောအထောက်အပံ့ပစ္စည်းများကို အတင်းအကျပ် တောင်းခံပြီး လုပ်အားပေးလုပ်ဆောင်ရန်အတွက်လည်း ခြိမ်းခြောက်စေခိုင်းပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းကျေးရွာများသည် စစ်ဗိုလ် များနှင့် စစ်သားများအတွက် လုပ်အားနှင့် အခြားသော အရင်းအမြစ်များကို အမြဲတမ်းထုတ် နိုင်သော ဘဏ္ဍာတိုက်ဖြစ်လာပါသည်။ ကင်းလှည့် စစ်သားများသည် ၎င်းတို့၏ ပင်မ စစ်အခြေ စိုက်စခန်းနှင့် ဝေးကွာသောနေရာများတွင် ကင်းစခန်းများကို ဆောက်လုပ်ထားသောကြောင့် ရွှေ့ပြောင်းကျေးရွာများမှ ရွာသားများသည် တောင်ပေါ်တွင် ပုန်းအောင်းနေသော ရွာသားများကို တိုက်ခိုက်ပြီး တောင်အောက်သို့ မောင်းချရန်ကင်းလှည့်သော စစ်သားများအတွက် လမ်းပြနှင့် ပေါ်တာအဖြစ်လိုက်ပါရပါသည်။



**အမှတ် (၂) စစ်ဆင်ရေးဗျူဟာမှ ဗျူဟာမှူး အောင်ကျော်ငြိမ်းသည် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းရွာရှိ ဘောလုံးကွင်းတွင် အုတ်တံတိုင်း တည်ဆောက်ရန် အတင်းအ ကျပ် လုပ်အားပေးစေခိုင်းခံရသောရွာသားများ၏ လုပ်အားပေးလုပ်ကိုင်ခြင်းကို ကြည့်ရှုစစ်ဆေးနေပါသည်။ ၂၀၀၆ ခုနှစ်အတွင်း အောင်ကျော်ငြိမ်းသည် အထက်ပါကဲ့သို့သော အတင်းအဓမ္မစေခိုင်းမှုများ လုပ်ဆောင်ရန် အမိန့်ပေးခဲ့သူဖြစ်ပြီး ကရင်ပြည်နယ် ခရိုင်တစ်လွှား ရွာသားများအား စစ်တပ်အတွက် နွေစပါးနှင့်ကြက်ဆူပင်စိုက်ပျိုးရန် အမိန့်ထုတ်ပြန်ခဲ့သူဖြစ်ပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့ )**

***"မေလ ၂ရက် ၂၀၀၆ ခုနှစ်တွင် အမှတ် (၃၀) ခြေလျင်တပ်ရင်းမှ စစ်သားများသည် ကျွန်မတို့ထံမှ ဝါးအလုံးကြီး ၂၀၀ တောင်းခံခဲ့ပါသည်။ ဝါးလုံးတစ်လုံးသည် ၁၄ တောင်ရှည်ရမည်ဖြစ်ပြီး လုံးပတ် ၁၈လက်မ ရှိရပါမည်။ နအဖ စစ်တပ်သည် စပါးကျီတည်ဆောက်ပြီး ၎င်းတို့၏ စစ်စခန်းကို ပြင်ဆင်ပါသည်။ တပ် ရင်းမှူးမှ ရွာသူကြီးထံ စာရေးတောင်းခံခဲ့ပြီး ရွာသူကြီးမှ ရွာသားများကို ပြန်လည်ပြောပြခဲ့ပါသည်။ ၎င်းတို့ တောင်းခံသောဝါးကိုမပေးပါက တပ်ရင်းမှူးသည် ကျွန်မတို့ ရွာသို့ လာရောက်ပြီး ရွာသားများကို အရေးယူမည်ဟု ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ရွာသားများသည် တပ်ရင်းမှူးကို ကြောက်ရွံ့ပြီး ၎င်း၏ အမိန့်အတိုင်း လုပ်ဆောင်ပေးရပါသည်။"***

**-နော် ---(မ၊ ၅၂)၊ ---ရွာ၊ ဖာပွန်ခရိုင် (မေလ ၂၀၀၆)**

စစ်တပ်၏ ထိန်းချုပ်နယ်မြေများတွင် တည်ရှိသောကျေးရွာများမှ ရွာသားများကိုမူ အတင်းအကျပ်ရွှေ့ပြောင်းနေထိုင်ရန် စေခိုင်းခြင်းမရှိသော်လည်း ရွှေ့ပြောင်းကျေးရွာ ကဲ့သို့ပင် ရွာများကို ခြံစည်းရိုးများကာရံစေပါသည်။ စစ်သားများက ဤကဲ့သို့ ခြံစည်းရိုးများကာရံထားခြင်းသည် သူပုန်များ ရွာတွင်းသို့ မဝင်ရောက်နိုင်ရန် ဖြစ်သည်ဟု ပြောဆိုပါသည်။ လက်တွေ့တွင်မူ ခြံစည်းရိုးများကာရံထားခြင်းကြောင့် စစ်သားများသည် ရွာသားများ၏ သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်နိုင်ပြီး ရွာသားများ၏ သွားလာခွင့်ကို ပိတ်ပင်ထားနိုင်ပါသည်။ ထို့အပြင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းရန် ရွာသားများကို စေခိုင်းလိုသည့်အခါ ရွာသားများထွက်ပြေးရှောင်လွှဲ၍ မရရှိစေရန် ခြံ စည်းရိုး အဝင်၊ အထွက် အပေါက်များကို ပိတ်ဆို့ထားနိုင်ပါသည်။ ဤရွာများမှ ရွာသားများသည် မိမိတို့ရွာများမှ အပြင်သို့ထွက်ပြီး ခရီးသွားလိုလျှင် ထောက်ခံစာများယူဆောင်ရပါသည်။ ထို့အပြင် ရွာသားများသည် ညမထွက်ရ အမိန့်ကြောင့် ညဘက်တွင် အိမ်ပြင်သို့ထွက်၍ မရရှိပေ။

***"ကျွန်မတို့သည် ကျွန်မတို့နေထိုင်ခဲ့သော ရွာသို့ ပြန်လိုလျှင် စစ်တပ်အရာရှိများထံမှ ထောက်ခံစာရယူရန် လိုအပ်ပြီး နေ့ခင်းဘက်တွင်သာ ပြန်သွားနိုင်ပါသည်။ စစ်သားများသည် ကျွန်မတို့ကို ညဘက်တွင် တွေ့ရှိပါက ပစ်ခတ်မည်ဟု ပြောပါသည်။ ယခုကျွန်မတို့ နေထိုင်ရသောနေရာသည် ကျွန်မတို့နေခဲ့သော ရွာနှင့် ၂နာရီကြာ လမ်းလျှောက်သွားရသော အကွာအဝေးတွင် တည်ရှိပါသည်။"***

**-နော် ---(မ၊ ၃၉)၊ ---ရွာ၊ ညောင်လေးပင်ခရိုင် (ဧပြီ ၂၀၀၆)**

***"နအဖ စစ်တပ်များသည် ရွာသားများကို မည်သည့်နေရာသို့မျှ မသွားရောက်ရန် ပိတ်ဆို့ထားပါသည်။ ရွာသားများသည် မိမိတို့ရွာများမှ ခရီးသွားလိုပါက စစ်ဗိုလ်များထံသွားရောက်ပြီး ခရီးသွားခွင့်လက်မှတ်တောင်းခံရပါသည်။ ၎င်းခရီးသွား ထောက်ခံစာများအတွက် ငွေ ၃၀၀ ကျပ် ပေးဆောင်ရပါသည်။ နအဖ စစ်သားများသည် ရွာသားများကို ထောက်ခံစာမပါရှိဘဲ ခရီးသွားသည်ကို စစ်ဆေးတွေ့ရှိပါက ထိုရွာသားတွင် ပါရှိသောအရာဟူသမျှ သိမ်းယူပြီး ရွာသားများကို သွားလိုရာ သွားခွင့်ပြုပါသည်။"***

**-စော ---(ကျား၊ ၃၈)၊ ---ရွာ၊ တောင်ငူခရိုင် (ဇန်နဝါရီ ၂၀၀၆)**

စစ်တပ်စိပ်များသည် ၎င်းတို့ အမြတ်ထုတ် အနိုင်ကျင့်နိုင်သော ဒေသခံပြည်သူများကို ထိန်းချုပ်ခြင်း မပြုနိုင်လျှင် စစ်သားများသည် ‌ရှေ့တန်းကင်းစခန်းများနှင့် စစ်အခြေ စိုက်စခန်းများတွင် နေထိုင်၍ မရရှိပေ။ ထိုအခြေအနေတွင် စစ်သားများသည် ၎င်းတို့၏ နောက်တန်းတပ်ရင်းများသို့ ပြန်သွားကြရပါသည်။ ထိုသို့ ပြန်သွားချိန်တွင် ရွာသားများအတွက် တိုက်ခိုက်ခြင်းခံရမှုမှရှောင်လွှဲနိုင်သောအချိန်ဖြစ်ပါသည်။ နအဖ စစ်တပ်များ၏ ဖမ်းဆီး

တိုက်ခိုက်ခြင်းမှလွတ်မြောက်၍ တောတွင်းပုန်းအောင်း နေထိုင်သူ ရွာသားများသည် ထိုအချိန်များတွင် ၎င်းတို့၏ စွန့်ပစ်ခြင်းခံထားရသော စိုက်ခင်းများကို ပြန်လည်ကြည့်ရှုခြင်း၊ ၎င်းတို့၏ ရွာဟောင်းများအနီးရှိ စပါးကျီများမှ ဆန်၊ စပါးများကိုပြန်လည်ရယူခြင်း၊ ကလေးငယ်များကို ပညာသင်ကြားပေးခြင်းနှင့် နယ်စပ်ဖြတ်ကျော် အထောက်အပံ့ပေးသော ကျန်းမာရေး စောင့်ရှောက်မှုများကိုရယူခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပါသည်။ သို့သော် ရွာသားများသည် စစ်တပ်၏ ဖျက်ဆီးတိုက်ခိုက်မှုများကြောင့် တောတောင်တွင်းသို့ ထွက်ပြေးတိမ်းရှောင်၍ အသက်ရှင်နေထိုင်ရန်မဖြစ်နိုင်သောအခါနှင့် စစ်တပ်မှ ရွာသားများကို ရွှေ့ပြောင်းရွာများအတွင်း နေထိုင်ရန် ထိန်းချုပ်ထားနိုင်သောအခါ အဆိုပါ ရွာသားများသည် အထက်တွင် ဖော်ပြခဲ့ပြီးသော စစ်သားများ၏ အလွဲသုံးစားမှုများကို ခံကြရသည့်အပြင် ၎င်းတို့ နေထိုင်ရသော ရွှေ့ပြောင်းကျေးရွာ အသစ်များတွင် အစိုးရ၏ အမိန့်အာဏာဖြင့် ဖွံ့ ဖြိုးတိုးတက်ရေး စီမံ ကိန်းများတွင် ပါဝင်လုပ်ကိုင်ကြရပါသည်။ ၎င်းစီမံကိန်းများတွင် ရွာသားများသည် မိမိတို့ နေထိုင်ရသော ရွှေ့ပြောင်းကျေးရွာများကို ခြံစည်းရိုးခတ်ရခြင်း၊ ခြုံနွယ်သစ်ပင်များ ကို ခုတ်ထွင်ရှင်းလင်းရခြင်း၊ စစ်သားများ စစ်ဗိုလ်များနှင့် ၎င်းတို့ မိသားစုများအတွက် နေအိမ်တန်းလျားနှင့် အခြားသော အဆောက်အဦးများကို တည်ဆောက်ပေးရခြင်း၊ ဆေးပေးခန်းများ၊ ကျောင်းများ၊ စာကြည့်တိုက်များ တည်ဆောက်ပေးရခြင်း စသည်တို့ ပါဝင်ပါသည်။ ရွာသားများ တည်ဆောက်ရသော ဆေးပေးခန်းများ၊ ကျောင်း များ၊ စာကြည့်တိုက်များကို စစ်အစိုးရမှ ထောက်ပံ့မှုအနည်း၊ အကျဉ်းသာ ပေးပါသည်။ သို့မဟုတ် ထောက်ပံ့မှု လုံးဝနီးပါး ပေးအပ်ခြင်းမရှိပါ။



**၂၀၀၆ ခုနှစ် ဇူလိုင်လ နှောင်းပိုင်းတွင် နအဖ တပ်ရင်းမှူးရန်နိုင်စိုး၏ အမိန့်အရ ဖာပွန်ခရိုင် အနောက်တောင်ပိုင်းရှိ ရွာတစ်ရွာမှ ရွာသားများသည် အနီးရှိ ဝါးမူး စစ်စခန်းသို့ သယ်ယူပို့ဆောင်ရန် ဝါးနှင့် သက်ငယ်များကို ၎င်းတို့ရွာတွင် စုပုံထားသည်ကို ဤပုံများတွင် တွေ့မြင်ရပါမည်။ ဝါးမူး စစ်စခန်း အနီးဝန်းကျင်ရှိ ရွာများသည် လက်နှစ်ဘက်ဆုပ်အရွယ်ရှိ ဝါးလုံး ၃၀၀ မှ ၅၀၀ အထိ စစ်တပ်ကို ပေးဆောင်ရန် တောင်းခံခြင်းခံရပါသည်။ သက်ငယ်အပျစ် ၁၀၀ မှ ၁၀၀၀ အထိကိုလည်း တောင်းခံခြင်းခံရပါသည်။ ၎င်းတို့ တောင်းခံသောဝါးများ၊ သက်ငယ်များသည် စစ်စခန်းများရှိ အဆောက် အအုံများ ပြင်ဆင်ရန်အတွက်အသုံးပြုခြင်း ဖြစ်သည်ဟု ရန်နိုင်စိုးမှပြောဆိုခဲ့ပါသည်။ သို့သော် အရေးအတွက် အလွန်များ**

**ပြားသော ဝါးများနှင့် သက်ငယ်များကို ပုံမှန်တောင်းခံခြင်းကို ကြည့်ခြင်းဖြင့် ၎င်းစစ်ဗိုလ်ရန်နိုင်စိုးသည် ၎င်းကိုယ်ကျိုး အတွက် ဝါးများနှင့် သက်ငယ်များကို ပြန်လည်ရောင်းချမည်ဟု ထင်မြင်ယူဆနိုင်ပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အ ရေးအဖွဲ့ )**



**ထိန်းသိမ်းခြင်းခံရသော ရွာသားများနှင့် စစ်တပ်၏ထိန်းချုပ်မှု**

နအဖ စစ်အစိုးရသည် ၎င်းတို့ တည်ထောင်ထားသောရွှေ့ပြောင်းကျေးရွာများနှင့် တပ်မြို့အသစ်များကြောင့် ပြည်သူများ၏ ဘဝသည် စစ်အုပ်ချုပ်မှုအောက်တွင် တိုးတက်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ဖွံ့ဖြိုးရေးလုပ်ငန်း များအောင်မြင်လျက်ရှိကြောင်း ထုတ်ဖော်ပြောဆိုလေ့ရှိသော်လည်း ရွာသားများအတွက်မှာမူ ရွှေ့ပြောင်းကျေး ရွာများသည် ထိန်းသိမ်းရေးစခန်းများပင် ဖြစ်ပါသည်။ ထို့အပြင် နအဖ စစ်အစိုးရသည် ၎င်းတို့လုံးဝထိန်း ချုပ်ထားနိုင်သောဒေသများရှိ ကျေးရွာများတွင်လည်း ရွှေ့ပြောင်းကျေးရွာများ ကဲ့သို့ပင် ရွာသားများအပေါ် အမြတ်ထုတ်အနိုင်ကျင့် ခေါင်းပုံဖြတ်လျှက်ရှိပါသည်။ အထက်ပါ အခြေအနေ နှစ်ရပ်လုံးတွင် ရွာသားများအား လုံးသည် လွတ်လပ်စွာသွားလာခွင့် ပိတ်ပင်ခံရခြင်းနှင့် ၎င်းတို့ကို ထိန်းချုပ်ထားသောစစ်တပ်များအတွက် မိမိတို့၏ လုပ်အားများစွာကို ပေးဆပ်ကြရပါသည်။ အဆိုပါ ကန့်သတ်ပိတ်ပင်မှုများနှင့်တောင်းဆို မှုများသည် ရွာသားများ အတွက် နေ့စဉ်ဘဝအသက်ရှင်နိုင်ရန် အခက်အခဲ ဖြစ်စေပြီး ရွာသားများကို ပိုမိုဆင်းရဲကျပ်တည်းစေပါသည်။ ထို့အပြင် ရွာသားများ၏ ကျန်းမာရေးအခြေအနေများကို ပိုမိုဆိုးရွားစေပြီး ရွာသားများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍအသီးသီးကို ထိခိုက်နစ်နာစေပါသည်။ နအဖ စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် နေထိုင်ရသော ရွာသားများသည် နအဖ စစ်အစိုးရ၏ ကန့်သတ်ပိတ်ပင်မှုများနှင့် တောင်းဆိုမှုများကြောင့် ဆင်းရဲကျပ်တည်း မှုများကို ရင်ဆိုင်ကြုံတွေ့ရမည်ကို သတိပြုမိပါသည်။ ထို့ကြောင့် ရွာသားများအတွက် စစ်အစိုးရ၏ဖိနှိပ်မှုများကို ပြန်လည်တွန်းလှန်ရန် အခြေခံအကျဆုံး နည်းဗျူဟာမှာ ၎င်းတို့ ရွာများအနီးဝန်းကျင်ရှိ တောတောင်များအတွင်း

သို့ ထွက်ပြေးပုန်းအောင်းခြင်းပင်ဖြစ်ပါသည်။ ထွက်ပြေးပုန်းခိုရာ တော၊ တောင်များတွင် ရွာသားများသည် ဘဝကို ရပ်တည်နိုင်ရန်နှင့် ကျန်းမာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့ရနိုင်သော်လည်း ရွှေ့ပြောင်းကျေးရွာများတွင် စစ်တပ်၏ ဖိနှိပ်မှုကိုခံကြရမည့်အစားတောတောင်တွင်း ဂုဏ်သရေရှိစွာဖြင့် အသက်ရှင်နေထိုင်ရခြင်းကို ပိုမိုနှစ်သက်ပါသည်။ ကရင်ပြည်နယ်တစ်လွှားတွင် ရေမြေတောတောင် အခြေအနေများ တစ်နေရာနှင့် တစ်နေရာမတူညီသောကြောင့် ရွာသားများအားလုံး သည် မိမိတို့ နေထိုင်ရာဒေသများ အနီးဝန်းကျင်သို့ အစဉ်အမြဲ ထွက်ပြေးပုန်းအောင်းခြင်းမပြုနိုင်ပါ။ ထို့ကြောင့် နအဖ စစ်အစိုးရသည် အချို့ရွာသားများကို ရွှေ့ပြောင်းကျေးရွာများနှင့် ၄င်းတို့ထိန်းချုပ်နယ်မြေရှိ ကျေးရွာများသို့ရွှေ့ပြောင်းနေထိုင်စေရန် လုပ်ဆောင်နိုင်ပါသည်။ ဤ နယ်မြေဒေသများတွင် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသော နအဖ စစ်အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ၄င်းဒေသများကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်လိုခြင်း မဟုတ်ဘဲ စစ်အုပ်ချုပ်ရေး၏ နည်းဗျူဟာများကို ထုတ်ဖော်အသုံးပြုခြင်းပင် ဖြစ်ပါသည်။ မိမိတို့၏ စိုက်ပျိုးမြေများတွင် လွတ်လပ်စွာလုပ်ကိုင်ခွင့် ပိတ်ပင်ခံရခြင်း၊ စစ်တပ်၏ ကန့်သတ်ပိတ်ပင်မှုများကို ခံရခြင်း နှင့် အတင်းအဓမ္မတောင်ဆိုမှုများကို ရင်ဆိုင်ရခြင်းစသည့်အကြောင်းများသည် ရွာသားများ၏ ဘဝလွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေးများကို အတားအဆီး အနှောက်အယှက် ဖြစ်စေပါသည်။ ရွှေ့ပြောင်းကျေးရွာများတွင် ရွာသားများ၏ အခြေအနေကို ပိုမိုဆိုးရွားစေသော အခြားအကြောင်းအရာတစ်ခုမှာ မြေကွက်များကို အကန့်အသတ်ဖြင့် သာရရှိခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အကန့်အသတ်ဖြင့်ရရှိသော မြေကွက်များပေါ်တွင် ရွာသားများသည် မိမိတို့ နေအိမ်များကို ဆောက်လုပ်ကြရပြီးကျန်ရှိသောမြေကွက်လပ်ကျဉ်းကျဉ်းကျပ်ကျပ်တွင် မိသားစုစားသုံးရန်အတွက် သီးနှံများကို စိုက်ပျိုး၍ရသမျှ စိုက်ပျိုးကြရပါသည်။ ၄င်းတို့၏ အိမ်မွေးတိရစ္ဆာန်များကို ယခင်က ၄င်းတို့ နေထိုင်ခဲ့သောရွာများတွင်ထားခဲ့ရပါသည်။ ရွာသားများသည် ရွှေ့ပြောင်းကျေးရွာများသို့ ၄င်းတို့ယူဆောင်လာနိုင်သောအိမ်မွေးတိရစ္ဆာန်များကိုလည်း နေအိမ်များအောက်နှင့် နေအိမ် အနီးဝန်းကျင်တွင်သာထိန်းကျောင်းနိုင်ပါသည်။ ရွာသားများသည် ၄င်းတို့ ယခင်နေထိုင်ခဲ့သော ရွာများနှင့် အနီးဝန်းကျင်ရှိ နွားစားကျက်မြေများနှင့် အများပိုင် စားကျက်များတွင် မိမိတို့၏ ကျွဲ၊ နွားအိမ်မွေးတိရစ္ဆာန်များကို ထိန်းကျောင်းနိုင်ခြင်းမရှိတော့ပေ။

> ***"အချို့ ရွာသားများသည် မိမိတို့ ကျွဲ၊ နွားနှင့် လှည်းများကို နောက်တွင် ချန်ထားခဲ့ရပြီး နအဖ ရွှေ့ပြောင်းစေသောနေရာများသို့ ပြောင်းရွှေ့ပြီး အိမ်များဆောက်လုပ်ရပါသည်။ ၄င်းတို့၏ ကျွဲ၊နွားများကို ရွာဟောင်းတွင်ထားခဲ့ရပါသည်။ ၄င်းရွာသားများသည် မိမိ ကျွဲ၊နွားများကိုယူဆောင်ရန် ရွာဟောင်းများသို့ ပြန်သွားသောအခါ ကျွဲ၊နွားများ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပါသည်။"***

**-စော ---(ကျား၊ ၅၁)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဩဂုတ်လ ၂၀၀၆)**

ထို့အပြင် စစ်တပ်သည် ရွာသားများကို ရွာသူကြီး သို့မဟုတ် စစ်ဗိုလ်များ၏ ထောက်ခံစာများမပါရှိဘဲ ရွှေ့ပြောင်းကျေးရွာများနှင့် စစ်တပ်ထိန်းချုပ်နယ်မြေရှိ ကျေးရွာများမှ ထွက်ခွာခွင့်မပြုပေ။ ရွာသားများသည် ခရီးသွားခွင့် ထောက်ခံစာများရရှိရန် အနည်းဆုံး ငွေကျပ် ၅၀၀ ပေးဆောင်ရပါသည်။ ဤကဲ့သို့ ပေးဆောင်ရသောငွေကြေးသည် ထုတ်ပေးသူ အရာရှိ၏ တောင်းဆိုမှုသည် ဒေသအလိုက် ကွဲပြားခြားနားသော်လည်း ၄င်းထောက်ခံစာ၏ သက်တမ်းမှာ တစ်ရက်သာဖြစ်ပါသည်။ စစ်တပ်၏ ခရီးသွားခွင့် ပိတ်ပင်ခြင်းများကြောင့် ရွှေ့ပြောင်းကျေးရွာ

များတွင် နေထိုင်ရသောရွာသားများသည် ၎င်းတို့ ယခင်နေထိုင်ခဲ့သောကျေးရွာများရှိ စိုက်ခင်းများကို ပြန်လည်ကြည့်ရှုပြုစုနိုင် ခြင်း မရှိပေ။ ထို့ကြောင့် ၎င်းတို့၏ စိုက်ခင်းများရှိ သီးနှံများသည် ပုပ်ပျက်ကုန်ပါသည်။ သို့မဟုတ် တောရိုင်းတိရစ္ဆာန်များ၏ ဖျက်ဆီးခြင်း သို့မဟုတ် ပေါင်းပင်များ၏ ဖုံးလွှမ်းခြင်းကို ခံရပါသည်။ စစ်သားများသည် ရွှေ့ပြောင်းကျေးရွာများအနီး ရွာသားများ ထွန်ယက်စိုက်ပျိုးထားသော လယ်ကွင်းအသစ်များသို့သွားရောက်ခွင့်ကိုပင် ကန့်သတ်ချုပ်ခြယ်ထားသောကြောင့် ၎င်းလယ်စိုက်ခင်းများကိုပင် ရွာသားများသည် ကောင်းမွန်စွာကြည့်ရှုပြုစုနိုင်ခြင်း မရှိပေ။ ၎င်းလယ်ကွင်းများသို့ သွားရောက်လုပ်ကိုင်ပြီး လယ်စောင့်တဲများတွင် ညအိပ်နေထိုင်ခြင်း ပိတ်ပင်ထားသောကြောင့် စပါးစိုက်ခင်းများ အောင်မြင်စွာရိတ်သိမ်းနိုင်ရန် အခက်အခဲဖြစ်စေပါသည်။ လွတ်လပ်စွာသွားလာလှုပ်ရှားခြင်းကို ပိတ်ပင်ထားခြင်းကြောင့် ရွှေ့ပြောင်းကျေးရွာများနှင့် နအဖ ထိန်းချုပ်နယ်မြေများရှိ ရွာသားများသည် အနီးဝန်းကျင်ရှိ တောအုပ်များအတွင်း သဘာဝသီးပင်စားပင်များနှင့် ထင်းများ သွားရောက်ရှာဖွေ ကောက်ယူခြင်းကို အတားအဆီး ဖြစ်စေပါသည်။ သို့မဟုတ် ၎င်းတို့၏ စိုက်ပျိုးသီးနှံများကို ရွာကြီးနှင့် မြို့များသို့သွားရောက်ရောင်းချနိုင်ရန်အတွက် အတားအဆီး ဖြစ်စေပါသည်။

(တံဆိပ်)
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်
စာအမှတ်-၄/၁-၁/၃၁
နေ့စွဲ ၂၇-၆-၂၀၀၅

သို့
ဥက္ကဋ္ဌများ
ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီ
ကော့ကရိတ်မြို့နယ်

အကြောင်းအရာ။ ။စပါးစိုက်ခင်းများရှိ လယ်စောင့်တဲများအကြောင်း

၁။ ကရင်ပြည်နယ်မြို့နယ်များရှိ လယ်စိုက်ခင်းများတွင် ယာယီဆောက်လုပ်ထားသော လယ်စောင့်တဲများအားလုံးကို ပြန်လည်ဖျက်သိမ်းရပါမည်။ ဤအမိန့်ကြေငြာချက်ကို လိုက်နာခြင်းမရရှိပါက ၂၂-၆-၂၀၀၅ တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပြန်ခဲ့သောစာအမှတ် ၅/၂-၁၇/၃၆ ပါ ဥပဒေအရ ထိရောက်စွာအရေးယူခံရပါမည်။

၂။ ထို့ကြောင့် ရပ်ကွက်/ကျေးရွာများရှိ လယ်ကွင်းများတွင် လယ်စောင့်တဲများကို ဆောက်လုပ်ထားပါက ပြန်လည်ဖျက်ဆီးရပါမည်။ အမိန့်ကြေငြာစာတွင်ပါရှိသော အချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ညွှန်ကြားထားသောဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရပါမည်။

ထိုးမြဲလက်မှတ်
ဥက္ကဋ္ဌ (ကစ)
(ညွှန့်ဦး ၊ အတွင်းရေးမှူး)

မိတ္တူကို -
- မြို့နယ်ဦးစီးမှူး ၊ မြို့နယ် မြေစာရင်းဦးစီးဌာန ကော့ကရိတ်မြို့
- မန်နေဂျာ ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကော့ကရိတ်မြို့-
- ရုံး/ ဖိုင်တွဲ

ဤစာသည် နအဖ၏ ထိန်းချုပ်မှုအောက်တွင် ယာယီတဲများဆောက်လုပ်ခြင်းမရှိအောင် သေချာစွာ ဆောင်ရွက်ခြင်းဖြစ်သည်။

ဤအမိန့် ကြေငြာစာကို စပါးစတင်စိုက်ပျိုးသောအချိန်တွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုအချိန်တွင် လယ်သမားများသည် လယ်စောင့်တဲများကို မရှိမဖြစ် လိုအပ်နေသောအချိန် ဖြစ်ပါသည်။ 'ထိရောက်စွာ အရေးယူမည်ဟု ဆိုရာတွင် စစ်သားများသည် လယ်စောင့်တဲများကို တွေ့ရှိပါက ဖျက်ဆီးမည်ဖြစ်ပြီးပိုင်ရှင်များကိုလည်း ဒဏ်ငွေပေးဆောင်စေပါမည်။

***"ကျွန်တော်တို့ ရွာသားများသည် တောတွင်းသို့သွားရောက်ပြီး ထင်းများကောက်ယူစုဆောင်းရန်နှင့် အင်ဖက်များကောက်ယူစုဆောင်းရန်ကိုပင် ပိတ်ပင်ခြင်းခံကြရပါသည်။ ထို့ကြောင့် ရွာသားအချို့တို့သည် အိမ်ခေါင်မိုးမိုးရန်အတွက် ရေချာကျပ်စီကုန်း မှ သွားရောက်ပြီး အင်ဖက်များဝယ်ယူရပါသည်။ အင်ဖက်များသည် အလွန်ပင် ဈေးနှုန်းမြင့်မားပါသည်။ အင်ဖက် အပျစ် ၁၀၀ ကို ၅၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူရပါသည်။ ယခင် အချိန်ကဆိုလျှင် အင်ဖက်များကို ကိုယ်တိုင်သွားရောက် ကောက်ယူနိုင်သောကြောင့် ဝယ်ယူရခြင်း မရှိပါ။ သို့သော် ယခုအခါတွင် ကျွန်တော်တို့သည် အင်ဖက်များကိုမဝယ်နိုင်ပါက အိမ်အမိုးများမပြင်ဆင်နိုင်ဘဲ မိုးရွာထဲတွင်သာနေကြရပါမည်။"***

**-စော ---(ကျား၊ ၄၀)၊ ---ရွာ၊ တောင်ငူခရိုင် (ဧပြီလ ၂၀၀၆)**

တံဆိပ် နေ့စွဲ- ၄-၁၂-၂၀၀၆

အမှတ် (၆၈) ခြေမြန်တပ်ရင်း

တပ်ရင်းရုံးစာအမှတ်

နေ့စွဲ------------

သို့

ဥက္ကဋ္ဌ

မင့်ကျော်ဝင်းကျေးရွာ

အကြောင်းအရာ။ ။ ရွာသားများထံ အသိပေးကြေငြာခြင်း။

၁။ လူကြီးမင်း၏ကျေးရွာရှိ ရွာသားများသည် ဒီဇင်ဘာလ ၁၅ ရက်နေ့ နောက်ပိုင်းမှစ၍ ရွာတွင်း၌ အိပ်စက်ရမည်ဖြစ်ပြီးတောင်ယာစိုက်ခင်းများတွင် ညအိပ်ခွင့်မပြုပေ။

၂။ သတ်မှတ်ထားသော နောက်ဆုံးရက် ကျော်လွန်ပြီးနောက် တပ်မတော် စစ်ကြောင်းမှ ရွာသားများကိုတွေ့ရှိပြီး ပစ်ခတ်ပါက အကျွန်ုပ်တာဝန်ယူမည် မဟုတ်ပါ။ စစ်သားများသည် ရွာသားများကို တောင်ယာစိုက်ခင်းများတွင် ညအိပ်နေထိုင်သည်ကို တွေ့ရှိပါက ၎င်းတို့ကို ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ထိုးမြဲလက်မှတ်

တပ်ရင်းမှူး

ဝင်းမော်စစ်စခန်း

စစ်တပ်များသည် ရွှေ့ပြောင်းကျေးရွာများတွင် နေထိုင်ကြသောရွာသားများကို လယ်ကွက်အသစ်များ၌ စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးသော်လည်း ရွှေ့ပြောင်းကျေးရွာများအနီးတွင် လယ်မြေကွက်လပ်များ မရှိသောကြောင့် အသစ်ရောက်ရှိလာကြသူများသည် ရွှေ့ပြောင်းရွာများသို့ ဦးစွာရောက်ရှိနှင့် သူများနှင့် ယှဉ်ပြိုင်လုယူစိုက်ပျိုးရပါသည်။ လွတ် လပ်စွာ ခရီးသွားလာခွင့်ကို ပိတ်ပင်ထားခြင်းကြောင့် ရွာသားများသည် မိမိတို့ စိုက်ခင်းများသို့ သွားရောက်နိုင်ခြင်း မရှိပါ။ ထို့အပြင် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်းရယူရန် အခက်အခဲဖြစ်စေပါသည်။ ရောင်းဝယ်ရေးနှင့် စီးပွားရေး အခွင့်အလမ်းများကိုလည်း ဆုံးရှုံးနစ်နာ စေပါသည်။ ရွှေ့ပြောင်းရွာများတွင် လုပ်ကိုင်စားသောက်ရန် မြေယာအရင်းအမြစ်များမရှိခြင်းနှင့် စစ်တပ်များ၏ ဖိနှိပ်ကန့်သတ်မှုများကြောင့် ရွာသားများ အသက်ရှင်နေထိုင်ရန် အလွန်ပင် ခက်ခဲပါသည်။ ရွှေ့ ပြောင်းကျေးရွာများတွင် နေထိုင်ကြသော ရွာသားများသည် အထက်ပါ ကန့်သတ်ချုပ်ချယ်မှုများအောက်တွင် အသက်ရှင်ရပ်တည်နိုင်ရန် မဖြစ်နိုင်သော အခါ မြေနေရာရရှိနိုင်မှု အကန့်အသတ်ရှိသည်ကို အကြောင်းပြပြီး ကန့်သတ်ချုပ်ချယ်မှု လျှော့ချစေရန် ဒေသခံစစ်ဗိုလ်များထံ ညှိနှိုင်းတောင်းဆိုပါသည်။ ၎င်းတို့ တောင်းဆိုမှုကို စစ်ဗိုလ်များမှ လက်ခံပါကရွာသားများသည် မူရင်း ရွာဟောင်းများနှင့် စိုက်ခင်းများသို့ ပြန်သွားနိုင်ပါသည်။ ဤအချက်များကို ကြည့်ခြင်းဖြင့်နိုင်ငံတကာ ကူညီထောက်ပံ့ရေးအေဂျင်စီများသည် ရွှေ့ပြောင်းကျေးရွာများကို နအဖ စစ်အစိုးရမှတစ်ဆင့် အကူအညီ

အထောက်အပံ့များပေးအပ်ပါက ရွှေ့ပြောင်းကျေးရွာများရှိ ရွာသားများကို နအဖမှ ဆက်လက်ထိန်းချုပ်ထားနိုင်ရန် အကူအညီပေးသကဲ့သို့ပင်ဖြစ်ပေမည်။ ဥပမာအားဖြင့် နိုင်ငံတကာ အေဂျင်စီများသည် ရွှေ့ပြောင်းကျေးရွာများကို နအဖ မှတဆင့် စားနပ် ရိက္ခာထောက်ပံ့ပါက ရွာသားများသည် စားနပ်ရိက္ခာမလုံလောက်မှုကို အကြောင်းပြပြီး ကန့်သတ်မှုများလျှော့ချပေးရန် တောင်းဆို၍မရနိုင်တော့ပါ။ သို့သော် နိုင်ငံတကာ အေဂျင်စီများသည် ရွှေ့ပြောင်းကျေးရွာများကို စားနပ်ရိက္ခာနှင့် အခြားသောအထောက်အပံ့များကို လျှို့ ဝှက်စွာ ထောက်ပံ့ပေးပါက ရွာသားများသည် ဒေသခံစစ်ဗိုလ်များထံ စားနပ်ရိက္ခာ မလုံလောက်မှုကို အကြောင်းပြပြီး ကန့်သတ်ပိတ်ပင်မှုများကိုလျှော့ချပေးရန် တောင်းဆို၍ ရရှိနိုင်သည်သာမက တစ်ဖက်မှလည်း နိုင်ငံတကာ အကူအညီ များကို ရယူနိုင်ပါသည်။ ဤနည်းဖြင့် နိုင်ငံတကာ အေဂျင်စီများသည် ရွှေ့ ပြောင်းကျေးရွာများထံသို့ အကူအညီ များကို လျှို့ ဝှက်ပေးပို့ ပေးနိုင်ပြီး ရွှေ့ပြောင်းကျေးရွာများ၏ သက်တမ်း မကြာရှည်ရေးကိုလည်း အထောက်အကူဖြစ်စေပါမည်။ အဓိက ဆုံးဖြတ်ရမည့် အချက်မှာ နိုင်ငံတကာ အေဂျင်စီများသည် အကူအညီများကို တိုးမြှင့်ပေးမည် လော သို့မဟုတ် ရွာသားများ၏ ရွေးချယ်ပိုင်ခွင့်ကို ကန့်သတ်မည် လော ဟူသည့် အချက်များပင်ဖြစ်ပါသည်။ ရွာသားများ၏ ရွေးချယ်ပိုင်ခွင့်များကို လျှော့ချစေနိုင်သော အကူအညီ အထောက်အပံ့များသည် ရွာသားများအတွက် ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်ပေါ်စေမည်။

## ပညာရေးကဏ္ဍ

***"ပညာရေးဝန်ကြီးဌာနသည် ၁၉၈၈ မှစ၍ အခြေခံပညာရေးနှင့် ပတ်သက်၍ ဖွံ့ ဖြိုးတိုးတက်ရန် လုပ်ဆောင်ခဲ့ပြီး အဆင့်မြင့် ပညာရေးကဏ္ဍကိုမူ ဖွံ့ဖြိုးတိုးတက်ရန် ၁၉၉၆ ခုနှစ်မှ စတင်၍လုပ်ဆောင်ခဲ့ပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင်ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရေတို၊ရေရှည် စီမံကိန်းများဖြင့် အကောင်အထည်ဖော်လုပ်ဆောင်လျှက်ရှိပါသည်။ အခြေခံပညာရေးကဏ္ဍတွင် အစိုးရသည် ကျောင်းသစ်များကို ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်များကို တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံးကို ကျောင်းအပ်နှံစေခြင်းနှင့် မူလတန်းလွန် ကျောင်းများကို ဖွင့် လှစ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်လျှက်ရှိပါသည်။"***

**-ဦးမျိုးညွန့် ၊ ပညာရေးဝန်ကြီးဌာန ဒုဝန်ကြီး (ဧပြီလ ၂၀၀၆)**[၉၂]

***"ရွာသားများသည် ကျောင်းများကို ဆောက်လုပ်ပါသည်။ သို့သော် နအဖ စစ်အစိုးရသည် ၄င်းကျောင်းများ၏ အမည်ကို ပြောင်းလဲပြီး နအဖမှ တည်ဆောက်ပေးသကဲ့သို့ ပြုလုပ်ပါသည်။"***

**-နော် ---၊ (မ၊ ၄၅)၊ ---ရွာ၊ သထုံခရိုင် (နိုဝင်ဘာ ၂၀၀၅)**

နအဖ စစ်အစိုးရသည် တိုင်းပြည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်လျှက်ရှိသည်ကို အကြောင်းပြပြီး ၄င်းတို့ကို တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုခံ ရရန် လုပ်ဆောင်လျှက်ရှိသော်လည်း စစ်အုပ်ချုပ်ရေးကို ခြိမ်းခြောက်မည့် ပညာရေးအခွင့်အရေးများကိုမူ ကန့်သတ်ပိတ်ပင်လျှက် ရှိပါသည်။ ကရင်ပြည်နယ် ကျေးလက်ဒေသများတွင် စစ်သားများသည် ပညာရေးကို တိုက်ရိုက်ပိတ်ပင်တားဆီးပါသည်။ ဤကဲ့သို့ ပိတ်ပင်ရာတွင်

[၉၂] SPDC Press Conference, April 27th 2006. Accessed at http://www.myanmar.com/pressconference/index.html on March 2nd 2007.

စစ်သားများသည် ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ခွင့်မပြုခြင်း၊ ကရင်ဘာသာဖြင့် သင်ကြားခြင်းများကို ပိတ်ပင်ခြင်း၊ နအဖ စစ်အစိုးရမှတစ်ဆင့် ပေးပို့ခြင်းမဟုတ်သော ကျောင်းသုံးပစ္စည်းများကို သိမ်းယူခြင်းနှင့် ရွာသားများကို ရွှေ့ပြောင်းကျေးရွာများသို့ ရွှေ့ပြောင်းနေထိုင်စေရန် ကျောင်းများကိုဖျက်ဆီးမီးရှို့ ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် စစ်သားများသည် ရွာသားများ၏ ပညာရေးကို သွယ်ဝိုက်သောနည်းဖြင့်လည်း အနှောက်အယှက် ပြုပါသည်။ လုပ်အားပေးများ မကြာခဏ စေခိုင်းခြင်း၊ စားနပ်ရိက္ခာ၊ ငွေကြေးနှင့် အခြားသော အထောက် အပံ့ပစ္စည်းများကို တောင်းခံခြင်းနှင့် ခရီးသွားခွင့်၊ ကုန်စည်ရောင်းဝယ်ခွင့် တို့ကို ကန့်သတ်ပိတ်ပင်ထားခြင်းကြောင့် ပြည်သူတို့၏ စားဝတ်နေရေးကိုများစွာ ထိခိုက်စေပြီး မိမိတို့၏ ကလေးငယ်များကို ပညာသင်ကြားပေးရန် ငွေကြေးထောက်ပံ့မှုများ မပြုလုပ်နိုင်ပါ။


## ပညာရေးကဏ္ဍကို ကန့်သတ်ပိတ်ပင်ခြင်းနှင့် အတားအဆီးများ

> ***"ကျွန်တော်တို့ ရွာတွင် စာသင်ကျောင်းမရှိပါ။ နအဖ စစ်အစိုးရက ခွင့်မပြုသောကြောင့်ဖြစ်ပါသည်။ နအဖ အစိုးရသည် ကျွန်တော်တို့ ရွာတွင် ကျောင်းရှိပါက ကျွန်တော်တို့ ရွာသားများ ပညာတတ်ဖြစ်လာ မည်ကို စိုးရိမ်ပါသည်။ ကျွန်တော်တို့ ပညာတတ် ဖြစ်လာပါက စစ်အစိုးရ သည် ကျွန်တော်တို့ကို ဖိနှိပ်၍ မရတော့ပါ။ ကျွန်တော်တို့ကို နင်း၍လည်း မရတော့ပါ။ ထို့ကြောင့် စစ်အစိုးရသည် ကျွန်တော်တို့ ရွာတွင် စာသင်ကျောင်း ဆောက်ခွင့်မပြုပေ။"***

**-ကို ---(ကျား၊ ၄၅)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဇွန်လ ၂၀၀၀)**

နအဖ ထိန်းချုပ်နယ်မြေ ပြင်ပတွင် နေထိုင်သောရွာသားများကို ရွှေ့ပြောင်းရွာများသို့ပြောင်းရွှေ့နေထိုင်ရန် လုပ်ဆောင်မှုများတွင် စစ်သားများသည် စာသင်ကျောင်းများကို အမြဲပင် ဖျက်ဆီးလေ့ရှိပါသည်။ စစ်တပ်၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင် မရှိသော နေရာဒေသများတွင် နေထိုင်သော ရွာသားများကို နိုင်ငံတော်၏ ရန်သူများဟုသတ်မှတ်ထားပြီး စစ်သားများသည် ၎င်းရွာများကို တိုက်ခိုက်သောအခါ လူမှုအဖွဲ့အစည်း၏ အဓိက သင်္ကေတဖြစ်သောစာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းဖြင့် ၎င်းလူမှုအသိုက်အဝန်းသည် ဆက်နိုင်ရန်မ လွယ်ကူတော့ပေ။ စစ်သားများ၏ တိုက်ခိုက်မှုများမှ ထွက်ပြေးပုန်းအောင်းရသော ရွာသားများသည် ၎င်းတို့ ပုန်းအောင်းရာနေရာများတွင် စာသင်ကျောင်းများ ပြန်လည်ထူထောင်နိုင်ရန် လုပ်ဆောင်လျှက်ရှိပါသည်။ သို့သော် နအဖ ကင်းလှည့်စစ်သားများသည် တောတွင်းပုန်းအောင်းနေထိုင်သူ ရွာသားများကို ပစ်မှတ်ထား ရှာဖွေတိုက်ခိုက်သောကြောင့် ရွာသားများအတွက် အခက်အခဲဖြစ်စေပါသည်။ တောတောင်တွင်း ထွက်ပြေးပုန်းအောင်းရသူ ရွာသားများသည် မိမိတို့ ကလေးငယ်များ ပညာဆက်လက်သင်ကြားနိုင်ရေးကို ဦးစားပေး လုပ်ဆောင်ပါသည်။ တောတွင်းပညာဆက်လက်သင်ကြားနိုင်ပါက မိမိတို့၏ ကျေးရွာ လူမှုအဖွဲ့အစည်း များကို ထိန်းသိမ်းထားနိုင်ခြင်း၊ စစ်တပ်၏ တိုက်ခိုက်မှုကို ခံရသော်လည်း ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ခြင်းနှင့် ပုန်းအောင်းရာနေရာများတွင် ရင်ဆိုင်ရမည့် ဘဝ အခက်အခဲ များကို ကြံ့ ကြံ့ခံနိုင်ရန် ကြိုးစားလုပ်ဆောင်ခြင်း စသည့် အချက်များကို လုပ်ဆောင်နိုင်ပါမည်။ မည်သို့ပင်ဆိုစေ တောတွင်းတွင် ပုန်းအောင်းရသော ရွာသားမိဘများသည် ၎င်းတို့၏ ကလေးငယ်များကို စားဝတ်နေရေးအတွက် အကူအညီ ရရှိနိုင်ရန် စေခိုင်းကြ

ရပါသည်။ အဘယ်ကြောင့်ဆိုသော် တောတွင်းတွင် စားနပ် ရိက္ခာ အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် ဖြစ်ပါသည်။



**ဖာပွန်ခရိုင်၊---ကျေးရွာမှ အသက် ၁၃နှစ် အရွယ်ရှိ နော် ---သည် ဆန်ဖွပ်ခြင်းဖြင့် မိသားစုကိုကူညီရပါသည်။ ၎င်းနော် ---ပညာသင် ယူလိုသော်လည်း နအဖ စစ်တပ် များ၏ အန္တရာယ်ကြောင့် မိဘများနှင့် အတူတောတွင်းသို့ ထွက်ပြေးပုန်းအောင်း ရပါသည်။ တောတွင်းတွင် စားဝတ်နေရေးနှင့်ပတ်သက်၍အခက်အခဲများစွာတွေ့ကြုံကြရသောကြောင့် နော်---သည် ၎င်း၏ ကိုယ်ပိုင်အချိန်ကို အိမ်မှုကိစ္စများအတွက် ပိုမိုအသုံးပြုရပါသည်။ သူမမှ အောက်ပါအတိုင်းပြောပြခဲ့ပါသည်။ "ကျွန်မ အမေသည် ကျွန်မကိုကျောင်းသို့ပို့ဆောင် ပညာသင်ယူစေပါသော်လည်းကျွန်မတို့သည် တောတွင်းသို့ မကြာခဏထွက်ပြေးပုန်းအောင်းရသောကြောင့် အမေသည်ကျွန်မအားအိမ်မှုကိစ္စနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် ပါဝင်ကူညီ စေပါသည်။ (-ဓာတ်ပုံ-KHRG)**

***"တောတွင်းသို့ ထွက်ပြေးပုန်းအောင်းရာတွင် မိသားစုများသည် တစ်ကွဲတစ်ပြားစီ ထွက်ပြေးကြသောကြောင့် ကျောင်းသားများကို အတူတစ်ကွ စုစည်းပြီး စာသင်နိုင်ရန် အခက်အခဲ ရှိပါသည်။ သို့ သော် ရွာတွင် စခန်းချထားသော နအဖ စစ်သားများ မည်သည့် အချိန်တွင် ပြန်လည်ဆုတ်ခွာမည်ကိုမသိရှိသောကြောင့် တောတွင်းတွင် ကျောင်းများကို မဖြစ်မနေဖွင့်လှစ်ထားရပါသည်။ ထို့ကြောင့် ယခုအခါကျောင်းသားများအားလုံးပညာသင်ယူခွင့် ရရှိကြပါသည်။"***

**-နော် ---(မ၊ ၃၆)၊ ကျောင်းအုပ်၊ ---ရွာ၊ ညောင်လေးပင်ခရိုင် (ဇွန်လ ၂၀၀၆)**

***"နအဖ စစ်သားများ ကျွန်တော်တို့ရွာအနီးလှုပ်ရှားထိုးစစ် ဆင်လာသောကြောင့် ကျွန်တော်တို့ရွာမှ ထွက်ပြေးခဲ့ရပါသည်။ ကျောင်းစာသင်နှစ်မပြီးဆုံးသေးသောကြောင့် ကျောင်းသားများသည် တောတွင်း၌ သစ်ပင်များအောက်တွင်ပညာဆက်လက်သင်ယူကြရပါသည်။"***

**-စော ---(ကျား၊ ၅၉)၊ ---ရွာ၊ လူသောမြို့နယ် (ဇန်နဝါရီ ၂၀၀၇)**

ကရင်ပြည်နယ်အချို့ဒေသများတွင် ကေအန်ယူအဖွဲ့အစည်းများနှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများသည် ရွာသားများ ပညာရေးအတွက် နအဖစစ်အစိုးရနှင့်မသက်ဆိုင်ဘဲ သီးသန့် အကူအညီ အထောက်အပံ့ပေးပါသည်။ ထိုနေရာဒေသများတွင် နအဖနှင့် ဒီကေဘီအေစစ်သားများသည် ကျောင်းသုံးပစ္စည်းများကို သိမ်းယူပြီး အတန်းမြင့်သောပညာရေးကိုလည်း သင်ယူ၊ သင်ကြားခြင်းမပြုနိုင်ရန် ကန့်သတ် ပိတ်ပင်ထားပါသည်။ အချို့ကျေးရွာများတွင် ဒေသခံ နအဖ အာဏာပိုင်များသည် ရွာသားများကို ကျောင်းများတိုးချဲ့ခွင့်မပြုပါ။ ကျောင်းများကို မူလတန်းအဆင့်ထက်တိုးချဲ့ခွင့်မပြုပါ။ ကျောင်းများကို အဆင့်တိုးချဲ့ပါက ဒဏ်ငွေများကို ပေးဆောင်ရပါသည်။

***"ယခုနှစ်တွင် ကျွန်တော်တို့သည် အလှူရှင်များ လှူဒါန်းသော ဗလာစာအုပ်နှင့် ခဲတံများကို လုံးဝမရရှိပါ။ ကျောင်းသားများထံ ခွဲဝေပေးရန် စီစဉ်ထားသော ဗလာစာအုပ်များ အားလုံးကို ဒီကေဘီအေ (၃၃၃) တပ်ရင်းမှ ဒုတပ်ရင်းမှူး မိုးကြိုးက သိမ်းယူခဲ့ပါသည်။ ဒီကေဘီအေစစ်သားများသည် ရွာများသို့ ရောက်ရှိလာသည့်အခါ ကျောင်းများတွင် ဝင်ရောက်နေထိုင်ပြီး ကျောင်းသားများကို ကျောင်းတက်ခွင့်မပြုပေ။ ထို့ကြောင့် ပညာသင်ကြားရေးကို များစွာအနှောက် အယှက် ဖြစ်စေပါသည်။ ဒီကေဘီအေ စစ်သားများသည်***

*ကျေးရွာများသို့ ဝင်ရောက်သည့်အခါတိုင်း စာသင်ကျောင်းများတွင် ဝင်ရောက်စခန်းချနေထိုင်ကြသော ကြောင့် ကျောင်းသားများသည် ကျောင်းစာသင်ကြားခြင်း မပြုနိုင်ကြပါ။”*

-စော ---(ကျား၊ ၃၈)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)

*“ယခုနှစ်တွင် ကျွန်မတို့ရွာရှိကျောင်းကို ပဥ္စမတန်းအထိ တိုးချဲ့ခဲ့ပါသည်။ ကျောင်းတိုးချဲ့ကြောင်း နအဖ အာဏာပိုင်များထံ သွားရောက်ပြောဆို အကြောင်း ကြားသည့်အခါ ကျွန်တော်တို့ထံမှ ဒဏ်ငွေ ၁၀၀၀၀ ကျပ် တောင်းခံပါသည်။*

-နော် --- (မ၊ ၃၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)

*“ဒီကေဘီအေ စစ်သားများ ကျွန်မတို့ရွာသို့ ဝင်ရောက်လာသောအခါ ကျောင်းများတွင် နေထိုင်တပ်ချသော ကြောင့် ကျောင်းသားများသည် ကျောင်းတက်ရောက်ခွင့်မရရှိကြပေ။ ကျောင်းဆရာ၊ ဆရာမများကိုအတင်း အကျပ်ကျောင်းပိတ်စေပြီး ကျောင်းသားများကို ကျောင်းသို့ လာရောက်ခွင့်မပြုသောကြောင့် ကျောင်းသား များ ပညာသင်ကြား၍မရရှိပေ။”*

-နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)



ဒွဲလိုမြို့နယ်၊ ---ရွာမှ ကျောင်းသားများသည် တောတွင်းလမ်းကိုဖြတ်ကျော်ပြီး အခြားရွာသို့ကျောင်းတွင် ပညာသွား ရောက်သင်ယူရပါသည်။ ၄င်းတို့ ရွာရှိကျောင်းကို ၂၀၀၆ ခုနှစ် အစောပိုင်းကအလယ်တန်း အဆင့်သို့တိုးမြှင့်ရန် နအဖ စစ်ဗိုလ်ထွန်းအောင်မှ ခွင့်မပြုခဲ့ပါ။ အထက်ပါရွာရှိ ကျောင်းဆရာ၊ ဆရာမများသည် ၄င်းတို့ကျောင်းသားများအခြား ကျေးရွာများသို့သွားရောက် ပညာသင်ယူခြင်းမပြုလုပ်ရရန် ရွာရှိကျောင်းကို ၇တန်း အထိတိုးမြှင့်လိုသော်လည်း အမှတ် (၃၀) ခြေလျင်တပ်ရင်းမှ ဗိုလ်ထွန်းအောင်မှခွင့်မပြုခဲ့ပေ။ ကျောင်းကိုတိုးချဲ့ပါကကျောင်းကိုဖျက်ဆီးမည်ဟုလည်း ပြောဆိုခဲ့ပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)

ကျေးရွာတစ်ခုတွင် နအဖ စစ်ဗိုလ်များသည် ကျောင်းပညာကို တိုးချဲ့သင်ယူခွင့် မပြုသောအခါ အဆိုပါကျေးရွာရှိ ကျောင်းသားများသည် မူလတန်းပညာထက်မြင့်သောပညာကို သင်ယူလိုပါကအခြားကျေးရွာများသို့ သွားရောက် သင်ယူရပါသည်။ တောလမ်းများအတိုင်း ခက်ခဲစွာ လမ်းလျှောက်ပြီး အခြားကျေးရွာများသို့ သွားရောက်ပညာ သင်ယူရသော ကလေးငယ်များသည် မြေမြှုပ်မိုင်းအန္တရာယ်နှင့်စစ်သားများ၏ နှောက်ယှက်တိုက်ခိုက်မှု အန္တရာယ် စသည်တို့နှင့် ကြုံတွေ့ နိုင်ပါသည်။ ထို့ကြောင့် အချို့မိဘများသည် မိမိတို့ ကလေးငယ်များအတွက် စိုးရိမ်ပူပန်ကာ အခြားကျေးရွာများသို့ သွားရောက် ကျောင်းတက်ခွင့်မပြုပေ။ အထက်တန်းပညာကို ဆက်လက်သင်ယူလို သော ကျောင်းသားများသည် နအဖထိန်းချုပ်နယ်မြေရှိ မြို့များသို့ သွားရောက်ပညာသင်ယူရပါသည်။ ထိုကဲ့သို့ ပညာသွားရောက်သင်ယူရသောအခါ မိဘများသည် ကျောင်း စားရိတ်နှင့် ကျောင်းသုံးပစ္စည်းများအတွက် ငွေကြေး အကုန်အကျခံရသည့်အပြင် နေထိုင်စားစရိတ်အတွက်ပါ ငွေကြေးများစွာကုန်ကျခံရပါသည်။ လယ်သမားအများ စုမှာ ထိုကုန်ကျစရိတ် ငွေများကို မတတ်နိုင်ကြပါ။ နအဖ ထိန်းချုပ်နယ်မြေမြို့များရှိ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသည် ရံဖန်ရံခါ ဆိုသလို စစ်သားများ၏ ဝင်ရောက်နှောက်ယှက်မှုများကို တွေ့ကြုံရပါ သည်။ စစ်သားများသည် ထိုကျောင်းများမှ ကျောင်းသားများ အထူးသဖြင့် ဝေလံခေါင်ခိုက်သောဒေသများမှ ကျောင်းသားများ ကို ပေါ်တာ သို့မဟုတ် တပ်သားသစ်များအဖြစ် ဖမ်းဆီးခေါ်ဆောင်လေ့ရှိပါသည်။ ကျောင်းသားများအတွက် လုံခြုံစိတ်ချမှု မရှိပါ။ ထို့ကြောင့် မိဘအများသည် မိမိတို့၏ သားသမီးများကို ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများရှိ ကျောင်းများသို့ ပို့ဆောင် ပညာသင်ယူစေပါသည်။ ဒုက္ခသည်စခန်းရှိ ကျောင်းများတွင် ကျောင်းလခနှင့် အဆောင်နေ စား စရိတ်များကို ပေးဆောင်ရန် မလိုအပ်သည့်အပြင် စစ်သားများ၏ အနှောက်အယှက်ပေးမှုများကိုလည်း ရှောင်လွှဲပြီး အေးချမ်းစွာ ပညာသင်ယူ နိုင်ပါသည်။

> ***"မိမိတို့ သမီးမိန်းကလေးကို အခြားမြို့ရွာများရှိ ကျောင်းသို့ ပညာသင်ယူရန်စေလွှတ်လိုသော မိဘများသည် ပထမဦးစွာ ကျောင်းကောင်းနှင့် သမီး မိန်း ကလေးအတွက် လုံခြုံမှုရှိမည့် ကျောင်းကို ရွေးချယ်ရပါသည်။ မိဘများသည် သမီး မိန်းကလေးများကို ရပ်ဝေးသို့ သွားရောက်ပြီး အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ရန်လည်း ခွင့်မပြုလိုကြပါ။ အိမ်ရှင်မတစ်ဦးက မိမိတို့ သမီးကိုရပ်ဝေးသို့သွား ရောက်ပြီး အလုပ်အကိုင်လုပ်ကိုင်စေပါက စိုးရိမ်ပူပန်ကြရမည်ဟုပြောပြပါသည်။ ထို့ကြောင့် မိန်းကလေးများအတွက် လုံခြုံစိတ်ချမှုမရှိသောရပ်ဝေးသို့ သမီးမိန်းကလေးများကို မသွားရောက်စေ လိုပါ။"***

**-နော် ---(မ၊ ၂၂)၊ ---ရွာ၊ သထုံခရိုင် (စက်တင်ဘာလ ၂၀၀၆)**

နိုင်ငံတော်မှ တရားဝင်ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများတွင် နအဖ စစ်အစိုးရသည် စစ်တပ်၏တစ်ပါတီ စနစ် အုပ်ချုပ်မှုအောက်တွင် စည်းလုံးညီညွတ်သောလူမှုအသိုက်အဝန်းကို ထူထောင်နိုင်ကြောင်း ဝါဒဖြန့်ချီရေး လှုံ့ဆော်ချက်များကို ထည့်သွင်းဖော်ပြရေးသားထားပါသည်။ နအဖ စစ်အစိုးရ၏ မဟာဗမာလူမျိုးကြီးဝါဒ ကြီးစိုး ရေးမူအရ ကရင်သို့မဟုတ် အခြားတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားများကို ကျောင်းများတွင်သင်ယူခွင့် မပြုပေ။ ခရစ်ယာန်ဘာသာဝင် ဆရာများကိုလည်း ရံဖန်ရံခါဆိုသလို စာသင်ကြားခွင့်ပိတ်ပင်ပါသည်။ ဤ နည်းဖြင့် စစ်အစိုးရသည် ပြည်သူများကို လွတ်လပ်စွာ တွေးခေါ်နိုင်ခွင့် မရရှိနိုင်ရန် အကွက်ကျကျ အမြစ်ဖြုတ် လုပ်ဆောင်လျက် ရှိပါသည်။ နအဖ စစ်အစိုးရသည် ၎င်းတို့ ချမှတ်ထားသော မူဝါဒများမှ ခွဲထွက်သူများကို စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သူများဟု သတ်မှတ်ပါသည်။ အကွက်ကျကျ အမြစ်ဖြုတ် လုပ်ဆောင်လျက်ရှိပါ

သည်။ နအဖ စစ်အစိုးရသည် ၄င်းတို့ ချမှတ်ထားသော မူဝါဒများမှာခွဲထွက်သူများမှာ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သူများဟု သတ်မှတ်ပါသည်။

***"ကျောင်းသားများသည် ကျောင်းတွင် ကရင်စာသင်ယူခွင့်မရှိပေ။ ကရင်စာကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများမရှိသောကြောင့် ကရင်စာကိုဘာသာရပ် တစ်ခုအနေဖြင့် ကျောင်းများတွင်သင်ယူနိုင်ခြင်း မရှိပေ။ အစိုးရကလည်း ကရင်စာကို သင်ယူခွင့်မပြုပေ။ စစ်အစိုးရသည် ကရင်စာပေနှင့် ယဉ်ကျေးမှုကို ပပျောက်ရန် လုပ်ဆောင်လိုသောကြောင့် ကျောင်းများတွင် ကရင်စာသင်ယူခွင့်မပြုပေ။"***

**-ဦး ---(ကျား၊ ၅၈)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

## ကျောင်းများနှင့် စာကြည့်တိုက်များကို အတင်းအဓမ္မ ဆောက်လုပ်စေခြင်း

***"နအဖသည် ကျွန်တော်တို့အတွက်မည်သည့်အရာမျှ လုပ်ဆောင်ပေးခြင်းမရှိပါ။ ကျွန်တော်တို့သည် ကျောင်းကို ကိုယ်တိုင်တည်ဆောက်ရပါသည်။ နအဖ စစ်အခြေစိုက်စခန်းသည် ကျွန်တော်တို့ ရွာအနီးတွင်ရှိပါသည်။ ကျွန်တော်တို့ ကျောင်းဆောက်လုပ်နေသည်ကို နအဖ စစ်သားများမှ လာရောက်ကြည့်ရှုသော်လည်း မည်သို့မျှ အကူအညီပေးခြင်းမရှိပေ။ ကျွန်တော်တို့ ရွာသားများအချင်းချင်းသာပူးပေါင်းဆောင်ရွက်ကြရပါသည်။ ကျောင်းဆောက်လုပ်ရေးအတွက် အကူအညီများစွာလိုအပ်ပါသည်။ ဒေသခံနအဖ အာဏာပိုင်များသည် ကျွန်တော်တို့ အကူအညီလိုအပ်ကြောင်း သိရှိသော်လည်း မည်သို့မျှ အကူအညီမပေးပါ။"***

**-စော ---(ကျား၊ ၃၅)၊ ရွာသူကြီး၊ ---ရွာ၊ တောင်ငူခရိုင် (ဒီဇင်ဘာ ၂၀၀၂)**

ကရင်ပြည်နယ် ကျေးရွာဒေသများရှိကျောင်းများကို ကန့်သတ်ပိတ်ပင်မှုများပြုလုပ်နေချိန်တွင် စစ်အစိုးရအရာရှိများသည် တိုင်းပြည်တစ်လွှားတွင် စစ်အစိုးရ၏ ပညာရေးနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များကိုထုတ်ဖော်ပြောဆိုလေ့ရှိပါသည်။ စစ်အစိုးရသည် ကျေးရွာများတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အစိုးရမှလုပ်ဆောင်နေကြောင်းနှင့် အောင်မြင်မှုရရှိကြောင်းပြောဆိုပါသည်။ ၂၀၀၆ ခုနှစ်အောက်တိုဘာလတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ အောက်ပါအတိုင်းပြောခဲ့ပါသည်။ "ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်ရန် တိုးမြှင့်လုပ်ဆောင်ရပါသည်။"[၉၄] သို့သော် ကရင်ပြည်နယ် ကျေးလက်ဒေသများတွင် နေထိုင်ကြသောရွာသားများ၏ ပြောပြချက်များမှာမူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြောဆိုချက်နှင့်ကွဲလွဲနေပါသည်။ ရွာသားများ၏ ပြောဆိုချက်အရပညာရေးဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံပြည်သူများ၏ ကြိုးစားလုပ်ဆောင်မှုပေါ်တွင်သာမူတည်ပါသည်။

[၉၄] "Development of a country depends on progress of rural areas, and development of urban areas are underpinned by economic infrastructures in rural areas Senior General Than Shwe attends Meeting No 1/2006 of Central Committee for Development of Border Areas and National Races," *The New Light of Myanmar*, October 4th 2006.



**အထက်ပါ မေလ ၂၆ ရက် ၂၀၀၅ ခုနှစ်တွင် ရိုက်ကူးခဲ့သောဓာတ်ပုံတွင် သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ကွေးလေးရွာ ကျောင်းကို တွေ့မြင်ရပါမည်။ ရွာသားများသည် အထက်ပါ ကျောင်းကို မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းများဖြင့် ဆောက်လုပ်ရန် အတင်းအကျပ် စေခိုင်းခံခဲ့ရပြီး ကျောင်းလည်ပတ်စရိတ်အတွက်လည်း ရွာသားများကပင် ပေးဆောင်ရပါသည်။ နအဖ အစိုးရမှာမူ အထက်ပါကျောင်းကို အစိုးရမှထောက်ပံ့သောကျောင်းဟုခေါ်ပြီး ၎င်းတို့ ဆောက်လုပ်ကြောင်း ထုတ်ဖော် ပြောဆိုပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)**

အချို့ ကျေးရွာများတွင် ရွာသားများသည် ရပ်ရွာလိုအပ်ချက်အရ စာသင်ကျောင်းကို မိမိတို့ကိုယ်ပိုင်ငွေ ကြေးများ ဖြင့် ဆောက်လုပ်ပါသည်။ ကျောင်းဆောက်လုပ်ပြီးသော အခါ နအဖ စစ်အရာရှိများသည် ကျောင်းသစ်ဖွင့်လှစ်ပွဲ တွင် မိန့်ခွန်းလာရောက်ပြောကြားပါသည်။ ထိုကဲ့သို့ စစ်ဝတ်စုံဖြင့် ကျောင်းသစ်ဖွင့်လှစ်ပွဲ မိန့်ခွန်းပြောကြားပုံကို ဓာတ်ပုံများရိုက်ကူးပြီး နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြကာ တိုင်းပြည်သို့ ဖြန့်ချိပါသည်။ အထက်ပါကဲ့သို့ မိန့်ခွန်းပြောကြားရာတွင် ကျောင်းများအားလုံးကို နိုင် ငံတော်မှ ထူထောင်ဆောက်လုပ်ပေး ကြောင်းနှင့် ရွာသားများအား နိုင်ငံတော် အစိုးရ၏ စေတနာအမှန်ကို သဘောပေါက်နားလည်ပြီး မိမိရင်သွေးငယ်များကို တိုင်းပြည်အ တွက် အကျိုးပြုသော သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရမည့် အကြောင်းများကို ထည့်သွင်းပြောဆိုပါသည်။ ဥပမာအားဖြင့် ၂၀၀၆ ခုနှစ် တွင် ဖားအံမြို့နယ်၊ သထုံခရိုင်ရှိ ကျေးရွာတစ်ရွာမှ ရွာသူ၊ရွာသားများ မည်ကဲ့သို့ ကျောင်းဆောက်လုပ်ခဲ့ရသည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ တစ်ဦးမှ အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

> ***“ရွာသားများသည် ကလေးများစာသင်ကြားနိုင်ရန်အတွက် အလှူငွေများကောက်ခံပြီး အတူတစ်ကွ ပူးပေါင်း ကာ ကျောင်းဆောက်လုပ်ကြပါသည်။ ကျောင်းဆောက်လုပ်ပြီးပါက နအဖ စစ်သားများသည် ထိုကျောင်းကို လာရောက်ဓာတ်ပုံရိုက်ကူးပြီး ပညာရေးဝန်ကြီးဌာနသို့ပေးပို့ပါသည်။ ထို့နောက် စစ်သားများသည် ကရင်ပြည်***

Shwe attends Meeting No 1/2006 of Central Committee for Development of Border Areas and National Races,” *The New Light of Myanmar*, October 4th 2006.

*နယ်တွင် ၎င်းတို့ ကျောင်းများဆောက်လုပ်နေကြောင်း ပညာရေးဝန်ကြီးဌာနသို့တင်ပြပါသည်။ ကရင်ပြည်နယ်တွင် ရွာသားများတိုးတက်ရေးအတွက် ၎င်းတို့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်းနှင့် ရွာသားများဆောက်လုပ်ထားသောစာသင်ကျောင်းများ၏ ဓာတ်ပုံများကို ပြသပြီး ၎င်းတို့ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းတင်ပြပြောဆိုပါသည်။ ထို့အပြင် စစ်သားများသည်ပညာရေးဝန်ကြီးဌာနရုံးချုပ်သို့ ဤကျောင်းများဆောက်လုပ်ရန်အတွက် ငွေကြေးများကုန်ကျခဲ့ကြောင်း တင်ပြပါသည်။ ၎င်းတို့ တင်ပြသော ငွေကြေးကို ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ထုတ်ပေးခဲ့ပြီး ထိုငွေများကို စစ်သားများသည် မိမိတို့ကိုယ်ကျိုးအတွက် အသုံးပြုပါသည်။"*

**-ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ ၊ သထုံခရိုင် (၂၀၀၆)**

နအဖ စစ်အစိုးရသည် ကျေးလက်ဒေသများတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိကြောင်းပြသနိုင်ရန် စစ်ဗိုလ်များနှင့် ဒေသခံအာဏာပိုင်များသည် ရွာသားများကို စာသင်ကျောင်းနှင့် စာကြည့်တိုက်များအတင်းအဓမ္မတည်ဆောက်စေပါသည်။ ထိုသို့ စေခိုင်းရာတွင် နအဖ စစ်အစိုးရသည် မည်သို့မျှထောက်ပံ့ကူညီခြင်းမရှိပါ။ ကျောင်းဆောက်လုပ်ရန်အတွက် ရွာသားများသည် မိမိတို့၏ ကိုယ်ပိုင်ပစ္စည်း၊ လုပ်အားနှင့် ငွေကြေးများကို စိုက်ထုတ်ရပြီး ကိုယ်ပိုင်အလုပ်ချိန်များကိုလည်း နစ်နာစေပါသည်။

*"ရွာသားများကို စာကြည့်တိုက်များ အတင်းအကျပ်ဆောက်လုပ်စေပါသည်။ သို့သော် လိုအပ်သောသစ်၊ ဝါး၊ သံနှင့် အခြားဆောက်လုပ်ရေးပစ္စည်းများကို ထောက်ပံ့ခြင်းမရှိပါ။ ယခုအချိန်တွင် နအဖ အာဏာပိုင်များသည် စာကြည့်တိုက်တွင်ထားရန် စာအုပ်အချို့ကိုပေးပါသည်။ စာအုပ်များ၏ တန်ဖိုးကိုမူမပြောပါ။ ၎င်းတို့ပေးထားသောစာအုပ်များအတွက်ကျသင့်ငွေကို ပေးရမည်ဆိုလျှင် ကျွန်တော်တို့မှပေးဆောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ၎င်းတို့ကို ကြောက်ရွံ့ရပါသည်။"*

**-ဦး --- (ကျား၊ ၆၁)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

*"နအဖစစ်ဆင်ရေး ဗျူဟာမှူးသည် ကျေးရွာတိုင်းတွင် စာကြည့်တိုက် တစ်လုံးကျစီ တည်ဆောက်ရန်စေခိုင်းပါသည်။ စာကြည့်တိုက် ဆောက်လုပ်ရန်စေခိုင်းခံရသော ကျေးရွာပေါင်း ၁၂၈ ရွာရှိပါသည်။ နအဖ စစ်အစိုးရသည် ကျေးရွာကြီးများသို့ စာအုပ် ၈၅ အုပ်ပေးပို့ပြီး ရွာငယ်များသို့ ၂၅ မှ ၇၅ အထိပေးပို့ပါသည်။ ကျွန်မတို့သည် စာအုပ်များကို ဖတ်ရှုပါက အသိပညာတိုးပွားလာမည်ဖြစ်ကြောင်း စစ်ဗိုလ်များက ပြောပါသည်။ ၎င်းတို့မှ ပေးပို့သော စာကြည့်တိုက်တွင်ထားရန် စာအုပ်များကို ကျွန်မတို့ရွာမှ ရရှိပါသည်။ ၎င်းတို့ ပေးပို့သော စာအုပ်များ အများစုမှာ ရုပ်ရှင်မင်းသားမင်းသမီးရုပ်ပုံပါသောမဂ္ဂဇင်းစာအုပ်များဖြစ်ပါသည်။ စာကြည့်တိုက်ဆိုင်းဘုတ်ကို နအဖ အစိုးရထံမှ ၅၀၀၀ ကျပ်ဖြင့် ဝယ်ယူရပါသည်။ ဆိုင်းဘုတ်ဝယ်ယူရန် ငွေမပေးရသေးသောကြောင့် ကျွန်မတို့သည် ဆိုင်းဘုတ်ကို ကိုယ်တိုင်လုပ်ယူရန် တိုင်ပင်ကြပါသည်။ ရွာသားအများစုသည် မြန်မာစာကို ရေးတတ်၊ ဖတ်တတ်ခြင်း မရှိပါ။ ထို့အပြင် စာအုပ်ဖတ်ရခြင်းကို ငြီးငွေ့ကြပါသည်။"*

**-နော် ---(မ၊ ၄၇)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြာအင်းဆိပ်ကြီး မြို့နယ် ၊ ကြာအင်းဆိပ်ကြီးမြို့
စာအမှတ် ၂/၃-၇၇/ လူ ၅ (    )
နေ့စွဲ ၉ ၊ ၁၂ ၊ ၂၀၀၅တံဆိပ်မြို့နယ်

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကြာအင်းဆိပ်ကြီးမြို့နယ်စာအမှတ် ------
နေ့စွဲ --------

သို့

ဥက္ကဋ္ဌ
---ကျေးရွာ
ကြာအင်းကြီးရွာ ရပ်ကွက် ၊ ကြာအင်းဆိပ်ကြီးမြို့နယ်

အကြောင်းအရာ။ ။ ရွာရှိ စာကြည့်တိုက်ဖွင့်လှစ်ပွဲ ကျင်းပရန်။
ရည်ညွှန်း ။ ။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၊ ကြာအင်းဆိပ်ကြီးမြို့နယ် နေ့စွဲ (၁၇-၁၁-၂၀၀၅) ၊ စာအမှတ် ၂/၃-၇၇ ၊ လူ ၅ (၆၄၀)

၁။ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ရွာသားများအားလုံး စာရေးတတ်၊ဖတ်တတ်ပြီး အသိပညာတိုးတက်ပွားများလာရန်အထက်မှ ညွှန်ကြားသည့်အတိုင်း၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ကျေးရွာတိုင်းတွင်စာကြည့် တိုက်ဖွင့်လှစ်ပွဲများပြုလုပ်ရပါမည်။ စာကြည့်တိုက်ဖွင့်ပွဲနှင့် စာကြည့်တိုက်ဆိုင်းဘုတ်ကို ၂၅-၁၁-၂၀၀၅ မတိုင်မီ အပြီးပြုလုပ်ရပါမည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျေးရွာများကိုအကြောင်းကြားပြီးဖြစ်သော်လည်း အထက်တွင်ဖော်ပြထားသောကျေးရွာသည် အကြောင်းကြားစာရရှိခြင်းမရှိပါ။
၂။ ထို့ကြောင့် လူကြီးမင်းတို့၏ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ၁၀-၁၂-၂၀၀၅ ရက်နေ့ နောက်ဆုံးပြုလုပ်ရပါမည်။ ထို့နောက် မအဖရုံးသို့ မပျက်မကွက်အစီရင်ခံစာတင်သွင်းရပါမည်။

ထိုးမြဲလက်မှတ်

မိတ္တူ ။ ။ စစ်ပျူဟာကွပ်ကဲရေးရုံး ၊ ကြာအင်းဆိပ်ကြီးမြို့
ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် လူထုဆက်ဆံရေးရုံး

***"ကျွန်တော်တို့ရွာတွင် စာသင်ကျောင်း တစ်ကျောင်းရှိပါသည်။ ဤကျောင်းကို ရွာသားများမှတည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါ နအဖကျောင်းဖြစ်ပါသည်။ နအဖမှ ကျောင်းကိုသိမ်းယူပြီးနောက်တွင် ကျွန်တော်တို့ကို ကျောင်းပြုပြင်ရန်စေခိုင်းပြီး ကျောင်းဖွင့်ပွဲ၊ ပိတ်ပွဲများကိုပြုလုပ်စေပါသည်။ ကျွန်တော်တို့ကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားနိုင်ပြီး ကျောင်းဆရာ၊ ဆရာမ ၃ ဦး ရှိကာ ကျောင်းသား ၇၀-၈၀ ရှိပါသည်။ ယခုနှစ်တွင် ကျောင်းဆရာလခနှင့် ပတ်သက်၍ နအဖမှ ကျွန်တော်တို့ကို ကူညီခြင်းမရှိပါ။ ရွာသားများက ဆရာတစ်ဦးစီအတွက် စပါးတင်း ၅၀ ပေးပါသည်။ ကျောင်းသားများသည် စာအုပ်များကို ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူရပြီး မည်သည့် အထောက်အပံ့မျှ မရရှိပါ။ လွန်ခဲ့သော ၂နှစ်က ကျောင်းသားများသည် ကရင်စာ သင်ယူနိုင်ခဲ့ကြသော်လည်း ယခုနှစ်တွင် နအဖသည် ကျောင်းဆရာများကို ကရင်စာ သင်ကြားခွင့်မပြုပေ။"***

-ကို ---(ကျား၊ ၄၀)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)

ရွာသားများကို စာသင်ကျောင်းများ အတင်းအကျပ်တည်ဆောက်စေပြီး နအဖအာဏာပိုင်များသည် ရွာသားများ တည်ဆောက်ထားသော ကျောင်းများကို နိုင်ငံတော်မှ တည်ဆောက်သောကျောင်းများစာရင်းတွင် တရားဝင်ထည့် သွင်းပြီး သတင်းစာရှင်းလင်းပွဲများ၊ ပြည်တွင်းစည်းဝေးများနှင့် နိုင်ငံတကာ အေဂျင်စီများနှင့် စည်းဝေးပွဲများ တွင် နိုင်ငံတော်မှ ဆောက်လုပ်ကြောင်းထုတ်ဖော်ပြောဆိုပါသည်။ ထို့ပြင်မက နအဖ စစ်အစိုးရ၏ ထုတ်ပြန်ချက် များအရ ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားလူနည်းစုများနေထိုင်သော ကျေးလက်ဒေသများတွင် ယူအန်ဒီပီနှင့် ယူနီဆက်၏ အကူအညီများဖြင့် ကျောင်းများတည်ဆောက်လျက်ရှိကြောင်းသိရှိရပါသည်။ ယူအန်ဒီပီနှင့် ယူနီဆက်အဖွဲ့အစည်းများမှ အထက်ပါအတိုင်း ကူညီထောက်ပံ့ခဲ့သည်ဆိုပါက ဒေသခံပြည်သူများ ရရှိသင့်သည့် အကူအညီအထောက်အပံ့များ၏ ပစ္စည်းအရင်းအမြစ်များဖြင့် တည်ဆောက်ခြင်းဖြစ်ပါသည်။

*ပညာရေးကဏ္ဍတွင် အစိုးရသည် မူလတန်းကျောင်းပေါင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်းပေါင်း ၉၀ နှင့် အထက်တန်းကျောင်းပေါင်း ၉၂ ကျောင်းကို တည်ဆောက်ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ထို့အပြင် အစိုးရသည် ယူအန်ဒီပီနှင့် ပူးပေါင်းပြီး ကချင်၊ ကရင်၊ ချင်း၊ မွန်နှင့် ရခိုင် ပြည်နယ်များရှိ ဝေးလံခေါင်ခိုက် သော ဒေသများတွင် ကျောင်းပေါင်း ၄၉၁ ကျောင်းကို တည်ဆောက်ပေးပြီး ၅၄၆ ကျောင်းကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပေးပြီး ဖြစ်ပါသည်။ နယ် စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ ဖြိုးရေးကော်မတီနှင့် ယူနီဆက်တို့၏ အစီအစဉ်ဖြင့် နယ်စပ်ဒေသရှိ ကျောင်းသားများအတွက် ကျောင်းသုံးဖတ်စာ အုပ်များကို အခမဲ့ ဝေပေးပါသည်။"*

**-နအဖ ပြောရေးဆိုခွင့်ပုဂ္ဂလ် (အောက်တိုဘာ ၂၀၀၆)[၉၄]**

*"ကျွန်တော်တို့ရွာတွင် မူလတန်းကျောင်း တစ်ကျောင်း ရှိပါသည်။ ဤကျောင်းကို ရွာသားများသည် ၄င်းတို့ ကိုယ်ပိုင်ငွေကြေး၊ လုပ်အားဖြင့် တည်ဆောက် ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ဒေသခံ နအဖအာဏာပိုင်များ ရွာသို့ ရောက်ရှိလာပြီး ၄င်းတို့ တည်ဆောက်ထားခဲ့သော ကျောင်းကဲ့သို့ အမည်ပေးခဲ့ပါသည်။"*

**-စော ---(ကျား၊ ၄၀)၊ ---ရွာ၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

## ကျေးလက်ရှိကျောင်းများတွင် ထောက်ပံ့ငွေ မလုံလောက်ခြင်း

ကျေးရွာများရှိ ကျောင်းများကို ရွာသားများကိုယ်တိုင် မိမိတို့ သဘောဆန္ဒအတိုင်း မိမိတို့ ကိုယ်ပိုင်ငွေကြေးဖြင့် ဆောက်လုပ်သည်ဖြစ်စေ၊ ဒေသခံ နအဖအာဏာပိုင်များ၏ အတင်းအကျပ်စေခိုင်းမှုကြောင့် ဆောက်လုပ်ရ သည်ဖြစ်စေ ကျောင်းဆောက်လုပ်ပြီးနောက် လိုအပ်သော ကျောင်းလည်ပတ်စရိတ်ကို နအဖ အစိုးရမှ လုံးဝနီးပါး ထောက်ပံ့ခြင်းမရှိပါ။ နအဖ စစ်အစိုးရမှ စေလွှတ်ထားသောကျောင်းဆရာ၊ ဆရာမများသည် အစိုးရမှ ထောက်ပံ့ သောလစာငွေများကို ရရှိသော်လည်း ရွာသားများသည် ဆရာ၊ ဆရာမများကို ဆန်နှင့် စားနပ်ရိက္ခာများ ထောက် ပံ့ပေးရပါသည်။ အစိုးရသည် ငွေကြေးသို့မဟုတ် မည်သည့် ကျောင်းသုံးပစ္စည်းမှ ထောက်ပံ့ပေးခြင်း မရှိပါ။ ကျောင်းသားမိဘများသည် မိမိတို့ကလေးတစ်ဦးချင်းစီအတွက် ကျောင်းလခများပေးဆောင်ရပါသည်။ အစိုးရ

[၉၄] "Development of a country depends on progress of rural areas, and development of urban areas are underpinned by economic infrastructures in rural areas Senior General Than Shwe attends Meeting No 1/2006 of Central Committee for Development of Border Areas and National Races," *The New Light of Myanmar*, October 4th 2006.

သည် ဝန်ကြီးဌာနအဆင့်တွင် ကျောင်းများအတွက် လိုအပ်သောဘတ်ဂျက် (ရသုံးမှန်းခြေငွေစာရင်း) ကို ချပေးပါကအရာရှိ အဆင့်ဆင့်၏ လဒ်စားမှုများကြောင့် ကျေးရွာများရှိကျောင်းများသို့ အနည်းငယ် သို့မဟုတ် လုံးဝမရောက်ရှိပါ။

နအဖ စစ်အစိုးရသည် ကျောင်းသစ်များအတွက် ကျောင်းဆရာ၊ဆရာမများ စေလွှတ်ပေးသော်လည်း ၄င်း ကျောင်းဆရာ၊ ဆရာမများသည် မြို့ပြဒေသတွင် နေထိုင်သော ဗမာလူမျိုးများဖြစ်သောကြောင့် ဒေသခံ ရွာသူ၊ရွာသားများ၏ ဓလေ့ထုံးတမ်းကို နားလည်ခြင်းမရှိသကဲ့သို့ ကရင်ဘာသာစကားကိုလည်း ပြောဆိုနိုင်ခြင်း မရှိပါ။ အစိုးရမှပေးသော လစာငွေများ နည်းပါးမှု၊ ဒေသခံယဉ်ကျေးမှုနှင့် ဘာသာစကား အခက်အခဲများကြောင့် ကျေးရွာများသို့လာရောက် စာသင်ကြသော ကျောင်းဆရာ၊ ဆရာမများသည် ရွာသို့ရောက်ရှိပြီး မကြာမီ ၄င်းတို့၏ တာဝန်ကိုစွန့်ပစ်ကာမြို့သို့ ပြန်သွားကြပါသည်။ ထို့ကြောင့် ဒေသခံရွာသားများသည် မိမိတို့ကျောင်းများအတွက် ကျောင်းဆရာများ ကိုယ်တိုင်ရှာဖွေရပြီး ကိုယ်ပိုင်ငွေကြေးဖြင့်ထောက်ပံ့ရပါသည်။ ကျောင်းဆရာတစ်ဦးအတွက် ရွာသားများသည် တစ်နှစ်လျှင် ဆန်တင်း ၅၀ ထောက်ပံ့ပေးရပါသည်။ ကရင် ပြည်နယ်တွင် စစ်အစိုးရ၏ ရေရှည်ဖိနှိပ်မှုနှင့် ပညာရေးအတွက် ကန့်သတ်ပိတ်ပင်မှုများကြောင့် ၄င်းဆရာများကိုယ်တိုင် မူလတန်းပင် အောင်မြင်ခဲ့ခြင်းမရှိပါ။

အချို့သောမြို့များတွင် ဘော်ဒါဆောင်များရှိသော်လည်း တစ်နှစ်အတွက် ပေးဆောင်ရသောငွေကြေးပမာဏများပြားသောကြောင့် ရွာသားများ အနည်းစုသာတတ်နိုင်ကြပါ သည်။ ထို့ကြောင့် ရွာသားအများစုမှာ မိမိတို့ရွာရှိကျောင်းများတွင်သာ မိမိတို့ကလေးငယ်များကို ပညာသင်ကြားရန်တတ်နိုင်ကြပါသည်။ စစ်သားများ၏ အတင်းအဓမ္မငွေကြေးကောက်ခံမှု၊ လုပ်အားပေးစေခိုင်းမှုနှင့် အခြားသောတောင်းဆိုမှုများကြောင့် မိဘများသည် မိမိတို့ကလေးငယ်များကို အိမ်မှုကိစ္စများနှင့် စားဝတ်နေရေးကိစ္စများတွင်ပါဝင်ကူညီလုပ်ကိုင်စေပါသည်။ ထို့ကြောင့် မိဘများသည် မိမိကလေးများကို ငယ်ရွယ်စဉ် အချိန်တွင်သာ ကျောင်းထားနိုင်ပြီး အိမ်မှုကိစ္စများလုပ်ဆောင်နိုင်သောအရွယ်တွင် ကျောင်းမနေစေတော့ပါ။

> ***"ကျွန်မတို့ ရွာရှိ ကလေးငယ်အချို့သည် မိဘများ ကျောင်းမထားနိုင်သောကြောင့် ကျောင်းပညာသင်ယူနိုင်ခြင်းမရှိပါ။ ထိုကလေးငယ်များသည် မိဘများကို ကူညီလုပ်ကိုင်ပေးရပါသည်။ ကျွန်မတို့ရွာတွင် မုဆိုးမတစ်ဦးသည် အသက်အရွယ်ကြီးရင့်လာသောကြောင့် သူမ၏ ကလေးများအပေါ် မှီခိုရသောကြောင့် ကလေးများကို ကျောင်းပညာသင်ပေးနိုင်ခြင်းမရှိပါ။"***
>
> **-နော် ---(မ၊ ၅၀)၊ ---ရွာ၊ ဘီးလင်းမြို့နယ် (ဇူလိုင် ၂၀၀၆)**

> ***"ကျွန်တော်တို့ရွာတွင် ကလေးငယ် ၇၀-၈၀% တို့သည် ကျောင်းပညာသင်ယူကြပါသည်။ ၈တန်းအောင်မြင်ပြီးသော ကျောင်းသားများသည် ၉တန်းနှင့် ၁၀တန်းပညာကို ဆက်လက်သင်ယူလိုပါက ပါပလာသို့ သွားရောက်ရပါသည်။ သို့သော် ငွေကြေးကုန်ကျမှုများသောကြောင့် ကျောင်းသားအနည်းငယ်သာ ပါပလာသို့ သွားရောက် ပညာသင်ယူနိုင်ပါသည်။ ကျောင်းသားတစ်ဦးအတွက် ငွေကျပ် ၂၅၀၀၀၀ ကုန်ကျပါ သည်။ ကျောင်းသားအများစုသည် ၈တန်း အောင်မြင်ပြီးပါက မိဘများ၏ လယ်ယာစိုက်ခင်းနှင့် တောင်ယာများတွင် ဝင်ရောက်ကူညီ လုပ်ကိုင်ရပါသည်။"***

**-စော ---(ကျား၊ ၄၃)၊ ရွာသူကြီး၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၅)**

ကရင်ပြည်နယ် ကျေးလက်တောရွာများတွင် ကျောင်းများကို ရံပုံငွေနှင့် အထောက်အပံ့ပစ္စည်းများ ရရှိသည့်အပေါ် မူတည်ပြီး ၃ မျိုး ခွဲခြားထားပါသည်။ ၎င်းတို့မှာ ရပ်ရွာမှ တည်ထောင်ထားသောကျောင်း၊ နအဖကျောင်းနှင့် သာသနာပြုအဖွဲ့များမှ တည်ထောင်ထားသောကျောင်းများဖြစ်ပါသည်။ ပထမ အမျိုးအစားဖြစ်သော ရပ်ရွာကျောင်းများကို ရပ်ရွာမှ တည်ဆောက်ပြီး ရပ်ရွာမှ ငွေကြေးဖြင့်ပင် အဓိက လည်ပတ်ပါသည်။ ဤကျောင်းများကို ရွာသူ၊ရွာသားများက ပြင်ပအကူအညီများရယူခြင်းမရှိဘဲ ကိုယ်တိုင်ဆောက်လုပ်ပြီး ကိုယ်ပိုင်ငွေကြေးဖြင့် လည်ပတ်ပါသည်။ ဤကျောင်းများကို အဓိကအားဖြင့် ဒေသခံ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားရှိခိုး ကျောင်းများမှ ဦးဆောင်တည်ထောင်ထားခြင်း ဖြစ်ပါသည်။ ဤကျောင်းများကို ကေအန်ယူအဖွဲ့သည် ကရင်ပညာရေးဌာန (KED) မှတဆင့်  ဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ အခြားကျောင်းသုံးပစ္စည်းများနှင့် ဆရာ၊ ဆရာမများအတွက် စားနပ်ရိက္ခာနှင့် လစာငွေများကို ရံဖန်ရံခါဆိုသလို ထောက်ပံ့ပေးလေ့ရှိပါသည်။ ဤကျောင်းများသည် ရံဖန်ရံခါဆိုသလို အထက်ပါကဲ့သို့ အထောက်အပံ့များရရှိသော်လည်း ငွေကြေးရံပုံငွေ လိုအပ်လာသည့်အခါ ရွာသားများမှ ထောက်ပံ့ပေးရပါသည်။

> ***"ကျွန်မတို့ ရွာတွင် စာသင်ကျောင်း တစ်ကျောင်းရှိပါသည်။ ဤကျောင်းတွင် ကျောင်းသားများ ၆ တန်းအထိ ပညာသင်ယူနိုင်ပါသည်။ ဤ ကျောင်းကို ရွာ သားများမှ ကိုယ်ပိုင်ငွေကြေး၊ လုပ်အားဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းဆရာများမှာ ကျွန်မတို့ ရွာမှပင်ဖြစ်ပြီး ကျောင်းအုပ်မှာမူ အခြားရွာတစ်ရွာမှ ဖြစ်ပါသည်။ ဆရာ၊ ဆရာမများကို ရွာသားများမှ ထောက်ပံ့ခြင်းဖြစ်ပြီး ဆရာတစ်ဦးကို တစ်နှစ်အတွက် စပါးတင်း ၅၀ ပေးပါသည်။ ကျောင်းဆရာ၊ ဆရာမ ၆ဦး ရှိပြီး ၃ ဦးကို ရွာသားများမှ ထောက်ပံ့ပြီး ကျန် ၃ဦးကို ကေအန်ယူမှ ထောက်ပံ့ပါသည်။ ကျောင်းသားများအတွက် ကျောင်းဝင်ကြေးမှာ ၅၀၀ ကျပ်ဖြစ်ပြီး တစ်နှစ်စာ ကျောင်းလခမှာ စပါး နှစ်တင်းနှင့် ဆန် ၄ ပြည် ဖြစ်ပါသည်။ ဆရာ၊ဆရာမ ၆ဦးအတွက် ရွာသားများသည် ဆန်ထောက် ပံ့ပေးရပြီး ဆရာ၊ဆရာမ ၃ဦးအတွက် လစာငွေကိုမူ ကေအန်ယူမှ ထောက်ပံ့ပေးပါသည်။"***

**-နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)**

ဒုတိယ အမျိုးအစားဖြစ်သော နအဖ ကျောင်းများသည် လိုအပ်သောရံပုံငွေကို နအဖ အစိုးရထံမှရရှိပါသည်။ ကရင်ပြည်နယ်တစ်လွှားရှိ ကျောင်းများအားလုံးကို နအဖ စစ်အစိုးရက နိုင်ငံတော်ပိုင်ကျောင်းများဟု  သတ်မှတ်ထားသော်လည်း ကျေးလက်ရှိ ကျောင်းများအတွက် လိုအပ်သော ရံပုံငွေကို လုံးဝနီးပါး ထောက်ပံ့ခြင်းမရှိပါ။ နအဖမှ မြို့ပေါ်ရှိ ကျောင်းများကိုသာ လိုအပ်သော ငွေကြေးအနည်းငယ်ကို ထောက်ပံ့ပေးပါသည်။ ဤကျောင်းများသည် ကျောင်းသားများကို တစ်နှစ်အတွက် ငွေကြေး ကျပ် ၁၀၀၀၀၀ မှ ၂၀၀၀၀၀ အထိ ကောက်ခံလျက်ရှိသောကြောင့် ရွာသားအများစုမှာ မတတ်နိုင်ကြပါ။ ထို့အပြင် ကျောင်းဆရာ၊ဆရာမ လစာငွေမှာ တစ်နှစ်အတွက် ၄၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိသာ ဖြစ်သောကြောင့် ဆရာ၊ဆရာမများ၏ အခြေခံ လိုအပ်ချက်များအတွက်ပင် မလုံလောက်ပါ။ ထို့ကြောင့် ၎င်းဆရာ၊ဆရာမများသည် ပုံမှန် ကျောင်း စာသင်ချိန်များကို လျှော့ချပြီး ပြင်ပတွင် ကျူရှင်တန်းခွဲများကို ဖွင့်လှစ် သင်ကြားပါသည်။ အစိုးရမှ တရားဝင်သတ်မှတ်ထားသော စာသင်ချိန်များကို

လျှော့ချပြီး ဆရာ၊ ဆရာမများသည် ကျောင်းသားများကို ၄င်းတို့ သင်ကြားပို့ချသောပြင်ပကျူရှင်များကို တက်ရောက်စေပါသည်။ ကျောင်းသားများသည် ကျောင်းများတွင် ပြုလုပ်သော စာမေးပွဲများ အောင်မြင်နိုင်ရန် ပြင်ပတွင် ဆရာ၊ဆရာမများ ဖွင့်လှစ်သော ကျူရှင်များကို တက်ရောက်ရပါသည်။ ဤကျူရှင်များကို တက်ရောက်ပါက ငွေကြေး ကုန်ကျမှုများသော ကျောင်းစရိတ်အပြင် အပိုငွေ ၁၀၀၀၀ ကျပ် ထပ်မံကုန်ကျမည်ဖြစ်သောကြောင့် ကျေးရွာများရှိ မိဘများသည် မိမိတို့၏ ကလေးငယ်များကို မြို့သို့ပို့ဆောင်ကျောင်းတက်ရန် မတတ်နိုင်ကြပါသည်။

*"နအဖ အစိုးရသည် ကျောင်းတစ်ကျောင်းသို့ ဆရာတစ်ယောက်စီ စေလွှတ်ပါသည်။ ဤဆရာများသည် ကျောင်းအုပ်တာဝန်ကို ထမ်းဆောင်ကြပါသည်။ အစိုးရသည် ကျောင်းတစ်ကျောင်းအတွက် ဆရာတစ်ဦးကျသာ စေလွှတ်ပေးသောကြောင့် လိုအပ်သောကျောင်းဆရာ၊ဆရာမများကို ရွာသားများကပင် ရှာဖွေခန့်ထားရပါသည်။ မည်သည့်ကျောင်းမျှ ကရင်ဘာသာသင်ကြားခွင့်မရပေ။ အစိုးရသည် ကရင်ဘာသာ သင်ကြားရန် အချိန်ဇယားထဲတွင် ထည့်သွင်းပေးခြင်းမရှိပါ။ နအဖ စစ်အစိုးရမှ စေလွှတ်သောဆရာ၊ ဆရာမများသည် ကျောင်းသားများအတွက် စာကို ကြိုးစားပန်းစား သင်ကြားပေးခြင်း မရှိပါ။ တစ်ခါတစ်ရံ စာသင်ခန်းသို့ပင် လာရောက်ခြင်းမရှိဘဲ  တစ်ခါတစ်ရံအချိန်နောက်ကျပြီးမှ စာသင်ခန်းသို့လာရောက်ပါသည်။ မူလတန်း နောက်ဆုံးနှစ်ဖြစ်သော ၄ တန်း စာမေးပွဲ အောင်မြင်ပြီးပါက မြို့သို့သွားရောက် ပညာသင်ကြားလိုသော ကျောင်းသားများသည် ငွေကြေး အခက်အခဲနှင့် ရင်ဆိုင်ရပါသည်။ ကျောင်းဝင်ကြေးအတွက် ကျောင်းသားတစ်ယောက် လျှင် ၄၀၀၀၀ ကျပ် ပေးဆောင်ရပါသည်။ ထို့အပြင် ကျောင်းဝတ်စုံ၊ အစားအသောက်နှင့် အခြားသော အရာများအတွက် အပိုငွေကို သုံးစွဲရပါသည်။ ထို့ကြောင့် ကျောင်းလခ အပါအဝင် ကျောင်းသားတစ်ယောက်အတွက် ငွေကျပ် ၇၀၀၀၀မှ ၁၀၀၀၀၀ အထိ ကုန်ကျပါသည်။ ထို့အပြင် မြို့ကျောင်းများတွင် ဆက်လက်ပညာသင်ယူပါက ကျူရှင်တက်ရောက်ရန်အတွက် ငွေကြေးထပ်မံသုံးစွဲရပါသည်။ ကျူရှင်မတက်ရောက်ပါက စာမေးပွဲကို လွယ်ကူစွာ အောင်မြင်မည်မဟုတ်ပါ။ ထို့ကြောင့် မိဘများသည် ငွေကုန်ကြေးကျများပြားပြီး ငွေကြေးမတတ်နိုင်သောကြောင့် မိမိတို့ကလေးငယ်များကို ဒုက္ခသည်စခန်းများသို့ပို့ဆောင်ပြီး ပညာသင်ယူစေပါသည်။"*

**-ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ ၊ သထုံခရိုင် (၂၀၀၆)**

*"အထက်တန်းကျောင်းကို ၂၀၀၅ ခုနှစ်မှ စ၍ တည်ဆောက်နေသော်လည်း ယခုအချိန်ထိ တည်ဆောက်ပြီးခြင်းမရှိပါ။ နအဖ ဒေသခံအာဏာပိုင်များက ၂၀၀၆ ခုနှစ် ပြီးစီးမည်ဟုဆိုပါသည်။ နအဖအစိုးရက ဤကျောင်းကို အစိုးရကျောင်းဟုခေါ်သော်လည်း ဤကျောင်းဖြစ်မြောက်ရန်အတွက် ရွာသားများသည် အလွန်ပင်ကြိုးစားလုပ်ဆောင်ရပါသည်။ ရွာသားများသည် ဆရာ၊ဆရာမများအတွက်စိုးရိမ်ပူပန်ရပြီး ဆရာ၊ဆရာမများအတွက် စားနပ်ရိက္ခာထောက်ပံ့ပေးရပါသည်။ ဆရာ၊ဆရာမများအားလုံး ၂၀ ယောက်ရှိပါသည်။ ဆရာ၊ဆရာမများအတွက် ရွာသားများက တစ်နှစ်လျှင် ဆန် ၁၅၀တင်း ပေးပါသည်။ ဟင်းဖိုးနှင့် ကျန်သောလိုအပ်ချက်များအတွက် ကျောင်းသားတစ်ဦးလျှင် ဆရာ၊ဆရာမအတွက် တစ်လလျှင် ၅၀၀ ကျပ် ပေးဆောင်ပါသည်။ တစ်နှစ်အတွက် ကျောင်းသားတစ်ဦးလျှင် ၃၀၀၀၀၀ကျပ် ပေးဆောင်ရပါသည်။ ထို့ကြောင့် ကျောင်းသားများသည် ငွေကြေးမပြည့်စုံပါက ပညာသင်ယူရန် မလွယ်ကူပါ။ နအဖ အစိုးရက ဆရာ၊ ဆရာမများကို သင့်လျော်သောလစာငွေများမပေးသောကြောင့် ရွာသားများသည် အထက်ပါအခြေအနေများနှင့် ရင်ဆိုင်ကြရပါသည်။"*

**-စော ---(ကျား၊ ၃၅)၊ ကျေးရွာအတွင်းရေးမှူး၊ ---ရွာ၊ သထုံခရိုင် (ဇန်နဝါရီ ၂၀၀၆)**

ကရင်ပြည်နယ်ရှိ တတိယကျောင်း အမျိုးအစားမှာ ရန်ကုန်တိုင်း အနောက်ဘက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ခရစ်ယာန်အဖွဲ့အစည်းများမှ တည်ထောင်ထားသော သာ သနာပြုကျောင်းများဖြစ်ပါသည်။ ဤကျောင်းများကို ခရစ်ယာန် ကျောင်းဆရာများ၏ အမြင်နှင့်ဆန့်ကျင်စွာ ဒီကေဘီအေ တပ်ဖွဲ့များက ကြိုက်နှစ်သက်ခြင်း မရှိပေ။

အချို့ဒေသများတွင် ဒီကေဘီအေသည် ခရစ်ယာန်သာသနာပြုကျောင်းများရှိ ကျောင်းဆရာများကို ခြိမ်းခြောက်နှောက်ယှက်ပြီး ၎င်းဆရာများကို ကရင်စာသင်ကျောင်းများတွင် သင်ကြားရန် ပိတ်ပင်တားမြစ် ပါသည်။[၉၅]

## ပညာရေးနှင့် စစ်တပ်၏ထိန်းချုပ်မှု

> ***"ကျောင်းသားများသည် ပညာကို ကောင်းစွာသင်ယူခွင့် မရရှိပါ။ ကရင်ဘာသာကိုလည်း သင်ယူခွင့်မရပါ။ ကျောင်းများတွင် သင်ကြားသော အဓိကဘာသာမှာ မြန်မာဖြစ်ပါသည်။ နအဖ စစ်သားများသည် မိဘများအပေါ် ဖိနှိပ်အနိုင်ကျင့်မှုများကြောင့် မိဘများသည် မိမိတို့ သားသမီးများကို ကျောင်းသို့ မပို့ဆောင်နိုင်ကြပါ။ ကျွန်တော်တို့ ရွာတွင် ကလေး ၃၀ကျော် ကျောင်းမတက်ကြပါ။"***
>
> **-စော ---(ကျား၊ ၃၈)၊ ---ရွာ၊ တောင်ငူခရိုင် (ဇန်နဝါရီ ၂၀၀၆)**

နအဖသည် ကရင်ဒေသများတွင် စစ်အုပ်ချုပ်ရေး တိုးချဲ့နိုင်ရန်အတွက်နှင့် စစ်အုပ်ချုပ်ရေးတည်မြဲနိုင်ရန် အတွက် ထိုဒေသများတွင် ပညာရေးနှင့် ပတ်သက်၍ ပိတ်ပင်ကန့် သတ်မှုများကို ပြုလုပ်သည်သာမက ထိုဒေသများသည် ၎င်းတို့ လုပ်ဆောင်မှုများကြောင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို လိမ်ညာပြောဆိုပါသည်။ နအဖနှင့် ဒီကေဘီအေတပ်ဖွဲ့များသည် နအဖ ထိန်းချုပ်နယ်မြေပြင်ပရှိ ဒေသများတွင် ပညာရေးနှင့် ပတ်သက်၍ ဖွံ့ ဖြိုးတိုးတက်မှု မရှိစေရန်အတွက် ထိုဒေသရှိ ရွာသားများ ပညာ ရေးနှင့် ပတ်သက်သည့်အရာများကို လက်လှမ်းမမီစေရန် ကန့်သတ်ပိတ်ပင်ထားပါသည်။ ထိုဒေသများရှိကျောင်းများကို ဖျက်ဆီးခြင်းနှင့် ကျောင်းသုံးပစ္စည်းများကို သိမ်းယူခြင်းများပြုလုပ်ပါသည်။ ၎င်းတို့ အထက်ပါအတိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်မှာ ပြည်သူများသည် နအဖ၏ ထိန်းချုပ်မှုကို နာခံမှသာ၎င်းတို့ အကန့်အသတ်နှင့်ပေးသောပညာရေးကို ရရှိနိုင်ရန် ဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် မဟာဗမာလူမျိုးကြီးဝါဒ တွင်ကျယ်နိုင်ရန် ကျောင်းများတွင် ကရင်စာနှင့် အခြားတိုင်းရင်းသား ဘာသာ စကားကို သင်ယူခွင့်မပြုပေ။ မဟာဗမာလူမျိုးကြီး မူဝါဒသည် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများပျောက်ကွယ်ပြီး လူမျိုးတစ်မျိုးတည်းသာကျန်ရှိရန် ရည်ရွယ်ပါသည်။ သို့မှသာ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းခံလိုသော တိုင်းရင်းသားလူမျိုးစုများ အင်အားကို လျော့နည်းစေပါမည်။

> ***"ကျောင်းသားများသည် ကျောင်းများတွင် ကရင်ဘာသာသင်ယူခွင့် လုံးဝမရရှိပါ။ ထို့ကြောင့် ကျောင်းသားများသည် နွေရာသီ ကျောင်းအား ရက်တွင် ကရင်စာသင်ပေးမည့် ဆရာကို ငှားရမ်းကာ ကရင်စာသင်ယူကြရပါသည်။"***
>
> **-စော ---(ကျား၊ ၄၅) ---ရွာ၊ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၅)**

ယခုအချိန်တွင် နအဖသည် ကျေးရွာဒေသများတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည်ကို အကြောင်းပြပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှ အသိအမှတ်ပြု ခြင်းခံရရန်နှင့် နိုင်ငံတကာမှ အထောက်အပံ့ရရှိရန် လုပ်ဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ ပညာရေးကဏ္ဍကို အစိုးရမှချုပ်ကိုင်ပြီး မဟုတ်မမှန် လုပ်ဆောင်နေ

[၉၅] See for example, *Oppression by Proxy in Thaton District,* (Karen Human Rights Group, December 2006).

သော်လည်း နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရများသည် မြန်မာနိုင်ငံရှိ ၎င်းတို့၏ လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် စိတ် အားထက်သန်လျက် ရှိပါသည်။ ဥပမာအားဖြင့် ကုလသမဂ္ဂ ဖွံ့ ဖြိုးတိုးတက်ရေးစီမံကိန်း (UNDP) သည် ၎င်းတို့၏ "ဆင်းရဲကျပ်တည်းသော လူမှုအသိုက်အဝန်းတွင် ကလေးငယ်များ၊ အမျိုးသမီးနှင့် အမျိုးသားများအတွက် မူလတန်းပညာ သင်ယူနိုင်ရေး" စီမံကိန်းအရ မြန်မာနိုင်ငံတွင် ကျောင်းဆရာဖြစ် သင်တန်းမျာနှင့် ရပ်ရွာများတွင် စာတတ်မြောက်ရေး သင်တန်းကျောင်းများ စသည်တို့အတွက် ရံပုံငွေများစွာထောက်ပံ့လျက်ရှိပါသည်။ သို့သော် ကုလသမဂ္ဂအေဂျင်စီများသည် ကရင်ပြည်နယ်ဒေသ အမြောက်အများတွင် ၎င်းတို့ ထောက်ပံ့ကူညီသော လုပ်ငန်းများအတွက် သတင်းအချက် အလက်များ ရယူနိုင်ရန် ကန့်သတ်ပိတ်ပင်ခံရသောကြောင့် ၎င်းတို့လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခြင်း မရှိပါ။[၉၆] ဒီဇင်ဘာလ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သောနအဖ၏ ဥပဒေတွင် ကုလအေဂျင်စီများအတွက် အထက်ပါကဲ့သို့ ပိတ်ပင်ထားမြစ်ရခြင်းသည် ကုလဝန်ထမ်းများ လုံခြုံရေးကို ကာကွယ်ရန်နှင့် မလိုအပ်သော ဆုံးရှုံးမှုများ မဖြစ်စေရန်  အစိုးရမှ ကာကွယ်ရန်လိုအပ်သောကြောင့်ဖြစ်သည်ဟု ပါရှိဖော်ပြပါသည်။[၉၇] ဤနည်းဖြင့် နအဖ စစ်အစိုးရသည် ကုလသမဂ္ဂ ပညာရေး ဖွံ့ ဖြိုးတိုးတက်ရေး စီမံကိန်းများကို အသုံးချပြီး ပြည်သူများကို ထိန်းချုပ်နိုင်ပါသည်။ ထို့အပြင် ကုလသမဂ္ဂမှ ငွေကြေးထောက်ပံ့ပေးသော လုပ်ငန်း များတွင် စစ်အစိုးရသည် ပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းများကိုလည်း ဖုံးကွယ်ထားပါသည်။ ကျေးလက်ဒေသ ပညာရေး ဖွံ့ ဖြိုးတိုးတက်ရန် အသုံး ပြုရမည့် ရံပုံငွေများသည် စစ်အစိုးရ ခေါင်းဆောင်များ၏ အဆင့်အလိုက် လဒ်စားမှုများကြောင့် ပျောက်ကွယ်သွားရပါသည်။ ထို ဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးစေခိုင်းပြီး စစ်တပ်၏ ထိန်းချုပ်မှုကို ပိုမိုခိုင်မြဲစေပါသည်။ အထက်ပါ အခြေအနေတွင် နအဖ စစ်အစိုးရနှင့် ကုလအေဂျင်စီများသည် ၎င်းတို့လုပ် ငန်းများ အောင်မြင်လျက်ရှိကြောင်း ထုတ်ဖော်ပြောဆိုကြပြီး အတူတစ်ကွ ပူးပေါင်းဆောင်ရွက်မှုများအတွက် အပြန်အလှန်ဂုဏ်ပြုကြပါသည်။

***"ကျွန်တော်တို့ ရွာတွင် ယခင်က စာသင်ကျောင်းတစ်ကျောင်း ရှိခဲ့ပါသည်။ နအဖ စစ်တပ်၏ ထိုးစစ်ဆင်မှုများ ပြားလာပြီး ကျွန်တော်တို့ရွာရှိ ကျောင်းလည်း ဖျက်ဆီးခြင်း ခံခဲ့ရပါသည်။ ကျွန်တော်တို့ရွာရှိ ကျောင်းကို ကေအန်ယူ အကူအညီဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောင်တွင် နအဖမှ မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ယခုအချိန်တွင် ကျောင်းနေရမည့် ကလေးငယ်များသည် တောတွင်းတွင် ပုန်းအောင်းနေထိုင်ကြရပြီး ကလေးအနည်းစုသာ  ဒုက္ခသည်စခန်းများသို့  သွားရောက်ပညာသင်ယူကြပါသည်။"***

**-စော ---(ကျား၊ ၅၆)၊ ---ရွာ၊ တောင်ငူခရိုင် (မတ်လ ၂၀၀၆)**

## ကျန်းမာရေးကဏ္ဍ

***"ကျွန်မတို့သည်  စစ်တပ်မှ စေခိုင်းသော လုပ်အားပေးလုပ်ကိုင်ကြရပြီး ၎င်းတို့တောင်းခံသော ငွေကြေးကိုလည်းပေးဆောင်ရပါသည်။ တစ်ခါတစ်ရံ ကျွန်မ တို့ ကလေးငယ်များ နာမကျန်းဖြစ်သောအခါ ဆေးဝါးဝယ်ယူရန်ပင် ငွေကြေးမတတ်နိုင်ပါ။ သို့သော် နအဖနှင့် ဒီကေဘီအေ စစ်သားများ ငွေကြေး အဓမ္မတောင်းခံသောအခါ ကျွန်မတို့သည် ၎င်းတို့ တောင်းခံသောငွေကို ရှာဖွေကာ ပေးကြရပါသည်။"***

**-နော် ---(မ၊ ၃၅)၊ ---ရွာ၊ ဖာပွန်ခရိုင် (၂၀၀၆)**

[၉၆] " Myanmar: The Community Learning Centre Experience," UNESCO, 2002. Accessed at http://unesdoc.unesco.org/images/0012/001252/125290e.pdf on March 2nd 2007.

[၉၇] "Myanmar: guidelines for UN umposed for their own safety," Agence France Presse, December 18th 2006. Accessed at http://www.burmanet.org/news/2006/12/18/agence-france-presse-myanmar-guidelines-for-un-imposed-for-their-own-safety/ on January 16th 2007.

ကရင်ဒေသများရှိ ရွာသူရွာသားများ ခံစားရသောရောဂါများမှာအာဟာရချို့တဲ့ခြင်း၊ ငှက်ဖျား၊ ဝမ်းရောဂါ၊ အသဲရောင်အသားဝါ၊ တီဘီနှင့် အခြား အဆုတ်ရောဂါများ၊ အရေ ပြားရောဂါ၊ သန်ကောင်၊ အအေးမိခြင်း၊ ဗီတာမင်ချို့တဲ့ခြင်း၊ အစာအိမ်ရောဂါ၊ ခေါင်းကိုက်ဝေဒနာ၊ မောပန်းခြင်းနှင့် စိတ်ကျရောဂါ စသည်တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့ ခြမ်းတွင် ကူးစက်ရောဂါနှင့်ပတ်သက်၍ လေ့လာချက်တွင် မွေးကင်းစကလေး သေဆုံးနှုန်းမှာ ၁၀၀၀ လျှင် ၁၂၂-၁၃၅ ယောက် ဖြစ်ပြီး အသက် ၅ နှစ်အောက် သေဆုံး နှုန်းမှာ ၁၀၀၀ လျှင် ၂၇၆-၂၉၁ ယောက်နှုန်း ဖြစ်ပါသည်။[၉၈] ငှက်ဖျားရောဂါကြောင့် သေဆုံးနှုန်းအများဆုံးဖြစ်ပြီး ကလေးငယ်များအားလုံး သေဆုံးရခြင်း၏ ၄၁% မှာ ငှက်ဖျားရောဂါကြောင့်ဖြစ်ပါသည်။ ကရင်ပြည်နယ်ဒေသအများအပြားတွင် ပြည်သူလူထုများ ကျန်းမာရေး အခြေအနေ ဆိုးရွားလာခြင်းသည် ဒေသတွင်း စစ်အုပ်ချုပ်ရေး တင်းကျပ် လာခြင်းနှင့် ရေရှည်စစ်အုပ်ချုပ်ရေး ဆိုးကျိုးများကြောင့် ဖြစ်ပါသည်။ စစ်အုပ်ချုပ်ရေးနှင့်အတူ ကန့်သတ်ပိတ် ပင်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်တပ် ၏ အမြတ်ထုတ်မှုကြောင့် စားနပ်ရိက္ခာ ရှားပါးမှုနှင့် အတင်းအဓမ္မ စိုက်ပျိုးရေးလုပ်ဆောင်ရန် စေခိုင်းမှုများကြောင့် ပြည်သူများ၏ ကျန်းမာရေး အခြေအနေကို ပိုမို ဆိုးရွာလာစေခြင်း ဖြစ်ပါသည်။[၉၉]

အချို့ ဒေသများတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကိုကြည့်ပါက လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် ကျန်းမာရေးအခြေအနေ နှစ်ခုတို့သည် ဆက်စပ်နေကြောင်း တွေ့ ရှိရပါမည်။ ဥပမာအားဖြင့် စစ်သားများသည် ရွာသားများ မိမိတို့ ရွာများသို့ မပြန်ရောက်နိုင်ရန် လမ်းများတွင် မြေမြှုပ်မိုင်းထောင်ထားခြင်းကြောင့် ရွာသားများသည် ထိုမြေမြှုပ်မိုင်းများကိုတက်နင်းမိကြပါသည်။ သို့မဟုတ် ရွာသားများသည် အတင်းအဓမ္မ ရွှေ့ပြောင်းနေရာချထားခြင်းကို ရှောင်လွှဲနိုင်ရန် တောတွင်း ထွက်ပြေးပုန်းအောင်းရသော ကြောင့် ကလေးငယ်များ သေဆုံးနှုန်းမြင့်မားရပြီး ပုန်းအောင်းရာနေရာများတွင် စားနပ်ရိက္ခာမလုံလောက်မှုကြောင့် အာဟာရချို့တဲ့မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထို့အပြင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများ၊ စိုက်ပျိုးသီးနှံများကို သိမ်းယူခြင်း၊ အတင်းအဓမ္မသီးနှံများစိုက်ပျိုးစေခြင်း၊ အခွန်ငွေများကောက်ခံခြင်း၊ ခရီးသွားလာခွင့်များကို ကန့်သတ်ပိတ် ပင်ခြင်းနှင့် နေ့စဉ်စားဝတ်နေရေးအတွက်လုပ်ဆောင်မှုများတွင် အနှောက်အယှက်ပေးခြင်း စသည့် အလွဲသုံးစားမှုများသည် တိုက်ရိုက်မဟုတ်သော်လည်း ရွာသားများ၏ ကျန်းမာရေးအခြေအနေကို အနည်းငယ် ထိခိုက်စေပါ သည်။ စစ်အစိုးရ၏ အလွဲသုံးစားမှုများနှင့် ကန့်သတ်ပိတ်ပင်မှုများသည် ရွာသားများ၏ ကျန်းမာရေးနှင့် အာဟာရလိုအပ်ချက်များအပေါ် ဆောက်ရွက်လုပ်ကိုင်သော ကိုယ်ပိုင်နည်းဗျူဟာများကို ထိခိုက်စေကြောင်း ရွာသားများမှ ပြောဆိုပါသည်။ ထိုကဲ့သို့ ၎င်းတို့၏ ကိုယ် ပိုင်နည်းလမ်းများကို ထိခိုက်ခြင်းကြောင့် ၎င်းတို့ကို ရောဂါ၊ ထိခိုက်ဒဏ်ရာနှင့် အာဟာရချို့တဲ့မှုများအပေါ် ခံနိုင်ရည်အား ပိုမိုလျော့နည်းစေပါသည်။

***"ရွာသား အများအပြား လုံလောက်သော စားနပ်ရိက္ခာ မရရှိပါ။ ကျွန်တော်တို့သည် လယ်ယာစိုက်ပျိုးခြင်းကို ကောင်းမွန်စွာလုပ်ကိုင်ခွင့် မရရှိပါ။ နအဖ စစ်တပ်များ၏ အနှောက်အယှက်ပေးမှုကို အစဉ်အမြဲ ခံကြရပါသည်။ ကျွန်တော်တို့ရွာတွင် စားနပ်ရိက္ခာမလုံလောက်မှုကြောင့် ကျွန်တော်တို့သည် ကော်သေးဒဲ ရွာသို့ သွားရောက်ပြီး ဆန် သို့မဟုတ် အခြားစားနပ်ရိက္ခာများကို ဝယ်ယူရပါသည်။ သို့သော် ရွာသားအများအပြားသည် မိမိတို့ စားဝတ်နေရေးအတွက် ငွေကြေး ရှာဖွေနိုင်ခြင်းမရှိသောကြောင့် စားနပ်ရိက္ခာ ဝယ်ယူရန်***

[၉၈] Thomas J. Lee al. July 2006. "Mortality rates in conflict zones in Karen, Karenni and Mon states in eastern Burma," *Tropical Medicine and International Health* vol.2 (7):1119-1127.

[၉၉] ပိုမိုသိရှိလိုပါက *Chronic Emergency: Health and Human Rights in Eastern Burma*, Back Pack Health Worker Team, 2006. တွင်ဖတ်ရှုနိုင်ပါသည်။

*ငွေကြေးအခက်အခဲကြုံတွေ့ရပါသည်။ ယခုလက်ရှိ ကြုံတွေ့နေရသောအကြီးမားဆုံး ပြဿနာမှာ စားနပ်ရိက္ခာ မလုံလောက်မှု ဖြစ်ပါသည်။ ဖျားနာသည့်အခါ သောက်သုံးရန် ဆေးဝါးလုံလောက်မှု မရှိပါ။ ကလေးငယ်များအတွက် ပညာသင်ယူနိုင်ရန် ကျောင်းများဖွင့်လှစ်နိုင်ခြင်း မရှိပါ။"*

**-စော ---(ကျား၊ ၅၆)၊ ---ရွာ၊ တောင်ငူခရိုင် (မတ်လ ၂၀၀၆)**

နအဖ စစ်အစိုးရ၏ ငွေညှစ်ခြင်း၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် လွတ်လပ်စွာခရီးသွားခွင့်နှင့် ကူးသန်းရောင်းဝယ်ခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းစသည့် ရေရှည် အလွဲသုံးစားမှုများသည် ရွာသူရွာသားများ၏ စားဝတ်နေရေးနှင့် ငွေရေးကြေးရေးကဏ္ဍများကို ထိခိုက်စေပါသည်။ အတင်းအဓမ္မစေခိုင်းမှုနှင့် ရွာပြင်ပသို့ သွားလာခွင့်ကို ကန့်သတ်ပိတ်ပင်မှုများကြောင့် ရွာသားများသည် မိမိတို့ စိုက်ခင်းများကိုမပြုစု မစောင့်ရှောက်နိုင်ပါ။ ထို့ကြောင့် သီးနှံစိုက်ခင်းများ ထွက်နှုန်းကျဆင်းရပါသည်။ ရရှိလာသော သီးနှံများသည်လည်း စစ်တပ်မှ အတင်းအဓမ္မ အခွန်ကောက်ခံခြင်းနှင့် ငွေညှစ်တောင်းခံမှုများကြောင့် လျော့နည်းသွားပြီး ကိုယ်ပိုင်စုငွေများကဲ့သို့ ထားရှိသော အိမ် မွေးတိရစ္ဆာန်များ၊ လက်ဝတ်ရတနာများနှင့် ဆန်အပိုအလျှံများ စသည်တို့ကို လျော့နည်းသွားစေပါသည်။ ထိုကဲ့သို့သော ဆိုးကျိုးများကြောင့် ရွာသားများသည် ယခုအချိန် တွင် တစ်နေ့လုပ်မှ တစ်နေ့စားရသော ဘဝသို့ ရောက်ရှိနေကြပါသည်။ ရွာသားများသည် မိသားစုဝင်များ မကျန်းမမာဖြစ်သောအခါ ၎င်းတို့ စုဆောင်းထားသော ငွေကြေးအပေါ် မှီခိုရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် ဖျားနာသူကိုကြည့်ရှုပြုစုရန် လယ်ယာလုပ်ငန်းခွင်သို့ မသွားရောက်နိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ရွာ သားများသည် ငွေကြေးစု ဆောင်းနိုင်ခြင်းမရှိပါက ဖျားနာသောအခါ စားသုံးရန် စားနပ်ရိက္ခာနှင့် ဆေးကုသရန် ငွေကြေးအခက်အခဲ ကြုံတွေ့ရပါမည်။ မြို့ ပြများတွင် ရရှိနိုင် သော ဆေးဝါးကုသစောင့်ရှောက်မှုများသည်လည်း ငွေကုန်ကြေးကျ အလွန်များပါသည်။ ထို့ကြောင့် ရွာသားများသည် ရောဂါဝေဒနာသက်သာရန်အတွက် ထိရောက်မှုမရှိလှသော ရိုးရာတိုင်းရင်းဆေးများကိုသာ မှီဝဲသုံးစွဲရပါသည်။

*"ကျွန်တော်တို့ ရွာတွင် လိုအပ်ချက်များစွာ ရှိပါသည်။ မိသားစု ၃၀တွင် ၂၅စုခန့်သည် လုံလောက်သော စားနပ်ရိက္ခာမရှိပါ။ မိသားစု ၃စုသာ ကိုယ်ပိုင် ကျွဲနွား ရှိသောကြောင့် စားနပ်ရိက္ခာ လုံလောက်စွာထားရှိနိုင်ပါသည်။ ကျန်သော မိသားစုများသည် နေ့လုပ်၊ နေ့စားများသာ ဖြစ်ကြပါသည်။ ထို ရွာသား များသည် ဆင်းရဲကျပ်တည်းမှုနှင့် ရင်ဆိုင်နေကြရပါသည်။ တစ်ခါတစ်ရံတွင် ၎င်းတို့သည် အလုပ်တစ်နေကုန် လုပ်ကိုင်ပါမှ ထမင်းတစ်နပ်သာ ဝယ်ယူစားသောက်နိုင်ပါသည်။ တစ်ခါတစ်ရံတွင် ၎င်းတို့သည် သားသမီး၊ မြေးမြစ်များနှင့် အတူတစ်ကွ ခွဲဝေစားသောက်ရန် လုံလောက်သော စားနပ်ရိက္ခာကို မရရှိ ကြပါ။ ၎င်းတို့သည် တစ်နေကုန်၊ တစ်ညလုံး နားချိန်မရှိ ပင်ပန်းစွာ အလုပ်လုပ်ကိုင်ကြရပါသည်။ ရွာသားများအတွက် စားနပ်ရိက္ခာ လုံလောက်စွာ မရရှိခြင်းမှာ ဖျားနာခြင်း၊ လုပ်အားပေးလုပ်ကိုင်ရခြင်းနှင့် လုပ်အားပေးနှင့် စည်းဝေးများ တက်ရောက်ရန် ခရီးသွားရခြင်း စသည့် အကြောင်းအချက်များ ကြောင့် ဖြစ်ပါသည်။ နအဖနှင့် ငြိမ်းချမ်းရေး (KPS)[၁၀၀] တပ်ဖွဲ့ နှစ်ဖွဲ့လုံးမှ ကျွန်တော်တို့ကို စည်းဝေး ခေါ်ယူလေ့ရှိပါသည်။ ရွာသားများထံမှ တပ်ဖွဲ့ အမျိုးမျိုးတို့က တောင်းခံမှုအမျိုးမျိုးတို့ကိုပြုလုပ်သောကြောင့် ရွာသားများသည် အခက်အခဲများနှင့် ကြုံတွေ့ကြရပါသည်။"*

**-ကို ---(ကျား၊ ၃၀)၊ ရပ်ရွာအတွင်းရေးမှူး၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၆)**

[၁၀၀] Karen Peace Force (KPF) is an armed group formed with SLORC/SPDC support after KNLA officer Thu Mu Heh defected in 1997; it now works as an SPDC proxy army and logs for profit.

*"ကျွန်တော်တို့ ရွာတွင် ဆေးရုံ၊ ဆေးပေးခန်းမရှိပါ။ သို့သော် ရွာတွင် ရွာသားများဖျားနာပါက ဆေးသွားရောက်ကုသမှုခံယူရန် သူနာပြုဆရာ တစ်ယောက်ရှိပါသည်။ ဆေးတစ်လုံးထိုးပါက ငွေ ၂၀၀၀ကျပ် ကုန်ကျပါသည်။ သူနာပြုဆရာထံသို့ သွားရောက်ကုသခြင်းပြုရန် မတတ်နိုင်သူများသည် သဘာဝ ဆေးမြစ်၊ ဆေးဥများကိုသာ အသုံးပြုကြရပါသည်။"*

**-ဦး---(ကျား၊ ၅၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

သီးနှံစိုက်ပျိုးရန် မြေမကောင်းသောဒေသတွင် နေထိုင်ကြသောရွာသားများသည် ခြင်ထောင်ဝယ်ယူရန် သို့မဟုတ် အိမ်သုံးဆေးဝါးဝယ်ယူရန်ပင် ငွေကြေးမရှိပါ။ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် နွေစပါး အတင်းအကျပ် စိုက်ပျိုးစေခြင်းကြောင့် ရွာသားများသည် အခြားသီးနှံနှင့် စားပင်များ ရှာဖွေရန် သို့မဟုတ် စိုက်ပျိုးရန် အချိန်မရရှိပါ။ ထို့ကြောင့် အာဟာရမျှတသောအစားအစာ စားသောက်နိုင်ရန် အခက်အခဲဖြစ်ရပါသည်။ အာဟာရချို့တဲ့မှုလိုအပ်ချက်များကိုလည်း ဖြည့်ဆီးနိုင်ခြင်းမရှိသကဲ့သို့ ကုန်ကူးသန်းရောင်းဝယ်ခြင်းမှ အမြတ်ငွေမရရှိသောကြောင့် အခြားစားကုန်များနှင့်ဆေးဝါးများဝယ်ယူရန် ငွေကြေးမတတ်နိုင်ကြပါ။

*"ကျွန်တော်တို့ ရွာတွင် ဆေးပေးခန်းမရှိပါ။ သို့သော် ကျွန်တော်တို့ ရွာသားများ မကျန်းမာလျှင် တရောဝါးသို့ သွားရောက်ဆေးကုသနိုင်ပါသည်။ တရောဝါးဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူနိုင်ရန် အနည်းဆုံး ငွေကျပ် ၁၀၀၀၀ သို့မဟုတ် ၂၀၀၀၀ ကျပ်ရှိရန်လိုအပ်ပါသည်။ ရွာသားအများစုမှာ ငွေကြေးမတတ်နိုင်သောကြောင့် နာမကျန်းဖြစ်သည့်အခါ အိမ်တွင်သာနေထိုင်ရပါသည်။ အချို့တို့သည် ရိုးရာတိုင်းရင်းဆေးမှီဝဲပြီး ကျန်းမာလာသကဲ့သို့ ရောဂါအခြေအနေ ဆိုးရွားသူများမှာ သေဆုံးကြရပါသည်။ ယခုနှစ် ၂၀၀၅ ခုနှစ်တွင် လူနှစ်ဦးသည် လေဖြတ်၍ ကွယ်လွန်ခဲ့ပါသည်။ တစ်ဦးမှာ ၄ နှစ်သား ဖြစ်ပြီး ကျန်တစ်ဦးမှာ ၄၂ (သို့) ၄၃ နှစ် ရှိပါသည်။ ၎င်းတို့ကို ဆေးရုံသို့ကြိုးစားပို့ဆောင်သော်လည်း အချိန်မမီတော့ပါ။ တစ်နှစ်တစ်ခါ ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများ ကျွန်တော်တို့ ရွာအနီးဝန်းကျင်ဒေသသို့ လာရောက်ပါသည်။ တစ်ခြား ကျန်းမာရေးလုပ်သားများသည်လည်း ကျွန်တော်တို့ကို ကာကွယ်ဆေးလာရောက် ထိုးနှံပေးပါသည်။ သို့သော် ရွာသားအများစုသည် ရိုးရာဆေးမြစ်၊ ဆေးရွက်များကိုသာ ဝယ်ယူ၊ သို့မဟုတ် ရှာဖွေသုံးစွဲရပါသည်။ အနောက်တိုင်းဆေးဝါးများကို ဝယ်ယူရပါက ဆေးတစ်လုံးလျှင် ၂၀၀ကျပ် ပေးရပြီး အကြောဆေးပုလင်းကြီးတစ်လုံးကို ၂၀၀၀ကျပ် ပေးရပါသည်။"*

**-စော ---(ကျား၊ ၄၃)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၅)**

နအဖ စစ်တပ်သည် ၎င်းတို့ ထိန်းချုပ်လာနိုင်သော နယ်မြေဒေသများရှိ ကျေးရွာများသို့ လွတ်လပ်စွာသွားလာခွင့်နှင့် ကုန်သွယ်ခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်း၊ ငွေညှစ်ခြင်းနှင့် အတင်းအဓမ္မစေခိုင်းခြင်း စသည်တို့ကို ယူဆောင်လာပါသည်။ ကရင်ပြည်နယ်ဒေသများသို့ နအဖ စစ်တပ်များတိုးချဲ့လာခြင်းနှင့် နအဖ စစ်တပ်မှ ယူဆောင်လာသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ရွာသူရွာသားများ၏ ကျန်းမာရေးအခြေအနေများကို ထိခိုက်စေသကဲ့သို့ ရွာသူရွာသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အသုံးပြုသောကိုယ်ပိုင်နည်းဗျူဟာများကိုလည်း ထိခိုက်စေပါသည်။ မြန်မာနိုင်ငံအနှံ့ရှိဒေသများတွင် စစ်တပ်၏ အလွဲသုံးစားမှုများကြောင့် ပြည်သူများသည် စားဝတ်နေရေး အခက်အခဲများစွာ ကြုံတွေ့နေကြရသော်လည်း နအဖမှာမူ တစ်နိုင်ငံလုံးရှိ ပြည်သူများကို ၎င်းတို့၏ ဖွံ့ ဖြိုးတိုးတက်ရေး မူဝါဒများ သည် အဆိုပါ ဒေသများတွင် အောင်မြင်တိုးတက်လျက်ရှိကြောင်း ထုတ်ဖော်ပြောဆိုလေ့ ရှိပါသည်။ နအဖ ပြောရေးဆိုခွင့်ရှိသူမှ ကိုးကားပြော

ဆိုသောကိန်းဂဏန်းများအရ ၁၉၉၀ခုနှစ် အစောပိုင်းမှစ၍ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံအခြားသောဒေသများသည် ကျန်းမာရေးနှင့် ဖွံ့ ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန် မြင့်မားစွာတိုးတက်လျက်ရှိကြောင်း သိရပါသည်။

> ***"ငှက်ဖျားရောဂါ ဖြစ်ပွားမှုမှာ ၁၉၉၀ ခုနှစ်တွင် လူ ၁၀၀၀လျှင် ၂၄. ၃ ယောက်နှုန်း ဖြစ်ပွားရာမှ ၂၀၀၄ ခုနှစ်တွင် လူ ၁၀၀၀ လျှင် ၁၁. ၁ ယောက်နှုန်းသာဖြစ်ပွားသောကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းသွားပါသည်။ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်းမှာလည်း ၁၉၉၀ ခုနှစ်တွင် လူ ၁၀၀၀၀၀ လျှင် ၁၂. ၆ ရာခိုင်နှုန်း သေဆုံးသော်လည်း ၂၀၀၄ ခုနှစ်တွင် လူ ၁၀၀၀၀၀ လျှင် ၃. ၇ ရာခိုင်နှုန်း သို့ ကျဆင်းသွားပါသည်။ ငှက်ဖျားရောဂါ ပညာပေးလုပ်ငန်းများကိုလည်း ပြည်သူများအကြားတွင် လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် ဆေးစိမ်ထားသော ခြင်ထောင်များနှင့် ငှက်ဖျားဆေးများကို ကျေးလက်ဒေသများတွင် ဖြန့်ဝေစေခဲ့ပါသည်။"***

**နအဖ ကျန်းမာရေးဝန်ကြီးဌာန ဒုဝန်ကြီး ဒေါက်တာမြဦး (ဧပြီ ၂၀၀၆)[၁၀၁]**

နအဖ ကျန်းမာရေးဝန်ကြီးဌာန ဒုဝန်ကြီးသည် အထက်ပါအတိုင်းထုတ်ဖော်ပြောဆိုခဲ့သည် သာမက နအဖ အစိုးရသည် အိပ်(ချ်)အိုင်ဗီ HIVရောဂါပိုးကို ပျောက်ကင်းအောင်ကုသနိုင်ခဲ့သည်ဟု ဆက်လက်ပြောဆိုခဲ့ပါသည်။

> ***"ဆေးဝါးများအလွဲသုံးစားပြုမှု ထိန်းချုပ်ရေး ဗဟိုကော်မတီ CCDAC[၁၀၂] ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ တစ်ဝှမ်းတွင် အိပ်(ချ်)အိုင်ဗီ HIV ရောဂါပိုး ကာကွယ်ရေးနှင့် ကုသမှုများကို လုပ်ဆောင်လျက် ရှိပါသည်။ ထို့အပြင် အထူးကုဆရာဝန်ကြီး များသည် အိပ်(ချ်)အိုင်ဗီ ရောဂါ အထူးကုသပေးသောဌာနများနှင့် ပြင်ပဆေးခန်းများတွင် အိပ်(ချ်)အိုင်ဗီ ဝေဒနာရှင် ၂၆ ဦးကို ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါသည်။"[၁၀၃]***

စစ်တပ်သည် ကျန်းမာရေးနှင့် ပတ်သက်သောလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်လျက်ရှိကြောင်း နအဖ အစိုးရမှ ထုတ်ဖော်ပြောဆိုလျက်ရှိသော်လည်း ရွာသားများ၏ အဆိုအရမူ နအဖ စစ်အစိုးရ၏ စီမံကိန်းများသည် အပေါ်ယံသာဖြစ်ပြီး ရံဖန်ရံခါဆိုသလို အန္တရာယ်ပင်ဖြစ်စေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှ မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် အဆင့် ၁၉၀ အဖြစ် သတ်မှတ်ခဲ့ပါသည်။[၁၀၄] နအဖ အစိုးရသည် ဒေသခံပြည်သူများလိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုများကို အမှန်တကယ်လုပ်ဆောင်ပေးခြင်းမရှိဘဲ နိုင်ငံတကာကို လိမ်လည်ပြောဆိုကာနိုင်ငံတကာမှ ၎င်းတို့ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရေးကိုသာလုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် ဝေးလံခေါင်ခိုက်သော ဒေသများသို့

[၁၀၁] "Questions and answers at the Press ConFerence 4/2006," SPDC press conference, April 27th 2006. Accessed at http://www.myanmar.com/pressconference/index.html on February 2nd 2007.

[၁၀၂] Burma's Central Committee for Drug Abuse Control (CCDAC) is the lead organisation in the SPDC's drug enforcement operations.

[၁၀၃] "Questions and answers at the Press Conference 4/2006," SPDC press conference, April 27th 2006. Accessed at http://www.myanmar.com/pressconference/index.html on February 2nd 2007.

[၁၀၄] *Chronic Emergency: Health and Human Rights in Eastern Burma*. Backpack Health Worker Team, 2006. Page 17. Only Sierra Leone had a poorer performance.

၄င်းတို့၏ အုပ်ချုပ်မှုအာဏာကို တိုးချဲ့နိုင်ရန်သာလုပ်ဆောင်လျက်ရှိပါ သည်။ နအဖ စစ်အစိုးရသည် မြန်မာနိုင်ငံတွင် ပြည်သူများကြုံတွေ့နေရသော စားဝတ်နေရေးနှင့် ကျန်းမာရေး လိုအပ်ချက်များကို အစိုးရမှ ဖြည့်ဆီးလုပ်ဆောင်လျက်ရှိသည် ဟု ပြောဆိုသော်လည်း ယူအန်ဒီပီ UNDP ၏ အဆိုအရ စစ်အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဂျီဒီပီ GDP ၏ ၀.၅%  ကိုသာ အသုံးပြုလျက်ရှိပါ သည်။[၁၀၅] UNDP သည် အထက်ပါကိန်းဂဏန်းကိုးကားချက်ကို နအဖထံမှပင် ရရှိထားသောကြောင့် နအဖ စစ်အစိုးရမှ ပိုမိုပြောဆိုထားခြင်းလည်းဖြစ်နိုင်ပေသည်။ ထို့အပြင် အထက်ပါအသုံးစားရိတ်တွင် ပြည်သူများထံမရောက်ရှိမီ အရာရှိအဆင့်ဆင့်၏ လဒ်စားမှုကြောင့် ယိုဖိတ်ခဲ့ရသော ငွေကြေးပမာဏကို ထည့်သွင်းတွက်ချက်ထား ခြင်း မရှိပါ။ နအဖ စစ်အစိုးရသည် ပြည်သူများ ကျန်းမာရေးအတွက် ငွေကြေးကို အနည်းငယ်(သို့) လုံးဝနီးပါး အသုံးပြုခြင်းမရှိ သည့်အပြင် နအဖ စစ်တပ်များသည် ရွာသူ၊ ရွာသားများ၏ ဆေးဝါးပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဆေးပေးခန်းများကို ဖျက်ဆီးခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် နအဖ အစိုးရ၏ လက်အောက်မှ မဟုတ်ဘဲ သီးသန့်ပေးပို့သောဆေးဝါးအကူအညီများကိုလည်း ကန့်သတ်ပိတ်ပင်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့၏ ရွာ သားများထံ ဆေးဝါးများကူညီပေးမှုကိုလည်း ပိတ်ပင်ထားပါသည်။ စစ်အစိုးရလက်အောက်မှ မဟုတ်ဘဲ ရွာသူ၊ရွာသားများထံ ဆေးဝါးအကူအညီများ ပေးပို့ထောက်ပံ့ခြင်း ကို စစ်အစိုးရမှ ပစ်မှတ်ထားရခြင်းမှာ ရွာသားများသည် ထိုအကူအညီများကိုရရှိပါက မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင်ထိန်းချုပ်ထားနိုင်ပြီး စစ်အစိုးရ၏ ထိန်းချုပ်မှုကိုတိမ်းရှောင်နိုင်မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် ရွာသားများသည် စစ်တပ်တိုက်ကင်းများကို ရှောင်တိမ်းပြီး တောတွင်းတွင် ပုန်းအောင်းနိုင်မည်ဖြစ်ပါသည်။

## ကျေးလက်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေ

> ***"ကျွန်တော်တို့သည် ရွာသို့ပြန်မသွားဝံ့ပါ။ ကျွန်တော်တို့၏ အိမ်မွေးတိရစ္ဆာန်အားလုံး ပျောက်ဆုံးကုန်ပါသည်။ ကျွန်တော်တို့ တောတွင်း ထွက်ပြေးပုန်း အောင်းရသောအချိန်သည် မိုးရာသီ ဖြစ်ပါသည်။ ကျွန်တော်တို့သည် စားနပ်ရိက္ခာမလုံလောက်မှုနှင့် အဖျားရောဂါများကို ရင်ဆိုင်နေရပါသည်။"***

**-စော---(ကျား၊ ၆၅)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဇွန်လိုင် ၂၀၀၆)**

> ***"ကျွန်တော်တို့သည် မိုးရာသီအချိန်တွင် တောတွင်းသို့ ထွက်ပြေးပုန်းအောင်းရပါသည်။ ရွာသားအများအပြားနာမကျန်း ဖြစ်ကြပါသည်။ ကျွန်တော်တို့ ရွာသားများတွင် သူနာပြုများရှိကြသော်လည်း ၄င်းတို့တွင် ဆေးဝါးများမရှိပါ။ အမျိုးသမီးများထွက်ပြေးပုန်းရှောင်နေစဉ်အချိန် မီးဖွားပါက ရွာသားများသည် ထိုအမျိုးသမီးများကို ပုခက်ဖြင့် သယ်ပိုးရပြီး မိုးမစိုစေရန် မိုးကာဖြင့် ဖုံးအုပ်ထားရပါသည်။"***

**-စော ---(ကျား၊ ၅၇)၊ ---ရွာ၊ ဖာပွန်ခရိုင် (ဇွန်လိုင် ၂၀၀၆)**

စစ်တပ်၏ အလွဲသုံးစားပြုမှုကို အစဉ်အမြဲခံရသောကြောင့် ရွာသားများသည် မိမိတို့ ကျန်းမာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော သန့်ရှင်းသောရေ၊ ခြင်ထောင်နှင့် ငှက်ဖျားရောဂါ၊ ဝမ်းရောဂါ စသည်တို့ကို ကုသပျောက်ကင်းနိုင်သော အိမ်သုံးဆေးဝါးများကို မရရှိနိုင်သောကြောင့် ရွာသားများ၏ ကျန်းမာရေး အခြေအနေကို ဆိုးရွာစေပါသည်။ ကရင်ပြည်နယ်မြောက်ပိုင်းကဲ့သို့သောဒေသများကို နအဖ စစ်အစိုးရသည် ၄င်းတို့၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိစေရန် ဆောက်ရွက်လျက်ရှိသောဒေသများတွင် နအဖသည်ရွာသားများ လိုအပ်

[၁၀၅] *Human Development Report 2006- Beyond Scarcity: Power, povety and the global water crisis,* United Nations Development Programme,2006.

သော အခြေခံလိုအပ်ချက်များ မရရှိနိုင်ရန် ရွာများကို တိုက်ရိုက် တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသများကို ဆက်သွယ်သော လမ်းများကိုပိတ်ဆို့ခြင်းများကို လုပ်ဆောင်ပါသည်။ ထိုကဲ့သို့ လမ်းများကို ပိတ်ဆို့ထားသည်သာမက စားနပ်ရိက္ခာနှင့် ဆေးဝါးများသယ်ယူပို့ဆောင်သူ များကို စစ်တပ်မှ ဖမ်းဆီးနှိပ်စက်ခြင်းများပြုလုပ်ပါသည်။ နအဖ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိပြီးသောဒေသများတွင်မူ စစ်တပ်၏ ပြည်သူလူထုအပေါ် အမြတ်ထုတ်အ နိုင်ကျင့်မှုကြောင့် ရွာသားများသည် ဆင်းရဲကျပ်တည်းမှု ကြုံတွေ့ရပြီး ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များကို မဖြည့်ဆီးနိုင်ကြပါ။ ထို့အပြင် စစ်တပ်၏ အမြတ်ထုတ် အနိုင်ကျင့်မှုနှင့်လွတ်လပ်စွာခရီးသွားခွင့်နှင့် ကုန်သွယ်ခွင့်ကို ကန့်သတ်ပိတ်ပင်မှုများကြောင့် ရွာသားများသည် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုတို့ကို ကြုံ တွေ့ကြရပါသည်။ ရွာသားများ ဆေးဝါးများ ရရှိနိုင်မှုကို စစ်အစိုးရမှ လမ်းများပိတ်ဆို့ခြင်းနှင့် ခရီးသွားလာခွင့်ကို ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခြင်းဖြင့် တိုက်ရိုက် ပိတ် ပင်မှုများ ပြုလုပ်သကဲ့သို့ ဆေးရုံ ဆေးပေးခန်းများတွင် ဆေးဝါးကုသခများ မြင့်မားစွာ တောင်းခံခြင်းကြောင့် ရွာသားများသည် ဆေးဝါးကုသခံယူခြင်းမပြုနိုင်ကြပါ။ ထို့ကြောင့် ရွာသားများသည် ကုသပျောက်ကင်း၍ရနိုင်သော ရောဂါဝေဒနာများကို ကုသမှုခံယူခြင်းမပြုနိုင်ပါ။ ဒဏ်ရာပျောက်ကင်းသက်သာရန် မလိုအပ်ဘဲ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရသောကြောင့် စိုက်ခင်းများတွင် အလုပ် မလုပ်ကိုင်နိုင်ပါ။

ထို့ကြောင့် ကရင်ပြည်နယ်တွင် နအဖ စစ်တပ်သည် ၎င်းတို့၏ထိန်းချုပ်နိုင်မှုကို တိုးချဲ့ပြီးတင်းကျပ် လာခြင်းကြောင့် ကာကွယ်ကုသ၍ရနိုင်သော ငှက်ဖျားရောဂါ၊ ဝမ်းရောဂါနှင့် တီဘီရောဂါများ ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားလာစေပါသည်။ ငှက်ဖျားရောဂါသည် ရွာသားများ အများဆုံးခံစားရသောရောဂါဖြစ်ပြီး ကရင်ပြည်နယ်အရှေ့မြောက်ပိုင်းရှိ တောတွင်းပုန်းအောင်းနေသူ ရွာသားများ ၁၂.၄% သည် အသက်အန္တရာယ်ရှိသော ဦးနှောက်တွင်းသို့ ငှက်ဖျားပိုးဝင်သော ရောဂါဝေဒနာကိုခံစားကြရပါသည်။[၁၀၆]

***"ကျွန်တော်တို့ ရွာတွင် ဆေးရုံမရှိသောကြောင့် ရွာသားများ ပြင်းထန်စွာဖျားနာပါက အခြားနေရာများသို့ သွားရောက်ကုသမှု ခံယူရပါသည်။ ရွာတွင် လူ အများခံစားရသော ရောဂါများမှာငှက်ဖျား၊ ဝမ်းရောဂါနှင့် အသဲရောင်အသားဝါ ရောဂါတို့ ဖြစ်ကြပါသည်။"***

**-စော ---(ကျား၊ ၄၀)၊ ---ရွာ၊ ဖာပွန်ခရိုင် (မတ်လ ၂၀၀၆)**

***"ကျွန်တော်တို့ဒေသတွင် ဖြစ်ပွားမှုအများဆုံးသောရောဂါများမှာ ငှက်ဖျားရောဂါနှင့် ဝမ်းရောဂါဖြစ်ပြီး အချို့လူများသည် တီဘီရောဂါ ခံစားကြရပါသည်။"***

**-စော ---(ကျား၊ ၂၆)၊ ---ရွာ၊ ဖာပွန်ခရိုင် (မတ်လ ၂၀၀၆)**

ရွာသားများသည် ၎င်းတို့၏ အခြေခံကျန်းမာရေး လိုအပ်ချက်ကို ဖြည့်ဆီးနိုင်ရန် ရုန်းကန်ကြိုးစားနေရချိန်တွင် ဒေသခံ နအဖအာဏာပိုင်များသည် ရွာသားများကို ကျန်းမာရေးပညာပေးသင်တန်းများအတင်းအကျပ် တက်ရောက်စေပါသည်။ ထိုသို့တက်ရောက်ရာတွင် ကုန်ကျသောခရီးစရိတ်နှင့် အစားအသောက်စရိတ်ကို ရွာသားများမှ

[၁၀၆] *Chronic Emergency: Health and Human Rights in Eastern Burma,* Back Pack Health Worker Team, 2006. pp.65

ကိုယ်တိုင်ကုန်ကျခံရပါသည်။ ထို့အပြင် ရွာသားများ၏ စားဝတ်နေရေးအတွက်အလုပ်လုပ်ကိုင်ရသည့် အချိန်ကိုလည်း ထိခိုက်စေပါသည်။ နအဖ စစ်အစိုးရသည် ရွာသားများ အမှန်တကယ်လိုအပ်သောကျန်းမာရေး လိုအပ်ချက်များကို သိရှိနားလည်ရန်ကြိုးစားလုပ်ဆောင်ခြင်း မရှိသည်သာမက ရွာသားများ၏ ကျန်းမာရေးအတွက် လုပ်ဆောင်လျက်ရှိသော ကိုယ်ပိုင်နည်းဗျူဟာကိုလည်း ကူညီထောက်ပံ့ပေးခြင်းမရှိပါ။ စစ်အစိုးရသည် ရွာသားများအတွက် ကျန်းမာရေး ပညာပေး သင်တန်းများကိုသာ ဖွင့်လှစ်ပေးပြီး ရွာသားများအတွက် အရေးတကြီးမလိုအပ်သောဆေးဝါးကုသမှုများကိုသာ လုပ်ဆောင်လျှက်ရှိပါသည်။ ဥပမာအားဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ကရင် ပြည်နယ်တောင်ပိုင်းရှိ ဒေသတစ်ချို့တွင် စစ်အစိုးရသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ မှတစ်ဆင့် ယူနီဆက် အကူအညီဖြင့် ပိုလီယိုရောဂါကာကွယ်ဆေးထိုးပေးခြင်းများပြုလုပ်ပေးခဲ့သော်လည်း ရွာသားများမှတင်ပြသော ၄င်းတို့အတွက် အရေးတကြီးလိုအပ်လျက်ရှိသောကျန်းမာရေးလိုအပ် ချက်များကိုမူ စစ်အစိုးရ သည် လုပ်ဆောင်ပေးခြင်းမရှိပါ။

***"ကျွန်တော်တို့သည် ပါရာစီတမော ဆေးတစ်လုံးကို ၅၀ကျပ်ဖြင့် ဝယ်ယူရပြီး အခြားဆေးဝါးများကိုလည်း ဝယ်ယူရပါသည်။ ထိုဆေးများကို ရောင်းချပေးသော ကျန်းမာရေးလုပ်သားများသည်လည်း ၄င်းတို့ ရောင်းချပေးသောဆေးများကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူရပါသည်။ နအဖ စစ်အစိုးရသည် ကျွန်တော်တို့ အတွက် ဆေးဝါးများ ထောက်ပံ့ပေးခြင်းမရှိပါ။ ကလေးများအတွက်သာ ကာကွယ်ဆေးများ ထိုးနှံပေးပါသည်။ ရွာတွင် အဖြစ်များသော ရောဂါမှာငှက်ဖျား ရောဂါဖြစ်ပါသည်။"***

**-ဦး ---(ကျား၊ ၅၀)၊ ရွာသူကြီး၊ ---ရွာ၊ ဒူးပလာယာခရိုင် (နိုဝင်ဘာ ၂၀၀၅)**

***"ကျန်းမာရေးလုပ်သားများသည် ကျွန်မတို့ရွာသို့လာရောက်ပြီး ကလေးငယ်များအတွက် ပိုလီယိုကာကွယ်ဆေး အခမဲ့ ထိုးနှံပေးသော်လည်း ကျွန်မအမြင် အရရွာတွင် ပိုလီယိုရောဂါခံစားရသူ တစ်ဦးမျှမရှိပါ။"***

**-ဖီး ---(မ၊ ၈၅)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

နအဖ စစ်အစိုးရသည် ယူနီဆက် အကူအညီဖြင့် ပိုလီယိုရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်လျှက်ရှိသော်လည်း[၁၀၇] အချို့ ရွာသားများသည် ပိုလီယိုကာကွယ်ဆေးရရှိရန်နှင့် ကျန်းမာရေး ပညာပေးသင်တန်းများကို တက်ရောက်ခွင့် ရရှိနိုင်ရန် နအဖ အစိုးရ လက်အောက်ခံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့သို့ ဝင်ရောက်ရပါသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့သည် နအဖ၏ အရံတပ်ဖွဲ့ တစ်ခုဖြစ်ပြီး ၄င်းတို့ အဖွဲ့သို့ ဝင်ရောက်ရန် ဝင်ကြေး ၃၀၀မှ ၅၀၀ ကျပ်အထိ ပေးဆောင်ရပါသည်။[၁၀၈]

***"အမျိုးသမီးရေးရာအဖွဲ့၏ ဥက္ကဋ္ဌ သည် ကျွန်မတို့ ရွာသို့ လာရောက်ပြီး ကျန်းမာရေးနှင့် ပက်သက်သော ဟောပြောပွဲကို ပြုလုပ်ပါမည်။ သူမသည် ယခင်က ဤကဲ့သို့ ကျန်းမာရေး ဟောပြောပွဲ လာရောက်ပြုလုပ်လေ့ မရှိပါ။ သူမလာရောက်ပြီး မည်သည့်အတွက်ကြောင့် ဟောပြောပွဲ ပြုလုပ်ရသည်ကို သူမလာ ရောက်ပြီးမှသာ ကျွန်မတို့သိရှိရပါမည်။ သူမသည် ရွာတစ်ရွာအတွက် အမျိုးသမီးရေးရာအဖွဲ့သို့ဝင်ရောက်ခွင့် ပုံစံ အစောင်၅၀***

[၁၀၇] "Helping children stay health and well-nourished," UNICEF: Myanmar, 2007. Accessed at www.unicef.org/myanmar/health_nutrition _1356.html on March 16th 2007.

[၁၀၈] မြန်မာအမျိုးသမီးရေးရာအဖွဲ့အစည်းအကြောင်းဆိုပိုမိုသိရှိလိုပါကရှေ့တွင်ဆက်လက်ဖော်ပြမည့်''စစ်အစိုးရ၏လူမှုရေးအဖွဲ့အစည်းများ''အခန်းကဏ္ဍတွင် ဖတ်ရှုနိုင်ပါသည်။

*ကျစီပေးအပ်ခဲ့ပါသည်။ ကျွန်မအမြင်အရ ကျွန်မတို့ အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်ပြီးပါက ကျန်းမာရေးလုပ်သားများ ကျွန်မတို့ ရွာသို့လာရောက်ပြီး ပိုလီယိုကာကွယ်ဆေး အခမဲ့ထိုးနှံပေးပါမည်။ ကျွန်မတို့ ဝင်ခွင့်ပုံစံ ဖြည့်စွက်ပြီးပါက ဥက္ကဋ္ဌသည် ကျွန်မတို့ ရွာသို့ လာရောက်ပြီး သင်တန်းပို့ချပါမည်။ သို့သော် မည်သည့်အချိန် တွင် လာရောက်မည်ကို မသိရှိသေးပါ။"*

**-ဒေါ် ---(မ၊၅၃)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

အမှန်စင်စစ် ပိုလီယိုရောဂါကင်းစင်ရေးသည် အရေးတကြီးလုပ်ဆောင်ရမည့်အရာဖြစ်သည့်နည်းတူ ရွာသားများ အမှန်တကယ်လိုအပ်နေသောကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ယူနီဆက်နှင့် နအဖတို့သည် ရွာသားများ အတွက်လုပ်ဆောင်ပေးသင့်ပါသည်။ ရွာသူကြီးတစ်ဦးမှ ကရင်လူ့အခွင့်အရေးအဖွဲ့သို့ အောက်ပါအတိုင်းပြော ဆိုခဲ့ပါသည်။ "ဖြစ်နိုင်မည်ဆိုလျှင် ကျွန်တော်တို့ရွာသားများအတွက် အသုံးဝင်သောအရာများကို ရရှိလိုပါသည်။ ခြင်ထောင်နှင့် ဆောင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ဖြစ်နိုင်လျှင် စောင်များကိုရရှိလိုပါသည်။"

နအဖ စစ်အစိုးရသည် ၎င်းတို့ထိန်းချုပ်နယ်မြေဒေသများတွင် နေထိုင်သူရွာသားများကိုသာ ပိုလီယိုကာ ကွယ်ဆေးတိုက်ကျွေးလိုပါသည်။ ထို့အပြင် ၎င်းတို့ ထိန်းချုပ်နယ်မြေပြင်ပသို့ မည်သည့်ဆေးဝါးမျှ မရောက်ရှိ စေလိုပါ။ စစ်အစိုးရသည် ရွာသားများ ၎င်းတို့ လိုအပ်သော ဆေးဝါးများကို ရရှိပြီး ၎င်းတို့ စိတ်ကြိုက်လွတ်လပ်စွာ နေထိုင်နိုင်မည်ကို လက်ခံလိုခြင်းမရှိပါ။

## ဆေးပေးခန်းများ အတင်းအဓမ္မဆောက်လုပ်စေခြင်း

*"ကျန်းမာရေးကဏ္ဍ ဖွံ့ ဖြိုးတိုးတက်ရန်အတွက် အစိုးရသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ ကုတင် ၁၅၀ဆံ့ ဆေးရုံများကို ကုတင် ၂၀၀ဆံ့ ဆေးရုံများသို့ တိုးချဲ့ဆောက်လုပ်ပါသည်။ ထို့အပြင် ရိုးရိုးလူနာကုတင် ၅၀ နှင့် L၆ ကုတင် ၈ ကုတင်ဆံ့သော ဆေးရုံသစ်နှစ်ခုကိုလည်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ကရင် ပြည်နယ်တွင် ကျေးလက်ဆေးပေးခန်းပေါင်း ၈ခု နှင့် ဆေးပေးခန်းအခွဲ ၄၁ ခုတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်း အရေအတွက်ကို လည်း တိုးချဲ့ခန့်ထားခဲ့ပါသည်။ ဒေသခံ ပြည်သူများ၏ ကျန်းမာရေး လိုအပ်ချက်များကို ကြည့်ရှုစောင့်ရှောက်နိုင်ရန် ဆရာဝန် ၇၁ ဦး၊ သူနာပြု ၁၇၆ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၈၁ ဦးတို့ကို ထပ်မံခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။"*

**-နအဖ သတင်းထုတ်ပြန်ကြေငြာချက် (ဇွန်လ ၂၀၀၆)[၁၀၉]**

*"ကျွန်တော်တို့ရွာတွင် ဆေးပေးခန်းတစ်ခုရှိသော်လည်း သူနာပြုဆရာမနှင့် ဆေးဝါးများမရှိပါ။ နအဖ စစ်အစိုး ရသည် ဤဆေးပေးခန်းကို ရွာသားများအား အလျင်အမြန်ပြီးစီးရန် အတင်းအဓမ္မတည်ဆောက်စေခဲ့သော် လည်း ယခုအချိန်တွင် ဆေးပေးခန်းတွင် မည်သည့်ဆေးဝါးမျှမရှိပါ။"*

**-စော ---(ကျား၊ ၄၆)၊ ---ရွာ၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

[၁၀၉] "Kayin, Bamar, Rakhine, Mon, Shan, PaO, and other races atriving for emergence of peaceful, developed and modern State under the guidance of the State Peace and Development Council in Kayin State," SPDC Press Conference, June 11th 2006. Accessed at http://www.myanmar.com/press_conference/2006/11-6f.html on March 2nd 2007.

နအဖ စစ်အစိုးရသည် ကရင်လူမျိုးများနေထိုင်ရာဒေသများတွင် ရွာသားများ အမှန်တကယ်လိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်မှုများကို လုပ်ဆောင်ပေးရမည့်အစား ဆေးပေးခန်းများဖွင့်လှစ်နိုင်ရေးကိုသာ လုပ်ဆောင်လျှက်ရှိပါသည်။ နအဖ စစ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်သည် ကျေးလက်ဒေသများရှိ ဆေးရုံ ဆေးပေးခန်း အသစ်များ၊ ဆရာဝန်များနှင့် သူနာပြုများ၏ စာရင်းဇယားကို ထုတ်ဖော်ပြောဆိုနေသော်လည်း အမှတ်စင်စစ်တွင်မူ စစ်သားများသည် ဒေသခံပြည်သူများကို ဆေးပေးခန်းများ အတင်းအကျပ် ဆောက်လုပ်စေပါသည်။ ထိုဆေးပေးခန်းများ ဆောက်လုပ်ရန် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ၊ သစ်များ၊ ဝါးများကို ရွာသားများကသာရှာဖွေစု ဆောင်းရပြီး မိမိတို့၏ ကိုယ်ပိုင်စားနပ်ရိက္ခာကို စားသုံးပြီး ဆေးပေးခန်းများကို ဆောက်လုပ်ခဲ့ရပါသည်။ ဆောက်လုပ်ပြီးစီးပါက နအဖသည် ဤဆေးပေးခန်းများကို နိုင်ငံ တော်ငွေကြေးဖြင့် ဆောက်လုပ်ကြောင်း ပြည်သူများကို လိမ်ညာပြောဆိုပါသည်။

***"ကျွန်မတို့ ရွာတွင်လည်း ဆေးပေးခန်းတစ်ခု ရှိပါသည်။ ဤဆေးပေးခန်းကို ရွာသားများ၏ လုပ်အားဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ ရွာသားများသည် လိုအပ်သောသစ်၊ ဝါး၊ အင်ဖက်များကို ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူရပြီးလက်သမားငှားရမ်းကာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ဆောက်လုပ်ပြီးချိန်တွင် နအဖ၏ ရခိုင်စစ်သားများက ၎င်းတို့ တည်ဆောက်ကြောင်းပြောဆိုခဲ့ပါသည်။"***

**-နော် ---(မ၊ ၄၅)၊ ရအဖ အတွင်းရေးမှူး၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

ဆေးပေးခန်းများ ဆောက်လုပ်ပြီးပါကဒေသခံနအဖ အာဏာပိုင်များသည် ဖွင့်ပွဲအခန်းအနားလာရောက်ကျင်းပပါသည်။ ထို့နောက် ဆေးပေးခန်းများကို ဆက်လက်ထောက်ပံ့ခြင်းမရှိပါ။ ကျေးလက်ရှိ စာသင်ကျောင်းများကဲ့သို့ပင် ဆေးပေးခန်းများဖွင့်လှစ်ပြီးစ အချိန်တွင် အစိုးရမှခန့်ထားသော ကျန်းမာရေးဝန်ထမ်းများရှိသော်လည်း ဆေးဝါးနှင့်အခြားလိုအပ်သောအထောက်အပံ့ပစ္စည်းများမရှိပါ။ ထို့ကြောင့် ဆေးပေးခန်းများသို့ လာရောက်ကုသမှုခံယူလိုသော ရွာသားများသည် လိုအပ်သောဆေးဝါးများကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူရပါသည်။ သို့သော် နအဖစစ်တပ်များ၏ အလွဲသုံးစားပြုမှုနှင့် ကန့်သတ်ပိတ်ပင်မှုများကြောင့် ရွာသားများသည် ဆင်းရဲကျပ်တည်းမှုနှင့်ကြုံတွေ့ကြရပြီး ကိုယ်ပိုင်ငွေကြေးဖြင့် ဆေးဝါးများဝယ်ယူနိုင်ခြင်းမရှိပေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အထက်ပါကဲ့သို့သောဆေးဝါးများမရှိသည့် ဆေးပေးခန်းများ အတွင်းသို့ သေချာစွာဝင်ရောက်ကြည့်ရှုခြင်းမရှိဘဲ နအဖ၏ ကျန်းမာရေးစောင့် ရှောက်မှု လုပ်ငန်းများအတွက် အောက်ပါကဲ့သို့ အကာအကွယ်ပေးပြောဆိုလျက်ရှိပါသည်။ "အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပေးခန်းများကို နေရာအနှံ့ ဖွင့်လှစ်ပေးသော်လည်း အသုံးပြုမည့်သူ အရည်အတွက် အလွန်ပင်နည်းပါးလျက်ရှိပါသည်။"[၁၁၀] ရွာသားများသည် မိမိတို့၏ ကိုယ်ပိုင်လုပ်အား၊ ငွေကြေးဖြင့် ဆေး ပေးခန်းများ ဆောက်လုပ်ပြီး နအဖ စစ်အစိုးရ၏ အကူအညီ အထောက်အပံ့ကို မရရှိသော်လည်း ရွာသားများသည် ကေအန်ယူ အဖွဲ့၏ ကရင်ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှုအဖွဲ့ထံမှ ဆေးဝါးပစ္စည်း အကူအညီများကို ရယူပါသည်။ ကရင်ပြည်နယ် ဖားအံခရိုင်တွင်

[၁၁၀] WHO Country Cooperation Strategy [CCS], Myanmar, World Health Organisation, June 28th 2000. Accessed at www.who.int/countries/en/cooperation_strategy_mmr_en.pdf on February 28th 2007.

၂၀၀၆ ခုနှစ်အတွင်း ရွာသားများ ကရင်ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အကူအညီဖြင့် တည်ဆောက်ထားသော ဆေးပေးခန်းများကို နအဖ စစ်အစိုးရထံ မှတ်ပုံတင်စာရင်း ပေးသွင်းစေပါသည်။ ဤသို့ဖြင့် အထက်ပါဆေးပေးခန်းများကို အစိုးရမှ တည်ဆောက်ပေးသော ဆေးခန်းများစာရင်းတွင် ထည့်သွင်းစေပါသည်။ အထက်ပါဆေးပေးခန်းများကို ဒေသခံ နအဖစစ်အရာရှိ၏ လက်အောက်တွင် ထိန်းချုပ်ထားပြီး အချို့ ဆေးပေးခန်းများကိုသူပုန်များထံ ဆေးဝါးများရောက်ရှိသွားမည်ဟု အကြောင်းပြပြီး ပိတ်သိမ်းစေပါသည်။ အဆိုပါ ဆေးပေးခန်းများရှိဆေးဝါးများကို အစိုးရမှ ထောက်ပံ့ထားခြင်းလည်းမဟုတ်ပါ။

## ဆေးပညာသင်တန်းများ အတင်းအဓမ္မတက်ရောက်စေခြင်း

နအဖ စစ်အစိုးရသည် ရွာသားများကို ဆေးပေးခန်းများအတင်းအကျပ်တည်ဆောက်စေသည့်အပြင် ကျန်းမာရေးပညာပေးနှင့် ဆေးပညာသင်တန်းများကိုလည်း အတင်းအဓမ္မတက်ရောက်စေပါသည်။ နအဖ စစ်အစိုးရမှ အတင်းအကျပ်တက်ရောက်စေသောသင်တန်းမှာ သားဖွားသင်တန်းဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် ရွာသားများကို သင်တန်းများ အတင်းအကျပ်တက်ရောက်စေသော်လည်း သင်တန်းသားများကို လုံးဝထောက်ပံ့ခြင်းမရှိပါ။ ထို့ကြောင့် သင်တန်းသားများအားလုံးသည် မိမိတို့ကိုယ်ပိုင်ငွေကြေးဖြင့် သင်တန်းတက်ရောက်ရပြီး စားဝတ်နေရေးအတွက် ကိုယ်ပိုင်အလုပ်ချိန်များကိုလည်း ဆုံးရှုံးရပါသည်။ သင်တန်းတက်ရောက်အောင်မြင်ပြီး ပါကလည်းအစိုးရသည် သားဖွားဆရာမများကို သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ခြင်းမှလွဲ၍အခြား မည်သည့်အရာမျှ ထောက်ပံ့ပေးခြင်းမရှိပါ။ ထို့ကြောင့် ဆေးဝါးများအတွက် ငွေကြေးမတတ်နိုင်သော ရွာသားများအတွက်အကျိုးအနည်းငယ်သာရှိပါသည်။

> ***"-နအဖ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများသည် ကျေးရွာတိုင်းရှိ လူတစ်ဦးကျစီကို သားဖွားသင်တန်းတက်ရောက်ရန်စေခိုင်းပါသည်။ ရွာသားတစ်ဦးသည် သားဖွားသင်တန်း တက်ရောက်ရန် ငွေ ၅၀၀၀၀ ကျပ် ယူဆောင်သွားရပါသည်။ ရွာတွင် အလွန်အမင်း နာမကျန်းဖြစ်သူများသည် မြို့ဆေးရုံများသို့ သွားရောက်ကုသမှုခံယူရပါသည်။ ထိုဆေးရုံများတွင် ဆရာဝန်နှင့် သူနာပြုဆရာမများ ရှိပါသည်။ ဆေးရုံများတွင် ဆရာဝန်များသည် လူနာကိုစမ်းသပ်ပြီးပါက ဆေးစာရေးပေးပြီး လိုအပ်သောဆေးများကို ပြင်ပ ဆေးဆိုင်များတွင် ဝယ်ယူရပါသည်။ ထို့ကြောင့် ရောဂါပျောက်ကင်းလိုသော သူများသည် ငွေကြေးများစွာ ကုန်ကျခံရပါသည်။ ငွေကုန်ကြေးကျ မခံနိုင်ပါက ဆရာဝန်များသည် ကောင်းမွန်စွာ ကုသပေးခြင်းမရှိပါ။ နအဖ ဆေးရုံများတွင် ဆေးဆိုင်များကို ဖွင့်လှစ်ထားပါသည်။ ဆေးရုံတွင် လာရောက်ကုသမှုခံယူသောလူနာများကို အခြားဆေးဆိုင်များတွင် ဆေးဝယ်ယူခွင့်မပြုပါ။ ထို့ကြောင့် ဆေးရုံများတွင် ဆေးဝါးကုသမှု ခံယူကြသော လူနာများသည် ဆေးရုံတွင်း နအဖမှ ဖွင့်လှစ်ထားသော ဆေးဆိုင်များတွင်သာဆေးဝယ်ယူကြရပါသည်။ ငွေကြေးမတတ်နိုင်သူ ရွာသားများအတွက် မြို့ဆေးရုံများတွင် သွားရောက်ဆေးကုသမှု ခံယူရန်မလွယ်ကူပါ။"***
>
> **-စော ---(ကျား)၊ ---ရွာ၊ သထုံခရိုင် (၂၀၀၆)**

## ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအပေါ် ကန့်သတ်ပိတ်ပင်ခြင်း

နအဖ စစ်အစိုးရသည် ၎င်းတို့ လုပ်ဆောင်လျက်ရှိသော ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်ဟု ပြောဆိုနေသော်လည်း ကရင်ပြည်နယ်တွင် စစ်တပ်များသည် ပြည်သူများကျန်းမာရေး အခြေအနေဆိုးရွားစေရန် လုပ်ဆောင်လျှက်ရှိပါသည်။ ကရင်လူမျိုးများနေထိုင်ရာဒေသများတွင်ဖြစ်ပေါ်နေသော လူ့အခွင့်အ

ရေးချိုးဖောက်မှုများသည် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ရံပုံငွေနည်းပါးစေခြင်းနှင့် ရွာသားများ ကိုယ်တိုင်လုပ်ဆောင်လျက်ရှိသော ကိုယ်ထူကိုယ်ထ ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများကို အတားအဆီး ဖြစ်စေခြင်း စသည့်အချက်များကို ဖြစ်ပေါ်စေပါသည်။

စစ်သားများသည် ရွာသားများပိုင်ဆိုင်သော ဆေးဝါးများကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်းနှင့် KDHW သို့မဟုတ် နယ်စပ်ဖြတ်ကျော် အကူအညီပေးသော အဖွဲ့အစည်း များမှ ဆေးဝါးများထောက်ပံ့ထားသော ဆေးပေးခန်းများကို မီးရှို့ဖျက်ဆီးခြင်း စသည်တို့ကို အမြဲပုံမှန် ပြုလုပ်လေ့ရှိပါသည်။ ကေအန်ယူ စစ်သားများထံဆေးဝါးများ ရောက်ရှိ မည်ဟုအကြောင်းပြလျက် နအဖ စစ်သားများသည် အထက်ပါကဲ့သို့ လုပ်ဆောင်လျှက်ရှိပါသည်။ ထို့ကြောင့် နအဖနှင့် ဒီကေဘီအေ စစ်သားများသည် ဆေးဝါးများလက်ဝယ်ထားရှိသောရွာသားများကို ကေအန်ယူနှင့် ဆက်သွယ်သူများဟု စွပ်စွဲပြီး ၎င်းရွာသားများကို ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ခြင်းနှင့် အချို့ ရွာသားများကို သတ် ဖြတ်ပစ်ပါသည်။ ထိုင်းနိုင်ငံမှ တစ်ဆင့် ဆေးဝါးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေသော ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအဖွဲ့မှ ၎င်းတို့တည်ဆောက်ထားသောဆေးပေးခန်းသည် နအဖ စစ်သားများ၏ ဖျက်ဆီး ခြင်းကိုခံခဲ့ရကြောင်းပြောပြခဲ့ပါသည်။ နအဖ ထိန်းချုပ်နယ်မြေပြင်ပတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေသော ကျန်းမာရေးလုပ်သားများသည် နအဖ ထိန်းချုပ်နယ်မြေဒေသများသို့ ဖြတ်သန်း သွားလာသည့် အချိန်တွင် လူနာဆေးမှတ်တမ်းစာအုပ်များနှင့် ဆေးစာ ရင်းစာအုပ်များကို ၎င်းတို့နှင့် တစ်ပါတည်း သယ်ဆောင် ခြင်းမပြုလိုပါ။ နအဖ စစ်သားများမှ ၎င်းစာရွက်စာတန်းများကို တွေ့ရှိပါက ၎င်းတို့ကို ဖမ်းဆီးနှိပ်စက်မည်ကို ကြောက်ရွံ့ကြသောကြောင့် သယ်ဆောင်ခြင်းမပြုလိုပါ။ နအဖ စစ်အစိုးရ၏ ဆေးဝါးများနှင့် ဆေးပစ္စည်းများ အပေါ် အဓိကပစ်မှတ်ထားခြင်းကို ကြည့်ခြင်းဖြင့် နအဖ စစ်အစိုးရသည် ပြည်သူလူထုအပေါ် ၎င်းတို့၏ ထိန်း ချုပ်နိုင်မှုကိုတိုးချဲ့လုပ်ဆောင်ရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား တားဆီးပိတ်ပင်ခြင်းကို တရားဝင် လက်နက်အဖြစ်အသုံးပြုသည်ကို တွေ့မြင်ရပါမည်။

***"နအဖ စစ်သားများသည် ၎င်းတို့၏ မော်ကော်ဒဲ စစ်စခန်းကို လမ်းဘေးတွင် တည်ဆောက်ထားသောကြောင့် ရွာသားများသည် ခလယ်လာကျေးရွာသို့ မသွားရောက်ဝံ့ပါ။ လွန်ခဲ့သောလက နအဖ စစ်သားများသည် ဂေါ်သေး ဒဲကျေးရွာမှ ခလယ်လာကျေးရွာသို့ စားနပ်ရိက္ခာသွားရောက်ဝယ်ယူသောသူများကို ဖမ်းဆီးခဲ့ကြောင်းကြားသိရ ပါသည်။ သို့သော် ယခုအချိန်တွင် ခလယ်လာရွာတွင်လည်း မည်သည့် စားနပ်ရိက္ခာမျှမရှိတော့ပါ။ နအဖသည် ဆန်၊ဆားနှင့် ငါးပိများသယ်ယူရောင်းချခွင့်ကို ပိတ်ပင်ထားသောကြောင့် ပေါင်မုန့်များသာရှိပါသည်။ ရွာသားများအား ဆန်၊ ဆားနှင့် ငါးပိ ရောင်းဝယ်ခွင့်ကို ပိတ်ပင်ထားပါသည်။ ဆေးဝါးများရောင်းဝယ်ခွင့်ကိုလည်း ပိတ်ပင်ထားပါ သည်။ နအဖ၏ ချောကားများသာ ကားလမ်းများပေါ်တွင် သွားလာခွင့်ရှိပါသည်။ နအဖ စစ်တပ်အတွက် ရိက္ခာ သယ်ယူပေးသောကားများသည်လည်း ကားလမ်းများပေါ်တွင် သွားလာခွင့်ရှိပါသည်။"***

**-စော ---(ကျား)၊ ---ရွာ၊ တောင်ငူခရိုင် (မေလ ၂၀၀၆)**

***"တောင်ငူခရိုင် သံတောင်မြို့ပေါ်တွင် ဆေးဝါးများရောင်းချပေးသောဆိုင်များရှိသော်လည်း ဆေးဝါးများ စုံလင်စွာမ ရရှိနိုင်ပါ။ သံတောင်မြို့သို့သွားရောက်ပြီး ဆေးဝါးများဝယ်ယူလိုပါကရွာတွင် အခြေစိုက်သော နအဖ စစ်သားများထံမှ ခွင့်ပြုချက်ကို ပထမဦးစွာရယူရန် လိုအပ်ပါသည်။ စစ်သားများသည် ၎င်းတို့ထံမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆေးဝါး များ သွားရောက်ဝယ်ယူပါက ပြန်လာသောအချိန်တွင် ရွာသားများထံမှ ဆေးဝါးများကိုတွေ့ရှိပါက သေနတ်ဖြင့် ပစ်သတ်ပါမည်။ သေနတ်ဖြင့် မပစ်ပါက ဖမ်းဆီးနှိပ်စက်ပြီး ရွာသားများထံမှ ဆေးဝါးများအားလုံးကိုသိမ်းယူပါ မည်။"***

**-စော ---(ကျား၊ ၂၂)၊ ---ရွာ၊ တောင်ငူခရိုင် (၂၀၀၆)**

**စစ်သားများသည် သူမ၏ဆေးဝါးများကို သိမ်းယူသွားခြင်းကြောင့် သူမ၏ကလေးမသေဆုံးသင့်သေဆုံးရ---**

*ဒီကေဘီအေ စစ်သားများသည် နော် ---ဟူသည့် အမျိုးသမီးပိုင်ဆိုင်သော အမောက်စလင် ဆေးလုံးများကို အဓမ္မသိမ်းယူခဲ့ပါသည်။ စစ်သားတစ်ဦးသည် သူမ၏ ဆေးဝါးများကို သိမ်းယူပြီးနောက် သူမသည် သူနာပြုဆရာတစ်ဦး မဟုတ်သောကြောင့် အမောက်စလင်ဆေးဗူး တစ်ဗူးလုံးကို အိမ်တွင်ထားခွင့်မရှိဟုပြောဆိုခဲ့ပါသည်။ သူမမှ ဤဆေးဗူးသည် သူမကလေးနေထိုင်မကောင်းခြင်း ကြောင့် ဝယ်ယူထားရခြင်းဖြစ်ပြီး မိသားစုသုံးရန်အတွက်သာ ဖြစ်သည်ဟု ပြောဆိုခဲ့သော်လည်း အဆိုပါစစ်သားသည် သူမ အားဆေးဗူးကို ပြန်ပေးခဲ့ခြင်းမရှိသည့်အပြင် သူမကို ရိုက်နှက်ခဲ့ပါသည်။ အထက်ပါ နော် ---သည် အသက် ၃၁နှစ်ခန့်ရှိပါသည်။ စစ်သားသည် သူမကို ကြိမ်လုံးကြီးကြီးဖြင့် နှစ်ကြိမ်ရိုက်နှက်ခဲ့ သောကြောင့် သူမ ငိုကြွေးခဲ့ရပါသည်။ သူမသည် ဇွန်လ ၇ ရက်နေ့ နေ့လည် ၂နာရီ အချိန်တွင် အရိုက်ခံခဲ့ရခြင်းဖြစ်ပါသည်။ စစ်သားများသည် သရာမူ---ပိုင်ဆိုင်သော ဈေးဆိုင်မှပစ္စည်းများကိုလည်းသိမ်းယူခဲ့ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ပြီးပေးပို့ထားသောကိုယ်ဝန်ဆောင်မိခင်များနှင့် ရွာသူ၊ ရွာသားများအတွက် ဆေးဝါးများကိုလည်း စစ်သားများမှသိမ်းယူခဲ့ပါသည်။ ဈေးဆိုင်များတွင် တွေ့ရှိသမျှဆေးဝါးများကိုလည်း စစ်သားများမှ သိမ်းယူကြပါသည်။ စစ်သားများ ရွာသားများထံမှ သိမ်းယူသွားသောပစ္စည်းများသည် စစ်တပ်သုံးပစ္စည်းများမဟုတ်ပါ။ ရွာသားများ၏ ကိုယ်ပိုင်ပစ္စည်းသာဖြစ်ပြီး နအဖစစ်တပ်များကို ဆန့်ကျင်ရန်အသုံးပြုသောပစ္စည်းများလည်း မဟုတ် ပါ။ ကျွန်မတို့သည် စစ်သားများကို နားလည်သဘောပေါက်ရန် နည်းလမ်းမျိုးစုံဖြင့် ရှင်းပြသော် လည်း ၎င်းတို့သည် ကျွန်မတို့၏ ရှင်းပြချက်များကို လက်မခံ၊ နားထောင်ခြင်းမရှိဘဲ ရွာမှ ပြန်ထွက်သွားကြပါသည်။ ကျွန်မတို့ရွာ တွင် ဆေးပေးခန်းလည်းမရှိပါ။ ကျွန်မတို့ရွာတွင် သားဖွားဆရာမတစ်ယောက်ရှိပြီး ကျန်းမာရေးလုပ်သားများက သူမကို ဆေးဝါးများ အနည်းငယ် ထောက်ပံ့ပေးထားသော်လည်း ဒီကေဘီအေ စစ်သားများသည် လာရောက်ပြီး သိမ်းယူသွားပါသည်။ ရွာသားများ ခံစားရသောရောဂါများမှာ ဝမ်းရောဂါ၊ အအေးမိခြင်း၊ ချောင်းဆိုးရောဂါ၊ ငှက်ဖျားရောဂါ၊ ကိုယ်ပူခြင်း၊ဗိုက်အောင့် ဗိုက်နာခြင်း၊ အဆစ်အမြစ် ရောင်ရောဂါနှင့် မူးဝေခြင်းတို့ဖြစ်ကြပါသည်။ ရွာသားအများစု ခံစားရသောရောဂါများမှာ ဗိုက်နာခြင်းနှင့်ရေရှည်အပူ တက်ခြင်းရောဂါများဖြစ်ပါသည်။ ဒီကေဘီအေ တပ်ရင်း ၃၃၃ ၏ ဒုတပ်ရင်းမှူး မိုးကြိုးနှင့် တပ်ဖွဲ့ဝင်များ ကျွန်မတို့ရွာသို့ လာရောက်သောအချိန်တွင် နော်---၏ ကလေးမှာ ရေရှည်ကိုယ်ပူတက်ခြင်းရောဂါကို ခံစားနေရသည့်အချိန် ဖြစ်ပါသည်။ သူမ၏ကလေးငယ်သည် ကိုယ်ပူတက်ပြီး ညစဉ်လိုလို ကိုယ်ပူတက်သောကြောင့် သူမသည် ကလေးအတွက် ဆေးကိုဝယ်ယူထားခဲ့ပါသည်။ သို့သော် ဒီကေဘီအေ စစ်သားများသည် သူမကို ဆေးဝါးများ လက်ဝယ်ထားရှိမှုကြောင့် ရိုက်နှက်ကာ သူမ၏ဆေးဝါးများကို သိမ်းယူသွားပါသည်။ နောင်တွင် သူမ၏ကလေးငယ်သည် မသေဆုံးသင့်ဘဲ သေဆုံးခဲ့ရပါသည်။ သူမ၏ ကလေးငယ်သည် အသက် ၃နှစ်သာရှိပါသည်။”*

နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)

***“ကျွန်တော်တို့ရွာတွင် ဆေးပေးခန်းမရှိပါ။ ကျွန်တော်တို့ ရွာသားများ အလွန်မကျန်းမာသော်လည်း နအဖ စစ်သားများသည် ရွာသားများကို ဆေးရုံသို့သွားခွင့်မပြုပါ။ ရွာသားများကို ကေအန်ယူ၏ သူလျှိုများဖြစ်မည်ဟု စိုးရိမ်သောကြောင့်ဖြစ်ပါသည်။”***

**-စော ---(ကျား၊ ၃၀)၊ ---ရွာ၊တောင်ငူခရိုင် (ဧပြီ ၂၀၀၆)**

နောက်ထပ် ကရင်လူမျိုးများ နေထိုင်ရာဒေသများရှိ ပြည်သူများကို ဆေးဝါးကုသခွင့်မရရှိစေရန် အတားအဆီးဖြစ်စေသောအရာမှာ နအဖ စစ်အစိုးရသည် ရန်ကုန်အခြေ စိုက် နိုင်ငံတကာ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းများကို ကရင်ပြည်နယ်ကျေးလက်ဒေသများသို့ သွားရောက်ခြင်းမရှိနိုင်ရန် ကန့်သတ်ပိတ်ပင်ထားခြင်းဖြစ်ပါသည်။ ဩဂုတ်လ ၂၀၀၅ ခုနှစ်တွင် အေ့စ် (AIDS)၊ တီဘီနှင့် ငှက်ဖျားရောဂါများ တိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေသောဂလိုဘယ်ဖန်း (Global Fund) အဖွဲ့သည် နအဖမှ ၎င်းတို့ အဖွဲ့ကို ကန့်သတ်ပိတ်ပင်မှုများအမျိုးမျိုးပြုလုပ်ခြင်းကြောင့် ၎င်းတို့၏လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခြင်းမ

ရှိဟုဆိုကာ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာခဲ့ပါသည်။ ထို့နည်းတူ မတ်လ ၂၀၀၆ ခုနှစ်တွင်လည်း ပြင်သစ်အဖွဲ့အစည်းဖြစ်သော MSF အဖွဲ့သည်လည်း ကရင်ပြည်နယ်နှင့် မွန်ပြည် နယ်ရှိ အစိုးရခွင့်ပြုသော ဒေသအနည်းငယ်များတွင် ၄ နှစ်ကြာလုပ်ငန်းများလုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။

ပြင်သစ်နိုင်ငံ၏ ကယ်ဆယ်ရေးအဖွဲ့ဖြစ်သော MSF ခေါင်းဆောင် Herve Isambert သည် မြန်မာနိုင်ငံမှ ၎င်းတို့လုပ်ငန်းများ ပြန်လည်ရုတ်သိမ်းခဲ့ ရခြင်းအကြောင်းရင်းမှာ နအဖ စစ်အစိုးရမှ ၎င်းတို့အပေါ် ကန့်သတ်ပိတ်ပင်မှုပိုမိုပြုလုပ်လာခြင်းကြောင့် ဖြစ်သည်ဟုရှင်းပြခဲ့ပါသည်။ ထို့အပြင် နအဖသည် နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီပေးရေး အဖွဲ့များကို ၎င်းတို့၏ နိုင်ငံရေးလမ်းစဉ်များသို့ ထည့်သွင်းအသုံးချလိုပါသည်။

> ***"နအဖ အာဏာပိုင်များသည် ၎င်းတို့ ထိန်းချုပ်လိုသောပြည်သူများနှင့် နိုင်ငံတကာလွတ်လပ်သော အဖွဲ့အစည်းများနီးကပ်စွာ ထိတွေ့ဆက်ဆံကြမည်ကို မလိုလားပါ။ နအဖ စစ်အစိုးရသည် ၎င်းတို့ လုပ်ဆောင်နေသောရွာသားများကို အတင်းအကျပ်နေရာရွှေ့ပြောင်းစေခြင်း၊ ရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် တပ်သားသစ်များ အတင်းအကျပ်စုဆောင်းခြင်း လုပ်ငန်းများကို နိုင်ငံတကာမှ မြင်တွေ့စေလိုခြင်း မရှိပါ။ ယနေ့ကျွန်တော်တို့ အသိအမှတ်ပြု စဉ်းစားရ မည့်အချက်မှာ နိုင်ငံတကာ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ၎င်းတို့၏ လုပ်ငန်းများကို လုပ်ကိုင်ရန်လိုအပ်နေသည်ဆိုသည့်အချက် ဖြစ်ပါသည်။ သို့ သော် နိုင်ငံတကာ အဖွဲ့အစည်းများသည် ၎င်းတို့၏ အခန်းကဏ္ဍသည် မည်သည့်အချိန်တွင် လျှော့ချခြင်းခံရပြီး နအဖ အာဏာပိုင်များအတွက် နည်းပညာ အ ကြံပေးအဆင့်သာ ရောက်ရှိသွားသည်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ထို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများသည် နအဖ၏ နိုင်ငံရေးမူဝါဒများတွင် မည်ကဲ့သို့အသုံးချခံရမည်နှင့် ၎င်းတို့ ချမှတ်ထားသော လမ်းစဉ်များအတိုင်း လုပ်ဆောင်နိုင်ခြင်းမရှိမည်ဆိုသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစား ရ ပါမည်။"***[၁၁၁]

နိုဝင်ဘာလ ၂၀၀၆ ခုနှစ်တွင် နအဖ စစ်အစိုးရသည် နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) ၏နယ်ရုံးခွဲ၅ ခုကိုပိတ်သိမ်းရမည်ဟု အမိန့်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ရုံးခွဲ ၅ ခု တွင် ကရင်ပြည်နယ်ဖားအံမြို့ရှိ ရုံးခွဲလည်းပါဝင်ပါသည်။ နအဖသည် ၎င်းတို့စစ်တပ်များ ပြည်သူများအပေါ် အလွဲသုံးစားပြုလုပ်အနိုင်ကျင့်မှုများကို နိုင်ငံတကာကြက် ခြေနီအဖွဲ့ (ICRC) မှ တွေ့မြင်ခြင်းမရှိနိုင်ရန် နယ်ရုံးခွဲများကိုပိတ်သိမ်းရန်ညွှန်ကြားခဲ့ခြင်းဖြစ်ပါသည်။ (ICRC) အနေဖြင့် ၎င်းတို့၏ အထက်ပါ ရုံးခွဲအများစုကို ပိတ်သိမ်းခြင်း မခံရရန် နအဖစစ်အစိုးရနှင့် ညှိနှိုင်းနိုင်ခဲ့သော်လည်း နအဖသည် (ICRC) ၏ လုပ်ငန်းစဉ်များကို တင်းကျပ်စွာ ကန့်သတ်ထားခဲ့ပါသည်။ နအဖ စစ်အစိုးရ၏ ကန့်သတ်ပိတ်ပင်မှုများကြောင့် (ICRC) သည် ၎င်းတို့၏ လုပ်ကိုင်ခွင့်ကို အပြည့်အဝလုပ်ကိုင်နိုင် ခြင်းမရှိသောကြောင့် (ICRC) သည် မတ်လ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ အနေ့ရှေခြမ်းရှိ ၎င်းတို့၏ နယ်ရုံးခွဲ ၂ခုကိုပိတ်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ အထက်ပါကဲ့သို့ ရုံးခွဲများကို ပိတ်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ရခြင်းကို (ICRC)၏ စီမံကိန်းဒါရိုက်တာ Pierre Krahenbuhl မှ အောက်ပါအတိုင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။ "မြန်မာနိုင်ငံရှိ(ICRC)၏ လုပ်ငန်းများအားလုံးသည် ယခုအခါ လုံးဝနီးပါးအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်မဖြစ်နိုင်တော့ပါ။"[၁၁၂] နအဖ စစ်အစိုးရသည် မြန်မာနိုင်ငံသို့ နောက်ထပ်ဝင်ရောက်လာသည့် အေ့စ်၊ တီဘီနှင့်

[၁၁၁] "Birmanie: Empêchée de travailler, la section francaise de MSF quitte le pays," March 30th 2006. Accessed at www.msf.fr/site/actu.nsf/actus/birmanie290306 on January 18th 2007.

[၁၁၂] "Myanmar: No progress in talks, ICRC closes offices," ICRC, March 17th 2007. Accessed at www.icrc.org/web/eng/siteeng0.nsf/html/myanmar-news-150307!OpenDocument on March 17th 2007.

ဌက်ဖျားရောဂါတိုက်ဖျက်ရေးအတွက်လုပ်ဆောင်မည့် (3D Fund) အဖွဲ့ကိုလည်း အလားတူကန့်သတ်ပိတ်ပင်မှုများကို ပြုလုပ်ရန် ရည်ရွယ် လျက်ရှိပါသည်။ နအဖသည် ၄င်းတို့၏ ထိန်းချုပ်မှုအောက်တွင် "ပူးပေါင်းဆောင်ရွက်ရေးကောင်မတီ" ကို ဖွဲ့စည်းပြီး (3D Fund) ၏ လုပ်ငန်းများအားလုံးကို ၄င်းတို့ ချမှတ်ထားသော နိုင်ငံရေးလမ်းစဉ်များအတိုင်း လုပ်ကိုင်ဆောင်ရွက်စေပါမည်။[၁၁၃] ထို့ကြောင့် နအဖ စစ်အစိုးရသည် နိုင်ငံတကာအဖွဲ့အစည်းများကိုအသုံးချပြီး နိုင်ငံရေးအမြတ်ထုတ်နိုင်ရန် ကြိုးစားလုပ်ဆောင်လျှက်ရှိပါသည်။

နအဖ စစ်အစိုးရသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ၄င်းတို့ သွားရောက်စေလိုသည့် ဒေသများသို့သာသွားရောက်လုပ်ကိုင်ခွင့်ပြုပြီး နိုင်ငံရေး အမြတ်ထုတ်နိုင်ရန်လုပ်ဆောင်လျှက်ရှိပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ်ပေါ် လိုဆာဂျီယိုပီညဲရိုးသည် နအဖ၏ အထက်ပါအတိုင်းလုပ်ဆောင်မှုများသည် တရားဝင်မှုမရှိကြောင်း အောက်ပါအတိုင်း ဝေဖန်သုံးသပ်ခဲ့ပါသည်။ "လူသားချင်းစာနာမှုအကူအညီပေးရေး လုပ်ငန်းများကို နိုင်ငံရေးအကျိုးအမြတ် အတွက် အသုံးမပြုသင့်ပါ။"[၁၁၄] မြန်မာနိုင်ငံတွင် အကူအညီများလိုအပ်သောကြောင့် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများကို ရယူခြင်းထက် နအဖအစိုးရသည် လူသားချင်စာနာမှု အကူအညီများကို ၄င်းတို့ ချမှတ်ထားသော နိုင်ငံရေးလမ်းစဉ်အတွင်းတွင်သာ လုပ်ကိုင်ဆောင်ရွက်စေပါသည်။

ထို့ကြောင့် နအဖ စစ်တပ်များ၏ အလွဲသုံးစားမှုများကို ရှောင်လွဲနိုင်ရန် ကြိုးစားကြသောရွာသားများသည် နိုင်ငံတကာ အေဂျင်စီများမှ အကူအညီပေးသောဆေးဝါးကုသမှုများကို ရယူရန်မဖြစ်နိုင်ပေ။ သို့သော် ထိုရွာသားများသည် မိမိတို့၏ လွတ်လပ်မှုကိုစွန့်လွှတ်ကာ နအဖမှ ပြန်လည်နေရာချထားပေးသောနေရာဒေသများသို့ ရွှေ့ပြောင်းနေထိုင်ပါက နိုင်ငံတကာ အကူအညီကို ရရှိကောင်း ရရှိနိုင်ပါမည်။ မြန်မာနိုင်ငံတွင် ဘက်မလိုက်ဘဲ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်နေကြ သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ၄င်းတို့သည် နအဖ၏ စစ်အုပ်ချုပ်ရေးတွင် တစ်စိတ်တစ်ဒေသပါဝင်ပတ်သက်လာရသည်ကို သိရှိလာကြပါသည်။ ဤကဲ့သို့ နအဖ စစ်အစိုးရ၏ အုပ်ချုပ်ရေးယန္တယားတွင်ပါဝင်ပတ်သက်လိုခြင်းမရှိပါက နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံရေးအရ အဆင်ပြေချောမွေ့မှုကို မကြည့်ဘဲအကူအညီ အမှန်တကယ် လိုအပ်သူများကို အကူအညီ အထောက်အပံ့ပေးဆောင်ရပါမည်။

နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသောအေဂျင်စီများသည် နအဖစစ်အစိုးရ၏ ကန့်သတ်ပိတ်ပင်မှုကို လျှော့ချပေးရန် တွန်းအားပေးလုပ်ဆောင်သင့်သော်လည်း ၄င်းတို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လုံခြုံစိတ်ချမှု ရရှိရန်လည်း လိုအပ်ပါသည်။ နအဖ ထိန်းချုပ်မှုအောက်တွင် လုပ်ငန်းများလုပ်ဆောင်ရသော နိုင်ငံတကာအဖွဲ့အစည်းများ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ကရင်လူ့အခွင့်အရေးအဖွဲ့ မှ အောက်ပါအတိုင်းတွေ့ရှိရပါသည်။ မူဝါဒအရ နိုင်ငံတကာ အဖွဲ့အစည်းများသည် ကရင်လူမျိုးများ နေထိုင်ရာဒေသရှိ ပြည်သူများနှင့် လွတ်လပ်စွာတွေ့ဆုံနိုင်ခွင့်ရှိရပါမည်။ သို့သော် နအဖ စစ်အစိုးရမှ ၄င်းတို့၏လုပ်ငန်းများအပေါ် ကန့်သတ် ပိတ်ပင်၊ ထိန်းချုပ်ထားပါက အဆိုပါ အေဂျင်စီများသည် ၄င်းတို့၏ လုပ်ငန်းများကို အကောင်အ

[၁၁၃] "Government to keep tight rein on aid in Burma," The Irrawaddy, March 13th 2007. Accessed at www.irrawaddy.org/aviewer.asp?a=6800&z=163 on March 17th 2007.

[၁၁၄] "Irrawaddy: UN rights expert calls for access to threatened Karen," The Irrawaddy, February 2007. Accessed at http://www.burmanet.org/news/2007/02/27/irrawaddy-un-rights-expert-calls-for-access-to-threatened-karen-shah-paung/ on March 2nd 2007.

ထည်ဖော်လုပ်ဆောင်ခြင်း မပြုလုပ်သင့်ပါ။ အကောင်အထည်ဖော် လုပ်ဆောင်ပါက ၎င်းတို့၏ ကူညီပံ့ပိုးမှုများသည် ပြည်သူများအတွက် အကျိုးရှိစေမည် မဟုတ်ပါ။ ထို့အပြင် ဒေသခံ ပြည်သူများ၏ အခွင့်အရေးများကိုလည်း ထိခိုက်စေပါမည်။ သို့မဟုတ် နိုင်ငံတကာအေဂျင်စီများတည်ရှိနေသောဒေသကိုနအဖမှ ပိုမို ထိန်းချုပ်မှုပြုလုပ်မည်ဖြစ်သောကြောင့် ထိုဒေသရှိ ပြည်သူများသည် နအဖ၏ထိန်းချုပ်မှုကို ရှောင်လွှဲရန် ပြုလုပ်နိုင်မည် မဟုတ်ပါ။ လူသားချင်းစာနာမှု အကူအညီပေးရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများသည် အကူအညီလိုအပ်နေသော ပြည်သူများထံ ရောက်ရှိနိုင် ရန် လိုအပ်သကဲ့သို့ ထိုဒေသရှိ ပြည်သူများသည်လည်း နအဖ ထိန်းချုပ်မှုမှ ကင်းလွတ်၍ လွတ်လပ်သောရပ်ရွာဆေးပေးခန်းများကို ထူထောင်နိုင်ရမည် ဖြစ်ပါသည်။

နိုင်ငံတကာမှ ထောက်ပံ့ပေးသောအကူအညီများသည် ကောင်းကျိုးဖြစ်ပေါ်စေသည်လော (သို့မဟုတ်) ဆိုးကျိုးဖြစ်ပေါ်သည်လော ဟူသည့်အချက်ကို ကွဲပြားခြားနားစွာသိရှိနိုင်ရန် ဒေသခံပြည်သူများအတွက် အဆိုပါ အထောက်အပံ့များရရှိရန်အတွက် ရွေးချယ်ပိုင်ခွင့်ရှိမရှိ ဆိုသည့်အချက်ပေါ်တွင် ကြည့်ရှုရပါမည်။ ဥပမာအားဖြင့် နအဖမှ ရွာသား များအား အတင်းအကျပ် ရွှေ့ပြောင်းစေသည့် ရွှေ့ပြောင်းကျေးရွာများတွင် နေထိုင်ကြသော ရွာသားများအတွက် နအဖ စစ်အစိုးရမှတစ်ဆင့် စားနပ်ရိက္ခာများကူညီထောက်ပံ့ပါက စစ်အစိုးရသည် ရွှေ့ပြောင်းကျေးရွာရှိ ရွာသားများကို ဆက်လက်ထိန်းချုပ်ထားနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ထိုအထောက်အပံ့ကို စစ်တပ်အတွက်အသုံးပြုနိုင်သောကြောင့် စစ်အစိုးရသည် စစ်တပ်အကျိုးအတွက် ရွာသားများကိုရွှေ့ပြောင်းကျေးရွာများတွင် ဆက်လက်ထိန်းသိမ်းထားပါမည်။ ထိုရွှေ့ပြောင်းရွာများအတွက် နိုင်ငံတ ကာမှ အကူအညီမပေးပါက ရွာသားများသည် ရွှေ့ပြောင်းရွာများတွင် စားနပ်ရိက္ခာ မလုံလောက်မှုကို အကြောင်းပြနိုင်ပြီး စစ်ဗိုလ်များသည်လည်း ရွာသားများကို စားနပ်ရိက္ခာစုဆောင်းနိုင်ရန်အတွက် ရွှေ့ပြောင်းရွာများမှ အပြင်သို့ ထွက်ခွာခွင့်ပေးရပါမည်။ ထိုအခွင့်အရေးကိုအသုံးချပြီး ရွာသားများသည် ရွှေ့ပြောင်းရွာများမှ ထွက်ပြေးနိုင်ကြ ပြီး နအဖ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်ရန် ပြုလုပ်နိုင်ကြပါသည်။ အထက်ပါကဲ့သို့ ရွှေ့ပြောင်းရွာများသို့ နအဖ စစ်အစိုးရမှတစ်ဆင့် စားနပ်ရိက္ခာများ ထောက်ပံ့ကူညီ ပါက ရွာသားများအတွက် ထိုအထောက်အပံ့ကို ရရှိနိုင်မည်မဟုတ်ပေ။ သို့သော် နအဖစစ်အစိုးရ မသိရှိစေဘဲ အထောက်အပံ့များကို နယ်စပ်ဖြတ်ကျော်ပြီး ရွှေ့ပြောင်းရွာများသို့ ပေးပို့ကူညီပါက ရွာသားများအတွက် အကျိုးကျေးဇူး ရရှိစေသည်သာမက ရွာသားများသည် စစ်ဗိုလ်များထံကန့်သတ်ပိတ်ပင်မှုများလျှော့ချပေးရန် တောင်းဆိုနိုင်ပါသည်။ ထိုသို့ တောင်းဆိုနိုင်ခြင်းကြောင့် ရွာသားများသည် ထွက်ပြေးလွတ်မြောက်နိုင်ရန်အခွင့်လမ်းရရှိနိုင်ပါမည်။ ဤနည်းဖြင့် ပေးပို့သောအထောက်အပံ့များသည် ရွာသားများအတွက် ရွေးချယ်ရန်အခွင့်အလမ်းများစွာဖြစ်ပေါ်စေပါသည်။ ထို့နည်းတူ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များကိုလည်း နအဖ၏ အရံတပ်ဖွဲ့ဖြစ်သောမြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကဲ့သို့သောအဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့ကူညီပါက နအဖသည် ရွာသားများကို ၎င်းတို့ ထိန်းချုပ်မှုအောက် တင်းကျပ်စွာထားရှိနိုင်မည်ဖြစ်ပြီး စစ်သားများသည်လည်း ရွာသားများထံတောင်းခံမှုများနှင့် ကန့်သတ်ပိတ်ပင်မှုများကို ပြုလုပ်နိုင်ပါမည်။ ထို့အပြင် ထိုအထောက်အပံ့များရရှိရန် ရွာ သားများသည် အဆိုပါ အဖွဲ့အစည်းသို့ဝင်ရောက်ရပါမည်။ ဤသို့ဖြင့် ရွာသားများအတွက် ရွေးချယ်ရန် အခွင့်အလမ်းနည်းပါးစေပါမည်။ ကျန်းမာရေးအထောက်အပံ့များကို နအဖ စစ်အစိုးရ မသိရှိစေဘဲ လျှို့ ဝှက်သောနည်းဖြင့် ရွာသားများထံပေးပို့ကူညီပါက ရွာသားများအတွက် ပိုမို အကျိုးရှိစေနိုင်ပါသည်။

## ရွာသားများအတွက် အခြားသောနည်းလမ်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်သောနည်းဗျူဟာများ

နအဖ စစ်တပ်ထိန်းချုပ်နယ်မြေအတွင်း ရွာသူ၊ရွာသားများအတွက် ကျန်းမာရေးနှင့်အာဟာရပြည့်ဝရေး အချက်များသည် အလွန်ပင်ခက်ခဲဆိုးရွားသော အခြေအနေတွင်တည်ရှိနေပြီး သင့်လျှော်သောဆေးဝါးကုသမှုများရယူနိုင်ရန် အတားအဆီးများစွာဖြစ်ပေါ်လာသောအခါရွာသားများသည် ၎င်းတို့ လိုအပ်ချက်များအတွက် နအဖ အစိုးရမှ တစ်ဆင့်မဟုတ်ဘဲ အခြားသောနည်းလမ်းများဖြင့် ရရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရပါသည်။ နအဖ၏ ဆေးရုံ၊ ဆေးပေးခန်းများနှင့် ဆေးဆိုင်များတွင် ဆေးဝါးများဝယ်ယူရရှိနိုင်ရန် ငွေကြေးကုန်ကျမှုအလွန်များပြားသောကြောင့် ရွာသားများသည် ၎င်းတို့ ဒေသတွင်း အလွယ်တကူရရှိနိုင်သော ဆေးဥ၊ ဆေးမြစ်များကို အသုံးပြုပြီး ရိုးရာတိုင်းရင်းဆေးများကို ဖော်စပ်အသုံးပြုကြပါသည်။

***"ကျွန်တော်တို့ရွာတွင် မည်သည့် ဆေးပေးခန်းမျှမရှိပါ။ ဆေးဝါးများကို အခြားကျေးရွာများတွင် သွားရောက်ရှာဖွေဝယ်ယူရပါသည်။ ရွာ၌ တစ်စုံတစ် ဦးထံတွင် ဆေးဝါးများရှိပါက ၎င်းသည် လိုအပ်သောရွာသားများကို အကူအညီပေးပါသည်။ ရိုးရာတိုင်းရင်းဆေးအကြောင်း သိရှိသောသူများသည်လည်း လူနာများကို အကူအညီ ပေးပါသည်။"***

**-ဦး ---(ကျား၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဇူလိုင် ၂၀၀၆)**

မည်သို့ပင်ဆိုစေ သဘာဝတိုင်းရင်းဆေးများသည် ရောဂါများအားလုံးအတွက် လုံလောက်မှုမရှိပေ။ ထို့ကြောင့် ရွာသားများသည် ကရင်ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်မှုအဖွဲ့ နှင့် အခြားသောနယ်စပ်ဖြတ်ကျော် အကူအညီပေးသောအဖွဲ့များဖြစ်သောကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအဖွဲ့ နှင့် ဖရီးဘားမားရိန်းဂျားအဖွဲ့ စသည့်အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီပေးသော ဆေးဝါးများအပေါ် မှီခိုရပါသည်။ နအဖ အစိုးရမှာမူ အထက်ပါ အဖွဲ့အစည်းများကို ရန်သူကဲ့သို့သတ်မှတ်ထားသောကြောင့် ရွာသားများသည် ၎င်းအဖွဲ့အစည်းများထံမှ ရရှိသောပစ္စည်းများကို ဖွက်ထားကြရပါသည်။ ထို့အပြင် နအဖ စစ်သားများ ရွာများသို့ ချဉ်းကပ်လာသည်ကို သိရှိရပါက စစ်သားများရွာရှိဆေးပေးခန်းများကို ဂရုမပြုမိစေရန်လူနာများကို အိမ်များသို့ရွှေ့ပြောင်းထားကြပါသည်။ နအဖ စစ်အစိုးရသည် ကရင်လူမျိုးများနေထိုင်ရာ ဒေသများသို့ ၎င်းတို့၏ ထိန်းချုပ်နိုင်မှုကို တိုးချဲ့လုပ်ဆောင်လာသောအခါ ရွာသားများအတွက် အထက်ပါကဲ့သို့သောကျန်းမာရေးအထောက်အပံ့ပေးသော အဖွဲ့အစည်းများထံမှ ဆေးဝါးအထောက်အပံ့များ ရရှိနိုင်ရန် ပိုမိုခက်ခဲလာပါသည်။ ကရင်ပြည်နယ် အချို့ဒေသများတွင် နအဖ စစ်အစိုးရတပ်များသည် ပိုမိုခိုင်မြဲစွာ တပ်စွဲလာသောကြောင့် အထက်ပါ အဖွဲ့အစည်းများ အကူအညီဖြင့် ဖွင့်လှစ်ထားသော ဆေးပေးခန်းများကို အခြားနေရာများသို့ ရွှေ့ပြောင်းဖွင့်လှစ်ရပါသည်။ သို့မဟုတ် ဆေးခန်းများကို ပိတ်သိမ်းပစ်ရပါသည်။ နအဖ၏ ထိန်းချုပ်မှုတိုးမြင့်လာခြင်းသည် ရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ပိုမိုခက်ခဲလာပါသည်။

***"ကျွန်မတို့ရွာတွင် ဆေးရုံမရှိပါ။ သို့သော် ဆေးပေးခန်းတစ်ခုရှိပါသည်။ ရွာသားများ ဖျားနာပါက ဆေးပေးခန်းရှိ ဆေးရောင်းသူထံသွားရောက်ပြီး အကြွေးဆေးဝယ်ယူကာ ၎င်းကို ထိုးနှံစေပါသည်။ ကေအန်ယူ လက်အောက်ခံ ကေဒီအိတ်(ဂျ)ဒယ်ဗယ်ယူအဖွဲ့ မှ ၎င်းကို ဆေးဝါးများပေးပြီး ၎င်းမှ ရွာသားများကို အခမဲ့***

*ဝေပေးရပါသည်။ ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများနှင့် ကေအဲန်ယူအဖွဲ့မှ ကျန်းမာရေးလုပ်သား များစသူတို့သည် ကျွန်မတို့ရွာသို့ တစ်လလျှင် တစ်ကြိမ် လာရောက်ပါသည်။"*

**-မ ---(မ၊ ၄၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

*"ကျွန်တော်တို့ရွာသည် မူရင်းနေရာမှ ရွှေ့ပြောင်းခဲ့ရသည်မှာ ငါးနှစ်ကျော်ကြာခဲ့ပါပြီ။ ရွာသားများဖျားနာပါက ဆေးရောင်းသူထံ ဆေးများသွားရောက် ဝယ် ယူရပြီး မိမိကိုယ်ကို ကုသရပါသည်။ မိမိကိုယ်တိုင်မကုသနိုင်ပါက ခရိုင်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ဤဆေးရုံကို ကေအဲန်ယူမှ တည်ဆောက်ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။"*

**-စော ---(ကျား၊ ၂၃)၊ ---ရွာ၊ တောင်ငူခရိုင် (မတ်လ ၂၀၀၆)**



**ကရင်ကူညီကယ်ဆယ်ရေးအဖွဲ့ မှ ဆေးဗူးများသည် လူသောမြို့နယ်ရှိ ရွာသားများထံ လာရောက်ပြီး ရွာသားများအတွက် ၎င်းတို့ ယူဆောင်လာသောဆေးဝါးအနည်းငယ်ကို ပေးအပ်နိုင်ပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့)**

ကရင်ကယ်ဆယ်ရေးအဖွဲ့ မှ ဆေးမ-းများသည် ရွာသားများအတွက် အခြေခံကျသောဆေးဝါးများကုသမှုကို လုပ်ဆောင်ပေးသည်သာမက ရွာရှိ ကလေးမွေးဖွားပေးသူ အရပ်လက်သည်များနှင့် ဆေးမ-းများကို ဆေးပညာ သင်ကြားပို့ချပေးပါသည်။ ဤသို့ဖြင့် ဒေသခံရွာသားများသည် ကျန်းမာရေး အသိပညာတိုးပွားလာပြီး မိမိတို့ရပ်ရွာ ကျန်းမာရေးအတွက် ပိုမို လုပ်ဆောင်လာနိုင်ပါသည်။ နအဖ အစိုးရသည်လည်း ကျေးရွာများရှိ ကလေးမွေးဖွား ပေးသူ အရပ်လက်သည်များနှင့် ကျန်းမာရေးမ-းများအတွက် သင်တန်းများဖွင့်လှစ်ပေးသော်လည်း သင်တန်းသား များကို အတင်းအကျပ်သင်တန်းတက်ရောက်စေပြီး သင်တန်းဝင်ကြေးသာမက ကုန်ကျစားရိတ်အားလုံးကို သင်တန်းသားများမှ ကုန်ကျခံရပါသည်။

နယ်စပ်ဖြတ်ကျော် အကူအညီပေးသော အဖွဲ့များနှင့် ဒေသခံလွတ်လပ်သောကရင်ကျန်းမာရေးအဖွဲ့များသည် ရွာသားများအတွက် လိုအပ်သောဆေးဝါးများကို အကန့်အသတ်ဖြင့် ပေးနိုင်သော်လည်း ရွာသားများသည် အဆိုပါ ဆေးဝါးများကို ဖွက်ထားကြရပါသည်။ ရွာသားများ လက်ဝယ်ဆေးဝါးများထားရှိသည်ကို နအဖ သို့မဟုတ် ဒီကေဘီအေ စစ်သားများတွေ့ရှိပါက ၎င်းဆေးဝါးများကို သိမ်းယူ၊ မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်မည်သာမက ဆေးဝါး လက်ဝယ်ထားရှိသူ ရွာသားကို ဖမ်းဆီး၊ ခြိမ်းခြောက်၊ နှိပ်စက်ပြီးအသက်ကိုပင် အန္တရာယ်ပြုနိုင်ပါသည်။ ရွာသား များသည် ဆေးဝါးများကို လျှို့ဝှက်သိမ်းဆည်းထားပြီး လိုအပ်သူများအတွက် ထုတ်ယူအသုံးပြုခြင်းဖြင့် နအဖ စစ်အစိုးရ၏ ထိန်းချုပ်မှုနှင့် ဖိနှိပ်မှုများကို ခုခံတွန်းလှန်နိုင်ပါသည်။

> ***"ကျွန်မတို့သည် တောတွင်းသို့ ထွက်ပြေးပုန်းအောင်းရသည့်အချိန်တွင် လူအများဖျားနာကြပါသည်။ ကျွန်မတို့ အချင်းချင်း မိမိတို့ကူညီနိုင်သည့် အတိုင်းအတာဖြင့်သာကူညီကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရွာသား များအားလုံးအတွက် ဆေးဝါးလုံလောက်စွာ မရှိပါ။***
>
> **-နော် ---(မ)၊ ---ရွာ၊ တောင်ငူခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

## ကျန်းမာရေးနှင့် စစ်တပ်၏ထိန်းချုပ်မှု

ပညာရေးကဏ္ဍကဲ့သို့ပင် နအဖ စစ်အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စစ်တပ်မှ ရွာသားများအပေါ် ထိန်းသိမ်းနိုင်မှုအတွက်အသုံးပြုလိုပါသည်။ သို့သော် ၎င်းတို့ ထိန်းချုပ်နယ်မြေပြင်ပရှိ ကျန်း မာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ၎င်းတို့အတွက် ခြိမ်းခြောက်မှုဟု ထင်မြင်ယူဆပါသည်။နအဖ စစ်အစိုးရ သည် ၎င်းတို့ ထိန်းချုပ်နယ်မြေပြင်ပရှိ ရွာသားများအသုံးပြုသော ကျန်းမာရေးစောင့်ရှောက်မှု နည်းဗျူဟာများကို စနစ်တကျ ဖျက်ဆီးခြင်း၊ ရွာသားများ ဆေးဝါးများနှင့် ဆေးကုသမှု ခံယူခြင်းများ မရရှိနိုင်ရန် ကန့်သတ်ပိတ် ပင်ခြင်း၊ နိုင်ငံတကာကူညီထောက်ပံ့ရေးအဖွဲ့များကို ကရင်ပြည်နယ် တစ်ဝှမ်းလုံးသို့သွားရောက် အလုပ် လုပ်ခွင့်မ ပေးခြင်းစသည့်အချက်များကိုလုပ်ဆောင်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံရေးအ တွက် အသုံးပြုပြီး ပြည်သူများကို ထိန်းချုပ်နိုင်ရန် ပြုလုပ်ပါသည်။ နအဖ စစ်အစိုးရသည် ကရင်လူမျိုးများနေ ထိုင်ရာ ဒေသများတွင် ဒေသခံရွာသားများ ကျန်းမာရေးစောင့်ရှောက်မှုမရရှိရန်လုပ်ဆောင်လျှက်ရှိခြင်းကို ဖုံးကွယ်ထားပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများထံ လိမ်လည်လှည့်စားထား သောစာ ရင်းဇယားနှင့် စာရွက်စာတမ်းများကိုတင်ပြပါသည်။ ဤ သို့ဖြင့် နိုင်ငံတကာအကူအညီများသည် အစိုးရထံမှ တစ်ဆင့်ပေး ပို့ရမည်ဟူသည့်အချက်ကိုစစ်အစိုးရမှပြောဆိုလေ့ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ကရင်လူမျိုးများနေထိုင်ရာဒေ သများနှင့် အခြားဒေသများမှ ပြည်သူများသည် စစ်အစိုးရ၏ထိန်းချုပ်ဖိနှိပ်မှုကို တက်ကြွစွာခုခံ တွန်းလှန်ကြပြီး ၎င်းတို့ ကျန်းမာရေးအတွက် အကျိုးရှိစေမည့်ဆေးဝါးပစ္စည်းများကိုရရှိနိုင်သည့် မည်သည့်နေရာ မှမဆိုရရှိနိုင်ရန် ကြိုးပမ်းလျှက်ရှိပါသည်။ ဤနည်းဖြင့် ကရင်ရွာသားများသည် မိမိတို့ပိုင်ဆိုင်သည့် ဆေးဝါးများကို ဖွက်ထားခြင်း၊ နယ်စပ်ဖြတ်ကျော်ပေးပို့သည့် အကူအညီများကိုရယူခြင်းနှင့် အခြားသောနည်းဗျူဟာများကို အသုံးပြုပြီး မိမိတို့ကျန်းမာရေးအတွက် ရရှိသင့်သည့်အခွင့်အရေးများကို ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျှက် ရှိပါသည်။

## စစ်အစိုးရ၏ လူမှုရေးအဖွဲ့အစည်းများ

> ***"လွန်ခဲ့သော ၂၀၀၄ ခုနှစ်နှင့် ယခု ၂၀၀၅ ခုနှစ်တွင် နအဖ စစ်တပ်များသည် ရွာသားများကို အိမ်ထောင်စုစာရင်းနှင့် မြေယာမည်မျှပိုင်ဆိုင်ကြောင်းစာရင်းကို ၄င်းတို့ထံပေးပို့ရန် တောင်းဆိုခဲ့ပါသည်။ ၄င်းတို့မှ ရွာသားများသည် ၄င်းတို့တောင်းဆိုသောစာရွက်စာတမ်းများကိုမပေးပါက ၄င်းတို့ရွာများသို့လာရောက်ပြီး ရွာသားများပိုင်ဆိုင်သောမြေနေရာ၊ စိုက်ခင်းနှင့် အိမ်မွေးတိရစ္ဆာန်များကိုသိမ်းယူပါက ရွာသားများမှငြင်းပယ်၍မရပေ။"***
>
> **-ကို ---(ကျား၊ ၃၆)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၅)**

ကရင်ပြည်နယ်တောင်ပိုင်းဒေသများကို စစ်တပ်၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိရန် လုပ်ဆောင်လာနိုင်ခြင်းသည် (အထူးသဖြင့် ၁၉၉၇ ခုနှစ်မှစတင်၍ ပြုလုပ်ခဲ့သော ထိုးစစ်များ) စစ်တပ်မှ ရွာသားများအပေါ် ထိန်းချုပ်မှုကို ပိုမို ပြုလုပ်လာနိုင်ပါသည်။ သထုံ၊ ဒူးပလာယာနှင့် ဖားအံခရိုင် ဒေသအများစုနှင့် မြောက်ပိုင်းဒေသအချို့တို့တွင် နအဖ သည် ရွာသားများအားလုံး၏ အိမ်ထောင်စုစာရင်းများကိုရယူပြီး မိသားစုတိုင်းတွင် တစ်အိမ်လျှင် တစ်ယောက်ကျစီ စစ်တပ်၏ အရံတပ်ဖွဲ့များသို့ဝင်ရောက်ရန် အတင်းအကျပ်တောင်းဆိုခဲ့ပါသည်။ နအဖ ထိန်းချုပ်နယ် မြေရှိ ရွာများအားလုံးသည် ရွာသားဦးရေမည်မျှရှိသည်နှင့် လယ်ယာမြေများ မည်မျှပိုင်ဆိုင်သည်ဆိုသည့် စာရင်းကိုကောက်ယူပြီး စစ်တပ်ထံပေးပို့ရပါသည်။ ဤကဲ့သို့ စာရင်းပေးပို့ပါက ရွာသားများအတွက် မှတ်ပုံတင်ထုတ်ပေးမည်ဖြစ်ပြီး ရွာသားများ မိမိတို့ ရွာများမှ အခြားနေရာများသို့ ခရီးသွားခွင့်ရရှိမည်ဟု ဒေသခံစစ်အရာရှိများက ပြောဆိုခဲ့ပါသည်။ မည်သို့ပင်ဆိုစေ ဤကဲ့သို့ အတင်းအကျပ် မှတ်ပုံတင်စေခြင်းဖြင့် ဒေသခံစစ်အရာရှိများသည် ရွာသားလူဦး ရေနှင့် မြေယာပိုင်ဆိုင်မှု စာရင်းကို အသုံးပြုပြီး ရွာသားများထံမှ စားနပ်ရိက္ခာ၊ ငွေကြေးနှင့် လုပ်အားများကို မည်မျှတောင်းခံရမည်နှင့် မည်သည့်အချိန်တွင် တောင်းဆိုရမည်ကို သိရှိနိုင်ပါသည်။ ထို့အပြင် ရွာသားများသည် ၄င်းတို့၏ အိမ်ထောင်စုစာရင်းကို မိမိတို့နေအိမ်အပြင်ဘက်တွင် ကပ်ထားကြရပါသည်။ စစ်သားများမှ ရွာသားတစ်ဦးသည် မိမိရွာမှ အချိန်ကြာမြင့်စွာ ခရီးသွားသည်ဖြစ်စေ၊ ဧည့်စာရင်းမတိုင်ကြားထားသောဧည့်သည်များကို တွေ့ရှိသည်ဖြစ်စေ ၄င်းတို့နှင့်သက်ဆိုင်ရာ မိသားစုများကို လက်နက်ကိုင် အတိုက်အခံအဖွဲ့များနှင့် ဆက်သွယ်မှုရှိသည်ဟု စွပ်စွဲပြီး ဖမ်းဆီး၊ နှိပ်စက် စစ်ဆေးမေးမြန်းခြင်းပြုလုပ်ပါသည်။

> ***"လွန်ခဲ့သော မိုးရာသီတွင် နအဖသည် ကျွန်မတို့ ရွာသားများကို မိမိတို့ကိုယ်တိုင်ပြုလုပ်သော အိမ်ထောင်စုစာရင်းများ ပြုလုပ်ရန် စေခိုင်းခဲ့ပါသည်။ ကျွန်မ တို့သည် အိမ်ထောင်စုစာရင်း မိတ္တူနှစ်စောင်ကို ဗျူဟာရုံးသို့ ပေးပို့ရပြီး နောက်ထပ်နှစ်စောင်ကို အမှတ်(၈၃) ခြေလျင်တပ်ရင်းသို့ ပေးပို့ရပါသည်။ အိမ်ထောင်စုစာရင်း ပြုလုပ်ရခြင်းသည် အလုပ်အလွန်များသောကြောင့် ရွာသားများသည် ကျောင်းဆရာများကို အကူအညီတောင်းရပါသည်။ ရွာသားအများစုမှာ မြန်မာစာ ရေးတတ်၊ ဖတ်တတ်ခြင်း မရှိသည်သာမက အိမ်ထောင်စုစာရင်း မိတ္တူတိုင်းကို လက်ရေးဖြင့် ရေးသားရသောကြောင့် ကျောင်းဆရာများကို အကူ အညီ တောင်းကြရပါသည်။ ကျောင်းဆရာများသည်လည်း ၄င်းတို့၏ ကျောင်းသားများကို ထပ်မံ အကူအညီတောင်းရသောကြောင့် စာသင်ကြားမှုကို ထိခိုက်စေပါသည်။ ရွာသားများ စစ်တပ်ထံအိမ်ထောင်စုစာရင်းပေးပို့ပါက ရွာသားများအတွက် မှတ်ပုံတင်ရရှိရန် ပိုမိုလွယ်ကူစေမည်ဟု စစ်သားများကပြောပါသည်။ ကျွန်မတို့ ဒေသတွင် မှတ်ပုံတင်ရရှိရန် အလွန်ခက်ခဲသော်လည်း ရွာသားများသည် စစ်သားများကို ကြောက်ရွံ့ကြသောကြောင့် အိမ်ထောင်စုစာရင်းများကို လက်ဖြင့်ရေးသားပေးပို့ကြရပါသည်။ အိမ်ထောင်စုစာရင်း ရေးသားပေးပို့ရန် ပျက်ကွက်သောရွာသားများသည် နောင်တွင် ပြဿနာကြုံတွေ့လာပါက ရွာသူကြီးများမှ ၄င်းအတွက်***

*အာမခံခြင်း ပြုလုပ်ပေးနိုင်မည်မဟုတ်ပါ။ စစ်တပ်သည် အိမ်ထောင်စုစာရင်းတစ်စောင်အတွက် ငွေ ၆၀၀ကျပ် တောင်းခံပြီး အိမ်ထောင်စုစာရင်းကို ပလတ်စတစ်လောင်းလိုပါက နောက်ထပ်ငွေ ၂၀၀ကျပ် ပေးဆောင်ရပါသည်။ ထို့ကြောင့် မိသားစုတစ်စုသည် အိမ်ထောင်စုစာရင်း ပြုလုပ်နိုင်ရန် ငွေကျပ် ၈၀၀ ပေးဆောင်ရပါသည်။"*

**-နော် ---(မ၊ ၃၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

*"လွန်ခဲ့သောနှစ်က ကျွန်မတို့ရွာတွင် အိမ်ထောင်စုစာရင်းကောက်ခံပြီး ၎င်းအိမ်ထောင်စုစာရင်းများကို ရအဖ ဥက္ကဋ္ဌ ဟောင်းဖြစ်သောဝင်းနိုင်ထံသို့ မိ သားတစ်စုအတွက် ငွေ ၅၀၀ ကျပ်ကျစီနှင့်အတူ ပေးအပ်ခဲ့ပါသည်။ ကျွန်မတို့သည် အိမ်ထောင်စုစာရင်းများကို မဖြစ်မနေ လုပ်ဆောင်ရပါသည်။ အိမ်ထောင် စုစာရင်းမရှိဘဲ ကော့ကရိတ်မြို့သို့ ဈေးသွားရောက်ဝယ်ယူပါက နအဖ စစ်သားများ၏ ဖမ်းဆီးခြင်းကို ခံကြရပါသည်။"*

**-နော် ---(မ၊ ၄၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇူလိုင် ၂၀၀၆)**

နအဖ စစ်အစိုးရသည် အိမ်ထောင်စုစာရင်းကို အသုံးပြုပြီး ၎င်းတို့၏ အဖွဲ့အစည်းအင်အားများကို တိုးချဲ့နိုင်ပါသည်။ ဒေသခံ အာဏာပိုင်များသည် ၎င်းတို့ သတ်မှတ်ထားသော လူဦးရေအတိုင်း ရွာသားများကို ၎င်းတို့၏ အရံတပ်ဖွဲ့များသို့ ဝင်ရောက်ပြီး သင်တန်းများတက်ရောက်ရန် ရွာသူကြီးများကို ညွှန်ကြားခဲ့ပါသည်။ နအဖသည် ကရင်ပြည်နယ်ရှိ ပြည်သူများကို ၎င်းတို့၏ အရံတပ်ဖွဲ့များဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးအသင်းနှင့် ပြည်သူ့စစ် တပ်ဖွဲ့များသို့ အတင်းအကျပ်ဝင်ရောက်စေပါသည်။

## ဖွံ့ ဖြိုးရေးလုပ်ငန်း စည်းဝေးပွဲများနှင့် သင်တန်းများ

နအဖ စစ်အစိုးရသည် ကျေးရွာအဆင့်တွင် ၎င်းတို့၏ ထိန်းချုပ်နိုင်မှုကို တိုးချဲ့နိုင်ရန် ကရင်ပြည်နယ်တစ်ဝှမ်းတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကိုဖွဲ့စည်းခဲ့ပြီး ထို ရအဖအဖွဲ့များမှတစ်ဆင့် ရွာသားများကို အိမ်ထောင်စုစာရင်း ပြုလုပ်ရန်၊ စစ်တပ်၏ အရံတပ်ဖွဲ့များသို့ ဝင်ရောက်ရန်၊ လုပ်အားပေးလုပ်ဆောင်ရန် စသည့် အရာများပြုလုပ်ရန် စေခိုင်းခဲ့ပါသည်။ ထို့အပြင် ကျေးရွာတိုင်းတွင် ရအဖ ဥက္ကဋ္ဌများကို ခန့်အပ်ခဲ့ပြီး ဥက္ကဋ္ဌတိုင်းကိုသက်ဆိုင်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီရုံးများတွင် ကျင်းပပြုလုပ်သော တစ်လတစ်ကြိမ် ပုံမှန်အစည်းအဝေးများကို တက်ရောက်စေပါသည်။ ထို့အပြင် ဥက္ကဋ္ဌများကို အခြားသင်တန်းများလည်း တက်ရောက်စေခဲ့ပြီး နအဖ၏ ဖွံ့ ဖြိုးတိုးတက်ရေးအမည်ခံ ညွှန်ကြားချက်များကို ကျေးရွာအဆင့်တွင် အကောင်အထည်ဖော် လုပ်ဆောင်ရပါသည်။ ဤ အစည်းအဝေးများကို တက်ရောက်ရန် ရအဖ ဥက္ကဋ္ဌများသည် ငွေ ၁၀၀၀ မှ ၂၀၀၀ ကျပ်အထိ လမ်းစရိတ် ကုန်ကျခံရသည်သာမက နအဖ အာဏာပိုင်များ၏ အမိန့်ပေးခြင်း၊ ၎င်းတို့ စေခိုင်းသောအရာများကို မလုပ်ဆောင်နိုင်ပါက ဆူပူကြိမ်းမောင်းခံရခြင်းနှင့် ရှေ့ဆက်၎င်းတို့စေခိုင်းခြင်းကို မလုပ်ဆောင်ပါက အပြစ်ပေးခံရမည်ဟု ခြိမ်းခြောက်ခံရခြင်း စသည်တို့ကို ကြုံတွေ့ ကြရပါသည်။ ထို့ကြောင့် ရအဖ ဥက္ကဋ္ဌများသည် ၎င်းတို့ ကျေးရွာများတွင် အကောင်အထည်ဖော်လုပ်ဆောင်ရန် ခက်ခဲသောလုပ်ငန်းများကို

လုပ်ကိုင် ရန် အကျဉ်းအကျပ်နှင့် ကြုံတွေ့ နေကြရပါသည်။ နအဖမှ စေခိုင်းသောလုပ်ငန်းများမှာ ဤအစီရင်ခံစာ အထက်ပါအခန်းများတွင် ဖော်ပြပြီးခဲ့သော ကြက်ဆူပင်များ စိုက်ပျိုးစေခြင်း၊ နွေစပါးစိုက်ပျိုးစေခြင်း၊ စိုက်ပျိုးရေး အသုံးအဆောင်ပစ္စည်းများနှင့် မျိုးစေ့များကို အတင်းအဓမ္မ ဝယ်ယူစေခြင်း၊ ကျောင်းများ၊ စာကြည့်တိုက်များနှင့် ဆေးခန်းများ ကို အတင်းအဓမ္မ တည်ဆောက်စေခြင်း၊ လမ်းများဖောက်လုပ်ရာတွင်လည်းကောင်း၊ စစ်တပ်စိုက် ခင်းများနှင့် စစ်စခန်းများ ဆောက်လုပ်ရာတွင်လည်းကောင်း အတင်းအဓမ္မ လုပ်အားပေးလုပ်ကိုင်စေခြင်းစသည် တို့ဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် ရအဖများမှတစ်ဆင့်ကျေးရွာပြည်သူများ၏ဘဝကိုဖွံ့ ဖြိုးတိုးတက်ရေး လုပ်ငန်းများ အမည်ခံ ပြီး ထိန်းချုပ်ထားလိုပါသည်။ ထို့ကြောင့် ရွာသားများအတွက် နအဖမှ စေခိုင်းသော ဖွံ့ ဖြိုးရေးလုပ်ငန်းတိုင်းသည် ပြည်သူလူထုအပေါ် နအဖ စစ်တပ်မှ စနစ်တကျ အမြတ် ထုတ် အနိုင်ကျင့်ခြင်းပြုပြီး ပြည်သူများ၏ဘဝကို ထိန်းချုပ်ထားလိုခြင်းသာ ဖြစ်ပါသည်။

> ***“နိုဝင်ဘာလ ၃ရက် ၂၀၀၅ ခုနှစ်မှစပြီး ကော့ကရိတ်မြို့ ဇာနည်သုခ ဘုန်းတော်ကြီးကျောင်းတွင် စီမံခန့်ခွဲရေး နှင့် လုံခြုံရေးဆိုင်ရာ သင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။ ကျွန်တော်တို့ ရွာမှ လူသုံးဦး ဤသင်တန်းသို့ သုံးရက်ကြာ တက်ရောက်ခဲ့ရပါသည်။ သင်တန်း ၃ရက်အတွင်း စားသောက်စရိတ် ၅၀၀၀ ကျပ် ကျစီ ပေးသွင်းခဲ့ရပါသည်။ ဤသင်တန်းကို ကျွန်တော်တို့ မပျက်မကွက် တက်ရောက်ခဲ့ရပါသည်။”***
>
> **-ဦး ---(ကျား၊ ၃၇)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

ကျေးရွာ ဥက္ကဋ္ဌများသည် တစ်လတစ်ကြိမ် ပုံမှန်စည်းဝေးများတက်ရောက်ရသည်သာမက အချို့သောဒေသများ တွင် နအဖ အာဏာပိုင်များသည် စီမံခန့်ခွဲရေးသင်တန်းများကို ဖွင့်လှစ်ပြီး ကျေးရွာဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ ကို တက်ရောက်စေပါသည်။ သင်တန်းများကို တက်ရောက်ရသော ကျေးရွာလူကြီးများသည် မိမိတို့၏ စားဝတ်နေ ရေးအတွက် ရုန်းကန်လှုပ်ရှားရသည့် ကိုယ်ပိုင်အချိန် ဆုံးရှုံးနစ်နာရသကဲ့သို့ သင်တန်းကြေးများအတွက် ငွေ ၅၀၀၀၀ကျပ် ပေးဆောင်ရပါသည်။ ထို့အပြင် သင်တန်းတက်ရောက်ရန် လိုအပ်သောအသုံးအဆောင်ပစ္စည်း များ၊ ဗလာစာအုပ်များ၊ ပေတံများ၊ ခဲတံများ၊ ဘောလ်ပင်များ၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းနှင့် သောက်ရေခွက် များကိုယူဆောင်သွားရပါသည်။ ကျေးရွာလူကြီးများသည် သင်တန်းကြေးများနှင့် အသုံးစရိတ်များအတွက် လိုအပ် သောငွေကို ကိုယ်တိုင်မပေးဆောင်နိုင်သောကြောင့် မိမိတို့ ရွာသားများထံမှပင်ငွေကောက်ခံရပါသည်။ နအဖ အာဏာပိုင်များသည် ကျေးရွာ ဥက္ကဋ္ဌများကို စိုက်ပျိုးရေးနှင့် အခြားသောအတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း စီမံကိန်းများကို အတင်းအကျပ်အကောင်အထည်ဖော် လုပ်ကိုင်စေသည်သာမကသင်တန်းဆရာများသည် ကျေးရွာဥက္ကဋ္ဌများကို ၎င်းတို့၏ရွာများသို့ရန်သူများဝင်ရောက်လာပါက ရဲ သို့မဟုတ်စစ်ဗိုလ်များထံ အကြောင်း ကြားရန် ညွှန်ကြားခဲ့ပါသည်။ ကျေးရွာလူကြီးများတက်ရောက်ရသော သင်တန်းများတွင် စိုက်ပျိုးရေး၊ ကျန်းမာ ရေးနှင့် အထွေထွေ ရပ်ရွာအုပ်ချုပ်ရေး စသည့် ပညာရပ်များပါဝင်ပြီး ကျေးရွာအဆင့်တွင် ပြည်သူ့စစ်တပ်ဖွဲ့များ နှင့် အရံမီးသတ်တပ်ဖွဲ့စသည်တို့ကို မည်ကဲ့သို့ ဖွဲ့စည်းရမည်ကိုလည်း သင်ယူရပါသည်။

**ကျွန်တော်တို့သည် သင်တန်းကိုမပျက်မကွက် တက်ရောက်ရပါသည် ---**

*"ကျွန်တော်တို့ တက်ရောက်ရသော သင်တန်း အမည်မှာ 'စီမံခန့်ခွဲရေးနှင့် လုံခြုံရေးသင်တန်း' ဖြစ်ပါသည်။ ဤသင်တန်းကို မပျက်မကွက်တက်ရောက်ရပါသည်။ ဩဂုတ်လ ၂၀၀၅ ခုနှစ်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီမှ သင်တန်းစီစဉ်သူ ကျော်မြလှိုင်သည် ၄င်းနှင့် လယ်မှူးရုံးတွင် လာရောက်တွေ့ဆုံရန် ကျွန်တော်တို့ထံညွှန်ကြားစာပေးပို့ခဲ့ပါသည်။ ထို့အပြင် ရွာဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများသည် မော်လမြိုင်မြို့သို့ သွားရောက် ပြီး စီမံခန့်ခွဲရေးနှင့် လုံခြုံရေးသင်တန်းများကိုတက်ရောက်ရမည်ဟု ညွှန်ကြားခဲ့ပါသည်။ အောက်တိုဘာလ ၃ရက်နေ့တွင် ရပ်ရွာအေးချမ်းသာယာရေး နှင့် ဖွံ့ ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မော်လမြိုင်သို့ သွားရောက်ပြီး သင်တန်းတက်ရောက်ခဲ့ပါသည်။ အောက်တိုဘာ ၁၀ ရက်နေ့တွင်အတွင်းရေးမှူးဖြစ်သော ကျွန်တော်သည် သင်တန်းသွားရောက်တက်ခဲ့ရပါသည်။ ကျွန်တော်တို့ သင်တန်း တက် ရောက်ရသည့် နေရာမှာ မော်လမြိုင်ကောလိပ်ရှိ ရွှေမြိုင် ဆောင်တွင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဗလာစာအုပ်၊ ပေတံ၊ ခဲတံ၊ ဘောလ်ပင်၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းနှင့် သောက်ရေခွက်စသည့်အရာ များအားလုံးကို ယူဆောင်လာရပါသည်။ သင်တန်းသို့ ရောက်ရှိသည့်အခါ သင်တန်းသားများအားလုံးသည် သင်တန်းဝင်ကြေး ၁၁၀၀၀ ကျပ်ကျစီ ပေး သွင်းရပါသည်။ သင်တန်းတကက ရောက်စဉ်တွင် ကျွန်တော်တို့သည် နံနက် ၇နာရီ တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်နှင့် ညနေ ၅နာရီ တစ်ကြိမ် တစ်နေ့ သုံး ကြိမ် ထမင်းစားသုံးရပါသည်။ သင်တန်းကို မပျက်မကွက် တက်ရောက်ရပါသည်။ သင်တန်းဆရာ ၁၀ ယောက်ကျော်ရှိပါသည်။ အတွင်းရေးမှူး(၁) သင် တန်းသားဦးရေပေါင်း ၂၄၉ ယောက်ရှိပြီး ၅ရက်ကြာ သင်တန်းတက် ရောက်ရပါသည်။ သင်တန်းတွင် ပို့ချသည့် အကြောင်းအရာများမှာ ကျေးရွာများကို မည်သို့ စီမံခန့်ခွဲရမည်နှင့် သယ်ယူပို့ဆောင်ရေးအကြောင်းများဖြစ်ပါသည်။ ထို့နောက် ကျေးရွာ အတွင်းရေးမှူးများတွင် တာဝန်များစွာရှိကြောင်းနှင့် လစာငွေမရရှိကြောင်း ရှင်းလင်းပြောပြခဲ့ပြီး အတွင်းရေးမှူးများသည် စာသင်ကျောင်းများနှင့် ကျောင်းဆရာများ တိုးတက်မှုရှိ၊ မရှိကို စောင့်ကြည့်ရန် တာဝန်ရှိကြောင်း ပြောဆိုခဲ့ပါသည်။ လုံခြုံရေးနှင့် ပတ်သက်၍ ရပ်ရွာလုံခြုံရေးအတွက် လူဆိုး၊လူမိုက်များကို ဖမ်းဆီးရန်လိုအပ်ပြီး ကေအန်ယူ သို့ မဟုတ် အခြားလက်နက်ကိုင်အဖွဲ့အစည်းမှ ရန်သူများ ရွာသို့ဝင်ရောက်ပါက ရွာသားများသည် နီးစပ်ရာ စစ်စခန်း သို့မဟုတ် ရဲစခန်းသို့ အကြောင်း ကြားရပါမည်ဟု သင်တန်းဆရာများက ပြောကြားခဲ့ပါသည်။ စီးပွားရေးအနေဖြင့် စပါးပင်များ၊ ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ကြံ စသည့် သီးနှံအမျိုးအစား ၁၀ မျိုးကျော်ခန့်ကို စိုက်ပျိုးရန် စေခိုင်းပါသည်။ ကျန်းမာရေးအနေဖြင့် ရပ်ရွာ ဥက္ကဋ္ဌများသည် ရွာသားများလိုအပ်ချက်အတွက် အတူတစ်ကွပူးပေါင်းလုပ်ဆောင်ရပါမည်။ ဥပမာအားဖြင့် ဆေးပေးခန်းများ တည်ဆောက်ရပါမည်။*

*သင်တန်း သွားရောက်တက်ရာတွင် ကုန်ကျငွေ ၅၀၀၀၀ ကျပ်ကို ရွာသားများထံမှ ကောက်ယူရပါသည်။ ---ရွာမှ ဥက္ကဋ္ဌ၏ ပြောပြချက်အရ ဤသင် တန်းတက်ရောက်ရခြင်း၏ အကျိုးကျေးဇူးမှာ ငွေကုန်ခြင်းသာဖြစ်ပါသည်။ မည်သည့်အကျိုး ကျေးဇူးမျှ မရရှိပါဟု ၄င်းမှ ပြောဆိုပါသည်။ သင်တန်းချိန်ပြီး နောက် ကျွန်တော်တို့အချင်းချင်း စကားပြောဆိုရာတွင် ဤသင်တန်းသည် ကျွန်တော်တို့အတွက် အကျိုးမရှိဘဲ ငွေကိုသာ အလဟဿ ဖြုန်းတီးသကဲ့သို့ ဖြစ်ပါသည်ဟု ပြောဆိုခဲ့ကြပါသည်။ ကျေးရွာ ရအဖ အတွင်းရေးမှူး(၁)များ သင်တန်းတက်ရောက်ပြီးနောက် တတိယမြောက် သင်တန်း တက်ရောက်ရသည့် အဖွဲ့မှာ ကျေးရွာ အတွင်းရေးမှူး(၂)များ ဖြစ်ကြပါသည်။ သို့သော် ဘယ်လားမူး ကျေးရွာမှ ရအဖ အတွင်းရေးမှူး(၂)သည် သင်တန်းတက်ရောက်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် အောက်တိုဘာလ ၁၉ ရက်နေ့တွင် အမှတ်(၅၈၈) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး မြင့်ဇော်သည် ၄င်းတို့တပ်မှ အရာခံဗိုလ် သန်းဝင်းနှင့် ရဲဘော်များကို ၄င်းရွာသို့ စေလွှတ်ခဲ့ပါသည်။ အရာခံဗိုလ်သန်းဝင်းနှင့် အဖွဲ့သည် ညအချိန် ရွာသို့ရောက်ရှိလာပြီး ရအဖ အတွင်းရေးမှူး မောင် ---ကို ၄င်း၏ ရာဘာခြံထဲတွင် လာရောက်ရှာဖွေပါသည်။ သို့သော် မောင်---သည် ထိုရာဘာခြံထဲတွင် မရှိပါ။ စစ်သားများသည် မောင် ---၏ သားမက်ကို ---ကိုသာ ရာဘာခြံထဲတွင် တွေ့ရှိသောကြောင့် ကို ---ကို စစ်သားများက ၄င်းတို့၏သေနတ်ဒင်ဖြင့်  နှစ်ချက်၊ သုံးချက် ထုရိုက်ခဲ့ပါသည်။ ထိုညက မောင်--- သည်အခြား ရွာတစ်ရွာသို့ ရောက်ရှိနေသောကြောင့် ရွာသားအချို့သည် မောင်---ကို လျင်မြန်စွာ သွားရောက်ခေါ်ယူခဲ့ရပါသည်။ ၄င်း မောင် ---ရောက်လာသောအခါ စစ်သားများသည် မောင်--- ကို ဖမ်းဆီးကာ ၄င်းတို့ တပ်ရင်းသို့ ခေါ်ဆောင်သွားပါသည်။ ကျေးရွာဥက္ကဋ္ဌပါတပ်ရင်းသို့ လိုက်ပါသွားပါသည်။ ဥက္ကဋ္ဌမှ မောင်--- သင်တန်းတက်ရောက်နိုင်ခြင်းမရှိသည်မှာ ငွေကြေးမတတ်နိုင်သောကြောင့်ဖြစ်ပြီး ရွာသားများမှလည်း ကုန်ကျငွေကိုမပေးနိုင်သောကြောင့်ဖြစ်ပါသည်။ ထို့နောက် စစ်သားများသည် မောင် --- ကို ပြန်လည် လွှတ်ပေးခဲ့ပါသည်။"*

-ဦး ---(ကျား၊ ၅၁)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၅)

ဒေသခံ နအဖ စစ်ဗိုလ်များသည် ပုံမှန်စည်းဝေးများခေါ်ယူသည့်အပြင် ကျေးရွာဥက္ကဋ္ဌများကို အလွတ်သဘော ဖြင့် အစည်းအဝေးခေါ်ယူပြီး ရွာသားများကို အတင်းအဓမ္မလုပ်အားပေးစေခိုင်းရန်နှင့် ရွာသားများအပေါ် အမြတ် ထုတ်ရန် အတင်းအဓမ္မတောင်းခံမှုများကို ပြုလုပ်လေ့ရှိပါသည်။ ဤကဲ့သို့ အလွတ်သဘောအစည်းအဝေးခေါ် ယူပြီး အဓမ္မတောင်းဆိုမှုများကို ပြုလုပ်ခြင်းသည် ပုံမှန် လစဉ်စည်းဝေးပွဲများကဲ့သို့ တရားဝင်မဟုတ်သောကြောင့် အစည်းအဝေးခေါ်ယူသော စစ်အရာရှိများသည် ၄င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၄င်းတို့ ပိုင်ဆိုင်သော စိုက်ခင်းများ တွင် ရွာသားများကို အတင်းအဓမ္မ စေခိုင်းခြင်းဖြစ်ပါသည်။ ဤနည်းဖြင့် နအဖ စစ်အရာရှိများနှင့် ၄င်းတို့၏ မိတ်ဆွေများသည် မိမိတို့ကိုယ်ကျိုးအတွက်အကျိုးအမြတ်ရရှိပါသည်။ သို့သော် ၄င်းတို့ ကိုယ်ကျိုးအတွက် အတင်းအဓမ္မတောင်းခံခြင်းများပြုလုပ်ရာတွင် နအဖ စစ်ဗိုလ်များသည် တိုင်းပြည်ဖွံ့ ဖြိုးရေးအတွက် ပြုလုပ်ခြင်း ဖြစ်သည်ဟုပြောဆိုပါသည်။ ဤသို့ဖြင့် နအဖ စစ်ဗိုလ်များသည် ၄င်းတို့ ကိုယ်ကျိုးအတွက် တောင်းခံအမြတ် ထုတ်မှုနှင့် နအဖ စစ် အစိုးရ၏ ဖွံ့ ဖြိုးရေးလုပ်ငန်းများကို ရောနှောထားလေ့ရှိပါသည်။

> ***"နိုဝင်ဘာလ ၁ရက် ၂၀၀၆ခုနှစ်တွင် နအဖ စစ်ဗိုလ်များသည် ၄င်းတို့ အမှတ်(၂၈၄) ခြေလျင်တပ်ရင်းတွင် ပြုလုပ်သည့် အစည်းအဝေးကို ကျွန်တော့်အား တက်ရောက်စေခဲ့ပါသည်။ အစည်းအဝေးတွင် ကျွန်တော်တို့ ကို ရာဘာပျိုးပင်များ အတင်းအကျပ်လာယူရန်ပြောဆိုခဲ့ပြီး အမှတ်(၂၈၄) ခြေလျင်တပ်ရင်းပိုင် မြေနှင့် ကပ်လျှက် မြေနေရာများတွင် အတင်းအကျပ်စိုက်ပျိုးစေခဲ့ပါသည်။ ၄င်းတို့ စိုက်ပျိုးစေရန် စေခိုင်းသော မြေနေရာမှာ အလွန်ပင် ကျယ်ဝန်းလှသော် လည်း မည်မျှ အကျယ်အဝန်းရှိသည်ကို ကျွန်တော်အတိအကျ မပြောပြနိုင်ပါ။ ဤမြေနေရာများမှာ ရွာသားများပိုင်ဆိုင်ခဲ့သော မြေနေရာ ဖြစ်ပါသည်။ လွန်ခဲ့သော ၁၀နှစ်က စစ်စခန်းတည်ဆောက်ရာတွင် အထက်ပါ မြေနေရာများကို သိမ်းယူခဲ့ခြင်း ဖြစ်ပါသည်။ သိမ်းယူခဲ့သောမြေနေ ရာပေါ်တွင် စစ်စခန်းဆောက် လုပ်ပြီး ပိုသောမြေနေရာများကို ရောင်းချခြင်း (သို့) ရွာသားများကို အတင်း အကျပ် ရာဘာပင်များစိုက်ပျိုးစေပါသည်။ စစ်တပ်မှ သိမ်းယူခဲ့သောမြေနေရာများသည် ရွာသူ၊ ရွာသားများ၏ စိုက်ပျိုးရေးခြံများနှင့် လယ်ယာစိုက်ခင်းများဖြစ်ကြပါသည်။ မြေနေရာ သိမ်းယူခြင်းခံရသော ရွာသားများသည် မကျေမနပ် ဖြစ်ကြပါသည်။ မြေနေရာ သိမ်းယူခြင်းခံရသောရွာသားများသည် စစ်တပ်အာ ဏာပိုင်များနှင့် ၄င်းတို့ မြေနေရာများပြန်လည်ရရှိရန် ဆွေးနွေးခဲ့ကြသော်လည်း စစ်တပ်မှ ပြန်လည်ပေး အပ်ခြင်းမရှိပါ။ စစ်ဗိုလ်များမှ ဤမြေနေရာများကို အစိုးရမှ သိမ်းယူခဲ့ခြင်း ဖြစ်သောကြောင့် ၄င်းတို့မှ ပြန်လည်ပေးအပ်ခြင်း မပြုနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။"***

**-စော ---(ကျား၊ ၃၀)၊ ---ရွာ၊ ဒူးပလာယာခရိုင် (နိုဝင်ဘာ ၂၀၀၆)**

လစဉ် အစည်းအဝေးများတွင်ဖြစ်စေ၊သင်တန်းများတွင်ဖြစ်စေ သို့မဟုတ်အလွတ်သဘောခေါ်ယူသောတွေ့ဆုံမှု များတွင်ဖြစ်စေ ကျေးရွာဥက္ကဋ္ဌများသည် စစ်ဗိုလ်များနှင့်သွားရောက်တွေ့ဆုံရသည့် အချိန်တွင်၄င်းတို့၏ သဘော ထားများကို တင်ပြပြောဆိုခြင်း မပြုနိုင်သကဲ့သို့ တောင်းဆိုမှုများကိုလည်း ငြင်းဆန်နိုင်ခြင်း မရှိပါ။ မည်သို့ပင်ဆို စေ ကျေးရွာဥက္ကဋ္ဌများသည် စစ်တပ်၏ တောင်းဆိုမှုများကို ၄င်းတို့ ရွာသားများမှ အပြည့်အဝလုပ်ဆောင်ပေး နိုင်ရန် အင်အားမရှိကြောင်းအကြောင်းပြပြီး တောင်းခံမှုများကို လျှော့ချပေးရန် စစ်ဗိုလ်များနှင့် ညှိနှိုင်းလေ့ရှိကြပါ သည်။ သို့သော် စစ်ဗိုလ်များနှင့် အရပ်ဘက်အရာရှိများသည် ၄င်းတို့ စေခိုင်းသော တောင်းခံမှုများသည် အထက်မှလာသော အမိန့်ဖြစ်သောကြောင့် ၄င်းတို့မှ ထိုအမိန့်ကို ရွာသားများ လိုက်နာခြင်းရှိရန် လုပ်ဆောင်ရမည် ဖြစ်ကြောင်း တုန့်ပြန်ခြိမ်းခြောက် ပြောဆိုလေ့ရှိပါသည်။ ထို့ကြောင့် ကျေးရွာဥက္ကဋ္ဌများသည် ၄င်းတို့အချင်းချင်း အကြား နအဖ စစ်သားများမှခေါ်ယူသော အစည်းအဝေးများသည် ၄င်းတို့ ရွာသားများအတွက် ဝန်ထုပ်ဝန် ပိုးဖြစ်စေကြောင်းနှင့် နအဖ စစ်အစိုးရ၏ ဖွံ့ ဖြိုးရေးစီမံကိန်းများသည် အကျိုးမရှိကြောင်းကို ပြောဆိုပြစ်တင်လေ့

ရှိကြပါသည်။ နအဖ စစ်အစိုးရမှာမူ ရွာသားများနှင့် ဆန့်ကျင်စွာပင် ၄င်းတို့ ခေါ်ယူသောအစည်းအဝေးများသည် တိုင်းပြည်ဖွံ့ ဖြိုးတိုးတက်ရန်အတွက် ခေါ်ယူရသော တရားဝင်အစည်းအဝေးများဖြစ်သည်ဟု ပြောဆိုလေ့ရှိပါသည်။ ရွာသားများသည် နအဖ စစ်အစိုးရ၏ အစည်းအဝေးနှင့် အစည်းအဝေးတွင် ပြောဆိုစေခိုင်းသော ဖွံ့ ဖြိုးရေးစီမံကိန်းများသည် ၄င်းတို့အတွက် အကျိုးမရှိကြောင်း ပြောဆိုရခြင်းမှာ ထိုအစည်း အဝေးများတွင် ရွာသားများသည် ၄င်းတို့၏ သဘောထားများကို တင်ပြပြောဆိုခွင့်မရှိသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် စစ်တပ်၏ တောင်းဆိုမှုများသည် ရွာသားများအ တွက် အလွန်လေးလံသောဝန်ထုပ်ဖြစ်စေပြီး စားဝတ်နေရေး အတွက် ထိခိုက်စေပါသည်။ ထို့ကြောင့် ရွာသားများသည် နအဖ ထိန်းချုပ်မှုအောက်တွင် အကောင်အထည်ဖော် လုပ်ဆောင်လျှက်ရှိသောရအဖ၏ လုပ်ငန်းများ၊ အစည်းအဝေးများနှင့် အတင်းအဓမ္မတောင်းခံမှုများသည် မည်သို့မျှ တရားဝင်ခြင်းမရှိနိုင်ဟု ထင်မြင်ယူဆပါသည်။

## အမျိုးသမီးအဖွဲ့အစည်းများ

*"၄င်းတို့အဖွဲ့သို့ ဝင်ရောက်သော အမျိုးသမီးများသည် အသင်းဝင်ကြေးပေးဆောင်ရပါသည်။ ရွာလူကြီးများကို အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်ရန်အတွက် အမျိုးသမီးများကို ရွေးချယ်ပေးရန် နအဖ အာဏာပိုင်များမှ ညွှန်ကြားပါသည်။ ကျွန်မတို့သည် ရွာသားများထံမှ ငွေကြေးကောက်ခံပြီး ၄င်းတို့ထံသို့ ပေးပို့ပြီး ဖြစ်ပါသည်။ အသင်းသို့ဝင်ရောက်သော အမျိုးသမီးတိုင်းသည် ငွေ ၃၁၀ ကျပ်ကျစီ ပေးဆောင်ရပါသည်။ မည်သည့် အမျိုးသမီးမျှ ထိုအသင်းအဖွဲ့သို့ဝင်ရောက်လိုခြင်းမရှိသောကြောင့် ကျွန်မတို့သည် အတင်းအကျပ်ဝင်ရောက်ရန် စေခိုင်းရပါသည်။ ကျွန်မတို့ရွာအတွက် အသင်းဝင်ခွင့်ပုံစံ စောင်ရေ ၅၀ ပေးပို့ပါသည်။ ရွာသားများသည် ၄င်းတို့ စေခိုင်းခံရသောအရာများကို မပြုလုပ်လိုသော်လည်း ကျွန်မတို့သည် နအဖ ထိန်းချုပ်မှုအောက်တွင် နေထိုင်ရသောကြောင့် ပြုလုပ်ရပါသည်။ နအဖ စစ်အစိုးရသည် ရွာသားများအခက်အခဲများအတွက် ဂရုဏာထားခြင်းမရှိပါ။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့သို့ ဝင်ရောက်ရန်အတွက် ဝင်ခွင့်ပုံစံစောင်ရေ ၁၀၀ ကျွန်မတို့ ရွာသို့ပေးပို့ထားသော်လည်း ကျွန်မတို့သည် မည်သို့မျှ လုပ်ဆောင်ခြင်းမရှိသေးပါ။ ရွာသားများသည် ဤအဖွဲ့အစည်းများနှင့် ပတ်သက်၍ မည်သည့်အရာမျှ သိရှိထားခြင်း မရှိသော်လည်း နအဖ အာဏာပိုင်များမှ တောင်းခံသောငွေကြေးကို မည်သည့်အ တွက်ကြောင့် ပေးဆောင်ရသည်ကို မသိရှိဘဲ ပေးဆောင်ကြလေ့ရှိပါသည်။"*

**-နော် ---(မ၊ ၃၄)၊ ရွာသူကြီး၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှင့် အမျိုးသမီးရေးရာအဖွဲ့များသည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ဖွဲ့စည်းတည်ထောင်ထားသော အသင်းအဖွဲ့များဖြစ်သည့်အားလျှော်စွာ ဤအဖွဲ့အစည်းများသည် စစ်တပ်၏ထိန်းချုပ်မှု ပုံစံအတိုင်း အလုပ် လုပ်ကိုင်လျှက်ရှိပါသည်။ ၂၀၀၃ခုနှစ်တွင် အမျိုးသမီးရေးရာအဖွဲ့ကို တည်ထောင်ခဲ့သောဝန်ကြီးချုပ်ဟောင်း ခင်ညွန့်သည် အမျိုးသမီးရေးရာအဖွဲ့၏ အခန်းကဏ္ဍကို အောက်ပါအတိုင်း ပြောဆိုခဲ့ပါသည်။ "အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများအ ရေးကို ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။"[၁၁၅] ထို့နည်းတူ ယခုလက်ရှိ အမျိုးသမီးရေးရာအဖွဲ့၏ အထွေထွေအတွင်းရေးမ-းဖြစ်သူ ခင်မာထွန်းသည်လည်း အောက်ပါအတိုင်းပြောဆိုခဲ့ပါသည်။ "အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ ဖွံ့ ဖြိုးတိုးတက်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သ ကဲ့သို့ နိုင်ငံတော်ဖွံ့ ဖြိုးရေးအတွက်

[၁၁၅] "Formation of MWAF," *News and Views from Myanmar,* Myanmar Ministry of Foreign Affairs, December 29th 2003. Accessed at http://www.mofa.gov.mm/news/dec29_mon6.html on January 18th 2007.

ပါ အဓိကအခန်းကဏ္ဍမှပါဝင်ကြရပါမည်။”[၁၁၆] နအဖ စစ်အစိုးရသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို အမိန့်ကြေငြာစာအမှတ် ၂၁/၉၀ ဖြင့် ၁၉၉၀ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ နအဖ စစ်အစိုးရမှ ၂၀၀၆ ခုနှစ်သို့ ရောက်လျှင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၏ အသင်းဝင်များသည် ၅. ၄ သန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်းပြောဆိုခဲ့ပါသည်။ ၅. ၄ သန်း ဟူသည့် အရေအတွက်သည် မြန်မာနိုင်ငံလူဦးရေ၏ ၁၀% ကျော် ဖြစ်ပါသည်။[၁၁၇]

အထက်ပါ အဖွဲ့အစည်းနှစ်ရပ်လုံးသည် နအဖ စစ်အစိုးရ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လုပ်ဆောင်ရပြီး နအဖ လုပ်ငန်းစဉ်များကိုထင်ဟပ်ပေါ်လွင်စေရန် လုပ်ဆောင်ရသောအဖွဲ့အစည်းများဖြစ်ပြီး စစ်အုပ်ချုပ်မှု ကျယ်ပြန့်ရေးကို အကူအညီပေးနေသော အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ အထက်ပါ အဖွဲ့အစည်းနှစ်ခုလုံး၏ အရေးကြီးဆုံးသော ခေါင်းဆောင်ပိုင်းရာထူးများကို စစ်ဗိုလ်များ၏ ဇနီးများမှ နေရာယူထားပြီးဖြစ်ပါသည်။ ကျေးရွာအဆင့်တွင် နအဖမှ ခန့်အပ်ထားသောကျေးရွာ ဥက္ကဋ္ဌ၏ ဇနီးသည် အလိုအလျှောက်ပင် ကျေးရွာအဆင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ဥက္ကဋ္ဌ ဖြစ်ပြီး မြို့နယ်အဆင့်တွင် မအဖ ဥက္ကဋ္ဌ၏ ဇနီးသည် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်ပါသည်။ လွန်ခဲ့သော ၂၀၀၄ ခုနှစ်အထိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို ဦးဆောင်သူမှာ ထောက် လှမ်းရေး အကြီးအကဲနှင့် နအဖ၏ အတွင်းရေးမှူး(၁) ခင်ညွန့်၏ဇနီး ဒေါ်ခင်ဝင်းရွှေ ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို ဦး ဆောင်လျှက်ရှိသူမှာ ဝန်ကြီးချုပ်ရုံး၏ဝါရင့်အရာရှိကြီး ဖြစ်သော ယခင်က နအဖ၏ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ခဲ့သော ဗိုလ်မှူးကြီးဖေသိန်း၏ ဇနီး ကြူကြူဆွေ ဖြစ်ပါသည်။

> ***“မအဖနှင့် ရအဖ ဥက္ကဋ္ဌများသည် ရွာသားများကို ကျေးရွာအဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ကို အတင်းအကျပ် ဖွဲ့စည်းစေပါသည်။ ကျေးရွာရှိ အမျိုးသမီးများကို အတင်းအကျပ် ဖွဲ့စည်းစေပါသည်။ ကျေးရွာဥက္ကဋ္ဌ၏ဇနီးသည် ကျေးရွာအဆင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၏ ဥက္ကဋ္ဌနေရာကိုရယူရပြီး အတွင်းရေးမှူး၏ ဇနီးသည် အတွင်းရေးမှူးနေရာကို ရယူရပါသည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ခန့်အပ်ရာတွင် စာတတ်သည် မတတ်သည်ကို ဂရုမစိုက်ပါ။ စာမတတ်သည့် အမျိုးသမီးများသည်ပင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးရာထူး ခန့်အပ် ခြင်း ခံရပါသည်။ ယခု ကျွန်မတို့ ရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အဖွဲ့ဝင် အမျိုးသမီး ၇ ဦးရှိပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၇ ဦး ရှိပါသည်။ ဤအမျိုးသမီးများသည် အဆိုပါ အသင်းအဖွဲ့များနှင့် ပတ်သက်၍ မည်သည့် သင်တန်းမျှတက်ရောက်ရခြင်းမရှိပါ။ မည်သည့်အရာမျှလည်း လုပ်ဆောင်ရန် မလိုအပ်ပါ။ သို့သော် အသင်းဝင်ကြေး ၅၀၀ကျပ်ကိုမူ ပေးဆောင်ခဲ့ရပါသည်။”***
>
> **-ဦး ---(ကျား၊ ၄၃)၊ ရွာသူကြီး၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို နိုင်ငံတကာမှ ထောက်ခံမှုရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နအဖ၏ ဆောင်ပုဒ်ကိုအသုံးပြုပြီး အောက်ပါအတိုင်းပြောဆိုခဲ့ပါသည်။ “မြန်မာလူမျိုးများသည်

[၁၁၆] “Information Sheet,” *Myanmar Information Committee*, July 23rd 2006, accessed at http://www.myanmar-information.net/infosheet/2006/060723.htm on January 18th 2007.

[၁၁၇] “Discussions from the Myanmar Maternal and Child Welfare Association Concerning the False News Reports from Internal and External Dissident Groups,” Myanmar Maternal and Child Welfare Association, June 2006. Accessed at http://mission.itu.ch/MISSIONS/Myanmar/mofal/mmcwa.htm on January 28th 2007.

လူမှုရေးစိတ်ဓာတ် အပြည့်အဝရှိကြပါသည်။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို ကြည့်ခြင်းဖြင့် မြန်မာလူမျိုး များ၏ လူမှုရေးစိတ်ဓာတ်ကို တွေ့ရှိရပါမည်။"[၁၁၈] မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အဆိုအရ "အသင်း၏ယုံကြည်ချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်း များကို ကြိုက်နှစ်သက်သောသူများသာ အသင်းဝင်ဖြစ်လာပါသည်။"[၁၁၉] ထို့ကြောင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များသည် လွတ်လပ်သော မိမိတို့၏ သဘောဆန္ဒအလျှောက်အမျိုးသမီးများမှ ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသော်လည်း အမှန်တကယ်အားဖြင့် နအဖ စစ်အစိုးရသည် ၎င်းတို့ ထိန်းချုပ်နယ်မြေ ကရင်ပြည်နယ်တစ်ဝှမ်းရှိ အမျိုးသမီးများကို အတင်းအကျပ်ပင် အထက်ပါ အဖွဲ့အစည်းများသို့ ဝင်ရောက်စေပါသည်။ ဒေသခံ စစ်အရာရှိများသည် အသင်းဝင်ခွင့်ပုံစံများကို ကျေးရွာ ဥက္ကဋ္ဌများထံ အမျိုးသမီးအရေအတွက်ကိုလိုက်၍ပေးပို့ပါသည်။ အသင်းသို့ဝင်ရောက်ရမည့် အမျိုးသမီးတစ်ဦးချင်းသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ခွင့်ပုံစံအတွက် ၂၅၀-၃၅၀ ကျပ် ပေးဆောင်ရပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်ခွင့်ပုံစံအတွက် ၃၀၀-၅၀၀ ကျပ် ပေးဆောင်ရပါသည်။ ရွာသူ၊ရွာသားများသည် ဤအသင်းအဖွဲ့များအကြောင်းကို အတိအကျမသိရှိသော်လည်း အသင်းဝင်ကြေးပေးဆောင်ပြီး ဝင်ခွင့်ပုံစံများကို မပျက်မကွက် ပြန်လည်ပို့ဆောင် ရမည်ဟု ညွှန်ကြားခြင်းခံခဲ့ရပါသည်။

> ***"ကျွန်မတို့သည် ဆိပ်ကြီး ဗျူဟာရုံးသို့ သွားရောက်ပြီး တစ်လတစ်ကြိမ် အစည်းအဝေးတက်ရောက်ရပါသည်။ ဤအစည်းအဝေးများသည် အကျိုးမရှိဘဲ ရွာသားများအတွက်အခက်အခဲနှင့် စိုးရိမ်ပူပန်မှုများကိုသာ ဖြစ်စေပါသည်။ အစည်းအဝေးတွင် နအဖ အာဏာပိုင်များသည် ရွာသားများကို၎င်းတို့ခိုင်းစေ လိုသည့်အရာများကို စေခိုင်းပါသည်။ ကျေးရွာဥက္ကဋ္ဌများကို အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်ရန် အမျိုးသမီးများကို ရွေးချယ်စေပြီး ထိုအမျိုးသမီးများသည် အသင်းဝင်ကြေးပေးဆောင်ရပါသည်။ ရွာသားများကို ဉယျာဉ်ခြံများတွင် အလုပ်စေခိုင်းသည်သာမက ရွာသားများသည် စစ်တပ်မှ တောင်းခံသောငွေကြေးများကိုလည်း ပေးဆောင်ရပါသည်။ ရွာသားများကို စာကြည့်တိုက်ဆောက်လုပ်ရန်၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များသို့ ဝင်ရောက်ရန်နှင့် စစ်တပ်အတွက် ဉယျာဉ်ခြံ စိုက်ပျိုးပေးရန် စေခိုင်းပါသည်။ ရွာသူ၊ရွာသားများသည် နအဖ အာဏာပိုင်များမှ စေခိုင်းသောအရာများကို မလုပ်ကိုင်လိုသော်လည်း နအဖ ထိန်းချုပ်မှုအောက်တွင် နေထိုင်ရသောကြောင့်မဖြစ်မနေ လုပ်ဆောင်ကြရပါသည်။ နအဖ စစ်အစိုးရသည် ရွာသူ၊ရွာသားများ၏ အခက်အခဲများကို နားလည်သဘောပေါက်ခြင်း မရှိပါ။ စစ်ဗိုလ်များသည် ၎င်းတို့ ငွေကြေးရရှိရေးအတွက် မည်သို့ လုပ်ဆောင်ရမည်ကိုသာ သိရှိကြပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပတ်သက်၍ ကျွန်မတို့သည် မည်သည့်အရာမျှ မပြုလုပ်ရသေးပါ။ ကျွန်မတို့ရွာသို့ ဝင်ခွင့်ပုံစံစောင်ရေ ၁၀၀ ပေးပို့ထားပါသည်။ ဤအသင်းအဖွဲ့များသည် မည်သည့်အတွက်ကြောင့် ဖွဲ့စည်းထားသည်နှင့် မည်သည့်အရာများကိုလုပ်ဆောင်နေကြောင်း ရွာသားများမသိရှိကြသော်လည်း နအဖ အာဏာပိုင်မှ ငွေကြေးတောင်းခံသောအခါ ရွာသားများသည် ပေးဆောင်ကြရပါသည်။"***
>
> **-နော် ---(မ၊ ၃၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

> ***"လွန်ခဲ့သော ၅ လ အချိန်က (ဇန်နဝါရီ ၂၀၀၆) ယခင်ကျေးရွာ ဥက္ကဋ္ဌဟောင်းဝင်းနိုင်သည် ကျွန်မတို့ရွာမှ အမျိုးသမီးနှစ်ဦးအား အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များသို့ ဝင်ရောက်ရန်စေခိုင်းခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်လိုခြင်းမရှိသောကြောင့် နိုကော့ဒို ရွာမှ အမျိုးသမီးနှစ်ဦးကို ငှားရမ်းပြီး ကျွန်မတို့ရွာ ကိုယ်စား ဝင်ရောက်စေခဲ့ပါသည်။ ထိုငှားရမ်းထားသောသူများအတွက် ကျွန်မတို့ရွာမှ တစ် အိမ်လျှင် ၁၀၀၀ ကျပ်ကျစီ လစဉ်ပေးဆောင်ရပါသည်။ ဤငွေကြေးကို***

---

[၁၁၈] WHO Country Cooperation Strategy [CCS], Myanmar, World Health Organisation, June 28th 2000. Accessed at www.who.int/countries/en/cooperation_strategy _mmr_en.pdf on February 28th 2007.

[၁၁၉] "Discussions from the Myanmar Maternal and Child Welfare Association Concerning the False News Reports from Internal and External Dissident Groups," Myanmar Maternal and Child Welfare Association, June 2006. Accessed at http://mission.itu.ch/MISSIONS/Myanmar/mofal/mmcwa.htm on January 28th 2007.

***အထက်ပါအဖွဲ့အစည်းများ မပြိုလဲသရွေ့ပေးဆောင်နေကြရပါမည်။ ဤကိစ္စနှင့် ပတ် သက်၍ ကျွန်မတို့သည် ဒေသခံအာဏာပိုင်များကိုကြောက်ရွံ့ကြသောကြောင့် မည်သူ့ထံမျှမတိုင်ကြားဝံ့ပါ။ ကျွန်မတို့သည် လစဉ် ငွေများကို နိုကော့ဒိုကျေးရွာ ရအဖဥက္ကဋ္ဌ မောင်ညွန့်ထံ ပေးပို့ရပါသည်။ မောင်ညွန့်သည် ငွေများကို မည်ကဲ့သို့သုံးစွဲသည်ကို ကျွန်မတို့သည် မမေးမြန်းဝံ့သောကြောင့် ၎င်း ငွေများကို မည်ကဲ့သို့ သုံးစွဲသည်ကို ကျွန်မတို့မသိရပါ။ ဤအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည် ရွာသား များ အတွက် အကျိုးမဖြစ်ထွန်းစေပါ။ ထို့အပြင် ရွာသားများသည် ငွေကြေးများပေးဆောင်ရသောကြောင့် လေးလံသောဝန်ထုပ်ဝန်ပိုးများဖြစ်စေပြီး တောင်းဆိုသော ငွေကြေးကို မပျက်မကွက်ပေးဆောင်ကြရပါသည်။"***

**-နော် ---(၄၄၊ မ)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇူလိုင် ၂၀၀၆)**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးအသင်း

အမျိုးသမီးရေးရာအဖွဲ့ နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည်၎င်းတို့အသင်းအဖွဲ့များသို့ အသင်းဝင်များကို အတင်းအဓမ္မဝင်ရောက်စေခြင်းဖြင့် အင်အားတိုးချဲ့ခြင်းပြုလုပ်လာသကဲ့သို့ စစ်အစိုးရ၏ အဓိကကျသော အရံတပ်ဖွဲ့ မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးအသင်းကို လူထုများမှ ထောက်ခံသကဲ့သို့ ပြုလုပ်ထားပါသည်။ စစ်အစိုးရသည် ကြံ့ ဖွံ့အဖွဲ့ကို နဝတ လက်ထက် ဥပဒေအမှတ် ၆/၈၈ ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကြံ့ဖွံ့အဖွဲ့သည် စစ်အစိုးရ၏ အဆိုအရ ၂၀၀၅ ခုနှစ်တွင် အသင်းဝင်ပေါင်း၂၂ သန်းရှိပါသည်။[၁၂၀] နအဖ စစ်အစိုးရ၏ ထုတ်ပြန်ပြောဆိုချက်အရ"ကြံ့ ဖွံ့အသင်းဝင်များကို ဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ရန် တိုက်တွန်းထားပါသည်။"[၁၂၁] ကြံ့ ဖွံ့အဖွဲ့သည် တိုင်းပြည်တစ်ဝှမ်းရှိ ပြည်သူများကို ၎င်းတို့ အဖွဲ့အစည်းအတွင်းသို့ အတင်းအကျပ် ဝင်ရောက်စေပါသည်။ ထို့အပြင် စစ်အစိုးရသည် ကြံ့ခိုင်ရေး အဖွဲ့ဝင်များကို "ပြည်သူ့သဘောထား" ဆောင်ပုဒ်တွင် ပါဝင်သော "ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောက်ယှက်သူများအား ဆန့်ကျင်ကြ ၊ ပြည်တွင်းရေးကို ဝင်ရောက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ နှင့် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ"[၁၂၂] ဟူသော အချက်လေးချက်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်ဖြစ်ပါက အစိုးရဝန်ထမ်းအလုပ်များကို ရရှိနိုင်ပါသည်။ ထို့အပြင် တက္ကသိုလ်ဝင်ခွင့်ရရှိရေး၊ စာမေးပွဲအောင်မြင်ရေး၊ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေး၊ ယဉ်ကျေးမှုပွဲတော်များတွင်ပါဝင်ကပြရရေး စသည့်အခွင့်အရေးများကိုလည်း ရရှိနိုင်ပါသည်။ အချို့ဒေသများတွင် ကြံ့ဖွံ့အဖွဲ့ဝင်ဖြစ်ပါက လျှပ်စစ်မီးနှင့်ရေကို အိမ်တိုင်ရာရောက် အခမဲ့ရရှိနိုင်ပါသည်။ ကရင်ပြည်နယ် နအဖ စစ်အစိုးရ ထိန်းချုပ်ထားသောနယ်မြေများတွင် ကျေးရွာများရှိပြည်သူများကို ကြံ့ဖွံ့အဖွဲ့သို့ အတင်းအဓမ္မဝင်ရောက်စေပါသည်။ စစ်အစိုးရသည် ၎င်းတို့ လိုအပ်သော အသင်းဝင်အရေအတွက်ရရှိနိုင်ရန် ကျေးရွာများကို ခွဲတမ်းချပေးကာ အတင်းအဓမ္မဝင်ရောက်စေပါသည်။

***"နအဖ ဒေသခံအာဏာပိုင်များသည် ကျွန်တော်တို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဝင်ရောက်စေပါသည်။ ကျေးရွာတစ်ခုတွင် ရွာသားမည်မျှဝင်ရောက်ရမည်ကို ၎င်းတို့မှ ညွှန်ကြားထားပါသည်။ စစ်အစိုးရ ဒေသခံအာဏာပိုင်များသည် ရွာသားများကို အမှုကိစ္စများဖြစ်ပွားပါက တရားရုံးသို့သွား***

---

[၁၂၀] "Myanmar top leader urges USDA members to build democratic nation," *People's Daily Online*, November 9th 2006. Accessed at http://english.peopledaily.com.cn/200611/09/eng20061109_319925.html on January 18th 2007.

[၁၂၁] "Information Sheet,"*Myanmar Information Committee*, September 28th , 2005 accessed at http://myanmar-information.net/infosheet/2005/050928.htm

[၁၂၂] *The White Shirts: How the USDA will become the new face of Burma's dictatorship*, Network for Development and Democracy, May 2006, p.18.

*ရောက်နိုင်ကြောင်း သူတစ်ပါးမှအနိုင်ကျင့်ပါက ရှုံးသို့သွားရောက်နိုင်ကြောင်းပြောပြပါသည်။ ကျွန်တော်တို့သည် အသင်းအဖွဲ့များသို့ ဝင်ရောက်ရန် အတင်းအဓမ္မစေခိုင်းခြင်းခံရပါသည်။ ကြံ့ခိုင်ရေးအဖွဲ့သို့ ဝင်ရောက်ရန် ကျွန်တော်တို့ ရွာသားများ မပြင်ဆင်ရသေးပါ။ ကျွန်တော်တို့ ရွာသားများကို မေလမှစ၍ ကြံ့ဖွံ့အဖွဲ့သို့ ဝင်ရောက်ရန်စေခိုင်းခဲ့သော်လည်း ကျွန်တော်တို့သည် ယခုအချိန်အထိ ဝင်ရောက်ရခြင်းမရှိသေးပါ။"*

**-စော ---(ကျား၊ ၄၃)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇွန်လ ၂၀၀၆)**

နအဖ စစ်အစိုးရမှ ကြံ့ဖွံ့အဖွဲ့သည် နိုင်ငံတော်တိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု ပြောဆိုလျက်ရှိသော်လည်း နအဖ စစ်အစိုးရသည် ကြံ့ဖွံ့အဖွဲ့ဝင်များကို အတိုက်အခံအဖွဲ့များအား အကြမ်းဖက်ချေမှုန်းရာတွင် မကြာခဏ အသုံးပြုလေ့ရှိပါသည်။ ဥပမာအားဖြင့် ကြံ့ဖွံ့အဖွဲ့ဝင်များသည် တစ်ကြိမ်တွင် အောင်ဆန်းစုကြည်နှင့် အဖွဲ့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့သောကြောင့် ဟစ်တလာ၏ ရှပ်ညိုဝတ်တပ်သားများနှင့် နှိုင်းယှဉ်ခံခဲ့ရပေသည်။ ကြံ့ဖွံ့အဖွဲ့ဝင်များသည် ပြည်သူ့သဘောထားဆောင်ပုဒ်များတွင်ပါရှိသည့်အတိုင်း အစိုးရနှင့် အတိုက်အခံအဖွဲ့များကို ချေမှုန်းဆန့်ကျင်နိုင်ရန် အခြေခံစစ်ပညာသင်တန်းများကို တက်ရောက်ထားရပါသည်။ သို့သော် ကြံ့ဖွံ့အဖွဲ့ဝင်အများစုသည် မိမိတို့ အလုပ်အကိုင်တည်မြဲရန်နှင့် နအဖ စစ်အစိုးရ၏ ဖမ်းဆီးနှောက်ယှက်ခြင်း မခံရရေးအတွက်များကြောင့်သာကြံ့ဖွံ့အဖွဲ့သို့ ဝင်ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ သို့သော် နအဖ စစ်အစိုးရမှာမူ ပြည်သူသန်းပေါင်းများစွာသည် ကြံ့ဖွံ့အဖွဲ့ကိုထောက်ခံအားပေးလျှက်ရှိကြောင်း ထုတ်ဖော်ပြောဆိုလေ့ရှိပါသည်။

## စစ်အစိုးရ၏ အရံတပ်ဖွဲ့များ

*"မအဖနှင့် ရအဖတို့သည် ကျေးရွာများရှိ ယောကျ်ားများကို ပြည်သူ့စစ်အဖွဲ့သို့ဝင်ရောက်စေပါသည်။ ပြည်သူ့စစ်များအတွက် သင်တန်းပေးသော်လည်း သေနတ်များကိုမူ ထုတ်ပေးခြင်းမရှိပါ။ ရွာသားများသည် ပြည်သူ့စစ်တပ်ဖွဲ့သို့ဝင်ရောက်ရေး သို့မဟုတ် မဝင်ရောက်ရေးအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချ ရွေးချယ်ခွင့်မရှိပေ။ အထက်မှ အမိန့်ပေးညွှန်ကြားသောကြောင့် ရွာသားများသည် ပြည်သူ့စစ်တပ်ဖွဲ့များသို့ဝင်ရောက်ရသော်လည်း လစာငွေများမရရှိပါ။ သင်တန်းတက်ရောက်ပြီးပါကသင်တန်းသားများသည် မည်သည့်အရာမျှ လုပ်ကိုင်ရခြင်းမရှိပါ။ရပ်ရွာလုံခြုံရေးအတွက်တာဝန်ယူဆောင်ရွက်ရမည်ဟု အထက်မှညွှန်ကြားပါသည်။ ကျွန်တော်တို့ ရွာသားများပါမက အခြားရွာသားများသည်လည်း ပြည်သူ့စစ်သင်တန်းတက်ရောက်ရပါသည်။"*

**-ဦး ---(ကျား၊ ၅၆)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

ကရင်ပြည်နယ်တွင် လှုပ်ရှားနေသော နအဖ စစ်အစိုးရမှ ထိန်းချုပ်ထားသော အရံတပ်ဖွဲ့များမှာ ပြည်သူ့စစ်တပ်ဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့ နှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ဖြစ်ပါသည်။ နအဖ ဒေသခံအာဏာပိုင်များသည် အထက်ပါ အရံတပ်ဖွဲ့များကို ကျေးရွာလုံခြုံရေးအတွက် ကင်းစောင့်ရန်တာဝန်ပေးအပ်ပါသည်။ ထို့အပြင် ကေအန်ယူတပ်ဖွဲ့များ၏ လှုပ်ရှားမှုသတင်းကို ရယူရခြင်း နယ်စပ်ဖြတ်ကျော် အကူအညီပေးသော ကျန်းမာရေး

လုပ်သားများအဖွဲ့ကို စောင့်ကြည့်ရခြင်း၊ သို့မဟုတ် လူ့အခွင့်အရေးနှင့်ပတ်သက်၍ သတင်းရယူသူများကို စောင့်ကြည့်ရခြင်းတို့ကို လုပ်ဆောင်ရပါသည်။ နအဖ၏ အရံတပ်ဖွဲ့များသည်လိုအပ်ပါက စစ်တပ်ဖွဲ့များကို ကူညီထောက်ပံ့ပေးရပါမည်။ အရံမီးသတ်တပ်ဖွဲ့ နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့သည် အမည်နာမအားဖြင့် ပြည်သူများနှင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းများဖြစ်သော်လည်း နအဖ စစ်အစိုးရမှာမူ ၎င်းအဖွဲ့အစည်းများကို စစ်တပ်၏ အရံတပ်ဖွဲ့များအဖြစ် သတ်မှတ်ထားပါသည်။[၁၂၈] ရွာသူ၊ရွာသားများသည် ကျေးရွာများရှိ ပြည်သူ့စစ်နှင့် အရံတပ်ဖွဲ့များ အမျိုးမျိုးတို့ကို ငွေ ကြေးနှင့်စားနပ်ရိက္ခာထောက်ပံ့ပေးရပါသည်။ တစ်ခါတစ်ရံ ၎င်းတပ်ဖွဲ့ဝင်များ နေထိုင်ရန် အဆောက်အဦးများကိုပင် ဆောက်လုပ်ပေးရပါသည်။

> ***"နအဖ စစ်အစိုးရသည် အိမ်ခြေများသော ကျေးရွာကြီးများတွင် ပြည်သူ့စစ်တပ်ဖွဲ့များကို ဖွဲ့စည်းပေးပါသည်။ ရွာသားများကို ပြည်သူ့စစ် တပ်ဖွဲ့များသို့ အတင်းအကျပ် ဝင်ရောက်စေပါသည်။ တစ်ရွာလျှင် ရွာသား ၄ ဦးကျစီ ပြည်သူ့စစ် တပ်ဖွဲ့သို့ဝင်ရောက်ရပါသည်။ ကျေးရွာတိုင်းသည် ပြည်သူ့စစ်တပ်ဖွဲ့များသို့ ဝင်ရောက်ရပြီး မဝင်ရောက်လိုသော ကျေးရွာများသည် နအဖ အာဏာပိုင်များထံ တစ်နှစ်လျှင် ၈၀၀၀၀ ကျပ် ပေးဆောင်ရပါသည်။ သို့သော် ရွာသားများ အများစုသည် ၎င်းတို့ကိုယ်စား ပြည်သူ့စစ် တပ်ဖွဲ့သို့ဝင်ရောက်ရန် လူစားငှားရမ်းပါသည်။ နအဖ စစ်တပ်များသည် ရွာသားများကို သင်တန်းပေးပြီး လက်နက်များထုတ်ပေးကာ ကျေးရွာပြည်သူ့စစ်ကို ဖွဲ့စည်းပေးပါသည်။ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များသည် နအဖ စစ်တပ်များသို့ သတင်းပေးပို့ရခြင်း၊ လမ်းပြအဖြစ်ဆောင်ရွက်ရခြင်း၊ စစ်တပ်များရွာသို့ရောက်ရှိလာပါက စစ်တပ်နှင့်အတူလိုက်ပါကင်းလှည့်ရခြင်း တို့ကို ပြုလုပ်ရပါသည်။ ကျေးရွာပြည်သူ့စစ်တပ်ဖွဲ့ များသည် နအဖ စစ်အစိုးရထံမှ ထောက်ပံ့ ကြေးငွေများကို မရရှိသောကြောင့် ၎င်းတို့ စားသောက်ရန်အတွက် ရွာသားများမှ ထောက်ပံ့ပေးရပြီး ၎င်းတို့ နေ ထိုင်ရန်အတွက်အိမ်များကိုပင် ဆောက်လုပ်ပေးရပါသည်။ ပြည်သူ့စစ်ခေါင်းဆောင်များသည် နအဖ စစ်တပ်မှ အရာခံဗိုလ်များဖြစ်ကြပါသည်။ ပြည်သူ့စစ် များကိုယ်စား ဒေသခံ နအဖ စစ်အာဏာပိုင်များသည် ရွာသူ၊ရွာသားများထံမှ ငွေ ၈၀၀၀၀ကျပ် တောင်းခံပါသည်။ ထို့အပြင် ပြည်သူ့စစ် တပ်ဖွဲ့ဝင်မိသားစုများအတွက် ဝါး၊ အင်ဖက်နှင့်သစ်များကိုလည်း ရွာသားများမှပေးဆောင်ရပါသည်။ ထို့နည်းတူ နအဖ စစ်သားများသည် ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၏ ဇနီး နှင့် မိသားစုဝင်များ စားသောက်ရန်အတွက် ရွာသားများထံမှ တစ်အိမ်ထောင်လျှင် စပါး၅တင်းကျစီတောင်းခံပါသည်။ ရွာသားများသည် နအဖ စစ်သားများကိုကြောက်ရွံ့ရသောကြောင့် ၎င်းတို့တောင်းခံသောအရာများအားလုံးကို ပေးအပ်ရပါသည်။"***

> **-ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ ၊ သထုံခရိုင် (မေပြီ ၂၀၀၆)**

> ***"နအဖ စစ်ဗိုလ်များသည် ကျွန်မတို့ရွာတွင် ပြည်သူ့စစ်တပ်ဖွဲ့ ဖွဲ့စည်းရန်ညွှန်ကြားခဲ့သော်လည်း ရွာသားများသည် သေနတ်ကိုင်ဆောင်လိုခြင်း မရှိသော ကြောင့် ပြည်သူ့စစ်တပ်ဖွဲ့ မဖွဲ့စည်းဝံ့ပါ။ ထို့ကြောင့် မေလမှစ၍ အိမ်ထောင်စုတိုင်းသည်တစ်လလျှင် ၂၀၀၀ကျပ် ပေးဆောင်ရပါသည်။ ထိုသို့ ပေးဆောင်ရခြင်းသည် ပြည်သူ့စစ်အတွက် ပေးဆောင်ရခြင်းဖြစ်မည်ဟု ကျွန်မထင်မြင်ပါသည်။"***[၁၂၉]

> **-နော် --- (မ၊ ၄၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇူလိုင် ၂၀၀၆)**

## လူမှုရေးအသင်းအဖွဲ့များနှင့် စစ်တပ်၏ထိန်းချုပ်မှု

နအဖ စစ်အစိုးရသည် အထက်တွင်ဖော်ပြခဲ့သော ပြည်သူများနှင့် ဖွဲ့စည်းထားသောအသင်းအဖွဲ့များကို တိုးချဲ့ခြင်းဖြင့် အဓိကအကျိုးအမြတ်နှစ်ခုရရှိစေပါသည်။ ပထမ ဦးစွာ နအဖ ဒေသခံအာဏာပိုင်များသည် ပြည်သူများ

---

[၁၂၈] Andrew Selth, 2002. *Burma's Armed Forces: Power Without Glory*, Norwalk: Eastbridge; p.81

[၁၂၉] Where villagers don't want to engage in forced labour – in this case serving in the *Pyi Thu Sit* [people's Militia]- they are required to pay fines or hire other villagers to take their place.

ကို အရံတပ်ဖွဲ့များသို့ ဝင်ရောက်စေခြင်းဖြင့် ပြည်သူများကို စောင့်ကြည့်နိုင်ပြီး နအဖ စစ်အစိုးရအပေါ် သဘောထားကွဲ လွဲသူများကိုလည်း တားဆီး ခြိမ်းခြောက်နိုင်ပါသည်။ ဤနည်းဖြင့် နအဖ စစ်အစိုးရသည် ဖိနှိပ်အုပ်ချုပ်မှုကို ၎င်းတို့၏ အရံ တပ်ဖွဲ့များမှတစ်ဆင့် ပြုလုပ်ပါသည်။ ဒုတိယ အနေဖြင့် နအဖ စစ်အစိုးရသည် အရံတပ်ဖွဲ့များစွာ ဖွဲ့စည်းထားသည်သာမက အထူးသဖြင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတကာ အေဂျင်စီများ၏ အကူအညီများစွာကိုရရှိသဖြင့် နအဖ စစ်အစိုးရသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏အသင်းဝင်များကို တိုးချဲ့ပါက ရံပုံငွေများ ပိုမိုရရှိနိုင်မည်ဟု ယူဆထားကြပါသည်။ ထို့အပြင် ၎င်းတို့ ဖွဲ့စည်းထားသောအသင်းအဖွဲ့သည် အကျိုးဖြစ်ထွန်းပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်နိုင်ကြောင်းပြောဆိုနိုင်ပါ သည်။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ယူနီဆက်၊ ယူအန်ဒီပီ၊ ယူအန်အေ့(စ)၊ ကဲယားနှင့် Médecins du Monde ၏ အကူအညီဖြင့် ၎င်း၏လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ထုတ်ပြန်ပြောဆိုပါသည်။[၁၂၅] မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ် အချို့တို့သည် ရပ်ရွာအဆင့်ရှိ ကလေး ငယ်များနှင့် အမျိုးသမီးများအတွက် အကျိုးဖြစ်ထွန်းစေသော်လည်း အဆိုပါအသင်း၏ အတင်းအကျပ်စေခိုင်းသော သဘောသဘာဝ နှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များကို ပြည် သူများအား တိုင်ပင်ဆွေးနွေးမှုမရှိခြင်းစသည့် အားနည်းချက်များကိုလည်း ချိန်ထိုးကြည့်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များသည် အကျိုးဖြစ်ထွန်းမှုရှိစေသော်လည်း ၎င်းအသင်းအဖွဲ့သည် ပြည်သူများ၏ ရပိုင်ခွင့်များ၊ လူအခွင့်အရေးများကို လေးစားလိုက်နာခြင်း မရှိသောကြောင့် ရေရှည်တွင် ၎င်းတို့၏ လုပ်ငန်းစဉ်များ အကျိုးဖြစ်ထွန်းမှုရှိမည်၊ မရှိမည်ကို မေးခွန်းထုတ်သင့်ပါသည်။ ဤနည်းဖြင့် စစ်အစိုးရသည် ပြည်သူလူထုများအပေါ် ထိန်းချုပ်မှုကို ပိုမိုတိုးချဲ့နိုင်သည်သာမက နိုင်ငံတကာ မှပေးသော ရံပုံငွေများကိုလည်း စစ်တပ်အတွက် အသုံးချနိုင်ပါသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေးအမည်ခံ နအဖ စစ်အစိုးရ၏ မူဝါ ဒများကိုလည်း နိုင်ငံတကာမှ တရားဝင် အသိအမှတ်ပြုရန် လုပ်ဆောင်နိုင် ပါသည်။ စစ်အစိုးရ အရံတပ်ဖွဲ့များ၏ လုပ်ငန်းစဉ်များသည် အောင်မြင်မှုရှိသည် သို့မဟုတ် အကျိုး မဲ့စေသည် ဟူသည့်အချက်ကို သိရှိနိုင်ရန် ငွေကြေးထောက်ပံ့သည့် နိုင်ငံတကာအေဂျင်စီများ၏ ထုတ်ပြန်ပြောဆိုချက်များကို ကြည့်ရှုပြီး ဆုံးဖြတ်ချက်ချ၍ မရပေ။ သို့သော် ကရင်ပြည်နယ်ရှိ အကူအညီအထောက်အပံ့ကို ရရှိသင့်သော ရွာသူ၊ရွာသား များ၏ ပြောဆိုချက်များကို နားထောင်ပြီး ဆုံးဖြတ်ချက်ချနိုင်ပါသည်။ အဆိုပါ ရွာသားများသည် နအဖ စစ်အစိုးရ၏ နိုင်ငံတကာအကူအညီနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များအပေါ် အကျိုးမခံစားရကြောင်းအမြဲပြောဆိုလေ့ ရှိပါသည်။

## ဒီကေဘီအေ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

ဒီကေဘီအေသည် ၎င်းတို့အဖွဲ့ စတင်ဖွဲ့စည်းသည့် ၁၉၉၄ ခုနှစ် မှစ၍ နအဖ၏ လမ်းညွှန်မှုအောက်တွင် မဟာမိတ်တပ်ဖွဲ့အနေဖြင့် စစ်အစိုးရ၏ ထိန်းချုပ်နယ်မြေ တိုးချဲ့ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။ ဒီကေဘီအေအဖွဲ့သည် အဓိကအားဖြင့် ကရင်ပြည်နယ်တောင်ပိုင်းနှင့် ဖာပွန်ခရိုင်တောင်ဘက် စသည့် ဒေသများကို ထိန်းချုပ်နိုင်ရန် လုပ်ဆောင်လျှက်ရှိပါသည်။ ၎င်းတို့ လုပ်ဆောင်မှုများတွင် ကေအန်အယ်(လ)အေတပ်ဖွဲ့များကို စစ်ရေးအရတိုက်ခိုက်ခြင်းနှင့် ရွာသားများကိုပါ တိုက်ခိုက်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် စစ်အစိုးရ၏ လုံးဝထိန်းချုပ်မှုအောက်တွင်ရှိသော ဒေသများတွင် အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်လျှက်ရှိပါသည်။ နအဖ စစ်အစိုးရသည် ဒီကေဘီအေတပ်ဖွဲ့များအား စစ်အစိုးရ၏ နိုင်ငံရေး မူဝါဒ လမ်းစဉ်များအောက်တွင် လုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် ရံပုံငွေများပေးအပ်ခဲ့

[၁၂၅] "Discussions from the Myanmar Maternal and Child Welfare Association Concerning the False News Reports from Internal and External Dissident Groups," Myanmar Maternal and Child Welfare Association, June 2006. Accessed at http://mission.itu.ch/MISSIONS/Myanmar/mofal/mmcwa.htm on January 28th 2007.

ပါသည်။ ဥပမာအားဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့ ကွင်းဆင်းလေ့လာသူ၏ တွေ့ရှိတင်ပြချက်အရ သထုံခရိုင်နှင့် ဖာပွန်ခရိုင်တောင်ပိုင်း အချို့ ဒေသများတွင် စစ်အစိုးရသည် ၎င်းတို့၏ တပ်ဖွဲ့များနှင့်အတူ လှုပ်ရှားနေသော ဒီကေဘီအေ ၉၉၉၊ ၇၇၇ နှင့် ၃၃၃ တပ်ရင်းများကို ၂၀၀၆ ခုနှစ် အစောပိုင်းတွင် ငွေကျပ် သန်း ၂၀၀ ထောက်ပံ့ခဲ့ကြောင်းသိရှိရပါသည်။[၁၂၆] နအဖစစ်တပ်နှင့် ဒီကေဘီအေတပ်ဖွဲ့များသည် ရွာသားများအား ကေအန်ယူနှင့် ကေအန်အယ်(လ)အေတပ်ဖွဲ့များ၏ လှုပ်ရှားမှုသတင်းအပြည့်အစုံကို ၎င်းတို့အားပေးပို့ရန် အမိန့်ထုတ်ပြန်ထားပါသည်။ သတင်းမပေးနိုင်သော ရွာသားများကို အထက်ပါအဖွဲ့များသည် ရိုက်နှက်ညှင်းပန်းနှိပ် စက်ပါသည်။ ထို့အပြင် ၎င်းတပ်ဖွဲ့များသည် ရွာသားများ၏ ပစ္စည်းများကို လုယူခြင်းနှင့် ရွာသားများထံမှ ဆန်ကို အတင်းအဓမ္မတောင်းခံခြင်းများကို ပြုလုပ်ပါသည်။ သထုံခရိုင်တွင် နအဖ စစ်အစိုးရမှ ဒီကေဘီအေ တပ်ဖွဲ့များကို ကေအန်ယူတပ်ဖွဲ့များအား အမြစ်ပြတ်သုတ်သင်ရှင်းလင်းနိုင်ပါက ထိုဒေသများကို နအဖ၏ လမ်းညွှန်မှုအောက်တွင် ဒီကေဘီအေ တပ်ဖွဲ့များအား ထိန်းချုပ်ခွင့်ပေးမည်ဟု ၂၀၀၆ ခုနှစ် အစောပိုင်းတွင် အကြောင်းကြားခဲ့ပါသည်။

ဒီကေဘီအေတပ်ဖွဲ့များသည် ကရင်လူထုအပေါ် အလွဲသုံးစားမှုများ ပြုလုပ်နေသော်လည်း ဩဂုတ်လ ၂၀၀၆ ခုနှစ် ဖားအံခရိုင် လှိုင်းဘွဲမြို့တွင် နအဖ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီကေဘီအေ ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ဒီကေဘီအေ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုကို ထုတ်ဖော်ချီးကျူးခဲ့ပါသည်။ အတွင်းရေးမှူး(၁)၏ ပြောဆိုချီးကျူးချက်တွင် "ဒီကေဘီအေသည် ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများကို တည်ဆောက်နိုင်ခြင်း၊ ဖားအံခရိုင်တွင် လမ်းများတိုးချဲ့ဖောက်လုပ်နိုင်ခြင်းနှင့် မြိုင်ကြီးငူ-မဲသဝေါကားလမ်းအကြမ်းကို ဖောက်လုပ်နိုင်ခဲ့ခြင်း စသည်တို့ ပါဝင်ပါသည်။"[၁၂၇] ဒီကေဘီအေ တပ်ဖွဲ့များသည် နအဖ တပ်ဖွဲ့များနည်းတူ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကြောင်းပြပြီး ရွာသားများအပေါ် ကန့်သတ်ပိတ်ပင်ခြင်းနှင့် အလွဲသုံးစားမှု ကျူးလွန်ခြင်း၊ ဒေသခံကရင်ရွာသားများကို ၎င်းတို့လက်အောက်ရောက်ရှိရန် သိမ်းသွင်းပြီးရွာသားများအပေါ် လုပ်အား၊ စားနပ်ရိက္ခာ၊ ငွေကြေးနှင့် အခြားသောအထောက်အပံ့ပစ္စည်းများကို အမြတ်ထုတ် အနိုင်ကျင့်ခြင်းတို့ကို ပြုလုပ်လျှက်ရှိပါသည်။ အထက်ပါကဲ့သို့ ပြည်သူများအပေါ် အနိုင်ကျင့်အမြတ် ထုတ်ခြင်းသည် ဒီကေဘီအေ၏ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် တစ်စိတ်တစ်ဒေသအဖြစ် အကျိုးရှိစေရန်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဒီကေဘီအေ ခေါင်းဆောင်တစ်ဦးသည် ရွာသားများထံမှ ဝါးများ သို့မဟုတ် သက်ငယ်များစွာကို တောင်းခံပြီး အမြတ်ရရှိရန် ပြန်လည်ရောင်းချပါသည်။ သို့မဟုတ် ရွာသားများကို ရာဘာနှင့် အခြားသီးနှံများကို အဓမ္မစိုက်ပျိုးစေပါသည်။

> တံဆိပ်-ဒီကေဘီအေ
> နေ့စွဲ---၁၃-၁၂-၂၀၀၆
> ခ---ကျေးရွာ
>
> ကျေးရွာလူကြီးမင်းခင်ဗျား
>
> လူကြီးမင်းသိစေရန် အကြောင်းကြားအပ်ပါသည်။ လာမည့် ၂၀၀၆ ခုနှစ်တွင် ဒီကေဘီအေ မိသားစုများသည် ၎င်းတို့နေထိုင်ရာအိမ်များ အမိုး မိုးရန်အတွက် သက်ငယ်များလို အပ်မည်ဖြစ်

[၁၂၆] See *Villagers displaced as SPDC offensive expands into Papun District* (KAREN HUMAN RIGHTS GROUP#2006-B4, May 2006)

[၁၂၇] "DKBA called on to focus on agriculture," *The Myanmar Times*, August 28th - September 3rd 2006. Accessed at http://www.myanmar.com/myanmartimes/MyanmarTimes17-331/n009.htm on March 2nd 2007.

သောကြောင့် အိမ်တစ်အိမ်လျှင်သက်ငယ် ၅၀ ပျစ်ပြုလုပ်ပြီး ဖာပွန်မြို့ပေါ်သို့ ၃၀-၁-၂၀၀၆ ရက်နေ့ နောက်ဆုံးထားပြီးပေးပို့ရပါမည်။

ထိုးမြဲလက်မှတ်
၁၃-၁-၀၆
ဗိုလ်မှူးလှအောင်
ဒုတပ်ရင်းမှူး
ကဆော၀ါးတပ်ရင်း



**ဖာပွန်ခရိုင်တောင်ပိုင်း ဒွဲလိုမြို့နယ် ၀ါသိုးကလားကျေးရွာမှ ရွာသားများသည် အိမ်ခေါင်မိုး အမိုးပြုလုပ်ရန်အတွက် သက်ငယ်အပျစ် ၃၀၀၀ ကို ပြုလုပ်စုဆောင်းပြီး အ တင်းအဓမ္မ တောင်းခံငွေ ၁၀၀၀၀၀ ကျပ်နှင့်အတူ ဒီကေဘီအေ ကဆော၀ါးတပ်ရင်းမှူး တူးလူးထံ ဇန်န၀ါရီလ ၂၀ရက်၂၀၀၆ ခုနှစ်တွင် သွားရောက်ပို့ဆောင်နေပုံ ဖြစ်ပါသည်။ ကူးလူး၏ ပြောဆိုချက်အရ ၄င်းတောင်းခံသောငွေသည် ၄င်းတို့ စစ်စခန်းတွင် အသုံးပြုရန်အတွက် ထိုင်ခုံ၀ယ်ယူရန်ဖြစ်ပြီး သက်ငယ်များမှာမူ ၄င်းတို့၏စခန်း ခေါင်မိုး မိုးရန်အတွက်ဖြစ်ပါသည်။ သို့သော် ၄င်းတောင်းခံသော သက်ငယ်အရည်အတွက်သည် စခန်းခေါင်းမိုးပြုလုပ်ရန်ထက်ပိုမိုများပြားသောကြောင့် ကျန်ရှိသောသက်ငယ်များကို ကိုယ်ပိုင်အကျိုးအမြတ်ရရှိရန်အတွက် ရောင်းချနိုင်မည်ဖြစ်ပါသည်။ (ဓာတ်ပုံ- ကရင်လူ့အခွင့်အရေးအဖွဲ့ )**



*"ဒီကေဘီအေ တပ်မ ၇၇၇ မှ ကဆောဝါးတပ်ရင်းသည် ကယ်ဒေါကျေးရွာမှ ရွာသားများကို ၎င်းတို့၏ ရာဘာစိုက်ခင်းများတွင် ပေါင်းရှင်းရန် အတင်းအကျပ် စေခိုင်းခဲ့ပါသည်။ ရွာသားများကို တစ်နှစ် ၂ ကြိမ် ပေါင်းရှင်းရန်စေခိုင်းပါသည်။ တစ်ကြိမ်ရှင်းလင်းလျှင် ၃ရက်ကြာပါသည်။ ဒီကေဘီအေတပ်ဖွဲ့သည် ရွာသား များကို ၎င်းတို့ နေထိုင်ရန် အိမ် ၃လုံးကိုလည်း ဆောက်လုပ်စေခဲ့ပါသည်။ ရွာသားများကို အထက်ပါအတိုင်း စေခိုင်းသော်လည်းမည်သည့်ပစ္စည်းကိရိယာမှမပေးပါ။ ရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သောဆောက်လုပ်ရေး ပစ္စည်းများကိုယူဆောင်ရသည်သာမက ဒီကေဘီအေအဖွဲ့သည် ရွာသားများအား အိမ်တိုင် ၆၀ လုံး၊ သက်ငယ် ၁၅၀၀ ပျစ်နှင့် နှီးများကို ယူဆောင်လာရန် တောင်းခံခဲ့ပါသည်။"*

**စော --- (ကျား၊ ၄၅)၊ ---ရွာ၊ ဖာပွန်ခရိုင် (မတ်လ ၂၀၀၆)**

ဒီကေဘီအေအဖွဲ့သည် ကရင်ပြည်နယ် ၎င်းတို့ ထိန်းချုပ်နယ်မြေတစ်လျှောက်တွင် အကောက်ခွန်ဂိတ်များ ဖွင့်လှစ်ပြီးဖြတ်သန်းသွားလာသော ကုန်သည်နှင့် ခရီးသွားများထံ မှ ငွေကြေးကောက်ခံပါသည်။ မြဝတီ-ဖားအံသွား ကားလမ်းပေါ်တွင် ဒီကေဘီအေသည် နအဖ၏ ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။ ဒီကေဘီအေပိုင် ကားများကို စီးနင်းသောသူများသည် ဒီကေဘီအေစစ်ဆေးရေးဂိတ်များတွင် ငွေကြေးပေးဆောင် ရန်မလိုပါ။ သို့သော် ကုန်စည်များသယ်ဆောင်ပါကမူ အခွန်ငွေ ပေးဆောင်ရပါသည်။ ပြည်သူများထံမှ မတရား ကောက်ခံသောငွေကြေးဖြင့် ဒီကေဘီအေတပ်ဖွဲ့သည် အင်အားတိုးချဲ့ရန်လုပ်ဆောင်ပါသည်။ ဤကဲ့သို့ လုပ် ဆောင် ခြင်းကို ဒီကေဘီအေနှင့် နအဖများက ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်းဟု အကြောင်းပြပါသည်။

*"ဒီကေဘီအေ တပ်ခွဲမှူးတီးပုအောင်သည် ရွာသားများကို လှေဆိပ်တွင် ၎င်းတို့အတွက် အခွန်ငွေ ကောက်ခံ စေပါသည်။ ရွာသားများတစ်ရက်လျှင် တစ် ယောက်ကျစီ လှေဆိပ်သို့လာရောက်ပြီး အခွန်ငွေကောက်ခံပေး ရပါသည်။ မြစ်အတွင်း သွားလာသောလှေများသည် အခွန်ငွေပေးဆောင်ရပါသည်။ ကုန် ပစ္စည်း မပါဝင်သော လှေအလွတ်တစ်စီးလျှင် ငွေ ၂၀၀ကျပ် ပေးဆောင်ရပြီး ကုန်ပစ္စည်းပါဝင်သော လှေတစ်စီးလျှင် ငွေ ၁၀၀၀ကျပ် ပေးဆောင်ရပါသည်။ ရွာသားများကို နေ့စဉ်လာရောက်ပြီး အခွန်ကောက်ခံပေးရန် ဒီကေဘီအေမှ တောင်း ဆိုပါသည်။"*

**-စော ---(ကျား၊ ၄၄)၊ ---ရွာ၊ သထုံခရိုင် (ဇန်နဝါရီ ၂၀၀၆)**

***"ကျွန်မတို့ရွာနှင့် အနီးကပ်ဆုံး ဒီကေဘီအေ စစ်စခန်းသည် ကြာအင်းတွင် တည်ရှိပါသည်။ ကျွန်မတို့ရွာမှ ကြာအင်းသို့သွားရန် တစ်နာရီခွဲခန့် ကြာမြင့်ပါသည်။ ကြာအင်းတွင်ရှိသော ဒီကေဘီအေ စစ်သားများမှာ ဗိုလ်ကြီးတကီး ခေါင်းဆောင်သော ဒီကေဘီအေ အထူးတပ်ရင်း အမှတ် ၉၀၇ မှ ဖြစ်ပါသည်။ ၎င်း ဒီကေဘီအေစစ်သားများသည် ဂိတ်များတွင် အစောင့်အဖြစ် တာဝန်ထမ်းဆောင်ပြီး ဖြတ်သန်းသွားသော ကားများကို အခွန်ငွေကောက်ခံပါသည်။ ကားတစ်စင်းကို ငွေ ၃၀၀၀ကျပ် တောင်းခံပြီး လှည်းတစ်စင်းကို ငွေ ၂၀၀ကျပ် ကောက်ခံပါသည်။"***

**-နော် ---(မ၊၃၄)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၅)**

***"ကျွန်တော်တို့သည် မုဒုံမြို့တွင်သွားရောက်ပြီး ကုန်ပစ္စည်းများဝယ်ယူရပါသည်။ လမ်းခရီးတွင်နအဖ စစ်ဆေးရေးဂိတ်၄ ဂိတ်၊ ဒီကေဘီအေစစ်ဆေးရေးဂိတ် ၁ဂိတ်နှင့် ကေပီအက်(ဖ)ဂိတ် ၁ဂိတ်ရှိပါသည်။ မုဒုံမှ ကျွန်တော်တို့ရွာသို့ ကုန်ပစ္စည်းသယ်ဆောင်ရာတွင် ဂိတ်ကြေးငွေ ၁၅၀၀၀ ကျပ် ပေးဆောင်ရပါ သည်။ သစ်၊ ရာဘာနှင့် မီးသွေး တင်ဆောင်သော ကားကြီးများသည် ဂိတ်ကြေး အနည်းဆုံး ၅၀၀၀၀ ကျပ် ပေးဆောင်ရပါသည်။"***

**-စော ---(ကျား၊ ၅၈)၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဇန်နဝါရီ ၂၀၀၆)**

ဒီကေဘီအေသည် နအဖနည်းတူ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကိုလည်း လုပ်ဆောင်လျှက်ရှိပါသည်။ အချို့ဒေသများတွင် ဒီကေဘီအေသည် နအဖ ထောက်ပံ့ငွေဖြင့် လမ်းသစ်များဖောက်လုပ်သည့်လုပ်ငန်း ဆောင်ရွက်ရသော်လည်း လမ်းသစ်များဖောက်လုပ်ရာ တွင် ရွာသားများ ၏ လုပ်အားကို အဓမ္မတောင်းခံပြီး ဖောက်လုပ်ပါသည်။ ဤကဲ့သို့ ဒီကေဘီအေမှ ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို နအဖမှ နိုင်ငံတော်ပိုင်မီဒီယာများတွင် ဖော်ပြပေးခြင်းဖြင့် ဒီကေဘီအေကို ထောက်ခံအားပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာ တိုင်းပြည်ဖြစ်သောကြောင့် ပြည်သူလူထုအများအပြား၏ ထောက်ခံမှုရရှိရန် စစ်အစိုးရသည် နိုင်ငံပိုင် မီဒီယာများတွင် ဒီကေဘီအေ၏ စေတီပုထိုးတည်ဆောက်ရေးလုပ်ငန်းများကို တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ထည့်သွင်းဖော်ပြအမြတ်ထုတ်လေ့ရှိပါသည်။

ဒီကေဘီအေ အရာရှိများသည် တစ်ယောက်လျှင် အနည်းဆုံးစေတီတစ်ဆူတည်ထားရန် စေတီပုထိုးတည်ထားကိုးကွယ်ရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းထားပါသည်။ စေတီများတည်ထားရာတွင် ပြည်သူများကို အတင်းအဓမ္မလုပ်အားပေးစေခိုင်းပြီး ပြည်သူများထံမှ လိုအပ်သော ပစ္စည်း၊ ပစ္စယများကိုလည်း အတင်းအကျပ် တောင်းခံပါသည်။ ဒီကေဘီအေမှ စေတီပုထိုးတည်ထားရန် စေခိုင်းခံရသူအများစုမှာ ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးများဖြစ်ပါသည်။ စေတီပုထိုးတည်ထားရာတွင် အတင်းအကျပ်စေခိုင်းသည့်သဘောသဘာဝရှိသည့်အတိုင်း အချို့သောဒီကေဘီအေအရာရှိများသည် ခရစ်ယာန်ဘာသာဝင်များကိုပါ စေတီပုထိုးအတင်းအကျပ်တည်ဆောက်စေပါသည်။ ကရင်လူထုများအတွက် စေတီပုထိုး တည်ဆောက်ရေးသည် ခရစ်ယာန်ဘာသာကျင့်ဝတ်နှင့် မကိုက်ညီပါ။ အားလုံးကို ခြုံငုံကြည့်သော် ဒီကေဘီအေသည် ရွာသားများကို စေတီပုထိုးတည်ထားရေးလုပ်ငန်းများ စေခိုင်းခြင်းဖြင့် ရွာသားများ၏ အသိအမှတ်ပြုမှုကို မရရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အတင်းအဓမ္မစေခိုင်းခြင်းသည်

လည်း ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်လျှက်ရှိပါသည်။စေတီပုထိုးများကို တောင်ထိပ်များတွင် တည်ထားလေ့ရှိသောကြောင့် ဒီကေဘီအေသည် စေတီဆောက်လုပ်ရေးပစ္စည်းများ တောင်ထိပ်သို့ သယ်ယူ ရန် ရွာသားများကို အတင်းအဓမ္မ စေခိုင်းလေ့ရှိပါသည်။

***"ကျွန်တော်တို့ကြုံတွေ့ရသောအခြားအခက်အခဲတစ်ခုမှာ ဒီကေဘီအေ၉၉၉ တပ်ရင်းမှ အမှတ်(၄) တပ်ခွဲမှူး ဖားနှီးနှင့် ဒုတပ်ခွဲမှူးတိုးဟဲတို့သည် ဘုန်းတော်ကြီးတောင်လုံးကျော်ကို ကျွန်တော်တို့ရွာရှိ ဘုရားရှိခိုး ကျောင်း အငှေ့ရှတည့်တည့်တွင် စေတီတစ်ဆူတည်ထားကိုးကွယ်ရန် အားပေးအားမြောက် ပြုလုပ်ခဲ့ပါသည်။"***

**-စော ---(ကျား၊ ၃၂)၊ ---ရွာ၊ ဖားအံခရိုင် (နိုဝင်ဘာ ၂၀၀၅)**

***" ဒီကေဘီအေသည် စေတီတစ်ဆူ တည်ထားရန်အတွက် ရွာသားများကို သဲများ အတင်းအကျပ် သယ်ယူ စေပါသည်။ တစ်အိမ်ထောင်လျှင် တစ်ယောက်ကျစီ သဲများ သယ်ဆောင်ပေးရပါသည်။ ကျွန်တော် တို့သည် သဲများကို မဲကြီးသို့ သယ်ယူပို့ဆောင်ပေးရပါသည်။ ရွာတိုင်း ဒီကေဘီအေအတွက် သဲများသယ်ပို့ ပေးရပါ သည်။ ဤကဲ့သို့ လုပ်ဆောင်ရန် ဒီကေဘီအေခေါင်းဆောင်း လေးထူးနှင့် စာချာတို့မှ စေခိုင်းခဲ့ခြင်းဖြစ်ပါသည်။ လူတစ်ဦးလျှင် မနက် ၃ခေါက်၊ ညနေ ၃ခေါက် သယ်ယူပေးရမည်ဟု ဒီကေဘီအေမှပြောခဲ့ပါသည်။ ကျွန်တော်တို့သည် တောင်ခြေမှ တောင်ထိပ်သို့ သဲများကို သယ်ပို့ပေးရပါသည်။"***

**-ဦး ---(ကျား၊ ၄၈)၊ ရွာသူကြီး၊ ---ရွာ၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

နအဖ စစ်အစိုးရသည် ကရင်ပြည်နယ်တွင် ဒီကေဘီအေကို အမှီပြုပြီး ပြည်သူများအပေါ် ဖိနှိပ်မှုကို ထိရောက် စွာပြုလုပ်နိုင်ပါသည်။ ဒီကေဘီအေ နအဖ စစ်အစိုးရ၏ ပြည်သူ အပေါ် ထိန်းချုပ်မှုစနစ်အတိုင်း ကျင့်သုံးပြီး ပြည်သူများအပေါ် အကြမ်းဖက်ခြိမ်းခြောက်၍ အခွန်ငွေများကောက်ခံခြင်း၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်း ခြင်းနှင့်သွားလာခွင့်များကို ကန့်သတ်ပိတ်ပင်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။ ဤသို့ဖြင့် စစ်အစိုးရသည် ၎င်း၏တပ်များကို အခြားနေရာဒေသများသို့ စေလွှတ်နိုင်သည်သာမက ကရင်လက် နက်ကိုင်အဖွဲ့ကို ကရင်ရွာ သားများအား ဖိနှိပ်စေခြင်းဖြင့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကိုပါ ကျင့်သုံးနိုင်ပါသည်။ ထို့အပြင် စစ်အစိုး ရသည် ၎င်းတို့၏ လက်အောက်ခံဖြစ်သော ဒီကေဘီအေတပ်ဖွဲ့သည် ကရင်ပြည်နယ် ကျေးလက်ဒေသများဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေကြောင်း ထုတ်ဖော်ပြောဆိုနိုင်ပါသည်။ သို့သော် ဒီကေဘီအေ ထိန်း ချုပ်မှုအောက်တွင် နေထိုင်ရသော ရွာသားများမှာမူ အထက်ပါအချက်ကို ငြင်းဆိုလေ့ရှိပါသည်။ ဒီကေဘီ အေ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုကို အလွဲသုံးစားပြုလုပ်မှုများပါဝင်သည် သာမက ဒီကေဘီ အေသည် ခြိမ်းခြောက်အကြမ်းဖက်မှုများဖြင့် ရွာသားများကို ထိန်းချုပ်သောစနစ်ကိုပါအသုံးပြုပါသည်။ ဤနည်းဖြင့် ရွာသား များသည် အလွဲသုံးစားမှုများကို တွန်းလှန်နိုင်ခြင်းမရှိသကဲ့သို့ ၎င်းတို့၏ လူ့အခွင့်အရေးရပိုင် ခွင့်များကိုလည်း တောင်းဆိုနိုင်ခွင့် မရရှိပါ။

***"ဒီကေဘီအေတပ်ဖွဲ့များ ရွာသို့ ဝင်ရောက်လာသည့်အခါ ကျွန်မတို့ ရွာသားများသည် ကြောက်ရွံ့ကြပါ သည်။ ကျွန်မတို့နှင့် ရင်းနှီးသောစစ်သားများပါရှိပါက သိပ်မကြောက်ရွံ့ကြသော်လည်း ကျွန်မတို့နှင့် ရင်းနှီးသောစစ်သားများ မဟုတ်ပါက ကြောက်ရွံ့ကြရပါသည်။"***

**-နော် ---(မ၊ ၅၀)၊ ---ရွာ၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

***"ဒီကေဘီအေ စစ်သားများသည် နအဖ စစ်သားများထက် ပိုမိုဆိုးရွားပါသည်။ နအဖ စစ်သားများ ကျွန်မတို့ထံမှ ဝက်သား (သို့) ကြက်သား ၁ပိဿာ တောင်းခံ၍ ကျွန်မတို့မှ ၅၀ကျပ်သားသာ ပေးဆောင်နိုင်ပါက ပြဿနာမရှိပါ။ သို့သော် ဒီကေဘီအေ စစ်သားများသည် ၁ ပိဿာ တောင်းခံ၍ ကျွန်မတို့မှ ၁ ပိဿာ မပေးဆောင်နိုင်ပါက ၎င်းတို့သည် အလွန်ပင်စိတ်ဆိုးဒေါသထွက်ကြပါသည်။ ကျွန်မအတွေ့အကြုံအရ ရွာသားများနှင့်ရွာသူကြီးများသည် ဒီကေဘီအေစစ်သားများကို နအဖ စစ်သားများထက် ပိုမိုကြောက်ရွံ့ကြပါသည်။"***

**-နော် ---(မ၊ ၄၅)၊ ကျေးရွာ အတွင်းရေးမှူး ---ကျေးရွာ၊ သထုံခရိုင် (ဖေဖော်ဝါရီ ၂၀၀၆)**

## ၄။ နိုင်ငံတကာ တရားဥပဒေများ

နအဖ အစိုးရ၏ တိုင်းပြည်ဖွံ့ ဖြိုးတိုးတက်ရေး မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပါဝင်သော စစ်တပ်၏ အလွဲသုံးစားမှုများနှင့် ဖွံ့ ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်သောပြည်သူလူထုများအပေါ် ထိန်းချုပ်မှုနှင့် ကန့်သတ်ပိတ်ပင်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို ချိုးဖောက်ရာကျပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများဟု ဆိုရာတွင် ၁၉၆၆ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သဘောတူစာချုပ်နှင့် ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးသဘောတူစာချုပ်များကို ဆိုလိုပါသည်။ ယနေ့ထိတိုင် မြန်မာနိုင်ငံသည် အထက်ပါ သဘောတူညီချက်စာချုပ်များကို အသိအမှတ်ပြု လက်ခံ သဘောတူလက်မှတ်ရေးထိုးထားခြင်း မရှိပါ။ သို့သော်ငြားလည်း စစ်အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်သော စစ်တပ်၏ ပြည်သူအပေါ် အလွဲသုံးစားမှုများသည် နိုင်ငံတကာမှ တရားဝင် ချုပ်ဆိုထားသော စာချုပ်များတွင် ပါဝင်သော သဘောတူညီချက်များနှင့် အကျုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် တိုင်းပြည်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာ ဥပဒေများသည်လည်း လူအများမှ သဘောတူညီထားသော ဥပဒေများဖြစ်သောကြောင့် နိုင်ငံအစိုးရများအနေဖြင့် သဘောတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ အထက်ပါ ဥပဒေများကို လိုက်နာရန် လိုအပ်ပါသည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် တိုင်းနိုင်ငံတစ်ခုအနေဖြင့် သဘောတူလက်ခံရမည့် သဘောတူစာချုပ်များကို ဖော်ပြထားပါသည်။ ၎င်းတို့မှာ ၁၉၃၂ ခုနှစ် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် စာချုပ်အမှတ် ၂၉ တွင်ပါဝင်သော အတင်းအဓမ္မစေခိုင်းမှုနှင့် မပျက်မကွက်လုပ်ဆောင်စေမှုဆိုင်ရာ သဘောတူညီချက်၊ ၁၉၈၉ ခုနှစ်တွင် သဘောတူချုပ်ဆိုသော ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် ၁၉၈၁ ခုနှစ်တွင် သဘောတူချုပ်ဆိုသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထား ခြင်း ပပျောက်ရေးစာချုပ်တို့ ဖြစ်ပါသည်။

### ၁၉၃၂ ခုနှစ်တွင်ချုပ်ဆိုသောအတင်းအဓမ္မစေခိုင်းမှုဆိုင်ရာ သဘောတူညီစာချုပ် (ILO စာချုပ်အမှတ် ၂၉)

မြန်မာနိုင်ငံသည် ၁၉၅၅ ခုနှစ်တွင် အတင်းအဓမ္မစေခိုင်းမှုနှင့် မပျက်မကွက်လုပ်ဆောင်စေမှု သဘောတူညီချက်စာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးထားသောကြောင့် ၎င်းစာချုပ်တွင်ပါဝင်သောအချက်များကို လိုက်နာ

ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အထက်ပါစာချုပ်သည် အတင်းအဓမ္မစေခိုင်းမှုများကို လုံးဝပိတ်ပင်တားမြစ်ထားခြင်း မဟုတ်သော်လည်း အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများကို မည်ကဲ့သို့ ပြုလုပ်ရမည်ကို ဤစာချုပ်တွင် အတိအကျဖော်ပြထားပါသည်။ ဤစာချုပ်တွင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ "တစ်စုံတစ်ယောက်သည် ၄င်း၏ သဘောထားဆန္ဒ မပါရှိသော်လည်း ၄င်းအား တစ်စုံတစ်ရာ အပြစ်ပေးမည်ဟု ခြိမ်းခြောက်ခြင်းမပြုဘဲ လုပ်အားပေးစေခိုင်းမှု"ကို အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ (အပိုဒ် ၁) နအဖ စစ်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်စိတ်တစ်ဒေသအဖြစ် အသုံးပြုသော အတင်းအဓမ္မ စေခိုင်းမှုများသည် ဤစာချုပ်ပါ အပိုဒ်ခွဲများစွာကို ချိုးဖောက်ကျူးလွန်ခြင်းဖြစ်ပါသည်။ သို့သော် ဤအစီရင်ခံစာတွင် နအဖ စစ်အစိုးရ၏ အတင်းအဓမ္မစေခိုင်းမှုများနှင့် အဓိကငြိစွန်းသော အပိုဒ် ၄၊ ၁၁ နှင့် ၁၉ များကိုသာ အဓိကထားသင်ပြထားပါသည်။

ဤစာချုပ်ပါ အပိုဒ်ခွဲ ၄ ၊၁အရ "လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ စီးပွားရေးကုမ္ပဏီများ၊ အဖွဲ့အစည်းများ စသည်တို့အတွက် အကျိုး အမြတ်ရရှိစေမည့် အတင်းအဓမ္မ သို့မဟုတ် မပျက်မကွက်လုပ်အားပေးလုပ်ဆောင်ရန် စေခိုင်းမှုများကိုခွင့်ပြုခြင်းမပြုရပါ။" စစ်အစိုးရသည် ပြည်သူများကို မက်(စ)မြန်မာ ကုမ္ပဏီပိုင်ဆိုင်သော သထုံခရိုင်ရှိ ရာဘာခြံများတွင် အလုပ်လုပ်ကိုင်စေခြင်းဖြင့် ဤစာချုပ်ပါ အပိုဒ်ခွဲ ၄၊၁ ကို အမြဲပုံမှန်ချိုးဖောက်နေခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် အစိုးရ အဖွဲ့အစည်းမဟုတ်သော ဒီကေဘီအေ အဖွဲ့အစည်းကို နအဖစစ်အစိုးရ၏ လမ်းညွှန်မှုဖြင့် ပြည်သူများအပေါ် အတင်းအဓမ္မစေခိုင်းမှု ပြုလုပ်စေခြင်းသည် ဤအပိုဒ်ခွဲတွင်ပါရှိ သောအချက်ကို ချိုးဖောက်ခြင်းပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအစိုးရသည် ပြည်သူများအပေါ် အတင်းအဓမ္မစေခိုင်းမှုကို အကာအကွယ်ပေးရမည် ဖြစ်ပါသည်။ အပိုဒ် ၁၁၊၁ တွင် " အသက် ၁၈ နှစ်အထက်နှင့် ၄၅နှစ်အောက်ရှိ ကျန်းမာသန်စွမ်းသော ယောကျ်ားလေးများကိုသာ အတင်းအဓမ္မလုပ်အားပေး (သို့) မပျက်မ ကွက်လုပ်ဆောင်ရန် စေခိုင်းမှုများကိုခေါ်ယူစေခိုင်းရမည်"ဟု ဖော်ပြထားပါသည်။ နအဖ စစ်အစိုးရသည် ကရင်ပြည်နယ်တစ်လွှား ၄င်းတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းဖြင့် အထက်ပါအပိုဒ်ခွဲကို ချိုးဖောက်လျက်ရှိပါသည်။ နောက်ဆုံးအနေ ဖြင့် အပိုဒ်ခွဲ ၁၉၊၁ တွင် "လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များသည် စားနပ်ရိက္ခာရှားပါးမှုကို ကာကွယ်ရန် သို့မဟုတ် စားနပ်ရိက္ခာ မလုံလောက်မှုကို ကာကွယ်ရန်အတွက်သာ ပြည်သူများကို ၄င်းတို့ စိုက်ပျိုးစေလိုသော သီးနှံများကို မပျက်မကွက်စိုက်ပျိုးရန် စေခိုင်းနိုင်ပါသည်။ ထိုသို့ စေခိုင်းရာတွင်လည်း ၄င်းသီးနှံများသည် စိုက်ပျိုးသောပြည်သူများသာ ပိုင်ဆိုင်ခွင့်ရှိရပါမည်" ဟူ၍ ပါရှိပါသည်။ နအဖ စစ်အစိုးရသည် ဤအပိုဒ်ခွဲတွင်ပါဝင်သော အချက်နှင့် ဆန့်ကျင်စွာ ပြည်သူများကို စစ်တပ်ပိုင်(သို့) စီးပွား ရေးလုပ်ငန်းရှင်များ ပိုင်ဆိုင်သော စိုက်ခင်းများတွင် အတင်းအဓမ္မစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်စေပါသည်။

အတင်းအဓမ္မစေခိုင်းမှုဆိုင်ရာ သဘောတူညီချက်ကို လက်ခံလက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ နအဖ စစ်အစိုးရသည် ဤစာချုပ်ကို အပိုဒ် (၂၅)အရ "စာချုပ်ပါအချက်များကို ချိုးဖောက်သော

အစိုးရသည် အပြစ်ပေးခြင်းခံရမည်” ဟူသော သဘောတူညီချက်ကို ချိုးဖောက်သောကြောင့် တရားစွဲဆိုခံသင့်ပေးသည်။ သို့ သော် ယနေ့ ဤအချိန်အထိ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုနှင့် ပတ်သက်၍ နအဖ စစ်အစိုးရသည် တရားစွဲဆိုခြင်း ခံရခြင်းမရှိသကဲ့သို့ စစ်အရာရှိများကိုလည်း အဓမ္မစေခိုင်းမှုနှင့် ပတ်သက်၍ လုံး၀ စုံစမ်းမေးမြန်းခံရခြင်း မရှိပါ။ ပြည်သူအချို့တို့သည် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုနှင့် ပတ်သက်၍ ဒေသခံအစိုးရအာဏာပိုင် အချို့ကို တရားစွဲဆိုနိုင်ခဲ့ခြင်းရှိသော်လည်း နအဖ အစိုးရသည် စစ်တပ်အရာရှိများကို တရားစွဲဆိုခြင်းပြုရန် ခွင့်ပြုခဲ့ခြင်းမရှိပေ။

## ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

ဇူလိုင် ၁၉၉၁ ခုနှစ် (၁၉၈၉ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ စာချုပ်မူကြမ်းရေးဆွဲပြီး ၂ နှစ်အကြာ) နိုင်ငံတကာမှလည်း ဤစာချုပ်ကို ထောက်ခံအားပေးမှု များပြားလာသောအချိန်တွင် မြန်မာစစ်အစိုးရ န၀တ သည်လည်း စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သောကြောင့် စာချုပ်ပါ အချက်အလက်များကို လိုက်နာရန် လိုအပ်လာပါသည်။ ကလေးသူငယ်များ၏ လိုအပ်ချက်များဖြစ်သော “ဘ၀လုံခြုံရေးနှင့်စောင့်ရှောက်ရေးအပြင် တရားဥပဒေအရ အကာအကွယ်ပေးရေး” စသည်တို့ကို အသိအမှတ် ပြုပြီး ဤသဘောတူညီချက်စာချုပ်တွင် ကလေးသူငယ်များ အခွင့်အရေးနှင့်ပတ်သက်၍ အပိုဒ် ၅၄ ပိုဒ်ကို ရေးသားပြဋ္ဌာန်းထားပါသည်။ စစ်အစိုးရသည် အထက်စာချုပ်ပါ သဘောတူညီချက် အများအပြားကို ချိုးဖောက်လျက်ရှိသော်လည်း နအဖ စစ်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပါ၀င်သော အလွဲသုံးစားပြုမှုများသည် စာချုပ်ပါ အပိုဒ် ၂ ပိုဒ်နှင့် အဓိကငြိစွန်းပါသည်။ အထက်ပါစာချုပ် အပိုဒ်ခွဲ ၂၄၊၁ တွင် “စာချုပ်ပါ အဖွဲ့၀င် အစိုးရများသည် ကလေးသူငယ် အခွင့်အရေးဖြစ်သော ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးကုသခံယူမှုနှင့် ပြန်လည်ထူထောင်ရေးအတွက် စောင့်ရှောက်မှုများကို ကလေးသူငယ်များမှ ရရှိသင့်သော အမြင့်ဆုံးအဆင့်အထိ ရရှိရမည်ဟု အထက်ပါ ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိရန် ကြိုးစားလုပ်ဆောင်ရပေမည်”။ နအဖ စစ်အစိုးရသည် ပြည်သူများ ပိုင်ဆိုင်သော ဆေး၀ါးပစ္စည်းများကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်းနှင့် နအဖ စစ်အစိုးရမှ ဖွင့်လှစ်ပေးခြင်းမဟုတ်သော ဆေးပေးခန်းများကို ဖျက်ဆီးခြင်းနှင့် တည်ဆောက်ခွင့်ပိတ်ပင်ခြင်း စသည်တို့ကို လုပ်ဆောင်လျှက်ရှိသောကြောင့် “ ကလေးသူငယ်များ အမြင့်ဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်” ဟူသောအချက်ကို တားဆီးပိတ်ပင်သကဲ့သို့ဖြစ်ပါသည်။ ထို့အပြင် စစ်အစိုးရသည် ကျောင်းသုံးပစ္စည်းများကို သိမ်းယူခြင်း၊ ကျောင်းများတိုးချဲ့ဆောက်လုပ်ခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်း၊ စာသင်ကျောင်း အဆောက်အအုံများကို စစ်တပ်အတွက် အသုံးပြုခြင်း စသည်တို့ ကို ပြုလုပ်လျက်ရှိသောကြောင့် “ပညာရေးနှင့်ပတ်သက်၍ ရပိုင်ခွင့်များ”ကို ချိုးဖောက်ရာကျပါသည်။ ဤစာချုပ်ပါ အပိုဒ်ခွဲ ၂၈၊၁ တွင် ကလေးသူငယ်များသည် မူလတန်း ပညာရေးကို “မပျက်မကွက်သင်ယူရပြီး အခမဲ့သင်ယူခွင့်ရှိရမည်” ဟု ပြဋ္ဌာန်းထားပါသည်။

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားခြင်း ပပျောက်ရေးစာချုပ် (CEDAW)

**အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားခြင်း ပပျောက်ရေးစာချုပ်သည် ၁၉၈၁ ခုနှစ်တွင် စတင် အာဏာသက်ရောက်လာပါသည်။ စာချုပ်ကို သဘောတူ ညီလက်မှတ်ရေးထိုးထားသော နိုင်ငံများအသီးသီးသည် ၎င်းတို့ သက်ဆိုင်ရာနိုင်ငံများတွင် အမျိုးသမီးများ တန်းတူအခွင့်အရေး မရရှိမှုပပျောက်ရန် လုပ် ဆောင်ရမည်ဟု သဘောတူ လက်မှတ်ရေးထိုးထားပါသည်။ မြန်မာနိုင်ငံ အစိုးရသည်လည်း ၁၉၉၇ ခုနှစ်တွင် ဤစာချုပ်ပါအချက်များကို သဘောတူလက်မှတ်ရေးထိုးခဲ့သောကြောင့် အဆိုပါ စာချုပ်တွင်ပါဝင်သော အချက်များကိုလိုက်နာရန် လိုအပ်လာပါသည်။**

ဤစာချုပ်ပါ နိဒါန်းတွင် "ဆင်းရဲကျပ်တည်းမှု ရင်ဆိုင်ရချိန်တွင် အမျိုးသမီးများသည် စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများကို အနည်းဆုံးရရှိသူများ ဖြစ်ကြသည်" ဟု ဖော်ပြပါရှိပါသည်။ ထို့ကြောင့် တိုင်းပြည်ဖွံ့ ဖြိုးရေးကိုအကြောင်းပြပြီး နအဖ စစ်တပ်သည် ပြည်သူများအပေါ် အလွဲသုံးစားမှုများနှင့် ကန့်သတ်ပိတ်ပင်မှုများကို ပြုလုပ်သောကြောင့် ပြည်သူများ ဆင်းရဲကျပ်တည်းကြရပြီး စားဝတ်နေရေးအတွက် ထိုခိုက်နစ်နာစေသောကြောင့် အမျိုးသမီးအများစုကို ထိခိုက် နစ်နာစေပါသည်။ အဆိုပါ မညီမျှမှုများကို ထိန်းညှိနိုင်ရန် ဥပမာအားဖြင့် စစ်တပ်သည် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု မရရှိနိုင်ရန်၊ ဆေးဝါးများလက်ဝယ်ပိုင်ဆိုင်ထားမှုမရှိရန်နှင့် လွတ်လပ်စွာသွားလာခွင့်မရရှိရန် ကန့်သတ်ပိတ်ပင်မှုများပြုလုပ် ခြင်းသည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများမရရှိနိုင်ရန် ပိတ်ဆို့ထားခြင်းဖြစ်ပေါ်စေသောကြောင့် အထက်ပါစာချုပ်တွင် "နိုင်ငံအစိုးရများအားလုံးကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ အမျိုးသမီး၊ အမျိုးသားများတန်းတူအခွင့်အရေးရရှိရန်လုပ်ဆောင်ရမည်။" ဟူသောအချက်ကို ပြဋ္ဌာန်းထားပါသည်။ (အပိုဒ် ၁၂)

(CEDAW) စီးဒေါ သဘောတူညီချက်စာချုပ်တွင် "အမျိုးသမီးများသည် တိုင်းနိုင်ငံ၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရွာများ အဆင့်တိုင်းတွင် ဖွံ့ ဖြိုးတိုးတက်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်"ဟု ပြဋ္ဌာန်းထားပါသည်။ (အပိုဒ်ခွဲ ၁၄၊၂က) စစ်အစိုးရသည် ဖွံ့ ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသမီးများ သာမက ပြည်သူပြည်သား မည်သူတစ်ဦးတစ်ယောက်မျှ၏ အသံကို နားထောင်ခြင်းမရှိသောကြောင့် အထက်ပါစာချုပ်ပါ (အပိုဒ်ခွဲ ၁၄၊၂ က)ကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ ထို့အပြင် စီးဒေါသဘောတူညီချက်တွင် နိုင်ငံအစိုးရများသည် "တိုင်းပြည်ကဏ္ဍ အသီးသီးတွင် အထူးသဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်များတွင် အမျိုးသမီးများ ဘဝတိုးတက်ဖွံ့ဖြိုးရန် တရားဥပဒေများပြဋ္ဌာန်းခြင်း အပါအဝင် သင့်လျှော်သောအရေးယူဆောင်ရွက်မှုများကိုလုပ်ဆောင်ရန် တာဝန်ရှိပါသည်"ဟု ပါရှိပါသည်။ (အပိုဒ် ၃) စစ်တပ်၏ ဖွံ့ ဖြိုးတိုးတက်ရေး အမည်ခံ စီမံကိန်းများသည် ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ကဏ္ဍအသီးသီးကို အလွန်အကျွံထိခိုက်နစ်နာစေသောကြောင့် စစ်အစိုးရသည် အထက်စာချုပ်ပါ အပိုဒ် (၃)ကို ချိုးဖောက်လျှက်ရှိပါသည်။[၂၈] အမှန်တစ်ကယ်ပင် စစ်အစိုးရသည် ကရင်ပြည်

[၂၈] ကရင်ပြည်နယ်တွင်စစ်သားများမှအမျိုးသမီးများအပေါ်အလွဲသုံးစားပြုလုပ်ခြင်းနှင့်အမျိုးသမီးများမှ၎င်းတို့ခံစားရသောအလွဲသုံးစားမှုများကို မည်ကဲ့သို့ခုခံတွန်းလှန်ကြောင်း စသည့် အချက်အလက်များကို ပိုမိုသိရှိလိုပါက အောက်ပါအစီရင်ခံစာတွင် ဖတ်ရှုနိုင်ပါသည်။ *Dignity in the Shadow of Oppression*: The abuse and agency of Karen women under militarisation, (Karen Human Rights Group, November 2006).

နယ်ရှိ ပြည်သူများအပေါ် အလွဲသုံးစားပြုလုပ်ခြင်းသည် စီးဒေါစာချုပ်ပါ အထက်ပါ အပိုဒ်ခွဲများနှင့် အခြား အပိုဒ်များစွာကို ချိုးဖောက်ခြင်းဖြစ် ပါသည်။ စာချုပ်ပါ လိုအပ်ချက်များကိုလည်း လိုက်နာဆောင်ရွက် ခြင်းမရှိပါ။ ထို့အပြင် စီးဒေါ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် မိမိတို့ တိုင်း ပြည်ရှိ အမျိုးသမီး အခွင့်အရေးနှင့်ပတ်သက်သော အခြေအနေများနှင့် စီးဒေါစာချုပ်ပါ လိုအပ်ချက်များကို မိမိတို့တိုင်းပြည်တွင်း မည်ကဲ့သို့ အကောင်အထည်ဖော်လုပ်ဆောင်လျှက်ရှိသည်ကို အမြဲပုံမှန် အစီရင်ခံစာတင်သွင်းရန်လိုအပ်ပါ သည်။ စာချုပ်တွင် စီးဒေါသဘောတူညီချက်များကို လုပ်ဆောင်ခြင်းရှိမရှိ သိရှိနိုင်ရန် အစီရင်ခံစာ မပျက်မ ကွက် တင်သွင်းရမည်ဟုပါရှိပါသည်။ သို့သော် ယနေ့ ဤအချိန်ထိ နအဖ စစ်အစိုးရသည် စီးဒေါ သဘောတူ ညီချက်အရ အစီရင်ခံစာတင်သွင်းခြင်းကို တစ်ကြိမ်သာပြုလုပ်ခဲ့ပါသည်။ ယခုအချိန်ထိ နအဖစစ်အစိုးရသည် ဒုတိယအကြိမ် တင်သွင်းရန် ၄ နှစ်ကျော် ကြာခဲ့ပြီဖြစ်သော်လည်း တင်သွင်းခြင်းမရှိသေးပါ။[၁၂၉]

## နိုင်ငံတကာမှလက်ခံထားသော လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ (HL)

## (Customary International Humanitarian Law)

နိုင်ငံတကာမှ လက်ခံထားသော လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများသည် နိုင်ငံတစ်နိုင်ငံခြင်းမှ သဘောတူညီ လက်မှတ်ရေးထိုးထားသော စာချုပ်များတွင်ပါဝင်သော ဥပဒေများနှင့် မတူညီပါ။ ထို့ကြောင့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည် မည်သည့်စာချုပ်ကိုမျှသဘော တူလက်ခံ လက်မှတ်ရေးထိုးခြင်း မရှိစေကာမူ ၎င်းလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတကာမှ လက်ခံထားသော လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကိုမူ လက်ခံရပါမည်။ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများသည် နိုင်ငံ တကာမှအများအားဖြင့် သဘောတူလက်ခံကျင့်သုံးကြသောကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည် လည်းလက်ခံကျင့်သုံး လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ ၁၆၁ ခုကို ရေးသာဖော်ပြထားသော စာမျက်နှာ ၅၀၀၀ပါ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။[၁၃၀] ထိုဥပဒေများကို ယနေ့လက် ရှိ အခြေအနေတွင် နိုင်ငံတကာ နှင့် ပြည်တွင်း၌သာ ဖြစ်ပွားသောလက်နက်ကိုင် ပဋိပက္ခများ၌ အသုံးချနိုင်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ကရင်ပြည်နယ်ဒေသများတွင် ဖြစ်ပွားနေသောလက်နက်ကိုင် ပဋိပက္ခများတွင် အသုံးပြုနိုင်ပါသည်။ နအဖ စစ်အစိုးရသည် ကရင်ပြည်နယ်တွင် ၎င်းတို့၏ ဖွံ့ ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် ပြည်နယ် အေးချမ်းတည်ငြိမ်မှုရရှိရန် သူပုန်များကို တိုက်ခိုက် တွန်းလှန်လျက်ရှိကြောင်း ထုတ်ဖော်ပြောဆိုလေ့ရှိပါသည်။ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများတွင် စစ်တပ် အသုံးပြုမှုနှင့် ပတ်သက်၍ ကန့်သတ်ပိတ်ပင်ထား သောသဘောတူညီမှုများစွာရှိသောကြောင့် ကရင်ပြည်နယ်တွင် နအဖမှ ဖွံ့ဖြိုးရေးလုပ်ငန်းများအမည်ခံ၍ စစ်တပ်အင်အားဖြင့် ပြည်သူများကို အတင်းအကျပ်စေခိုင်းမှုများသည် အထက်ပါဥပဒေနှင့် ငြိစွန်းလျက် ရှိပါသည်။ ဤအစီရင်ခံစာတွင်မူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်၍ အဓိက ပိတ်ပင်ကန့်သတ် ထားသော လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ သုံးခုကိုသာဖော်ပြထားပါသည်။ နအဖ စစ်တပ်များသည် ရွာသား များ၏ စိုက်ပျိုးသီးနှံများ၊ စပါးကျီများကို ဖျက်ဆီးမီးရှို့ခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ

---

[၁၂၉] Report of the Special Rapporteur on the situation of human rights in Myanmar, Sixty-first ,session of the United Nations General Assembly, September 21st 2006, p.19. Accessed at http://www.un.org/ga/61/third/documentslist.shtml on February 6th 2007.

[၁၃၀] Jean-Marie Henckaerts and Louise Doswald-Beck. 2005. *Customary International Humanitarian Law: Rules, Volume I.* Cambridge University Press.

တွင်ပါဝင်သော "သာမန်ပြည်သူများ အသက်ရှင်ရပ်တည်နိုင်ရေးကို ထိခိုက်စေမည့် စစ်ဆင်ရေးနှင့် မသက်ဆိုင်သောအရာများကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းနှင့် သိမ်းယူခြင်းများပြုလုပ်ခြင်းကို ပိတ်ပင်တားမြစ်ပါသည်။"[၁၃၁] ဟူသော အချက်ကို ချိုးဖောက် ကျူးလွန်လျက်ရှိပါသည်။ ထို့ အပြင် နအဖ စစ်အစိုးရသည် နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီများကို ကရင်ပြည်နယ်အတွင်း ၎င်းတို့၏ လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်မရရှိရန် ကန့်သတ်ပိတ်ပင်ထားခြင်းသည် အထက်ပါဥပဒေတွင်ပါရှိသော "ပြည်တွင်း ပဋိပက္ခဖြစ်ပွားရာတွင် နိုင်ငံအစိုးရသည် အကူအညီလိုအပ်နေသော သာမန်ပြည်သူများထံသို့ နိုင် ငံတကာမှ အကူအညီပေးပို့ခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး အကူအညီများလျင်မြန်စွာရောက်ရှိရန် ကူညီဆောင်ရွက်ပေးရပါမည်။ နိုင်ငံအစိုးရသည် ၎င်းတို့၏အာဏာကို အသုံး ပြုပြီး အကူအညီကို ခွဲခြား၍ ပေးအပ်ခြင်းကိုမပြုလုပ်ရပါ။"[၁၃၂] ဟူသည့်ဥပဒေနှင့် ညှိစွန်းလျက်ရှိပါသည်။ လက်တွေ့တွင်မူ နိုင်ငံတကာ အကူအညီများပေးပို့နိုင်ရန် ပဋိပက္ခတွင်ပါဝင်ပတ်သက်သောအဖွဲ့များအားလုံး၏ သဘောတူညီချက်ကိုရရှိရန်လိုအပ်ပါသည်။ အဆိုပါအဖွဲ့များသည် အကူအညီ အထောက်အပံ့များသူပုန်များထံသို့ ရောက်ရှိသွားမည်ဟူသောအကြောင်းပြချက်ဖြင့် အကူအညီများကို တရားဝင်ပိတ်ပင်၍မရရှိပါ။[၁၃၃] ထို့အပြင် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေတွင်"ပြည်တွင်းစစ်ပဋိပက္ခကြောင့် မိမိတို့ ရွာများမှ ရွှေ့ပြောင်းထွက်ပြေးရသူများသည် လုံခြုံသောနေထိုင်ရန်နေရာ၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် အစားအသောက်များ ရရှိရေးအတွက် လိုအပ်သောအကူအညီ ပေးအပ်ရပါမည်။ ထွက်ပြေးရသူမိသားစုများကိုလည်း တစ်ကွဲတပြား မဖြစ်စေရပါ။"[၁၃၄]ဟူ၍လည်း ဖော်ပြထားပါသည်။ သို့သော် ကရင်လူမျိုးများနေထိုင်ရာဒေသတွင် စစ်အစိုးရ၏ ပြည်သူများအား အတင်းအကျပ်ရွှေ့ပြောင်းစေသောနေရာသို့မဟုတ် ရွှေ့ပြောင်းရွာများသည် ကျဉ်းကျပ်စွာတည်ရှိနေသည့်အပြင် ရေသန့်ရရှိရေး အခက်အခဲ ရှိခြင်းနှင့် ကောင်းမွန်သော မစင်စွန့်ပစ်သောစနစ် မရှိခြင်း၊ စသည့် အခြေအနေများနှင့် ကြုံတွေ့နေရပါသည်။ ထို့အပြင် ရွှေ့ပြောင်းရွာများတွင် နေထိုင်ရသော ရွာသားများသည် သင့်လျော်သောစိုက်ပျိုးမြေရရှိရန် ကန့်သတ်ပိတ်ပင်ခြင်းခံရပါသည်။

ကရင်ပြည်နယ်တွင် စစ်တပ်များ၏ ပြည်သူများအပေါ် အမြဲပုံမှန် အလွဲသုံးစားမှုပြုလုပ်ခြင်း၊ ကန့်သတ်ပိတ်ပင်မှုများပြုလုပ်ခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီများကို ကန့်သတ်ပိတ်ပင်မှုများပြုလုပ်ခြင်းသည် လစစ်အစိုးရ၏ ပြောဆိုချက်ဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်သာမက မြန်မာအစိုးရမှ သဘောတူလက်ခံ လက်မှတ်ရေးထိုးထားသောစာချုပ်များနှင့် နိုင်ငံတကာမှ လက်ခံထားသောသဘောတူညီချက်များတွင် ပါဝင်သောနိုင်ငံတကာဥပဒေများကို ချိုးဖောက် ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နအဖ စစ်အစိုးရသည် နိုင်ငံတကာဥပဒေများအရ ပြည်သူများအပေါ် ပြုလုပ်သော အလွဲသုံးစားမှုများအားလုံးကို ချက်ခြင်းရပ်တန့်ရန် လို အပ်ပါသည်။ စစ်အစိုးရသည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို မရပ်တန့်ဘဲ ပြည်သူလူထုအပေါ် အာဏာပိုင်များက နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်ပြီး အလွဲသုံးစား ပြုလုပ်ခြင်းကို ဆက်လက်ခွင့်ပြုပါက အလွဲသုံးစားပြုခြင်းခံရသောပြည်သူများကို အကာအကွယ်ပေးရန် နိုင်ငံတကာ အသိုင်းအဝန်း၏ တာဝန်ပင်ဖြစ်ပေသည်။

---

[၁၃၁] IHL

[၁၃၂] IHL

[၁၃၃]Jean-Marie Henckaerts and Louise Doswald-Beck. 2005. *Customary International Humanitarian Law: Rules, Volume I.* Cambridge University Press. p. 197

[၁၃၄] IHL

# ၅။ နိဂုံး

***“အဆိုပါ ဒေသများတွင် အေးချမ်းတည်ငြိမ်မှုများရရှိလာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ”***

**-နအဖ သတင်းထုတ်ပြန်ချက် (ဇွန်လ ၂၀၀၆)**[၁၇၅]

***“နအဖ စစ်အစိုးရသည် ကျွန်တော်တို့ရွာတိုးတက်ရေး သို့မဟုတ် ဖွံ့ ဖြိုးရေးအတွက် ရွာသို့လာရောက်ခြင်း မဟုတ်ပါ။ ကျွန်တော်တို့ရွာတိုးတက်ရန် စစ် သားများ မည်သည့်အချိန်ကမျှ အကြံဉာဏ်ပေးခဲ့ခြင်း မရှိပါ။ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ သို့မဟုတ် လမ်းများ ပြန်လည်ပြုပြင် တည် ဆောက်ပေးရန် စစ်သားများသည် မည်သည့်အခါကမျှ စဉ်းစားခဲ့ခြင်း မရှိပါ။ စစ်သားများသည် ရွာသားများ ပိုင်ဆိုင်သည့် စားနပ်ရိက္ခာများကိုသာ ယူငင် စားသောက်ရန်အတွက် ရွာသို့ လာရောက်ကြခြင်း ဖြစ်ပါသည်။”***

**-ကို ---(ကျား၊ ၃၀)၊ ---ရွာ အတွင်းရေးမှူး၊ ---ရွာ၊ ဒူးပလာယာခရိုင် (ဒီဇင်ဘာ ၂၀၀၆)**

နအဖ စစ်အစိုးရ၏ ဖွံ့ ဖြိုးရေးလုပ်ငန်းများ အကျိုးသက်ရောက်မှုမရှိခြင်းကို ပြည်သူများမှ ငြင်းဆိုနေသော်လည်း ပြင်ပ နိုင်ငံခြားအစိုးရများ၊ ကုလသမဂ္ဂ အေဂျင်စီများ (သို့) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက နိုင်ငံရေးကြောင့် စီးပွားရေးပိတ်ဆို့ထားသော နိုင်ငံများအပေါ် အကူအညီထောက်ပံ့ပေးခြင်းသည် လူမှုကျင့်ဝတ်နှင့် ညီညွတ်ကြောင်းပြောဆိုပါသည်။ နအဖ စစ်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များတွင် ပါဝင်ကူညီခြင်းမရှိပါက လူထုအပေါ်စစ်တပ်မှ ဖိနှိပ်အုပ်ချုပ်ခြင်းကို ထောက်ခံသကဲ့သို့ ရှိမည်ဖြစ်ပြီး ဒေသခံရွာသားများ၏ အခွင့်အရေးကိုလည်း ထိခိုက်နစ်နာစေပါသည်။ မြန်မာနိုင်ငံအပေါ် နအဖ စစ်အစိုးရ၏ နိုင်ငံရေး အရထိန်းချုပ်မှုနှင့် မြန်မာပြည်သူများမှ စစ်အစိုးရအပေါ်ခုခံတွန်းလှန်မှုများကို အလေးမထားဘဲ မြန်မာပြည်သူများ စားဝတ်နေရေး တိုးတက်လာရန် အကူအညီပေးလိုသော ပြင်ပနိုင်ငံတကာ အဖွဲ့အစည်း များ၏လုပ်ဆောင်ချက်များသည် မြန်မာပြည်သူများအတွက် လူမှုရေးအခက်အခဲများ ပိုမိုများပြားလာစေ သကဲ့သို့ပင် ဖြစ်ပါမည်။ ဆင်းရဲကျပ်တည်းမှုကိုလည်း ပိုမိုများပြားလာစေပြီး ဒေသခံပြည်သူများ၏ ရပိုင်ခွင့် တောင်းဆိုမှုများကိုလည်း ထိခိုက်နစ်နာစေပါမည်။

နိုင်ငံတကာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ဒေသခံနိုင်ငံ၏ နိုင်ငံရေး အခြေအနေများသည် အလွန်အရေးပါကြောင်းကို ကမ္ဘာ့ဘဏ်မှ သဘောတူလက် ခံခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ၄င်းတို့သည် မြန်မာနိုင်ငံကဲ့သို့သော ဆင်းရဲသော တိုင်းပြည်များတွင် ပြည်သူများဘဝ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရာတွင် အောင်မြင်မှုမရရှိခဲ့ခြင်းမှာ အောက်ပါအကြောင်းကြောင့် ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှအသိအမှတ်ပြုခဲ့ပါသည်။ “ကမ္ဘာ့ဘဏ်သည် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးရေးလုပ်ငန်း များအ တွက် နည်းဗျူဟာရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ထိုနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို အတွင်းကျ

[၁၇၅] “Press Conference: Entire Mon State and most areas of Kayin State are peaceful, tranquil Residential people there are enjoying fruitful results of development endeavours,” Press Conference, June 11th 2006. Accessed at http://www.myanmar.com/pressconference/index.html on March 2nd .

ကျမသိရှိသောကြောင့် ဖြစ်ပါသည်။”[၁၃၆] သို့သော် ကမ္ဘာ့ဘဏ်မှထုတ်ပြန်သော အထက်ပါအချက် ကိုကြည့်ပြီး ကမ္ဘာ့ဘဏ်ကဲ့သို့သောနိုင်ငံတကာ အဖွဲ့အစည်းကြီးများသည် ၄င်းတို့၏မူဝါဒများကို စွန့်လွှတ်ပြီးအထောက်အပံ့ခံနိုင်ငံများ၏ အစိုးရများက လုပ်ဆောင်လိုသည့်အတိုင်းလိုက်လျှောကာ အထောက်အပံ့များပေးမည်ဟု ယူဆ၍မရရှိပေ။

ရန်ကုန်အခြေစိုက် နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီများသည် မြန်မာနိုင်ငံတွင် စစ်အစိုးရနှင့် သဘောတူစာချုပ်ထားသောနားလည်မှုစာခွန်လွှာ (MOU)တွင်ပါရှိသော သဘောတူညီမှုများအတိုင်းသာလုပ်ပိုင်ခွင့်ရှိပေးသည်။ ဤသည်ကို စစ်အစိုးရမှ အခွင့်ကောင်းယူပြီးအဆိုပါ အေဂျင်စီများ၏ လုပ်ငန်းများကိုကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ပေသည်။ နိုင်ငံတကာ စီမံကိန်းများကို နအဖ စစ်အစိုးရ ထိန်းချုပ်မှုတိုးချဲ့လိုသောဒေသများတွင်သာဖွံ့ ဖြိုးရေးစီမံကိန်းများကို လုပ်ကိုင်ခွင့်ပြုပါသည်။ နိုင်ငံတကာ အေဂျင်စီများသည် ၄င်းတို့၏ လုပ်ငန်းများတိုးတက်မှုရှိ မရှိကို စစ်တပ်မပါဘဲ စောင့်ကြည့်ထိန်းချုပ်၍ မရသကဲ့သို့ ဒေသခံပြည်သူများနှင့်လည်း စစ်တပ်မပါရှိဘဲ တိုင်ပင်ဆွေးနွေးနိုင်ခြင်းမရှိပါ။

သို့သော်လည်း နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များသည် ၄င်းတို့ အဖွဲ့အစည်း၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များအရ အဖွဲ့အစည်းမှ လုပ်ငန်းတစ်ခုအတွက် ချပေးသောရံပုံငွေကို အချိန်မီ အသုံးပြုရမည်ဖြစ်ပြီး ၄င်းတို့ လုပ်ဆောင်သောလုပ်ငန်းများ အောင်မြင်သည်ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ အောင်မြင်မှုရှိသည်ဟုသာ အထက်သို့ အစီ ရင်ခံစာ တင်သွင်းရပါမည်။ ဤအကျိုးဆက်များကြောင့် မြန်မာနိုင်ငံတွင် ဖွံ့ ဖြိုးရေးလုပ်ငန်းများကြောင့် ပြည်သူများဖိနှိပ်ခံရခြင်းနှင့် လူ့အခွင့်အရေးဆုံးရှုံးခြင်းများသည် ပြည်သူများရေတိုရရှိသောအကျိုး အမြတ်များထက် သာလွန်နေပါသည်။ အမှန်စင်စစ် နိုင်ငံတကာမှ အကူအညီများသည် လိုအပ်နေသောဒေသခံပြည်သူများနှင့် သက်ဆိုင်နေသော်လည်း ဒေသခံပြည်သူများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် မရရှိကြသောကြောင့် နိုင်ငံတကာအကူအညီများသည် နအဖနှင့် အလျှုရှင်များအတွက်သာ အ ကျိုးအမြတ်ရှိစေပါသည်။ နိုင်ငံတကာ အေဂျင်စီများလုပ်ဆောင်နေသောဖွံ့ဖြိုးရေးလုပ်ငန်းများ အသေးစိတ်ကိုအများသိရှိနိုင်ရန် လေ့လာစုံစမ်းမှုများ ပြုလုပ်သောအခါ (ဥပမာအားဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့သည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် ကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းများတွင် ပါဝင်ပတ် သက်မှုရှိနိုင်ကြောင်း လေ့လာစုံစမ်းသောအခါ) သက်ဆိုင်ရာမှ တိကျရှင်းလင်းစွာ ပြန်လည်ပြောဆိုဖြေကြားခဲ့ခြင်း မရှိပါ။ ထို့ကြောင့် တိကျရှင်းလင်းစွာမသိရှိရပေ။ နိုင်ငံတကာ အေဂျင်စီများသည် နိုင်ငံရေးနှင့် ပတ်သက်မှုမရှိကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးရေးနှင့် ပတ်သက်လျှင် ကြားနေအဖွဲ့များသာဖြစ်ကြောင်း ပြောဆိုလေ့ရှိ သော်လည်း နိုင်ငံတကာအေဂျင်စီများသည် အမှန်စင်စစ်တွင်မူ စစ်အစိုးရ ခွင့်ပြုချက် မရရှိသော ဒေသများတွင် ၄င်းတို့၏ လုပ်ငန်းများကို လုပ်ဆောင်ခြင်းမရှိပေ။ ထို့အပြင် နိုင်ငံတကာအေဂျင်စီများသည် ဒေသခံအာဏာပိုင်များမှ အတည်ပြုသောဝန်ထမ်းများကိုသာ ခန့်ထားခြင်းနှင့် အစိုးရမှခွင့်ပြုခြင်းမရှိသောဒေသခံအဖွဲ့အစည်းများနှင့် အတူလက်တွဲ အလုပ်လုပ်ကိုင်ခြင်းမရှိပါ။ ဤအခြေအနေမျိုးတွင် အကူအညီအထောက်အပံ့များကို ပေးပို့ကူညီ၍ မရရှိကြောင်း ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် အကူအညီပေးရာတွင် နိုင်ငံရေးအခြေအနေများကိုမူ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နိုင်ငံတကာ အဖွဲ့အစည်းများသည် မိမိကိုယ်ကို ကြားနေ အဖွဲ့အစည်းအဖြစ် ထုတ်ဖော်ပြောဆိုခြင်းကို ပြုနိုင်မည်မဟုတ်ပေ။ အထက်ပါကဲ့သို့သော အခြေအနေတွင် အကူအညီပေးသော အဖွဲ့အစည်းများ

[၁၃၆] Engaging with Fragile States: An IEG Review of World Bank Support to Low-Income Countries Under Stress, The World Bank, 2006, P.63

သည် မိမိတို့ဆုံးဖြတ်ချက်များကို မှန်ကန်စွာ ချမှတ်ရန်လိုအပ်ပြီး ၄င်းတို့ အနေဖြင့် နိုင်ငံရေးအခြေအနေကို မကြည့်ရှုဘဲ မူဝါဒများကို 'လေယူရာယိမ်း' သကဲ့သို့ ပြောင်းလဲကာလုပ်ငန်းများကို ဆောက်ရွက်ခြင်းမပြုသင့်ပေ။

မြန်မာနိုင်ငံကို အကူအညီများစွာပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများသည် မိမိတို့ မူဝါဒများကို အလိုက်သင့် ပြောင်းလဲ၍ အကူအညီပေးပို့မည့်အစားဒေသခံလူထု၏ ပြောဆိုချက်များကိုနားထောင်ပြီး ဒေသခံများမှ စစ်အစိုးရ ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အမည်ခံအလွဲသုံးစားမှုများကို ခုခံတွန်းလှန်သည့် နည်းဗျူဟာများကို နားလည်သဘော ပေါက်ရန် လုပ်ဆောင်သင့်ပေသည်။ ဒေသခံလူထုများ အသုံးပြုသောနည်းဗျူဟာနှင့် ရပိုင်ခွင့်တောင်းဆိုမှုများကို (ကရင်လူ့အခွင့်အရေးအဖွဲ့ မှ ဖော်ပြပြီးခဲ့သည့်အတိုင်း) ပို မို နားလည်သဘောပေါက်ရန်ကြိုးစားပြီး နိုင်ငံတကာ အေဂျင်စီများသည် ၄င်းတို့၏ မူဝါဒကို ပြုပြင်ပြောင်းလဲသင့်ပေသည်။ ဤသို့ဖြင့် မြန်မာပြည်သူများသည် နိုင်ငံတကာမှ ပေးအပ်သောအကူအညီများကို ရရှိသင့်သည့် အတိုင်းအတာအထိ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတကာ အကူအညီများကို အကောင်အထည်ဖော်ရာတွင် သိသာမြင် သာသော အခြေအနေရှိရ မည်ဖြစ်ပြီး ဒေသခံပြည်သူများလည်း အကျိုးရရှိရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ နည်းဗျူဟာများကိုလည်း ထိခိုက် စေခြင်း မရှိစေရပါ။ ထို့အပြင် ဒေသခံပြည်သူများ၏ နည်းဗျူဟာများကိုကူညီထောက် ပံ့ပေးခြင်းဖြင့် နိုင်ငံတကာ အကူအညီများသည် ဒေသခံပြည်သူများ၏ အခက်အခဲအကျပ်အတည်းများကို ထိရောက်စွာဖြေရှင်းပေးနိုင်ပါ မည်။ ဒေသခံလူထု၏ ရပိုင်ခွင့်တောင်းဆိုမှုများကိုလည်း အကူအညီဖြစ်စေမည်ဖြစ်ပြီး လူထုမှ စစ်အစိုးရအား ခုခံမှုများကိုလည်း အကူအညီဖြစ်စေပါမည်။